
www.burmeseclassic.com



# ကြေးနီရောင် အချစ် နှင့် ဝတ္ထုတိုများ

မြသန်းတင့်

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကြေးနီရောင်
# အချစ်
နှင့် ဝတ္ထုတိုများ
# မြသန်းတင့်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၁၀၆၂၀၀၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၁၇၅၁၂၁၀

မျက်နှာဖုံး၊ ဓာတ်ပုံနှင့် ဒီဇိုင်း
နိုင်သစ်နီ

တွန်းပျုတာစာစီ
ရွှေပွင့်ကွန်ပျူတာ

ထုတ်ဝေသည့်အကြိမ်
တတိယအကြိမ်
ရွှေပွင့်စာအုပ်တိုက်(၂၀၁၁)

ထုတ်ဝေသည့်ကာလ
အောက်တိုဘာ၊ ၂၀၁၁

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဒေါ်ဝင်းမာတင့်(မြ-၀၃၇၇၇)၊ ရွှေပွင့်စာအုပ်တိုက်
အမှတ် 77/D၊ ဓမ္မပါလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးတင်အောင်ကျော် (ရွှယ်တော်အော့ဖ်စက်)
အမှတ်(၁၄၇)၊ ၅၁ လမ်း၊ ၁၀ ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး
၄၀၀၀ ကျပ်

ဓ၈၉၅.၈၃
မြသန်းတင့်
ကြေးနီရောင်အချစ်နှင့် ဝတ္ထုတိုများ/မြသန်းတင့်၊ -ရန်ကုန်၊
ရွှေပွင့်စာအုပ်တိုက်၊ တတိယအကြိမ်၊ ၂၀၁၀။
၃၄၁ - စာ၊ ၂၁ × ၁၃.၅ စင်တီ။
(၁) ကြေးနီရောင်အချစ်နှင့် ဝတ္ထုတိုများ

## မာတိကာ

၁။ ကြေးနီရောင် အချစ်ဝတ္ထုလုလုကလေးတစ်ပုဒ် ၇
၂။ မြို့လား ၂၀
၃။ ကုံကော်ပွင့်ခြောက်ကို လိုက်ကောက်နေသော ကိုလွမ်းဝေ ၃၇
၄။ စင်သီယာ၏ ကိန္နရာချောင်းခြား ၅၁
၅။ ခင်ဝတီ ဒုတိယအကြိမ်ရင်ခုန်ခြင်း ၆၃
၆။ ကဗျာဆရာ ကိုယင်းမာ၏ အင်ကြင်းပွင့်များ ၇၈
၇။ တစ္ဆေစာရေးဆရာတစ်ဦး ကျွတ်တမ်းဝင်ခြင်း ၈၉
၈။ ပန်းကားကြီး ဒီမှာမရပ်တော့ဘူး ၉၉
၉။ . . . တို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည် ဖြစ်၍ ၁၁၀
၁၀။ အိပ်မက်ထဲက မိန်းကလေး ၁၂၃
၁၁။ အစိမ်းရောင်နယ်မြေကို ဖြတ်သန်းခြင်း ၁၃၅
၁၂။ စတုတ္ထတန်း တစ်နေရာ ၁၇၇
၁၃။ စားပွဲထိုးတစ်ယောက် ကွယ်လွန်အနိစ္စရောက်ခြင်း ၁၈၇
၁၄။ နောက်ဆုံးတော့ ကိုယ်လည်း သူလိုငါလိုပါပဲ ၁၉၇
၁၅။ ဂျွန်ဆင်ပေါင်ဒါဘူးတစ်ဘူး၏ သံသရာ ၂၁၁
၁၆။ လူတစ်ယောက်၊ မြစ်တစ်စီးနဲ့ ခွေးတစ်ကောင် ၂၂၂
၁၇။ လွမ်းစေတီကုန်းမှ ခရစ္စတီနာ၏ ကမ္ဘာ ၂၄၁
၁၈။ အရောင်လွင့်သွားသော ဂျင်းဘောင်းဘီ တစ်ထည် ၂၅၇
၁၉။ ခွာညိုပင်အောက်က ညိုညိုသို့ လွမ်းခြင်း ၂၇၉
၂၀။ ကြာပင်အိုင်က ကျွန်တော့်ဦးလေး အော်စကာ ၂၉[illegible]
၂၁။ မချိုနှင့် မျောက်သုံးကောင် ၃၁၄
၂၂။ ဘတ်စ်ကားစီး၍ ဘဝကို ဖြတ်ကျော်ခြင်း ၃၃၂

ရွှေပွင့်စာအုပ်တိုက်

www.burmeseclassic.com

ငွန်းပွင့်စာအုပ်တိုက်မှ ဆက်လက်ထုတ်ဝေ ဖြန့်ချိမည့် စာအုပ်များ

- လူငယ်တွေကို ယုံပါ
  လူထုစိန်ဝင်း
- အောင်မြင်ရေး လောင်စာ
  ခင်မောင်ထိုး(မိုးမိတ်)
- ပြောင်းရဲဖို့ လိုသည်
  ဦးတင်ဦး(ကျွှရှင်)
- မောင်လေးအောင်(သို့မဟုတ်)
  ဒိန်နှင့်မတည့်သော ကဗျာ
  ကိုခါး (တွမ်းခြံကုန်း)
- ရင့်ကျက်လွတ်လပ်စိတ်နဲ့ ယုံကြည်ခြင်း
  နောင်တော်
- ပန်းရထားနှင့် အခြားဝတ္ထုတိုများ
  ဖူးသစ်မော်
- ဘိုဟီးမီးယန်း တောအုပ်များနှင့် အက်ဆေးများ
  အေးမင်းဓော
- အနုပညာဖန်တီးခွင့် အနုပညာလွတ်လပ်ခွင့်နှင့်
  အာရုံသစ်မှာ နိုးကြားခြင်း
  ပန်းချီမျိုးညွန့်(မတွေး)
- နောက်ကြည့်မှန်နှင့် မီးလောင်ပြင်
  နိုင်သစ်နီ

# ကြေးနီရောင် အချစ်ဝတ္ထုလှလှကလေးတစ်ပုဒ်

သူ့ကို မြစ်ကြီးနားအဆန်ရထားပေါ်မှာ ကျွန်တော်တွေ့ခဲ့ခြင်း ဖြစ်သည်။ မြစ်ကြီးနားအဆန်သည် မန္တလေးဘူတာကြီးမှ သုံးနာရီတွင် ထွက်၏။ အထက်တန်းတွဲတွင် လူသိပ်မရှိလှ။ အသက်ခြောက်ဆယ်ကျော်ခန့်ရှိသည့် ရုပ်ရည်သန့်ပြန့်သည့် ကချင်အမျိုးသားကြီးတစ်ယောက်၊ (နောင်တွင် ထိုအမျိုးသားကြီးမှာ သင်းအုပ်ဆရာကြီးတစ်ဦးဖြစ်သည်ဟု သိရသည်။) အရာရှိပေါက်စလား၊ ကျောင်းသားလားဟု ကျွန်တော် မခွဲခြားနိုင်သော အသက်သုံးဆယ်တွင်း လူငယ်နှစ်ယောက် (သူတို့နှစ်ဦးမှာ ဆောက်လုပ်ရေးမှ အငယ်တန်းအင်ဂျင်နီယာများဖြစ်ကြောင်း နောင်တွင်သိရသည်။) စစ်ဗိုလ်ကလေးတစ်ယောက် (သူ့ကို ယူနီဖောင်းဝတ်ထားသဖြင့် စစ်ဗိုလ်မှန်း သိရခြင်းဖြစ်သည်။) ညားခါစ လင်မယားဖြစ်ဟန်တူသည့် လင်မယားစုံတွဲတစ်တွဲ၊ (သူတို့ ကယုကယင် ချစ်တုံ့တင်နေကြပုံကို ကြည့်၍ ညားခါစလင်မယားဟု ပြောရခြင်း ဖြစ်သည်။) အသက်ငါးဆယ်ကျော်ခန့်ရှိ အရာရှိကြီးကတော်နှင့်တူသူ တစ်ယောက်နှင့် ဆံပင်ကို အကြေကောက်ကောက်ထားသည့် သူ့သမီးငယ်၊ (အရာရှိကတော်ဟုဆိုရခြင်းမှာ သူ့အဆင်အပြင်နှင့် သူ့စကားများအရ သိရခြင်းဖြစ်ပါသည်။ ထိုအမျိုးသမီးကြီးသည် သူ့ယောက်ျားအရာရှိကြီး ဘယ်မျှအလုပ်ကြိုးစားကြောင်း၊ ညရှစ်နာရီကိုးနာရီထိုးမှ ရုံးဆင်းတတ်ကြောင်း၊ ယခင်က သူတို့အတွက် ရုံးကားနှစ်စင်းရသော်လည်း ယခုမှ တစ်စင်းသာရသဖြင့် လွန်စွာဒုက္ခရောက်လှကြောင်း စသည်စသည် စကားများကြောင့်လည်း သူ့အမျိုးသားမှာ တော်တော်ကြီးသည့်



www.burmeseclassic.com

www.burmeseclassic.com



အရာရှိကြီးဖြစ်လိမ့်မည်ဟု ကျွန်တော်ယူဆလိုက်သည်။) ထို့အပြင် ကုန်သည်နှင့်တူသူ လူရွယ်သုံးယောက်နှင့် ကျောင်းအုပ်ဆရာကြီးတစ်ယောက်တို့သာ ပါသည်။

မန္တလေးမှ ထွက်လာတုန်းက ကျွန်တော်တို့တွဲထဲတွင် လူသိပ်မများလှ။ ချောင်ချောင်ချိချိပင်။ ကျွန်တော်သည် အင်းဝတံတားကြီးနားသို့ ရထားရောက်သည့်အခါတွင် တောင်ဘက်တွင် လှမ်းမြင်ရသော နန်းမတော်မယ်နု အုတ်ကျောင်းကိုလည်းကောင်း၊ မြောက်ဘက်တွင် လှမ်းမြင်ရသော ရွှေကြက်ယက်နှင့် ရွှေကြက်ကျစေတီနှစ်ဆူကို လည်းကောင်း၊ စစ်ကိုင်းတောင်ရိုးပေါ်မှ ဖျိုင်းတောင်အသွေး ထုံးရောင်ဖွေးနေသော စေတီပုထိုးများကို လည်းကောင်း ငေးကြည့်လာခဲ့သည်။ အင်းဝတံတားကိုကျော်၍ စစ်ကိုင်းဘူတာသို့ဝင်လျှင် ခရီးသည် အတက်အဆင်းရှိသည်။ အများအားဖြင့် တက်သူများဖြစ်သည်။ ကျွန်တော်သည် ရထားပြတင်းမှ ခေါင်းပြူကာ တာရိုးအောက်မှာ ဝပ်စင်းနေသော စစ်ကိုင်းကို ငေးကြည့်နေသည်။

ထိုစဉ် ကျွန်တော်တို့တွဲထဲသို့ လူငယ်နှစ်ယောက် သုံးယောက်နှင့် အမျိုးသမီးငယ်လေးငါးယောက်ခန့် တက်လာကြ၏။ လူငယ်များမှာ ဂျင်းဘောင်းဘီနှင့် ဂျင်းဂျာကင်တို့ကို ဝတ်ထားကြ၍ အမျိုးသမီးငယ်များမှာ ရှပ်အင်္ကျီလက်ရှည်ကို အပြင်ထုတ်ပြီး ဝတ်ထားကြ၏။ သူတို့အားလုံးသည် ကျွန်တော်တို့တွဲပေါ်မှ နေရာလွတ်များတွင် ဝင်ထိုင်ကြသည်။ သူတို့တွင် ပါလာသည့် ပစ္စည်းများကလည်း မနည်းလှ။ တစ်ယောက်လျှင် ပလတ်စတစ်ခြင်း နှစ်လုံးသုံးလုံးခန့်။ ကက်ဆက်ကို ပိုက်ထားသူကလည်း ပါသေးသည်။ သူတို့အားလုံး၏ အပြောအဆိုကို နားထောင်ခြင်းဖြင့် ကချင်အမျိုးသား၊ အမျိုးသမီးငယ်များ ဖြစ်ကြောင်း သိရသည်။

အမျိုးသမီးငယ်များမှာ နှစ်ဆယ်ကျော် အစိတ်အတွင်းမှာသာ ရှိကြဦးမည်။ သို့ရာတွင် ဆံပင်တိုများနှင့်ဖြစ်၍ ကျွန်တော့်မျက်စိထဲတွင်မူ နှစ်ဆယ်ကျော် ရွယ်တူတွေချည်း ဖြစ်နေသည်။

ရထားထွက်သည့်အခါတွင် သူတို့တစ်သိုက်တွင် သူတို့ပစ္စည်းများကို နေရာချကြ။ သူတို့အားလုံးသည် ရုပ်အချောကြီးမဟုတ်ကြသော်လည်း ငယ်ရွယ်နုပျိုခြင်းကြောင့် သူတို့မျက်နှာများသည် ကြည့်ကောင်းနေကြ၏။ သူတို့အထဲတွင် အရပ်မြင့်မြင့်၊ နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် အမျိုးသမီးလေးကို ကျွန်တော် သတိထား၍ ကြည့်မိသည်။ အသားမှာ





မူလက ဖြူဝင်းခဲ့ပုံရသော်လည်း ယခုမူ နေလောင်သဖြင့် ကြေးနီရောင်ပေါက်နေလေပြီ။ သို့ရာတွင် သူ၏ကြေးနီရောင်အလှသည် တစ်မျိုးကြည့်ကောင်းနေ၏။ အသားအရေစိုပြည်တင်းရှုန်းလျက် ကောင်းကင်နှင့် မြေကြီးကြားက လွတ်လပ်လဟာထဲတွင် ရှင်သန်ကြီးပြင်းခဲ့ရသော တောပန်းရိုင်းတစ်ပွင့်နှင့် တူနေသည်။

ကြေးနီရောင်အလှသည် သူတို့ထဲတွင် အကြီးဆုံးဖြစ်ဟန်တူသည်။ ရန်ကုန်–မန္တလေး စသည့်မြို့များသို့လည်း မကြာခဏ ရောက်ဖူးဟန်ရှိသည်။

နေဝင်ရီတရောတွင် ရထားသည် ပဒူ–ခက်ခတွင် ရပ်၏။ ကျွန်တော်သည် အိတ်ထဲတွင်ပါလာသည့် ဖွန်းနှင့်ခက်ရင်းကို ထုတ်၊ ရေပုလင်းအသင့်ပြင်ကာ မန္တလေးမှ ဝယ်ယူလာသည့် ဒံပေါက်ထုပ်ကို ဖြေ၍ စားသည်။ ပဒူ–ခက်ခမှ ထွက်လျှင် ကြေးနီရောင် အလှတို့တစ်သိုက်လည်း သူတို့တွင်ပါလာသည့် ထမင်းထုပ်များကို ဖြေ၍ စားကြသည်။ ထို့နောက်မှ သူတို့အထဲတွင် ခြင်းတောင်းထဲတွင် ပါလာသည့် ဆီတို့ဟူး မုန့်ညှင်းချဉ်ထုပ် စသည်တို့ကိုလည်း ထုတ်၏။

"အစ်မ ဒီတစ်ခေါက် ဘယ်ယောက်ကျန်သလဲ"

အမျိုးသမီးငယ်တစ်ယောက်က ကြေးနီရောင်အလှကို လှမ်းမေးသည်။

"တစ်ခု"

သူတို့တစ်တွေ ဘာရောင်း၍ ဘာဝယ်လာသည်ကို ကျွန်တော် မသိ။ စစ်ကိုင်းဘက်တွင် လည်းကောင်း၊ မန္တလေးတွင် လည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ကြပုံရသည်။ သူတို့ရောင်းသည့် ကုန်ပစ္စည်းသည် ကန့်သတ်ကုန်လော၊ ကင်းလွတ်ကုန်လော ဆိုသည်ကိုလည်း ကျွန်တော် မသိနိုင်။

"ဘာတွေ ဝယ်လာသလဲ"

"သိပ်မဝယ်နိုင်ပါဘူးဟယ်၊ ကလေးတွေဖို့ အင်္ကျီစကလေးတွေရယ်၊ အမေ့ဖို့ အင်္ကျီထိုးပေးမလို့ သိုးမွေးနှစ်ပေါင်လောက်ရယ်"

"ဟိုကကက်ဆက်ကြီးကရော"

အမျိုးသမီးငယ်က ထိုင်ခုံပေါ်တွင် တင်ထားသည့် နေရှင်နယ် ကက်ဆက် ခပ်ငယ်ငယ်တစ်လုံးကို မေးငေါ့ပြသည်။

"ဒါက ပြန်ရောင်းရမယ်လေ၊ ဒီတစ်ခေါက်မှာ ဘာမှကိုက်တဲ့ကုန်မှာမှ မတွေ့ဘူး၊ တွေ့တော့လဲ ငွေမှာပိုက်ဆံမလောက်ဘူး။ ဒါနဲ့ ကက်ဆက်တစ်လုံး ဝယ်လာတယ်။ အနည်းဆုံး ခရီးစရိတ်ကလေးတော့ ကျေမှာပေါ့"

"ကလေးတွေကို အမေနဲ့ထားခဲ့သလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ အမေက တခြားမှာနေတယ်၊ အိမ်မှာ သူတို့နဲ့ အဘိုးကြီးပဲ ထားရစ်ခဲ့ရတယ်"

ကြေးနီရောင်အလုံ၏ မျက်နှာကလေးသည် ညှိုးသွား၏။ ကျွန်တော်သည် သူ့မျက်နှာကလေးကို ကြည့်ရင်း စဉ်းစားနေသည်။ ကလေးတွေကို အိမ်မှာထားရစ်ခဲ့သည်ဆိုတော့ သူ့မှာ ခင်ပွန်းတို့ ဘာတို့ရှိမှာပဲ။ ခင်ပွန်းက ဘာလုပ်သလဲ။ ရုံးအမှုထမ်းလား၊ ကုန်သည်လား၊ ဒါမှမဟုတ် မုဆိုးမကလေး တစ်ယောက်လား၊ အဘိုးကြီးဆိုတာ အဖေလားဟု တွေးနေသည်။

ရွှေဘိုကို ရထားဝင်လာသည့်အခါတွင် မှောင်စပျိုးနေလေပြီ။ အဝေးလယ်ကွင်းများသည် အမှောင်ထဲတွင် ကန္တာရကြီးများနှင့် တူနေသည်။ ရထားမီးက ခပ်မှိန်မှိန်။ ရထားသည် ဘူတာတစ်ခုပြီးတစ်ခု ရပ်၏။ ရထားရပ်တိုင်း ရထားဘေးပလက်ဖောင်းမှ ဈေးသည်များ၏ အော်သံများကို ကြားနေရသည်။ ခဏကြာလျှင် ရထားသည် ဂိမ့်ခနဲလှုပ်ကာ ဒုန်းစိုင်းနေသော မြင်းကြီးတစ်ကောင်လို တောတောင် စိမ့်မြိုင်တွေထဲမှ ဖြတ်ခုတ်လာသည်။

ကျွန်တော်သည် ရထားခုံပေါ်တွင် ထိုင်လျက် အိပ်ရန် ကြိုးစား၏။ သို့ရာတွင် မပျော်ပါ။ သူတို့တစ်တွေ လှုပ်ရှားသံ၊ သူတို့တစ်တွေ စကားပြောသံ၊ သူတို့တစ်တွေ ရယ်သံ၊ သူတို့တစ်တွေ ဂစ်တာတီးသံ၊ သီချင်းဆိုသံတို့ကို ကြားနေသည်။ ကချင်ဘာသာဖြင့် ဆိုနေသည်။ နားထောင်လို့ ကောင်းနေသည်။ ထိုသီချင်းသံသည် ကျွန်တော်ကြားဖူးသော ကချင်ကျေးလက်သီချင်းကို ပြန်လည်ဆန်းသစ်သော တေးတစ်ပုဒ်လား၊ ခေတ်ပေါ်တေးလား ဆိုသည်ကိုလည်း ကျွန်တော် မသိနိုင်။ ကျွန်တော် ကြားဖူးသော ကချင်ကျေးလက် သီချင်းမှာ အချစ်ဘွဲ့ဖြစ်သည်။

မေခနှင့်မလိခမြစ်ဆုံမှ သောင်စပ်တွင် ရွှေမှုန်ကလေးတွေ ဝင်းနေကြသည်။ ထိုရွှေမှုန်ကလေးများကို သူ ကျင်ယူ၍ ရသည်။ ပင်မြင့်ယံတွင် ငွေရောင်သစ်ခွတွေ ဖွေးဖွေးလှုပ်အောင် ပွင့်နေကြသည်။ ထိုသစ်ခွပန်းကိုလည်း သူ ဆွတ်နိုင်သည်။ တောင်စောင်းတွင် တောင်ဆိတ်တစ်ကောင် ပြေးနေသည်။ ထိုအပြေးမြန်သော တောင်ဆိတ်ကိုလည်း သူ ဖမ်းနိုင်သည်။ သို့ရာတွင် ရွှေမှုန်လိုဝင်း၍ သစ်ခွလို ငွေရောင်ဖြူဖွေးကာ တောင်ဆိတ်လို အပြေးမြန်သော သူ့ချစ်သူကိုမူ သူ မရနိုင်ဟု ကျေးလက်သီချင်းထဲတွင် လုလင်က ညည်းတွားသည်။

ယခု သူတို့တီးနေသည့် ဂစ်တာသံနှင့် သူတို့ဆိုနေသည့် သီချင်းသံသည် အချစ်ဘွဲ့လား၊ အချစ်ဘွဲ့ဆိုလျှင် လွန်လေပြီးသောအခါက အချစ်ဘွဲ့လော။





နှစ်ဆယ်ရာစုနှောင်းကာလ၏ အချစ်ဘွဲ့လော။ ဘယ်အချိန်က အချစ်ဘွဲ့ပဲ ဖြစ်ဖြစ်၊ အချစ်၏အသွေးအရောင်ပါလျှင် ဘဝသည် စိုပြည်လှပမြဲပင်။

ကျွန်တော်သည် အချစ်ဝတ္ထုများဖြင့် နာမည်ကြီးလာသော စာရေးဆရာတစ်ယောက်ဖြစ်၏။ ငယ်ငယ်တုန်းကလည်း အချစ်ဝတ္ထုတွေကို ရေးခဲ့သည်။ ယခု သက်လတ်ပိုင်းရောက်လာ၍ သားတွေသမီးတွေ အရွယ်ရောက်လာသည့် အခါတွင်လည်း အချစ်ဝတ္ထုများကိုပင် ရေးဦးမည်သာ ဖြစ်သည်။ လောကတွင် အချစ်လောက် သန့်ရှင်းသည့်အရာ၊ အချစ်လောက် ဖြူစင်မြင့်မြတ်သည့်အရာ မရှိဟု ကျွန်တော် ယုံသည်။ ဝေဖန်ရေးဆရာတွေက ကျွန်တော့်ဝတ္ထုများကို မည်သို့ ဝေဖန်ကြသည်ဖြစ်စေ ကျွန်တော် ဂရုမထား။ ကျွန်တော်ငယ်စဉ်က ရေးဖွဲ့ခဲ့သည့် အချစ်ဝတ္ထုများကို ထိုစဉ်က ဆယ်ကျော်သက်များ ဖတ်ခဲ့ကြသည်။ သူတို့တစ်တွေ ကြီးပြင်းအရွယ်ရောက်၍ အချစ်ဝတ္ထုကို မဖတ်ကြသော်လည်း နောင်လာမည့်ဆယ်ကျော်သက်များက ကျွန်တော့်အချစ်ဝတ္ထုကို ဖတ်နေကြသေးသည်။ နောင်တွင်လည်း မျိုးဆက်သစ် လူငယ်များသည် ကျွန်တော့်အချစ်ဝတ္ထုများကို ဖတ်နေပေလိမ့်ဦးမည်။ ကောင်းကင်တွင် နေမင်းထွန်းလင်း၍ လမင်းဝင်းပနေသမျှ အချစ်ရှိနေဦးမည်။ ဘဝရှိနေသေးသမျှ အချစ်သည် ရှိနေဦးမည်။

ကျွန်တော်ရေးသော ဝတ္ထုများထဲမှ ဇာတ်လိုက်မင်းသားလေးများသည် ချွေမင်းသားလေးတွေ ဖြစ်နေမည်။ ဇာတ်လိုက်မင်းသမီးကလေးများသည် ချွေမင်းသမီးလေးတွေ ဖြစ်နေရမည်။ သူတို့၏ အနုအနွဲ့သည် လိပ်ပြာတောင်ပံခတ်ရုံဖြင့် မူးမေ့သွားသော ဝေဠုမြတ်စွာမင်းသမီး၏ နုပုံနွဲ့ပုံမျိုး ဖြစ်နေရမည်။ သူတို့၏ အချစ်ပန္နက်ကဲ့သို့ ခိုင်မြဲရမည်။ သူတို့၏အလွမ်းသည် စန္ဒကိန္နရီဇာတ်မှ ကိန္နရီကိန္နရာမောင်နှံ၏ အလွမ်းကဲ့သို့ နုနေပေရမည်။ သူတို့၏ဒုက္ခသည် စင်ဒရဲလား၏ ဒုက္ခကဲ့သို့ လှနေရမည်။ သူတို့၏ အချစ်ဇာတ်လမ်းသည် ဂရိပုံပြင်ထဲမှ သိုးကျောင်းသားလေးနှင့် ကရီးမိုင်းလ်၏အချစ်ဇာတ်လမ်းကဲ့သို့ ဆွတ်ပျံ့ဖွယ် ကောင်းနေရမည်။ သူတို့ဇာတ်ပေါင်းခန်းသည် ချားလ်မင်းသားနှင့် ဒိုင်ယာနာတို့၏ မင်္ဂလာခရီးကဲ့သို့ ကြည်နူးစရာကောင်းနေရမည်။

ကျွန်တော့်အချစ်ဝတ္ထုသန့်သန့်များထဲတွင် အရုပ်ဆိုးကျည်းတန်မှုတွေ မပါစေရ။ အနိဋ္ဌာရုံတွေ မပါစေရ။ အားလုံးသည် ဣဋ္ဌာရုံ လွှမ်းခြုံနေရမည်။

ကျွန်တော်သည် အချစ်ဝတ္ထုလှလှကလေးတွေဖြင့် နာမည်ကြီးလာသူဖြစ်ရာ ကလောင်တံကို လွတ်ချလိုက်သည့်အချိန်အထိ အချစ်ဝတ္ထုလှလှကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေကို ရေးသွားမည်။ လောကတွင် အချစ်လောက်သန့်ရှင်း၍ အချစ်လောက် ကြည်နူးစရာကောင်းသည့်အရာသည် မရှိဟု ကျွန်တော် ယုံသည်။ အချစ်ကို ညစ်ညမ်းအောင်လုပ်သည်ကို ကျွန်တော် မခံနိုင်။ အချစ်ကို ဇီဝဗေဒဆိုင်ရာ လိုအပ်ချက်နှင့် ရောထွေးယှက်တင်လုပ်ခြင်းကို ကျွန်တော် သည်းမခံနိုင်။

ထို့ကြောင့် ကျွန်တော်သည် အချစ်ဝတ္ထုလုလုကလေးများကို တစ်လျှောက်လုံး ရေးခဲ့သည်။ ယခုလည်း ကျွန်တော်သည် အချစ်ဝတ္ထုလုလု ကလေးတစ်ပုဒ် ရေးရန်အတွက် ခရီးထွက်လာခြင်း ဖြစ်သည်။

ကျွန်တော်သည် ပျော်တစ်ဝက် နိုးတစ်ဝက်ဖြင့် သူတို့စကားများကို နားထောင်ကြည့်သည်။ အထူးသဖြင့် ကြေးနီရောင်အလှ၏ စကားများကို စိတ်ပါဝင်စားစွာ နားထောင်မိသည်။

သူ့ကို အဖော်များက 'ခေါန်နူး' ဟု ခေါ်ကြသည်။ သြော် ... သူ့နာမည် ခေါန်နူးတဲ့။ လှလိုက်သည့် နာမည်ကလေး။ ခေါန်နူးဆိုတော့ အထွေးဆုံးပေါ့။ ညီမလေးပေါ့။

ခေါန်နူး၏အဖေနှင့်အမေများမှာ တောတွင်းသူပုန်အုပ်စုတစ်ခုမှ ဖြစ်ကြောင်း။ ခေါန်နူးကို လွန်ခဲ့သည့်အနှစ်အစိတ်ခန့်က မွေးခဲ့ခြင်းဖြစ်ကြောင်း။ သူ့ကို မြောက်ဘက်တောင်ကုန်းဒေသရှိ တောင်တန်းကြီးတစ်ခုမှ တောင်စွယ်ကလေးတစ်ခုပေါ်တွင် မွေးဖွားခဲ့ကြောင်း။ နောင်တွင် ခေါန်နူးသည် တောတွင်းသို့ ပါလာခဲ့ပြီး အိမ်ထောင်ကျခဲ့ကြောင်း၊ သားသမီးများ ရသည့်အခါတွင် လက်နက်ချကာ မြစ်ကြီးနား မန့်ခိန်ရွှေစက်တွင် အခြေချခဲ့ကြောင်းဖြင့် သူတို့စကားများအရ သိရသည်။

*

မြစ်ကြီးနားအဆန်သည် နဘားဘူတာတွင် အကြာကြီးရပ်သည်။ နဘားဘူတာ ရုံကလေးသည် မနက်ခင်း ဝေလီဝေလင်းထဲတွင် လှုပ်ရှား အသက်ဝင်နေသည်။ ထိုအမှောင်ကြီးထဲတွင် မီးရောင်ကလေးများသည် ပိုးစုန်းကြူးများလို လက်နေသည်။

ဘူတာထဲသို့ ဆင်းကာ လက်ဖက်ရည်ဆိုင်သို့ ကျွန်တော် လာခဲ့သည်။ လက်ဖက်ရည်ဆိုင်တွင် လူတွေ ပြည့်ကျပ်နေ၏။ စားပွဲလွတ်ရှာမတွေ့သဖြင့် ယောင်ချာချာဖြစ်နေစဉ် ...

''သြော် ... ဦးလား၊ လက်ဖက်ရည်သောက်ပါဦးလား''





ကြည့်လိုက်သည့်အခါတွင် ခေါန်နူးနှင့် သူ့အဖော်နှစ်ယောက်။ သူတို့ စားပွဲတွင် လူချောင်သဖြင့် ကျွန်တော်က ဝင်ထိုင်၏။

''သောက် ... သောက်''

''ဦးက စာရေးဆရာဆို''

ခေါန်နူးက ကျွန်တော့်ကို မေးသည်။

''အင်း၊ အေး ... ဟုတ်တယ်၊ ဘာဖြစ်လို့လဲ''

ကျွန်တော်က တအံ့တသြဖြင့် ပြန်ဖြေသည်။ ကျွန်တော်စာရေးဆရာမှန်း ဘယ်လိုလုပ်ပြီး သိသွားပါလိမ့်။ သြော် ဟုတ်ပြီ။ မနေ့ညက ရထားပေါ်တွင် ကျွန်တော်နှင့် ခရစ်ယာန်သင်းအုပ်ဆရာကြီး စကားလက်ဆုံကျခဲ့ကြသည်။ အသိတစ်ယောက်လာ၍ နှုတ်ဆက်စဉ်ကလည်း ကျွန်တော်တို့ စာရေးဆရာတွေအကြောင်း၊ စာပေအကြောင်း၊ စာဆိုတော်ပွဲတွေအကြောင်း ကျွန်တော်တို့ ပြောဖြစ်ခဲ့ကြသည်။ ထိုစကားများကြောင့် ကျွန်တော့်ဇာတိကို သိသွားခြင်း ဖြစ်သည်။

''စာရေးဆရာဆိုတော့ ဘာတွေရေးသလဲ၊ အချစ်ဝတ္ထုတွေ ရေးသလား''

ခေါန်နူးက ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းပင် မေးသည်။ ကျွန်တော် ဘာဖြေရမှန်း မသိ။

''အင်း ... ဆိုပါတော့ကွယ်၊ အချစ်ဝတ္ထုလုလုကလေးတွေ ဆိုပါတော့''

ကျွန်တော်က ခပ်လွယ်လွယ် ဖြေလိုက်သည်။

''ဒီလိုဆိုရင် ပြောရဦးမယ်၊ စိတ်တော့မရှိနဲ့နော်ဦး''

ကျွန်တော် ရင်တထိတ်ထိတ် ဖြစ်နေလေပြီ။ ခေါန်နူးသည် ကျွန်တော့် ဝတ္ထုများကို ဝေဖန်မည်လော၊ သို့မဟုတ် မြန်မာစာပေလောကကြီးကို ဝေဖန်မည်လော။

''ပြောပါ ရပါတယ်၊ စာရေးဆရာရဲ့စာဟာ သူ့ကလောင်က ထွက်သွားပြီး စာဖတ်ပရိသတ်လက်ထဲ ရောက်သွားပြီဆိုတာနဲ့ သူ့မပိုင်တော့ဘူး။ စာဖတ်ပရိသတ်က ပိုင်သွားပြီ။ ဒီတော့ ကြိုက်သလိုပြောနိုင်ပါတယ်။ မင်းတို့ပြောတဲ့ စကားနဲ့ပြောရရင် စာဖတ်သူက စားသုံးသူကိုး။ ပစ္စည်းတစ်ခုကို သုံးကြည့်တယ်။ ကြိုက်ရင် ကြိုက်တယ်လို့ ပြောနိုင်တယ်။ မကြိုက်ရင်လဲ မကြိုက်ဘူးလို့ ပြောနိုင်တယ်။ စားသုံးသူမှာ ထင်မြင်ချက် ပေးပိုင်ခွင့်ရှိတာပဲ။ ထင်မြင်ချက်



www.burmeseclassic.com

www.burmeseclassic.com



ပေးသောတို့ ခံချင်ရင် မခံနိုင်ရင် ဒီပစ္စည်းကို စားသုံးသူလက်ထဲကို မဖြန့်နဲ့ပေါ့။ ကိုယ့်အသာသာကိုယ် သိမ်းထားပေါ့။ ခု ကျွန်တော့်စာအုပ်တွေကတော့ မင်းတို့စားသုံးသူ ထက်ကို ဖြန့်လိုက်ပြီ။ ဒီတော့ မင်းတို့အကြိုက်နဲ့ တွေ့ချင်လဲ တွေ့မယ်။ တွေ့ချင်မှလဲ တွေ့မယ်။ ချိုသည် ခါးသည်ကို ပြောပိုင်ခွင့် ရှိပေတာပေါ့''

''ကျွန်မကတော့ ဒါတွေကို နားမလည်ပါဘူး၊ စာရေးဆရာနဲ့တွေ့ခဲ့တော့ ပြောချင်တာကလေးတွေ ရှိလို့ပါ''

''မင်းက ဝတ္ထုတွေ ဘာတွေ ဖတ်လို့လား''

''ဟိုတုန်းကတော့ အရမ်းဖတ်တာပေါ့''

''ဟိုတုန်းက အရမ်းဖတ်တယ်ဆိုတော့ အခုကော''

ခေါ်နန်းက ပြုံး၍ ခေါင်းယမ်းပြလိုက်ကာ . . .

''ခုတော့ သိပ်မဖတ်တော့ဘူး''

''ဘာဖြစ်လို့''

ခေါ်နန်း၏ မျက်နှာသည် တည်သွား၏။

''ဩော် . . . ဦးတို့ဝတ္ထုတွေကိုပဲ ပြန်ကြည့်ပါဦး။ တစ်ခါလာ အချစ်၊ တစ်ခါလာ အချစ်၊ ကောင်မလေးနဲ့ ကောင်လေး ချစ်လိုက်ကြတာ၊ သူတို့မှာ အချစ်ကြောင့် ပျော်၊ အချစ်ကြောင့် ဆွေး၊ အချစ်ကြောင့် ရူး၊ အချစ်ကြောင့် ရယ်၊ အချစ်ကြောင့် မျက်ရည်ကျ''

''ဒါကတော့ဟယ် လူငယ်တွေရဲ့ဘဝမှာ အချစ်ဟာ အရေးကြီးတဲ့ ခံစားချက်တစ်ခု ဖြစ်နေတာကိုး။ 'လူသည် ပေါင်မုန့်တစ်ခုတည်းဖြင့်သာ အသက်ရှင်နေသည်မဟုတ်' လို့ သမ္မာကျမ်းစာလဲ ဆိုထားသားပဲ။ ပေါင်မုန့်အပြင် တခြား အရေးကြီးတဲ့ အရာတွေ၊ ခံစားချက်တွေလဲ ရှိနေသေးတယ် မဟုတ်လား''

ကျွန်တော်သည် အလိုလို ခံစစ်အနေအထားတွင် ရောက်နေသည်။

''ဟုတ်ပါတယ်။ လူဟာ ပေါင်မုန့်ရှိရုံနဲ့မပြီးဘူးဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ဦးတို့ စာရေးဆရာတွေဟာ ပေါင်မုန့်ထက် အချစ်ကို ဦးစားပေးနေကြလို့ ပြောတာပါ။ ဦးတို့ဝတ္ထုထဲက ဇာတ်လိုက်တွေဟာ ဇာခန်းဆီးတွေနောက်က မထွက်ကြတော့ဘူးလား။ လင်ဆာကားတွေပေါ်က မဆင်းကြတော့ဘူးလား။ ကတ္တရာစေးလမ်းမကြီးတွေပေါ်မှာပဲ လျှောက်နေကြဦးမှာလား။ ဦးတို့ဇာတ်လိုက်တွေဟာ ချစ်ရုံသာချစ်တတ်ပြီး အသက်ရှင်ဖို့ကျတော့ ရှာဖွေမစားသောက်တတ်ကြဘူး။ ဦးတို့ဇာတ်လိုက်တွေကို ကြည့်လိုက်ရင် ဝတ္ထုတစ်ခုလုံးသာ ဆုံးသွားရော၊ ကောင်လေးကလဲ ဘာလုပ်ကိုင်စားသောက်မှန်း





မသိဘူး။ ကောင်မလေးကလဲ ဘာလုပ်ကိုင်စားသောက်မှန်း မသိဘူး။ ခေါ်နန်းတို့လို တောကကောင်မလေးတွေအကြောင်းကိုတော့ ရေးဖော် မရကြတော့ဘူးလား''

''တို့လဲ ရေးပါတယ်ကွယ်၊ ဒါပေမဲ့ ခက်တာက မင်းတို့အကြောင်းကို တို့ကောင်းကောင်း မသိတာက ခက်တယ်။ ဒီတော့ ရန်ကုန်မြို့ပေါ်က လင်ဆာကားကြီးပေါ်က ကောင်မလေးအကြောင်း၊ ဇာခန်းဆီးနောက်ကွယ်က ကောင်မလေးအကြောင်းကိုပဲ ရေးရတာပေါ့။ ဘယ်တတ်နိုင်မလဲ''

''ဦးရယ် . . . ရေးချင်တယ်ဆိုရင် ရေးစရာတွေ အများကြီးပါ။ ဒီပြင်မကြည့်နဲ့၊ ကျွန်မတို့ကိုပဲ ကြည့်ပါ။ ကျွန်မတို့ နဖူးထဲမှာ ပြောစရာတွေ အများကြီး။ ဦးတို့ရေးမယ်ဆိုရင် ရေးလို့တောင် ကုန်မှာမဟုတ်ဘူး''

သူ့စကားကို သဘောကျ၍ ကျွန်တော် ရယ်လိုက်သည်။ ခေါ်နန်းသည် သူ့ခံစားချက်ကို ရင်နှင့်အပြည့်ဟု မပြော၊ နဖူးနှင့်အပြည့်ဟု ပြောသွားသည်။

''ဒါကတော့ မင်းအမြင်ကိုး။ တို့လိုစာရေးဆရာတွေကတော့ ငတ်တာ ပြတ်တာတွေကို မရေးချင်ဘူး။ စိတ်ညစ်စရာတွေကို မရေးချင်ဘူး။ ရေးရင်လည်း လူတွေက မဖတ်ချင်ကြဘူး။ လူတွေက တို့စာတွေကိုဖတ်ပြီး ကြည်နူးချင်တယ်။ ပျော်ချင်တယ်။ နေ့စဉ် ကိုယ်ရေးကိုယ်တာ စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာတွေက ထွက်ပြေးပြီး ကောင်လေးနဲ့ကောင်မလေးရဲ့ အချစ်ဘုံ လှလှကလေးကို မြင်ချင်တယ်။ လူတွေက ဒါမျိုးမှကြိုက်ကြတယ်။

''ဒီတော့ တို့လဲ ပရိသတ်အကြိုက်ကို ရေးရတာပေါ့။ လူငယ်တွေဟာ သူတို့ရဲ့အချစ်ကို မြင်းမိုရ်တောင်နဲ့မှ နှိုင်းချင်ကြတယ်။ ချစ်တုန်းကို မိုးလေဆင်ရင် ကိန္နရီကိန္နရာမောင်နှံလို သူတို့အလွမ်းဟာ ပင်လယ်လောက်ကြီးတယ် ထင်ကြတယ်။ ချစ်သူရဲ့မျက်လုံးအဝင့်ဟာ ကုဋေတစ်သန်းလောက်တန်တယ်လို့ ထင်ကြတယ်။ တို့ဝတ္ထုတွေကို အဲဒီလူငယ်ကလေးတွေက ဖတ်ကြတော့ တို့လဲ သူတို့အချစ်အကြောင်းကိုပဲ သန့်သန့်ကလေး ရေးရတာပေါ့။

''အဲဒီ အချစ်ဝတ္ထုသန့်သန့်ကလေးတွေထဲမှာ စိတ်ညစ်စရာ မပါရဘူး။ အရုပ်ဆိုးတာ မပါရဘူး။ အကျည်းတန်တာ မပါရဘူး။ လိပ်ပြာကလေးတွေဟာ ကြာပွင့်ပေါ်မှာ နား၊ ကြာပွင့်ပေါ်မှာ အိပ်၊ ကြာပန်းက ဝတ်ရည်ကို သောက်သုံး ကြာဝတ်ဆံကို စားကြသလို တို့ဝတ္ထုထဲက ကောင်လေးတွေ ကောင်မလေးတွေဟာလဲ အချစ်ပေါ်မှာ နား၊ အချစ်ကို သောက်၊ အချစ်ကို စားပြီး



www.burmeseclassic.com

www.burmeseclassic.com



အချစ်ပေါ်မှာ အိပ်ကြရမယ်။ သူတို့ရဲ့အချစ်ညတွေဟာ ငွေလရောင် အမြဲလင်းနေရမယ်။ သူတို့အချစ်ညမှာ တိမ်ညိုကလေး ကြက်ဖတဝပ်စာလောက် ဖုံးသွားတာ နက်ရှိုင်းတဲ့ မဟာငရဲကြီး ဖြစ်နေရမယ်။ ဒါမှ သူတို့ကကြိုက်တယ်။ ဒါကြောင့် တို့တစ်တွေ အချစ်ဝတ္ထုသန့်သန့်ကလေးတွေကို ရေးနေကြတာပါ''

''အချစ်ဝတ္ထုသန့်သန့်ဆိုတာကော ရှိလို့လား ဦး''

''ဘာ . . . ဘာဖြစ်လို့ မရှိရမှာလဲ၊ အဲဒီ အချစ်ဝတ္ထုသန့်သန့်ထဲမှာ . . .''

ခေါ်နန်းက ကျွန်တော့်ခုခံပုံကို ကြည့်၍ ရယ်၏။

''မဟုတ်ပါဘူး၊ ကျွန်မဆိုလိုတာက အချစ်နဲ့ဘဝဆိုတာ ခွဲလို့ရသလားလို့ မေးတာပါ''

''ဟင်း . . . ဘာရယ်၊ အချစ်နဲ့ဘဝ ဟုတ်လား၊ ဘဝဆိုတာ မင်းက ဘာကိုပြောချင်တာလဲ''

''ဦး မေ့သွားပြီ ထင်တယ်၊ ပေါင်မုန့်လေ ဦး၊ ဝမ်းတစ်ထွာလေ။ ထမင်းဆာနေတဲ့ လူတစ်ယောက်ရဲ့ရင်ထဲမှာ ဘယ့်နှယ်လုပ်ပြီး ချစ်ခြင်းမေတ္တာ ရှိနိုင်မလဲ ဦးရယ်။ ထမင်းကို ရှာရတာဟာ ဘဝပေါ့။ ဝမ်းတစ်ထွာကို ကျောင်းရတာဟာ ဘဝပေါ့။ နှလုံးသားကို သူတစ်ခုတည်း ဖဲ့ထုတ်ထားလို့ မရပါဘူး ဦးရဲ့၊ နှလုံးသားနဲ့အစာအိမ်ဟာ တွဲနေပြီးမှ လူတစ်ယောက်ဟာ အသက်ရှင်နိုင်မှာပေါ့၊ မဟုတ်ဘူးလား၊ ခုတော့ ဦးတို့ဟာ နှလုံးသားအကြောင်းကိုသာ ရေးပြီး အစာအိမ်အကြောင်းကို ချန်ထားကြတယ်။ အချစ်အကြောင်းကိုသာရေးပြီး ဘဝအကြောင်းကို မေ့နေကြတယ်။ ဝေဖန်ရတဲ့အတွက် ဝမ်းနည်းပါတယ် ဦး။ ကဲ . . . ကျွန်မတို့ သွားတော့မယ်။ ကြုံလို့ပြောတာပါနော်။ ဘယ်လိုမှ မအောက်မေ့ပါနဲ့။ မြစ်ကြီးနားရောက်လို့ မန်ခိန်ရွှေစက်ကိုရောက်ရင် ကျွန်မတို့ အိမ်ကို ဝင်ပါ။ မေးလိုက်ရင် သိပါတယ်''

ခေါ်နန်းသည် အဖော်များနှင့်အတူ ရထားဆီသို့ ထွက်သွားနေစဉ် ကျွန်တော်သည် သူပြောသည့်စကားများကို တွေး၍ ကျန်ရစ်ခဲ့သည်။

မြစ်ကြီးနားတွင် ကျွန်တော်တို့ကိစ္စတွေ ပြီးသည့်နောက်တစ်ရက်၌ မန်ခိန်ရွှေစက်ဘက်သို့ ထွက်ခဲ့သည်။ မိတ်ဆွေများကမူ မန်ခိန်မှနေ၍ ရေခဲတောင်ကြီးများကို မျှော်ကြည့်ချင်ကြသည်။ ရေခဲတောင်မှ ပျော်ဆင်းလာသော အေးစိမ့်သည့်ရေကို ချိုးချင်ကြသည်။ မန်ခိန်ကမ်းပါးအောက်မှ ကျောက်တောင်ကြီးတွေပေါ်မှာ တက်လိုက်ဆင်းလိုက် လုပ်ချင်ကြသည်။





သူတို့တစ်တွေ မန်ခိန်ကမ်းပါးအောက်က ကျောက်ဆောင်ပေါ်မှာ မာတ်မိုက်နေကြစဉ် ကျွန်တော်သည် ခေါ်နန်းတို့အိမ်ကို လိုက်ရှာသည်။

ခေါ်နန်းတို့အိမ်ကို အလွယ်တကူပင် ရှာတွေ့၏။ ဘုရားရှိခိုးကျောင်းနှင့် မလှမ်းမကမ်း သက်ငယ်မိုး ဝါးပိုးထရံကာသည့် ခပ်မြင့်မြင့် သုံးဆင်နှစ်ခန်း ခြေတံရှည်အိမ်ကလေး။ အိမ်ရှေ့ခြံစည်းရိုးတွင် ဒီဇင်ဘာပန်းများက ဝေနေအောင် ပွင့်နေကြသည်။ မြေတလင်းမှာ သန့်ရှင်းနေ၏။ အိမ်နောက်ဖေးတော်ခြံတွင် ဝက်သားအုပ်မတစ်အုပ်၊ အစာစားနေကြသည်။

''ဟေး . . . ဦး''

ကြက်များကို အစာကျွေးနေရာမှ လှမ်းအော်လိုက်သော ခေါ်နန်းကို တွေ့ရ၏။ ခေါ်နန်းသည် ကချင်လုံချည် ခပ်နွမ်းနွမ်း တစ်ထည်ကို ဝတ်ထားပြီး စစ်အင်္ကျီဟောင်းတစ်ထည်ကို အပြင်ထုတ်၍ ဝတ်ထား၏။ ကြေးနီရောင်ဆံနွယ်နှင်းတို့က ကြေးနီရောင်နဖူးပေါ် ကုပ်ပေါ်ကို ဖွာရာကျဲကျလျက်။ ငါးနှစ်မှ ဆယ်နှစ်အတွင်း ရှိကြဦးမည့် ကလေးသုံးယောက်က ကစားနေရာမှပြေးလာကာ အမေ့ထဘီကိုကိုင်ရင်း ကျွန်တော့်ကို ကြည့်နေကြသည်။

''ဦး တကယ်လာတာကိုး''

''ခေါ်နန်းက ဖိတ်ထားတယ်လေ၊ ခေါ်နန်းရဲ့နဖူးထဲမှာရှိတဲ့ ခံစားချက်တွေကို ပြောပြမယ်ဆို''

ခေါ်နန်း၏မျက်နှာသည် ကြည်လင်နေရာမှ အနည်းငယ် မှိုင်းသွားသည်။ သို့ရာတွင် ချက်ချင်းပြန်၍ ပြုံးလိုက်ကာ . . .

''ရပါတယ်၊ ပြောနိုင်ပါတယ်။ လာ . . . လာ . . . ဦးကို ကျွန်မယောကျ်ားနဲ့ မိတ်ဆက်ပေးရဦးမယ်။ အိမ်ပေါ်တက်ပါဦး''

ကျွန်တော်သည် ဝါးလှေကားအတိုင်း သူတို့အိမ်ပေါ်သို့ တက်လာခဲ့သည်။ ခေါ်နန်းက ရှေ့မှတက်သွားပြီး သူ့ယောကျ်ားကို ကချင်လိုလှမ်းပြော၏။ မှောင်ရီရီ ဖြစ်နေသဖြင့် ရုတ်တရက်သော် ဘာကိုမှ သဲကွဲစွာ မမြင်ရ။ ခဏကြာသည့်အခါတွင် ဂုန်နီအိတ်တပ်ထားသည့် ပက်လက်ကုလားထိုင်တစ်ခုပေါ်မှ သဏ္ဍာန်သည် လှုပ်လာ၏။

''အဲဒါ ကျွန်မယောကျ်ား ဦးဘောက်နော်တဲ့။ ကောင်းကောင်းမမာဘူး။ တစ်နှစ်ကျော်လောက်ရှိပြီ။ ခဏနေဦးနော်၊ စကားပြောရစ်ဦး''

ခေါ်နန်းသည် ကျွန်တော်တို့နှစ်ယောက်ကို ထားခဲ့သည်။ နောက်ဖေးသို့ ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဦးဘောက်နော်ကို ကြည့်လိုက်၏။ ဦးဘောက်နော်မှာ အသက်ခြောက်ဆယ်ကျော်ခန့် ရှိလေပြီ။ တစ်ခါက တောင့်တင်းကြံ့ခိုင်ဟန်ရှိခဲ့သော်လည်း ဇရာနှင့်ဗျာဓိတို့ ဖိစီးသဖြင့် အိုမင်းသော လူမမာကြီးတစ်ယောက်မှန်း ချက်ချင်းသိသာနိုင်သည်။ ကျွန်တော်သည် သူ့ကို အားနာသဖြင့် ကျန်းမာရေးအကြောင်း၊ အစားအသောက်အကြောင်းလောက်သာ ပြောပါသည်။ သူနှင့်ကျွန်တော်တို့ ပြောစရာ တခြားအကြောင်းလည်း ရှိမည် မထင်ပါ။

ခဏကြာလျှင် ခေါ်နွေးသည် လက်ဖက်ရည်ကြမ်းနှင့် ဆတ်သားခြောက်ဖုတ် တစ်ပန်းကန်ကို ယူလာပြီး ကျွန်တော်တို့ရှေ့တွင် ချသည်။

''ကျွန်မ ဒီကိုပြန်ရောက်လာတော့ ကလေးသုံးယောက်နဲ့လေ။ အဖေကလဲဆုံး၊ အမေကလဲ နောက်အိမ်ထောင်ပြုသွားတော့ နေရေး၊ ထိုင်ရေးတော်တော်လေး ကျပ်တည်းပါတယ်။ ဟောဒီက ဦးဘောက်နော်က အရင်တုန်းက တောင်ပေါ်က ကချင်ရွာတစ်ရွာမှာ ရွာအုပ်ရယ်။ နောက်တော့ အေးအေးချမ်းချမ်းမရှိလို့ မန်စီန်ကို ပြောင်းလာတာ။ ဒီရောက်တော့ လူကလဲ ကောင်းကောင်း မကျန်းမာဘူး။ သူ့မှာလဲ တစ်ယောက်တည်းဆိုတော့ ဆေးပေးမီးယူလိုတယ် မဟုတ်လား။ ကျွန်မမှာလဲ ကလေးတွေနဲ့ဆိုတော့ ရုန်းရကန်ရတာပေါ့ ဦးရယ်။ ဒီတင် ရွာကလူကြီးတွေက သူ့ကို သနားလဲ သနား၊ ကျွန်မကိုလဲ သနားတာနဲ့ သူနဲ့ကျွန်မကို နေရာချပေးလိုက်ကြတယ်လေ။ သူက သူ့မှာရှိတဲ့ ငွေကလေး အရင်းအနှီးထုတ်ပေးတယ်။ ကျွန်မက အဲဒီအရင်းအနှီးကလေးနဲ့ အရောင်းအဝယ်လုပ်တယ်''

ဦးဘောက်နော်က ကျွန်တော်တို့နှစ်ယောက် ပြောနေသည့်စကားများကို စိတ်ဝင်စားဟန်မတူပါ။ ခဏကြာတော့ ပက်လက်ကုလားထိုင်ပေါ်တွင် စောင်ကိုခြုံ၍ ပြန်ကွေးကာ မှိန်းနေသည်။

ခေါ်နွေး၏ ဇာတ်လမ်းသည် ဘဝကြောင့် အချစ်ကို မြေမြှုပ်သင်္ဂြိုဟ်သည့် ဇာတ်လမ်းလား၊ အချစ်ကြောင့် ဘဝကိုမြေမြှုပ်သင်္ဂြိုဟ်သည့် ဇာတ်လမ်းလား ကျွန်တော် ဝေခွဲမရ။

ခေါ်နွေးသည် စကားပြောရင်း သူ့ကြေးနီရောင်နဖူးပေါ်သို့ ဝဲကျလာသော ဆံနွယ်ရိုင်းတို့ကို ပင့်တင်နေ၏။ ကျွန်တော်က သူ့နဖူးကို လှမ်းကြည့်လိုက်သည်။ ပြန့်ပြူးနေသည့် နဖူးကလေး။

ခေါ်နွေးသည် ကျွန်တော်ကြည့်သည့် အဓိပ္ပာယ်ကို နားလည်လိုက်ဟန်ဖြင့် . . .





''နဖူးထဲမှာတော့ ပြောစရာတွေ အများကြီးပေါ့ဦးရယ်။ ဒါပေမဲ့ မပြောတော့ပါဘူး။ ရန်ကုန်ပြန်ရောက်ရင်သာ မန်စီန်ရွှေစက်က ခေါ်နွေးဆိုတဲ့ ကချင်မကလေး တစ်ယောက်အတွက် အချစ်ဝတ္ထုလှလှကလေးတစ်ပုဒ်ရေးပေးပါလို့၊ ဦး ရေးနိုင်ပါ့မလားဟင်''

ခေါ်နွေးသည် ကျွန်တော့်ကို ပြုံး၍ ကြည့်နေသည်။ သို့ရာတွင် သူ့အပြုံးမှာ လျော့င်ပြုံး။

■

စန္ဒာ

အောက်တိုဘာ၊ ၁၉၈၆

www.burmeseclassic.com

# မြို့လား

အစကတည်းက ကျုပ်မသွားချင်ဘူးလို့ အတန်တန် ငြင်းတယ်။ ကျုပ်မြို့ကလေးမှာ ကျုပ်အိမ်ကလေး၊ ကျုပ်ခြံကလေးနဲ့ ဘယ်လောက်ဟန်ကျသလဲ။ မနက်လင်းတာနဲ့ ကျုပ်ရယ်၊ စာတိုက်ဗိုလ်ဟောင်း ကိုဘမင်းရယ်၊ ကျောင်းအုပ်ကြီးဟောင်း ကိုတင်ရယ်၊ သစ်တောဝန်ထောက်ဟောင်း ဦးဗိုလ်ကြီးရယ်၊ မြို့ထိပ်က ဘုရားဘက်ဆီကို လမ်းလျှောက်ထွက်၊ အပြန်ကျတော့ ချစ်မောင်ရဲ့ဆိုင်မှာ ပဲပလာတာနဲ့ လက်ဖက်ရည်ကလေး တစ်ခွက်သောက်။ မနေ့ညက နားထောင်ခဲ့တဲ့ ဘီဘီစီသတင်းကို မေး၊ ထင်မြင်ချက်ချင်း ဖလှယ်ကြ။ ပြီးတော့ အိမ်ပြန်။

အိမ်ရောက်တော့ ခဏနားပြီး ခြံထဲမှာ ကျုပ်တို့လင်မယားနှစ်ယောက် စိုက်ထားတဲ့ ပန်းပင်ကလေးတွေကို လျှောက်ကြည့်။ မြေတောင်မြှောက်တန်တာကို မြှောက်၊ ပေါင်းသင်တန်တာကို သင်၊ ရေလောင်းတန်တာကို လောင်း။ ခဏနားပြီးတော့ ရေချိုး။

ကျုပ် ဒီလိုလုပ်နေတုန်းမှာ အဘွားကြီး ဈေးကပြန်လာတယ်။ ကျုပ်တို့ လင်မယားနှစ်ယောက်နဲ့ အိမ်မှာ တောက်တိုမယ်ရ ခိုင်းဖို့ခေါ်ထားတဲ့ ဆွေထဲမျိုးထဲက ကလေးမကလေးတစ်ယောက်ပဲ ရှိတယ်။ တစ်အိမ်လုံးမှ သုံးယောက်တည်းရယ်၊ ဘာမှ ဒီလောက်ကိစ္စမများဘူး။ အဘွားကြီး ဈေးကပြန်လာတယ် ဆိုရင်ပဲ ကလေးမလေးက ထမင်းအိုး တစ်လုံးတည်ပြီးပြီ၊ ကြက်သွန်တို့ ငရုတ်သီးတို့ထောင်းထားပြီးပြီ။ ပဲချက်မယ်ဆိုရင်လည်း ပဲကို ရေစိမ်ထားပြီးပြီ။





စားတော့ကော ကျုပ်တို့သုံးယောက်ပဲ ရှိတယ်။ ကျုပ်ကလည်း အစားအသောက် ဇိဇာကြောင်တဲ့လူမဟုတ်ဘူး။ ရှိတာနဲ့စားလို့ဖြစ်တယ်။ ငါးကြော်တာလေး တစ်တုံးလောက်နဲ့၊ ဆီနဲ့ဆားနဲ့ သရက်သီးသနပ်ကလေးနဲ့၊ ငါးပိကြော်တာလေးလောက်ပါရင် ကျုပ် အာသာပြေတယ်။ တစ်ခါတလေလည်း မန်ကျည်းရွက်ချဉ်ရည်ကလေး ဘာလေးချက်၊ အညာငရုတ်သီးထောင်းကလေးနဲ့ ငါးခြောက်ဖုတ်ကလေးနဲ့ ပြီးတယ်။ အသားတွေ ဘာတွေ ဒီလောက်မလိုဘူး။ ဝက်သားဆိုရင် အသက် ငါးဆယ်ကျော်ကတည်းက မစားတော့ဘူး။ အမဲသားဆိုတာကလည်း ငယ်ငယ်ကတည်းက ရှောင်ခဲ့တာ။ ကျုပ်တို့ ငယ်ငယ်တုန်းက လယ်တီဆရာတော်ဘုရားကြီးကိုယ်တိုင် ကြွလာပြီး အမဲသားမစားဖို့ တရားနာပြီးကတည်းက အမဲသားကို ကျုပ် လုံးဝမစားတော့ဘူး။

အသားဆိုလို့ ကြက်သားကလေးအစ၊ ငှက်သားကလေးအစ ဒီလောက်ပဲ စားတော့တယ်။ ဒါကလည်း အလွန်နည်းပါတယ်။ တစ်လမှာ နှစ်ခါ သုံးခါထက် မပိုပါဘူး။ အများအားဖြင့် အစားများတာကတော့ ရာသီလိုက် ဟင်းသီးဟင်းရွက်နဲ့ ငါးလောက်ပဲ အစားများတယ်။ ရာသီလိုက်ပေါ်တဲ့ အသီးအနှံလေးကိုတော့ နည်းနည်း အာသီသရှိတယ်။ ရာသီလိုက်ပေါ်တဲ့ အသီးအနှံဆိုလို့ ခင်ဗျားတို့ ရန်ကုန်တို့ ဘာတို့မှာပေါ်တဲ့ မုန်လာဥနီတို့၊ မုန်လာဥဝါတို့၊ ပန်းဂေါ်ဖီတို့၊ နိုကိုတို့၊ ဂေါ်ရခါးတို့ စတဲ့ အသီးအနှံမျိုးတွေ မဟုတ်ပါဘူး။ ကျုပ်တို့အညာမှာ သူ့အခါနဲ့သူပေါ်တဲ့ အသီးအရွက်မျိုးကို ပြောတာပါ။ အာဟာရရှိတာ မရှိတာကတော့ ကျုပ်မသိဘူးလေ။ ကျုပ်တို့ တစ်သက်လုံး စားလာတဲ့ အသီးအရွက်တွေ။

ဆိုပါတော့။ အညာမှာ ကဆုန်လပြည့်ကျော်လို့ မိုးဦးကလေး တစ်ပြိုက်လောက်ကျပြီးရင် ဆူးပုပ်ရွက်ကလေးတွေ ပေါ်ပြီ။ ဆူးပုပ်ကြီးကို ပြောတာမဟုတ်ဘူးနော်။ ဆူးပုပ်ကြီးကို ကျုပ်ဘယ်တော့မှ မစားဘူး။ နံလွန်းလို့။ သူ့ရာသီနဲ့သူပေါ်လာတဲ့ ဆူးပုပ်ကလေးကို ပြောတာ။ ဆူးပုပ်နုနုကလေးတွေကို ငရုပ်သီးစပ်စပ်ကလေးနဲ့ ချက်ပြီး ပူပူကလေးများ သောက်လိုက်ရရင် ခင်ဗျားတို့ ရန်ကုန်က ငါးကြင်းခေါင်းအိုးတို့၊ ပြည်လုံးချမ်းသာတို့ ဘာတို့ဆိုတာတွေနဲ့ ဘယ်လဲမလဲ။

အဲ . . . ဆူးပုပ်ကလေးဟင်းချိုထဲကို နွားလျှာကြီးရွက်ကလေး အနုပ်ရွက်ကလေးနဲ့ထည့်ပြီး ပူပူသောက်တာမျိုးကို ကြိုက်တယ်။ ဆူးပုပ်ဆိုတာကလည်း ကျုပ်တို့မြို့ကလေးမှာက ရာသီဆိုရင် ဈေးထဲမှာ အလွယ်နဲ့ဝယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ ဒီလိုမှမဟုတ်ပဲ ချွေတာရေး လုပ်ချင်သေးသလား။ ဈေးမှာ မဝယ်ဘူး။ ညနေပိုင်းမှာ ကျုပ်တို့အဘိုးကြီးလေးယောက် ဗိုလ်ကုန်းဟိုဘက်က ယာခင်းတောထဲကို လမ်းလျှောက် ထွက်လာခဲ့ကြတယ်။ လက်မှာ တုတ်ကောက်ကလေးတွေ ကိုယ်စီကိုင်လို့။ လွယ်အိတ်အဟောင်းလေးတွေ ကိုယ်စီလွယ်လို့။ ဗိုလ်ကုန်းအလွန်ပေတစ်ရာဘေး ယာစည်းရိုးတွေမှာ ဆူးပုပ်ပင်တွေချည်းပဲ။ ခူးပါလေ့။ ကြိုက်သလောက် ခူး။ ဘယ်သူမှ မတားဘူး။ အားလုံး အလေ့ကျပေါက်နေတဲ့ အပင်တွေချည်းပဲ။ လောဘမကြီးပါဘူး။ တစ်နပ်စာ၊ နှစ်နပ်စာလောက် ခူးပြီးရင် ပြန်လာခဲ့ကြတာပါပဲ။

နောက်တစ်နေ့မှာ စားချင်သေးတယ်ဆိုရင် နောက်ထပ်သွားခူးလိုက်ရုံပဲ။ ဒါမှမဟုတ်သေးရင်လည်း မန်ကျည်းရွက်နီကလေးတွေပေါ်ချိန်မှာ ညသျှစ်ရွက်ကလေးနဲ့ချက်တဲ့ မန်ကျည်းရွက် ချဉ်ရည်ကလေးနဲ့ ငါးခြောက်ထောင်းကလေး စားလိုက်ရင်လည်း ပြီးတာပဲ။ ဒါမှမဟုတ်ရင်လည်း ဘူးညွှန့်ကလေးကို ဟင်းချိုချက်သောက်ချင်သေးသလား။ ဘူးညွှန့် နစ်ညွှန့် သုံးညွှန့်လောက်ကတော့ ကိုင်းထဲက ဘယ်သူ့အခင်းကိုပဲ ဝင်ချိုးချိုး အလကားရတယ်။

ဒီတော့ ကျုပ်တို့ အဘိုးကြီးအဘွားကြီး လင်မယားအတွက် ကုန်ဈေးတက်တယ်ဆိုတာတွေဟာ အလကား။ လျှာအလို ဒီလောက်လိုက်နေကြရင်တော့ ဟုတ်တာပေါ့။ ရာလို့ရတဲ့ဝင်ငွေနဲ့ ဘယ်လောက်ပါ့မလဲ။ ကျုပ်တို့လင်မယားနှစ်ယောက်လို ရသမျှနဲ့ ရောင့်ရဲတတ်ကြရင် ကုန်ဈေးတွေ ဘယ်လောက်တက်တက် ဘာအရေးလဲ။ ဒါကြောင့် ရန်ကုန်မှာနေတဲ့ သားသမီးတွေက သူတို့ရန်ကုန်မှာ ကုန်ဈေးတွေတက်တဲ့အကြောင်းပါရင် ကျုပ် တော်တော်စိတ်ဆိုးတယ်။ အဖေအမေကျန်းမာရဲ့လား။ နေထိုင်ကောင်းကြရဲ့လားဆိုတဲ့ စကားက နောက်မှ၊ ကုန်ဈေးနှုန်းတွေ ဘယ်လောက်တက်တယ်။ ကားစီးရတာ ဘယ်လိုခက်တယ်။ အိမ်လခတွေ ဘယ်လိုဈေးကြီးတယ်ဆိုတာကို အစချီတော့တာပဲ။ ဒီတော့ ကျုပ်လည်း သူတို့စာတွေကို သိပ်မဖတ်တော့ပါဘူး။ အမေကြီးကို ပေးလိုက်ပြီး သူဖတ်ပြီးမှ အကြောင်းထူးရင် ပြော၊ မထူးရင် မပြောနဲ့တော့လို့ မှာထားလိုက်တယ်။

သူတို့စာတွေထဲမှာ ညည်းသံတွေ ပါမှာပေါ့။ သူတို့က ရန်ကုန်မှာ နေချင်ကြတာကိုး။ ရန်ကုန်မှာနေရင် ကြီးပွားလမ်းရှိသတဲ့။ သားတွေသမီးတွေ ကျောင်းကောင်းကောင်းထားရပြီး မျက်စိပွင့်သတဲ့။ တောကျောင်းမှာ နေရင် တောကျောင်းသားပဲဖြစ်ပြီး ခေတ်မမီဘဲ နေလိမ့်မတဲ့။ ကျုပ်အစတုန်းကတော့





ကန့်ကွက်ပါသေးတယ်။ နောက်ကျတော့ သူတို့မှာလည်း သူတို့အိမ်ထောင်နဲ့သူတို့။ သူတို့အသိုက်အဝန်းနဲ့ သူတို့ဆိုတော့ ကျုပ် ဘာမှမပြောတော့ပါဘူး။ သူတို့သဘောပေါ့။ သူတို့လမ်း သူတို့သွားမှာပေါ့။ ကျုပ်က ဘာပြောစရာရှိလဲ။

အဲ . . . အဘွားကြီးက သွားချင်တယ်ဆိုတုန်းကတော့ ကျုပ် ကန့်ကွက်တယ်။ ဒါက ကျုပ်တို့လင်မယားရဲ့ ကိစ္စ။ ကျုပ်တို့လင်မယားရဲ့ ကိုယ်ရေးကိုယ်တာ။

စဉ်းစားလည်း ကြည့်ဦးလေ။ အသက်ခြောက်ဆယ်မှာ ကျုပ် ပင်စင်ယူတယ်။ စုငွေကလေးတစ်သောင်းလောက် ကျန်တယ်။ ပင်စင်လခကလေးက လေးရာကျော် ငါးရာနီးပါးလောက်ရတယ်။ ကျုပ်တို့ တစ်သက်လုံး ဒီမြို့ကလေးမှာ မွေးပြီး ဒီမြို့ကလေးမှာပဲ အိမ်ထောင်ကျ၊ ဒီမြို့ကလေးမှာပဲ သားတွေသမီးတွေရ၊ ဒီမြို့ကလေးမှာပဲ အခြေချလာခဲ့တယ်။ ဒီတော့ ဒီမြို့နဲ့ ကျုပ်ဘဝဟာ ခွဲလို့မရဘူး။ ခေါင်းချတော့လည်း ဒီမြို့ကလေးမှာပဲ ခေါင်းချချင်တယ်။ သားတွေ သမီးတွေ အတောင်အလက်စုံကြလို့ အိမ်မှာ ကျုပ်တို့နှစ်ယောက်ပဲ ကျန်တော့ အဘွားကြီးက ပြောတယ်။

"ဒီမှာနေရတာ ဟာတာတာကြီး။ အရေးအကြောင်းဆိုလို့မှ အနီးအနားမှာ သားသမီးကလဲ တစ်ယောက်မှ မရှိတော့ဘူး။ အကုန်လုံး အဝေးရောက်နေကြပြီ"

ဟုတ်သားပဲ၊ ကျုပ်မှာ သားသမီး လေးယောက်ရှိတယ်၊ သားအကြီးနဲ့ ဒုတိယသမီးက ရန်ကုန်မှာ သူတို့အိမ်ထောင်နဲ့သူတို့။ သားအလတ်က အချင်ပြည်နယ်ထဲမှာ သစ်တောဝန်ထောက်၊ နောက် အငယ်ဆုံးကောင်က ဒမ်ရုံဂျက်တစ်ခုနဲ့ ပါသွားတဲ့ အင်ဂျင်နီယာပေါက်စ၊ သူတို့နှစ်ယောက်ကတော့ ဟိုပြောင်း ဒီပြောင်း မကြာခဏပြောင်းကြလို့ တစ်နေရာရာမှာ အတည်တကျ မရှိလှဘူး။ သားအကြီးနဲ့ သမီးအကြီးကတော့ ရန်ကုန်မှာ၊ အိမ်မှာ ကျုပ်တို့နှစ်ယောက်ပဲ ကျန်ရစ်ခဲ့တယ်။ ဒီတော့ အဘွားကြီး အားငယ်ပုံရတယ်။

"ဒါတော့ သူတို့လမ်း သူတို့သွားတာကိုးကွ"

ကျုပ်ရဲ့ အသံထဲမှာ မာနသံပါနေသလား။ မကျေနပ်သံပါနေသလားတော့ မသိဘူး။ နည်းနည်းတော့ လေသံတင်းနေတယ်။ သူတို့ဘာသာအဝေးကိုရောက်တော့ ဘာဖြစ်သလဲပေါ့။

"တစ်ခါတလေကျတော့လဲ ဒီကမြေကလေးထုခွဲပြီး ရန်ကုန်ကို ပြောင်းရမလားလို့ စိတ်ကူးမိလို့ပါ။ ဟိုမှာဆိုတော့ သားတွေသမီးတွေနဲ့ နီး



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ အသက်ကြီးလာတော့ ကျန်းမာရေးတို့ ဘာတို့အတွက်လဲ စိတ်ချရတာပေါ့''

ကျုပ် သူ့ကို လှည့်ကြည့်လိုက်တယ်။ ကျုပ်မိန်းမဟာ တစ်သက်လုံး ကျုပ်အလိုကို လိုက်ခဲ့တဲ့ မိန်းမ။ အနှစ်လေးဆယ်ကျော် ပေါင်းလာတဲ့ မိန်းမ။

''ရန်ကုန်မှာနေရတာ လွယ်တယ်အောက်မေ့လို့လား။ ငါ့ပင်စင်လခကလေးနဲ့ ဘယ့်နှယ်လုပ်ပြီး သွားစားမှာလဲ၊ ငါကလဲ ဒို့ပြင်ဘာမှလုပ်တတ်ကိုင်တတ်တာ မဟုတ်ဘူး။ လုပ်တတ်ကိုင်တတ်ဦး ဒီအရွယ်ကြီးကျမှ''

''အလျင်တစ်ခေါက် သမီးလာတုန်းက ပြောသွားတယ်၊ တောင်ဥက္ကလာပ သူတို့ရပ်ကွက်ထဲမှာ ဈေးအတော်အသင့်ပေးရင် ခပ်သင့်သင့်အိမ်ကလေး တစ်လုံးတော့ ရပါတယ်တဲ့။ မေမေတို့နဲ့လဲ နီးနီးနေရတာပေါ့တဲ့။ ဒီတော့ ကျွန်မက ညည်းအဖေကို ပြောဆိုတော့၊ ပြောလို့ရမှာ မဟုတ်ပါဘူးတဲ့။ အဲဒါ မေမေပဲ ပြောကြည့်ပြီး အဆင်ပြေရင် ပြောင်းခဲ့ပါလားတဲ့၊ ပြောသွားတယ်''

ကျုပ် တော်တော်စိတ်တိုသွားတယ်၊ ဒါနဲ့ သနပ်ဖက်ဆေးလိပ်ကို ကောက်ဖွာလိုက်တယ်။ ကျုပ် စိတ်တိုလာပြီဆိုရင် ဒီလိုပဲ သနပ်ဖက်ဆေးလိပ်ကို ကောက်ဖွာတာပဲ။

''ပြီးတော့ ရှင့်သမီးကပြောသွားသေးတယ်။ ဖေဖေ့ကို သနားတယ်တဲ့။ တစ်သက်လုံး ဒီမြို့ကလေးမှာပဲ နေပြီး ဒီမြို့က အသိုက်အဝန်းကလေးမှာပဲ ကျင်လည်ရတာကို ကျေနပ်နေတယ်တဲ့။ ရန်ကုန်ရောက်တော့ အတွေးအမြင် ကျယ်တာပေါ့တဲ့''

ကျုပ်မိန်းမဟာ ကျုပ်ကို ဘယ်တော့မှ စကားခွင်းချန်မထားဘူး၊ ကျုပ်ကို အကုန်ပြောတတ်တဲ့ မိန်းမ။ ခု သမီးက ကျုပ်နဲ့ပတ်သက်ပြီး ဝေဖန်သွားတာကိုလည်း ကျုပ်ကို အကုန်ပြောပြန်ပြီ။ သူ့စကားက တောမြို့ကလေးမှာ နေရင်ပဲ ခေတ်နောက်ကျသလိုလို၊ နွားခြေရာကွက်ကလေးကို သမုဒ္ဒရာကြီး ထင်နေသလိုလို။

''ဒီမှာ ဒေါ်ရွှေစား၊ ခင်ဖျားသမီးက ကျောင်းဆရာဖြစ်တာနဲ့ ကျုပ်ကို ကျောင်းဆရာလေသံတွေနဲ့ ပြောသွားတာ၊ မပြောင်းဘူး။ ခင်ဗျားတို့ ရန်ကုန်ကို ကျုပ် ဘယ်တော့မှ မပြောင်းဘူး။ ကျုပ်ဟာ ဒီမြို့မှာ အကူစာရေးလေး ဘဝကတည်းက အလုပ်လုပ်လာတာ၊ ခု ပင်စင်ယူတော့ အရေးပိုင်ရုံးဘီစီ စာရေးကြီး၊ ဒီမြို့မှာ ကျုပ်ကိုနှုတ်ဆက်မယ့်လူတွေ တစ်ပုံကြီး၊ သူတို့အကြောင်းကို ကျုပ်သိသလို ကျုပ်အကြောင်းကိုလည်း သိတဲ့လူတွေချည်းပဲ၊ ခင်ဗျားတို့





ရန်ကုန်ကျတော့ မြို့စွန်ရပ်ကွက်ကလေးမှာ ကျုပ်ကို ဘယ်သူမှလဲ သိမှာ မဟုတ်ဘူး။ ဘယ်ကမှလဲ လူရာသွင်းမှာ မဟုတ်ဘူး။ ဒီတော့ ရန်ကုန်ကို ပြောင်းချင်ရင် မယ်မင်းကြီးမ, ပြောင်းတော်မူပါ။ ကျုပ်တော့ မလိုက်ပါရစေနဲ့''

ကျုပ်တို့ လင်မယားကြားထဲမှာ ပြောရင်း ဆိုရင်းနဲ့ နည်းနည်းလေး တင်းမာလာကြတယ်။ ဒီတော့ ကျုပ်မိန်းမက ခါတိုင်းလို မျက်ရည်ကလေးစက်စက်၊ အသံကလေး တုန်တုန်နဲ့ . . .

''မဟုတ်ပါဘူး။ ကျွန်မက စိတ်ကူးကြည့်တာပါ။ ရှင်မပြောင်းချင်ဘူး ဆိုရင်လဲ အတင်းမပြောင်းခိုင်းပါဘူး။ ကျွန်မအဖို့တော့ ဘယ်မှာနေရ နေရ မထူးပါဘူး၊ ရန်ကုန်မှာနေရင်တော့ သားတွေ သမီးတွေနဲ့ နီးတာတစ်ခုပါပဲ''

ကျုပ်လည်း ဆက်မပြောတော့ပါဘူး။ ကျုပ်အသံနည်းနည်းမာသွားပြီ ဆိုတာသိတော့ သူ စိတ်မကောင်းမှာစိုးတာနဲ့ အသာပဲနေလိုက်တယ်။

*

တစ်လောကတော့ သားကရော၊ သမီးကပါ ရန်ကုန် မပြောင်းချင်နေပါ။ ရန်ကုန် အလည်တစ်ခေါက်လောက်တော့ လာခဲ့ပါလို့ တဖွဖွမှာကြတယ်။ လူကြုံနဲ့လည်း မှာတယ်။ စာနဲ့လည်း လှမ်းမှာတယ်။ ဒါပေမဲ့ ခက်တာက ရန်ကုန်သွားတယ်ဆိုတာ စရိတ်စကကလေးရှိရုံနဲ့ ဖြစ်တာမဟုတ်ဘူး။ ဟိုကျ ရင် ဟိုသွားချင်၊ ဒီသွားချင်၊ ဟိုဘုရားဖူး၊ ဒီဘုရားဖူး။ အပြန်ကျရင် ဟိုပစ္စည်းကလေး ဝယ်ချင်၊ ဒီပစ္စည်းကလေး ဝယ်ချင်နဲ့ ပိုက်ဆံက ကုန်ဦးမှာ။ ဒီတော့ ပိုက်ဆံကုန်တယ်၊ ကျုပ် မသွားချင်ဘူး။ ပြီးတော့ အဘွားကြီးကလည်း မနှစ်ကမှ ရန်ကုန်ကပြန်လာတာ။ သူ့သားတွေ၊ သမီးတွေ၊ မြေးတွေကို တွေ့ခဲ့ရပြီးပြီ။ ဒါကြောင့်မို့ သိပ်မသွားချင်ဘူး။ ကျုပ်က စရိတ်စကအားလုံးကို တွက်ပြတော့ အဘွားကြီးက ''ကျွန်မကတော့ မနှစ်က ရောက်ပြီးပြီပဲ။ ကိစ္စမရှိပါဘူး။ ရှင်သာ သွားပါ။ သားတွေ သမီးတွေကရော၊ မြေးတွေကရော တွေ့ချင်နေကြတာ'' လို့ ပြောတယ်။

''တွေ့ချင် ငါ့ဆီလာပါလားကွ၊ ငါက ဘာဖြစ်လို့ သွားရမှာလဲ'' လို့ ကျုပ်က စိတ်တိုတိုနဲ့ ပြောလိုက်တယ်။

''ဩော်၊ သူတို့က လာရင်လဲ ကလေးတွေကိုခေါ်ပြီး တစ်[illegible]လုံး လာမှ သမီးကကျောင်းနဲ့။ ကလေးတွေက ကျောင်းပိတ်လို့ အ[illegible]ရင်ထဲ မောင်ကျော်ဆွေက လိုက်မပို့နိုင်၊ လိုက်ပို့နိုင်အောင် အားတယ်[illegible] တစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထောင်လုံး လာရမယ်ဆိုတော့ တာဝန်က ကြီးတယ်မဟုတ်လား။ ရှင့်သားကြီးဝင်းကျော့လဲ အလုပ်က အားတယ်လို့ကို မရှိဘူး။ အိုဗာတိုင်ဆင်းရတာနဲ့ နယ်ထွက်ရတာနဲ့ ကျွန်မဖြင့် သူ့အိမ်မှာ တစ်ပတ်လောက်သာ တည်းခဲ့ရတယ်။ သူနဲ့ကောင်းကောင်းကို စကားပြောချိန်မရခဲ့ဘူး။ ရှင်သွားချင်ရင်တော့ တစ်ယောက်တည်းဆိုတော့ စရိတ်လဲ အကုန်သက်သာတယ်၊ ရှင်လဲ ရန်ကုန်မရောက်တာ ကြာလှပြီ။ ကြာဆို အနှစ်နှစ်ဆယ်လောက်တောင် ရှိရော့မယ်''

ဟုတ်တော့ဟုတ်တယ်။ သားနဲ့သမီး အိမ်ထောင်ကျပြီးမှ ရန်ကုန်ကို တစ်ခေါက်မှ မရောက်ဖူးသေးဘူး။ သူတို့နှစ်ယောက်စလုံး လက်ထပ်တော့လည်း ကျုပ်တို့ဆီမှာပဲ လက်ထပ်တာ။ လက်ထပ်ပြီး သားဦးကလေးတွေ ရကြတော့လည်း သူတို့ပဲ သီတင်းကျွတ်မှာ ကန်တော့ဖို့ ရောက်လာကြတာ။ ကျုပ်ကတော့ မရောက်ဖြစ်ဘူး။ မနှစ်ကတော့ သူတို့အမေကြီး ရောက်သွားတယ်။ ကျုပ် မလိုက်ဘူး။ နွေဆိုတော့ ကျုပ်တို့အညာမြို့မှာ မီးထင်းကိစ္စကလည်း ရှိလေတော့ ကျုပ် အိမ်စောင့်ကျန်ရစ်တယ်။

အမယ်ကြီးပြန်လာတော့ ရန်ကုန်က တောင်ဥက္ကလာ (၁၀)ရပ်ကွက်ဈေးမှာ အထည်တွေ ပေါတဲ့အကြောင်း၊ ဗိုလ်ချုပ်ဈေးသစ်နဲ့ ဈေးဟောင်းမှာ နိုင်ငံခြားပစ္စည်းတွေ ဘယ်လောက်ပေါတဲ့အကြောင်း၊ ကုန်တိုက် ၁ နဲ့ ကုန်တိုက် ၂ မှာ ဘာပစ္စည်းတွေကို ဘယ်လို တန်းစီရတဲ့အကြောင်း၊ သားဖြစ်တဲ့ ဝင်းရဲ့အိမ်က ပါရမီရပ်ကွက်ထဲမှာ ဘယ်လောက်ခေတ်မီတဲ့အိမ်ဖြစ်ကြောင်း၊ ညညဆိုရင် တယ်လီဗေးရှင်း ကြည့်ရတဲ့အကြောင်း၊ မျက်လှည့်ဆရာရဲ့ အိတ်ထဲက ထွက်လာသလို အိမ်က ရေခဲသေတ္တာထဲက စားစရာပစ္စည်းတွေ အကုန်ထွက်လာတဲ့အကြောင်း၊ မနက်တိုင်းကျရင် သားက သူ့မိန်းမကို ဈေးကိုလိုက်ပို့ရတဲ့အကြောင်း၊ သူတို့ဝယ်တဲ့ဈေးက ပုံမှန်မဟုတ်ဘဲ ဒီနေ့မှာ သံဈေး၊ နောက်တစ်နေ့မှာ မြေနီကုန်း ဦးဝိစာရဈေး၊ နောက်တစ်နေ့မှာ လှည်းတန်းဈေးစသည်ဖြင့် ဈေးမျိုးစုံကို နေ့တိုင်း အပြောင်းအလဲနဲ့ ဝယ်တဲ့အကြောင်း၊ ဈေးကိုလာတဲ့ ကားကြီးကားငယ်တွေက ဘယ်လောက်ကောင်းကြောင်း၊ တောက်ပခံ့ညားတဲ့အကြောင်း၊ ကားကြီးပေါ်က ဆင်းလာတဲ့ ဈေးဝယ်မိန်းမတွေကလည်း ဘယ်လိုဝတ်စားထားတဲ့အကြောင်း၊ သုံးလေးရက်စာဝယ်ပြီး ရေခဲသေတ္တာထဲမှာ ထည့်ထားတဲ့အကြောင်း၊ ရေခဲသေတ္တာထဲမှာ စပါးကလင်းတို့၊ လီမွန်ဘာလီတို့ စတဲ့ပုလင်းတွေ အမြဲရှိတဲ့အကြောင်း အို ... စုံလို့ပါပဲ။





ဒါကြောင့် ရန်ကုန်ကို တစ်ခေါက်တလေ သွားပါလို့ ကျုပ်ကို တိုက်တွန်းနေတယ်။

*

မသွားချင်ဘူးလို့ အစကတည်းက ကျုပ် အတန်တန် ငြင်းတယ်။ နောက်တော့ အမေကြီးက တိုက်တွန်းလွန်းတာက တစ်ကြောင်း၊ သားနဲ့သမီးက စာရေးပြီး အတန်တန် ခေါ်ကြလို့ တစ်ကြောင်း ရန်ကုန်ကို ကျုပ် ဆင်းလာခဲ့တယ်။ ကျုပ်တို့မြို့ကလေးမှာဆိုတော့ ကျုပ်လည်း ပင်စင်စား အရေးပိုင်ရုံး စာရေးကြီးပဲ။ မီးရထားလက်မှတ်ဝယ်ရတာ လွယ်ပါတယ်။ ဘူတာရုံပိုင်ကလေးကရော၊ လက်မှတ်ရောင်းစာရေးကလေးတွေကရော၊ လူချင်းလည်း ခင်မင်ရင်းနှီးနေကြတော့ လက်မှတ် လွယ်လွယ်နဲ့ရပါတယ်။ ခုံနံပါတ်တို့ ဘာတို့လဲ နေရာကောင်းကောင်း ရပါတယ်။

အဲ ... ရန်ကုန်ဘူတာကြီးရောက်တော့ ကျုပ် ဒုက္ခရောက်တာပါပဲ။ ဘယ်သူမှ လာကြိုမယ့်သူမရှိဘူး။ တောင်ဥက္ကလာပမှာ နေတဲ့ သမီးနဲ့သမက်ကလည်း လာမကြိုဘူး။ ပါရမီမှာနေတဲ့ သားနဲ့ချွေးမကလည်း လာမကြိုဘူး။ ကျုပ်ဘာသာကျုပ် တက္ကစီငှားပြီး သွားရမယ့်ပုံပေါ်နေတယ်။ ဒီလိုနဲ့ မီးရထားဘူတာရုံထဲမှာ ယောင်လည်လည်ဖြစ်နေတုန်း ကျုပ်လက်ကို တစ်ယောက်က လှမ်းဆွဲလို့ ကြည့်လိုက်တော့ ကျုပ်မြေးအကြီးဆုံး ကျော်ကျော်ရယ်၊ သားက မွေးတဲ့ မြေးအကြီးဆုံးလေ။ ဆယ်တန်းဖြေထားတဲ့ ကျောင်းသားလေ။

''ဘိုးဘိုးလာ၊ သားတို့မှာ ကားပါတယ်။ ဒယ်ဒီက ဒီနေ့မနက် အစည်းအဝေးရှိလို့ လာမကြိုနိုင်တော့ဘူး။ မာမီကလဲ မနေ့ညက ညီမလေးရဲ့ ဘတ်ဒေးညမို့ အိပ်ရေးပျက်ပြီး ပင်ပန်းလို့တဲ့။ တောင်ဥက္ကလာက လေးလေးမြင့်တို့လဲ မအားဘူး ဘိုးဘိုးရဲ့၊ စာမေးပွဲအဖြေတွေ ခြစ်နေရလို့ မနက်အစောကြီး သွားသွားနေရတယ်။ ဦးလေးကလဲ နယ်ထွက်သွားလို့တဲ့။ ဒါကြောင့် သားလာကြိုတာ''

ဒါနဲ့ ကျုပ်လည်း သူတို့နဲ့အတူ ဘူတာကြီးအပြင်ကို လိုက်လာခဲ့တယ်။ ဘူတာအပြင်ဘက်ရောက်တော့ အိုးတူးသောင်ဇင်ကား အပြာရယ်၊ မြေးတွေကတော့ ကျုပ်ကို ရိုရိုသေသေပါပဲ။ သူက ကျုပ်အထုပ်အပိုးတွေ သွင်းပြီး နောက်ကတက်၊ ကျုပ်ကို ရှေ့ခန်းပို့တယ်။

မော်တော်ကားက ဗဟန်းဘက်ကို ဖြတ်၊ ဂွတ္တာလစ်ကို ကျော်ပြီး ကမ္ဘာအေး



www.burmeseclassic.com

www.burmeseclassic.com



လမ်းအတိုင်း ဆက်မောင်းလာတော့ ပါရမီမှာရှိတဲ့ သူတို့အိမ်ကို ဆက်မောင်းလာတာပဲဆိုတာ ကျွန်ုပ် သိလိုက်တယ်။ ကျွန်ုပ်လည်း အပြောင်းလဲကြီးပြောင်းလဲနေတဲ့ ရန်ကုန်မြို့ကြီးကို ငေးကြည့်လိုက်တယ်။ ကျွန်ုပ်သားဝေဝင်းမှာ ကိုယ်ပိုင်ကားကိုရိုလာတစ်စီး ရှိတယ်။ ကားဘာဖြစ်လို့လဲ မသိဘူး။ ကျွန်ုပ်ကို ရုံးကားနဲ့လာကြိုတော့ စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်။

သူတို့ဆီကို လိုက်သာလာရတယ် ကျွန်ုပ် သိပ်တည်းချင်တာ မဟုတ်ဘူး။ များသောအားဖြင့် မိဘဆိုတာ အိမ်ထောင်ခွဲသားသမီးတွေဆီမှာ နေရင် တည်းခိုရင် သမီးဆီမှာပဲ နေချင်ကြတယ်။ ကိုယ့်သမီးဆိုတော့ နေရေးထိုင်ရေး သိပ်အားမနာရဘူး။ သမက်ဆိုတာမျိုးကလည်း ယောကျ်ားသားဆိုတော့ တော်တော်တန်တန် ကိစ္စမျိုးကို ဝင်ပြောတတ်တာမဟုတ်ဘူး။ ပြောချိန်လည်း မရဘူး။ မနက်လင်း ရုံးသွား၊ အလုပ်သွားတော့ အိမ်မှာ ရှိတတ်ကြတာမဟုတ်ဘူး။ ဒီတော့ သမီးဆီမှာ တည်းရတာ လွတ်လပ်တယ်။ အဆင်ပြေတယ်။

သားယောကျ်ားလေးဆီ တည်းရတာမျိုးကျတော့ အိမ်မှာ ချွေးမရှိတယ်။ ချွေးမဆိုတာ အပေါက်အစများတတ်တယ်။ ဒါကြောင့်မို့ ဘယ်မိဘဖြစ်ဖြစ်၊ အိမ်ထောင်ခွဲ သားတွေသမီးတွေဆီကို သွားရင် သမီးနဲ့ပဲ အနေများကြတယ်။ ခု ကျွန်ုပ်လည်း ဒီအတိုင်းပဲ။ အိမ်ထောင်ခွဲ သမီးဆီကို တည်းမလို့ စိတ်ကူးတယ်။ သမီးဆီကိုရော၊ သားဆီကိုရော စာရေးအကြောင်းကြားထားပြီးသား။ သမီးဆီမှာပဲ တည်းမယ်လို့ စာထဲမှာ အတိအလင်း ထည့်ရေးလိုက်တယ်။ ခုတော့ ကျွန်ုပ်ကို သမီးဆီမပို့ဘဲ သားဆီကို ခေါ်သွားနေပြီ။ ဘာဖြစ်လို့များငါ့ကို ဝေဝင်းအိမ် အတည်းဆိုင်းရတာလဲလို့ ကျွန်ုပ်စိတ်ထဲမှာ တွေးလိုက်လာတယ်။ သူတို့ ကျွန်ုပ်စာကို ရတော့ သူတို့မောင်နှမနှစ်ယောက် တိုင်ပင်ပုံရတယ်။ သမီးက စာမေးပွဲအဖြေလွှာတွေ စစ်ရတော့ အိမ်မှာ ချက်ပြုတ်ချိန်ရဟန်မတူဘူး။ ပြီးတော့ သူက ဝေဝင်းလောက် ချောင်ချောင်လည်လည်လည်း မရှိဘူး။ အိမ်မှာ သမက်ကလည်း နယ်ထွက်နေတယ်ဆိုတော့ ကလေးတွေနဲ့ ကျွန်ုပ်ချည်းပဲ ဖြစ်နေမယ်။ ဒါကြောင့် ဝေဝင်းအိမ်ကို ပို့တာပဲလို့ ကျွန်ုပ်ဘာသာကျွန်ုပ် စဉ်းစားနေတယ်။ အေးလေ ဘာပဲဖြစ်ဖြစ် ခဏတစ်ဖြုတ်နေတာပဲဟာ။ သိပ်တော့ အရေးမကြီးလှပါဘူးလို့ ကျွန်ုပ်စိတ်ထဲမှာ အောက်မေ့လိုက်တယ်။

သားဝေဝင်းကတော့ သမီးမြင့်မြင့်တို့ထက် ချောင်လည်တယ်။ သူကလည်း အရာရှိကြီး။ မိန်းမကလည်း အရာရှိကြီးတစ်ဦးရဲ့သမီး၊ သူကိုယ်တိုင်ကလည်း အရာရှိမ၊ သူတို့နေတဲ့ ရပ်ကွက်ကလည်း ပါရမီဆိုတော့ ကိုယ့်ဝင်း





ကိုယ့်ခြံနဲ့။ သီးသီးသန့်သန့်နေရတဲ့ နေရာတွေ။ ဒါပေမဲ့ ခက်တာက ကျွန်ုပ်က သူတို့အိမ်မှာ သိပ်မတည်းချင်ဘူး။ သီးသန့် အိမ်တစ်လုံးနဲ့နေတာတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ သူ့ယောက္ခမ အရာရှိရဲ့ခြံဝင်းစုထဲမှာ နေရတာ။ ဒီတော့ သူ့ဘာသာသူ မျက်နှာငယ်ခံနိုင်လို့၊ ဒါမှမဟုတ် မယားရှိလို့ လိုက်နေနိုင်ပေမဲ့ ကျွန်ုပ်က အခြောက်တိုက်ဝင်ပြီး မျက်နှာငယ်မခံနိုင်ဘူး။ ရှင်းရှင်းပြောရရင် သူက ရန်ကုန်က အရာရှိကြီး။ ကျွန်ုပ်က တောက ပင်စင်ယူထားတဲ့ တောစာရေးကလေး။ ဒီတော့ ကျွန်ုပ်မှာ အလိုလို သိမ်ငယ်စိတ်ဝင်နေတယ်။ ကျွန်ုပ်တို့ မြို့ကလေးက ကျွန်ုပ်အိမ်မှာ ကျွန်ုပ်ဘုရင်။ ဒီမှာက ခမည်းခမက် အိမ်မှာ သွားတည်းရမှာ။ ဒီတော့ ကျွန်ုပ် မျက်နှာငယ်တယ်။ ဂူတစ်ဂူထဲမှာ ခြင်္သေ့နှစ်ကောင် မအောင်းနိုင်ဘူး။

ဒါပေမဲ့ သူတို့စီစဉ်ထားတော့ ကိုယ်က ဘာမှမပြောသာဘူးလေ။ ပါရမီက သူတို့အိမ်ကိုရောက်တော့ ချွေးမလုပ်တဲ့သူကလည်း ဝမ်းသာအားရ ဆီးကြိုရှာပါတယ်။ ပါးစပ်က လိုလေသေးမရှိသလောက်ပါပဲ။ သူတို့ရဲ့ ကိုရိုလာ ကိုယ်ပိုင်ကားကလေးကတော့ ကားရုံထဲမှာရှိတယ်။ ချွေးမလုပ်တဲ့လူ ရုံးသွားတော့ သားအကြီးဆုံးကောင်က အဲဒီကိုရိုလာနဲ့ မောင်းပို့တာကို ကျွန်ုပ် သတိထားလိုက်မိတယ်။ အိမ်က ကိုရိုလာကားနဲ့မကြိုဘဲ ရုံးကားနဲ့ကြိုတယ်ဆိုတာ ထင်ရှားသွားတယ်။ ထားပါ။ ဒါကအကြောင်းမဟုတ်ပါဘူး။ ကျွန်ုပ် တောက စာရေးပဲ။ ကျွန်ုပ်တို့မြို့မှာ အလုပ်လုပ်တုန်းက ရုံးကားတောင်စီးနိုင်တဲ့အဆင့် မဟုတ်သေးဘူး။ စက်ဘီးနဲ့ရုံးတက်ရတာ။ ဒါပေမဲ့ ကျွန်ုပ်စိတ်ထဲမှာ အောင့်သွားတာ တစ်ခုရှိတယ်။ ကျွန်ုပ်ကို သူတို့နောက်ဖေးက မော်တော်ကားရုံအပေါ်ထပ်မှာ နေရာပေးတယ်။ 'မြေးအကြီးကောင် ကျော်ကျော်နဲ့ အိမ်ရာချင်းယှဉ်လို့ "ဖေဖေ လွတ်လွတ်လပ်လပ် နေရအောင် ကျော်ကျော်တို့အဆောင်မှာ အိပ်ရာ ပြင်ထားတယ်"တဲ့။ ချွေးမက ပြောတယ်၊ ရပါတယ်။ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ စိတ်ထဲမှာ နည်းနည်းတော့ အောင့်တာပေါ့ဗျာ။

ညနေ သား ရုံးက ပြန်လာတော့လည်း သားဝေဝင်းက ဖော်ဖော်ရွေရွေပါပဲ။ ဒါပေမဲ့ ဒီကောင်မှာ တစ်ခုထူးခြားနေတာက ဒီကောင့်မှာ ညည်းတတ်တဲ့ အကျင့်ပါနေတဲ့ကိစ္စပဲ။ ငယ်ငယ်တုန်းက ဒီကောင်ဟာ ဘယ်တော့မှ ညည်းတဲ့ညူတတ်တဲ့ကောင် မဟုတ်ဘူး။ ခု ကြီးလို့ အရာရှိကြီးဖြစ်မှ ညည်းတတ်လာဟန်တူတယ်။ ရုံးကပြန်ရောက်တာနဲ့ ရုံးမှာ ဘယ်လောက်အလုပ်များတဲ့အကြောင်း၊ အစည်းအဝေးတွေ ဘယ်လိုထိုင်ရတဲ့အကြောင်း၊ တချို့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေကို မမီမှာစိုးတဲ့အတွက် အိုဗာတိုင်လုပ်ရတဲ့အကြောင်း၊ ဘယ်သူ့တွေကို ဘယ်လိုကူညီရကြောင်း ဘာညာစသဖြင့် ဒီကောင်ဟာ အမြဲတမ်း ညည်းနေတာပဲ။ သူ့မျက်နှာကို ကြည့်ရတာကလည်း တော်တော်လေးကို ပင်ပန်းနေတဲ့ပုံစံမျိုး။ ဟုတ်တော့လည်း ဟုတ်မှာပါလေ။ တစ်ခါတလေများဆိုရင် ည ရှစ်နာရီ ကိုးနာရီလောက်မှ ပြန်ပြန်လာတတ်တယ်။

ကျုပ်လည်း ကြာတော့ ဒီကောင် ညည်းတာနဲ့ နားပူလာတယ်။ ဒါပေမဲ့ ထားတော့၊ ဒါက ဒီလောက်မဟုတ်သေးဘူး။ နည်းနည်းတော့ အနေရကျပ်တာပေါ့လေ။ ပိုပြီးဆိုးတာက ဒီကောင်ဟာ မိန်းမကြောက်ရတဲ့ ပုံပေါ်တယ်လို့ ကျုပ်စိတ်ထဲမှာ ထင်လိုက်မိတယ်။ ဘာဖြစ်လို့မှန်း မသိဘူး။ မိန်းမကြောက်ရတဲ့လူမျိုးဆိုရင် ယောကျ်ားအချင်းချင်း ချက်ချင်းသိလိုက်ကြတယ်။ ပကတိ ဉာဏ်အရသိတယ်လို့ ဆိုရမလားမသိဘူး။ ကျုပ်ကလည်း မိန်းမကြောက်တဲ့လူဆိုရင် အလွန်မုန်း။ ဘယ့်နှယ်ဗျာ ကိုယ်ကလည်း ရှာဖွေကျွေးမွေးရသေးတယ်၊ သားမှတ်မှတ် မယားမှတ်မှတ် ထိုက်တန်တဲ့နေရာကိုလည်း ပေးသေးတယ်။ ဒီကြားထဲမှာ မိန်းမဩဇာကို ဒီလောက်နာခံရတဲ့လူဆိုရင် ကျုပ် တကယ့်ကို အထင်သေးတယ်။

ခု ကျုပ်သား ဝေဝင်းကို ကြည့်ရတာ အဲဒီမယားကြောက် လူတန်းစားထဲကဖြစ်နေတယ်လို့ ကျုပ် အကဲခတ်လိုက်မိတယ်။ သူတို့အိမ်ကို တည်းလို့သာနေရတယ်။ စိတ်ထဲမှာတော့ နည်းနည်း အကုသိုလ်ဖြစ်ချင်လာတယ်။ အပေါင်းအသင်းတွေ အလည်လာရင် သူ့မိန်းမက ယောကျ်ားတွေဝိုင်းထဲဝင်ပြီး သူချည်း စကားပြောတော့တာပဲ၊ စကားဝိုင်းသာ ဆုံးသွားရော ဝေဝင်းပြောဖို့ အချိန်မရလိုက်ဘူး။ ပြီးတော့ အိမ်တစ်အိမ်လုံးလည်း သူ့ဩဇာချည်းပဲ။

ရောက်ပြီး နောက်တစ်နေ့တော့ ပြဿနာတစ်ခုဖြစ်တယ်။

ပြဿနာက ရေချိုးရာကစတာ။ ပြောခဲ့တဲ့အတိုင်း ကျုပ်က အပြင်ဘက်က ကားရုံပေါ်က ထပ်ခိုးလေးထဲမှာ တည်းရတာ။ အဲ . . . ထမင်းစားတော့မှသာ သူတို့တိုက်ထဲက ထမင်းစားခန်းကို သွားရတာ။ တစ်နေ့တော့ ကျုပ်က ကားရုံအပြင်ဘက်မှာရှိတဲ့ အုတ်ကန်ကလေးမှာ ရေချိုးတယ်။

တိုက်ထဲက ကြွေပြားတွေ ကပ်ထားတဲ့ ပြောင်လက်နေတဲ့ ရေချိုးခန်းထဲမှာ မဟုတ်ဘူးနော်။ ဒီလိုရေချိုးနေတုန်း "ဘဘကြီး ထမင်းသုံးဆောင်ရအောင်" လို့ အိမ်ဖော်ကောင်မလေးက လှမ်းခေါ်တာနဲ့ ကျုပ်လည်း အင်္ကျီကလေး ကပျာကယာ ကောက်စွပ်ပြီး ဝင်သွားတယ်။ ရေတောင် စင်အောင်မသုတ်နိုင်





ခဲ့ဘူး။ သူတို့ခေါ်တဲ့ အချိန်မှာ စားမှကောင်းမှာကိုး။ ဒီတင် ကျုပ်က ခြေထောက်ရေစိုနဲ့ သူတို့ထမင်းစားခန်းထဲက ပေါ်လစ်သုတ်ထားတဲ့ ပါကေးကြမ်းပြင်ပေါ်ကို တက်လာခဲ့မိတယ်။ အမှန်ကတော့ ကျုပ်အမှားပါလေ။ တကယ်ဆို ခြေထောက်က ရေစင်အောင်သုတ်ပြီးမှ တက်ပေါ့။ ခုတော့ သူတို့စောင့်နေရမှာစိုးလို့ ခြေမသုတ်နိုင်ခဲ့ဘဲ ဖိနပ်ကလေးကို ချွတ်ပြီး ပါကေးကြမ်းပြင်ပေါ်ကို နင်းလာခဲ့မိတယ်။ ကြည့်လိုက်တော့ ခြေထောက်က ရေတွေမစင်တာနဲ့ ကြမ်းပြင်ပေါ်မှာ ခြေရာအကွက်ကလေးတွေ နည်းနည်းထင်သွားတယ်။ ထမင်းစားပြီးလို့ ထွက်လာတော့မှ ဒီခြေရာကွက်ကို မြင်လိုက်တာပါ။

ညနေထမင်းစားချိန်လည်းရောက်လို့ ကျုပ်လည်း ထမင်းစားရော၊ သူ့မိန်းမက အိမ်ဖော်မလေးကို ဆူနေသံကြားရတော့တာပဲ။ အဲဒီတုန်းက ဝေဝင်းကလည်း အိမ်ရှေ့မှာ သတင်းစာဖတ်နေတယ်။

ဆူတာကတော့ ကောင်မလေးကို ဆူတဲ့ပုံပေါ့လေ။ နင်တို့ အိမ်မှာနေလာတာ ဘယ်လောက်ကြာပြီလဲ၊ ပေါ်လစ်သုတ်ထားတဲ့ ကြမ်းပြင်ပေါ်ကို ရေစိုနေတဲ့ ခြေထောက်ကြီးနဲ့ မတက်ရဘူးဆိုတာ မသိဘူးလား။ အပေါက်ဝမှာ ခြေသုတ်ခုံ လုပ်ပေးထားပါလျက်နဲ့ ဘာဖြစ်လို့ ခြေမသုတ်ခဲ့ရတာလဲ။ နင်တို့တောမှာ နေချင်တိုင်းနေလို့ရပေမဲ့ မြို့ရောက်ရင် မြို့စည်းကမ်းနဲ့ နေရတယ်၊ ဘာဖြစ်တယ်နဲ့ ဆူနေလိုက်တာများ ကောင်မလေးကတော့ ဘာမှ ပြောသံမကြားရဘူးဗျ၊ ကျုပ်မှာ ထမင်းစားလို့သာ စားနေတယ်။ ဘယ်ကနေ ဘယ်လို မျိုလိုက်မှန်းတောင် မသိဘူး။

အမှန်ကတော့ ကျုပ်ကြောင့်ဖြစ်တယ်ဆိုတာ ကျုပ်ချွေးမ သိတယ်ဗျ။ ကောင်မလေးက ပြောပြီးလောက်ပြီ။ ဒီခြေရာမြင်တော့ ဘာညာနဲ့ဆူပြီးသားဖြစ်မှာပဲ။ ဒီတော့ ကောင်မလေးကလည်း သူ့ကြောင့်မဟုတ်ဘူး၊ ကျုပ်ကြောင့်လို့ ပြောပြီးမှာပဲ။ ခု ကျုပ်ထမင်းစားနေတုန်းမှာ ကောင်မလေးကို တမင်သက်သက် ဆူပြတာကတော့ ကျုပ်ကို စောင်းချင်မြောင်းချင်လို့ ကောင်မလေးကို သက်သက်ဆူပြတာ။ ဝေဝင်းလည်း ဒီအကြောင်းကို သိပြီးသား ဖြစ်မှာပေါ့။ ဒါပေမဲ့ သူ့မိန်းမ စောင်းမြောင်းနေတာကို ဘာမှမပြောဘူး၊ မျက်နှာတော့ သိပ်မကောင်းလှဘူး။

ကျုပ် အဲဒီည အိပ်လို့မပျော်ဘူး။ စိတ်ထဲမှာ မခံချင်ဖြစ်နေတယ်။ အသက်လည်း ကြီးပြီ။ ဒေါသဖြစ်ရတာ မကောင်းဘူးလေ၊ အကုသိုလ်များသွားတယ်။ ဒါနဲ့ စိတ်ပုတီးကို အကြာကြီးစိပ်နေရတယ်။ ဒီလောက် မိန်းမကြောက်



www.burmeseclassic.com

www.burmeseclassic.com



ရသလား။ ကျုပ်ဆွေမျိုးလာနေတုန်းမှာ ကျုပ်မိန်းမကသာ ဒီလို စောင်းမြောင်းနေရင် ဘယ်ရမလဲ။ ချက်ချင်းကို ထပြီး ရန်ဖြစ်ကြမှာလို့ တွေးမိရင်း အလိုလို အကုသိုလ်များနေတယ်။

ဒီအိမ်မှာလည်း ကြာကြာမနေချင်တော့ဘူး။ သမီးအိမ်ကို ပြောင်းမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ ဝင်းစိတ်မကောင်းမှာစိုးလို့ ချက်ချင်းတော့ ပြောင်းလို့ မကောင်းသေးဘူး။ တစ်ရက်တန်သည် နှစ်ရက်တန်သည် နေပြီးတော့မှ ပြောင်းတော့မယ်လို့ စိတ်ကူးတယ်။

ဒါနဲ့ နောက်တစ်ရက် နှစ်ရက်လောက်ရှိတော့ တောင်ဥက္ကလာက မြင့်မြင့်တို့ဆီ ပြောင်းနေဦးမှပဲကွာ၊ တော်တော်ကြာ သမီးစိတ်မကောင်းဖြစ်နေလိမ့်မယ်လို့ ကျုပ်က ပြောတယ်။ ဝင်းက ပြောင်းချင်ရင်ပြောင်းတာပေါ့တဲ့။ ဒါပေမဲ့ သူတို့အိမ်ကတော့ နည်းနည်းကျဉ်းတယ်တဲ့။ ဘုစုခရုတွေကလည်း များတယ်တဲ့။ ဖေဖေနေရတာ ချောင်ချောင်ချိချိရှိမှာ မဟုတ်ဘူးတဲ့။ ကျွန်တော့်ဆီမှာဆိုရင်တော့ ဖေဖေ လွတ်လွတ်လပ်လပ် နေလို့ရတာပေါ့တဲ့။ ကျုပ်ကလည်း ဘယ်တတ်နိုင်မလဲကွာ၊ ရန်ကုန်ဆိုတာကတော့ ဒီတိုင်းပဲပေါ့။ သူတို့အိမ်မှာ မတည်းလို့တော့ မကောင်းဘူး။ ခဏတော့ သွားနေလိုက်ဦးမယ်လို့ ပြောတယ်။ နောက်ဆုံးတော့ ဝင်းက ဖေဖေ့သဘောပဲလေ။ ကျွန်တော့်အိမ်မှာတော့ ဘာမှ အားနာစရာမရှိဘူးနော် ဖေဖေတဲ့။

သူ့အိမ်က ကျယ်တယ်ဆိုတာတော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့ သူ့မိန်းမ၊ အဲ . . . ကျုပ်ချွေးမ ဆိုပါတော့ဗျာ။ ချွေးမက သားကို သြဇာပေးတာ၊ သားက မယားကြောက်ရတာကို မကြည့်ချင်ဘူးဗျာ၊ အ,ကုသိုလ်များတယ်။ ဒါကြောင့် ဖွတ်အတင်း ပြောင်းလာခဲ့တယ်။

ပြောင်းတဲ့နေ့ကျတော့ ဝင်း သူကိုယ်တိုင် ကိုရှိလာကားကို မောင်းပြီး ပို့ပေးတယ်။ တောင်ဥက္ကလာကို မသွားခင် ဖေဖေလည်း ဘယ်ကိုမှ ကောင်းကောင်းမရောက်ရသေးဘူး။ ဘုရားကို ကျွန်တော် လိုက်ပို့ဦးမယ် ဆိုပြီး ရွှေတိဂုံကို လိုက်ပို့တယ်။ ရွှေတိဂုံမှာ ကျုပ်တို့သားအဖ ရင်ပြင်တော်တက်ဖူးပြီး နည်းနည်းမောတာနဲ့ အနောက်ဘက် ရင်ပြင်တော်ပေါ်က ဇရပ်တစ်ဆောင်မှာ ထိုင်ပြီး အမောဖြေတယ်။

အမောဖြေနေတုန်းမှာ ကျုပ်သား ဝင်းက အိတ်ထဲက ဂျွ ကျပ်တန်လေးရွက်ထုတ်ပြီး ကန်တော့တယ်ဗျ။

ကျုပ် တော်တော် စိတ်ဆိုးသွားတယ်ဗျား ကြည့်စမ်းပါဦးဗျာ။ ကန်တော့ချင်ရင် အိမ်မှာတုန်းက သားနဲ့မယားနဲ့အတူ ကန်တော့ပါလား။ ခုတော့ အိုး





ရှိ အိမ်မရှိ ခြေသလုံးအိမ်တိုင်လို ဘုရားရင်ပြင်တော်ပေါ်က ဇရပ်ရောက်မှ ထိုင်ကန်တော့တယ်။ ကျုပ်စိတ်ထဲမှာ ရှတ်တရက် ဆုပေးလို့မရဘူး။ ဒီကောင့်ကို သနားရမလား စိတ်ဆိုးရမလားလို့ ဝေခွဲလို့ မရဘူး။ ဒီလောက်တောင် နိုးခကြောက်ရသလားဆိုပြီး ကျုပ် ပြောပစ်လိုက်ချင်တယ်။ ဒါပေမဲ့ မပြောချင်ဘူး။ နောက်တော့မှ ကျုပ်စိတ်ကို မနည်းကြီး ထိန်းပြီး သူ့ကို ဆုပေးရတယ်။

*

ကျုပ်သမီး မြင့်မြင့်နေတဲ့ တောင်ဥက္ကလာအိမ်က ခပ်ကျဉ်းကျဉ်းကလေးရယ်ဗျ။ ဆလေးဆယ်၊ ပေခြောက်ဆယ်လောက်ရှိတဲ့ မြေကလေးပေါ်မှာ သုံးပင်နှစ်ခန်း ရှည်ခင်းပျဉ်ကာ၊ သွပ်မိုးနဲ့အိမ်ကလေး။ မွန်အိမ်ကလေး ဆိုပါတော့။ အပေါ် ထပ်မှာ ထပ်ခိုးကလေးနဲ့။ ကျုပ်သမီးလင်မယားက အောက်ထပ်က တစ်ခု တည်းသော အိပ်ခန်းကလေးထဲမှာ အိပ်ကြတယ်။ ကျောင်းလာနေတဲ့ ယောက်ျားဘက်က တူမလေးတွေနဲ့ ကလေးတွေက အပေါ်ထပ် ထပ်ခိုးကလေးမှာ အိပ်ကြတယ်။ မနက်လင်းရင် သမက်ဖြစ်တဲ့သူက ရုံးသွားပြီး သမီးဖြစ်တဲ့ မြင့်မြင့်က စာမေးပွဲအဖြေလွှာတွေ သွားပြီးခြစ်ရတယ်။

ကိုယ်ပိုင်ကားတို့ ဘာတို့မရှိတော့ နှစ်ယောက်စလုံး မနက်စောစောပဲ ထွက်ကြရတယ်။ ပြန်လာတော့လည်း မိုးတော်တော် ချုပ်နေပြီ။ မနက်ရုံးသွား ကျောင်းသွားရင်လည်း သူတို့မှာ ရှိတာကလေးချက်။ ထမင်းဘူးထဲထည့်ပြီး သုတ်သီးသုတ်ပျာ သွားရတယ်။ ညနေကျတော့လည်း ဖြစ်သလိုချက်စားလိုက်ကြတယ်။

တစ်ခါတလေ သမက်လုပ်တဲ့လူက မြို့ထဲကအပြန်မှာ ဈေးဝယ်လာတယ်။ မနက်တို့ဘာတို့ ဈေးသွားရင်လည်း သမက်ကိုယ်တိုင် ဈေးသွားတယ်။ ကျုပ်မျက်စိထဲမှာတော့ တစ်မျိုးဖြစ်နေတာပေါ့ဗျာ။ ယောက်ျားတန်မဲ့ မနက်လင်းရင် လေးထောင့်အိတ်ကလေးကိုင်ပြီး ဈေးဝယ်ထွက်ရတာ သိပ်ကြည့်လို့ မကောင်းဘူးပေါ့။ ဈေးဝယ်တယ်ဆိုတာ အိမ်ရှင်မရဲ့အလုပ်ပဲ။

ကျုပ်သမက်က ကိုယ်ထူးကိုယ်ချွန်နဲ့ ဒီလောက်ရာထူးကို ရလာတာ။ ဆယ်တန်းလောက်ကတည်းက ကိုယ့်ဘာသာကိုယ် စာရေးလုပ်၊ နောက်တော့ လုပ်သားကောလိပ်တက်ဖြေပြီး တက္ကသိုလ်ဘွဲ့ရ။ တဖြည်းဖြည်းနဲ့ ခုလို အရာရှိလေး ဖြစ်လာတာ။ ကိုယ်ထူး ကိုယ်ချွန်ပါပဲ။ ဒါကတော့ ချီးကျူး သင့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခက်တာက ဒီကောင့်ကြည့်ရတာ သိပ်စစ်စီလွန်းနေတယ်။ ဈေးဝယ်တော့လည်း သူကိုယ်တိုင်ဝယ်တယ်။ မနက်လင်းတော့လည်း ကော်ဖီကလေး လက်ဖက်ရည်ကလေးတောင် မသောက်ဘူး။ ထမင်းရည်ကိုပဲ သောက်တယ်။ တစ်အိမ်လုံးကိုလည်း ထမင်းရေပဲသောက်ရတယ်။ ထမင်းရည်က ဘီဝမ်းပါတယ်တဲ့။ ပြီးတော့ မနက်ရှုံးမသွားခင် ကျောင်းမသွားခင် ထမင်းတို့ ဘာတို့လည်း စောစောစီးစီး စားကြမှ အပိုမကုန်အောင်လို့တဲ့။ အိမ်မှာ လက်ဖက်ရည် ကော်ဖီ မဖျော်ဘူး။

အဲ . . . ကျုပ်ကိုတော့ ထမင်းရည်တော့ မတိုက်ပါဘူး။ မနက်လင်းလာရင် မြေးအငယ်လေးက ကျုပ်ဖို့ဆိုပြီး ချိုင့်ကလေးဆွဲပြီး လမ်းထိပ်က လက်ဖက်ရည်နဲ့နံပြား သွားဝယ်တယ်။ သူတို့တစ်အိမ်လုံးက ထမင်းရည်သောက်ပြီး ကျုပ်တစ်ယောက်တည်းက လက်ဖက်ရည်နဲ့ နံပြားနဲ့ ပဲပြုတ်နဲ့ ဆိုတော့ ဘယ်မှာစားလို့ သောက်လို့ ဖြောင့်မလဲဗျာ။ ဒီတော့ ကျုပ်က ကျုပ်ရှိနေတဲ့ အတောအတွင်းမှာ ကလေးတွေနဲ့ ကျုပ်ဖို့ လက်ဖက်ရည်နဲ့နံပြား အဝယ်ခိုင်းတယ်။ ဒီတော့ ကျုပ်သမက်က ဘယ်လိုပြောသလဲဆိုတော့ ဖေဖေ ဘာသာ သောက်ပါတဲ့။ ဒီကလေးတွေကို မကျွေးပါနဲ့တဲ့။ ကျွန်တော်က သူတို့ကို အလေ့အကျင့်ရအောင် တမင် ထရိန်းလုပ်နေတာတဲ့။ ဒီကောင်တွေကို အလိုလိုက်လို့ မဖြစ်ဘူးတဲ့။ ကျွန်တော် တော်တော်စိတ်မကောင်း ဖြစ်သွားတယ်။ သူ့ထရိန်နင်နဲ့သူ ဆိုတော့လည်း ကျုပ်လည်းဝင်ပြီး မဖျက်ရဲဘူးလေ။ ဒီတင် ကျုပ်ဘာလုပ်ရသလဲဆိုတော့ မနက်လင်းတာနဲ့ လမ်းလျှောက်ဦးမယ်လို့ အကြောင်းပြပြီး အပြင်ထွက်ထွက် လက်ဖက်ရည်သောက်ရတယ်။ ကျုပ်ကလည်း လက်ဖက်ရည်မသောက်ရရင် မနေနိုင်ဘူးလေ။

တစ်ခါလည်း အဖြစ်အပျက်တစ်ခု ဖြစ်တယ်။ မရှိမသေ ပြောရတော့မှာပဲ။ သူတို့အိမ်ကအိမ်သာက ရေတံလျှောက် အိမ်သာ၊ အားလုံး ရေကိုပဲသုံးကြတယ်။ ကျုပ်တို့အညာကတော့ ရေသုံးလေ့ သုံးထ မရှိဘူးလေ။ ဒီတော့ ကျုပ် စက္ကူသုံးတယ်။ စက္ကူဆိုတာ သတင်းစာစက္ကူအဟောင်းပါ။ ကလေးတွေဆီက သတင်းစာအဟောင်း သုံးလေးစောင်လောက် တောင်းထားတယ်။ အဲဒီစက္ကူနဲ့ပဲ သုံးတယ်။ တစ်နေ့တော့ ကျုပ် လက်ဖက်ရည်ဆိုင်က ပြန်အလာမှာ လင်မယားနှစ်ယောက် နောက်ဖေးမှာ ကျွက်စီကျွက်စီ ဖြစ်နေကြတယ်။ ကျုပ်ရောက်နေမှန်း သိပုံမရဘူး။ ကိစ္စက အိမ်သာမှာ စက္ကူသုံးတဲ့ကိစ္စ၊ ရေသုံးနေတဲ့ နေရာမှာ စက္ကူသုံးတဲ့အတွက်ကြောင့်လည်း ပါတယ်။ ဒါတင်





မကသေးဘူး။ သတင်းစာအဟောင်းတွေကို စက္ကူကုလားကိုရောင်းဖို့ သေသေချာချာသိမ်းထားတာ။ ကြေးမုံဆိုရင် တစ်ပိဿာကို ဘယ်နှစောင်ရတယ်။ ဝပ်ကင်းဆိုရင် ဘယ်နှစောင်ရတယ်။ ခု သတင်းစာတွေကို ရောင်းမလို့ စောင်ရေကို တွက်ကြည့်လိုက်တော့ စောင်ရေတွေ လျော့နေတယ်။ ဒါကြောင့် ညည်းမရှိ ကမ်းမရှိ ဘာဖြစ်လို့ သတင်းစာစက္ကူကို ပေးရသလဲလို့ ကလေးကို ဆူရာက လင်မယားနှစ်ယောက် စကားများကြတာ။

ကျုပ် ရှက်လိုက်တာဗျာ။ စိတ်ထဲမှာ သမီးဟာ ဒီလောက်တောင်ပဲ ညံ့ရသလား။ ဈေးဝယ်တာကအစ ယောကျ်ားကိုယ်တိုင် ဈေးဝယ်။ သတင်းစာအဟောင်းရောင်းတာ၊ ပုလင်းခွံဘူးခွံရောင်းတာကအစ ယောကျ်ားကိုယ်တိုင်ရောင်း၊ အိမ်သာမှာ ကိုယ်လက်သန့်စင်တာကအစ ယောကျ်ားကိုယ်တိုင်ဝင်ပါ။ ညှိသည်သောက်သွားတဲ့ ဆေးလိပ်တွေကို လွှင့်မပစ်ဘဲ မီးမွှေးဖို့ဆိုပြီး ဆေးလိပ်တိုတွေကို သိမ်းဆည်းထားတာကအစ ယောကျ်ားကိုယ်တိုင် ခိုင်းနေတော့ ကျုပ်သမီးက အိမ်တွင်းမှုမှာ ညံ့လို့လား။ ယောကျ်ားကိုယ်တိုင်က နေရာတကာမှာ စစ်စီလွန်းလို့လားတော့ မပြောတတ်ဘူး။ ဒါပေမဲ့ ကျုပ်သမီးဟာ ဒီလောက်တော့ မညံ့ပါဘူး။ အကင်းပါးတဲ့ သမီးပါ။ ခပ်အေးအေးနေတတ်တာတစ်ခုပဲရှိတယ်။

ကျုပ်စိတ်ထဲမှာ နည်းနည်း ခံပြင်းလာတယ်။ ယောကျ်ားကိုယ်တိုင်ဈေးဝယ်တာကိုက ကျုပ်က မကြိုက်တော့ဘူး။ ခုတော့ ဒီ့ထက်အသေးအဖွဲ့ကျတဲ့ ကိစ္စလေးတွေမှာတောင် ယောကျ်ားက နေရာတကာလိုက်ပြီး ဩဇာပေးနေတော့ ကျုပ် သမီးကို သနားရမလား၊ စိတ်ဆိုးရမလား မဝေခွဲတတ်တော့ဘူး။

ဒီတော့ ကျုပ် ဘာလုပ်သလဲ၊ စိတ်တိုတိုင်း ပုတီးကို နာနာ ကောက်စိပ်စိပ်လိုက်တယ်။ သားအိမ်သွားတည်းတော့လည်း ဩဇာပေးတတ်တဲ့၊ မယားကိုကြောက်ရတဲ့ သားကိုတွေ့တော့ ကျုပ်မှာ အကုသိုလ်ဖြစ်ရတယ်။ သမီးအိမ်သွားတည်းတော့လည်း စစ်စီတဲ့ယောကျ်ားကို တစ်ခွန်းမှ ပြန်မပြောတဲ့သမီးအတွက် ကျုပ်မှာ အကုသိုလ်ဖြစ်ရပြန်တယ်။

ရန်ကုန်မှာ တစ်လကိုးသီတင်းလောက် နေမယ်လို့ စိတ်ကူးပြီး လာခဲ့တာ။ ခုတော့ မနေတော့ဘူးလေ။ ဆယ်ရက်ပဲ ကြာခဲ့တယ်။ မဖြစ်ဘူး။ သူတို့ဆီမှာ နေရတာ ကျုပ်မှာ အကုသိုလ်များတယ်။ မြန်မြန်ပြန်လာခဲ့တာကောင်းတယ်။

အစကတည်းက ကျုပ်မသွားချင်ပါဘူးလို့ အတန်တန်ငြင်းခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်က အမယ်ကြီး တိုက်တွန်းလွန်းတာနဲ့ သွားခဲ့တာ။ ခုတော့ ကျုပ်မှာ အကုသိုလ်ပဲ ရလာခဲ့တယ်။ တော်ပြီ။ နောက် သင်းတို့ ရန်ကုန်ကို ဘယ်တော့မှ မသွားတော့ဘူး။

ကျုပ် အညာမြို့ကလေးမှာပဲ နေတော့မယ်။ မန်ကျည်းရွက် ချဉ်ရည်ဟင်းနဲ့ ငရုတ်သီးထောင်းပဲ စားနေတော့မယ်။

■

ရင်ခုန်ပွင့်

ဇွန်၊ ၁၉၈၅

## ကံ့ကော်ပွင့်ခြောက်ကို လိုက်ကောက်နေသော ကိုလွမ်းဝေ

ကံ့ကော်တွေ ပွင့်ချိန်ရောက်တိုင်း သူ့ကို တဏှာသိုလ်တစ်ဝိုက်မှာ မခိုင် အမြဲ တွေ့ရတတ်သည်။

တစ်ခါတလေ အင်းလျားကန်ပေါင်ရိုးမှာ။

တစ်ခါတစ်ရံ ဘုတ်ကလပ်နားက ဘူးသီးကြော်ဆိုင်မှာ။

တစ်ကြိမ် တစ်ကြိမ်တွင်လည်း စမိုင်းမှာ။

တစ်တုံ တစ်တုံတွင်လည်း သထုံလမ်းက အင်္ဂလိပ်ပိတောက်ပင်တွေ အောက်မှာ။

တစ်ချီတစ်ချီတွင်လည်း ဦးချစ်ဆိုင် ရွက်လှပင်တွေကြားက စားပွဲ တစ်လုံးမှာ။

ယုဒသန်ဘုရားရှိခိုးကျောင်းရိပ်မှာ။

ဗဟိုစာကြည့်တိုက်ဘေး စံကားပင်ရိပ်အောက်က အုတ်တံတားကလေး ပေါ်မှာ။ အမရနှင့် ရာမညဆောင်ကြားထဲမှာ။

လူကြီးက ဘယ်လိုလူကြီးမှန်းလည်း မသိဘူး။ နေရာတကာရောက် တယ်ဟု မခိုင် ထင်မိသည်။

အစတုန်းက သူ့ကို သတိမထားမိ။ နှစ်ခါသုံးခါ တွေ့ဖန်များလာသည့် အခါတွင်မူ သူ့ကို မခိုင် သတိမထားမိဘဲ မနေနိုင်တော့။

မခိုင် ကျောင်းရောက်စနှစ်တုန်းက လေ့လေ့ရွက်တိုက်ဆောင်မှာ မခိုင်ပါသည်။ တနင်္ဂနွေနေ့ တစ်မနက် စောစောတွင် မခိုင်တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ဘုတ်ကလပ်ဘက်သို့ ထွက်လာခဲ့သည်။ ခါတိုင်းအဖော်တွေနှင့် သွားနေကျ ဖြစ်သော်လည်း သူ အတတ်ဆန်းပြီး စောစောထွက်လာခဲ့ခြင်း ဖြစ်၏။ မခိုင်က ဘောင်းဘီရှည်အဖြူ၊ စပို့ရှပ်အဖြူ၊ ကင်းဘတ်အဖြူ ဘလေဇာအစိမ်းကို ဝတ်ထားပြီး ခေါင်းပေါ်မှာ ဟာန်ဒါအဝတ်ဦးထုပ်ကလေး ဆောင်းထားသည်။

ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် အင်းလျားဆောင်ရှေ့က ကံ့ကော်ပင်တွေအောက်မှာ လျှောက်လာခဲ့သည်။ မနက်စောစောမှာ ကံ့ကော်ပန်းနံ့တွေက သင်းထုံလျက်။ အင်းလျားလမ်းပေါ်မှာ လူရှင်းနေသည်။ မနက်စောစော လမ်းလျှောက်သည့် နိုင်ငံခြားသားစုံတွဲတစ်တွဲ၊ အပြေးကျင့်သည့် ကောင်လေးနှစ်ယောက် သုံးယောက်လောက်ကိုသာ တွေ့ရသည်။ မခိုင် ဘုတ်ကလပ်ဘက်သို့ ချိုးဝင်မည်ပြုသည်။

''ဒီမှာ ကလေးမ''

ခပ်တိုးတိုး အသံတစ်သံကို ကြားလိုက်ရသဖြင့် မခိုင် လန့်သွား၏။ အသံက ဘယ်ကလာမှန်းမသိ။ စိတ်ကထင်သည်လား၊ တကယ် ကြားလိုက်သည်လား ဆိုသည်ကိုလည်း မခိုင် မသဲကွဲ။

''ကလေးမ ကံ့ကော်ပန်းယူမလား''

စိတ်က ထင်ခြင်းမဟုတ်။ ခပ်တိုးတိုး လှမ်းမေးလိုက်သည့်အသံ။ အသံလာရာ မှောင်ပျပျ ကံ့ကော်ပင်ရိပ်အောက်မှာ သူ၊ လူကြီးတစ်ယောက်။ စစ်အကျီ လက်ရှည် ခပ်နွမ်းနွမ်းကို လက်လိပ်၍ ဝတ်ထားပြီး လုံချည်ခပ်နွမ်းနွမ်းကို ဝတ်ထားသည်။ ခေါင်းမှာ စစ်ဦးထုပ်လိုလို ဘာလိုလို အဝတ်ဦးထုပ်ကလေး ဆောင်းထားပြီး လွယ်အိတ်ခပ်နွမ်းနွမ်းတစ်လုံးကို လွယ်ထားသည်။

မခိုင်သည် ကြောက်ကြောက်ဖြင့် ဘာမျှမဖြေဘဲ ဘုတ်ကလပ်ထဲသို့ ဝင်မည်အပြုတွင် သူ့အနီးသို့ ရောက်လာသည်။ သူ့ကိုယ်က ဆေးပြင်းလိပ်နံ့နှင့် အရက်နံ့ထွက်နေသည်ဟု မခိုင် ထင်လိုက်သည်။

မခိုင်သည် လန့်သွားကာ သူ့ကို ကြောင်ကြည့်နေမိသည်။ ဘာဖြေရမှန်းမသိ။

''ကံ့ကော်ပန်းယူမလားဟင်''

''ဟင့်အင်း မ . . . မလိုချင်ဘူး''

နှုတ်မှ ထွက်မိထွက်ရာ ထွက်သွားသည်။ မခိုင်သည် အထက်တန်းကျောင်းမှာတုန်းက ခါးပတ်နက်ရသည်အထိ ကရာတေးသင်ဖူးသည်။ သူ နည်းနည်းပါးပါး တတ်သည့် ကရာတေးကို သုံးရမလား၊ ထွက်ပြေးရမလား၊





အော်ရမလားဟု ဝေခွဲမရ ဖြစ်နေသည်။

ရုပ်ကတော့ သန့်သန့်ပြန့်ပြန့်ပင်။ နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ခုံး ကောင်းကောင်းနှင့် ငယ်ငယ်တုန်းကတော့ ယောကျ်ားပီသသည့်ရုပ်မျိုး ရှိပုံရသည်။ ယခုတော့ ထိုရုပ်လက္ခဏာသည် မှိန်ဖျော့နေလေပြီ။ နှုတ်ခမ်းမွှေးမုတ်ဆိတ်မွှေးတို့က ကျိုးတိုးကျဲတဲ။ သည်အထဲတွင် ဖြူသည့်နေရာက ဖြူနေလေပြီ။ ရုပ်ရည်နှင့်အဝတ်အစားက နွမ်းနေသည့်တိုင် မျက်လုံး၊ နှုတ်ခမ်းနှင့် အသံတို့ကမူ နူးညံ့ချိုသာနေသည်။ အသံက တကယ့်တိုးတိုးကလေး။ မနည်းနားထောင်ယူရသည်။

''မင်းမယူချင်ဘူးဆိုရင်လဲ သူငယ်ချင်းတစ်ယောက်ယောက်ကို ပေးလိုက်လေ''

ပလတ်စတစ်အိတ် ခပ်လတ်လတ်ဖြင့် ထည့်ထားသည့် ကံ့ကော်ပွင့်ထုပ်ကို ထိုးပေးသည်။ မခိုင် လှမ်းမယူ။

''ဦးလေး ပိုက်ဆံလိုလို့လား''

ပါးစပ်က လွှတ်ခနဲ ထွက်သွား၏။ သူက အသံမထွက်အောင် ရယ်သည်။ ရယ်လိုက်သည့်အခါတွင် သူ့မျက်လုံးများ လက်ခနဲ ပြုံးပြက်သွားသည်ကို မြင်လိုက်ရသည်။ သွားတချို့က ဆေးခြေးတက်သဖြင့် မည်းနက်စပြုလေပြီ။ သူ ခေါင်းယမ်းပြသည်။

''ဦးလေးလို့ မခေါ်ပါနဲ့ကွယ်၊ ဘဘလို့ပဲ ခေါ်ပါ။ ကျုပ်က မင်းအဖေထက်တောင် အသက်ကြီးချင် ကြီးနေမှာ . . .''

မခိုင် နည်းနည်း အကြောက်ပြေသွားသည်။ လူဆိုး သူဆိုး မဟုတ်နိုင်။ မျက်လုံးကြည့်ပုံကလည်း ပုံမှန်အတိုင်းပင်။ စိတ်မနှံ့သူတစ်ယောက်လည်း မဟုတ်နိုင်။

''ဩော် . . . ဟုတ်ကဲ့ ဘဘ၊ ဘဘရောင်းတာလား . . .''

သူ ခေါင်းယမ်းသည်။

''ရောင်းတာမဟုတ်ပါဘူး။ မင်းကို ပေးတာပါ။ ကံ့ကော်ပွင့်တွေ မြေကြီးပေါ်မှာ ကြွေကျနေတာမြင်တော့ နှမြောတာနဲ့ ဘဘလမ်းလျှောက်ရင်း ကောက်လာခဲ့တာ။ ဒီအတိုင်းပစ်ထားရင် ခဏနေတော့ လူနင်းဖတ်ဖြစ်ပြီး ညှိုးခြောက်သွားမှာ စိုးလို့''

''ဘဘပဲ ယူပါ၊ မခိုင် မယူပါဘူး''

''ဘဘအတွက်မှ မလိုတာ၊ ဘဘမယူပါဘူး။ ကလေးမပဲ ယူသွားပါ''



www.burmeseclassic.com

www.burmeseclassic.com



ကွဲကော်ပန်းထုပ်ကို ထိုးပေးသည်။ ကွဲကော်ပန်းနံ့က သင်းလျက်။ သူ့လက်မှာရှိနေသည့်တိုင် ကွဲကော်နံ့သည် မခိုင်နှာဝသို့ ရောက်လာသည်။

''ကျေးဇူးပဲ ဘဘ''

ကွဲကော်ပန်းထုပ်ကို မခိုင် လှမ်းယူသည်။ ပန်းထုပ်ကလေးကို နှာဝတွင် ကပ်ကြည့်လိုက်သည်။

''မွှေးလိုက်တာ''

သူ ဘာမျှမပြော။ သူ့ကို ပြုံးကြည့်နေသည်။ ထိုစဉ် သူငယ်ချင်းတွေ ရောက်လာသဖြင့် သူ နှုတ်ဆက်ထွက်သွားသည်။

မခိုင် သူ့ကိုကြည့်၍ ကျန်ရစ်ခဲ့သည်။ ဘယ်သူမှန်းမသိ။ နာမည်ကလေးမှ မမေးလိုက်မိ။ ဘယ်မှာနေမှန်းလည်း မသိ။ ဘာလုပ်ရမှန်းလည်း မသိ။

သူ့လက်ထဲက ကွဲကော်ပန်းထုပ်ကို မြင်သည့်အခါတွင် သူငယ်ချင်းတွေက ဝိုင်းစကြသည်၊ ရယ်ကြသည်။ မခိုင်ကလည်း ရယ်သည်။

''ဟားတော့ ဟားရတယ်ဟေ့၊ ကိုယ့်အနားရောက်လာပြီး ကွဲကော်ပန်းတွေ ပေးသွားတယ်၊ ကိုယ်ကလည်း ဘာရမလဲ၊ ယူထားလိုက်တာပေါ့''

ထိုနေ့က မခိုင် ကွဲကော်ပန်းတွေကို ဘုရားတင်သည်။ တချို့အပွင့်တွေကို စာအုပ်ကြားထဲမှာ ညှပ်ထားလိုက်သည်။

ပထမနှစ် တစ်နှစ် ကုန်ဆုံးသွားသည်။ မခိုင် သူ့ကို နောက်ထပ်မတွေ့တော့။

ဒုတိယနှစ်အစမှာ မခိုင် သူ့ကို တွေ့ပြန်သည်။ မနှစ်က အတိုင်းပင် စစ်အင်္ကျီအဟောင်း၊ ချည်လုံချည်ဟောင်းနှင့် အဝတ်ဦးထုပ်ကို ဆောင်းထားပြီး လွယ်အိတ်ဟောင်းတစ်လုံးကို လွယ်ထားသည်။

သည်နှစ်မှာ မခိုင် လေ့လော့ရွှက်တိုက်အသင်း မဝင်တော့။ လေ့လော့ရွှက်တိုက်ရသည်ကို ငြီးငွေ့သွားပြီ။ သထုံလမ်းဘေးနားက တင်းနစ်ကွင်းတွေမှာ မနက်တိုင်းသွား၍ တင်းနစ်အရိုက်ကျင့်သည်။ ကျင့်ခါစဖြစ်၍ ကိုယ်နှင့်တွဲမည့်သူ သိပ်မရှိ။ တစ်ယောက်တည်းပင် ကျင့်ရသည်။ ကိုယ်တစ်ယောက်တည်း နံရံကြီးဆီသို့ အရိုက်ကျင့်နေရခြင်းဖြစ်သည်။

တစ်မနက် တင်းနစ်အရိုက်ကျင့်ပြီး ပြန်လာစဉ် သထုံ ဘီအိုစီ ကောလိပ်ဘေးက ကွဲကော်ပင်တွေအောက်မှာ တကုန်းကုန်းနှင့် ပန်းကောက်နေသူကို မြင်ရသည်။ ကြည့်လိုက်သည့်အခါတွင် သူ။

မခိုင် သေသေချာချာကြည့်သည်။ မလွဲပါ။ မနှစ်က အဝတ်အစား





အတိုင်းပင်။ စစ်အင်္ကျီအဟောင်း၊ ချည်လုံချည်အဟောင်း၊ အဝတ်ဦးထုပ်အဟောင်းကို ဝတ်ထားပြီး လွယ်အိတ်အဟောင်းတစ်လုံးကို လွယ်ထားသည်။ သူ့ကြည့်လိုက်လျှင် အဟောင်းအနွမ်းတွေချည်းသာ ဖြစ်သည်။ တစ်ခုမှ သစ်သစ်လွင်လွင်မရှိ။

မခိုင် သူ့ကို မမြင်ယောင်ပြုကာ လျှောက်လာသည်။

''ကလေးမ၊ ဟေ့ ... ကလေးမ ...''

သူက လှမ်းခေါ်သည်။ မခိုင် မကြားချင်ယောင်ဆောင်သည်။ သူက တစ်ခွန်း နှစ်ခွန်း ထပ်ခေါ်ပြီး မခိုင်နောက်မှ ခပ်ဖြည်းဖြည်း လိုက်လာသည်။ မခိုင် ခပ်သွက်သွက်လျှောက်လာသည်။ သူကလည်း နောက်က ခပ်သွက်သွက် လိုက်လာသည်။ ဒုက္ခပဲ ဒီလူကြီးနဲ့ တွေ့ပြန်ပြီ။ အရူးလား အကောင်းလား မသိဟု တွေးကာ မခိုင် ကြောက်လာသည်။

ပထမနှစ်တုန်းက အံ့ဩသလိုဖြစ်ရာက ရယ်ချင်သည်။ သူ့ကို ရယ်စရာလို သဘောထားခဲ့သည်။ ယခုတစ်ကြိမ် တွေ့သည့်အခါတွင် မခိုင် ရယ်စရာ သဘောမထားနိုင်တော့။ သူ့ကို နည်းနည်းကြောက်လာသည်။

သူက နောက်က အမီလိုက်လာသည်။ သူ့အသံက်ရှုသံမှာ ပြင်းနေ၏။

''မင်း ... မင်း ... မနှစ်က အင်းလျားလမ်းပေါ်မှာ တွေ့ခဲ့တဲ့ ကလေးမ မဟုတ်လား''

မခိုင်မျက်နှာကို သူ သေသေချာချာ ကြည့်နေသည်။ ထို့နောက် ဘောင်းဘီတိုအဖြူ၊ ဖိနပ်အဖြူ၊ ခြေအိတ်အဖြူတို့ ဝတ်ထားသည့် ဝါဝင်းသွယ်လျသည့် သူ့ပေါင်တံများနှင့် ခြေသလုံးတို့ကို ငုံ့ကြည့်သည်။

မခိုင်မျက်နှာတွင် နှင်းဆီသွေးစို့သွား၏။ အသင့်ခုခံရန် လက်ထဲက တင်းနစ်ရိုက်တံကို ခပ်တင်းတင်း ဆုပ်ထားလိုက်မိသည်။

သူက လက်ထဲက ကွဲကော်ပန်းထုပ်ကို ကမ်းပေး၏။

''ကွဲကော်ပန်း ယူသွားဦးလေ''

မခိုင် ဘာမျှမပြောဘဲ ငေးကြည့်နေသည်။

''ယူသွားပါ ကလေးမရယ်၊ မင်းမယူရင်လဲ တခြားတစ်ဦးကို ပေးရမှာပဲ။ ပထမဆုံးတွေ့တဲ့သူကို ပေးမယ်ဆိုပြီး ဘဘ ကွဲကော်တွေကို လိုက်ကောက်နေတာ၊ မနှစ်တုန်းကလဲ မင်းကို ပထမဆုံးတွေ့လို့ မင်းကို ပေးလိုက်တာ''

သူ့မျက်နှာတွင် မရိုးသားသည့် အမူအရာမရှိ။ သည်တော့မှ မခိုင် နည်းနည်း စိတ်အေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘဘ မခိုင်ကို မှတ်မိလို့လား''

''မင်းမျက်နှာကိုတော့ အနီးရောက်မှ မှတ်မိတာပါ။ ဒါပေမဲ့ မင်းသွားပုံ၊ လာပုံ၊ လှုပ်ရှားပုံကိုတော့ မြင်လိုက်တည်းက မှတ်မိတာပေါ့။ ဒါပေမဲ့ မနှစ်ကတွေ့တုန်းက ဘောင်းဘီရှည်နဲ့၊ ဘလေဇာကုတ်အစိမ်းနဲ့၊ လေ့လော့ရှက်တိုက် ကျောင်းသူလေး။ ဒီနှစ်တွေ့တော့ မင်းက လက်ထဲမှာ တင်းနစ်ရိုက်တံကိုကိုင်လို့၊ တင်းနစ်ရိုက်တဲ့ ဖိနပ်နဲ့၊ ဘောင်းဘီတိုနဲ့၊ စပို့ရှပ်နဲ့၊ နည်းနည်းပြောင်းသွားတယ်''

သူ့စကားကို သဘောကျ၍ မခိုင် ရယ်သည်။ ဟုတ်တော့ အဟုတ်သား။ လေ့လော့ရှက်တိုက်အသင်းမှာ မနှစ်က တစ်နှစ်သာ ပါလိုက်သည်။ ကြာတော့ ငြီးငွေ့လာသဖြင့် သည်နှစ်တွင် သူ တင်းနစ်အရိုက်ကျင့်သည်။

''ဟုတ်တယ်၊ မခိုင်က ဘာကိုမှ သိပ်စွဲစွဲလမ်းလမ်း ဝါသနာပါတာ မဟုတ်ဘူး။ ခု ဒါကို ဝါသနာပါချင်ပါနေပေမဲ့ တော်တော်ကြာ တခြားဟာကို ဝါသနာပါချင်ပါသွားတာ။ ဒါကြောင့် ဖေဖေက ခဏခဏ ဆူတယ်။ ဘယ်အရာဖြစ်ဖြစ် တစ်ခုခုကို စွဲစွဲလမ်းလမ်း စိုက်လိုက်မတ်တတ် လုပ်ရမယ်တဲ့၊ ခုတစ်မျိုး ခုတစ်မျိုး မလုပ်ရဘူးတဲ့''

''ဩော် . . . ဩော်''

''ဖေဖေတို့အယူအဆတွေက သိပ်အောက်တာ ဘဘရဲ့၊ ဘဘ မခိုင်ကို ဘာဖြစ်လို့ အဝေးကြီးကနေပြီး မှတ်မိနေတာလဲ''

''ကလေးမရဲ့ လှုပ်ရှားပုံ၊ သွားပုံ၊ လာပုံကိုကြည့်ရင် သိတာပေါ့''

''အမယ်လေး ဘဘရယ် . . . ဘယ်လိုများ နေလို့လဲ''

''ကလေးမ သွားပုံ လာပုံက ပေါ့ပါးတယ်၊ ဖျတ်လတ်တယ်၊ ကြည့်လို့ကောင်းတယ်၊ အို . . . သက်တန့်ရောင်နောက်ကို လိုက်နေတဲ့ ငှက်ပြာကလေးတစ်ကောင်လိုပေါ့''

''ရှင် . . . ဘာဖြစ်တယ်၊ သက်တန့်ရောင်နောက်က ဘာဖြစ်တယ်''

မျက်လုံးကလေး အဝိုင်းသားဖြင့် မခိုင် မေးသည်။

''ဆောရီး၊ မင်းသိမှာ မဟုတ်ဘူး။ ဘဘတို့ ငယ်ငယ်တုန်းက ခေတ်စားခဲ့တဲ့ အင်္ဂလိပ်သီချင်းကလေးထဲက စာသား။ သက်တန့်ရောင်နောက်ကို လိုက်နေတဲ့ ငှက်ပြာကလေးတစ်ကောင်တဲ့''

သူက စာသားများကို အင်္ဂလိပ်လို ရွတ်ပြသည်။

''ဩ . . . ဘဘက အင်္ဂလိပ်စာတတ်တယ်နော်''





သူက ခပ်လဲ့လဲ့ပြုံးသည်။

''နည်းနည်းပါးပါးပါ''

''ဘဘ တက္ကသိုလ်တွေ ဘာတွေကို ရောက်ခဲ့ဖူးသလားဟင်''

''စစ်ပြီးစ ၁၉၄၄ ခုနှစ်ကတည်းက''

''ဟင် . . . ဟုတ်လား၊ ဒီလိုဆိုရင် . . .''

မခိုင်သည် လက်ချောင်းကလေးများကို ချိုး၍ စဉ်းစားနေ၏။

''ဒီလိုဆိုရင် မခိုင် မမွေးခင် အနှစ်လေးဆယ်ကပေါ့၊ မခိုင်က ၅၀ ခုနှစ်ကမှ မွေးတာ''

''ဘယ်လောက် ကြာကြာနေခဲ့သလဲ''

''အနှစ်လေးဆယ်''

''ဘာ . . . တက္ကသိုလ်မှာ အနှစ်လေးဆယ် နေခဲ့တယ် ဟုတ်လား။ ဘဘက သိပ်နောက်တာပဲ''

''မနောက်ပါဘူး။ တကယ်ပါ''

''ဒါဖြင့် ဘယ်ဒီဂရီရခဲ့သလဲ၊ ဝိဇ္ဇာလား၊ မဟာဝိဇ္ဇာလား''

သူ ခေါင်းယမ်း၍ . . .

''ဟင့်အင်း . . . ဘာမှမရခဲ့ဘူး။ ဘဘက ဘာမှမအောင်ခဲ့ဘူးလေ၊ ဒါပေမဲ့ တက္ကသိုလ် ပရိဝုဏ်ထဲကိုတော့ ဘဘက အမြဲလာတယ်။ ဒီပရိဝုဏ်ကို ချစ်နေတယ်၊ ဘဘက မင်းလိုမဟုတ်ဘူးလေ၊ တခုခုကို စွဲလမ်းတတ်တယ်၊ တက္ကသိုလ်ထဲမှာ ပွင့်တဲ့ ကံ့ကော်ပွင့်ကလေးတွေကို နှစ်တိုင်း ဒီလိုလိုက်ကောက်နေကျ''

''ဟယ် . . .''

မခိုင် အော်လိုက်မိသည်။ သူသည် ရူးသွပ်နေသည့် လူကြီးတစ်ယောက်လား၊ နောက်ပြောင်နေခြင်းလောဟု သူ မဝေခွဲနိုင်။

''ကောက်ပြီး ဘယ်သူ့ကိုပေးသလဲ''

''ပထမဆုံး တွေ့တဲ့လူကိုပဲ ပေးလိုက်တယ်။ ကလေးလေးတွေကို တွေ့ရင် သူတို့ကို ပေးလိုက်တယ်။ တင်းနစ်လာရိုက်တဲ့ နိုင်ငံခြားသားတွေကို တွေ့ရင်လဲ သူတို့ကို ပေးလိုက်တယ်။ သန့်ရှင်းရေး အလုပ်သမားတွေ့ရင်လဲ သူ့ကို ပေးလိုက်တာပဲ၊ ဘယ်သူ့ရယ်လို့ သတ်မှတ်မထားဘူး ပထမဆုံးတွေ့တဲ့လူကိုပဲ ပေးတာပဲ၊ မင်းကို ပထမဆုံးတွေ့တာ နှစ်ခါရှိပြီ မနှစ်ကတစ်ခါ''



www.burmeseclassic.com

www.burmeseclassic.com



''ဟိုတုန်းကကော ဘယ်သူ့ကို ပေးသလဲဟင်''

သူ့မျက်နှာသည် ညှိုးမှိုင်းသွားသည် ထင်ရ၏။ ထို့နောက် သူ ပြုံးသည်။

''မသိချင်ပါနဲ့ကွယ်၊ ကြာလှပါပြီ''

''မသိချင်ပါနဲ့ဆိုမှ ပိုသိချင်တယ်''

''ဒဏ္ဍာရီကလေးတစ်ပုဒ် ရှိတယ်၊ မင်းသုဝဏ်ရဲ့ 'ဘကြီးအောင် ညာတယ်' ဆိုတာ ကြားဖူးတယ်မဟုတ်လား''

မခိုင် ခေါင်းယမ်းသည်။ ကြားဖူးသလိုလိုတော့ အရှိသား။ သို့ရာတွင် ဘာမှန်း ကောင်းကောင်းမသိ။

''မင်းသုဝဏ်ဆိုတာ စတီရီယို အဆိုတော် အသစ်လား''

သူ ခေါင်းကုတ်သည်။ ထို့နောက် ခေါင်းယမ်း၍ ရယ်သည်။

''ကဗျာဆရာကြီး မင်းသုဝဏ်တဲ့။ ဘဘတို့ဆရာကြီး။ သက်ရှိထင်ရှား ရှိသေးတယ်၊ တက္ကသိုလ်နားမှာ နေတယ်''

''ဪ . . . ဟုတ်ပြီ။ မခိုင် ဖေဖေတို့ရဲ့ ဆရာကြီးတဲ့။ ဟုတ်တယ်။ အဲဒီဝတ္ထုကလေးကို မခိုင် ကြားဖူးတယ်။ သနားစရာနော်။ ဒါပေမဲ့ ဇာတ်လမ်း ကိုတော့ မမှတ်မိတော့ဘူး။ မေ့သွားပြီ။ မခိုင်က ဘာမှ စွဲစွဲလမ်းလမ်း ထားတတ် တာမှ မဟုတ်ပဲကိုး''

''ပန်းပုဆရာကြီး ဘကြီးအောင် လုပ်တဲ့ ဆင်စွယ်ပန်းပုကလေးကို ဘုန်းကြီးကျောင်းသားကလေးက နေ့တိုင်း သွားသွားကြည့်တယ်၊ သွားကြည့် ရင်း သဘောကျတော့ ဘကြီးအောင်က အဲဒီပန်းပုရုပ်ကလေးကို ရောင်းမယ်၊ ပိုက်ဆံစုထားလို့ ပြောတာနဲ့ ဘုန်းကြီးကျောင်းသားလေးက နေ့တိုင်း မုန့်ဖိုး ထဲက ပိုက်ဆံတစ်ပြားစုသတဲ့။ ပန်းပုရုပ်ကလေးပြီးခါနီးလို့ စုဘူးကလေးလဲ ဖောက်ပြီး အဲဒီပန်းပုရုပ်ကလေးကို သွားဝယ်တော့ ဘကြီးအောင်က မြို့က အရာရှိကြီးတစ်ယောက်ကို ရောင်းလိုက်သတဲ့။ ဘုန်းကြီးကျောင်းသားကလေး ဟာလဲ အဲဒီပန်းပုရုပ်ကလေးကို စွဲလမ်းတဲ့စိတ်နဲ့ စိတ္တဇဖြစ်ပြီး သေသွား သတဲ့။ သူ့စိတ်မှာတော့ ဘကြီးအောင်ဟာ သူ့ကို ညာတယ်လို့ ထင်သွားသတဲ့။ အမှန်ကတော့ ဘကြီးအောင်က ကလေးကို ပြီးစလွယ် ပြောလွှတ်လိုက်တာ၊ ကလေးက အဟုတ်မှတ်ပြီး စွဲလမ်းနေတာကို။ ဒီစိတ်နဲ့ပဲ သေသွားရှာတာပေါ့''

''သနားပါတယ်နော် ဘဘ၊ ပြီးတော့ ဘဘနဲ့ ဘာဆိုင်သလဲ''

''ဘဘနဲ့ ဘာမှမဆိုင်ပါဘူးကွယ်။ ဘဘကတော့ ဘုန်းကြီးကျောင်းသား ကလေးလို စိတ္တဇတော့ မဖြစ်ဘူးပေါ့၊ ဒါပေမဲ့ ကံ့ကော်ပွင့်တွေကို လျှောက်





ကောက်နေတာပေါ့''

''ဟင် . . . ဘဘဇာတ်လမ်းက ဘာမှန်းလဲ မသိဘူး''

မခိုင် နှုတ်ခမ်းစူသည်။ သူက ကံ့ကော်ပွင့်ထုပ်ကလေးကို ပေး၍ ထွက်သွား၏။

မခိုင် တတိယနှစ်တွင် သူ့ကို တက္ကသိုလ်နယ်မြေမှာ မကြာခဏ တွေ့ရပြန်သည်။ သည်နှစ်မှာတော့ ဘဘသည် သူ့ကို ကံ့ကော်ပွင့်တွေ ကောက်မပေးပါ။ သူနှင့်ဘဘတို့ တွေ့ချိန်မှာလည်း ကံ့ကော်ပွင့်တွေ ပွင့်ချိန် မဟုတ်ပါ။

တွေ့သည့်အခါတွင်လည်း ဘဘနှင့်သူ နှစ်ယောက်တည်း တွေ့ခြင်း မဟုတ်ပါ။ သူ့ဘေးမှာ ကိုကိုက အမြဲပါတတ်သည်။ သူတို့နှစ်ယောက် 'စမိုင်း' သို့ သွားလျှင် သစ်ပင်ရိပ်တစ်ရိပ်အောက်တွင် ဆေးပြင်းလိပ်တစ်လိပ်ဖြင့် တစ်ယောက်တည်း ငေးနေသော ဘဘကို တွေ့ရသည်။ တစ်ခါတစ်ရံတွင် လည်း ကန်ပေါင်းဘေးက သစ်ပင်ရိပ်အောက်တွင် တစ်ယောက်တည်း ထိုင်နေ သော ဘဘကို တွေ့ရသည်။ သူလွယ်အိတ်က ခါတိုင်းလို ဖောင်းနွမ်းနေမြဲ၊ သူ့စစ်အင်္ကျီက ခါတိုင်းလို နွမ်းနေမြဲ၊ သူ့လုံချည်က ခါတိုင်းလို အရောင်လွင့် နေမြဲ။ တစ်ခါတလေမှာ အိတ်ထဲက ပုလင်းဖြူဖြူကို ထုတ်ပြီး ဘဘ မော့တတ် သည်။ စက္ကူဖြင့် ထုပ်ထားသည့် ပေါင်မုန့်တစ်လုံးကိုဖြစ်စေ၊ ဟမ်ဘာဂါ တစ်ခုကိုဖြစ်စေ ကိုက်ဝါးနေတတ်သည်။ သူ စားပုံသောက်ပုံက ဘာမျှ အတတ်မသတ်။ ပေါင်မုန့်ကို တစ်ကိုက်သာ ကိုက်၍ စက္ကူနှင့် ပြန်လိပ်ပြီး အိတ်ထဲထည့်သည်။ ပုလင်းကို တစ်ကျိုက်မော့ပြီး အဖုံးပြန်ပိတ်ကာ အိတ်ထဲ ထည့်သည်။

ဘဘသည် လက်ထဲတွင် ပုံကြမ်းဆွဲသည့် စာအုပ်ကို ကိုင်ထားပြီး ခဲတံဖြင့် လျှောက်ခြစ်နေတတ်သည်။ တစ်ခါတစ်ရံ မိုးတိမ်တွေကို မော့ကြည့်ပြီး စာအုပ်ထဲမှာ ခြစ်သည်။ တစ်ခါတလေ ရွှေမျှော်ခင်းတွေကို ကြည့်ပြီး ခဲတံဖြင့် လျှောက်ခြစ်သည်။ တစ်ခါတစ်ရံ ကောင်မလေးတွေ၊ အတွဲတွေ၊ ဘတ်စကား မှတ်တိုင်မှာနေကြသည့် လူတွေ၊ ငါးမျှားတံကလေးကို ထမ်းလာသည့် ကလေးတွေ၊ လမ်းဘေး ပလက်ဖောင်းပေါ်တွင် တောင်းရမ်းနေသူတွေ၊ ထဘီနှင့် စည်းစိမ်ရှင်ကြီးတွေ၊ သူ့အင်္ကျီစ ပုဆိုးစတို့တွင် ဆေးရောင်သဝါး အစိမ်း၊ အပြာတွေ စွန်းပေနေသည်ကို တွေ့ရတတ်သည်။

တစ်ခါတွင် သူနှင့်ကိုကို လမ်းလျှောက်ပြန်လာတုန်း ဘဘနှင့် ရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့သည်။ ဘဘသည် သူ့ကို အဝေးကြီးကတည်းက ပြုံးပြလာ၏။ အနားသို့ ရောက်သည့်အခါတွင် "ဘဘ ကံ့ကော်ပွင့်တွေ ကောက်မပေးတော့ဘူးလား . . ." ဟု မခိုင် လှမ်းနောက်သည်။

"ကံ့ကော်တုံးပြီ ကလေးမရဲ့" ဟု ဘဘက ခပ်အေးအေး ခပ်ပြုံးပြုံး အသံတိုးတိုးဖြင့် ဖြေ၏။

"ခိုင် သူ့ကိုသိလား"ဟု ကိုကိုက မေးသည်။

"လမ်းလျှောက်ရင်းတွေ့ပြီး တို့ကို ကံ့ကော်ပွင့်တွေ ကောက်ပေးဖူးတယ်။ နာမည်တော့ မသိဘူး။ ဘယ်မှာ နေမှန်းလဲ မသိဘူး။ တက္ကသိုလ်ထဲမှာ တွေ့နေတာပဲ။ တစ်ခါတလေ လမ်းဘေးမှာ စာအုပ်ကြီးဖွင့်ပြီး ဘာတွေရေးနေမှန်း မသိဘူး။ ရေးနေတာပဲ"

"နာမည်ကျော် ပန်းချီဆရာကြီး ကိုလွမ်းဝေတဲ့၊ တလောတုန်းကတင် ယုအသန်ရိပ်သာမှာ ပန်းချီပြပွဲတွေ လုပ်သွားသေးတယ်"

"ဟင် . . . ဟုတ်လား။ တို့ကို ဘာမှမပြောဘူး။ သိပ်ဆိုးတဲ့ ဘဘ၊ ကိုကိုက သူ့အကြောင်း ဘယ်လိုလုပ်ပြီး သိတာလဲ"

"ကိုကို့ သူငယ်ချင်းတစ်ယောက်က ပန်းချီဝါသနာပါတယ်လေ။ ဒီတော့ သူ့ဆီမှာ သွားသွားပြီး ပန်းချီသင်တယ်။ သူကတော့ သူ့ဆီလာပြီး ပန်းချီမသင်နဲ့တဲ့။ ပန်းချီဆိုတာ သင်လို့ရတာမဟုတ်ဘူးတဲ့။ ခံစားမှုရှိမှ တတ်တာတဲ့။ နေတော့လဲ တစ်ယောက်တည်းပဲနေတယ်။ သူ့အခန်းထဲမှာ ပန်းချီကားတွေ၊ စာအုပ်တွေ၊ စုတ်တံတွေ၊ ဆေးစပ်တဲ့ ပျဉ်ပြားတွေ၊ ဆေးခွက်တွေကလဲ ပွလို့တဲ့။ သူ့အခန်းမှာ အိုမာခရမ်ရဲ့ ကဗျာတစ်ပုဒ်ကိုလဲ ချိတ်ဆွဲထားသတဲ့"

"အိုမာရမ်ဆိုတာက ဘယ်သူလဲ။ ရမ်ဘိုရိုက်တဲ့ မင်းသားလား . . ."

ကိုကိုက မခိုင်နဖူးကို ခပ်ဖွဖွထုကာ . . .

"ကောင်မလေး ဘာမှမသိဘူး။ ပွေဖို့ပဲ သိတယ်။ အိုမာခရမ်ဆိုတာ ပါရှန်းကဗျာဆရာကြီးဟ၊ အဲဒီကဗျာဆရာကြီးရဲ့ စာပိုဒ်ကို သူ့အခန်းမှာ ချိတ်ထားသတဲ့။ စာက 'သစ်ရိပ်လင်းပြက်၊ ဖာပန်းကွက်၌၊ ပေါင်မုန့်တစ်ယှက်၊ ဝိုင်တစ်ခွက်နှင့်၊ ချစ်ဖက်သက်လျှာ၊ ကဗျာစာအုပ်၊ တစ်အုပ်သာပင်၊ ရှိခဲ့လျှင်မူ ငါ့တွင်နိဗ္ဗာန်ဘုံတကား' လို့ ရေးထားသတဲ့"

"အဓိပ္ပာယ်က . . ."

"သစ်ပင်ရိပ်အောက်မှာ ချစ်သူရယ်၊ ပေါင်မုန့်တစ်ယှက်ရယ်၊ ဝိုင်တစ်ခွက်ရယ်၊ ကဗျာစာအုပ်တစ်အုပ်ရယ် ရှိရင် လူ့လောကကြီးမှာ သူ့အဖို့





အားလုံး ပြည့်စုံပြီပေါ့။ စားစရာရယ်၊ သောက်စရာရယ်၊ ချစ်စရာရယ်၊ အနုပညာရယ်ပေါ့၊ ဒါတွေရှိရင် ပြည့်စုံတယ်ပေါ့"

"ကြောင်တယ်နော်"

မခိုင်က ပြောရှ ရယ်သည်။ ကိုကိုက ဘာမျှမပြော။

"လောကကြီးမှာ ဒီလောက်ကလေးရှိရုံနဲ့ ဘာလုပ်မှာလဲကွာ နော်ကိုကို၊ အဲဖြင့် သူ့မှာ ဝိုင်တစ်ခွက်ရယ်၊ပေါင်မုန့်တစ်ယှက်ရယ်၊ ကဗျာစာအုပ် အဲ . . . ပန်းချီဆွဲတဲ့စုတ်တံနဲ့ ပန်းချီပိတ်ကားရယ် ရှိပါပြီတဲ့၊ ချစ်သူကကော . . ."

"သူ ကျောင်းမှာတုန်းက ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်တဲ့၊ သူတို့အတွဲဟာ သူတို့ခေတ်တုန်းက သိပ်ပြီးတော့ ပေါ်ပြူလာ ဖြစ်တယ်တဲ့၊ နောက်တော့ သူက ပန်းချီဆရာယောင်ယောင် ဘာယောင်ယောင် လုပ်နေတာနဲ့ သူ့ချစ်သူက သူ့ကိုစွန့်ပြီး အရာရှိကြီးတစ်ယောက်နဲ့ လက်ထပ်သွားသတဲ့"

"သနားပါတယ်၊ ဒါပဲနော် ကိုကို၊ ကိုကိုလဲ ကဗျာဆရာယောင်ယောင် ဘာယောင်ယောင်တော့ လုပ်မနေနဲ့၊ ဒီလိုလုပ်နေလို့ကတော့ တို့ကလဲ အရာရှိကြီးနောက် လိုက်သွားမှာ၊ ဘာမှတ်နေသလဲ . . . ဟွန့် . . ."

"ကိုကိုကို့ မသနားဘူးလား . . ."

"သနားတော့ သနားတာပေါ့၊ ဒါပေမဲ့ သနားတာနဲ့ ချစ်တာနဲ့တခြားစီပဲ၊ ပြီးတော့ ချစ်တာနဲ့ အိမ်ထောင်ကျတာကလဲ တခြားစီပဲ၊ မဟုတ်ဘူးလားလို့"

မခိုင်က မျက်လုံးချီချီ၊ မျက်လုံးရယ်ရယ်ဖြင့် အရွှန်းဖောက်သည်။ ကိုကိုက သူ့နဖူးကို လက်သီးဖြင့် ဖွဖွလေးထုသည်။ ကိုကိုသည် သည်လိုလုပ်နေကျပေပဲ။

မခိုင် နောက်ဆုံးနှစ်မှာ ဘဘနှင့် တွေ့ပြန်သည်။ ဘဘသည် စစ်အကျႌဟောင်း၊ ချည်လုံချည်ဟောင်း၊ အဝတ်ဦးထုပ်ဟောင်းကို ဝတ်ဆင်မြဲဖြစ်ပြီး အွယ်အိတ်ဟောင်းကို လွယ်မြဲလွယ်ထားသည်။ သူ့လွယ်အိတ်ထဲတွင် ပေါင်မုန့်တစ်ပိုင်းနှင့် အရက်တစ်လုံးတော့ ပါမည်ထင်သည်။ သည်တစ်ခါ ဘဘနှင့်တွေ့သည့်အခါ၌ မခိုင်နှင့် ကိုကိုမဟုတ်တော့။ မခိုင်နှင့် မောင်မောင်ဖြစ်သည်။

မခိုင်နှင့်ကိုကိုသည် လမ်းခွဲခဲ့ကြပြီ။ ဘာရယ်လို့မဟုတ်။ ကျောင်းပြန်ချိန်တော့ အလိုလို မတွဲဖြစ်ကြတော့ခြင်းဖြစ်သည်။ ကိုကိုနှင့် လမ်းခွဲခဲ့ရသည့်အတွက် သူ့ရင်ထဲမှာ ဘာမှမဖြစ်။ လေ့လေ့သည့်ခတ်တက်ကိုချပြီး ငါးနှစ်မိုတ်တံကို ကောက်ကိုင်လိုက်သလို ဘာခံစားချက်မှမပေါ်။ မောင်မောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တွဲရသည်မှာလည်း တင်းနစ်မရိုက်ချင်တော့၍ ရေကူးကန်သွား ရေကူးသည့်ကိစ္စတစ်ခုလို ခပ်ပေါ့ပေါ့ပင်။

မခိုင်နှင့် မောင်မောင်သည် ပါတီတစ်ခုမှာ တွေ့ခဲ့ကြခြင်း ဖြစ်သည်။ မောင်မောင်က သူ့ကို ပါတီတ်ဝမ်းဆက် လက်ဆောင်ပေးသည်။ လေဒီရှူး လက်ဆောင်ပေးသည်။ ကင်ဖိုရှပ်အင်္ကျီ လှလှကလေးတွေ လက်ဆောင်ပေးသည်။ အနမ်းလက်ဆောင်ပေးသည်။ တစ်ခုခုကို စွဲစွဲလမ်းလမ်းမထားဘဲ အပြောင်းအလဲတွေ တွေ့ရသည်မှာ စွန့်စားခန်းတစ်ခုနှင့် တူသည်ဟု မခိုင်ထင်သည်။

တစ်နေ့ မခိုင်နှင့် သူငယ်ချင်းတစ်စု စာကျက်ပြန်လာစဉ် ကံ့ကော်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်၍ ပန်းချီဆွဲနေသော ဘဘနှင့် သွားတိုးနေသည်။ သူတို့ကျောင်းသူတစ်သိုက်သည် ဘဘအကြောင်းကို နားလည်နေကြလေပြီ။ ဘဘကို မကြောက်ကြတော့။ သနားစရာ၊ ရယ်စရာလောက်သာ ထင်ကြတော့သည်။

မခိုင်က သူငယ်ချင်းတွေကို တိတ်တိတ်နေရန် လက်ပြကာ ဘဘနောက်နားသို့ ကပ်လာခဲ့သည်။

"ဘဘ ... ဘာပုံတွေ ဆွဲနေသလဲ" ဟု မေးသည်။ သူသည် ဖြည်းညင်းစွာ မော့်ကြည့်လိုက်ကာ ပြုံးရင်း ...

"ဩော် ...ကလေးမလား။ ဘာရယ်လို့ မဟုတ်ပါဘူးကွယ်၊ စိတ်ကူးပေါ်ရာကို ရေးနေတာပါ"

သူ့ပုံကြမ်းစာအုပ်ထဲတွင် ဆွဲထားသည့် ရုပ်ပုံကို မခိုင် ငုံ့ကြည့်သည်။ ထဘီတိုတို ကင်ဖိုရှပ်အင်္ကျီကလေးကို ဝတ်ထားသည့် မိန်းမပျိုကလေးတစ်ယောက်၊ ခေါင်းကို သမင်လည်ပြန်လှည့်ပြီး ကံ့ကော်ပွင့်တစ်ပွင့်ကို ခေါင်းတွင် ထိုးစိုက်နေသည့်ဟန်။ မျက်လုံးက သူနှင့်တူသလိုလို။ သို့ရာတွင် နှုတ်ခမ်းနှင့် မေးကျပုံက မတူ။

"ဒါ မခိုင်ရဲ့ပုံလားဟင် ..."

"ဟုတ်တယ်လို့လဲ ပြောလို့ရတယ်၊ မဟုတ်ဘူးလို့လဲ ပြောလို့ရတယ်"

"ဟင် ...ဘဘက ဘာမှန်းလဲမသိဘူး။ မခိုင်ရဲ့ပုံဆို မခိုင်ရဲ့ပုံပေါ့၊ တခြားတစ်ယောက်ဆိုရင်လဲ တခြားတစ်ယောက်ရဲ့ပုံပေါ့"

"ကလေးမနဲ့ ဘာတွေတူပြီး ဘာတွေမတူသလဲ ကြည့်လေ ..."

"မျက်လုံးနဲ့ နှာတံကတော့ မခိုင်နဲ့တူတယ်ထင်တာပဲ။ ဒါပေမဲ့





ပါးနဲ့မေးကျတော့ မခိုင်နဲ့သိပ်မတူဘူး။ မခိုင် သူငယ်ချင်း ဥမ္မာနဲ့တူတယ်"

သူ ပြုံးသည်။

"ဟုတ်မှာပေါ့ ကလေးမတို့ခေတ်က မိန်းကလေးတွေအားလုံးရဲ့ပုံသဏ္ဌာန်ပေါ်အောင် ဆွဲကြည့်တာလေ၊ မျက်လုံးက ကလေးမနဲ့တူမယ်၊ နှာတံက တခြားတစ်ယောက်နဲ့တူမယ်၊ နှုတ်ခမ်းက ဒီပြင်တစ်ယောက်နဲ့တူချင် တူဦးမယ်၊ မေးပါးကျပုံက တခြားတစ်ယောက်နဲ့ တူမယ်၊ ကလေးမတို့လို မိန်းမလေးတွေ အားလုံးရဲ့ပုံပါအောင် ဆွဲကြည့်တာ၊ ဒီပုံထွက်လာတာပဲ"

"ခေါင်းမှာ သူပန်နေတာက ကံ့ကော်ပန်းနော်"

သူ ခေါင်းညိတ်ပြ၏။

"ဟင် ... ဘဘကလဲ ကံ့ကော်တွေ တိုးနေပြီလေ။ ကံ့ကော်မရှိတဲ့အချိန်မှာ ဘာဖြစ်လို့ ဒီကံ့ကော်ပန်းကြီး ပန်နေတဲ့ပုံကို ဆွဲတာလဲ၊ တခြားပန်းတစ်ခုခုထည့်ပေါ့"

သူကပြုံး၍ ခေါင်းယမ်းသည်။

"မတတ်နိုင်ဘူးလေ၊ ဘဘက ကံ့ကော်ကို စွဲလမ်းတာကိုး။ ကံ့ကော်ဟာ မွှေးတယ်၊ ဖြူစင်သန့်ရှင်းတယ်၊ ဝတ်ဆံဝါဝါကလေးတွေနဲ့ ရှက်သွေးဖြာဖြူကလေးတွေနဲ့ဆိုတော့ ကြည့်လို့လဲ လှတယ်၊ ကလေးမကလေးတွေကလဲ သဘောကျကြတယ်မဟုတ်လား"

"မခိုင်ကတော့ ကံ့ကော်ရယ်၊ ဘာရယ်မဟုတ်ပါဘူး တွေ့ရာကိုပန်လိုက်တာပါပဲ"

စိတ်မကောင်းဟန်ဖြင့် သူ့မျက်နှာ မှုန်မှိုင်းသွားသည်။

"ဘဘတို့ခေတ်တုန်းကတော့ ဒီလိုမဟုတ်ဘူးလေ၊ မိန်းကလေးတွေဟာ သူတို့နှစ်သက်တဲ့ပန်းကိုပဲ စွဲစွဲလမ်းလမ်းပဲ ပန်ကြတာ"

မခိုင် အသံလွင်လွင်ဖြင့် ရယ်လိုက်သည်။

"အနှစ်လေးဆယ်ရှိသွားပြီလေ ဘဘ၊ ဟိုခေတ်နဲ့မတူတော့ဘူး။ ဘဘရဲ့ပုံကို နာမည်ပေးပြီးပြီလား။ မပေးရသေးရင် မခိုင် နာမည်ပေးမယ်လေ"

"ကောင်းသားပဲ" ဟုဆိုကာ ဆေးပြင်းလိပ်ကို မီးညှိသည်။

"ဘဘက ပန်းချီဆရာ ဦးလွမ်းဝေနော်၊ ဘဘရဲ့ပန်းချီကားတွေမှာ ပန်းချီဆရာကိုလွမ်းဝေလို့ပဲ အမြဲလက်မှတ်ထိုးတယ်မဟုတ်လား"

သူ ခေါင်းညိတ်ပြသည်။

"ဒီတော့ ဘဘရဲ့ကားကို မခိုင်နာမည်ပေးမယ်၊ ကံ့ကော်နှင့်ခြောက်ကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကောက်နေသော ကိုလွမ်းဝေလို့ . . .''

မခိုင် သူ့အပါးမှ ထွက်လာသည်။ ကုံကော်ပင်အောက်တွင်မူ ဘဘသည် သူတို့ဘက်သို့ ငေးကြည့်ကျန်ရစ်ခဲ့သည်။ ''သစ်ရိပ်လင်းပြက်၊ ဇာပန်းကွက်၍၊ ပေါင်မုန့်တစ်ယှက်၊ ဗိုင်တစ်ခွက်နှင့်၊ ချစ်ဖက်သက်လျာ၊ ကဗျာစာအုပ်၊ တစ်အုပ်သာပင်၊ ရှိခဲ့လျှင်မူ၊ ငါ့တွင်နိဗ္ဗာန်ဘုံတကား'' ဟူသော အိုမာခရမ်၏ ကဗျာကို ရွတ်နေမည်လားမသိ။

■

ရင်ခုန်ပွင့်
စက်တင်ဘာ၊ ၁၉၈၇

# စင်သီယာ၏ ကိန္နရာချောင်းခြား

'အင်းလျားလိတ်မှာ မင်္ဂလာဆောင်တစ်ခု တီးစရာရှိတယ်။ ကိုးနာရီကနေ ဆယ့်တစ်နာရီအထိဆိုတော့ ပစ္စည်းသိမ်းမှာနဲ့ဘာနဲ့ ဆယ့်နှစ်နာရီလောက်မှ ရောက်မယ်' ဟု ခင်မေလွင်ကို ပြောခဲ့သည်။ 'ပိုကောင်းတယ်။ အဲဒီအချိန်လောက်ဆိုရင် ညည့်သည် တော်တော်များများ ပြန်ကုန်ကြပြီ။ လူရင်းတွေလောက်ပဲ ရှိတော့မှာ။ ဆရာ လာဖြစ်အောင် လာခဲ့နော်။ ပလာတာက စထရင်းမှာတာ၊ ကြက်သားဟင်းက မေလွင့်သူငယ်ချင်း လာချက်ပေးတာ။ မနှစ်က မေလွင့်မွေးနေ့ ဆွမ်းကျွေးတုန်းကလဲ ဆရာမလာဘူး။ ဒီတစ်ခါ မလာရင်တော့ စိတ်ဆိုးမှာ' ဟု မေလွင်က တဖွဖွမှာ၏။

ကျွန်တော်ရောက်သွားသည့်အချိန်တွင် လူတော်တော် ရှင်းနေလေပြီ။ အိမ်ရှေ့တွင် ရပ်ထားသည့် ကားသုံးလေးစီးလောက်ကိုသာ မြင်ရသည်။ အိမ်ထဲမှ ရယ်သံလွင်လွင်၊ စကားသံသဲ့သဲ့နှင့် သီချင်းသံအေးအေးကို ကြားရသည်။ ဆူညံ ပူလောင်သော တေးသံများကို မကြားရ။ အေးလေ၊ ခင်မေလွင်သည် မြန်မာဆန်သူပေပဲ။ သူ့မွေးနေ့မှာ မြန်မာတေးသံကိုပဲ ကြားရမှာပေါ့။ မြန်မာတေးသံမှာပင် ကျွန်တော်တီးထားသည့် စန္ဒရားလက်သံ။ ခေတ်ဟောင်းမှ ဆိုကြသည့် ဒေါ်ကြည်အောင်တို့၊ လေဘာတီဒေါ်မြရင်တို့၊ ဒေါ်မေရှင်တို့ဆိုထားသည့် သီချင်းများနှင့် အနှစ်နှစ်ဆယ်ဟု ခပ်လွယ်လွယ် ခေါ်နေကြသည့် စစ်ပြီးခေတ် နာမည်ကြီးအဆိုတော်များ သီဆိုထားသည့် တေးသီချင်းများဖြစ်သည့်အခွေ။

အေးဆိုက်တွင် ခေတ်ဟောင်းသီချင်းများ။ ဘီဆိုက်တွင် အနှစ်နှစ်ဆယ် သီချင်းများကို သွင်းထားပြီး မကြာမီကမှ တေးသံသွင်းဆိုင်တစ်ဆိုင်မှ ဖြန့်ချိခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည့်အခွေ ဖြစ်သည်။ သီချင်းအများစုတွင် ဂီတနောက်ခံမှာ ကျွန်တော့်စန္ဒရားနှင့် တယော ဆယ်လက်လောက်ကို သုံးထားသည်။

ပြီး စည်းကို နည်းနည်းသုတ်ထားသည်။ တချို့သီချင်းများတွင် အီလက်ထရွန်းနစ်တူရိယာများကို ကြားညှပ်ထားသည့်အပိုဒ်များလည်း ပါသင့် သလောက် ပါသည်။ အဆိုတော်များကလည်း ခေတ်စားနေသည့် အဆိုတော် သစ်ကလေးများဖြစ်သဖြင့် ကျွန်တော့်အခွေသည် ဈေးကွက်တွင် မျက်နှာ ပွင့်သည်ဟု ဆိုနိုင်သည်။

မူလဆရာကြီးများ၏ နရီကို ပြုပြင်ကာ ပြန်ပေးလိုက်ရသည့်အတွက် ကျွန်တော် စိတ်မကောင်း။ သို့ရာတွင် မတတ်နိုင်ပါ။ ယခုခေတ်၏ ဘဝနရီ သည် မြန်နေလေရာ နားထောင်သူတို့ကလည်း နရီမြန်မှ သွက်မှ သဘောကျ ကြသည်။

မူလဆရာကြီးများ နရီစည်းချက်ကို ကျွန်တော် ပြင်လိုက်ရသဖြင့် ညအိပ်ရာဝင် ဘုရားရှိခိုးလျှင် ဆရာကြီးများကိုလည်း ကျွန်တော် ရှိခိုး၍ တောင်းပန်ရသည်။

ကျွန်တော့်ဂီတဝိုင်းတွင် စတီရီယိုဝိုင်းနှင့် မြန်မာဝိုင်းဟူ၍ နှစ်ဝိုင်းထား ရသည်။ မြန်မာဝိုင်းချည်းဆိုလျှင် ကောင်းကောင်း အလုပ်မဖြစ်ချင်။ သည် ခေတ် မင်္ဂလာဆောင်များသည် ဆူဆူညံညံကိုမှ သဘောကျတတ်ကြ၏။ သတို့သားနှင့် သတို့သမီး ထုတ်လာသည့်အချိန်တွင် အတိုင်းမသိမှုတစ်ပိုဒ်ကို ကောက်ဆိုပေးလိုက်လျှင် ကိစ္စပြီးသည်။ အချို့ မင်္ဂလာဆောင်များတွင်မူ အတိုင်းမသိကိုပင် တီးခြင်းမပြုတော့ စတီရီယိုနှင့်ပင် ကိစ္စပြီးသွားသည်။

ထို့ကြောင့် တီးဝိုင်းလာငှားလျှင် စတီရီယိုလား၊ မြန်မာလားဟု မေးရ သည်။ စတီရီယိုသက်သက်ချည်းဆိုလျှင် အတိုင်းမသိကိုပင် တီးစရာမလို တော့ပြီ။

သည်ခေတ်လူငယ်တွေကလည်း စတီရီယိုကို သဘောကျကြသည်။

ကျွန်တော့်တပည့်မ ခင်မေလွင်မှာ ထိုအထဲတွင် မပါ။ ခင်မေလွင်သည် ငယ်ငယ်ကတည်းက အဆိုအတီးဝါသနာပါသည်။ ကက်ဆက်တွေပေါ်ခါစ က သူ့အဖေနားထောင်လေ့ရှိသော ခေတ်ဟောင်း ပြန်ဆိုသီချင်းများကို သူ သဘောကျသည်။ ဂီတသင်ချင်သည်ဟု ပူဆာသဖြင့် အဖေက ပန်တျာကျောင်း ဆင်း တစ်ယောက်ကို ခေါ်၍ ပတ္တလား သင်ပေးသည်။ တစ်နှစ်လောက် သင်လိုက်သည့်အခါတွင် မြန်မာ့ဂီတ အခြေခံကို တော်တော် ခေါက်မိလေပြီ။





ခင်မေလွင့်အဖေသည် သူ့သမီးကို သာမန်လောက်မျှသာ သဘော ထားကာ စိတ်ကျေနပ်ရုံ ပတ္တလားတီးသင်ပေးခြင်း ဖြစ်၏။ သို့ရာတွင် ကျကျ နန တီးတတ်ပြီး ပြိုင်ပွဲတွေ ဘာတွေတွင် ပထမ၊ ဒုတိယစသည်တို့ ရလာသည့် အခါတွင် သူ့သမီးအတွက် စန္ဒရားကောင်းကောင်း တစ်လုံး ဝယ်ပေးသည်။

ထိုအချိန်မှစ၍ ကျွန်တော်သည် ခင်မေလွင်၏ ဂီတဆရာ၊ စန္ဒရားဆရာ ဖြစ်လာခဲ့ခြင်း ဖြစ်သည်။ သူတို့အိမ်တွင် တစ်လတစ်ခါက်၊ နှစ်လတစ်ခါ လောက် ကျွန်တော်တို့ ဂီတသမားများကို ဖိတ်ကြားကာ ဂီတဝိုင်းကလေး တွေ လုပ်တတ်သည်။

ဆယ်တန်းဖြေမည့်နှစ်တွင် ခင်မေလွင်သည် ဂီတသင်ခန်းစာကို ရပ်ထား လိုက်၏။ ခင်မေလွင့်အဖေသည် ထိုနှစ်တစ်နှစ်လုံး သူ့သမီးကို စန္ဒရားနားသို့ ကပ်ခွင့်မပေး။ ဆယ်တန်းအောင်သည့်အခါမှပင် စန္ဒရားကို ပြန်တီးခွင့်ပေး သည်။ ခင်မေလွင်၏ အဖေသည် တက္ကသိုလ်မှ ပါမောက္ခကြီးတစ်ဦးဖြစ်သဖြင့် စာပေအနုပညာကိုလည်း ခံစားတတ်သည်။

တစ်ခါတစ်ရံတွင် ဆရာသည် မြန်မာသီချင်းကြီးထဲမှ စာသားများကို အရသာခံပြတတ်သည်။ အနက်ဖွင့်ပြတတ်သည်။ တချို့စာသားများကို ဆရာ ပြောမှပင် ကျွန်တော်တို့ စဉ်းစားမိတော့သည်။ မဟာဂီတဝင် စာသားများနှင့် ပတ်သက်၍ ပညာရှင်တို့ သဘောကွဲလွဲနေသည့် စာသားမျိုးကိုလည်း ဆရာ ပြောဖူးသည်။ ဥပမာ မြဝတီမင်းကြီး ဦးစ ရေးသည့် လွမ်းဝေလေ့ပတ်ပျိုးက စာသားအချို့ ဆိုပါတော့။

''ဒီးဒုတ်ဦးဘချိုကတော့ 'လွမ်းဝေလေ့ မျှော်၍ငယ်စေပင် မိုးယံဝဝယ် သကိုမြင်၊ ကြယ်စင်ဟုတ်ဘူး၊ လွမ်းသူ့နောင် စောရွှယ်လူး . . .' ဆိုတဲ့ စာသားမှာကို ဒီလို အနက်ဖွင့်တယ် ကိုစောနိုင်''

ဆရာသည် ကျွန်တော်တို့လူငယ်များကိုလည်း 'ကို' ထည့်၍ ခေါ် တတ်သည်။

''ဟုတ်ကဲ့ . . . ပြောပါဆရာ''

''သူကဒီစာပိုဒ်ကို အနက်ကောက်ရာမှာ ချစ်သူတို့ရဲ့ လွမ်းတတ်တဲ့ ဓလေ့ထုံးစံအရ ကောင်းကင်ကို လှမ်းကြည့်လိုက်တဲ့အခါမှာ ဆီးနှင်းမြူတိမ် တွေ ဖုံးနေလို့ လမင်းကြီးဟာ စင်စင်ကြယ်ကြယ်မရှိဘူးတဲ့၊ ဒီလမင်းကြီးကို ကြည့်ပြီး လွမ်းဝေလေ့အခံနဲ့ လွမ်းရတဲ့သူဟာ လွမ်းသူတကာတို့က နောင်တော် လို့ ခေါ်ရလောက်အောင် အလွမ်းတွေ ပိုတယ်တဲ့။ လွမ်းသူတကာတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နောင်တော်ကြီးပေါ့လေ။ ဒါက သူ့အနက်ဖွင့်တာ၊ သူက လက်ိုမြင် ကြယ်စင် မဟုတ်ဘူးဆိုတဲ့ စာသားဟာ စာကူးတဲ့နေရာမှာ မှားတာဖြစ်နိုင်တယ်တဲ့။ လက်ိုမြင်ပါလျက်နဲ့ ကြယ်စင်မဟုတ်ဘူးလို့ ပြောစရာအကြောင်းမရှိဘူးတဲ့။ စင်စင်ကြယ်ကြယ် မဟုတ်ဘူးလို့ ပြောတာသာ ဖြစ်ရမယ်တဲ့''

''စဉ်းစားဖို့ ကောင်းတာပေါ့ဆရာ''

''ဒါပေမဲ့ မြန်မာညွှန့်ဦးချစ်မောင်ကတော့ တစ်မျိုးအနက်ဖွင့်တယ်ဗျ။ ဦးချစ်မောင်က ကြယ်စင်လား၊ စင်ကြယ်လားဆိုတာကိုတော့ သိပ်မငြင်းပါဘူး။ ဒါပေမဲ့ လွမ်းမလေ့ဆိုတာကိုတော့ သူကလက်မခံချင်ဘူး။ လွမ်းတာဟာ ဓလေ့လို့ ပြောလို့မရဘူးတဲ့။ လွမ်းတယ်လေ့ဆိုပြီး ညည်းတာဖြစ်နိုင်တယ်။ လွမ်းလိုက်တာလို့ ပြောပြီး ကောင်းကင်ကိုကြည့်လိုက်တော့ မှုန်မှိုင်းနေတဲ့ လမင်းကြီးကို မြင်ရတယ်လို့ မြဝတီမင်းကြီး ပြောတာပဲ ဖြစ်လိမ့်မယ်လို့ သူက ယူဆတယ်၊ ဒီစာသားကိုဆိုတော့လဲ 'လွမ်း . . . တယ်လေ့' ဆိုပြီး ဆိုရတယ်တဲ့။ အဲဒီလိုဆိုမှ စည်းဝါးလဲကိုက်တယ်လို့ ဦးချစ်မောင်က ဆိုတယ်။ သူကတော့ အတီးသမားအနေနဲ့ ပြောတာပေါ့လေ''

သည်လိုခက်ခက်ခဲခဲ သိမ်သိမ်မွေ့မွေ့တွေကိုလည်း ဆရာပြောတတ်သည်။ ဆရာသည် သမီးဖြစ်သူ ခင်မေလွင်ကို မဟာဂီတတွင် နှံ့စပ်စေချင်ပုံရ၏။ ကျွန်တော့်ထံတွင် ခင်မေလွင် သီချင်းတက်နေသည်မှာ သီချင်းကြီးအပုဒ်တစ်ရာလောက် ရှိနေလေပြီ။

ဆရာ့အိမ်သို့သွားရသည်မှာ စာပေအနုပညာနှင့် ပတ်သက်သည့် ပညာလည်း ရ၏။ ဂီတနှင့်ပတ်သက်၍လည်း ကျွန်တော်တို့ မသိခဲ့ရသည့် ရှားရှားပါးပါး ဗဟုသုတတွေကို ဆည်းပူးရ၏။

ခင်မေလွင်တို့တိုက်မှာ တိတ်ဆိတ်သော ရပ်ကွက်တစ်ခုမှ ကိုယ်ပိုင်လမ်းသွယ်ကလေး တစ်ခုပေါ်တွင်ရှိသည့် တိုက်အိမ်လှလှကလေး ဖြစ်၏။ ကျွန်တော် အိမ်ရှေ့ဆင်ဝင်ခန်းသို့ ဝင်လိုက်မိသည်နှင့် ခင်မေလွင်က . . .

''လာ ဆရာ၊ လာမှလာပါ့မလားလို့ မျှော်နေတာ၊ မေလွင်တို့သူငယ်ချင်းတွေလောက်ပဲ ကျန်တော့တယ်၊ ဧည့်သည်တွေကတော့ ပြန်ကုန်ကြပြီ''

ကျွန်တော် ဝင်လာသည့်အချိန်တွင် ကော်ဖောတွေ ခင်းထားသည့် ကြမ်းပြင်ပေါ်တွင် စားပွဲဝိုင်းနည်းနည်းသာ ကျန်တော့သည်။ ကျန်သည့်စားပွဲများကို သိမ်းပြီးကြလေပြီ။

''လာ ဆရာ၊ ဒီစားပွဲမှာလာ၊ ဖေဖေတော့ အနားယူဦးမယ်ဆိုပြီး အပေါ်ထပ်တက်သွားတယ်''





ခင်မေလွင်သည် ကျွန်တော့်ကို စားပွဲဝိုင်းတစ်ခုဆီသို့ ခေါ်သွား၏။ စားပွဲတွင် မည်သူမျှမရှိ။ အခြား စားပွဲသုံးလေးငါးလုံးတွင်မူ ယောကျ်ားလေးတစ်သိုက်နှင့် မိန်းကလေးတစ်သိုက် စားနေကြဆဲ ဖြစ်၏။ ခင်မေလွင့်သူငယ်ချင်းမတွေ ဖြစ်ဟန်တူသည်။

စာအုပ်စင်ရှိများပေါ်တွင် ဖုံး၍တင်ထားသော မိုက်ကရိုဖုန်းနှစ်လုံးမှ စန္ဒရားသံသည် ညင်းညင်းငြိမ့်ငြိမ့်ပေါ်လာ၏။

''မေလွင့်လက်သံလေ၊ ဆရာနောက်ဆုံးတက်ပေးထားတဲ့ ကိန္နရာချောင်းခြားပတ်ပျိုးလေ . . .''

စန္ဒရားလက်သံသည် သဖြန့်ပိုဒ်များပေါ်တွင် ပြေးလွှားနေ၏။ ငယ်တိုးအတွင်းဝန်၏ ကိန္နရာချောင်းခြားပတ်ပျိုးလတ်ကို လွန်ခဲ့သည့် တစ်လလောက်က ကျွန်တော် တက်ပေးခဲ့သည်။ ခင်မေလွင်က သဖြန့်ကို အကြိုက်ဆုံးဟုဆိုကာ နှစ်ကျော့ပြန်တီးနေသည်။

''ပုလဲသီ
တကွဲစီ ဘယ်ကံ ဖန်လို့ ကြုံရဟန်ထူး။
သွင်းလေဆောင် စုံကျေးသည့်မြိုင်ချောင်က
နီးလွယ်အောင် ကြံတော်ကြပါ့
လေးပါးနတ်မှူး။ ။''

သဖြန့်စာသားကို ကျွန်တော် တိုးတိုးရွတ်လိုက်သည်။

''တော်တော်လှတဲ့ စာသားနော် ဆရာ''

မြန်မာစာ မဟာဝိဇ္ဇာတက်နေသည့် ခင်မေလွင်က လွမ်းတဟန်ဖြင့် ပြောသည်။

''ဒါပေါ့၊ ဒါပေါ့၊ ကိန္နရီကိန္နရာမောင်နှံ ချောင်းခြားပြီး ကွဲနေကြတော့ နတ်မင်းကြီးလေးပါးကယ်ဖို့ တိုင်တည်တာပေါ့၊ မေလွင်ကော နတ်မင်းကြီးလေးပါးကို တိုင်တည်ချင်လို့လား''

''ဟင် . . . ဆရာကတော့ ပြောတော့မယ်၊ ဘာမှန်းလဲ မသိဘူး''

ခင်မေလွင်က နှုတ်ခမ်းစူသည်။

''မေလွင်က နတ်မင်းကြီးလေးပါးကို တိုင်တည်စရာမလိုပါဘူး။ တိုင်တည်စရာရှိတဲ့ သူငယ်ချင်းတစ်ယောက်အတွက် တိုင်တည်ပေးတာ၊ ဟော ဟော . . . ရှူး . . . လာနေပြီ၊ နောက်မှပြောမယ်''



www.burmeseclassic.com

www.burmeseclassic.com



ဖာခန်းဆီးနောက်ဘက်မှ မိန်းမပျိုတစ်ယောက်၏ သဏ္ဌာန်ကို ရိပ်ခနဲ မြင်လိုက်ရသည်။ လက်ဖြူဖြူကလေး တစ်ဖက်က ဖာခန်းဆီးကို မ,လိုက်ပြီး နောက် သူတစ်ကိုယ်လုံးကို ကျွန်တော် သဲကွဲစွာ မြင်လိုက်ရသည်။ သွယ်သွယ်လျလျ၊ အရပ်မြင့်မြင့်၊ အသားဝါဝါ၊ မျက်လုံးညိုညိုနှင့် မိန်းမပျိုတစ်ယောက်။ အိမ်ရှေ့ကော်ဇောကြီးများပေါ်တွင် ခင်းထားသည့် စားပွဲဝိုင်းလေးငါးဝိုင်းမှ မျက်လုံးအစုံတို့သည် ထိုမိန်းမပျိုဆီသို့ ရောက်သွားကြသည်။

မိန်းမပျိုက စားပွဲဝိုင်းကလူအားလုံးကို မျက်လုံးညိုညိုများဖြင့် တစ်ချက် ဝေ့ဝဲကြည့်လိုက်သည်။ သူ့မျက်နှာထားမှာ ရှက်ရွံ့ဟန်လည်း မပေါ်။ ရဲတင်းဟန်လည်း မပြ။ ပကတိ တည်ကြည်သော မျက်နှာထားမျိုး ဖြစ်သည်။

နှုတ်ခမ်းကမူ ပြုံးရောင်သမ်းနေသည်ဟု ကျွန်တော့်စိတ်တွင် ထင်လိုက်မိသည်။ သို့ရာတွင် ပြုံးသည်ဟုလည်း မဆိုသာ။

"လာ . . . မဖြူ။ ဘာမှ မစားရသေးဘူး မဟုတ်လား၊ နင်လဲ ပင်ပန်းလှရော့ပေါ့။ စားလှည့်ဦးလေ"

ခင်မေလွင်က ကျွန်တော်နှင့် သူစကားထိုင်ပြောနေသည့် စားပွဲဝိုင်းဆီသို့ လှမ်းခေါ်သည်။ သူက မျက်လုံးကလေး မသိမသာချီ၍ ခေါင်းခါပြသည်။ သို့ရာတွင် ကျွန်တော်တို့ စားပွဲနားရောက်လာပြီး ခင်မေလွင်ဘေးတွင် ဝင်ထိုင်၏။

"ငါ မဆာတော့ဘူး။ အနံ့တွေနဲ့ ဝနေပြီ" ဟု ဆိုကာ အားနာဟန်ဖြင့် ကျွန်တော့်ကိုကြည့်ပြီး ခင်မေလွင်နားနားသို့ ကပ်၍ တိုးတိုးပြော၏။

ခင်မေလွင်က ရယ်သည်။

"ရပါတယ်၊ ဆရာ ခဏကလေးနေဦးနော်၊ ကြက်သားဟင်းက သိပ်ရောင်းကောင်းလို့ ထပ်ချက်နေရတယ်တဲ့၊ ကျက်တော့မှာပါတဲ့၊ ကြက်သားဟင်းက မဖြူချက်တာလေ၊ မေလွင့်သူငယ်ချင်းက သိပ်ဟင်းချက်ကောင်းတာ ဆရာရဲ့၊ သူငယ်ချင်းတွေ တစ်ခုခုလုပ်ရင် သူပဲလာချက်ပေးတာပဲ"

ကျွန်တော်က သူ့ကို လှမ်းကြည့်သည်။ အနီးကပ်ကြည့်သည့်အခါတွင် မိန်းမပျို၏အလှသည် ပို၍ ဝင်းနေ၏။ ဆံပင်ကို ကြည့်ကောင်းရုံဖြတ်ထားသည်မှအပ ပြင်ဆင်ထားခြင်း မရှိ။

နို့နှစ်ရောင် မှန်ပြုတင်းမှ လျှောကျလာသော အလင်းရောင်မှုန်မှုန်ထဲတွင် သူ့ဆံပင်များသည် သူ့မျက်လုံးများလိုပင် ညိုလဲ့ရွှန်းတင့်နေသည်။

အသားဝါဝါ၊ မျက်လုံးရွှန်းရွှန်း၊ ဆံပင်ညိုညိုနှင့်။ သနပ်ခါးကလေး





ခပ်ပါးပါးလူးထားသည့် နဖူးပြင်ပေါ်တွင် ချွေးစက်ကလေးတွေ သီးနေသည်။ ပန်းနုရောင် ရိပ်ရိပ်ကလေး ပြေးနေသည့် ပါးပြင်မှာ အဆီဝေ့လျက်။

ခင်မေလွင်သည် သူ့နာမည်ကို မည်သို့ခေါ်လိုက်ပါလိမ့်။ မဖြူလား၊ မပြုံးလား ကျွန်တော် သဲကွဲခြင်းမရှိ။ သို့ရာတွင် ကိစ္စမရှိပါ။ နှင်းဆီပန်းသည် ဘယ်နာမည်ကိုပဲမှည့်မှည့် မွှေးမြဲမြဲမဟုတ်လော။

"မဖြူ ဟောဒါက ငါ့ဆရာ စန္ဒရားဆရာ ကိုဟသ်ာ၊ ဆရာ ဒါက မေလွင့်သူငယ်ချင်း စင်သီယာထွန်းဖြူတဲ့။ မေလွင်တို့ကတော့ မဖြူလို့ပဲ ခေါ်ကြတယ်။ မေလွင့်သူငယ်ချင်းက အချက်အပြုတ်တို့၊ အိမ်အလှပြင်တာတို့၊ ပန်းအလှပြင်တာတို့ကို သိပ်ဝါသနာပါတယ်။ အီကေဘာနားပန်းအလှပြင်နည်းတို့၊ သင်တန်းတို့ ဘာတို့ဆိုရင်လဲ သူသွားတက်တာပဲ။ အနောက်နိုင်ငံတို့ ဘာတို့မှာ ဆိုရင်တော့ မေလွင့်သူငယ်ချင်းက အင်တီးရီးယားဒက်ကော်ရေးတား အိမ်အလှပြင် ဗိသုကာတို့၊ ဘာတို့ဖြစ်မှာပေါ့၊ နော်နော် . . . ဒီမှာတော့"

"အို . . . မေလွင် ဘာတွေ လျှောက်ပြောနေတာလဲ" ဟု စင်သီယာထွန်းဖြူက ရှက်စနိုးမျက်နှာကလေးဖြင့် ပြောရင်း ခင်မေလွင်ကို လက်သီးဖြင့် လှမ်းထုသည်။ စင်သီယာသည် ထိုစကားကို ဘာကြောင့်များ ရှက်နေရလေသနည်း။

"အလကားပါ ဆရာ၊ မေလွင် သိပ်နောက်တယ်၊ ဆရာ သူ့စကားတွေကို အဟုတ်မှတ်မနေနဲ့နော်၊ ကြက်သားဟင်းကျက်ပြီလားလို့ သွားကြည့်လိုက်ဦးမယ်။ ဆရာ ဆာလှရော့ပေါ့"

"ကြက်သားအိုးကို ပြင်ပေးခဲ့ပြီးမဟုတ်လား။ ဒေါ်ပုကြီး သူ့ဘာသာသူ ချက်မှာပေါ့။ မဖြူ ဒီလောက်အသေးစိတ် လုပ်စရာမလိုပါဘူး။ တို့နား လာထိုင်ပါ။ ဆရာ ကိန္နရာချောင်းခြားထဲက သဖြန်ကို အမိပွာယ်ရှင်းပြနေတယ်"

"မေလွင်နော် မေလွင်၊ ကြပ်ကြပ်သတိထား၊ ဟင်းအိုးကျက်ပြီလားလို့ သွားကြည့်လိုက်ဦးမယ်ဆရာ" ဟုဆိုကာ ကျွန်တော်တို့အပါးမှ ထသွားသည်။

"မေလွင့်သူငယ်ချင်း မချောဘူးလားဆရာ . . ."

"ချောတယ်၊ ဖလိုင်းယင်းဟိုင်ထဲက မင်းသမီး ကွန်နီဆာလီကားနဲ့ တူတယ်။ ဒါပေမဲ့ ဟိုက သူ့ထက် မျက်နှာနည်းနည်းပိုရှည်တယ်။ သူက သိပ်မျက်နှာမရှည်ဘူး။ ဟိုက ဆံပင်ကအနက်။ သူ့ဆံပင်အညိုရောင်၊ ဟိုက မျက်လုံးက ကျယ်ပြီးနက်တယ်။ သူက မျက်လုံးဝိုင်းပြီး ညိုတယ်။ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာတော့ သူတောင်ပိုချောသေးတယ်လို့ ထင်တယ်''

''အမယ်လေး . . . ဒီလိုဆိုရင် မဖြူဘယ်လောက် ဝမ်းသာမလဲမသိဘူး။ ဒါပေမဲ့ ရုပ်ချောတာဟာ ကံဆိုးဖို့ ဖြစ်လာတာပါ ဆရာရယ်''

ခင်မေလွင်၏မျက်နှာသည် ကြည်လင်ဝင်းပနေရာမှ မှိုင်းညို့သွား၏။

''မေလွင့်သူငယ်ချင်းက ချောသလောက်ရိုးတယ် ဆရာ၊ သဘောလဲ သိပ်ကောင်းလွန်းတယ်။ ရုပ်ချောသလောက် ရိုးပြီးသဘောကောင်းတဲ့ မိန်းကလေးများဟာ ကံဆိုးတတ်တယ်ထင်တယ်နော် ဆရာ''

ကျွန်တော်က စီးကရက်တစ်လိပ်ကို ညှိဖွာလိုက်ရင်း . . .

''ဘာဖြစ်လို့လဲ''

ခင်မေလွင်က ရယ်နေသည်။ ထို့နောက် မျက်နှာတည်သွား၏။

''ကန်တော့ ဆရာ၊ နှလုံးကောင်းတော့ ဘာဖြစ်တယ် ဆိုလား မြန်မာစကားပုံရှိတယ်မဟုတ်လား ဆရာ၊ မေလွင်ကတော့ ဒီစကားပုံကို ပြင်ချင်တယ်ဆရာ၊ နှလုံးကောင်းတော့ ကံဆိုးတတ်တယ်လို့''

ကက်ဆက်ခွေထဲမှ ခင်မေလွင်၏ စန္ဒရားလက်သံသည် ငယ်တိုးအတွင်းဝန်၏ ကိန္နရာချောင်းခြားပတ်ပျိုးမှ သဖြန်သို့ နောက်တစ်ကျော့ ပြန်ရောက်လာသည်။

''ဟုတ်တယ် ဆရာ၊ နှလုံးကောင်းတဲ့ လူများဟာ ကံဆိုးတတ်တယ်၊ နှလုံးဆိုးတဲ့ လူတွေကျမှ ကံကောင်းကြတာ။ မေလွင့်သူငယ်ချင်းအကြောင်းကို မေလွင်ကောင်းကောင်း သိတာပေါ့။ လူတိုင်းနဲ့ သင့်မြတ်တယ်။ သည်းခံတယ်။ မနာလိုဝန်တိုစိတ်မရှိဘူး။ ကူညီတတ်တယ်။ သဘောဖြူအူစင်းရှိတယ်။ ဒီလိုမိန်းကလေးမျိုး တစ်ယောက်ဟာ နှလုံးကောင်းတယ်လို့ မခေါ်သင့်ဘူးလား ဆရာ''

''ခေါ်သင့်တာပေါ့''

''ဒါပေမဲ့ ကံတော့မကောင်းဘူး ဆရာ၊ စောစောက ပြောမယ်ဆိုတာ သူ့အကြောင်းကို ပြောတာ။ အကြောင်းမသိသူတွေကတော့ သူ့ကို အထင်သေးတယ်၊ လျှပ်ပေါ်တယ်လို့ ထင်ကြတယ်။ မျက်နှာများတယ်လို့ မဲ့ချင်ကြတယ်။ အုံ့ပုန်းလို့ ထင်ကြတယ်။ အမှန်ကတော့ မေလွင့်သူငယ်ချင်းဟာ အုံ့ပုန်းလဲ မဟုတ်ဘူး။ လျှပ်ပေါ်တာမျိုးလဲ မရှိဘူး။ မျက်နှာလဲ မများဘူး။ ရိုးတာ၊ အ,တာ၊ သဘောကောင်းတာ . . .''

ခင်မေလွင်သည် စင်သီယာ၏ ဇာတ်လမ်းကို ပြောပြသည်။





လွန်ခဲ့သော နှစ်အစိတ်ကျော်လောက်က စင်သီယာသည် ထိုခေတ်က သခေါင်ကျော်စား ရရှိသည့် အရာရှိကြီးတစ်ယောက်၏ တစ်ဦးတည်းသော သမီးဖြစ်၏။ အဖေကရော အမေကပါ သူတို့သမီးချောကလေးကို အရိပ်တကြည့်ကြည့်နှင့် ဖြစ်ခဲ့ကြသည်။ ပ,ဟ,မ ဒုတိယနှစ်ရောက်၍ နှစ်တစ်ဝက် ကျောင်းပိတ်ခါနီးတွင် စင်သီယာသည် အိမ်က ကားမောင်းသည့် ဒရိုင်ဘာကလေးနှင့် လိုက်ပြေးသည်။

စင်သီယာ၏အဖေ စိတ်ဆိုးလိုက်သည်မှာ ဆိုဖွယ်မရှိတော့။ ဖေဖေသည် သူချစ်သောသမီးကို စိတ်နာလွန်းသဖြင့် အမွေပြတ်ကြော်ငြာတို့ ဘာတို့ပင် မထည့်။ သမီးကွယ်လွန်ကြောင်းကို သတင်းစာများတွင် ကြော်ငြာထည့်ခဲ့သည်။

မေမေက ကန့်ကွက်သည်ကိုပင် ဖေဖေလက်မခံ။ ဖေဖေသည် အချစ်ကြီးနိုင်သလောက် အမုန်းကြီး မုန်းနိုင်သူဖြစ်သည်။ အရာရှိကြီးသမီး ကောလိပ်ကျောင်းသူ စင်သီယာသည် သတ္တိကောင်းကောင်းဖြင့် ဘဝကို ရင်ဆိုင်ခဲ့သည်။ သို့ရာတွင် စင်သီယာသည် သတ္တိကောင်းသလောက် အကျိုးမခံစားရပါ။ သူ့ယောကျ်ား ဒရိုင်ဘာလေးသည် ချစ်စခင်စတွင်သာ အကြင်နာ အယုအယတွေ ပြသော်လည်း နောက်ပိုင်းတွင် ဇာတိပြကာ အရက်သောက်၊ ဖဲရိုက်စသည့် အလုပ်တွေကို လုပ်လာသည်။ ရသည့် ဒရိုင်ဘာလခကိုပင် စင်သီယာကို မအပ်တော့။

''စဉ်းစားကြည့်ပါ ဆရာ၊ အရာရှိကြီးသမီး၊ ကောလိပ်ကျောင်းသူက အချစ်ကို ယုံစားပြီး ဒရိုင်ဘာနောက် ကောက်ကောက်ပါအောင် လိုက်ခဲ့တယ်။ ရွှေတောင်ကြားလို ရပ်ကွက်မှာနေ၊ မော်တော်ကားစီး ကျောင်းတက်နေရတဲ့ ဘဝက ကမာရွတ်ဘူတာသံလမ်းနားက အခန်းကလေးထဲကို လိုက်သွားတာဟာ နည်းတဲ့ သတ္တိလားဆရာ။ တူနှစ်ကိုယ်တဲအိုပျက်မှာ နေရဆိုတာလိုပေါ့။ ဒါပေမဲ့ အဲဒီတုန်းက မေလွင် သူ့ကို သိပ်စိတ်ဆိုးတယ်။ ဒီလောက်တောင် မိုက်ရသလားဆိုပြီး သူ့ကို တစ်နှစ်လောက် စကားမပြောဘူး။ ငါ့ဆီလဲ မလာခဲ့နဲ့လို့ ပြောလွှတ်လိုက်တယ်။ မေလွင်က ဒရိုင်ဘာကိုယူလို့ စိတ်ဆိုးတာ မဟုတ်ပါဘူး။ အချစ်ရေးမှာ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိတယ်ဆိုတာကို မေလွင် လက်ခံပါတယ်။ လူတန်းစားတွေဘာတွေလဲ မခွဲပါဘူး။ ဒါပေမဲ့ သူ့ယောကျ်ားက သားမှတ်မှတ် မယားမှတ်မှတ် မပေါင်းဘူး။ ဒီအထဲမှာ သူ့ကို အရက်မူးပြီး ရန်ရှာတာတို့ ရိုက်တာတို့ရှိသေးတယ်။ ဒါကို ဒီလောက် သည်းခံရမလားဆိုပြီး မေလွင် စိတ်နာတာပါ . . .''



www.burmeseclassic.com

www.burmeseclassic.com



စင်သီယာသည် ဒရိုင်ဘာကလေးနှင့် တစ်နှစ်လောက်သာ ပေါင်းလိုက်ရသည်။ ထိုအတောအတွင်းတွင် စင်သီယာ၏ ဖေဖေသည် ကွယ်လွန်သွားခဲ့၏။ ဖေဖေဆုံးသည့်အခါ မေမေက ပြန်ခေါ်၏။ စင်သီယာသည် သူ့ယောက်ျား နှိပ်စက်သည့်ဒဏ်ကို မခံနိုင်တော့။ သူ့အမှားကိုသိသည့်တိုင် ပြင်မရတော့ပြီ။ ထို့ကြောင့် ကိုယ့်အမှားဒဏ်ကို ကိုယ်ခံတော့မည်ဟုဆိုကာ သူ့ယောက်ျားကို အောင့်အည်းသည်းခံပေါင်းခဲ့သည်။ မိဘဆီပြန်လျှင် ဖေဖေကလည်း လက်ခံမည်မဟုတ်တော့။ သူ့ကို ကွယ်လွန်အနိစ္စရောက်ပြီဟု ကြေညာခဲ့သည်မဟုတ်လော။

ဖေဖေ့အသုဘတွင် စင်သီယာသည် အိမ်နှင့်ပြန်၍ အဆက်အသွယ်ရလာခဲ့ကာ အဝင်အထွက်လုပ်လာနိုင်ခဲ့သည်။ စင်သီယာသည် ကိုယ့်အမှားဖြစ်သည့်အတွက် သူ့အိမ်တွင်းရေးကို မေမေ့ကိုဘာမျှပြန်မပြောခဲ့။ သို့ရာတွင် သူ့နှိပ်စက်သည့်ဒဏ်ကိုမူ မခံနိုင်တော့ပြီ။ မေမေက ရိပ်မိသွားကာ သူ့သမီးကို ပြန်ခေါ်သည်။ သူ့ယောက်ျားဒရိုင်ဘာသည် ကုန်ကူးသွားမည်ဆိုကာ ထွက်သွားရာမှ ပြန်မလာတော့။ ဤတွင် စင်သီယာသည် မေမေ့ဆီသို့ ပြန်ရောက်လာခဲ့သည်။

ဖေဖေဆုံးသည့်အခါတွင် မေမေ့တွင် ဘာမျှထုပ်ထုပ်ထည်ထည် မကျန်ရစ်ခဲ့။ ခေတ်မီ တစ်ထပ်တိုက်ကလေးတစ်လုံးသာ ကျန်ရစ်ခဲ့သည်။ ဤတွင် သူတို့အိမ်ကလေးကို သံရုံးအရာရှိတစ်ယောက်ကို ငှားပြီး သူတို့သားအမိက နောက်ဖေးက ကားရုံသာသာ အိမ်ကလေးတစ်ဆောင်တွင် နေကြသည်။ ဖေဖေရသည့် ပင်စင်ကလေးနှင့် အိမ်လခပေါင်းလျှင် သူတို့သားအမိနှစ်ယောက် ကောင်းကောင်းနေနိုင်   ည်။

"စင်သီယာကျောင်းပြန်မတက်တော့ဘူး ဆရာ။ သူတို့ အိမ်မှာနေတဲ့ နိုင်ငံခြားသားသံရုံးအရာရှိက သူတို့သံရုံးမှာ အလုပ်သွင်းပေးတယ်။ အဲဒီ သံရုံးမှာ အလုပ်လုပ်တဲ့ တစ်နှစ်လောက်အတွင်းမှာ ပါတီတို့ ဘာတို့သွားရာက အစ သံအရာရှိနဲ့ ရင်းနှီးလာခဲ့တယ်။ တိုတိုပြောရရင် သံအရာရှိနဲ့ဖြစ်ပြီး ကလေးလေးတစ်ယောက် ရလိုက်တယ်။ ကပြားကလေး။ ခုဆို လေးနှစ်လောက်ရှိပြီ။ အဲဒီတုန်းကလဲ မေလွင် သူ့ကို ဆူတယ်။ ခြောက်လလောက် အဆက်ဖြတ်ထားလိုက်တယ်။ ဒါပေမဲ့ မေလွင့်သူငယ်ချင်းဟာ သိပ်သဘောကောင်းတယ်မဟုတ်လား ဆရာ။ ကြာတော့ မေလွင် သူ့ကို သနားလာတယ်။ သူ့ကို ပြောရင် ဆူရင် ဘာမှမပြောဘူး။ မျက်ရည်တွေဝဲပြီး ငါမှားတာကို





ပြောပါဆိုပြီး စင်းခံတယ်။ စုံစမ်းကြည့်တော့ သူ့ကောင်က ဟိုမှာ မယားကြီးနဲ့တဲ့။ မြန်မာပြည်ရောက်တုန်း အပျော်ယူထားလိုက်တာပေါ့ ဆရာရယ်။ ဘယ်မှာ အတည်ယူမှာလဲ။ ဒီကောင်တွေက ဒီလိုပဲမဟုတ်လား။ မေလွင်ပြောတာ ရှင်းသွားရင် ဆရာ ခွင့်လွှတ်နော်။ သူ့ကောင်နဲ့ တစ်နှစ်ကျော်ကျော်လောက် ပေါင်းပြီး ကလေးလေး အခါလည်သားလောက်ရောက်တော့ ဟိုကောင် ပြန်သွားရတယ်။ သူ့ကိုခေါ်မယ် ဘာမယ်နဲ့ ကတိပေးသွားခဲ့တာပေါ့။

"ပြန်ရောက်ခါစတုန်းကတော့ စာတို့ ဘာတို့လဲ လာတယ်။ ပစ္စည်းတို့ဘာတို့လဲ ပို့ပေးတယ်။ ခေါ်ဖို့စီစဉ်နေတဲ့ အကြောင်းလဲ ပါတယ်။ ဒါပေမဲ့ နည်းနည်း ကြာလာတော့ စာအဆက်အသွယ်လဲ ကျဲသွားတယ်။ နောက်တော့ လုံးလုံးတောင် မလာတော့ဘူး။ သူကတော့ သူ့ကောင် လာခေါ်မှာပဲလို့ ထင်နေတုန်းပဲ။ ဟိုကောင်က သူ့ကို တကယ်ချစ်တာလို့ ယုံစားနေတုန်းပဲ။ သူတို့မှာ ဘယ်မှာအချစ်တွေ ဘာတွေရှိမှာလဲ ဆရာ။ ခုဆိုရင် ဟိုကောင်ပြန်သွားတာ သုံးနှစ်ကျော်သွားပြီ။ သူ့မှာသာ သားတစ်ယောက် တိုးလို့တွဲလောင်းနဲ့ ကျန်ရစ်ခဲ့တာ။

"မေလွင့်သူငယ်ချင်းဟာ သဘောကောင်းတယ်။ ရိုးသားတယ်။ ကူညီချင်တယ်။ လူတိုင်းနဲ့သင့်မြတ်တယ်။ အပေါင်းအသင်းအပေါ်မှာဆိုရင်လဲ အနစ်နာခံတယ်။ မေလွင့်သူငယ်ချင်းဟာ ယောက်ျားနှစ်ယောက်နဲ့ ကလေးတစ်ယောက်ရခဲ့ပြီ။ ဘဝ ပျက်ခဲ့ရပြီလေ။ ဒါပေမဲ့ မေလွင့်ကို ငိုပြီး ရင်ဖွင့်ဖူးတာ တစ်ခါပဲ ရှိသေးတယ်။ သူခံစားနေရတာကို ဘယ်သူ့ကိုမှ ဖွင့်မပြောဘူး။ တချို့သူငယ်ချင်းတွေကတော့ သူ့ကို အထင်သေးကြတယ်။ မေလွင်ကတော့ သူ့ကို အထင်မသေးပါဘူး။

"မှားတော့မှားခဲ့တာပေါ့လေ။ ဒါပေမဲ့ မေလွင့်သူငယ်ချင်းဟာ သဘောကောင်းလွန်းလို့ ဒီလိုဖြစ်ရတာလို့ပဲ ယူဆတယ်။ သူ့အစား ယောက်ျားတွေကိုလဲ မေလွင်မုန်းတယ်။ မိဖြူ နှင်က သိပ်သဘောကောင်းလွန်းတယ်။ လောက်မကောင်းရဘူး။ လူတွေက ကိုယ့်လိုချည်းမဟုတ်ဘူးလို့ မကြာခဏ ဆူရတယ်။ ခုလဲ သူ နောက်ဖေးမှာပဲ ချက်ပြုတ်နေတယ်။ အိမ်ရှေ့ကို သိပ်မထွက်ဘူး။ လူရှင်းတော့မှ ထွက်လာတာ။ နှလုံးကောင်းတော့ ဘာဖြစ်တယ်ဆိုတဲ့ စကားအစား မိန်းကလေးများ နှလုံးကောင်းရင် ကံဆိုးတတ်တယ်လို့ မေလွင် ပြင်ချင်တယ်။ မေလွင့်သူငယ်ချင်းအကြောင်း မေလွင် သိတာပေါ့ ဆရာ"

www.burmeseclassic.com



ကြက်သားဟင်းနှင့် ပလာတာရောက်လာသဖြင့် စားသောက်ပြီး အချိုပွဲတွေ ရောက်လာပြန်သည်။ အချိုပွဲက အစုံ၊ ကျောက်ကျော၊ ဆနွင်းမကင်း၊ မုန့်ကုလားမည်း၊ လက်ဖက်သုပ် ချဉ်ချဉ်၊ ငန်ငန်၊ စပ်စပ်။

''ဒါတွေလဲ မဖြူလုပ်တဲ့ မုန့်တွေလေ။ သားလေးကို အမေနဲ့ထားခဲ့ပြီး မနေ့ညကတည်းက လာအိပ်ပြီးလုပ်နေတာ။ မဖြူ နှင့်အကြောင်းကို ငါ့ဆရာကို ပြောပြီး သီချင်းတစ်ပုဒ်လောက် အစပ်ခိုင်းချင်လိုက်တာလို့ ပြောတော့, ပြောလိုက်လေတဲ့။ အဲဒါသာကြည့်တော့။ မေလွင့်သူငယ်ချင်းမှာ ဟန်ဆောင်တာတို့ ဘာတို့လဲ မရှိဘူး။ တကယ့်ကို အရိုးခံ၊ ကိန္နရာချောင်းခြား ပတ်ပျိုးထဲက သဖြန်စာသားကို သူ သိပ်သဘောကျတယ်။ သူက မြန်မာစာတော့ သိပ်နားမလည်ပါဘူး။ ဒါပေမဲ့ မေလွင်က အဓိပ္ပာယ်ပြောပြတော့ သူ သဘောကျနေတယ်''

ကျွန်တော်က သက်ပြင်းတစ်ချက်ကို ချလိုက်ရင်း –

''အင်း . . . စိတ်မကောင်းစရာပေါ့နော်၊ သဘောကောင်းတဲ့ မိန်းမချောတွေဟာ ကံဆိုးမိုးမှောင်နဲ့ ကြုံရတယ်လို့ မေလွင်ပြောတာကို ကျွန်တော်တောင် ထောက်ခံချင်လာပြီ။ ဘဝဆိုတဲ့ ပုလဲသွယ်က ကြိုးကလေးပြတ်သွားတဲ့အခါကျတော့ ပုလဲလုံးကလေးတွေဟာ တကွဲစီ လွင့်စဉ်သွားကြသလိုပေါ့''

အချိန်လင့်သဖြင့် ကျွန်တော်သည် ထိုင်ရာမှထ၏။ ဆရာ့ကို နှုတ်ဆက်ဖို့ မှာ၏။ ကျွန်တော် ပြန်ခါနီးတွင် မေလွင်က ခေါ်သဖြင့် စင်သီယာလည်း ထွက်လာကာ ကျွန်တော့်ကို တံခါးပေါက်အရောက် လိုက်ပို့နှုတ်ဆက်သည်။ ကျွန်တော်သည် ကားကို စက်နှိုး၍ ခင်မေလွင်တို့ ခြံထဲမှထွက်လာခဲ့၏။ ကားမောင်းရင်း ကိန္နရာချောင်းခြားပတ်ပျိုးထဲမှ သဖြန်အဆုံးပိုဒ်သည် ကျွန်တော့် ရင်ထဲသို့ တိုးဝှေ့တိုက်ခတ်လာ၏။

''သွင်းလေဆောင်၊ စုံကျေးသည်မြိုင်ချောင်ကား၊
နီးလွယ်အောင် ကြဲတော်ကြပ်ပါ့၊
လေးပါးနတ်မျှုး . . . လေးပါး နတ်မျှုး . . . လေးပါး နတ်မျှုး . . .''

■

ရင်ခုန်ပွင့်
ဇန်နဝါရီ၊ ၁၉၈၈

# ခင်ဝတီ ဒုတိယအကြိမ်ရင်ခုန်ခြင်း

သည်အကြိမ်သည် စာရေးဆရာမ ခင်ဝတီ ပထမဆုံးအကြိမ် လိုက်ဖူးသော [illegible]ဆိုတော် ဟောပြောပွဲဖြစ်လေသည်။ ခင်ဝတီ စာရေးဆရာမရယ်လို့ ဖြစ်[illegible]လာသည်မှာ လေးငါးနှစ်ပင် မပြည့်တတ်သေး။

ပထမတုန်းကတော့ ခင်ဝတီသည် နည်းနည်းပါးပါး စာဖတ်ဝါသနာ[illegible] သို့ရာတွင် စာရေးဖို့ စာရေးဆရာမဖြစ်ဖို့ကမူ တစ်ခါမျှ စိတ်မကူး[illegible] [illegible]တစ်ခါတွင် အမျိုးသမီး ဂျာနယ်ဝတ္ထုစဉ်ဟု ခေါ်သော စာစောင်မှ အင်္ဂလိပ်[illegible]ဝတ္ထုကလေး တစ်ပုဒ်ကို ကြိုက်သဖြင့် မြန်မာလိုမှီး၍ ရေးလိုက်ရာ [illegible]ကြိုက်များသွားပြီး ဝတ္ထုရေးဖြစ်သွားသည်။

သို့ရာတွင် တက္ကသိုလ်ကျောင်းမှာ လက်ထောက်ကထိက ဖြစ်နေသည့်[illegible]အတွက် ဝတ္ထုကောင်းကောင်း ရေးချိန်မရ။ အားလပ်သည့်အချိန်ကလေးများ[illegible]သာ ကြိုကြား ကြိုကြား ရေးရသည်။ ရေးသမျှ ဝတ္ထုကလေးတွေ [illegible]ကြိုက်များလာသည့်အတွက် မဂ္ဂဇင်းများ၊ ပုံနှိပ်ထုတ်ဝေသူများက စာမူတွေ [illegible]တောင်းကြသည်။

ခင်ဝတီသည် နေ့ချင်းညချင်း အောင်မြင်သွားသော သူ့အဖြစ်ကိုကြည့်[illegible] သူ့ကိုယ်သူပင် မယုံနိုင်။ စာရေးဆရာလုပ်ရတာ ဘာခက်လို့လဲဟုလည်း [illegible]သွားသည်။ လေး ငါးခြောက်အုပ်လောက် ရေးပြီးသည့်အခါတွင် ခင်ဝတီ[illegible]သည် ထိပ်တန်းစာရေးဆရာမကြီး ဖြစ်သွားလေပြီ။

ဝတ္ထုတစ်ပုဒ်ကို တစ်လမျှသာရေးရလေရာ တစ်လကို သောင်း[illegible] [illegible] ငွေရေးကြေးရေးအရ တော်တော်တွက်သားကိုက်သော အလုပ်ဟု [illegible]သည်။

ငွန်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အစတွင် သူ့ခင်ပွန်း ဦးကိုကိုက ဝတ္ထုရေးသည်ကို လှောင်သည်။ သူ့ကို စာရေးဆရာမကြီးဟု ပြောင်သလို နောက်သလို ခေါ်သည်။ သို့ရာတွင် ခင်ဝတီ၏ တစ်လတစ်လ ဝင်ငွေသည် အရာရှိကြီးလခဖြစ်သည့် သူ့လခထက် ဆယ်ဆနီးပါးရနေသည့်အခါတွင် ဦးကိုကိုသည် သူ့ကို မလှောင်ရဲတော့ပြီ။ တစ်ခါတလေ စာမူကိုပင် သူကိုယ်တိုင် ကားမောင်း၍ သွားပို့ဖော်ရနေလေပြီ။

ခင်ဝတီဖို့ မြန်မာလိုမိုး၍ကောင်းသည့် အမျိုးသမီးဂျာနယ် ဝတ္ထုစဉ်များကို စာအုပ်အဟောင်းဆိုင်များတွင် လိုက်ရှာပေးဖော်ရနေပြီ။ သူနိုင်ငံခြားသွားလျှင်လည်း မြန်မာလိုမိုး၍ ကောင်းမည့် အပေါ်စား ဝတ္ထုစာအုပ်ကလေးများကို ဝယ်လာဖော်ရနေလေပြီ။

''တစ်လတစ်အုပ်ဆိုတော့ နည်းနေတယ်၊ ဝတီ စာများများရေးနိုင်အောင် အလုပ်ကထွက်လိုက်ပါလား၊ ဝတီရဲ့အေအယ်လခက ဘယ်လောက်များ ရမှာမို့လဲ၊ အင်ဖ်လစ်နဲ့ပင်စင်ယူလိုက်ပေါ့''

ဦးကိုကိုက တိုက်တွန်းသည်။ ခင်ဝတီသည် ခြေသည်းတွင်ဆိုးထားသည့် ဆိုးဆေးများကို ဖျက်နေရာမှ . . .

''အို . . . ကိုကိုကလဲ ဘာဖြစ်လို့ အလုပ်ကထွက်ရမှာလဲ၊ ကျောင်းမှာ ဝတီက သိပ်အလုပ်လဲ ရှိတာမှမဟုတ်တာ။ စာသင်တဲ့ နေရာကနေပြီး တခြားဖက်ကို ပြောင်းလျှောက်ပြီးရင် သိပ်လဲ အလုပ်တာဝန် ကြီးတော့မှာ မဟုတ်ဘူး။ စာရေးချိန်လဲ ပိုရလာမယ်။ လခကတော့ ဒီလောက် မက်စရာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဂုဏ်သိက္ခာက ရှိသေးတယ်ရှင့်။ မြန်မာပြည်မှာ စာရေးဆရာဆိုတာ ဘယ်သူကမှ အထင်ကြီးကြတာ မဟုတ်ဘူး။ လမ်းမပေါ်က လူလောက်ပဲ သဘောထားကြတာ။ ဒီတော့ အေအယ်အလုပ်ကလေးကို ဆက်လုပ်နေရဦးမယ်။ နောက်သုံးနှစ်လောက်ဆိုရင် လက်ချာရာ ဖြစ်မယ်။ လခက မမက်လောက်သည့်တိုင် ဂုဏ်ရှိတာပေါ့။ စာရေးတာကတော့ ငွေကြေးအတွက်ပေါ့။ ကိုကိုပဲ တိုယိုတာဆီလီကာ တစ်စီး လိုချင်တယ်ဆို''

''အမယ်လေး မိန်းမရာ၊ တိုယိုတာဆီလီကာ ကတော့ ဈေးကြီးလွန်းပါတယ်။ ကိုယ့်မိန်းမ အပင်ပန်းခံပြီး ရှာတဲ့ငွေနဲ့ မစီးရက်ပါဘူး။ အက်စ်အီးတစ်စင်း လတ်လတ်ဆိုရင် တော်ပါပြီ''

''နေစမ်းပါဦး။ ဟိုတစ်နေ့က ကိုကိုဖတ်ထားတဲ့ အမျိုးသမီးဂျာနယ် ဝတ္ထုစဉ်ထဲက ဝတ္ထုတိုကလေးက ဇာတ်လမ်းကို ပြောမယ်ဆို။ ပြောစမ်းပါဦး။ မြန်မာလိုရေးလို့ ကောင်းရင် ရေးရအောင်''





''အို . . . သိပ်ကောင်းတာပေါ့။ ကောင်မလေးက လုပ်ငန်းရှင်ကြီးတစ်ယောက်ရဲ့သမီး၊ ရည်းစားက သူ့ကိုစွန့်ပစ်သွားတော့ ယောကျ်ားတွေကို မုန်းသွားတယ်။ စိတ်ညစ်ညစ်နဲ့ ကိုယ့်ကားကို ကိုယ်မောင်းပြီး ဖလော်ရီဒါမှာရှိတဲ့ သူ့အဒေါ်ဆီကို ထွက်လာတယ်။ လမ်းမှာကားပျက်တော့ ကောင်လေးတစ်ယောက် ကားပြင်ပေးတယ်၊ အဲဒီကောင်လေးကလဲ ကိုယ်ပိုင်ကားနဲ့ပဲ။ သူက တိရစ္ဆာန်ဆရာဝန်ကလေး။ သူနဲ့အသိအကျွမ်းဖြစ်သွားကြပြီး နောက်ကျတော့ မွေးမြူရေးခြံထဲ ရောက်သွားကြတယ်။ ဟိုရောက်တော့ တိရစ္ဆာန်တွေကို ချစ်တတ်တဲ့ တိရစ္ဆာန်ဆရာဝန်လေးနဲ့ ချစ်သွားကြတယ်။ ယောကျ်ားမုန်းသူတစ်ဦးဖြစ်တဲ့ ကောင်မလေးဟာ သူချစ်သူနဲ့ပေါင်းသွားရတယ်။ ဇာတ်လမ်းကတော့ ဒါပါပဲ။ ဒါပေမဲ့ မြန်မာလိုမိုးဖို့ဆိုရင်တော့ နည်းနည်းခက်မယ်ထင်တယ်''

ခင်ဝတီက ခြေသည်းကို ငုံ့ပြီး ဆေးရောင်အသစ်ပြောင်းဆိုးနေရာမှ သူ့ကို မျက်စောင်းတစ်ချက်ထိုးလိုက်ကာ . . .

''ကိုကိုဟာ တော်တော်လေး ခက်သေးတာပဲ၊ ဒါများ ဘာခက်တာလိုက်လို့၊ ကောင်မလေးက မိုးကုတ်သူဌေးသမီး။ ကိုယ်ပိုင်ကား သုံးလေးစီးရှိတယ်။ ကိုယ်တိုင်ကားမောင်းတတ်တယ်။ ခေတ်ဆန်တယ်၊ ရည်းစားဟောင်းက စွန့်ပစ်လိုက်တဲ့အခါကျတော့ ယောကျ်ားတွေကို မုန်းသွားတယ်၊ သူ့ကို လာပြီးပိုးပန်းတဲ့ ယောကျ်ားလေးတွေကို ဘုကြီးပဲ ပြောလွှတ်နေတယ်။ ဒီနေရာက ဇာတ်လမ်းကို ဖမ်းမယ့်အခန်းပေါ့။ ကိုယ့်ကိုလာပိုးတဲ့ ကောင်လေးတွေကို ဘယ်လိုဘုပြောရတယ်ဆိုတာကို စကားလုံးကောင်းကောင်း။ အယ်ပီဆိုကောင်းကောင်းနဲ့ ရေးပြနိုင်ရင် ကောင်မလေးတွေ အရမ်းခိုက်မယ့်အခန်းပေါ့။ ဒီတော့ ကောင်မလေးက သူ့အိမ်မှာရှိတဲ့ တိုယိုတာဆီလီကာကို မောင်းပြီး စိတ်ညစ်ညစ်နဲ့ ထွက်လာမယ်''

''တိုယိုတာဆီလီကာက သိပ်ဈေးကြီးတယ် အမိရဲ့၊ ခြောက်ခွန်းလောက် ရှိတယ်''

''မိုးကုတ်ကျောက်တွင်း သူဌေးကြီးရဲ့ သမီးလေ ဆရာကြီးရဲ့၊ ဒီလောက်တော့ ဘာဖြစ်လို့ မစီးနိုင်ရမှာလဲ၊ ကိုယ်မစီးနိုင်တဲ့အတူတူ ကိုယ့်ဝတ္ထုထဲက ဇာတ်လိုက်မင်းသမီးကို အစီးခိုင်းပစ်လိုက်မှာပေါ့ ဘာဖြစ်သလဲ''

''ဟုတ်ပါပြီဗျာ၊ စီးစေ . . . စီးစေ . . .''

''ကောင်မလေးက တိုယိုတာဆီလီကာကို ကိုယ်တိုင်မောင်းပြီး မိုးကုတ်



www.burmeseclassic.com

www.burmeseclassic.com



ကနေ မန္တလေးကို ဆင်းလာမယ်။ ပြီးတော့ မန္တလေးကနေပြီး မေမြို့က သူ့အဒေါ်ဆီကို ဆက်သွားမယ်။ ဒီလမ်းတွေမှာ ဒီလိုပဲ သွားနေကြတာ။ ဘာပြဿနာမှ မရှိဘူး''

''ကောင်မလေးက သိပ်လှမှာပဲနော် . . .''

''အရမ်းလှ၊ ချာလိစ်အိန်ဂျယ်ထဲက ဂျက်ကလင်းစမစ်တို့လို၊ ဖရာဖော ဆက်တို့လို ကြွရွနေရမယ်၊ လှနေရမယ်''

''အဝတ်အစားကကော . . .''

''အဝတ်အစားက ကင်ဖိုရှပ်တို့လို၊ ဒစ္စကိုဂျင်းတို့လို အင်္ကျီမျိုးနဲ့၊ ဂျင်း ဘောင်းဘီနဲ့၊ နှစ်ထောင်တန် နီကီဝေါ့ကင်းရှူးနဲ့''

''ဒါကတော့ ဝတီ လွန်လွန်းပြီကွာ၊ မြန်မာပြည်မှာ ဒါမျိုး သိပ်မဝတ်ကြ ပါဘူး''

ခင်ဝတီက သူ့ကို အထင်သေးသည့်ဟန်ဖြင့် မော့ကြည့်လိုက်သည်။

''ကိုကိုဟာ ဝတီထက် ဆယ်နှစ်ကြီးတယ်နော်၊ ခေတ်ရေစီးကြောင်းကို ဘာမှမသိတဲ့ အဘိုးကြီး ဖြစ်နေပြီ။ နွေတုန်းက ဝတီတို့ ပလီကို သွားဖို့ လေဆိပ်ကို ဆင်းလာတော့ ဦးဝိစာရလမ်းပေါ်မှာ ကောင်မလေးတွေ လမ်း လျှောက်နေတာ မမြင်ဘူးလား။ နှစ်ထောင်ကျော်တန် အက်ဒီဒါစ် ဝေါ့ကင်းရှူး နဲ့ ဂျီကျူစပို့ရှပ်နဲ့။ ခုဝတီက သူတို့ထက် ခေတ်ဆန်အောင်ဆိုပြီး နီကီဝေါ့ကင်း ရှူးကို ဆင်ပေးထားတာ''

''အမယ်လေးလေး၊ ကိုယ့်မိန်းမ ဘယ်ဆိုးလို့တုံး၊ စာရေးဆရာမကြီး ဖြစ်မှ တော်တော်မြင်တတ်ကြည့်တတ်နေပါလား။ နောက်ကျရင် သူကိုယ်တိုင် တောင် သူ့ဇာတ်လိုက်မင်းသမီးတွေလို ဝတ်နေမလား မသိဘူး''

''ဝတီ ၃၈ နှစ်ပဲ ရှိသေးတယ်ရှင့်၊ ဝတ်လို့ စားလို့ ကောင်းတုန်း။ ခုသာ မြန်မာပြည်မှာ ဖြစ်နေလို့ရယ်၊ ဆရာမဖြစ်နေလို့ရယ်၊သမီးရှစ်တန်း ကျောင်းသူကြောင့်ရယ် မဝတ်ပဲနေရတာ။ အမေရိကားတို့ ဘာတို့မှာဆိုရင် ဝတီတို့ထက် ကြီးတဲ့သူတွေတောင် ဝတ်နေကြတာပဲ။ တစ်နေ့က ကိုကိုပဲ အမေရိကန် စာရေးဆရာမ ဂျက်ကီကောလင်းရဲ့ ပုံကိုကြည့်ပါလား၊ ဘယ် လောက်နုသလဲ၊ ငါးဆယ်ကျော်နေပြီ၊ နုတုန်း လှတုန်းပဲ''

''ထားပါတော့၊ ဒီတော့ ဝတီရဲ့ဇာတ်လိုက်မင်းသမီးကလေးက တိုယို့ တာကာဆီလီကာကို ကိုယ်တိုင်မောင်းပြီး မေမြို့ကို တက်မယ်ပေါ့''

''ဟုတ်တယ်၊ ၂၂ မိုင်ရောက်တော့ ကားပျက်မယ်။ သူ့ကို အချို့





ကောင်လေးတွေက ဝိုင်းလှောင်မယ်။ ဒီတုန်းမှာ ဇာတ်လိုက်ကောင်လေးက ယာမာဟာ မော်တော်ဆိုင်ကယ်ကိုစီးပြီး တက်လာတော့ ကားပျက်တာ တွေ့ ပြီး ဝင်ပြင်ပေးမယ်၊ သူ့ကို လှောင်နေတဲ့ ကောင်လေးနဲ့လဲ တစ်ပွဲနှစ်ပွဲ လောက် ဖိုက်လိုက်မယ်။ ပြီးတော့မှ . . .''

''မင်းသမီးက တိုယိုတာဆီလီကာနဲ့၊ မင်းသားကျတော့ ယာမာဟာ ဆိုင်ကယ်နဲ့ဆိုတော့''

''ကိုကိုဟာ ဒါကြောင့် စာရေးဆရာမဖြစ်တာ၊ ဇာတ်လိုက်မင်းသမီး က မိုးကုတ်သူဌေးသမီး၊ ဇာတ်လိုက်မင်းသားက သာမန်တိရစ္ဆာန်ဆရာဝန် ကလေး၊ သူဌေးသားမဟုတ်ဘူး။ ကိုယ်ပိုင်အရင်းအနှီးကလေးရှာပြီး မေမြို့ အလွန်မှာ နောင်ချိုတို့ ဘယ်တို့မှာ မွေးမြူရေးလုပ်နေတာ၊ သစ္စာပန်းတွေ စိုက်နေတာ၊ ဒီတော့ သူ့ကို ကားအကောင်းစားကြီးကို အစီးခိုင်းလို့ ဘယ်ဖြစ် မလဲ''

''ပြီးတော့ ချစ်သွားကြရောဆိုပါတော့''

''ဒါပေါ့၊ ချစ်သွားကြတာပေါ့၊ သူတို့နှစ်ယောက် မေမြို့မှာ မကြာခဏ တွေ့ပြီး လျှောက်လည်ကြမယ်၊ ရုက္ခဗေဒဥယျာဉ်ကို သွားမယ်၊ ဝတ်ရှင်းခဲ့လ် မှာ ပိုက်ဆံပြားကလေးတွေ ပစ်ထည့်ပြီး ချစ်ဆုတောင်းတွေ တောင်းကြမယ်၊ ရုက္ခဗေဒဥယျာဉ်ထဲက ခရစ္စသီမန် ပန်းပွင့်တွေ ကျူလစ်ပန်းပွင့်တွေကြားထဲမှာ တစ်ယောက်လက် တစ်ယောက်တွဲပြီး ချစ်စကားတွေ ပြောကြမယ်၊ ချစ်အနမ်း တွေ ဖလှယ်ကြမယ်၊ ဘီအီး ရေတံခွန်ကိုရောက်တော့ ရေတံခွန်တွေနားမှာ တစ်ယောက်ကိုတစ်ယောက် ချစ်ရေစင်တွေနဲ့ ပက်ဖျန်းပြီး ချစ်ကြည်နူးကြမယ်၊ စတော်ဘယ်ရီသီးစိတ်ကလေးတွေကို တစ်ယောက်ပါးစပ်မှာ တစ်ယောက်ခွံ့ရင်း ချစ် အပြုံးတွေကို ပြုံးကြမယ်၊ လိမ္မော်သီးစားရင်း ရယ်ရတယ် ဆိုတဲ့ သီချင်းထဲက လိုပေါ့''

''ဝတို့ဝတ္ထုကို မဖတ်ရသေးဘူး၊ နားထောင်ပြီး ကိုကိုတောင် ပျော်ချင် လာပြီ''

''ဝတ္ထုဆိုတာ ဒီလိုပျော်စရာကောင်းပြီး ဒီလိုကြည်နူးစရာ ကောင်းနေ ရမှာပေါ့ မဟုတ်ဘူးလားလို့''

''ဟုတ်တာပေါ့၊ သိပ်ဟုတ်၊ ဒီလိုနဲ့ညားပြီး ဝတ္ထုဆုံးသွားရောဆိုပါတော့''

''အို ဘယ်ဒီလိုနဲ့ဝတ္ထုဆုံးသွားရမှာလဲ၊ ဒီအတိုင်းရေးရင် ဒီစာရေးဆရာမ တော့ လျှောက်ရေးနေတာလဲဟဆိုပြီး ပြောကြမှာပေါ့။ ဒီတော့ သူတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ကွဲပေးရမယ်၊ သူ့ကို ကောင်မလေးကို စွန့်ပစ်သွားတဲ့ ဟိုလူက''

''ပထမ ရည်းစားလား''

''ဟုတ်တယ်၊ ပထမရည်းစား။ ဒါပေမဲ့ သူက သူ့ထက် အသက်နည်းနည်းကြီးတယ်လေ''

''ကိုကို့လိုပေါ့''

''ကိုကိုကလဲကွာ . . . သိပ်နောက်တာပဲ၊ သူများက အကောင်းပြောတာ၊ ဒီလိုဆိုရင် မပြောတော့ဘူး''

''ကဲပါ . . . ပြောပါ''

''သူက လူကြီးတွေက သူတို့ချင်းပေးစားချင်တော့ သူဆီကိုလိုက်လာပြီး သူ့ကို မိုးကုတ်ကို ပြန်ခေါ်သွားတယ်၊ ကောင်မလေးက ငြင်းတယ်''

''ဒါကတော့ လွမ်းခန်းပေါ့''

''ဒါပေါ့၊ ရသစုံကို ပေးနိုင်ရမှာပေါ့၊ ဒီလူကြီးတွေက အတင်းစီစဉ်တော့ ကောင်မလေးက မေမြို့ကို ထွက်ပြေးလာမယ်၊ မေမြို့ရောက်တော့ ကောင်လေးရှိတဲ့ မွေးမြူရေးခြံကို သွားတယ်၊ ဟိုရောက်တော့ ကောင်လေးကို မတွေ့ရတော့ဘူး၊ သူ့တပည့်ကလေးနဲ့ပဲ တွေ့ရတော့တယ်၊ မေးကြည့်တော့ သူ့တပည့်ကလေးက အကျိုးအကြောင်းကို ပြောပြတယ်။ တိရစ္ဆာန်ဆရာဝန်ကလေးဟာ သူပေးခဲ့တဲ့ လက်ဆောင်ပစ္စည်းတွေ၊ ဓာတ်ပုံကလေးတွေ၊ စာတွေကို မီးရှို့ပြီး ရန်ကုန်ကိုပြန်ဖို့ ဒီနေ့ပဲ မန္တလေး ချမ်းမြသာစည် လေယာဉ်ကွင်းကို ဆင်းသွားတဲ့ အကြောင်း ပြောပြတယ်။ ဒါနဲ့ ကောင်မလေးက ကားကို ကိုယ်တိုင်မောင်းပြီး ချမ်းမြသာစည်ကို ဆင်းလိုက်လာတယ်၊ နာရီကိုကြည့်တော့ နာရီပြန် နှစ်ချက်ကျော်နေပြီ၊ လေယာဉ်ကို မီမှမီပါ့မလားနဲ့ တထိတ်ထိတ်စိုးရိမ်ပြီး ကားကို တရကြမ်းမောင်းလာခဲ့တယ်။ အောင်ပင်လယ် ကန်ပေါင်ရိုးရောက်တော့ သူ့ဆီကို လိုက်လာတဲ့ အရင်လူကို တွေ့တယ်၊ ဒါပေမဲ့ သူက ကားကို ရပ်မပေးဘူး၊ မန္တလေးမြို့ထဲကိုဝင်ပြီး ချမ်းမြသာစည်ကို အတင်းမောင်းလာတယ်၊ နောက်ကလူကလဲ အတင်းလိုက်တယ်''

''အဲဒီတော့ ဘယ်အချိန်လောက်ရှိပြီလဲ''

''လေးနာရီလောက် ရှိပြီပေါ့''

''လေယာဉ်ပျံကို မီပါတော့မလား''

''မီပါတယ်၊ ဒါက ဘာခက်တာမှတ်လို့၊ အဲဒီနေ့က ပါဆင်ဂျာတွေများလို့ ကလေးမြို့နဲ့မန္တလေးကို နှစ်ခေါက်လွန်းပျံဆွဲနေတယ်ပေါ့၊ ဒါကြောင့် ဒီနေ့





လေယာဉ်အတွက် နောက်ကျတယ်ပေါ့။ နောက်တော့ လေယာဉ်ကွင်းကိုရောက်တယ်၊ လေယာဉ်ကလူတွေကို ခေါ်နေပြီ၊ နောက်က လူကလဲလိုက်လာနေပြီ၊ ဒီတုန်းမှာ ကောင်လေးနဲ့ သွားတွေ့တယ်၊ ကောင်မလေးကပြောစရာရှိတာတွေ လေယာဉ်ပေါ်ရောက်မှ ပြောမယ်ဆိုပြီး ကောင်လေးနဲ့လေယာဉ်ပေါ်တက်လိုက်လာခဲ့တယ်''

''ဟင် . . . လေယာဉ်ပျံက လက်မှတ်မှမရှိတာ ဘယ့်နှယ်လုပ်တက်နိုင်ရမှာလဲ၊ နှစ်ရက် သုံးရက် တန်းစီဝယ်တာတောင် လေယာဉ်လက်မှတ်ကရှားချင်မှရတာ''

ခင်ဝတီက သူ့ကို သနားသလို ကြည့်လိုက်သည်။

''ကိုကိုဟာ တော်တော်ခက်ပါလား။ တချို့ဝတ္ထုတွေမှာ ချစ်သူနှစ်ယောက် မြို့ကလေးတစ်မြို့တည်းမှာ နေပါလျက် အနှစ်ခြောက်ဆယ်လောက်တွေ့ကြဘဲ တစ်ယောက်ကိုတစ်ယောက် အထင်လွဲနေကြပြီး အသက်ခြောက်ဆယ်လောက်ကျမှ ပြန်ပေါင်းကြသေးတာပဲ။ ခုလဲ ဘာခက်တာမှတ်လို့၊ လေယာဉ်တက်ခါနီးတော့ လေယာဉ်ခရီးသည်တစ်ယောက် မလာဘူး။ အဲဒီနဲ့ ဂိုးရှိုးလက်မှတ်ကို ဝယ်ပြီး . . .''

''ဂိုးရှိုးလက်မှတ်ဆိုတာ ဘာလဲ''

''ဝတီလဲ သိပ်တော့မသိပါဘူး။ တစ်နေ့က ရုပ်ပြတစ်ခုတည်းမှာ ဟားမသိဘူး တွေ့လိုက်တယ်၊ လေယာဉ်တက်ခါနီး တစ်ယောက်ယောက်မလာလို့ သူ့လက်မှတ်နဲ့ တက်တာမျိုးကို ဂိုးရှိုးလို့ ခေါ်တယ်တဲ့၊ မဖြစ်နိုင်ဘူးလို့ မပြောနဲ့၊ ဒီခေတ်မှာ အားလုံးဖြစ်နိုင်တာချည်းပဲ''

''အင်း . . . နှံ့စပ်ပါပေတယ်ဗျ၊ ဒါကြောင့်မို့ နာမည်ကျော် စာရေးဆရာမကြီး ဖြစ်တာပဲ''

''ကိုကိုနော်၊ မနောက်နဲ့လို့ ဆိုနေ၊ ကဲ . . . တော်ပြီကွာ၊ စာရေးစရာတွေ ရှိသေးတယ်၊ ဒီနေ့ ကျောင်းအားတုန်း စာရေးရမှာ၊ နှစ်ဖောင်သုံးဖောင်တော့ ပြီးအောင် ရေးရမယ်၊ သန်းရီရေ . . . ငါ့ဖို့ နက်စ်တစ်အိုး ဖျော်ခဲ့၊ သံပရာသီးခြမ်း လေးငါးခြမ်းလောက်လဲ ပန်းကန်ပြားတစ်ချပ်နဲ့ ယူခဲ့၊ ဪ . . . ဆရာကြီး မင်္ဂလာဆောင်သွားစရာရှိတယ်ဆို၊ ဝတီတော့ နေမကောင်းလို့ မလိုက်တော့ဘူးလို့ ပြောလိုက်ပေတော့၊ မသွားခင် လေအေးစက်ကို ဖွင့်ပေးခဲ့ဦး၊ သူ့လေအေးစက်ကြီးကို ဒီက ဖွင့်တတ်တာမဟုတ်ဘူး''

သည်အကြိမ်သည် ခင်ဝတီအဖို့ ပထမဆုံးအကြိမ် လိုက်ဖူးသော



www.burmeseclassic.com

www.burmeseclassic.com



စာဆိုတော် ဟောပြောပွဲဖြစ်သည်။

သူ့စာရေးသက် ငါးနှစ်လောက်အတွင်းတွင် စာဆိုတော် ဟောပြောပွဲတွေ မကြာခဏ လာဖိတ်ကြသည်။ သို့ရာတွင် တစ်ကြိမ်မျှ မလိုက်ဖြစ်ခဲ့။ ကျောင်းအလုပ်ကလည်း ရှိသေးသည်။ ထို့ကြောင့် သူ မလိုက်ခဲ့ခြင်းဖြစ်သည်။ ထို့မှမက ခင်ဝတီသည် စာရေးဆရာတွေ၊ စာရေးဆရာမတွေနှင့် ရောနှောခြင်းမရှိ။ သူလိုပင် နာမည်ကျော် စာရေးဆရာတွေ၊ စာရေးဆရာမတွေ ရှိသော်လည်း အားလုံးမတွေ့ဖူးပါ။ နှစ်ယောက် သုံးယောက်လောက်ကိုသာ ခဏတစ်ဖြုတ် တွေ့ဖူးသည်။ တွေ့စရာအကြောင်းကလည်း သိပ်မရှိလှ။ သူကလည်း စာရေးဆရာတွေ၊ စာရေးဆရာမတွေနှင့် ရောရောဝင်ဝင်မနေ။

ယခုမူ စာရေးဆရာတွေ၊ စာရေးဆရာမတွေနှင့် သွားရန် ဟောပြောပွဲလာဖိတ်နေလေပြီ။ ယခင်က တစ်ခါမှ မလိုက်ခဲ့ခြင်းမှာ ကိုကိုလည်း ကောင်းကောင်းစိတ်မချခဲ့သောကြောင့် ဖြစ်သည်။

''စာရေးဆရာဆိုတာ လူပေါင်းစုံလို့ပါကွယ်၊ တချို့ပညာတတ်တွေရှိပေမဲ့ တချို့ကျတော့လဲ ကျောင်းတောင် ကောင်းကောင်း မနေဖူးဘဲနဲ့ စာရေးဆရာ ဖြစ်လာသူတွေ အများကြီးပဲတဲ့၊ တချို့လဲ ဆိုက်ကားသမားကနေ စာရေးဆရာဖြစ်လာတဲ့သူ၊ တချို့လဲ ညစောင့်လုပ်ပြီး စာရေးဆရာဖြစ်လာသူတွေရှိတယ်လို့ ကြားဖူးတယ်၊ လူပေါင်းစုံပါတယ်၊ မလိုက်ပါနဲ့'' ဟု ကိုကို တားတတ်သည်။

ဟုတ်သလောက်လည်း ဟုတ်သည်။ တချို့စာရေးဆရာများသည် အရက်သောက်တတ်ကြသည်ဟု ကြားဖူး၏။ စင်ပေါ်တွင် ဟောချင်ရာတွေ ဟောသည်ဟု ကြားဖူးသည်။ သူတို့ကတော့ အကြောင်းမဟုတ်။ သူတို့တစ်တွေ အရက်မူးပြီး စင်ပေါ်တွင် ကိုးရိုးကားရားတွေ ပြောသွားလျှင် မြို့ခံစာဆိုတော်ကျင်းပရေး ကော်မတီဝင်များမှာ မျက်နှာမပြရဲလောက်အောင် ဖြစ်ကျန်ရစ်ခဲ့သည်ဟု ခင်ဝတီ ကြားဖူးဖတ်ဖူးသည်။

ယခုနှစ်တွင်မူ နယ်စပ်ရှိ မြို့ကြီးတစ်မြို့က စာဆိုတော်ဟောပြောပွဲလာဖိတ်နေလေပြီ။ သူမ မလိုက်မည်စိုးသဖြင့် စာဆိုတော် ကော်မတီထဲမှ ခင်ဝတီနှင့် ကျောင်းနေဖက် အထက်တန်း ကျောင်းအုပ်ဆရာမကြီးကိုပင် ခေါ်လာခဲ့ကြသည်။

ခါတိုင်း ဘယ်စာဆိုတော်ပွဲကိုမျှ မလိုက်ဖူးသော ခင်ဝတီသည် ထိုနယ်စပ်မြို့ကြီးကိုမူ လိုက်ချင်သည်။ သွားရမှာကလည်း လေယာဉ်နှင့်သွားရမည်။





ဘာမျှ ပင်ပန်းခြင်းမရှိ။ အချိန်လည်း သိပ်မကုန်။ ထို့ပြင် ထိုမြို့မှာ တစ်ဖက်နိုင်ငံက ပစ္စည်းမျိုးစုံလည်း ဝယ်လို့ကောင်းသည်။ ညောင်ခံကျွေးမွေးသည်ကလည်း နိုင်ငံပီသည့်ခံသည့်ပုံမျိုး ဖြစ်သည်ဟု ကြားဖူးသည်။ ထို့ကြောင့် သည်တစ်ခေါက်လောက်တော့ ခင်ဝတီ လိုက်ချင်သည်။ အပြန်တွင် ထိုနယ်စပ်ကမြို့ကိုနောက်ခံထားပြီး ဝတ္ထုတစ်ပုဒ်လည်း ရေးချင်သည်။

သို့ရာတွင် သူတို့ရှေ့တွင် လိုက်ချင်ကြောင်းပြ၍မဖြစ်။ ကတ္တြေလေးတော့ ဆောင်ရဦးမည်။

''ရီတာရယ်၊ ကိုယ့်အကြောင်း မင်းလဲသိသားပဲ၊ ကိုယ် ဒီလိုဟောပြောပွဲတွေ ဘယ်မှာ လိုက်ဖူးလို့လဲ၊ ကိုယ့်မှာ ကျောင်းကိစ္စနဲ့ အိမ်ကိစ္စနဲ့၊ ဒီကြားထဲမှာ စာတွေကရေးရသေးတယ်''

ခင်ဝတီက ညည်းပြသည်။

''ကိုယ်သိပါတယ် ဝတီရယ်၊ ကိုယ်တို့မြို့မှာ မင်းပရိသတ်တွေချည်းပါ။ ခုလဲ ကော်မတီမှာ ကိုယ်က ဒုတိယ ဥက္ကဋ္ဌ၊ မင်းလိုက်အောင်ပြောပေးပါဆိုပြီး ကော်မတီက ကိုယ့်ကိုထည့်လိုက်တာ၊ မင်းလိုက်စေချင်လွန်းလို့ ကျောင်းပြီး လိုက်လာတာ၊ လိုက်ခဲ့ပါ''

''ကိုယ့်ပရိသတ်တွေ ရှိတယ်ဆိုတာကတော့ ဟုတ်မှာပါ၊ ကိုယ့်စာဖတ်ပရိသတ်က မြန်မာပြည် တစ်ဝန်းမှာ ရှိနေတာပဲ၊ ဒါပေမဲ့ ကိုယ်က ခရီးသိပ်သွားချင်တာ မဟုတ်ဘူး၊ ပင်ပန်းလွန်းလို့ ရထားစီးရတာက အစ . . .''

ခင်ဝတီသည် လာ၍ဖိတ်သည့် စာဆိုတော်ကော်မတီ ဒုဥက္ကဋ္ဌ ဆရာမကြီး ဒေါ်ရီတာကို ကြည့်သည်။ ဒေါ်ရီတာသည် သူ့ထက်ကြီးလျှင် နှစ်နှစ်လောက်မျှသာ ရှိလိမ့်မည်။ သို့ရာတွင် သူ့ခမျာ အိုစာနာကျနေရှာပြီး ဆံပင်များတွင် ငွေရောင်လဲ့လဲ့သမ်းသည့်နေရာက သမ်းနေလေပြီ။ ရင်ဖုံးအကျီအဖြူနှင့် ပါတိတ်အရောင်ရင့်ရင့်ကြီးကို ဝတ်ထားသော ဒေါ်ရီတာသည် ကင်ဗိုရှပ်အင်္ကျီကို လက်ပင့်၍ ဝတ်ထားပြီး နေ့တိုင်းဝတ် ပေဒါပွင့်ရောင် လေယာဉ်မောင်းထဘီကိုဝတ်ထားသည့် ခင်ဝတီနှင့် အကွာကြီးကွာနေသည်။

''ဟုတ်ပါတယ် ဆရာမရယ်၊ ဒီ့ပြင် စာရေးဆရာမတွေကိုတော့ ကန့်ကွက်မယ့်သူတို့ ဘာတို့ ရှိသေးတယ်၊ ဆရာမကျတော့ အားလုံးက တညီတညွတ်တည်း ဆုံးဖြတ်ပြီး ဖိတ်တာပါ၊ ဆရာမသာ ပါမလာဘူးဆိုရင်တော့ ကျွန်တော်တို့ ဘယ်လိုမျက်နှာပြရမှန်းတောင် မသိတော့ဘူး''

စာဆိုတော်ဖြစ်မြောက်ရေးအတွက် လာဖိတ်သူသုံးဦးအနက် အငယ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည့် လူငယ်တစ်ယောက်ကမူ ဘာမျှမပြော။ ခင်ဝတီကို သေသေချာချာ စူးစိုက်ကြည့်နေ၏။ လူကြီးတွေပြောနေသည့်ကြားထဲမှာ ဝင်မပါချင်၍လော။ သို့မဟုတ် သူ အထင်မကြီးသည့် စာရေးဆရာ ဖြစ်၍လော ဆိုသည်ကို မသိနိုင်ပြီ။ သူ့မျက်နှာက မှုန်တေတေ။

"ကိုယ်က ကျန်းမာရေး သိပ်ကောင်းတာမဟုတ်ဘူး ရီတာ၊ ဆရာဝန်နဲ့ ဆေးနဲ့ပြတ်တယ်လို့ မရှိဘူး။ ပြီးတော့ တစ်ရပ်တစ်ကျေးသွားတယ်ဆိုရင် ရေပြောင်း မြေပြောင်း အစားအသောက်တွေကလဲ ပြောင်းတော့ ဖြစ်မှာ မဟုတ်ပါဘူး။ ရန်ကုန်မှာတောင် ရေစိမ်းကို သောက်တာမဟုတ်ဘူး။ ရေကျက်အေးဖြစ်ဖြစ် သောက်တာ၊ တစ်ခါတလေ ကိုယ်စာရေးပြီဆိုရင် ရေကျက်အေးတောင် မသောက်ဘူး၊ ဘီလပ်ရည်တို့၊ ဆိုဒါတို့၊ ဒါမှမဟုတ်ရင်လဲ စပါးဝေ့တာကိုမှ သောက်တာ၊ ဗိုက်က သိပ်မကောင်းဘူး"

"အမယ်လေး . . . ဒါတွေအတွက် မပူပါနဲ့ကွယ်၊ ကိုယ်တို့ဆီမှာ နိုင်ငံခြားဖြစ် ဆိုဒါသောက်မလား။ ကိုကာကိုလာ သောက်မလား။ ဆဲဗင်းအပ် သောက်မလား၊ လီပိုဗီတန် သောက်မလား အစုံရှိပါတယ်၊ ဒါတွေက အကြောင်းမဟုတ်ပါဘူး"

ခင်ဝတီသည် ခပ်တွေတွေ ဖြစ်သွား၏။

"ပြီးတော့ တွိုင်းလက်တို့ ဘာတို့ကအစ၊ အို . . . မဖြစ်ပါဘူးထင်ပါတယ်ကွာ"

လူငယ်၏မျက်နှာသည် ပို၍မှုန်သွား၏။

"တွိုင်းလက်တို့ ဘာတို့ကောင်းတဲ့ ဘန်ဂလိုအသစ်ပါခင်ဗျ။ တွိုင်းလက်တို့ ဘာတို့ဆိုရင် အားလုံး သန့်ရှင်းပါတယ်၊ ဆယ်နီတေးရှင်းတို့ ဘာတို့လဲ ကောင်းပါတယ်"

"အိမ်သာက ရိုးရိုးလား။ ဖလက်ရှ်လား"

လူရွယ်သည် တစ်ဖက်သို့လှည့်၍ မျက်နှာကို ရှုံ့လိုက်၏။ ဆရာမကြီး ဒေါ်ရီတာသည် ပါလာသည့် ကော်မတီလူကြီးကို လှမ်းကြည့်နေသည်။

"ဖလက်ရှ်ပါခင်ဗျ၊ ဗီအိုင်ပီဘန်ဂလိုပါ"

"လိုက်ခဲ့ပါကွယ်၊ ရေတို့ အစားအသောက်တို့ လိုလေသေးမရှိအောင် ကိုယ်တာဝန်ခံပါ့မယ်၊ ချက်တာ ပြုတ်တာ မစားချင်ဘူးဆိုရင် ကိုယ်တို့ဆီမှာ နိုင်ငံခြားကလာတဲ့ စည်သွတ်ဘူးတွေ ရပါတယ်၊ ဝတီ စိတ်တိုင်းကျ ဖြစ်ရပါစေမယ်"





"အို . . . ဒီလောက်လဲမလိုပါဘူး"

ခင်ဝတီက တစ်ဖက်သို့လှည့်နေသော လူငယ်ကို လှမ်းကြည့်၍ ပြောသည်။

"ဒါဖြင့် လိုက်ခဲ့ပါနော် . . . နော်"

သူငယ်ချင်း ဒေါ်ရီတာက တောင်းပန်သည်။ ပါလာသည့် ကော်မတီလူကြီးက မျှော်လင့်ချက် အပြည့်ဖြင့် သူ့မျက်နှာကို လှမ်းကြည့်သည်။ လူငယ်က မျက်နှာကို တစ်ဖက်သို့လွှဲထားဆဲ။

ခင်ဝတီသည် အတန်ကြာစဉ်းစားနေ၏။ တော်တော်နှင့်မဖြေ။

"ဘယ်သူတွေပါမှာလဲ၊ ဝတီက လူပေါင်းစုံ၊ စာရေးဆရာ၊ စာရေးဆရာမ ပေါင်းစုံနဲ့ မသွားချင်ဘူးကွယ်၊ သာမန်ခရီးသွားတာတောင်မှ ကိုယ်နဲ့ စိတ်တူ သဘောတူ သွားရမှကောင်းတာ၊ ခုလို စာဆိုတော်တာဝန်နဲ့ ခရီး ဆိုတော့ ပိုပြီးတောင် ဆင်ခြင်ရဦးမယ်၊ တချို့စာရေးဆရာက အရက်မူးတတ်သတဲ့၊ တချို့စာရေးဆရာက ရိသဲ့သဲ့ပြောတတ်သတဲ့၊ တချို့ စာရေးဆရာမတာ ဇိတ်ကောက်တတ်သတဲ့၊ တချို့ စာရေးဆရာမက စကားများတတ်သတဲ့၊ အတင်းပြောတတ်သတဲ့ . . ."

"ဒါကတော့ လူမျိုးစုံရှိသလို စာရေးဆရာလဲ မျိုးစုံရှိတာပေါ့ ဆရာမရယ်"

တစ်လျှောက်လုံး ငြိမ်နေသည့် လူငယ်က ပထမဆုံးအကြိမ်ဝင်ပြောသည်။ ဒေါ်ရီတာနှင့် ကော်မတီလူကြီးသည် လူငယ်ကို လှမ်းကြည့်လိုက်ကြ၏။

"မပါစေရပါဘူး၊ သန့်သန့်ရွေးဖိတ်တာပါ"

"ပြီးတော့ရှိသေးတယ်။ ကိုယ်က အချစ်ဝတ္ထုပဲရေးတာ၊ တချို့က အသေချုပ်ဖော်တို့၊ ဝေဖန်ရေးတို့ဆိုတာတွေကို ပြောတဲ့လူတွေလဲ ရှိသေးသတဲ့၊ အချင်းချင်း စင်ပေါ်မှာ တစ်ယောက်တစ်မျိုး ပြောနေကြရင် မကောင်းဘူး"

"ဒီလိုမဖြစ်ရအောင် ဆရာမကြိုက်တဲ့ စာရေးဆရာကိုပဲ ဖိတ်ပါ၊ ကျွန်တော်တို့က ဆရာမပါဖို့ အဓိကပါ၊ . . . ကလဲ ဆရာမရဲ့ ပရိသတ်ဆိုတော့ ဆရာမ ပါအောင် ဖိတ်ခဲ့ပါလို့ မှာလိုက်ပါတယ်"

"ကောင်းပြီလေ၊ ဒီလိုဆိုရင် ဘယ်သူတွေကို ဖိတ်သင့်သလဲဆိုတာ ကိုကိုနဲ့ တိုင်ပင်ကြည့်ဦးမယ်၊ ဝတီစိတ်ကြိုက်မဟုတ်တဲ့ စာရေးဆရာ စာရေးဆရာမတွေနဲ့တော့ မလိုက်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ဆရာမ၊ ဆရာမ သဘောကျကို ဖိတ်ပါ၊ ကျွန်တော်တို့ကတော့ ဆရာမပါရင် ကျေနပ်ပါပြီ"

နောက်ဆုံးတွင် ခင်ဝတီသည် စာဆိုတော် ဟောပြောပွဲသို့ လိုက်ဖြစ်သွားသည်။ သူ့ကိုကို၏ အကြံပေးချက်အရ အသက် ၇၀ ကျော် စာရေးဆရာကြီးနှစ်ဦးကို ဖိတ်လိုက်ရာ သူတို့ကလည်း လိုက်မည်ဆိုသဖြင့် ဟောပြောပွဲ ခရီးစဉ် အဆင်ပြေသည်။

"အသက် ၇၀ ကျော် အဘိုးကြီးတွေဆိုတော့ အရက်တို့ ဘာတို့လဲ သောက်ကြတာမဟုတ်ဘူး၊ ပြဿနာလဲ မပေါ်နိုင်ဘူး"

"ဘာပြဿနာပေါ်ရမှာလဲ၊ ဝတီ့ကို ပြဿနာပေါ်မယ့် မိန်းမမျိုး အောက်မေ့နေလို့လား"

"မဟုတ်ပါဘူးကွာ၊ ဟောရင်ပြောရင် ပြဿနာမရှိဘူးလို့ ပြောတာပါ၊ သူတို့က ဘာသာရေးစာပေကိုပဲ ပြောမှာ၊ ဒီတော့ သူတို့နဲ့ လိုက်နိုင်ရင် လိုက်သွားပါ၊ ဆရာမကြီးကိုလဲ အားနာပါတယ်"

ခါတိုင်း သူ စာရေးဖို့ ခရီးထွက်လျှင် ဘိလပ်ရည်ပုလင်းတစ်ဒါဇင်လောက် ယူရသည်။ ထမင်းယူရသည်။ တောက်တိုမယ်ရခိုင်းဖို့ အိမ်ကအိမ်ဖော်မလေး သန်းရီကို ခေါ်ရသည်။

ယခုမူ ဘာမျှမလို။ လာဖိတ်သူများက အားလုံးစီစဉ်ပြီးပြီ။ အချိန်တန်လျှင် လေယာဉ်ကွင်းသို့ ဆင်းသွားရုံမျှသာ။

ခင်ဝတီသည် အိမ်ကကားနှင့် လေယာဉ်ကွင်းသို့ ထွက်လာခဲ့သည်။ သူတို့က ကားလာကြိုမည်ဟု ပြောသော်လည်း တက္ကစီမစီးချင်သဖြင့် ကိုကိုကိုယ်တိုင်မောင်းသော ရုံးကားဖြင့် လေဆိပ်သို့ ဆင်းခဲ့၏။

သူ လေဆိပ်သို့ ရောက်သည့်အခါတွင် လူစုံနေလေပြီ။ အသက် ၇၀ ကျော် ဆရာကြီးများဖြစ်သည့် ဆရာကြီးဦးဝိဇ္ဇာနှင့် ဦးရွှေစင်တို့ကို တွေ့ရသည်။ ခင်ဝတီ မလာနိုင်သဖြင့် သူတို့ တမျှော်မျှော် ဖြစ်ကြသည်။ ဆရာကြီးနှစ်ယောက်မှာ စာရေးသက်တမ်းပင် အနှစ်ငါးဆယ်ကျော် ရှိလေပြီ။

ဆရာကြီးနှစ်ယောက်သည် ခုနစ်ရာတန်ပါတိတ် ဝမ်းဆက်ကို ဝတ်၍ ခုံမြင့်ဖိနပ်ဖြူစီးကာ ဇော်ဂျီရောင်နုနု ယုန်မွေးဆွယ်တာကို ပခုံးတွင်ခြုံထားသည့် ခင်ဝတီကို ငေးကြည့်နေကြ၏။ စာဆိုတော် ကော်မတီမှ ကိုယ်စားလွှတ်ထားသည့် လူတစ်ယောက်က အလျားလေးပေ၊ အနံနှစ်ပေခန့်ရှိသည့် ခင်ဝတီ၏ လက်ဆွဲသားရေသေတ္တာကြီးကို မနိုင်မနင်းဖြင့် ဆွဲလာသည်။





ခင်ဝတီသည် စာရေးဆရာကြီးနှစ်ဦးကို တွေ့လိုက်သည့်အခါတွင် ခပ်ရှိန်းရှိန်းဖြစ်နေသည်၊ နာမည်ကိုကြားဖူးသော်လည်း ယခုမှ မြင်ဖူးခြင်း ဖြစ်၏။ ထို့ကြောင့် မသိသလိုလုပ်ကာ နှုတ်မဆက်ဘဲ နေလိုက်သည်။

သို့ရာတွင် ဆရာကြီးနှစ်ဦးကမူ ခင်ဝတီကို စတင်၍ နှုတ်ဆက်ကြသည်။

"ခင်ဝတီက ငယ်ငယ်ပဲရှိသေးတာကိုးကွ၊ အေး . . . အေး ရေးနိုင်တုန်း ကြိုးစားပြီးရေး" ဟု ရိုးသားစွာ ပြောကြသည်။

"ကျေးဇူးတင်ပါတယ်ဆရာကြီး" ဟု ခင်ဝတီက ပြန်ပြောရင်း ဆရာကြီးနှစ်ဦး၏ ပစ္စည်းများကို ကြည့်လိုက်သည်။ နှစ်ဦးစလုံး ဘာမျှမပါ။ ခပ်လတ်လတ်လက်ဆွဲအိတ်ကလေး တစ်ယောက်တစ်လုံးစီသာ ပါကြသည်။

နယ်စပ်မြို့သို့ ရောက်လျှင် စာရေးဆရာများကို ဘန်ဂလိုအသစ်ကြီးတွင် နေရာချပေး၏။ ဆရာကြီးနှစ်ဦးက တစ်ခန်း၊ ခင်ဝတီက တစ်ခန်း။ ခင်ဝတီက ခရီးပန်း၍ နားနေချိန်တွင် ဆရာကြီးနှစ်ဦးသည် ကြိုသူများကို ပြန်၍ဩဝါဒ စကား ပြောနေရသည်။

ဆရာကြီးများသည် ခင်ဝတီ အနေရအထိုင်ရမခက်အောင် အစစအရာရာ ဦးစားပေးကြသည်။ ထမင်းစားနေစဉ် အခမ်းအနားမှူးသည် ရှိသေစွာ ချဉ်းကပ်ကာ –

"အခမ်းအနား အစီအစဉ်မှာ ဆရာမ ခင်ဝတီက ရှေ့ဆုံးက၊ ဒုတိယ ဆရာကြီးဦးဝိဇ္ဇာ၊ နောက်ဆုံးက ဆရာကြီး ဦးရွှေစင်ဟောပြောဖို့ စီစဉ်ထားပါတယ်၊ ဆရာကြီးတို့ ဆရာမတို့သဘော သိပါရစေ . . ."

ဆရာကြီးနှစ်ဦးသည် ခင်ဝတီကို လှမ်းကြည့်နေကြ၏။ ခင်ဝတီက နှုန်း ခက်ရင်းကို ကိုင်ထားရင်း . . .

"ဟင် . . . ဝတီက ဒီတစ်ခါပဲ ပြောဖူးသေးတာ၊ ရှေ့ဆုံးကတော့ မဖြစ်ဘူးထင်တယ်"

"ဒီလိုဆိုရင် နောက်ဆုံးကကော"

"နောက်ဆုံးကျတော့လဲ"

ဆရာကြီး ဦးဝိဇ္ဇာက . . .

"ကဲ . . . ဒီလိုဆိုရင် ကျုပ်က ရှေ့ဆုံးကပြောမယ်၊ ဆရာမ ခင်ဝတီက ဒုတိယ၊ ဦးရွှေစင်က တတိယ၊ ဘယ့်နှယ်လဲ"

ခင်ဝတီသည် ပါးစပ်မဟဘဲ နှုတ်ခမ်းကို စေ့၍ ထမင်းဝါးနေရင်းကရှာ ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညှ ဟောပြောပွဲမှာ အဆင်ပြေသည်။ ဦးဝိဇ္ဇာက ရသ စာပေအကြောင်းကို ရှေ့ဆုံးမှ ပြောသွားသည်။ ကဗျာ၊ ဝတ္ထု စသည့် ရသစာပေတို့ကို ရေးသားပြုစုရာတွင် ခံစားမှုပါဖို့ အရေးကြီးကြောင်းကို ယေဘုယျပြောသွား၏။ ခင်ဝတီက သူ့ဝတ္ထုများအကြောင်းကို ဒုတိယပြောသည်။ ဦးရွှေစင်က ရသပါသော အချစ်ဝတ္ထုများအကြောင်းကို ရိုတ်စပီးယား၏ ရိုမီယိုနှင့် ဂျူလီယက် ပြဇာတ်ကို ပုံဆောင်၍ ပြောသွားသည်။

အစတွင် ခင်ဝတီသည် သူ့အလှည့်ပြီးလျှင် ပြန်အိပ်မည် စိတ်ကူးထား၏။ သို့ရာတွင် သူ့ရှေ့က ပြောသွားသည့် ဦးဝိဇ္ဇာက ရသ စာပေအကြောင်း ပြောသွားပုံမှာ သူမကြားဖူးသည့် အသစ်အဆန်း မှတ်သားစရာတွေပါသဖြင့် စိတ်ဝင်စားသွားသည်။ သူ့နောက်တွင်ပြောမည့် ဦးရွှေစင်ကလည်း ရသပါသော အချစ်ဝတ္ထုများကို ပြောမည်ဆိုသဖြင့် နားထောင်ချင်လာသည်။ နားထောင်လိုက်သည့်အခါတွင် ရုပ်ရှင်အဖြစ်သာ သူကြည့်ဖူးသည့် ရိုမီယိုနှင့် ဂျူလီယက်တို့ပြဇာတ်ကို အရသာခံဖြစ်သွားသည်။ ထိုစကားမျိုးကိုလည်း သူ မကြားဖူးသဖြင့် သူ့အဖို့ ပညာတွေတိုးသည်။

ခင်ဝတီသည် ဆရာကြီးနှစ်ဦး၏ စကားများကို နားထောင်ပြီးသောအခါတွင် သူ့ကိုယ်သူ စာရေးရမည်ကို အနည်းငယ် လက်တွန့်သလိုလိုဖြစ်ကာ ရှက်သလိုလိုဖြစ်နေသည်။ သူ့ကိုလေးစားစွာ ဆက်ဆံကာ ရသစာပေအကြောင်းကို ခွဲခြမ်းစိတ်ဖြာပြသွားသော ဆရာကြီးနှစ်ဦးကိုလည်း ကျေးဇူးတင်နေသည်။

ဟောပြောပွဲမှာ အောင်မြင်သော ပွဲဖြစ်သည်ဟု ဆိုနိုင်သည်။

သူ့အလှည့်ပြီး၍ ဆင်းလာသည့်အခါတွင် ခင်ဝတီသည် လူတစ်ယောက်ကို လှမ်းတွေ့လိုက်၏။ ထိုလူမှာ အသားညိုညို၊ အရပ်မြင့်မြင့် စစ်ဆွယ်တာကြီးကို ဝတ်ထားပြီး လည်ပင်းတွင် မာဖလာ အကွက်တစ်ထည်ကို စည်းထားသည်။ သူ့ဆံပင်များမှာ ဖြူရောင်သမ်းစပြုနေလေပြီ။ ဒေါ်ရီတာကို သွား၍ နှုတ်အဆက်တွင် သူ့နောက်တွင် ထိုင်နေသည့် ထိုလူကို မြင်လိုက်ခြင်းဖြစ်၏။

သူတို့နှစ်ယောက်သည် အကြည့်ချင်းဆုံသွားကြသည်။

''ဝတီ နေကောင်းတယ်နော်''

ထိုလူက ထိုင်ရာမှထ၍ သူ့ကို တရိုတသေ နှုတ်ဆက်သည်။

''ရှင် . . . ရှင် . . . ကိုမြင့်မောင် မဟုတ်လား''

''ဟုတ်ပါတယ်၊ ကျွန်တော် မြင့်မောင်ပါ''





ဒေါ်ရီတာက သူတို့နှစ်ယောက်ကို တအံ့တသြဖြင့် လှမ်းကြည့်သည်။

''ဩ . . . ဝတီ ဆရာကိုမြင့်မောင်နဲ့ သိသကိုး''

''မန္တလေး တက္ကသိုလ်မှာ ကျောင်းနေဖက်တွေလေ၊ ဝတီက ဒုတိယနှစ်အောင်ပြီးမှ ရန်ကုန် ရောက်လာတာ''

''ဝတီပါတယ်ကြားလို့ လာနားထောင်တာ''

''ဆရာကိုမြင့်မောင်က ဒီနားက ရွာကလေးတစ်ရွာမှာ မူလတန်းကျောင်းအုပ်လေ၊ ကိုယ်က ဒီနှစ်မှာ တီအီးအိုလဲ လုပ်ခဲ့ဖူးတော့ ပွဲစည်းအောင် ဆရာတွေ ဆရာမတွေကိုလဲ ခေါ်ထားရတာပေါ့၊ ကိုယ့်သူငယ်ချင်းဟာတာပြောတာကို နားထောင်စေချင်တာလဲ ပါ ပါတယ်နော်''

ခင်ဝတီသည် ဒေါ်ရီတာ ပြောသည့်စကားများကို တစ်လုံးမျှမကြား။ ကိုမြင့်မောင် သူ့အနားမှ နှုတ်ဆက်ထွက်ခွာသွားသည်ကိုလည်း သတိမထားမိလိုက်။

သူ့မျက်စိထဲတွင်မူ လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က သူနှင့်ကိုမြင့်မောင်တို့ မန္တလေးတောင်ပေါ်တက်၍ သစ္စာဆိုခဲ့ကြသည်ကို မြင်ယောင်နေသည်။

ထိုနေ့ညက ခင်ဝတီသည် ကောင်းကောင်း အိပ်မပျော်၊ အတိတ်ကအပိုင်းအစ ကားချပ်များသည် တရေးရေးပေါ်နေကြသည်။ သူတို့အကြောင်းကို အချစ်ဝတ္ထုကောင်းကောင်းတစ်ပုဒ် ပြန်ရေးရလျှင် လွမ်းမောဖွယ်၊ ဆွတ်ပျံ့ဖွယ်ကောင်းသည့် ဝတ္ထုတစ်ပုဒ် ဖြစ်ပေလိမ့်မည်။

ခင်ဝတီသည် သူကိုယ်တိုင် ရင်မခုန်ဘဲနှင့် အချစ်ဝတ္ထုတွေကို စက်နှင့်ရိုက်ထုတ်သလို ရေးနိုင်ခဲ့သည်။ ဝတ္ထုရေးရသည်မှာ ကလေးကစားစရာဟု ထင်ခဲ့သည်။ စာရေးဆရာလုပ်ရသည်မှာလည်း အလွယ်ကလေးဟု ထင်ခဲ့သည်။

သို့ရာတွင် ကိုယ်တိုင် ရင်ခုန်ပြီးသည့်နောက်တွင်မှ ရသစာပေကိုရေးနိုင်သည့် စာရေးဆရာတစ်ယောက်ဖြစ်ဖို့ မည်မျှခက်ခဲကြောင်းကို ခင်ဝတီတစ်သက်တာမဆုံးအကြိမ် သဘောပေါက်လေပြီ။

■

ရင်ခုန်ပွင့်
မတ်၊ ၁၉၈၈

www.burmeseclassic.com

www.burmeseclassic.com

# ကဗျာဆရာ ကိုယင်းမာ၏ အင်ကြင်းပွင့်များ

ကဗျာဆရာ ကိုယင်းမာသည် သူ့အဖြစ်ကို သူ တွေးနေသည်။

မနက်စောစောထ၍ အနောက်နိုင်ငံမှ နာမည်ကြီးကဗျာဆရာတစ်ဦး၏ ကဗျာတစ်ပုဒ်ကို ရေနံချေး ဖားမီးခွက်မှ မီးရောင်ဖြင့် ဖတ်သည်။ သူ့တဲကုပ်ကလေးသည် ရန်ကုန်မြို့မှ (ဘတ်စ်ကားဆရာ စိတ်ကောင်းဝင်လျှင်) တစ်နာရီ ကျော်စီးရသော၊ (စိတ်ကောင်းမဝင်လျှင်) နှစ်နာရီကျော်စီးရသော မြို့စွန်ခြံကလေးတစ်ခြံထဲတွင် ရှိ၏။ သူနေသော ရပ်ကွက်သည် လျှပ်စစ်မီးလာသည့် ရပ်ကွက်မဟုတ်။ ညဆိုလျှင် သူတို့ရပ်ကွက်လေးမှာ မှောင်နေတတ်၏။ ရေနံဆီလည်း မရှိ၊ ဖယောင်းတိုင်ဖိုးကလည်း မတတ်နိုင်သည့်အခါတွင် ညည စာဖတ်လေ့ရှိသော ကိုယင်းမာသည် ဖားမီးခွက်တစ်လုံးကို ဝယ်ရသည်။ ထိုမီးရောင်ဖြင့် သူ စာဖတ်သည်။ ကဗျာ ရေးသည်။

သူ့ဇနီးသည် မရွှေမကမူ သူ ကဗျာရေးသည်ကို နည်းနည်းမျှ မကျေနပ်။

"ရှင့်မှာ ရေးလိုက်ရတဲ့ မဂ္ဂဇင်းတိုက်တွေ၊ ကဗျာပါလာတော့ သုံးလမှ တစ်ပုဒ်လောက်ပါတာ။ ရတော့ ငွေကလေး နှစ်ဆယ်အစိတ်ရယ်။ ရှင့်ကဗျာ ရေးလို့ရတဲ့ ပိုက်ဆံက ရှင့်မဂ္ဂဇင်းတိုက်သွားတဲ့ စရိတ်တောင် မလောက်ဘူး"

ကိုယင်းမာ ဘာမျှမပြောသာ။ သူပြောသည့်အတိုင်းလည်း ဟုတ်နေသည်။ သူရသည့်လခက အားလုံးပေါင်းမှ ငါးရာမပြည့်ချင်။ သူ့ခရီးစရိတ်၊ ကောလိပ်ကျောင်းသူ သမီးကြီး မိစု၏ ကျောင်းစရိတ်၊ ကျူရှင်ဖိုး၊ စာအုပ်ဖိုးတို့ကို နုတ်လိုက်လျှင် ဘာမျှမကျန်တော့ပြီ။ မရွှေမ၏ အိမ်ဆိုင်ကလေးက





သူတို့ကို ထမင်းကျွေးနေခြင်း ဖြစ်သည်။

ထိုအထဲတွင် စာအုပ်ဖိုးတို့ ဘာတို့ မပါသေး။ ကိုယင်းမာသည် အရက်သည်း မသောက်တတ်၊ လက်ဖက်ရည်လည်း မသောက်တတ်သဖြင့် အရက်ဖိုး၊ လက်ဖက်ရည်ဖိုးမကုန်။ ဆေးပေါ့လိပ်ကိုတော့ ကြိုက်၏။ ဆေးရိုးစစ်စစ်ကောင်းကောင်းနှင့် လိပ်သည့် မြင်းခြံဆေးလိပ်ကိုတော့ သူ ခုံမင်သည်။ ဇနီးသည် မရွှေမသည် သူ့ယောက်ျား ကိုယင်းမာ ကြိုက်တတ်သည့် ဆေးပေါ့လိပ်ကို ဆိုင်မှာ တင်ရောင်းသဖြင့် ထိုဆေးပေါ့လိပ်ကိုမူ အားမနာပါးမနာ သောက်နိုင်သည်။

သို့ရာတွင် စာအုပ်ဖိုးက မလောက်နိုင်။ ထွက်နေသည့် ဝတ္ထုများ၊ မဂ္ဂဇင်းများကို သူ ဝယ်မဖတ်နိုင်။ လမ်းထိပ်က စာအုပ်အငှားဆိုင်မှာ သူငယ်ချင်းဖြစ်၍သာ တော်တော့သည်။ သို့မဟုတ်လျှင် ထိုထိုသော မဂ္ဂဇင်းတို့ကိုသည်း မဖတ်နိုင်။

မြန်မာစာအုပ်ဖိုး မကုန်သည့်အခါတွင် ထိုငွေကလေးဖြင့် အင်္ဂလိပ်ကဗျာစာအုပ်ဟောင်းကလေးများကို ဝယ်တတ်၏။ ကိုယင်းမာသည် မြန်မာကဗျာများကို နည်းနည်းပါးပါး ဖတ်ဖူး၏။ ခေတ်စမ်းကဗျာများကို တော်တော်များများ ဖတ်ဖူး၏။ သူစပ်သည့် ကဗျာထဲတွင် ခေတ်စမ်းခေတ်ဦး၏ အရိပ်သည် အမြဲလိုလို ထိုးကျနေတတ်သည်။ ပုံသဏ္ဌာန်ကလည်း လေးလုံးစပ်ပုံစံဖြစ်ရမည်။ ၄–၃–၂ ကာရန်စပ်ဖြစ်ရမည်။ အသံချိုရမည်။ လင်္ကာလှရမည်။ စကားလုံးသန့်ရမည်။ အကြောင်းအရာက ပန်းပွင့်၊ ကျေးငှက်၊ စမ်းချောင်း၊ ညည်းလည်းသံ၊ ရေခပ်လမ်း၊ ကျေးလက်ရှုခင်း၊ တောင်ခြေမြိုင်ရိပ်။

သူ့ကဗျာများသည် မြန်မာဆန်နေရမည်။ ရိုးပြတ်နံ့ သင်းနေရမည်။ မြေနံ့ သင်းနေရမည်။

ပုံသဏ္ဌာန်သာ မြန်မာဆန်ရမည်မဟုတ်။ အကြောင်းအရာကလည်း မြန်မာဆန်ရမည်။

ကိုယင်းမာသည် ကျေးလက်မှာမွေး၍ ကျေးလက်မှာ ကြီးပြင်းလာသူဖြစ်၏။ ထို့ကြောင့် ကျေးလက်၏ ပုံရိပ်များကို သူ့ရင်တွင်းမှာ ဖျောက်ဖျက်၍မနိုင်၊ ယက်တူရှင်ကိုက သူတို့ပြည်က ဂျုံခင်းကြီးတွေကို စပ်သွားသည်။ သူတို့ပြည်က ရေအားဖြင့်လျှပ်စစ်ဓာတ်ပေးသည့် ရေကာတာကြီးအကြောင်းကို စပ်သွားသည်။ ဇီမာလမ်းဆုံကို ရေးသွားသည်။ စတီဖင်စပင်းဒါးက လျှပ်စစ်သွယ်ထားသည့် မဟာဓာတ်အားလိုင်း တိုင်ကြီးအကြောင်းကို စပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပရေးဟားက ပီကာဆို၏ ဂွါနီကား ပန်းချီကားအကြောင်းကို စပ်သွားသည်။ ဘလေ့က 'ဝင်းပသော လေဟုန်နိမိတ်' ပုံဆန်းဆန်းကို သုံးသွားသည်။

ကိုယင်းမာသည် သူကြီးပြင်းလာခဲ့သည့် အညာပတ်ဝန်းကျင်က ပြောင်းခင်းကြီးများအကြောင်းကို စပ်ချင်သည်။ သူတို့ရွာအနီးက မိုးရေသောက် ကန်ပေါင်ရိုးကို စပ်ချင်သည်။ သရက်ပင်လမ်းခွဲက ဇရပ်ခေါင်းတုံးကလေး အကြောင်းကို စပ်ချင်သည်။ ရွာဦး စေတီပရဝုဏ်ထဲက တံခွန်တိုင်အကြောင်း ကို စပ်ချင်သည်။ ဘုရားတန်ဆောင်းထဲက ဆရာချို၏ 'ဖွားတော်မူခန်း' ပန်းချီကားအကြောင်းကို စပ်ချင်သည်။ ဘလေ့ပြောသည့် 'ဝင်းပသည့်လေ' ဆိုသည့် နိမိတ်ပုံကို သူနားမလည်။ လေသည် ဘယ့်နှယ်လုပ် ဝင်းပ တောက်ပ နေရမှာလဲ။ ဘယ့်နှယ်လုပ် အရောင်ရှိပြီး ပြိုးပြက်နေရမှာလဲ။

ထိုနိမိတ်ပုံကို သူ နားမလည်။

ယက်တုရှင်ကိုက 'ပြာလွင်သော လေ' ဟု အလင်္ကာသစ်ဖြင့် ဖွဲ့သွားသည်။ သူ့လေလည်း ဘယ့်နှယ်လုပ် ပြာလွင်နေရမှာလဲ။ သူ့အလင်္ကာကို လည်း သူ သဘောမပေါက်။

ကဗျာဆရာကိုယင်းမာသည် ကျေးလက်နံ့သင်းသော ကဗျာတို့ကို စပ်သည်။ ထိုအခါတွင် သူ့ရေးဖော်ရေးဖက်များက သူ့ကဗျာများကို ခေတ် နောက်ကျသည် ဆိုကြသည်။ မြို့ပြဝေဒနာမပါဟု ဝေဖန်ကြသည်။ နိမိတ်ပုံ တွေကလည်း ဆီသည်မလက်သုတ်ဖတ်လို အဟောင်းအနွမ်းတွေဟု ပြော ကြသည်။

မတတ်နိုင်ပါ။

ပြာပြာဝေမှိုင်း၍ ရိုးတံပြိုင်းပြိုင်းဖြစ်နေသော သစ်ပင်ကြီးတွေပေါ်မှာ ဥဩ၏တေးသီသံကို ကြားလျှင် အလွမ်းတွေ ဘယ်ကပေါ်လာသည်မသိ။ သရပ်ရှိုင်ုက်၏ တေးသံသည် အနောက်တိုင်းကဗျာဆရာတို့၏ ရင်ထဲမှဝေဒနာ ကို နှိုးဆွပေးကောင်း ပေးနိုင်ပေလိမ့်မည်။ သို့ရာတွင် ထိုငှက်သည် သူ့ရင်ထဲမှ မည်သည့်ဝေဒနာမျိုးကို နှိုးပေးနိုင်မည်ကို သူ မသိ။

ကဗျာရေးဖော်တစ်ယောက်က အင်္ဂလိပ်ကဗျာဆရာ ကင်းဝဲဒ်အမ်စလီ၏ ကဗျာစာအုပ်တစ်အုပ်ကို သူဖတ်ဖို့ ပေးသွားသည်။

ကိုယင်းမာသည် မနက်အစောကြီးထကာ ရေနံချောင်းမီးခွက်မှ မီးရောင် တွင် ကင်းဝဲဒ်အမ်စလီ၏ ကဗျာများကို ဖတ်သည်။ ကဗျာပေါင်းချုပ်ထဲက ကဗျာတစ်ပုဒ်ကို ဖတ်ရင်း ကိုယင်းမာ ချာချာလည်နေသည်။ ကဗျာက





'မိန်းကလေး စက်ယန္တရား' တဲ့။ ကဗျာအောက်ဆုံးပုဒ်မှာ ပိုလို့ပင် နားလည်ရ ခက်နေသေးသည်။

*အလုပ် အလုပ် အလုပ်*
*အလုပ် အလုပ် အလုပ်*
*အလုပ် အလုပ် အလုပ်*
*အလုပ် အလုပ် အလုပ်*
*အလုပ် အလုပ် အလုပ်*
*အလုပ် အလုပ် အလုပ်*
*အလုပ် အလုပ် အလုပ်*
*အလုပ် အလုပ် အလုပ်*

*မိန်းကလေး စက်ယန္တရား*
*မိန်းကလေး စက်ယန္တရား*
*မိန်းကလေး စက်ယန္တရား*
*မိန်းကလေး စက်ယန္တရား*
*မိန်းကလေး စက်ယန္တရား*
*မိန်းကလေး စက်ယန္တရား*

စက်ယန္တရားလို အဆက်အပြတ် အလုပ်လုပ်နေသည့် မိန်းကလေးတစ် ယောက်ကို ဖွဲ့ထားသည့် ကဗျာလား။ စက်ယန္တရားလည်းပတ်ပုံကို ပေါ်အောင် အထပ်ထပ်ဖွဲ့ထားတာလား ဘာလားဆိုသည်ကို ကိုယင်းမာ နားမလည်။

ယခု သူ့ရေးဖော်တွေကတော့ သည်လိုကဗျာမျိုးကို မော်ဒန်ကဗျာတဲ့။

ကိုယင်းမာသည် မနက်အစောကြီးထပြီး ကင်းဝဲဒ်အမ်စလီ၏ ကဗျာ တို့ ရေနံချေး ဖားမီးခွက် မီးရောင်ဖြင့် ဖတ်သည်။ သို့ရာတွင် ကောင်းကောင်း နားမလည်။

မော်ဒန်ကဗျာက နိမိတ်ပုံဆိုတာ ဝေဝါးတတ်သတဲ့။ အသစ်စက်စက် ကြေးပြားကျပ်ချွတ်လို သစ်လွင်သတဲ့။

ကိုယင်းမာသည် သူ့အဖြစ်ကို သူ ကြည့်၍ ရယ်သည်။ သူဖတ်သည် က နောက်ဆုံးပေါ် မော်ဒန်ကဗျာ။ ဖတ်ရတော့ ရေနံချေးနှင့်ထွန်းသည့် ဖား မီးခွက်နှင့် ဖတ်ရသည်။ ထိုစဉ် သူ့မိန်းမက တာလမ်းထိပ်က ဈေးကလေးသို့ ဈေးဝယ်လွှတ်သဖြင့် လက်ဆွဲဂုန်နီအိတ်ကလေးဆွဲ၍ ဈေးဝယ်ထွက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ကင်းဝါ့ဒ်အမ်စလီ၏ ကဗျာမျိုးကို စပ်ကြည့်ချင်သည်။

*ကင်းဝါ့ဒ်အမ်စလီ လက်ဆွဲဂုန်နီအိတ် ရေနံချေးမီးခွက်။*
*ကင်းဝါ့ဒ်အမ်စလီ လက်ဆွဲဂုန်နီအိတ် ရေနံချေးမီးခွက်။*
*ကင်းဝါ့ဒ်အမ်စလီ လက်ဆွဲဂုန်နီအိတ် ရေနံချေးမီးခွက်။*
*ကင်းဝါ့ဒ်အမ်စလီ လက်ဆွဲဂုန်နီအိတ် ရေနံချေးမီးခွက်။*

သူ့မော်ဒန်ကဗျာကို မရွှေမကို သွားပြလျှင် 'ရှင်ဘာတွေပေါက်လာသလဲ' ဟု မေးကောင်း မေးပေလိမ့်မည်။ ကိစ္စမရှိ။ ကဗျာလမ်းသစ် ထွင်သူတို့မှာ ထိုသို့ပင် ပြောခံရစမြဲ။

ကိုယင်းမာသည် မော်ဒန်ကဗျာ၏ နိမိတ်ပုံများကို ဉာဏ်ကွန့်မြူးလျက်ရှိရာမှ ဈေးနားသို့ ရောက်လာ၏။ ဈေးကလေးက မနက်ဈေးကလေး။ ဆိုင်ခန်းဝင်ခန့် လမ်းဘေးသစ်ပင်ရိပ်အောက်တွင် ချရောင်းသည့် ဈေးကလေးဖြစ်သည်။ ငါးနုတ်ငါးဖွဲ့ကလေးတွေ၊ ဟင်းသီးဟင်းရွက်တွေ၊ ရွာအနီးအနားတစ်ဝိုက်ကပေါသည့် ကရင်ဝက်သားတွေ ရနိုင်သည်။ ငရုတ်သီး ဖလံဖြူတို့၊ ကြက်သွန်ဥမွှာကလေးတို့၊ ဆီတို့ဟူးတို့၊ ငါးပိရေကျိုတို့လည်း ဝယ်၍ရသည်။

ကိုယင်းမာသည် အိတ်ကို စမ်းကြည့်၏။ သူ့အိတ်ထဲတွင် ငွေနှစ်ဆယ်မဲ့မဲ့သာပါသည်။ ငါးပိရေကျိုတစ်ဆယ်သား၊ ဟင်းသီးဟင်းရွက်နည်းနည်း၊ ကြက်သွန်နည်းနည်းနှင့် ဆီတစ်ဆယ်သား ဝယ်လိုက်သည့်အခါတွင် နည်းနည်းသာ ကျန်သည်။ အိတ်ထဲသို့ စမ်းကြည့်လိုက်၏။ အိတ်ထဲတွင် သုံးလေးကျပ်လောက်တော့ ကျန်သေးသည်။ ဝက်သားကလေး သုံးကျပ်ဖိုးလောက်နှင့် ဂေါ်ဖီထုပ် ခြွေပြီးသားကလေး တစ်ကျပ်ဖိုးလောက်တော့ ဝယ်နိုင်သေးသည်။

ကိုယင်းမာသည် ဝက်သားသည်ဆီသို့ လျှောက်လာခဲ့သည်။ ဝက်သားသည်ဆီသို့မရောက်ခင် သူ့မျက်လုံးများသည် ဇန်းကလေးတစ်ခုထဲတွင် ချထားသည့် နီနီရဲရဲ ပန်းပွင့်တွေဆီသို့ မျက်စိရောက်သွားသည်။

''အလို . . . အင်ကြင်းပန်းတွေပါလား''

သူ့မျက်လုံးများကို သူ မယုံနိုင်။ အင်ကြင်းပန်းကို သူ မမြင်ရသည်မှာ ကြာပြီ။ ကြာဆို အနှစ်အစိတ်သုံးဆယ်ပင် ရှိတော့မည်။

ငယ်ငယ်က တပေါင်းလဆန်းလျှင် သူတို့မြို့ကလေးနားက အင်ကြင်းတောကြီးတွေကို သွား၍ အမှတ်ရသည်။ သူတို့နေသော မြို့ကလေးမှ အဖေ့ရွာသို့သွားလျှင် လမ်းတွင် အင်ကြင်းတောကြီးတွေရှိသည်။





အဖေ့ဇာတိကို အလည်သွားလျှင် ထိုအင်ကြင်းတောကြီးထဲသို့ ဖြတ်ရသည်။ အင်ကြင်းပန်းသည် ရိုးတံက ကြက်သွေးရောင်ရင့်ရင့်။ အပွင့်က အနီရောင်မှိုင်းမှိုင်း။ သူ့မွှေးပုံကလည်း ယဉ်သလိုလို၊ ရိုင်းသလိုလို။

သူ ဆယ်နှစ်သားလောက်တွင် ရွှေစက်တော်ကို လှည်းနှင့်သွားခဲ့ဖူးသည်။ ညလသာသာတွင် အင်ကြင်းတောကြီးတွေထဲမှာ လှည်းဖြတ်မောင်းသည်ကို သူ သတိရသည်။ လှည်းပေါ်တွင် ကောင်မလေးတွေက လှည်းနောက်မြီးတွင် ခြေတွဲလောင်းချထိုင်လျက်။ ကာလသားတွေက နောက်မှ စကားတပြောပြောနှင့် ခြေကျင်လိုက်လာကြသည်။ တေးဆိုသူက ဆိုလျက်။ မယ်ဒလင် တီးသူက တီးလျက်။

အင်ကြင်းပန်းရောင်းနေသည့် ကောင်မလေးနားသို့ ရောက်သွားသည့်အခါတွင် သူ့ခြေထောက်များသည် အလိုလိုရပ်သွားကြ၏။

''အင်ကြင်းပန်းတွေ ဘယ်လိုရောင်းသလဲ''

''တစ်ခိုင်ကို တစ်ကျပ်ပါ ဦးလေး။ အင်ကြင်းခိုင်ကြီးတွေက သိပ်လှတာပဲ။ ဘယ်နှစ်ခိုင်ယူမလဲ။ ငါးခိုင်လား၊ ဆယ်ခိုင်လား။ ကုန်လုပြီနော် ဦးလေး။ အကုန်ယူသွားရင် တစ်ဆယ်နဲ့ ပေးလိုက်မယ်''

ကောင်မလေးက ခပ်သွက်သွက် ဖြေသည်။

ကိုယင်းမာသည် အိတ်ထဲသို့ စမ်းကြည့်လိုက်၏။ သူ့အိတ်ထဲတွင် တကျပ်တန်အဟောင်းလေးရွက်သာ ကျန်တော့သည်။ သုံးကျပ်က ဝက်သားဖိုး၊ တစ်ကျပ်က ဂေါ်ဖီထုပ်ဖိုး။ ငွေနှစ်ဆယ်ကုန်ခါနီးသော်လည်း သူ့ဂုန်နီအိတ်ထဲတွင် ဆီတစ်ဆယ်သား၊ ငါးပိရည်ကျို တစ်ဆယ်သား၊ ကြက်သွန်နည်းနည်း၊ ကန်စွန်းရွက် နှစ်စည်းလောက်နှင့် ဘူးသီးခြမ်းတစ်ခြမ်းသာ ပါသေးသည်။

ကိုယင်းမာ ချီတုံချတုံဖြစ်နေသည်။ ရန်ကုန်တွင် သည်လောက် ရှားပါးလှသော အင်ကြင်းပန်းတွေကို သူ ဝယ်ချင်သည်။ ရန်ကုန်ရောက်သည်မှာ အနှစ်နှစ်ဆယ်ကျော်ပြီ။ အင်ကြင်းပန်းကို တစ်ခါမျှ မမြင်ရသေး။ သူ့သမီးမိစုဆိုလျှင် အင်ကြင်းပန်းကို တစ်ခါမျှ မတွေ့ဖူးသေး။

''လာလေ . . . ဦးလေး ယူသွားပါ။ ရှားရှားပါးပါးပန်းတွေ ဦးလေးရဲ့ ဦးလေးလိုချင်ရင် ပိုပေးလိုက်မယ်''

သူ့လက်များသည် အင်ကြင်းပန်းများကို အုပ်ထားသည့် အဝတ်စိုကို လှန်မိလျက်သား ဖြစ်နေသည်။ အင်ကြင်းပန်းကြီးတွေက လန်းစွင့်လျက်။ ညှိညှိစ်နေသည့် ဇန်းကလေးထဲမှာပင် အင်ကြင်းပန်း၏ အနီရောင်သည် ဝင်းသနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တည်းဟူသော ပိတုန်းတို့ စုရုံးခိုနားရာ မာလာဖူးငုံ၊ပန်းမျိုးစုံနေသော လုမ္ဗနီခေါ် ဥယျာဉ်တော်သည်၊ ပိလုမ္ဗနီဝ– နုပျိုသော ထိုမိန်းမနှင့် အလှဂုဏ်ပြိုင်သူနိုင်ငါနိုင် အလှပြိုင်သကဲ့သို့၊ အတိဝိရောဒိ– အလွန်အကျူး ဆန်းကြယ်တင့်တယ်လေပြီဆိုတဲ့ မဟာဗုဒ္ဓဝင်မှာပါတဲ့ ဂါထာတွေကြောင့်ပဲ ဒီအင်ကြင်းပန်းကို လွမ်းနေတာလား။

''ဒါမှမဟုတ်သေးရင်လဲ ဦးပုညရဲ့ ဆဒ္ဒန်ဆင်မင်းဇာတ်ထဲက 'နရနီဆိုင်၊ အင်ကြင်းခိုင်မှာ' ဆိုတဲ့ အဖွဲ့တွေကြောင့်ပဲ အင်ကြင်းပန်းကို ဒီလောက်စွဲနေရတာလား။ ကျောင်းမှာတုန်းက ရာသီဖွဲ့တွေကို သင်ရတော့ စာရေးတော်ကြီး ဦးမောင်ကလေးရေးတဲ့ 'ကြိုင်ကြိုင်သင်းပျံ့၊ အင်ကြင်းချီသည်၊ ပင်မင်း ရွှေဖီခါရတု' ဆိုတဲ့ တေးထပ်ကပဲ လွမ်းမိုးနေလို့လား။ 'ဂိမာန်နွေ လေယဉ်ရှိုင့်ပြန်တော့ ချိန်တန်လျှင် နွေပင်ပွင့်ရာကြတယ်၊ အင်ကြင်းရယ်က ရှိုးတံနီ' ဆိုတဲ့ လွမ်းချင်းကို သတိရနေလို့လား။ 'မြိုင်ခြေငယ်သင်းပါလို့ အင်ကြင်းငယ်တဲ့ ရွှေဖီ၊ ဝတ်မှုန်ငယ်စီသည်၊ မြစ်နဒီသောင်တစ်ခိုက ငှယ်မယ်ညိုမြူးတဲ့လကိုလေး'ဆိုတဲ့ လွမ်းချင်းတို့ မိန်ရာသီ ရုပ်ရှင်ကားထဲက 'ခါနွေဦးရာသီ၊ ရွှေအင်ကြင်းသရဖီ၊ ရင်ပေါင်တန်းလို့စီ' ဆိုတဲ့ ငယ်ငယ်က ကြားခဲ့ဖူးတဲ့ သီချင်းတို့ကြောင့်ပဲလားတော့ မသိဘူး။ ငါ့စိတ်ထဲမှာတော့ အင်ကြင်းပန်းဟာ ရင်ခုန်စေတဲ့ပန်းပဲ။ ဒီပန်းကို မြင်လိုက်ရရင် ငါ့ရင်ဟာ ဆွတ်ပျံ့သွားတယ်။ လှိုက်မောသွားတယ်။ အေးလေ၊ ဒါကတော့ ကိုယ့်အတွေ့အကြုံကိုး။

''ကြည့်စမ်း၊ ရန်ကုန်ရောက်တာ အနှစ်နှစ်ဆယ်ကျော်ပြီ။ အင်ကြင်းပန်းကို တစ်ခါမှ မတွေ့ရသေးဘူး။ အနှစ်နှစ်ဆယ်ကျော်ဆို မိစုရဲ့တစ်သက်ပဲ။ သမီးကြီးမိစုကတော့ အင်ကြင်းပန်းကို မြင်ဖူးမှာ မဟုတ်သေးဘူး။ သူ့ကို အင်ကြင်းပန်းအကြောင်း ရှင်းပြရမယ်။ အင်ကြင်းပွင့်ရဲ့ ခံစားမှု၊ အင်ကြင်းပွင့် ဝေဒနာ၊ အင်ကြင်းပွင့် ရင်ခုန်သံအကြောင်းကို ပြောပြရမယ်။ သူတို့သိတာက ဗလူးဗင်ဒါတို့၊ အာဖရိကန်ဒေစီတို့၊ စပိုက်ဒါတို့လောက်ကိုသာသိတာ။ အဲဒီ ပန်းပွင့်တွေက မျိုးမစစ်တဲ့ ပန်းပွင့်တွေ။ ဟိုအမျိုးနဲ့ ဒီအမျိုးနဲ့စပ်ပြီး မွေးလာတဲ့ ပန်းတွေ။ မြန်မာမျိုး မစစ်ဘူး။ သမီးကြီးမိစုကို အင်ကြင်းပန်းရှိကာဖွင့်ရမယ်။ ဒါမှ မိစု မြန်မာကို ချစ်တတ်လာမယ်။ မြန်မာပန်းပွင့်တွေ ဘယ်လောက်အဖိုးတန်တယ်ဆိုတာကို သိလာမယ်''

ကိုယင်းမာသည် သူ့စိတ်ကူးဖြင့်သူ လျှောက်လာခဲ့၏။

အိမ်ရောက်၍ အင်ကြင်းပန်းတွေ ဝယ်လာသည့် ကိုယင်းမာကို မရွှေမ





မြင်လျှင် ဘာမျှတော့မပြော။ မဲ့ရွဲ့သာ မဲ့ပြသည်။

''ဒါတော့ ရှင့်သဘောပေါ့၊ ငါးပိရည်နဲ့စားနိုင်ရင် ပြီးတာပဲ'' ဟု တစ်ခွန်းတည်းပြောသည်။

ကိုယင်းမာသည် အင်ကြင်းပွင့်ခိုင်ခပ်ကြီးကြီးကို ရွေးပြီး ဘုရားပန်းအိုးထိုးသည်။ ကျန်ပန်းခိုင်တို့ကို သမီးမိစုအားပြရန် လက်ကိုင်ပဝါကလေးအုပ်ရေဆွတ်ပြီး ထမင်းချက်စဥ့်အိုးပေါ်မှာ ထင်ထားသည်။

ရုံးချိန်နောက်ကျနေသဖြင့် မနက်စာကို ခပ်သုတ်သုတ်စားပြီး ဘတ်စ်ကားဆီပ်သို့ လာခဲ့၏။ ထိုနေ့တစ်နေ့လုံး သူ့ရင်ထဲတွင် အင်ကြင်းပန်း၏ ဝေဒနာသည် ကပ်ပါလာသည်။

ရုံးမှဆင်းလျှင်ဆင်းချင်း ကားကိုတိုးတက်ကာ အိမ်သို့ပြန်လာခဲ့၏။ အိမ်ပြန်ရောက်လျှင် မိစုကို မတွေ့ရ။ မိစု ကျူရှင်သွားပြီဟု သူ့အမေက ပြောသည်။

ကိုယင်းမာသည် မနက်က သူ ဘုရားတင်ခဲ့သော အင်ကြင်းပွင့်များကို လှမ်းကြည့်လိုက်၏။ အင်ကြင်းပွင့်များကို တစ်ပွင့်မျှ မတွေ့ရတော့။ အင်ကြင်းပွင့်နေရာတွင် နှင်းဆီပန်းလိုလို နီနီရဲရဲ အရွက်စိမ်းစိမ်းနှင့် ပန်းတစ်ခိုင်ကို မြင်လိုက်ရသည်။

''ဘုရားတင်ထားတဲ့ အင်ကြင်းပွင့်တွေကော . . .''

မရွှေမသည် ဆေးပေါ့လိပ်ကို ထောင်းထောင်းထအောင် ဖွာနေ၏။

''မပြောချင်ပါဘူးတော်၊ ကို့ သမီးပေါ့၊ နေ့လယ်က ဗိုလ်ချုပ်ဈေးထဲက ပြန်လာတဲ့ ပလတ်စတစ်ပန်းလှလှတွေတွေ့လို့ ဝယ်လာခဲ့တယ်တဲ့။ အဲဒီ တစ်ခိုင်ကို သုံးဆယ်ပေးရတယ်တဲ့။ သူ့မုန့်ဖိုးထဲက စိုက်ဝယ်လာတာတဲ့။ အပြန်လာတော့ ကျူပ်ကလဲ ပြည်သူ့ဆိုင်သွားနေတယ်။ ရှင်ထိုးထားတဲ့ အင်ကြင်းပန်းတွေကိုကြည့်ပြီး ဘာပန်းကြီးတွေမှန်းလဲ မသိဘူးဆိုပြီး စွန့်ပစ်လိုက်ပြီး သူ့ပလတ်စတစ် နှင်းဆီပန်းကို အစားထိုးသတဲ့။ ကျူပ်ပြန်လာတော့ အင်ပွင့်မှမရှိတော့ဘူး . . .''

''ဒါဖြင့် ဟိုစဥ့်အိုးပေါ်မှာ လက်ကိုင်ပဝါနဲ့ ထုပ်ထားတဲ့ပန်းတွေကော . . .''

''ဟောဟိုမှာလေ''

မရွှေမက လက်ညှိုးထိုးပြသည်။ မနက်က သူဝယ်လာခဲ့သည့် အင်ကြင်းနီနီများသည် အမှိုက်တောင်းထဲတွင် ရောက်နေကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယင်းမာသည် သက်ပြင်းကြီးတစ်ချက်ကို ချလိုက်ရင်း အမှိုက်တောင်းထဲမှ အင်ကြင်းပန်းများကို မသက်မသာကြည့်နေသည်။

အမှိုက်တောင်းထဲသို့ ရောက်သွားသော အင်ကြင်းပန်းပွင့်များကို ကြည့်ရင်း သူ့ရေးဖော်တွေပြောသည့် ကင်းဝါ့ဒ်အမ်စလီရေးသည့် မော်ဒန်ကဗျာတစ်ပုဒ်လောက်တော့ စပ်လိုက်ချင်သည်။

သူစပ်သည့် မော်ဒန်ကဗျာသည် ရင်ထဲတွင် စွဲသွားရမည်။ ငြိသွားရမည်။ ထိသွားရမည်။ မိသွားရမည်။ နင့်သွားရမည်။ စူးသွားရမည်။

ထို့ကြောင့် ကင်းဝါ့ဒ်အမ်စလီ၏ဟန်ဖြင့် ကဗျာတစ်ပုဒ်ကို ပါးစပ်မှတိုးတိုးရွတ်၍စပ်နေသည်။

*ဩော် . . . မောင်ယင်းမာ၏ အင်ကြင်းပွင့်များ။*
*ဩော် . . . မောင်ယင်းမာ၏ အင်ကြင်းပွင့်များ။*
*ဩော် . . . မောင်ယင်းမာ၏ အင်ကြင်းပွင့်များ။*
*ဩော် . . . မောင်ယင်းမာ၏ အင်ကြင်းပွင့်များ။*
*ဩော် . . . မောင်ယင်းမာ၏ အင်ကြင်းပွင့်များ။*

သူ့ပါးစပ်မှကဗျာသည် အဆုံးမသတ်လိုက်ရ။

"ရှင်ဘာတွေပေါက်ပြီး ပါးစပ်က တတွတ်တွတ် ရွတ်နေတာလဲ" ဆိုသော မရွှေမ၏ အသံကို ကြားရလေ၏။

■

ရင်ခုန်ပွင့်
မြေ၊ ၁၉၈၈

# တစ္ဆေစာရေးဆရာတစ်ဦး ကျွတ်တမ်းဝင်ခြင်း

ဖေဖေ့အတွက် ရက်လည်ဆွမ်းသွတ်ပြီး နောက်တစ်နေ့တွင် မနွယ်တို့ သားအမိသည် သူတို့အိမ်ခန်းကလေးကို ရှင်းကြသည်။ သူတို့အိမ်ခန်းကလေးမှာ သုံးပင်နှစ်ခန်းအိမ်ကလေးတွင် အိမ်ရှင်က တစ်ခြမ်း၊ သူတို့က တစ်ခြမ်းနေရသည့် ဆယ်ပေခန်းကလေး ဖြစ်၏။

မနွယ် လေး ငါးတန်း ရောက်ချိန်မှစ၍ ယခုတိုင် သည်အိမ်ခန်းကလေးမှာပင် နေရဆဲဖြစ်၏။ မူလတန်းကျောင်းတက်တော့လည်း သည်အိမ်ခန်းကလေးကပင် တက်ခဲ့သည်။ အထက်တန်းအောင် တက္ကသိုလ်တွဲပြီး မူလတန်းဆရာမလုပ်သည်အထိလည်း သည်အိမ်ခန်းကလေးထဲမှာပင် နေရဆဲဖြစ်သည်။ ဖေဖေသည် သည်အိမ်ခန်းကလေးထဲမှာပင် စာတွေရေးသွားပြီး သည်အိမ်ခန်းကလေးထဲမှာပင် ကွယ်လွန်သွားခဲ့သည်။

ဖေဖေသည် မဂ္ဂဇင်းတိုက် တစ်တိုက်တွင် စာပြင်ဆရာလုပ်သည်။ တစ်ခါတလေတွင်လည်း ဝတ္ထုတိုလေးတွေ ရေးသည်။ မဂ္ဂဇင်းတွေထဲတွင် သူ့ဝတ္ထုတိုကလေးတွေ၊ ကဗျာကလေးတွေပါလာလျှင် မေမေ့ကို ပြတတ်သည်။ မေမေကတော့ ဘာမျှမသိ။

သူ့ယောကျ်ားသည် စာရေးဆရာဟု အိမ်နီးချင်းတွေကို ပြောတတ်သည်။ အိမ်နားနီးချင်းများကလည်း ဖေဖေ့ကို စာရေးဆရာဟုပင် အလွယ်ဆော့ အသိအမှတ်ပြုကြသည်။ ဖေဖေ့စာတွေကို ဖတ်ဖူး၍မဟုတ်၊ မဂ္ဂဇင်းဆိုက်ကိုသွား၍ အလုပ်လုပ်နေသည်ကို သိကြသောကြောင့် စာရေးဆရာဟု ခေါ်ကြခြင်းဖြစ်၏။

ငွန်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဖေဖေသည် စာမရေးဘဲ စာရေးဆရာဟု အခေါ်ခံနေသူတော့ မဟုတ်ပါ။ ဖေဖေ စာတွေကို ရေးပါသည်။ ညည ဖူးစကက်စက္ကူတွေနှင့် ရေးလိုက်သည့် ဝတ္ထုတွေ မနည်းပါ။ ညဆိုလျှင် ဖေဖေ အိပ်ချိန်ဟူ၍ပင် ကောင်းကောင်းမရှိပါ။ ငါးနာရီလောက်သာ အိပ်ပြီး စာတွေကို တကုန်းကုန်း ရေးနေတတ်ပါ၏။

မန္တလေး ငယ်ငယ်ကတော့ ဖေဖေသည် ရေနံဆီမီးခွက်ကလေးဖြင့် မီးရောင်တွင် စာရေး၏။ နောက်တော့ အိမ်ရှင်က ပိုက်ဆံထပ်တောင်းကာ မီးသွယ်ပေးသဖြင့် လျှပ်စစ်မီးရောင်ဖြင့် ရေးပါ၏။

ဖေဖေ၏ ဝတ္ထုတိုကလေးများ၊ ကဗျာကလေးများသည် တစ်ခါတစ်ရံ မဂ္ဂဇင်းတွင် ပါလာတတ်သည်။ ထိုအခါ ဖေဖေသည် မေမေနှင့် မန္တလေးကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြတတ်၏။ သို့ရာတွင် သူ့ကဗျာ၊ ဝတ္ထုတိုတို့မှာ တစ်နှစ်မှ သုံးလေးခါလောက်သာ ပါတတ်သည်။ ညည သူ ရေးသည့်စာတွေမှာ အပယ်ခံရဟန်တူပါသည်။ တစ်ခါမျှ ပါလာသည်ကို မတွေ့ရပါ။

မန္တလေး ငယ်ငယ်တုန်းကတော့ သူတို့ဖေဖေသည် ညညတွင် သည်လောက် စာမရေးပါ။ စာဖတ်သည့် အချိန်က ပိုများသည်။ ဖေဖေရသည့် စာပြင်ဆရာလခကလေးသည် မန္တလေးတို့သားအမိ ခြစ်ခြစ်ခြုတ်ခြုတ် သုံးစွဲလျှင် လောက်ပါသည်။ နည်းနည်းပါးပါး ချို့တဲ့နွမ်းပါးတာလောက်တော့ ရှိပါသည်။

သို့ရာတွင် မန္တလေး အထက်တန်းသို့ ရောက်လာသည့်အခါတွင်မူ ဖေဖေရသည့် စာပြင်ဆရာလခဖြင့် မလောက်တော့ပါ။ အဝတ်အစားဖိုး၊ ကျောင်းလခ၊ ခရီးစရိတ် စသည်တို့ ပိုလာပါသည်။

မူလတန်းတို့၊ အလယ်တန်းတို့တုန်းကတော့ ကျောင်းစိမ်းလုံချည်ဖိုး၊ အင်္ကျီဖိုး၊ စာအုပ်ဖိုး၊ ထီးဖိုး၊ လွယ်အိတ်ဖိုးလောက်ကုန်လျှင် ကိစ္စပြီးပါသည်။

သို့ရာတွင် အထက်တန်းရောက်သည့်အခါတွင် ကျောင်းလုံချည်ချည်းမရတော့ပါ။ အပြင်ဘက်က ကျူရှင်ကိုပါ တက်ရသဖြင့် အဝတ်အစားဖိုး ပိုလာပါသည်။ ကျူရှင်ဖိုးက တစ်ဘာသာကို နှစ်ဆယ့်ငါးကျပ်ဖြစ်ပြီး သုံးဘာသာ တက်ရတော့ ခုနစ်ဆယ့်ငါးကျပ် ကုန်ပါသည်။ ကျူရှင်သို့ သွားရသည့်စရိတ် ကုန်လာပါသည်။ သရေစာဖိုး ကုန်လာပါသည်။

ထို့ကြောင့် ဖေဖေ မဂ္ဂဇင်းတိုက်ကရသည့် စာပြင်ဆရာလခနှင့် မလောက်တော့ပါ။ ဖေဖေစာရေး၍ရသည့် ငွေမှာလည်း ဘာမှမဖြစ်လောက်ပါ။ ကဗျာတစ်ပုဒ် တစ်ဆယ် ရပါသည်။ ဝတ္ထုတစ်ပုဒ်ကို သုံးဆယ်၊ တစ်ခါတစ်ရံ





လေးဆယ်ပဲ ရပါသည်။ သို့တိုင် လစဉ် ပါသည်မဟုတ်ပါ။ သုံးလေးလမှ တစ်ကြိမ်လောက်ပါတတ်သဖြင့် ထိုငွေကို အားကိုး၍ မရပါ။

ထိုအခါတွင် ဖေဖေသည် မဂ္ဂဇင်းတိုက်တွင် မကတော့ဘဲ ပုံနှိပ်တိုက်နှစ်တိုက်ခွ၍ လုပ်ရပါသည်။ ဖေဖေသည် မနက်အစောကြီးကတည်းက ထွက်သွားပြီး အစောဆုံး ည ဆယ်နာရီလောက်မှ ပြန်လာတတ်သည်။

မန္တလေးနှင့် ဖေဖေသည် တစ်နေ့တစ်ခါမျှပင် မျက်နှာချင်းမဆိုင်ဖြစ်ကြပါ။ မနက်အစောကြီး မန္တလေး မနိုးမီ ဖေဖေသည် ဘတ်စ်ကားဂိတ်သို့ ရောက်နေလေပြီ။ ည ဖေဖေပြန်လာသည့်အခါတွင် မန္တလေး အိပ်ပျော်နေလေပြီ။ မန္တလေး စာမေးပွဲနားနီး၍ ညဉ့်နက်အောင် စာကြည့်သည့်အခါမျိုး၊ မနက်အစောကြီး ထ၍ စာကျက်ရသည့်အခါမျိုးကျမှသာ မန္တလေးတို့သားအဖ မျက်နှာချင်းဆိုင်ဖြစ်သည်။

ဖေဖေ အပင်ပန်းဆုံးမှာ မန္တလေး တက္ကသိုလ်သို့ တက်ရသည့်ကာလဖြစ်သည်။ တက္ကသိုလ်ကိုရောက်တော့ တက္ကသိုလ်ကျောင်းသူနှင့် တူအောင် အဆိုက်အလျောက် ဝတ်ရစားရပါသည်။ အတန်းစောစောတက်သည့်နေ့များတွင် မုန့်ဖိုး၊ ထမင်းဖိုး ကုန်ပါသည်။ အိမ်က ထမင်းဘူး ယူမသွားနိုင်ပါ။ မျက်နှာပန်းလှသည့်ဟင်းမျိုး မတတ်နိုင်သဖြင့် မန္တလေးလည်း မယူချင်ပါ။

ယနေ့ ပဲပြုတ်ကြော်၊ ချဉ်ရည်ဟင်း၊ နောက်တစ်နေ့ ချဉ်ရည်ဟင်း ပဲပြုတ်ကြော်ဆိုတော့ မန္တလေး နည်းနည်းရှက်လာပါ၏။ ထို့ကြောင့် ထမင်းဘူး မယူတော့ဘဲ ကျောင်းမှာတင် လက်သုပ်တို့ ဘာတို့နှင့် ဖြစ်သလို စားသည်။ ခရီးစရိတ်ကလည်း ထောင်းပါ၏။ မော်တော်ကား သုံးဆင့်စီးရသဖြင့် အသွားတစ်ကျပ်ခွဲ အပြန်တစ်ကျပ်ခွဲလောက်ကုန်နေရာ ခရီးစရိတ်သက်သက်ပင် တစ်နေ့ သုံးကျပ်လောက် ကျနေပါသည်။

ထိုအခါမျိုးတွင် ဖေဖေသည် ပုံနှိပ်တိုက် နှစ်တိုက်မကတော့၊ သုံးတိုက်ခွ၍ အလုပ်လုပ်ရပါသည်။ တစ်ည ဖေဖေပြန်လာစဉ် မိုးရွာပြီး အအေးမိကာ အိပ်ရာထဲတွင် လဲပါသည်။ တော်တော်နှင့် နာလန်ပြန်မထူနိုင်ပါ။

ဖေဖေနှင့် ကဗျာရေးဖက် ဆရာဝန်တစ်ယောက်က ဆေးရုံခေါ်သွားပြီး ဓာတ်မှန်တို့ ဘာတို့ရိုက်၍ စစ်ဆေးပါသည်။ ဖေဖေ့တွင် တီဘီရောဂါဖြစ်နေသည်ကို တွေ့ရသဖြင့် ပုံနှိပ်တိုက်များက အလုပ်ကို လျှော့ပစ်လိုက်ရပါသည်။ ကျန်းမာရေးလည်း စိတ်သွားတိုင်း မပါနိုင်တော့ပါ။ ဖေဖေသည် မောမောနေတတ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေသည် ညအလုပ်များကို လွှတ်လိုက်ရပြီး နေ့ဘက်က မဂ္ဂဇင်းတိုက် စာပြင်အလုပ်တစ်ခုတည်းကိုသာ လုပ်ရပါသည်။ ထိုအခါတွင် ဖေဖေသည် ညဘက်တွင် စာတွေ ရေးပါသည်။

ဖူးစကက်စာရွက်တွေနှင့် တစ်ထပ်ကြီးရေးပါသည်။ ထိုစဉ်က မနွယ် ဆယ်တန်းရောက်နေပါပြီ။

ဆယ်တန်းကျောင်းသူ မနွယ်သည် ဖေဖေရေးသည့် လက်ရေးစာမူကို ဖတ်ကြည့်ပါသည်။ ဖေဖေ့ဝတ္ထုနာမည်မှာ 'လရောင်အောက်တွင် ငို၍ အမှောင်ထဲတွင် ရယ်မည်' ဆိုသည့် ဝတ္ထုဖြစ်ပါ၏။ သူ စာရေးဆရာ တစ်ယောက်အနေဖြင့် ဘဝတွင် မည်သို့ ရုန်းကန်ရကြောင်းကို ရေးထားသည့် ဝတ္ထုဖြစ်ပါသည်။ မနွယ်သည် ဖေဖေ့ဝတ္ထုကော်ပီကို ဖတ်ကြည့်သည်။ ဖေဖေ့ဝတ္ထုက စိတ်ညစ်စရာ။ ဆင်းရဲသည့်အကြောင်းတွေ၊ ငတ်သည့်အကြောင်းတွေ။ ချစ်သူနှစ်ယောက် ကွဲကြသည့်အကြောင်းတွေ။

ဖေဖေ့ဝတ္ထုထဲတွင် ဒဿနတွေကလည်း ပါလိုက်သေးသည်။ ထိုဒဿနတွေ ဘဝအမြင်တွေကို မနွယ် နားမလည်၊ သိလည်း မသိချင်။

သူတို့အရွယ်မှာ ချစ်သူတွေ ပျော်ကြ၊ ပြုံးကြ၊ ရယ်ကြသည်ကို မြင်ချင်သည်။ ကောင်လေးနှင့် ကောင်မလေးချော့ချော့တို့ ချစ်စရာ တီးတိုးစကားတွေ ပြောသံကို ကြားချင်သည်။ မိုးတိမ်တိုက်များ အုံ့ဆိုင်း၍ လျှပ်စီးတွေ လက်နေသည်ကိုပင် တိမ်ဖူးတို့ကို လျှပ်နွယ်တွေက နမ်းပြီး ထွက်ပြေးသွားတာမျိုးဟု မြင်ချင်သည်။

ပွင့်သစ်ဦးတွင် ပျားပိတုန်းတို့ ဝဲပျံနေသံများကို ချစ်သူတို့၏ တီးတိုးသံများဟု ထင်ချင်သည်။ ကြာပွင့်ပေါ်သို့ လရောင်ဖြာကျသည်ကို ကြာပွင့်အား မမိုတမိုင့်နမ်းနေသော ငွေလဝန်း၏အနမ်းဟု ထင်ချင်သည်။

မနွယ်တို့လို ဆယ်ကျော်သက်တွေက အချစ်ဝတ္ထုရေးဆရာမ ခင်ဝတီတို့၊ အချစ်ဝတ္ထုရေးဆရာ တိမ်ပန်းတို့၊ ကိုကိုမောင်မောင်တို့၊ မောင်ဖူးညွန့်တို့ ရေးသည့် အချစ်ဝတ္ထုလုလုကလေးတွေကိုသာ ဖတ်ချင်သည်။

မနွယ်သည် ဖေဖေ့ဝတ္ထု ဆုံးအောင်မဖတ်လိုက်။ ဖတ်လည်း မဖတ်ချင်။ ဖေဖေသည် ထိုစာမူကို ထုတ်ဝေသူတစ်ဦးမှတစ်ဦးသို့၊ စာအုပ်တိုက်တစ်တိုက်မှတစ်တိုက်သို့ လှည့်၍ ပြသည်။ နောက်ဆုံးတွင် ဖေဖေ့ဝတ္ထုကို ထုတ်ဝေမည့်သူဆို၍ တစ်ယောက်မျှ မရှိ။

သည့်နောက်တွင် ဖေဖေသည် ဝတ္ထုတွေကို သိပ်မရေးတော့ဘဲ ညပြန်





ဘာလျှင် နောက်ကျပြန်လာတတ်သည်။ ဖေဖေပြန်လာသည့်အခါတွင် ဖေဖေ့ခံတွင်းမှ အရက်နံ့သည် ဝေ့ဝဲပျံ့လွင့်လာတတ်၏။ ထို့မျှမက ဖေဖေသည် ထုတ်ဝေသူတို့ကို နာကြည်းစကား ပြောစ ပြုလာ၏။ အောင်မြင်နေသော စာရေးဆရာတို့ကို ကျိန်ဆဲစ ပြုလာသည်။

"ရှင့်စာမူတွေကို ဘယ်မှာထုတ်ပေးသူ ရှိပါ့မလဲ၊ ငတ်တဲ့ ပြတ်တဲ့အကြောင်း၊ ဆင်းရဲတဲ့အကြောင်းတွေချည်းပဲ ရေးနေတာ၊ လူတွေက ဒါတွေကို မဖတ်ချင်ဘူးရှင့်။ ပျော်စရာ၊ ကြည်နူးစရာတွေကို ဖတ်ချင်တာ၊ အချစ်ဝတ္ထုတွေကို ဖတ်ချင်တာ၊ ဒီတော့ ရှင်လဲ အချစ်ဝတ္ထုတွေ ရေးပေါ့"

ဖေဖေသည် မေမေ့ကို ဝင်းဝင်းတောက်သော မျက်လုံးများဖြင့် လှမ်းကြည့်၏။

"ဘာ . . . အချစ်ဝတ္ထု"

"ဘာအချစ်ဝတ္ထုရမှာလဲ၊ ကောင်လေးနဲ့ ကောင်မလေးတွေ ချစ်ကြိုက်ကြတဲ့အကြောင်းပေါ့"

"ငါ အသက်ငါးဆယ်ကျော်ပြီကွ၊ အသက်ငါးဆယ်ကျော်မှ အချစ်ဝတ္ထုတွေ ရေးရဦးမှာလား။ ဖတ်တဲ့သူတွေက ကိုယ့်သားအရွယ်၊ ကိုယ့်သမီးအရွယ်တွေ၊ ငါ့စာတွေကို ငါ့သမီး ပြန်ဖတ်ရင်တောင် ရှက်စရာ၊ ဒီအရွယ်ကြီးရောက်မှ ဖေတော့ မောင်တော့တွေ ရေးရဦးမှာလား။ ငါတစ်သက်လုံး စာပြင်ဆရာလုပ်ပြီး ကဗျာကလေးတွေ ရေးလာခဲ့တာကွ၊ ထမင်းဝ စာချင်ရင် စာရေးဆရာ မလုပ်ဘူး၊ တခြားအလုပ်တွေ ပြည့်လို့၊ သိက္ခာအကျမခံနိုင်ဘူး"

မေမေက မဲ့လိုက်သည်။

"မြန်မာပြည်မှာရော၊ နိုင်ငံခြားမှာရော၊ အချစ်ဝတ္ထုတွေ ရေးနေတဲ့ စာရေးဆရာတွေ အများကြီးပါတော်၊ အသက်ခုနစ်ဆယ်ကျော်မှ အချစ်ဝတ္ထုတွေရေးတဲ့ နိုင်ငံခြားစာရေးဆရာကြီးတွေလဲ အများကြီး ရှိပါသတဲ့၊ ကျုပ် ကြားဖူးပါတယ်၊ ဘယ်သူမှ သိက္ခာမကျပါဘူး။ ဒီလိုပဲ ရေးနေကြတာပဲ။ တလောက စာရေးဆရာမ ခင်ဝတီဆိုတာ ပါလာလို့ သွားနားထောင်တယ်၊ ဟောတတ်ပြောတတ်သားပဲ၊ ပြီးတော့ စာရေးဆရာမကလဲ ငယ်ငယ်လေး။ ရုပ်ချောချောလေး၊ လာတော့လဲ အပျံစားနဲ့လာတာ၊ ပြီးတော့ စာရေးဆရာ တိမ်ပန်းဆိုရင်ပဲ ဘယ်လောက် ရေပန်းစားသလဲ၊ စာအုပ်ဆိုင် အငှားဆိုင်မှာ လက်မလည်လို့ ကြောင့် ငှားရလို့ သူ့စာအုပ်တစ်မျိုးကို လေးငါးခြောက်အုပ် ဝယ်ထားရတာတဲ့၊ ပြီးတော့ စာရေးဆရာ မောင်ဖူးညွန့်တဲ့၊ ကိုကိုမောင်မောင်တဲ့၊ သူ့ဝတ္ထုတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ရောင်းရသလဲ။ ဒီတော့ ရှင်လဲ အောင်မြင်တဲ့ စာရေးဆရာဖြစ်ချင်ရင် သူတို့လိုရေးပေါ့။ ခုတော့ ကဗျာကလေး ဝတ္ထုကလေး မတောက်တခေါက် ရေးပြီး သူများရေးတဲ့ စာတွေ ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ မကောင်းပြော နေတယ်''

''မင်း နားမလည်ပါဘူးကွာ၊ စာပေအကြောင်းကို မင်း ဘယ်လောက် သိလို့လဲ''

''ကျုပ်တို့ကတော့ နားမလည်ပါဘူး။ ဒါပေမဲ့ ရှင်ရေးတဲ့ကဗျာမျိုး။ ဝတ္ထုမျိုးတော့ နားမလည်ဘူးလို့ ထင်တယ်၊ အဆင့်အတန်းနိမ့်တယ်လို့ပဲ ထင်ထင်၊ ရှင်တို့ရေးတဲ့ ဝတ္ထုမျိုး။ ကဗျာမျိုးတော့ မကြိုက်ဘူးတော်ရေ့၊ ဆုံးအောင်လဲ မဖတ်ဘူး၊ သူများလို မရေးချင်ရင်လဲ နေပါ။ ဒါပေမဲ့ အောင်မြင်တဲ့ စာရေးဆရာတွေ၊ စာရေးဆရာမတွေကိုတော့ မကောင်းမပြော ပါနဲ့၊ သူများအောင်မြင်တာကို မနာလိုမုန်း လူသိပါတယ်၊ ကိုယ်မရေးနိုင်ရင် ကိုယ်မရေးချင်လဲ အသာပဲနေပေါ့''

သည်စကားကမူ ဖေဖေ၏ ချက်ကောင်းကို ထိုးနှက်လိုက်သလို ဖြစ် သွားသည်။ ဖေဖေသည် ဘာမျှမပြောတော့။

နောက်ပိုင်းတွင်မူ ဖေဖေသည် ညညတွင် ဖူးစကက်စက္ကူနှင့် စာတွေ အများကြီး ရေးသည်။ ဘာစာတွေမှန်းတော့ မနွယ် မသိ။ ထိုစဉ်က မနွယ်ကလည်း တက္ကသိုလ်နောက်ဆုံးနှစ်မို့ ဘာစာတွေကိုမှ ကောင်းကောင်း မဖတ်ဖြစ်တော့ဘဲ ကျောင်းစာကိုချည်း ဖိကျက်နေရသည်။ ဖေဖေကမူ နံနက်တိုင်း မဂ္ဂဇင်းတိုက် စာပြင်အလုပ်ကို မှန်မှန်သွားပြီး ညနေကျလျှင် အရိုန်ကလေးနှင့်ပြန်လာကာ တစ်ညလုံး စာတွေ တကုပ်ကုပ်ရေးတတ်သည်။ ဘာစာတွေမှန်းတော့ မသိ။

သို့ရာတွင် တက္ကသိုလ်ရောက်လာ၍ စာဖတ်ရင့်လာသည့်အခါ၌ မနွယ် သည် ဖေဖေ့ကဗျာနှင့် ဝတ္ထုတိုကလေးတွေကို သဘောကျစပြုလာသည်။ ဖေဖေ့လိုလည်း ဒဿနပါသော စာတွေကို ရေးချင်သည်။ မအောင်မြင်၍ နာမည်မကြီးလျှင်လည်း ကိစ္စမရှိပါ။ ငွေမရလျှင်လည်း ကိစ္စမရှိ။ ကိုယ်ရေးချင် တာကို ရေးနေရလျှင် စိတ်ထဲတွင် ပျော်မည်ဟု ထင်နေသည်။

တစ်နေ့တွင် မနွယ်က မဂ္ဂဇင်းထဲတွင်ပါလာသည့် ဖေဖေရေးသည့် ကဗျာတိုကလေးတစ်ပုဒ်ကို ဖတ်ရင်း . . .

''ကဗျာကလေးက ကောင်းလိုက်တာ ဖေဖေရယ်၊ သမီး ဒီလိုအတွေး မျိုးတွေးပြီး ဒီလိုကဗျာမျိုး ရေးတတ်ချင်လိုက်တာ''





ဖေဖေသည် မနွယ်ကို မျက်လုံးပြူးကြီးများဖြင့် အလန့်တကြား လှမ်း ကြည့်နေသည်။

''ဘယ်ကဗျာလဲ''

''ဒီလ မဂ္ဂဇင်းထဲမှာပါတဲ့ ဖေဖေ့ကဗျာလေ၊ 'လှေအို' ဆိုတဲ့ ဖေဖေ့ ကဗျာကလေး။ ကူးတို့သမားက သူ့လှေအိုကလေးကို ပြောတဲ့ပုံစံမျိုးနဲ့ ရေးထား တာ၊ သူ့လှေအိုကလေးမှာ ဟိုတုန်းက ပွဲတွေမကြာခဏ ကျိုးခဲ့ဖူးပြီတဲ့၊ ရွက်တွေလဲ မကြာခဏ စုတ်ပြတ်ခဲ့ဖူးပြီတဲ့။ ဒါပေမဲ့ အဲဒီလှေငယ်ဟာ ပွဲ တွေ ဘယ်လောက်ပဲ ကျိုးကျိုး၊ ရွက်တွေ ဘယ်လောက်ပဲ စုတ်စုတ်၊ ပင် လယ်ကြီးဆီကို မရပ်မနား စုန်သွားနေတာပဲတဲ့၊ ခုတော့ လှေငယ်ဟာ အိုမင်း ပြီး ဖရာတွေဆွေးလို့ လှေဝမ်းလဲ ပေါက်နေပြီတဲ့၊ ဝမ်းထဲမှာလဲ ရေတွေဝင်လို့ ပဲ့ကလဲ နစ်လုမတတ်ဖြစ်နေပြီတဲ့။ ဒါကြောင့် သူ့ရဲ့နာဝါခရီးကို မဆက်တော့ ဘဲ ကမ်းစပ်တစ်နေရာမှာ ထိုးစိုက်ပြီး လှိုင်းလေးတွေ ပုတ်ပေးတာကိုခံရင်း အနား ယူ မှေးစက်ပါတော့တယ်တဲ့၊ ရှောကို ပြောတာလားမသိဘူးနော် ဖေဖေ''

ဖေဖေသည် မနွယ်ကို ထူးထူးဆန်းဆန်း ကြည့်နေသည်။ သူ့မျက်လုံး များသည် တောက်ပနေကြ၏။

''သမီးလေ ဆယ်တန်းလောက်တုန်းကတော့ ဖေဖေ့ကဗျာတွေကို ကောင်းကောင်း နားမလည်ခဲ့ဘူး။ ဒဿနတွေများတယ်လို့ ထင်တယ်၊ အသီ ခတ်တယ်လို့ ထင်တယ်။ ခု တက္ကသိုလ် နောက်ဆုံးနှစ်ရောက်လို့ အတွေး အမြင်တို့ ဘာတို့ နည်းနည်းရင့်သန်လာတော့မှ နားလည်သလိုလို ဖြစ်လာ တယ်။ သမီးလဲ ဒီလို အတွေးအခေါ်ပါတဲ့ ကဗျာမျိုး စာမျိုးတွေကို ရေးတတ် ချင်လိုက်တာ''

''ကျောင်းစာကိုသာ ကြိုးစားပါ သမီးရယ်၊ ဒါတွေ နောက်မှလုပ် ပါပေါ့''

မနွယ် ငယ်ငယ်တုန်းကတော့ ဖေဖေသည် သူ့သမီးကို စာကြောင်းပေ ကြောင်းတွေ ပြောတတ်သည်။ စာပေတွေကို အဖတ်ခိုင်းသည်။ သို့ရာတွင် ယခုနောက်ပိုင်းတွင်မူ မနွယ်ကို စာပေတွေ မဖတ်ခိုင်းတော့။ မနွယ်က စာကြောင်းပေကြောင်းပြောလာလျှင်လည်း စိတ်မပါ့တပါမျှသာ ပြန်ပြောကာ စကားကို ဖြတ်ပစ်လိုက်တတ်သည်။

ဖေဖေ့ကို ကြည့်ရသည်မှာလည်း တစ်နေ့တခြား ပိန်ချုံးလာသည်။ ဆရာဝန်ကို ပြကြည့်သည့်အခါတွင် ဖေဖေ့တွင် တီဘီရောဂါဖြစ်ကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့တိုင် ဖေဖေသည် အလုပ်ကိုမှန်မှန် သွားမြဲ၊ ညညတွင် ဖူးစကက် စာရွက်တွေနှင့် စာတွေရေးမြဲ။

သို့ဖြင့် ဖေဖေသည် နောက်ဆုံးတွင် အိပ်ရာပေါ်သို့ ဗုန်းဗုန်းလဲခဲ့ခြင်း ဖြစ်သည်။

အိပ်ရာပေါ်တွင် လဲသည့်အခါ၌ ဖေဖေသည် နာကြည်းစရာ စကားတွေကို ပြောလာတတ်သည်။ တစ်ခါတွင် ဖေဖေက ဗလာစာအုပ်ဖြင့် ရေးထားသည့် သူ့ကဗျာများကို ဖတ်နေသည့် မနွယ်အား ဒါတွေဖတ်နေရမလားဟု ဆူသည်။

"ဖေဖေ့ကဗျာတွေကို ဖတ်တာပါ။ ဖေဖေ့ကဗျာတွေက ဒဿန ပါတယ် မဟုတ်လား။ သမီးက အဲဒီလို ကဗျာမျိုးတွေကို စပ်ချင်လို့ လေ့လာတာပါ"

"သမီးက ဘာလုပ်မယ်လို့ စိတ်ကူးလို့လဲ"

"ဖြစ်နိုင်ရင်တော့ စာရေးဆရာမတို့၊ ကဗျာဆရာမတို့ လုပ်ချင်တာပေါ့ ဖေဖေ"

ဖေဖေက မရယ်ချင့် ရယ်ချင် ရယ်လိုက်သည်။

"စာရေးဆရာတို့၊ ကဗျာဆရာတို့ မဖြစ်ချင်စမ်းပါနဲ့ သမီးရယ်၊ ဒါက အလကားပါ"

မနွယ် မျက်လုံးဝိုင်းသွားသည်။

"ဘာဖြစ်လို့"

"စာရေးဆရာဆိုတာ ကျိန်စာမိတဲ့လူလိုပဲ၊ ခေါင်းထဲမှာ လေးလေးနက်နက်တွေ တွေးပြီး ကုလားထိုင်မှာ တကုပ်ကုပ်နဲ့ရေးရင်း သေသွားရတာပါ။ သူ့မှာ ကိုယ်လုပ်ချင်တာ လုပ်ရလို့ စိတ်ချမ်းသာတာကလွဲပြီး တခြားဘာမှရှိတာမဟုတ်ဘူး။ ဒါတောင်မှ တစ်ခါတစ်ခါ ကိုယ်မရေးချင်တာတွေ ရေးနေရလို့ စိတ်ညစ်ရတဲ့အခါ ရှိသေးတယ်။ ကိုယ်က အချစ်ဝတ္ထုမရေးချင်ပေမဲ့ ရေးနေရတယ်။ လောကမှာ ကိုယ်မလုပ်ချင်တာကိုလုပ်ရပြီး ကိုယ်လုပ်ချင်တာကို မလုပ်ရတာဟာ စိတ်အဆင်းရဲဆုံးပဲ"

"ဒါကတော့ ဖေဖေရယ်၊ ကိုယ်မရေးချင်ရင် မရေးနဲ့ပေါ့။ ကိုယ်က အောင်မြင်မှုတို့၊ ကျော်ကြားမှုတို့၊ ငွေကြေးတို့နောက်မလိုက်ဘဲ ကိုယ်ရေးချင်တာတွေကို ရေးနေနိုင်တဲ့ အခွင့်အရေးရှိတာပဲ။ ဘာဖြစ်လို့ စိတ်ညစ်ရမှာလဲ"

"အနုပညာသည်ဆိုတာ ပုံပြင်ထဲက မိထွေးနဲ့ နေရတဲ့ ကလေးငယ်နဲ့





အတူတူပဲ။ မိထွေးကရိုက်တော့ ကလေးမှာ ပုလဲမျက်ရည်ပေါက်တွေ ကျရတယ်။ နာနာရိုက်လေ ပုလဲမျက်ရည်ပေါက်တွေ များများကျလေပဲ။ ဒီအတိုင်းပဲ။ စာရေးဆရာဟာလဲ ရက်စက်တဲ့မိထွေးနဲ့တူတဲ့ လောကကြီးက နာနာရိုက်မှ မျက်ရည်တွေ ပိုထွက်မှာ၊ ပုလဲတွေ ပိုထွက်မှာ။ ဒီတော့ ငါ့သမီး ဘာဖြစ်လို့ မိထွေးအရိုက်ခံချင်ရတာလဲ။ ကိုယ့်ဘာသာကိုယ် ပျော်ပျော်နေစမ်းပါ။ ဖေဖေ့မှာသာ ဝဋ်ရှိလို့ မိထွေးအရိုက်ခံနေရတာ"

ဖေဖေသည် ထိုစကားများကို ပြောနေချိန်၌ တော်တော် ခါးသီးနာကြည်းနေဟန် ရှိ၏။ ဖေဖေစိတ်မကောင်းမည်စိုးသဖြင့် မနွယ်သည် အသာပင် ငြိမ်နေလိုက်သည်။

ဖေဖေသည် ရောဂါကို တစ်နှစ်နီးပါး ခံလိုက်ရပြီးနောက် ဆုံးသွားခဲ့သည်။ ဖေဖေ ဆုံးသည့်အခါတွင် ဖေဖေလုပ်သည့် မဂ္ဂဇင်းတိုက်မှ ငွေနှစ်ရာထည့်ပြီး ဖေဖေ့မိတ်ဆွေ ကဗျာဆရာများ၊ စာရေးဆရာများက စု၍ ထည့်ကြ၏။

သို့ရာတွင် ဖေဖေ့အသုဘသည် မျက်နှာငယ် အသုဘမျှသာ ဖြစ်ပါသည်။ အသုဘကို လိုက်ပို့ကြသူမှာ ဘတ်စ်ကားသုံးစီးပင် မပြည့်ချင်ပါ။ ကိုယ်ပိုင်ကားဆို၍ ဖေဖေလုပ်သည့် မဂ္ဂဇင်းတိုက်မှ တိုက်ရှင်၏ ကားတစ်စီးသာ ရှိ၏။ မနွယ်တို့ သားအမိသည် ဖေဖေ့အသုဘကားနောက်မှ အသုဘရှင်များ အဖြစ် ထိုကိုယ်ပိုင်ကားကလေးဖြင့် လိုက်ခဲ့ကြရသည်။

မနေ့က ဖေဖေ့ရက်လည် ဆွမ်းသွတ်ပြီးနောက် မေမေနှင့်မနွယ်သည် သူတို့အခန်းလေးကို ရှင်းလင်းသိမ်းဆည်းကြ၏။ မေမေက နောက်ဖေးက တိုလီမိုလီပစ္စည်းများနှင့် ဖေဖေ့အဝတ်အစားသေတ္တာတို့ကို သိမ်းဆည်းနေချိန်တွင် မနွယ်က ဖေဖေ့စာအုပ်များကို သိမ်းဆည်းနေသည်။

စာအုပ်စင်တစ်နေရာတွင် လွန်ခဲ့သည့် လေးငါးနှစ်က ဖေဖေ၏ ဒိုင်ယာရီစာအုပ်ကလေးကို တွေ့သဖြင့် မနွယ် လှန်ကြည့်လိုက်သည်။ သူ လှန်ကြည့်လိုက်သည့် စာရွက်ပေါ်တွင် ဖေဖေ့လက်ရေးဖြင့် ရေးထားသော စာကြောင်းများကို ဖတ်၍ မနွယ် အံ့အားသင့်နေသည်။

*'ကိုကို့ အချစ်ကလေး အရည်ပျော်သွားပြီ' ဝတ္ထု ရေးပေးခအတွက် စာရေးဆရာ တိမ်ပန်းထံမှ ရရန် ကျန်ငွေ ၂၀၀။*

*'အချစ်ပြက္ခဒိန်ရက်ကလေး နောက်ဆုတ်ပေးပါ'*



www.burmeseclassic.com

www.burmeseclassic.com



*ဝတ္ထုရေးအတွက် စာရေးဆရာ မခင်ဝတီထံမှ ရရန် ကျန်ငွေ ၂၀၀။*

*မနွယ် ကျောင်းလခပေးရန်အတွက် စာရေးဆရာ ကိုကိုမောင်မောင်ထံမှ စရန်ယူငွေ ၃၀၀။*

ညညတွင် ဖူးစကာက်စာရွက်တစ်ထပ်ကြီးဖြင့် စာရေးနေသော ဖေဖေ့ပုံကို မနွယ် မြင်ယောင်လာသည်။ ရုံဒိုးစာရေးဆရာဟု ယနေ့ခေါ်နေကြသူများကို အင်္ဂလိပ်လို တစ္ဆေစာရေးဆရာဟု ခေါ်ကြောင်း မနွယ်ကြားဖူး၏။ မနွယ်သည် တစ္ဆေစာရေးဆရာဘဝမှ ကျွတ်သွားသော ဖေဖေ့အတွက် အမျှဝေမိလေသည်။

■

ရင်ခုန်ပွင့်

မေ၊ ၁၉၈၈

# ပန်းကားကြီး ဒီမှာမရပ်တော့ဘူး

ညနေ ၅ နာရီထိုးလျှင် စုထွေးသည် မြို့အဝင်က အုတ်တံတားတွင် ထိုင်၍ အစ်ကိုမိုးဇော်၏ ပန်းကားကို စောင့်မြဲဖြစ်သည်။ နေရောင်တို့မှုန်ရီစပြု၍ အရှေ့ဘက်တောင်တန်းတွင် မြူများဆိုင်းလာပြီဆိုသည်နှင့် အဝေးကုက္ကိုပင်တန်း ...အောက်က ကတ္တရာလမ်း မည်းမည်းပေါ်မှာ မောင်းလာသော အစ်ကို၏ ...ကားကို မြင်ရတတ်သည်။

စပါးသိမ်းချိန်ပြီး၍ လယ်ကွင်းများတွင် ရိုးပြတ်တွေချည်းသာ ကျန်တော့...ည် အချိန်မျိုးဆိုလျှင် ငှက်ပျောပင်တွေကျ၍ အသစ်ပြန်စိုက်ချိန်မျိုးဆိုလျှင် အစ်ကို့ကားကို အဝေးကြီးကတည်းက မြင်ရသည်။ အမိုးသံတိုင်တွေအထိ ...တွေအပြည့်တင်ထားသည့် အစ်ကို့ပန်းကားကြီးသည် အဝေးတွင် ကစား...အရုပ်ကလေးတစ်ခုလို ပြေးနေသည်။

တံတားနှင့် အဝေးကြီးတွင်ရှိသော အင်တိုင်းသာချာကလေးကို ကျော်...သည်ဆိုကတည်းက အစ်ကိုကလည်း ကားဟွန်းသံကို အဆက်မပြတ်...တတ်၏။ ကားဟွန်းသံက တိုသွားလိုက် ရှည်သွားလိုက်။ အစ်ကို့ကား...သံကို စုထွေး ဘယ်မှာမမှတ်မိဘဲ ရှိပါ့မလဲ။ သုံးနှစ်လုံး ဆက်တိုက်ကြား...သော ကားဟွန်းသံ။ ကားဟွန်းသံကိုပါမက ကားစက်သံကိုပင် စုထွေးမှတ်...သည်။ သုံးနှစ်လုံးလုံး နေ့တိုင်း သည်အုတ်တံတားလေးမှာ ...၍ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရင်း အစ်ကိုမိုးဇော် ပေးသွားသော ပန်းစည်းများနှင့် လက်ဆောင်များကို စုထွေး ဆီးကြိုယူနေကျ။

စုထွေးသည် လက်တွင်ကိုင်ထားသည့် ဆီးတော်သီးထုပ်ကလေးကို အုတ်တံတား ဘောင်ပေါ်တွင် ချထားသည်။ သူ့လက်ထဲတွင်လည်း ပလတ်စတစ်နှင့် ထုပ်ထားသော ဆီးချိုသီး လေးငါးဆယ်လုံးခန့် ပါသည်။ အစ်ကိုမိုးဇော်၏ ပန်းကားကြီးလာလျှင် သူပေးသည့် ပန်းစည်းလက်ဆောင်တွေကို ယူပြီး သူကလည်း ဆီးချိုသီးတစ်ထုပ်လောက်ကို လက်ဆောင်ပေးနေကျ ဖြစ်သည်။

အစ်ကိုက သူတို့မြို့က ဆီးချိုသီးများကို ကြိုက်တတ်သည်ကိုး။

စုထွေး ထိုင်စောင့်နေသည်မှာ နာရီဝက်ကျော်လေပြီ။ အစ်ကို့ပန်းကား၏ အရိပ်အယောင်ကို မမြင်ရသေး။

ခါတိုင်းဆိုလျှင် ညနေ ၅ နာရီထိုးသည်နှင့် အစ်ကို့ပန်းကားသည် **သူတို့မြို့ကလေးသို့** ဝင်နေကျ။ အစ်ကိုသည် သူတို့မြို့ကလေးမှာ ပန်းကားဆိုက်**ပြီး** ပန်းကားပိုင်ရှင်၏ ပွဲရုံတွင် ဝင်ရချိုးသည်။ သူတို့မြို့ကလေးက အဝေးပြေး ကားသမားများ စားလေ့ရှိသော ဟင်းမျိုးစုံအချက်ကောင်းသည့် ထမင်းဆိုင်တွင် ထမင်းစားသည်။ တစ်ခါတလေ အချိန်ရလျှင်လည်း စုထွေးတို့ အိမ်သို့ **လိုက်၍ ထမင်းစားတတ်၏။**

ထို့နောက် အစ်ကိုသည် ပန်းကားကြီးပေါ်သို့ တက်ကာ ရန်ကုန်ကို အရောက်ဆင်းသည်။ ရန်ကုန်ကီလီလမ်းက ပန်းဒိုင်ကို မနက်လေးနာရီတွင် ဝင်ရမည်။ ပန်းဒိုင်တွင် ပန်းတွေချပြီးလျှင် အစ်ကိုသည် ရန်ကုန်မြို့အနောက်ပိုင်းက လမ်းကျဉ်းကလေးတစ်လမ်းထဲရှိ မြို့ခံကားဂိတ်သို့ဝင်ပြီး မြို့သို့တင်ရမည့် ကုန်တွေကို တင်သည်။ သူတို့တစ်တွေ ကုန်တင်နေတုန်း ထမင်းကြော်တစ်ပန်းကန်နှင့် လက်ဖက်ရည်တစ်ခွက်ကို ကသောကမျော သောက်ရသည်။ ကုန်တွေတင်ပြီးသည်နှင့် အစ်ကိုမိုးဇော်သည် ရန်ကုန်မှ ပြန်ထွက်ခဲ့ကာ ခရီးအစမြို့ကလေးသို့ ထိုနေ့ည အမီမောင်းရသည်။

ည သူငယ်အိပ်ဆိတ်ချိန် သူတို့မြို့ကလေးသို့ ပြန်ရောက်ကာ ကုန်တွေချ၊ ကားသိမ်းပြီး အိမ်ပြန်အိပ်သည်။ နောက်တစ်နေ့မွန်းလွဲတွင် အစ်ကို့ပန်းကားသည် ပန်းတွေကို တင်၍ ပြန်ထွက်လာကာ စုထွေးတို့မြို့ကလေးကို ငါးနာရီတွင် ရောက်ပြီး ရန်ကုန်ကို ဆက်ဆင်းရပြန်သည်။ သည်လိုနှင့် အစ်ကိုမိုးဇော်၏ဘဝသည် ကားပေါ်မှာပင် အချိန်ကုန်ရသည်။





"အစ်ကို့ဘဝမှာလဲ နေ့တိုင်း ပန်းကားပေါ်မှာ အချိန်ကုန်ရတော့တာပဲ နော်" ဟု စုထွေးက မျက်လုံးကလေးမှေးစင်း၍ ကြည့်ကာ စိတ်မကောင်းသလို ညည်းသံကလေးဖြင့် ပြောတတ်သည်။

"ဘယ်တတ်နိုင်မလဲ စုထွေးရယ်၊ လုပ်ရမှာပေါ့။ အစ်ကို့မှာ ညီအစ်ကို မောင်နှမ ၆ ယောက်တောင် ရှိတယ်။ ဒီထဲမှာ အစ်ကိုက အကြီးဆုံး။ မြို့မှာ အမေကုန်စိမ်းရောင်းတာကလဲ အရင်းအနှီးမရှိတော့ သိပ်အလုပ်မဖြစ်ဘူး၊ အဖေကလဲ အသက်ကြီးလာတော့ အဝေးပြေးကားတို့ ဘာတို့ကို သိပ်မမောင်းနိုင်တော့ဘူး။ ဆီးရောဂါဖြစ်နေပြီး မြို့စွန်က ခြံတွေမှာ ကုန်စိမ်းသွားကောက်တဲ့ ခရီးတိုကားလောက်ပဲ မောင်းနိုင်တော့တယ်။ ဒီတော့ ပုံမှန်ဝင်ငွေမရှိဘူး မဟုတ်လား၊ ဒီတော့ အစ်ကိုရတဲ့လခကလေးရယ်၊ အစ်ကိုသယ်လာတဲ့ ကုန်ကလေးတွေကရတဲ့ အမြတ်ကလေးရယ် ဒါလေးနဲ့ပဲ စားနေရတာ။ အစ်ကိုလဲ ဒီတာဝန်တွေ မြန်မြန်ပြီးချင်လှပြီ။ သူတို့ကို ငွေတစ်သောင်းလောက် ရအောင်စုပေးခဲ့မယ်။ စုပေးပြီးရင် စုထွေးနဲ့ အစ်ကို လက်ထပ်မယ်။ ဒါကြောင့် အစ်ကို ဒီလောက်လုပ်နေတာ"

စုထွေးသည် အစ်ကို့ကို ကြည့်ရင်း သနားလည်း သနား၊ လေးလည်း လေးစားသွားသည်။

အစ်ကို ကိုအောင်မင်းနှင့် ဘယ်လောက်များ ကွာခြားလိုက်ပါသလဲ။ သူ့အစ်ကို ကိုအောင်မင်းသည် သူတို့မွေးချင်းထဲတွင် အကြီးဆုံးဖြစ်၏။ အကြီးဆုံးမျှသာမက အလိုလိုက်ဆုံးဟုလည်း ဆိုရမည်လား မသိ။ အဖေနှင့်အမေသည် သူတို့သားအကြီးဆုံးကို အလွန်ချစ်၊ အလွန်အလိုလိုက်ပြီး အလွန်အားထိုးခဲ့ကြ၏။ သည်တုန်းက အဖေတို့အမေတို့သည် ကြွယ်ဝိုးကြွယ်ဝကြီးထဲက ဟုတ်သည့်တိုင် ချောင်ချောင်လည်လည် ရှိသည်။

အဖေသည် ထိုစဉ်က မြို့ကလေးတွင် မီးရထားရုံပိုင်လုပ်နေသဖြင့် အထိုက်အလျောက် ချောင်လည်သည်။ အမေကလည်း အရောင်းအဝယ်အလေး ဘာလေးလုပ်သဖြင့် အဆင်ပြေနေသည်။ အမေနှင့် အဖေသည် သူတို့သားကြီးကို ကျောင်းကောင်းကောင်းထားသည်။ လက်ပတ်နာရီဆိုလျှင် **၆** တန်းရောက်ကတည်းက ဝယ်ပေးသည်။ ဘိုင်စကယ်ပူဆာလျှင်လည်း ဆိုင်စကယ်ဝယ်ပေးသည်။ အဝတ်အစားဆိုလျှင်လည်း လိုလေသေးမရှိ။

သို့ရာတွင် အစ်ကိုကိုအောင်မင်းသည် စာကို ကောင်းကောင်းမလိုက်ပါ။ ရှစ်တန်းလောက် ရောက်သည်နှင့် အတတ်မျိုးစုံတွေကို တတ်လာကာ စာမေး



www.burmeseclassic.com

www.burmeseclassic.com



ပွဲ တဝုန်းဝုန်းကျတော့သည်။ နှစ်ခါကျပြီးသည့်နောက်တွင် အပြင်ကျောင်းသား ဖြစ်သွားလေပြီ။

ကျောင်းတက်စဉ်ကပင် စာမေးပွဲ မအောင်ခဲ့သည့် အစ်ကို ကိုအောင်မင်းသည် ပြင်ပကျောင်းသား ဖြစ်သွားသည့်အခါတွင် စာအုပ်ကို ယောင်၍ပင် မကိုင်တော့။ ရှစ်တန်းကျောင်းသားဆိုသော်လည်း လူကောင်ကြီးက ထွားနေပြီ။ သူငယ်ချင်းတွေ ဆယ်တန်းတွေ အောင်ကုန်ကြပြီ။ ဂျီတီအိုင်တို့ ဘယ်တို့ကို ရောက်ကုန်ကြပြီ။ နောက်တက်လာသည့် ကလေးတွေနှင့်အတူ ဖြေရသည်ကို ရှက်သည်ဟုဆိုကာ စာမေးပွဲကို မဖြေတော့ပြီ။

စာမေးပွဲမဖြေ၍ အဖေအမေကို ကူညီလုပ်ကိုင်ပေးလျှင် တော်သေးသည်။ ယခုမူ ထိုသို့မဟုတ် အရက်သောက်လိုက်၊ အလောင်းကစားဖက်လိုက်ဖြင့် တစ်နေကုန် အိမ်တွင် နေသည်မရှိ။ မှူးပြီး အိမ်ပြန်လာလျှင်လည်း ဟင်းမကောင်းရလားဟု အမေ့ကို ဆူလား ပူလား လုပ်သည်။ အမေ့ကို ကလန်ကဆန့်လုပ်သည်။ အစတွင် အဖေသည် သူ့ကို အောင့်အည်း သည်းခံပါ၏။ သို့ရာတွင် သည်းမခံနိုင်တော့သည့်အဆုံး အဖေနှင့် အော်ကြီးဟစ်ကျယ် ရန်ဖြစ်ကြ၏။ အဖေက ရိုက်သည်ကို ပြန်၍ ထိုးမည်ပြုသည်။ ထို့နောက်မှစ၍ အဖေသည် သူ့သားကို ဘာမျှမပြောတော့။ အိမ်ကနှင်ချသော်လည်း မသွား။

တစ်နေ့တွင်မူ ဖဲဝိုင်းတွင်တွေ့သည့် မိန်းမတစ်ယောက်နှင့် ထွက်ပြေးကြ၏။ ထိုမိန်းမမှာလည်း ကာမပိုင်ရှိပြီးသား မိန်းမဖြစ်သည်။ အစ်ကို ကိုအောင်မင်းသည် တခြားမြို့သို့ရောက်သွားကာ တစ်နှစ်လောက် ပျောက်နေသည်။

အဖေကမူ သူ့ကို ပေယျာလကန် လုပ်ထားလိုက်ပြီ။ တစ်နှစ်လောက်အကြာတွင် ထိုမိန်းမနှင့်ကွဲကာ အိမ်သို့ ပြန်ရောက်လာသည်။ ထိုအခါတွင် သူသည် အရက်သမားကြီးလုံးလုံး။ နဂိုဖြူဖြူချောချော၊ သန့်သန့်ပြန့်ပြန့် ရုပ်ကလေးလည်း ပျောက်သွားကာ ညှိုးရော်ခြောက်သွေ့နေလေပြီ။ ဩော် . . . ညစ်နွမ်းလိုက်သည့် သူ့ဘဝ။

အဖေသည် အမေ့မျက်နှာကို ထောက်သောအားဖြင့်လည်းကောင်း၊ အတင်းတက်နေသဖြင့်လည်းကောင်း သူ့သားကို လက်ခံရသော်လည်း စကားတစ်ခွန်းမျှ မပြောတော့ပြီ။ မျက်နှာချင်း မဆိုင်တော့ပြီ။

တစ်နေ့တွင်မူ မီးရထားတွဲ ရှန်တိန်လုပ်နေစဉ် အဖေ ပလက်ဖောင်းပေါ်တွင် ရပ်နေရာမှ ချော်ကျပြီး ခြေတစ်ဖက်ကို ကြိတ်မိသွားသည်။ အဖေ့ ခြေထောက်နှစ်ဖက်စလုံး ကြေမွသွားကာ မြင်ရက်စရာပင် မရှိ။ အဖေ့ကို မြို့ကြီး





က ဆေးရုံပို့ရာ ကံကောင်းသဖြင့် အသက်မသေသော်လည်း ခြေနှစ်ဖက်ပြတ်ကာ ဒုက္ခိတကြီးလုံးလုံး ဖြစ်သွားလေပြီ။ အဖေသည် လုပ်သက်မစေ့ခင်မှာပင် လုမမာပင်စင်ဖြင့် အလုပ်မှ အနားယူခဲ့ရသည်။ မီးရထားရုံပိုင် အိမ်ကလေးမှလည်း ဖယ်ပေးခဲ့ရသည်။

ထိုစဉ် စုတွေး၏ အသက်သည် ၁၇ နှစ်ရှိပြီး ဆယ်တန်းသို့ ရောက်နေလေပြီ။ စာမေးပွဲဖြေခါနီးတွင် အဖေ့ကိစ္စပေါ်လာသဖြင့် စုတွေး စာမေးပွဲဖြေသော်လည်း ဆယ်တန်းမအောင်တော့။ ထိုကတည်းက စုတွေးလည်း ကျောင်းမှ ဝေးခဲ့တော့သည်။

စုတွေးတို့မိသားစုသည် မီးရထားဝင်းအနီးရှိ ကျူးကျော်ရပ်ကွက်ကလေးထဲသို့ ပြောင်းလာခဲ့ရသည်။ အဖေ့ပင်စင်လစာလေးဖြင့် မစားလောက်သည့်အခါတွင် အဖေ့စုငွေကလေးကို အရင်းအနှီးပြုပြီး အမေက အိမ်ဆိုင်ကလေးတစ်ဆိုင်ဆောင်သည်။ ဘာမျှ မကြီးကျယ်ပါ။ အိမ်ဆိုင်များ ထုံးစံအတိုင်း ဆေးလိပ်၊ ဓနိကရက်၊ ကွမ်းယာ၊ အချဉ်ထုပ်၊ သားရေကွင်း။ ခေါင်းကိုက်ပျောက်ဆေးသည့် စုံစီနဖာရောင်းသည့် ဆိုင်ကလေးသာ ဖြစ်ပါသည်။

ထိုစဉ်တွင် စိုက်ပျိုးရေးခြံဝင်းထဲမှ ငါးနာရီခွဲ သံချောင်းခေါက်သံကို ကြားရသည်။ စုတွေးသည် စိုက်ပျိုးရေးခြံဝင်းထဲမှာ စိုက်ထားသည့် ပန်းပင်များ၊ ဆီးတော်ပင်များ၊ စပျစ်ပင်များကို လှမ်းကြည့်နေရာမှ မော်တော်ကားလမ်းဆီသို့ လှမ်းကြည့်၏။ ပန်းကားတစ်စီး လာနေသည်ကို မြင်ရသည်။ ကားက ခေါင်းရှည်ကြီး။ အမိုးသံတိုင်အထိ ပန်းစည်းနီနီတွေ ပြည့်မောက်နေအောင် တင်ထားသည်။ လှလိုက်သည့် ပန်းကားကြီး။ အဝေးကနေ ကြည့်လျှင် အစွမ်းကုန် ဖူးပွင့်ဝေဆာနေသော ပန်းရုံကြီးတစ်ရုံ တလိမ့်လိမ့် ပြေးလာသည်နှင့် တူနေသည်။

အစ်ကို့ပန်းကားလားဟု သေသေချာချာကြည့်လိုက်သည့်အခါတွင် အစ်ကို့ပန်းကားမဟုတ်။ ဦးလေး ဦးဘာအုန်းကြီး မောင်းသည့် ပန်းကားနောက်ခေါင်းက အနီရောင်ဖြစ်သည်။ အစ်ကို့ပန်းကားက ခေါင်းရှည် အစိမ်းရောင်ကြီးဖြစ်သည်။ ဦးလေး ဦးဘာအုန်းကြီးသည် အစ်ကို့အဖေနှင့် ရွယ်တူဖြစ်သော်လည်း ကျန်းမာသေးသဖြင့် ရန်ကုန်ဆင်းသည့် ပန်းကားကို မောင်းနိုင်တုန်းပင်ရှိသေးသည်။ ဦးလေး ဦးဘာအုန်းကြီး၏ ကားဟွန်းသံသည် လေထဲတွင် လွှင့်ပါလာသည်။

ပန်းကားသည် တဖြည်းဖြည်း နီးလာလေပြီ။ အင်တိုင်းသဘွာအလွှန်



www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောတော၊ ဆီးတော်ခြံ၊ ဘုန်းကြီးကျောင်း စသည်တို့ကို ကျော်လာပြီး နောက် ကုက္ကိုပင်တန်းတွေကြားထဲက ကတ္တရာစေးလမ်းမည်းမည်းပေါ်တွင် အရှိန်ဖြင့် မောင်းလာသည်။ မြို့အဝင် ဆိုင်းဘုတ်ကြီးကို ကျော်လာသည့် အခါတွင် ပန်းကားကြီးသည် အရှိန်နှေးသွားသည်။ သည်လမ်းပေါ်တွင် ပြေးနေသည့် ပန်းကားငါးစီးစလုံးသည် စုထွေးတို့အကြောင်းကို သိနေကြသည်။

ဦးလေး ဦးဘအုန်း၏ ပန်းကားကြီးသည် စုထွေးထိုင်နေသည့် အုတ်တံတားနားသို့ ရောက်လာသည့်အခါတွင် ပို၍ အရှိန်နှေးသွား၏။

"ဦးလေး။ ပန်းကားတွေ နောက်ကျလှချည်လား" ဟု စုထွေး ထိုင်ရာမှ လှမ်းအော်သည်။

ဦးဘအုန်းက ကားကို စက်မရပ်ဘဲ ရပ်ထားရင်း . . .

"ဟုတ်တယ်ဟေ့၊ ဘာသတင်းကြားလို့လဲ မသိဘူး။ မြိုင်သာဂိတ်မှာ ကားတွေကို ရပ်ရှာနေတယ်၊ အစီးလေးငါးဆယ်လောက် တန်းစီစောင့်နေရတယ်။ မိုးဇော်တို့ကားလဲ ရပ်စောင့်နေရတုန်းပဲ။ ဒီအတိုင်းဆိုရင် ရန်ကုန်ကို မနက် ၄ နာရီဝင်နိုင်တော့မှာ မဟုတ်ဘူး။ ကဲ သွားမယ်ဟေ့"

ဦးဘအုန်းကြီးသည် ဂီယာကို ပြောင်းပြီးနောက် ပန်းကားကြီးကို မောင်းထွက်သွားသည်။ စုထွေးသည် အဝေးသို့ လိမ့်သွားသော ပန်းရုံကြီးကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

အစ်ကိုမိုးဇော်၏ ကားသည် အုတ်တံတားကလေးကို ညနေ ၅ နာရီထိုးလျှင် ရောက်နေကျ။ သုံးနှစ်အတွင်း တစ်ရက်မျှ မပျက်သေး။ ပန်းစိုက်သည့် ခြံကလေးမှ အထွက်နောက်ကျလျှင်လည်း သူ သည်အုတ်တံတားလေးကို ညနေ ၅ နာရီတွင် အရောက်မောင်းတတ်သည်။ သည်နားရောက်လျှင် သူ့ကို နှုတ်ဆက်ပြီး ပန်းစည်းကြီးတွေကို ပေးသွားတတ်သည်။ စုထွေးကလည်း ဆီးတော်သီးပေါ်ချိန်ဆိုလျှင် ဆီးသီးထုပ် အထုပ်ကြီးကြီးကို လက်ဆောင်ပေးကာ သူပေးလိုက်သည့် ပန်းစည်းကြီးတွေကို ယူလာပြီး ရေစင်စင်ဆေးကြောလျက် ညနေချမ်းတွင် ဘုရားကို ပန်းကပ်တတ်သည်။ စုထွေးတို့အိမ်ကလေးက ဘုရားစင်တွင် မေမြို့ပန်းတွေ၊ ဒေါင်းဖန်ဝါပန်းတွေ အမြဲလိုလို လန်းဆန်းနေတတ်သည်။

အစ်ကိုမိုးဇော်သည် ပန်းကားကို မမောင်းခင်တုန်းက စုထွေးတို့မြို့က ကုန်စိမ်းကားကို မောင်းသည်။ သည်တုန်းက သူကလည်း ရန်ကုန်ကို မဆင်းရသေး။





ကုန်စိမ်းပွဲရုံတွေကလည်း ဒီလောက်မကြီးပွားသေး။ နောက်တွင် ကုန်စိမ်းပွဲရုံသည် ကားတွေထောင်ကာ ပန်းတွေကို ရန်ကုန်ပန်းဒိုင်များသို့ သွင်းသည့် ပွဲရုံကြီးဖြစ်လာသည်။

စုထွေးနှင့်အစ်ကိုသည့် အစ်ကို ပန်းကားမမောင်းရသေးခင် ကုန်စိမ်းကား မောင်းတုန်းက တွေ့ခဲ့ကြခြင်း ဖြစ်သည်။ အဖေဒုက္ခိတ၏ ပင်စင်လစာကလေး၊ အမေ၏ အိမ်ဆိုင်ကလေးနှင့် မစားလောက်သောအခါတွင် အမေနှင့် စုထွေးသည် ကုန်စိမ်းပွဲရုံမှ ကုန်စိမ်းများကို နေ့ပြန်တိုးယူကာ ဈေးထဲတွင် ကုန်စိမ်းထက်လီ ရောင်းကြသည်။ ဤတွင် စုထွေးနှင့် အစ်ကိုမိုးဇော်တို့ တွေ့ကြခြင်း ဖြစ်၏။

အစ်ကိုမိုးဇော်သည် စုထွေး ကုန်စိမ်းတောင်းကြီးဖြင့် မနိုင်မနင်းဖြစ်နေလျှင် ဈေးကို အရောက်လိုက်ပို့ပေးတတ်သည်။ သူ ကုန်စိမ်းချိန်ရသည့် အလှည့်ဆိုက်လျှင်လည်း သာသာထိုးထိုးကလေး ပိုပေးလိုက်တတ်သည်။ နောက်တွင် စုထွေး၏ ကုန်စိမ်းတောင်းကို နေ့တိုင်း ဈေးသို့ လိုက်ပို့သည့်ကိစ္စသည် နောင်တွင် မိုးဇော်၏ ဝတ္တရားဖြစ်လာသည်။

"နေပါစေ အစ်ကိုရယ်၊ စုထွေး နိုင်ပါတယ်။ တစ်တောင်းကို ခေါင်းကရွက်ပြီး တစ်တောင်းကို ခါးထစ်မှာ တင်သွားမှာပေါ့"

"ရပါတယ်၊ အစ်ကိုက တစ်တောင်းထမ်းလာမှာပေါ့၊ ဆိုက်ကားတို့ ဘာတို့စီးနေရင် ပိုက်ဆံအပိုကုန်နေမယ်"

ရင်းနှီးသည့် ကုန်စိမ်းသည်များက စုထွေးတို့ သည်လိုလာသည်မြင်လျှင် "မောင်တစ်ထမ်း၊ မယ်တစ်ရွက်လားဟေ့" ဟု နောက်ကြသည်။ သည်လိုနှင့် သူတို့ဇာတ်လမ်း စခဲ့ကြခြင်း ဖြစ်လေသည်။ သူတို့နှစ်ယောက်သည် အိုးအိမ်ထူထောင်ဖို့ မကြာခဏ တိုင်ပင်ခဲ့ကြဖူး၏။ သို့ရာတွင် ထိုအိပ်မက်သည် တစ်ခါမျှ အကောင်အထည်ပေါ်မလာ။ စုထွေးဘက်ကကြည့်လျှင် ဒုက္ခိတအဖေ၊ အမေနှင့် ညီမတို့ကို ထောက်ထားစရာရှိသည်။

မိုးဇော်ဘက်က အဖေနှင့် သူ့ညီငယ်၊ ညီမငယ် ငါးယောက်မျက်နှာကို ထောက်ထားစရာ ရှိသည်။ သူတို့အိမ်တွင် အဓိကဝင်ငွေရှိသူမှာ သူတစ်ယောက်သည်သာဖြစ်ရာ သူတို့ကို သည်အတိုင်းထားပစ်ခဲ့၍ မဖြစ်။ ထို့ကြောင့် သုံးနှစ်သုံးမိုး စောင့်ဆိုင်းလာခဲ့ကြခြင်း ဖြစ်၏။ သူတို့အတွက် ငွေတစ်သောင်းလောက် ပြည့်အောင် ရှာဖွေပေးခဲ့ပြီးမှ လက်ထပ်မည်ဟု မိုးဇော် မကြာခဏ ပြောဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



အဝေးမှဟွန်းသံကို ကြားရသဖြင့် စုထွေး အတွေးပြတ်သွား၏။

လှမ်းကြည့်လိုက်သောအခါတွင် အနီရောင်ပန်းစည်းတွေကို တင်ထားသည့် ပန်းကားကြီးတစ်စီး လာနေသည်ကို မြင်ရပြန်သည်။ အစ်ကိုမိုးဇော်ကားဖြစ်မည်။ သည်နေ့တော့ ပန်းစည်းတစ်စည်းလောက် ပိုတောင်းလိုက်ရဦးမည်။ ဟွန်းသံကတော့ နည်းနည်းဆင်သည်။ သို့ရာတွင် သည်ကားဟွန်းသံက တိုလိုက်ရှည်လိုက်မဟုတ်။ ရှေ့က နွားအုပ်စုဖြတ်နေ၍ တီးရိုးတီးစဉ်ဟွန်းသံဖြစ်သည်။ သေသေချာချာကြည့်တော့ အစ်ကို့ကားမဟုတ်။ အစ်ကို့ကားစက်ခေါင်းက ခေါင်းရှည်။ သည်ကားစက်ခေါင်းက ခေါင်းတို။

ပန်းကားကြီးသည် အုတ်တံတားအနီးသို့ ရောက်သည့်အခါတွင် စုထွေးထိုင်ရာမှ ထသည်။ ကားက ရပ်မပေး။ နောက်ဘက်သို့ လက်ပြသွားသည်။ ပါးစပ်ကလည်း အော်သွားသည်။ အော်သံကိုတော့ သဲသဲကွဲကွဲ မကြားလိုက်။

သည်ပန်းကားသည် သူတို့မြို့ကလေးသို့ နေ့တိုင်းဖြတ်သည့် ပန်းကားငါးစီးအနက် ဒုတိယမြောက် ကားဖြစ်မည်။

စိုက်ပျိုးရေးခြံဝင်းထဲမှ နာရီသံချောင်းက ၆ နာရီတီးနေလေပြီ။ နေလုံးနီနီသည်လည်း အနောက်ဘက်လယ်ကွင်းများနောက်ရှိ တောတန်းပေါ်မှ အောက်သို့ လျှောကျသွားလေပြီ။ နှင်းမှုန်လိုလို၊ မြူလိုလိုအငွေ့ကလေးများသည် ကန့်လန့်ကာကြီး ကျသလို တဖြည်းဖြည်း ကျလာ၏။ စိုက်ပျိုးရေးခြံထဲမှ မီးတိုင်များနှင့် သစ်ထုတ်လုပ်ရေးဝင်းထဲမှ မီးတိုင်များတွင် မီးလင်းစပြုနေလေပြီ။ ခပ်လှမ်းလှမ်းရှိ စက်ရုံဝင်းကြီးထဲမှ မာကျူရီမီးရောင်များသည် အမှောင်ထုကို အတင်းတိုးထွက်၍ လင်းနေကြသည်။

အင်တိုင်းသာဆီမှ မော်တော်ကား မီးရောင်များကို မြင်ရပြန်သည်။ မော်တော်ကားတန်းကြီးသည် အရှိန်ပြင်းစွာဖြင့် ကတ္တရာလမ်းပေါ်တွင် ပြေးလာသည်။ ပန်းကားလား ဘာလားဆိုသည်ကို သဲသဲကွဲကွဲ မမြင်ရတော့။ ပန်းကားတော့ ဟုတ်ဟန်မတူ။ တီအိုး အလဲဗင်းကြီးလား၊ အီဆူဇူးကြီးလား မသိ။ စက်သံက ပြင်းသည်။ မြေကြီးပင် တုန်နေသယောင် ထင်ရသည်။ ပန်းကားဆိုလျှင်လည်း ပန်းစည်းနီနီများသည် အမှောင်ထုထဲတွင် မြုပ်နေကြပေလိမ့်မည်။

ထင်သည့်အတိုင်းပင် ကလသဖ ကားကြီးများဖြစ်သည်။ ထို့ကြောင့် စုထွေးထိုင်ရာမှ မထတော့ဘဲ ကားတန်းကို ငေးကြည့်ကျန်ရစ်နေခဲ့သည်။ ကားတန်းကြီးထဲမှ ဒရိုင်ဘာတစ်ယောက်က သူ့ကို လှမ်းနောက်သွားသည်။





တော်တော်မိုးချုပ်နေလေပြီ။ ပိုးမွှားကလေးများ၏ အော်သံကို လယ်ကွင်းများဘက်ဆီမှ ကြားရသည်။ နောက်ထပ် ပန်းကားသုံးစီး ကျန်သေးသည်။

နောက်ကားတစ်ကားလောက်ကိုတော့ စောင့်လိုက်ဦးမည်။ အစ်ကိုနှင့်လည်း တွေ့ချင်သည်။ အမေကလည်း အသစ်ပင့်လာသည့် ဒကာ္ဘ်ထာသာခါ ရုပ်ပွားတော်အတွက် ပန်းစည်းတစ်စည်း ပိုတောင်းခဲ့ရန် မှာလိုက်သည်။ သည်တစ်ကားစောင့်လို့မှ မလာလျှင် မစောင့်တော့ပြီ။ မှောင်နေလျှင် အမေတို့ စိတ်ပူလှရော့မည်။

ဘိုင်စကယ်ဖြင့် မြို့ထဲမှပြန်လာသည့် သစ်ထုတ်လုပ်ရေးဝင်းထဲမှ ညစောင့်ကြီး ဦးသံလုံးက သူ့အနားသို့ ရောက်လာကာ . . .

"ဟဲ့ . . . ကောင်မလေး၊ မှောင်လှပြီ၊ မပြန်သေးဘူးလား၊ ဘာလုပ်နေတာလဲ" ဟု မေးသည်။

"ပြန်မှာပါ ဦးလေးရဲ့၊ ပန်းကားစောင့်နေတာ"

"ပန်းကားနှစ်စီး ဝင်သွားပြီလေ၊ ဘာသတင်းရလို့လဲ မသိဘူး၊ မြို့င်သာစိတ်မှာ ကားတွေကိုရှာနေလို့ တန်းစီပြီး စောင့်နေရတာတဲ့၊ ရှေ့က ကိုဘအုန်းတို့ ပန်းကားက ပြောသွားတယ်၊ ဘယ်သူ့ကားကို စောင့်တာလဲ"

"ဟို . . . ဟို . . . အစ်ကို . . . အစ်ကိုမိုးဇော်ရဲ့ ပန်းကား"

စုထွေး စကားထစ်နေသည်။ မှောင်နေ၍သာ တော်တော့သည်။ မှောင်မနေလျှင် ဦးသံလုံးသည် ပန်းနုသွေးလျှမ်းနေသော စုထွေး၏မျက်နှာကို မြင်နေလိမ့်မည်။

"စောင့်ချင်ရင်လဲ တို့ဝင်းထဲမှာ ဝင်စောင့်နေပါလား၊ ပန်းကားမီးရောင်မြင်တော့ ထွက်တားပေါ့"

"ဟင့်အင်း . . . နေပေ့စေ ဦးလေး၊ ဒီကပဲ စောင့်မှာ၊ ဒီတစ်ကားဝင်လို့မှ ပန်းကားမဟုတ်ရင် စုထွေး ပြန်တော့မှာ"

"ငါသိပါတယ်နော်၊ ဟင်း . . ." ဟု ဦးသံလုံးက နောက်သွားသည်။

စုထွေး ဘာမျှမပြောမိ၊ သည်နေ့ည အစ်ကိုမိုးဇော်၏ ပန်းကားသည် နောက်ဆုံးအကြိမ် နောက်ကျခြင်းဖြစ်သည်။

ခဏနေတော့ အင်တိုင်းသာ အလွန်မှ ကားမီးရောင် နှစ်ခုကို မြင်ရသည်။ ရှေ့ကားတစ်စီး၊ နောက်ကားတစ်စီး။ ထိုကားကြီး နှစ်စီးသည် စိုက်ပျိုးရေးခြံအလွန်က မာကျူရီမီးတိုင်အောက်သို့ ဝင်လာသည်။ ဟုတ်သည်။ ပန်းကားကြီးနှစ်စီး။ နှစ်စီးလုံး မေမြို့ပန်းတွေ ရဲနေသည်။ စိမ်းပြာသော မာကျူရီမီးရောင်



www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် ပန်းပွင့်များသည် သွေးခဲတုံးကြီးတွေလိုပင် မပီမသ ဝိုးတိုးဝါးတား ဖြစ်နေကြသည်။

စုထွေး ထိုင်ရာမှထပြီး ကားလမ်းပေါ်သို့ တက်ခဲ့သည်။ ထို့နောက် ကားမီးရောင်ရှေ့တွင် ရပ်လိုက်၏။

ရှေ့ကားသည် လမ်းမပေါ်တွင် ရပ်နေသည့် မိန်းကလေးတစ်ယောက်ကို မြင်သည့်အခါတွင် ကျွီခနဲ ဘရိတ်အုပ်လိုက်၏။ နောက်ကားကလည်း ထိုးရပ်သည်။ စုထွေးသည် ကားစက်ခေါင်းဘေး ဒရိုင်ဘာခန်းနားသို့ ကပ်လာ၏။ အစ်ကိုမိုးဇော်ကား မဟုတ်။

''ဟဲ့ ကောင်မလေး စုထွေးပါလား။ ဘာလုပ်နေတာလဲ၊ ဘယ်သွားမလို့လဲ မိုးချုပ်လှပြီ''

''ဦးလေးညွှန့်ရဲ့ကားကို။ နောက်ကကားကော ဘယ်သူ့ကားလဲ၊ ကိုမိုးဇော်ရဲ့ ပန်းကားလား''

''မပြောပါနဲ့တော့ဟာ၊ သတင်းရလို့တဲ့၊ ကားတွေကို မြို့ဝင်သာဂိတ်မှာ သေသေချာချာ ရှာနေတာ၊ တစ်ညနေလုံး ရှာလိုက်တာ ဘယ်ကားပေါ်က ဘာပစ္စည်းမှ မတွေ့ဘူး။ နောက်ဆုံး မိုးဇော်ကားပေါ်က ဘိန်းစိမ်းဆယ်ပိဿာ ဒီသွားမှဲ့ တိုးပြတ်ပေတော့တယ်။ ကောင်လေးနယ် မိုက်လိုက်တာ''

နောက်မှလာနေသော ကားများ၏ မီးရောင်များကို အင်တိုင်းသာဘက်တွင် အတန်းလိုက် မြင်နေရလေပြီ။

နောက်တွင် ပါလာသည့်ကားက သွားရန် ဟွန်းတီး၍ အချက်ပေးနေသည်။ ဦးလေးညွှန့်၏ကားကြီးသည် ဂီယာပြောင်းကာ ဝူးခနဲထွက်၏။

''ကောင်မလေး မြို့ထဲပြန်ရင် လိုက်ခဲ့ပါလား''

လမ်းဘေးတွင် ရောက်မှန်းမသိ ရောက်နေသည့် စုထွေးသည် သူတို့ အော်မေးသံကို မကြား။ ငိုင်၍ ရပ်နေသည်။

ဦးလေးညွှန့်တို့ ကားနှစ်စီးကို လှမ်းကြည့်လိုက်သောအခါ သူ့ကို ပြောင်လှောင်သွားသည်နှယ်ရှိသော နောက်မီးနီနီကလေးများကို မြင်လိုက်ရသည်။ အင်တိုင်းသာအလွန်မှ ထွက်လာသည့် ကားတန်းကြီးများသည် သူ့အနားမှ ဖြတ်သန်းသွားကြ၏။ ကားတန်းကြီးမှ မီးရောင်များသည် ကျားမျက်လုံးကြီးတွေနှင့် တူနေသည်။

ထိုကားတန်းကြီးများထဲတွင် အစ်ကိုမိုးဇော်၏ကား မပါတော့သည်မှာ သေချာလေပြီ။ ရင်ထဲတွင် လှိုက်လာရင်းမှ အမေမှာလိုက်သည့် ပန်းစည်းကို





သွား၍ သတိရလိုက်သည်။

မနက်ဖြန်ဆိုလျှင် စုထွေးတို့အိမ်က ဘုရားစင်တွင် ပန်းတွေခြောက်နေတော့မည်။

*(စာရေးသူ၏ စိတ်ကူးမျှသာ ဖြစ်ပါသည်။)*

■

ရင်ခုန်ပွင့်

ဇွန်၊ ၁၉၈၈

www.burmeseclassic.com

www.burmeseclassic.com

## . . . တို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည် ဖြစ်၍ . . .

စာပြင်ဆရာ ကိုပညာသည် အိတ်ထဲတွင် အပိုပါလာသည့် သော့တစ်ချောင်းဖြင့် သူတို့အခန်းတံခါးကို ဖွင့်၍ ဝင်ခဲ့၏။ အိမ်တွင် ဘယ်သူမျှမရှိ။ ဇနီးသည် ရွှေနုလည်း မရှိ။ သမီးငယ် မေစုလည်း မရှိ။ သမီးငယ်မှာ ကျူရှင်သွားနေသည် ထင်၏။ သူ့သမီးငယ်မှာ ရှစ်တန်းကျောင်းသူဖြစ်ရာ ကျူရှင်မပေး၍မဖြစ်။ ဘယ်သူတွေ ဘာပြောပြော သူ့သမီးကိုတော့ သိပ္ပံတွင် အမှတ်များများနှင့် အောင်စေချင်သည်။ သမီးက ဉာဏ်လည်း ကောင်း၊ စာလည်း ကြိုးစားသဖြင့် အမ်စီဝင်သည့် အမှတ်လောက်တော့ ရမှဖြစ်မည်။

ထို့ကြောင့် သမီးကို ကျူရှင်တက်စေ၏။ ကျူရှင်ဆိုသော်လည်း ဝိုင်းကျူရှင်ကြီးများကို မထားနိုင်ပါ။ မှတ်ပုံတင်ဖြင့်ဖွင့်သည့် ကျူရှင်ကိုသာ ထားနိုင်ပါ၏။ မှတ်ပုံတင်ကျူရှင် ကျောင်းလခမှာ တစ်လမှ အစိတ်မျှသာ ဖြစ်၏။ ဝိုင်းကျူရှင်ကမူ ဈေးကြီးလွန်းလှသည်။ ဘာသာစုံယူမည်ဆိုလျှင် ထောင်ကျော်၍ နေလေပြီ။ ထားပါ။ ထောင်ကျော် ဝိုင်းကျူရှင်ဆိုသည်မှာ အိမ်ကြီးအိမ်ကောင်းများတစ်အိမ်,အိမ်တွင်ဖွင့်ပြီး လာတက်သည့် ကျောင်းသားများမှာလည်း ကိုယ်ပိုင်ကားတွေနှင့်ချည်း ဖြစ်၏။

သူ့တွင် ကျူရှင်ကြိုပို့စရာ ကားမရှိ။ ကိုယ်ပိုင်ကားတွေနှင့်တက်သော ဝိုင်းကျူရှင်တွင် ဘတ်စ်ကားဖြင့် သွားတက်နေရလျှင် သူ့သမီးမေစုသည်





ဥဒေါင်းတို့ အလယ်တွင်ရောက်သော ကျီးကန်သို့ မျက်စိသူငယ်နှင့် ဖြစ်နေတော့မည်။ ကိုယ့်ထမင်းကိုယ်စား၍ ကိုယ့်ကျောင်းလခကိုယ်ပေးပြီး ကလေးမျက်နှာအငယ် မခံနိုင်။ ထိုအထဲတွင် တချို့ကျောင်းသားများမှာ ဝိုင်းကျူရှင် တစ်ဝိုင်းပြီး တစ်ဝိုင်း ဆက်တက်နေရသဖြင့် အိမ်ပြန်၍ ထမင်းစားချိန်မရကြ။

ထိုအခါတွင် အိမ်က နောက်ထပ် ကားတစ်စင်းဖြင့် ထမင်းချိုင့်လိုက်ပို့ရသေးသည်။ သူ့မှာ ထမင်းချိုင့် မပို့နိုင်။ ပို့စရာကားလည်း မရှိ။ လူလည်း မရှိ။ ကလေးက မျက်နှာမငယ်ဘူးဆိုသည့်တိုင် ဘတ်စ်ကားနှင့် ဝိုင်းကျူရှင်သွားနေ၍မဖြစ်။ ဝိုင်းကျူရှင်ဆိုသည်မှာ ဆိတ်ငြိမ်ရပ်ကွက်က အိမ်ကြီးအိမ်ကောင်းများတွင်သာ ဖွင့်လှစ်ရာ သူနေသည့် သံလမ်းဘေး ကန့်စွန်းခင်းရပ်ကွက်မှ ဆိုလျှင် ကားအတန်တန် စီးရမည်။

အချိန် အကြာကြီးသွားရမည်။ ကားစောင့်သည့် အချိန်တို့ကိုပါ ထည့်တွက်လျှင် အနည်းဆုံး အသွားတစ်နာရီ၊ အပြန်တစ်နာရီ ကြာလိမ့်မည်။ ဝိုင်းကျူရှင်ပြီးချိန် ၈ နာရီလောက်ဆိုလျှင် အပျိုဖော်ဝင်စ သမီးငယ်တစ်ယောက်တည်း ပြန်ရမည်။ မြို့တွင်းဆိုလျှင် ပို၍ပင် အသွားရ အလာရ ခက်ဦးမည်။

ထို့ကြောင့် စာပြင်ဆရာ ကိုပညာသည် တစ်ဦးတည်းသော သမီးဖြစ်သူ မေစုကို ဝိုင်းကျူရှင်သို့ပို့ရန် လုံ့လကြိုးစားခြင်းမပြုတော့ဘဲ အနီးတစ်ဝိုက်ရှိ မှတ်ပုံတင်ကျူရှင်ကျောင်းများကို အားကိုးရသည်။

"အဒေါ်၊ မရွှေနုတစ်ယောက်များ ဘယ်သွားသလဲ အဒေါ်"

စာပြင်ဆရာကိုပညာက အခန်းနှင့်ကပ်လျက် အိမ်တစ်ဖက်ခန်း မီးဖိုချောင်ထဲတွင် ထမင်းချက်နေသည့် အိမ်ရှင်အဒေါ်ကြီးကို မေးသည်။

"မပြောတတ်ဘူးကွယ့်၊ အဒေါ်ကလဲ လမ်းထိပ်ခဏထွက်နေတာ၊ ပြန်လာတော့ သူမရှိတော့ဘူး။ ဟိုနားဒီနား တစ်ခုခုသွားဝယ်တာ ဖြစ်မှာပေါ့"

အိမ်ထဲသို့ သူ ဝင်လာခဲ့၏။ လက်မောင်းတွင် ချိတ်ထားသည့်ထီးကို နံရံတွင် ချိတ်ပြီး လွယ်အိတ်ကို စားပွဲပေါ်မှာ တင်သည်။ မီးဖိုထဲသို့ ဝင်ကြည့်၏။ ထမင်းမချက်ရသေး။ ဟင်းကတော့ မနက်ကကျန်သော ဟင်းများဖြစ်ဟန်တူ၏။ ထမင်းအိုးကလေး တစ်လုံးတည်ပြီး ဟင်းပြန်နွှေးလိုက်လျှင် ဘာမျှမကြာ။ သူတို့မိသားစုညနေစာသည် သည်လိုပင်ပြီးသွားစမြဲဖြစ်၏။

စာပြင်ဆရာကိုပညာသည် ရှပ်အင်္ကျီကို ချွတ်ပြီး ချိတ်မှာချိတ်သည်။ ထို့နောက် ဝတ်ထားသည့် ခပ်လတ်လတ် နှစ်ခြောက်ဆယ်လုံချည်ကို



www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်ဝတ်သည့် လုံချည်ခပ်နွမ်းနွမ်းတစ်ထည်ဖြင့် လဲ၏။

"အားပါး မောလိုက်ပုလိုက်တာ . . ."

အိမ်ရှေ့ခန်းတွင်ရှိသော နှစ်လုံးတည်းသော ပက်လက်ကုလားထိုင် အနက် တစ်လုံးတွင်ဝင်ထိုင်ပြီး စားပွဲပေါ်တွင်တွေ့သည့် သတင်းစာတစ်စောင်ဖြင့် ယပ်ခတ်သည်။

သည်နှစ်နွေသည် ရန်ကုန်မှာပင် တော်တော်ပူနေသည်။ ညအိပ်လို့မရ။ မနက်လင်းခါနီးလောက်မှ နှစ်နှစ်ခြိုက်ခြိုက် အိပ်၍ရသည်။

ကားကလည်း ကျပ်လိုက်တာ လွန်ပါရော။ ကန်တော်ကလေးရှိ သူ၏ အလုပ်လုပ်သည့်တိုက်မှ ဘူတာရုံမီးရထားခုံကြီးကို ဖြတ်၊ ပန်းဆိုးတန်းကို ဆင်း၊ အနော်ရထာလမ်းကို ကွေ့၊ အနော်ရထာလမ်းတစ်နေရာ မှတ်တိုင်တွင် ကြည့်မြင်တိုင်ကိုသွားမည့် ဘတ်စ်ကားကို စီး၊ ဆင်မလိုက်မှတ်တိုင်ရောက်လျှင် ဆင်း၊ ချိုင့်တွေ ကျင်းတွေ၊ ချွေးချေးပုံတွေ၊ အမှိုက်တွေ၊ ကလေးတွေ၊ ခွေးတွေကို ရှောင်တွင်းကာ အထဲကို တစ်မိုင်နီးပါးလောက်လျှောက်တော့မှ အိမ်ကို ရောက်သည်။

တစ်နေ့တစ်နေ့ ဘတ်စ်ကားပေါ်တွင် ကုန်ရသည့် အချိန်သည် တစ်နေ့ တစ်နေ့လျှင် နှစ်နာရီနှင့် သုံးနာရီကြားမှာ ရှိလိမ့်မည်။

သို့ရာတွင် မတတ်နိုင်ပါ။ ထိုနေရာသည် သူ့အတွက် အသင့်တော်ဆုံး ဖြစ်သည်။ စပေါ်နှင့် အိမ်လခကလည်း သူ့ လက်လှမ်းမီသည်။

သူ အိမ်ပြောင်းသည်မှာ သုံးကြိမ်ရှိလေပြီ။ သမီးကြီးမေစု ငါးတန်း အောင်သည်အထိ သူသည် အဖေတို့ အမေတို့အိမ်မှာ ကပ်ရပ်နေခဲ့သည်။ သူ့အဖေသည် အားလုံးပေါင်းမှ လခ ရဝဝ ရသော အရာရှိကလေးတစ် ယောက်ဖြစ်၏။ သူတို့ခေတ်က စုမိဆောင်းမိရှိသဖြင့် အဖေသည် ကြည့်မြင်တိုင် လမ်းတစ်လမ်းတွင် သုံးပင်နှစ်ခန်း တလိုင်းအိမ်ကလေးတစ်လုံးကို ဝယ်နိုင်ခဲ့ ၏။ ဝယ်စဉ်က ဓနိမိုးပျဉ်ခင်း သွပ်ကာအိမ်ကလေးတစ်အိမ် ဖြစ်သည်။

နောက်ပိုင်း တဖြည်းဖြည်းဖြင့် ပြင်ဆင်လာခဲ့ရာ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းအိမ်ကလေး ဖြစ်နေလေပြီ။ သူတို့မွေးချင်း ခြောက်ယောက်ရှိရာ ငယ်စဉ် တုန်းကတော့ ကလေးတွေချည်းဖြစ်သဖြင့် သူတို့အိမ်ကလေးသည် အနေတော် ဖြစ်၏။ သို့ရာတွင် အပျိုလူပျိုတွေ ဖြစ်လာသောအခါတွင် ထိုအိမ်ကလေး သည် ကျဉ်းလာခဲ့လေပြီ။

အဖေနှင့်အမေတို့က တစ်ခန်း၊ ညီမသုံးယောက်က တစ်ခန်း ယူလိုက်





သည့်အခါတွင် သူတို့ညီအစ်ကို သုံးယောက်သည် အိမ်ရှေ့ဧည့်ခန်းတွင် စားပွဲ ကုလားထိုင်တွေကို ဖယ်ရှားကာ ခြင်ထောင်ထောင်၍ အိပ်ကြရသည်။

သူ အိမ်ထောင်ကျခါစတွင် တစ်နှစ်လောက် အိမ်ခွဲနေကြသည်။ သို့ရာ တွင် အဆင်မပြေလှ။ သူကလည်း အိမ်ထောင်သာကျသည်၊ အလုပ်အကိုင် ဆို၍ ဘာမှုမည်မည်ရရမရှိ။ သူ့မိန်းမ မရွှေနုကမူ ရုံးတစ်ရုံးတွင် ဘီစီဖြစ်သည်။ သူ့မိန်းမလခကလေးနှင့် သူ စာတိုပေစ ကဗျာတို ကဗျာစကလေးများ ရေး၍ ရသည့် ဝင်ငွေသာ ရှိသည်။ သူ့မိန်းမလခကမူ ပုံမှန်ရသည်။ သို့ရာတွင် သူ ကဗျာရေးခ၊ စာရေးခကမူ ပုံမှန်မဟုတ်။ သူသည် အများအားဖြင့် ကဗျာကို သာရေးသူဖြစ်သဖြင့် သာ၍ပင် ဝင်ငွေနည်းသည်။ ကဗျာတစ်ပုဒ်မှ ၂၅ ကျပ်၊ နောက် ၃၀ ကျပ်ရသည်။

ထို့နောက် ၅၀ ကျပ်ရသည်။ ထိုအထဲတွင် ကဗျာကလည်း လစဉ် အမြဲပါရသည် မဟုတ်။ မဂ္ဂဇင်း ၁၀ စောင်ကိုပို့မှ တစ်လကို တစ်ခုလောက်သာ ပါတတ်သည်။ တစ်ခါတလေတွင်မူ တစ်ခုမျှမပါလာ။ ကံကောင်းသည့်အခါမျိုး တွင်မူ လေးငါးပုဒ်အထိ ပါဖူးသည်။ ထိုအခါမျိုးတွင်မူ ငွေရှင်သည်ဟု ဆိုနိုင်ပါ ၏။ သို့ရာတွင် ကြိတ်နှုန်းတွက်မည်ဆိုလျှင်တော့ တစ်လ တစ်ပုဒ်လောက် သာ ရှိမည်။ တစ်ပုဒ်ဆိုလျှင် ငွေ ၅၀ ကျပ်၊ ယခုတော့ ၇၅ ကျပ်အထိပေး လာသဖြင့် ဝမ်းသာရသေးသည်။

သို့ရာတွင် တစ်ပုဒ်ကို ၁၀၀ ရစေဦးတော့ ဘာလုပ်၍ ရမည်နည်း။ သူ့ဆေးပြင်းလိပ်ဖိုးကပင် တစ်နေ့ နှစ်ကျပ်ကုန်သည်။ ထိုအထဲတွင် မဂ္ဂဇင်း တိုက်များသို့ သွားရသည့် စရိတ်နုတ်လိုက်လျှင် တစ်ပြားမှမကျန်တော့။ လက် ဖက်ရည်ကိုပင် သူများတိုက်မှ သောက်ခဲ့ရသည်ချည်း။

မရွှေနုသည် သူ့ကို ချစ်ရှာပါ၏။ ဘာမျှမပြောပါ။ ပြော၍လည်း ရ သည့်လူစားမျိုး မဟုတ်ပါ။

တစ်နှစ်ကျော်လောက် အိမ်ခွဲနေပြီးသည့်အခါတွင် သမီးကြီး မေစုကို မွေးသည်။ မီးဖွားပြီး မကြာမီတွင် မရွှေနု သားအိမ်ရောဂါတစ်ခုဖြင့် ဆေးရုံ တက်၍ ခွဲစိတ်ရသည်။ ဆရာဝန်က သားသမီးမယူနဲ့တော့ဟု မှာလိုက်သည်။ မရွှေနု ဆေးရုံတက်သည့်အခါတွင် သုံးလေးလရွယ် သမီးငယ်နှင့် သူ အလွန် ဒုက္ခရောက်သည်။ အိမ်တွင် ကလေးထိန်းတော့လည်း သူ။ နို့ဘူးတိုက်တော့ လည်း သူ။ ထမင်းချက်တော့လည်း သူ။ ဆေးရုံသွား ထမင်းပို့တော့လည်း သူ။

ဤတွင် သားကြီးဖြစ်ပုံကို မကြည့်ရက်သော အမေက အိမ်သို့ ပြန်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သူတို့သားအဖ အမေတို့အဖေတို့ အိမ်ပေါ်သို့ ရောက်လာခဲ့သည်။ မရွှေနု ဆေးရုံမှဆင်းသည့်အခါတွင်လည်း အဖေတို့အမေတို့က အိမ်ရှေ့ခန်း ပြောင်းပေးသည်။ ညီငယ်တစ်သိုက်က သူတို့ခြေရင်းတွင် အိပ်သည်။ ညီမ သုံးယောက်ကမူ ခါတိုင်းကဲ့သို့ပင် ခြေရင်းခန်းမှာ အိပ်ကြရသည်။

ခဏဟု ပြောင်းခဲ့သော်လည်း အဖေတို့အိမ်တွင် သမီးကြီး မေစု ဆယ်နှစ်ကျော်ရောက်၍ ငါးတန်းအောင်သည်အထိ နေဖြစ်ခဲ့သည်။ မျက်နှာ ကတော့ အပူသား။ သို့ရာတွင် ကိုယ့်အိုးနှင့်ကိုယ် ချက်စားကြသဖြင့် စားရေး အတွက် စိတ်အေးသော်လည်း နေရေးအတွက်မူ သူ စိတ်ညစ်သည်။

ထိုဆယ်နှစ်အတွင်းတွင် ညီမတစ်ယောက်နှင့် ညီနှစ်ယောက် အိမ်ထောင်ခွဲသွားကြသည်။ သူတို့က ဘွဲ့ရပြီး အလုပ်အကိုင်တွေ ကိုယ်စီနှင့်။ ညီမ ယောကျ်ားက နယ်သို့ ပြောင်းရသဖြင့် ပါသွားသည်။ အိမ်တွင် တစ်ယောက်လျော့သွားသည်။ ညီနှစ်ယောက်အနက် တစ်ယောက်က စက်ရုံစီမံကိန်းတစ်ခုတွင် ရောက်သွားသဖြင့် အိမ်ရသည်။ ကျန်တစ်ယောက်လည်း ယောက္ခမအိမ် လိုက်နေသည်။ ထို့ကြောင့် အသက်ရှူချောင်သွားခဲ့သည်။

သမီးကြီး မေစု ငါးတန်းအောင်သည့်နှစ်တွင်မူ ညီအငယ်ဆုံးက မိန်းမ ခိုးလာသည်။ ထိုအခါတွင် သူတို့အတွက် အခန်းပေးလိုက်ရ၏။ သူတို့ အိမ်ကလေးတွင် အဖေ အမေတို့ လင်မယားနှစ်ယောက်၊ ညီမအပျိုနှစ်ယောက်၊ ညီငယ် လင်မယားတစ်စုံတွဲနှင့် သူတို့သားအဖ သုံးယောက်၊ စုစုပေါင်း လူကိုးယောက် ဖြစ်နေသည်။

ကိုပညာ မနေသာတော့။ မိဘအရိပ်အောက်တွင် ဆယ်နှစ်ကျော်နေခဲ့ပြီးပြီ။ အကြီးဆုံးဖြစ်သည့် သူက အလိုက်သိ ရှောင်ပေးဖို့ကောင်းသည်ဟု သူ သဘောရသည်။ မရွှေနုကလည်း ပြောင်းချင်နေပြီ။ ညီငယ်၏ ဇနီးသည်မှာ အသက် ၂၀ နှစ်ပင် မပြည့်တတ်သေး။ မနေတတ် မထိုင်တတ်။ အပြောအဆို ထောင့်မကျိုး။ ကြာလျှင် ပြဿနာတက်နိုင်သည်။ ထို့ကြောင့် မြန်မြန်ပြောင်း ရန် စီစဉ်ရပါသည်။

ပထမ ငွေရှာရသည်။ သူတို့တွင် ဘာမျှ စုပြီးဆောင်းပြီးမရှိ။ စုပြီးသား ကလေးကလည်း မရွှေနု ဆေးရုံတက်စဉ်က ကုန်ခဲ့ပြီ။ အိမ်ပြောင်းရန် မိတ်ဆွေ တစ်ယောက်ဆီမှ ငွေငါးထောင် လှည့်၍ ရခဲ့၏။ အဖေတို့ အမေတို့ထံမှ ငွေ ငါးထောင်၊ အိမ်လခတစ်ရာလောက်ဖြင့် ရမည့်အိမ်ကလေးကို ရန်ကုန်မြို့အနှံ့ လိုက်ရှာသည်။





အဖေတို့အမေတို့နှင့် နီးနီးနားနား ကြည့်မြင်တိုင်၊ လှည်းတန်း၊ ကမာရွတ် ဘက်တွင် လိုက်ရှာ၏။ မတွေ့၊ တွေ့သော်လည်း သူတို့ မတတ်နိုင်။

နောက်ဆုံးတွင် မြောက်ဥက္ကလာမှာ ရသည်။

အိမ်ကလေးက အသင့်အတင့်။ နှစ်ခန်းတွဲအိမ်ကလေးမှာ တစ်ခန်းရ သည်။ အိမ်ရှေ့တွင် ကွက်လပ်ကလေးရှိသည်။ ကွက်လပ်ကလေးထဲတွင် သစ်ပင်ပန်းပင်ကလေး စိုက်နိုင်သည်။ အိမ်ရှေ့တွင် ရေမြောင်းနှင့် တံတား ကလေးရှိသည်။ နောက်ဘက်တွင် ချောင်းရိုးကလေးတစ်ခု ရှိသည်။ ကတ္တရာ လမ်းမကြီးနှင့် မနီးမဝေး။ ကားမှတ်တိုင်သို့လည်း ဆယ်မိနစ်လောက် လျှောက် လျှင် ရောက်သည်။

မရွှေနုရုံးက ရန်ကင်းအနီး ကမ္ဘာအေး လမ်းမကြီးပေါ်တွင် ရှိသဖြင့် သူ့အတွက် သွားရေးလာရေးလည်း အဆင်ပြေသည်။ သမီးကြီးအတွက် ကျောင်းကလည်း အဆင်ပြေသည်။

ထိုစဉ်က ကိုပညာသည် စာပြင်ဆရာ ဝင်လုပ်နေလေပြီ။ စာပြင်ဆရာ ဆိုသည်မှာ ပုံနှိပ်တိုက်တွင် သတ်ပုံပြင်ရသည့်အလုပ် ဖြစ်သည်။ ကိုပညာ သည် စာကို ဝါသနာပါ၏။ စိတ်ရှည်၏။ ဖင် မြဲ၏။ ထို့ကြောင့် ထိုအလုပ် သည် သူနှင့် သင့်လျော်သည်။ အစတွင် ပုတ်ပြတ်ဖြင့် လုပ်သည်။ ပုတ်ပြတ် ဖြင့် လုပ်ရသည်မှာ ဝင်ငွေကောင်းသည့်တိုင် အလုပ်မရှိလျှင် ပြဿနာပေါ် သည်။ ထို့ကြောင့် ကိုပညာသည် လခစား ဝင်လုပ်လိုက်၏။ တစ်လကို ငါးရာ။ ငါးရာဆိုသည့် လခသည် နည်းသည့် လခမဟုတ်။ သူ့လိုဆယ်တန်း အောင်သည့် လူတစ်ယောက်အဖို့ လခငါးရာသည် မနည်း။

အလုပ်သွားအလုပ်ပြန်ကမူ နည်းနည်း ဝေးသည်။ ထမင်းကြော်ကို ညကကျန်သည့် ဟင်းနှင့်ဖြစ်စေ၊ ပဲပြုတ်နှင့်ဖြစ်စေ စားပြီးနောက် မနက်ရှစ်နာရီ ထိုးသည်နှင့် အိမ်မှထွက်ခဲ့၏။ မြို့ထဲသို့ရောက်သည်နှင့် တိုက်သို့ ခြေကျင် မြန်လျှောက်ကာ မနေ့ညက ကျထားသည့် ပရူများကိုပြင်သည်။ စာဖတ်ပြ သည့်ကောင်လေး ရောက်မလာသေးသဖြင့် စာမူကို ကိုယ်တိုင်ဖတ်လိုက်၊ ရှုပြင်လိုက် လုပ်ရသည်။ ခရီး မတွင်ပါ။ ပုံနှိပ်စက်ပိုင်ရှင်က အမှားများလျှင် သူ့ကို လစာထဲမှ ဖြတ်သည်။

"ကိုပညာရေ့ အမှားလေးတွေကိုတော့ သတိထားဗျာ။ ခင်ဗျားလဲ အသိသားပဲ။ သတ်ပုံမှားရင် ကျွန်တော်က ငွေဆောင်ရတယ်။ တစ်လုံးလေ နှစ်လုံးလောက်တော့ အကြောင်းမဟုတ်ပါဘူး။ စာတစ်အုပ်လုံးမှာ အလုံးတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကျော်လောက်မှားလာရင် မကောင်းဘူး။ ဒဏ်ဆောင်ရတဲ့ငွေက မများဘူးထား။ အမှားပြင်ဆင်ချက် ရိုက်ထည့်ရတာက အရုပ်ဆိုးတယ်။ ပုံနှိပ်တိုက်လဲ နာမည်ပျက်တယ်။ ဒီလောက်အမှားများတဲ့ ပုံနှိပ်တိုက်ကို ဘယ်သူမှလာပြီး အလုပ်လာမအပ်ဘူး''

သူပြောသည်မှာ ဟုတ်သည်။ အမှားပြင်ဆင်ချက်တွေနှင့်ချည်း ထွက်နေလျှင် ထိုပုံနှိပ်တိုက်သည် နာမည်ပျက်ရတော့မည်။

ကိုပညာသည် ပရူဖတ်ရသည့်အလုပ်ကို တစ်ခါမျှမလုပ်စဖူး။ ရုတ်တရက်ကြည့်လျှင် လွယ်သည်ဟု ထင်ရ၏။ သို့ရာတွင် ကိုယ်တိုင် ဝင်လုပ်ကြည့်သည့်အခါတွင် တော်တော် စိတ်ပျက်ဖို့ကောင်းသည့် အလုပ်တစ်ခုဖြစ်သည်။ သည်စာတွေကို ကြိုက်ကြိုက် မကြိုက်ကြိုက်၊ နှစ်ခေါက် သုံးခေါက် ပြန်ပြန်ဖတ်နေရသည်။ ကိုယ်ကြိုက်သည့် စာရေးဆရာ၏ စာ၊ သို့မဟုတ် ကိုယ်စိတ်ဝင်စားသည့် ဘာသာရပ်အကြောင်းကို ရေးသည့်စာဆိုလျှင် တော်သေး၏။

ထိုသို့မဟုတ်ဘဲ ကိုယ်မကြိုက်သည့် စာရေးဆရာ၏ စာ၊ ကိုယ်စိတ်မဝင်စားသည့်အကြောင်း ရေးထားသည့် စာဆိုလျှင် လွန်စွာ ငြီးငွေ့ဖွယ်ကောင်းလှ၏။ အိပ်ရေးပျက်ခဲ့သည့်အခါမျိုးတွင် ပရူကြည့်ရင်း အိပ်ငိုက်သွားတတ်သည့်အခါမျိုးတွင် ရှိတတ်သည်။

စာဖတ်ပြသည့်ကောင်လေး မရောက်သေးသဖြင့် စာပြင်ဆရာ ကိုပညာသည် တစ်ယောက်တည်း စာမူကို ကြည့်လိုက်၊ ပရူကို ကြည့်လိုက်နှင့် ခရီးမတွင်။ သည်ကြားထဲတွင် ပရူကြည့်ရဖန်များသဖြင့် မျက်စိတွေကလည်း ပို၍ ပို၍ မှုန်လာသည်။

သို့ဖြင့် သူ့အလုပ်သည် တစ်နေ့လုံး စာလုံးတွေဖြင့် နပန်းလုံးနေရသည်။ တစ်ခါတစ်ရံ စာလုံးများသည် ညအိပ်ရာထဲအထိ လိုက်လာကြသည်။ ခြင်ထောင်အမိုးကို လှမ်းကြည့်လိုက်လျှင်လည်း စာလုံးသေးသေးကလေးတွေ။ အဝတ်ဖြူဖြူပေါ်သို့ လှမ်းကြည့်လိုက်လျှင်လည်း စာလုံးသေးသေးကလေးတွေ။ ထိုစာလုံးတစ္ဆေများသည် သူ့ကို လာ၍ ခြောက်နေကြသကဲ့သို့ ရှိသည်။

ညနေ အလုပ်တိုက်ပိတ်ချိန်တွင်မူ စာပြင်ဆရာ ကိုပညာသည် ကားမှတ်တိုင်သို့ ခြေကျင်လျှောက်ရ၏။ ကားက လူကျပ်လွန်းသဖြင့် တိုးမတက်နိုင်။ ထိုအခါတွင် အပိုပေးပြီး ကားကို ပတ်စီးရသည်။ ထို့နောက်တွင် သူလိုပတ်စီးသူတွေချည်း ဖြစ်နေသဖြင့် တိုးတက်နေရသည်။ တိုးမတက်၍ မရတော့။ သည်ကားနှင့်မှ မလိုက်လျှင် ငါးကျပ်ကားကို လိုက်ရတော့မည်။





စာပြင်ဆရာ ကိုပညာသည် သူ့အိမ်ကလေးကို သူ သဘောကျ၏။ သို့ရာတွင် ထိုနှစ်မိုးတွင်းရောက်သည့်အခါတွင်ကား သူ့ရပ်ကွက်နှင့် သူ့အိမ်အကြောင်းကို ကိုပညာ သိလေပြီ။ မိုးတွင်းရောက်သည်နှင့် သူ့အိမ်ရှေ့ကလမ်းသည် ဗွက်တွေချည်း ဖြစ်နေ၏။ ဖိနပ်ကောင်း စီးလျှင် ဖိနပ်ချွတ်ပြီး လာရသည်။ ဗွက်ကလည်း ထိုမျှဆိုးသေး။ မိုးကြီးသည့်အခါတွင် ရှေ့မြောင်းရေနှင့် နောက်ဖေးက ချောင်းရိုးထဲကရေသည် သူ့အိမ်ထဲသို့ လျှံတက်လာကာ အိမ်ပေါ်ဖိနပ်ချွတ်သို့ပင် ရောက်လာတတ်သည်။

တစ်ခါသော် မိုးကြီးသည်းထန်စွာ ရွာလေရာ ချောင်းရေနှင့်မြောင်းရေတို့သည် ဖိနပ်ချွတ်တွင် ရပ်မနေကြတော့ဘဲ အိမ်ပေါ်သို့ အလုအယက် တက်လာတော့သည်။ ထိုညက သူတို့သားအဖတစ်တွေ ကောင်းကောင်းမအိပ်နိုင်။ ပစ္စည်းတွေကို ရေမစိုအောင် ရွှေ့ပြောင်းနေရသည်နှင့် မိုးစင်စင်လင်းတော့သည်။

''ဒီမှာ နောက်တစ်မိုး ဆက်နေလို့တော့ မဖြစ်ဘူး ကိုပညာ၊ မိုးများရင် ရေက အိပ်ရာထဲအထိရောက်တယ်၊ နောက်ဖေးချောင်းရေနဲ့ အိမ်ရှေ့ကမြောင်းရေက အိမ်ထဲကို အမြဲရောက်မှာပဲ၊ အဝတ်အစားမှ ကောင်းကောင်းဝတ်လို့ရ၊ ဖိနပ်မှ ကောင်းကောင်းစီးလို့မရနဲ့ ဝေးလဲဝေးတယ်၊ ရေကတစ်မိုးလုံးဝပ်နေတော့ လူတွေမှာလဲ ကျန်းမာရေးထိခိုက်တယ်၊ တစ်နေရာရာကိုတော့ ပြောင်းမှ''

''ဟုတ်တယ်၊ သမီးလဲ မြွေကြောက်တယ်၊ တစ်နေ့က ဟိုဘက်အိမ်မှာ ရေတွေတက်လာတာ မြွေပါလာလို့တဲ့''

သူလည်း မနေချင်။ မိုးရာသီတစ်ခုလုံး ရေက အိမ်အောက်မှာ ဝပ်နေသည်။ နောက်ဖေးက ဇလားအိမ်သာသည် ရေထဲမှာ လှေတစ်စင်းလို အမြဲမျောနေသည်။ သူ့များအိမ်က ဇလားကလည်း ကိုယ့်ဘက် မျောလာသည်။ တစ်ခါတလေ မီးဖိုအောက် ရောက်လာတတ်သည်။ ဇလားမရှိသည့်အိမ်များက စွန့်ပစ်သည့် အညစ်အကြေးတို့သည်လည်း ဖောင်ဖွဲ့ကာ ဟိုမှ ဤမှ လူးလာနေတတ်သည်။ ပို၍ မိုးသည်းလျှင်လည်း ရေက အိမ်ကြမ်းပြင်ပေါ်အထိ ရောက်လာတတ်သည်။

''ဒါကြောင့် ရန်သူမျိုးငါးပါးထဲမှာ ရေကိုထည့်ထားတာကိုး''

ဟု သူစဉ်းစားသည်။

ကလေး စာမေးပွဲပြီး၍ ကျောင်းအပိတ်တွင် သူတို့ လင်မယားသည်



www.burmeseclassic.com

www.burmeseclassic.com



အိမ်လိုက်ရှာကြ၏။ ရေမဝပ်သော နေရာ၊ ချောင်းရိုး မြောင်းရိုးတို့မှ ဝေးသော နေရာကို လိုက်ရှာကြသည်။ ကံအားလျော်စွာ ကမာရွတ်ဘူတာ သံလမ်း အနောက်ဘက်နားတွင် အိမ်ခန်းကလေးတစ်ခန်း ရ၏။ သူတို့ပေးနိုင်သော စပေါ်နှင့်လည်း လက်လှမ်းမီ၏။ သူတို့ပေးနိုင်သော အိမ်လခနှင့်လည်း အတော် ဖြစ်၏။

ထို့ကြောင့် ထိုရပ်ကွက်ကလေးထဲသို့ ပြောင်းလာသည်။ မရွှေနုအတွက် ရုံးတက်ဖို့ ခရီးလမ်း ထောင့်သည့်တိုင် စာပြင်ဆရာ ကိုပညာအတွက်မူ အဆင် ပြေသည်။ သူက ကမာရွတ်ဘူတာမှ ရန်ကုန်ဘူတာကြီးသို့ တောက်လျှောက် တက်စီးသွားရုံသာ ဖြစ်၏။ ရထားပျောက်လျှင်တော့ တစ်မျိုးပေါ့လေ။

ထိုနေရာတွင် သူတို့ တစ်နှစ်နီးပါး နေခဲ့သည်။ တစ်နှစ်ပြည့်ခါနီးတွင် သူတို့ရပ်ကွက်ကို မီးသင့်သည်။ သူတို့အိမ်ကလေးလည်း ပါသွားသည်။ ရှိစုမဲ့စု ပစ္စည်းကလေးလည်း ပါသွားသည်။ ကဲ ဘယ်ကိုပြောင်းမည်နည်း။

ပြောင်းစရာ ပိုက်ဆံလည်း မရှိတော့ပြီ။ အိမ်ရှင်ကလည်း သူကိုယ်တိုင် မီးဘေးဒုက္ခသည်ဖြစ်နေသဖြင့် သူတို့ပေးသည့်စပေါ်ကို ပြန်အမ်းနိုင်ဖို့ရာ မရှိ တော့ပြီ။

သူတို့ကို အင်းစိန်တစ်ဖက်ကမ်းနှင့် မြစ်ဝကျွန်းပေါ် မြို့တစ်မြို့တွင် နေရာချပေး၏။ ထိုမြို့နယ်မှာ အမည်ကိုသာ ကြားဖူးပြီး စာပြင်ဆရာ ကိုပညာ တစ်ခေါက်မျှပင် မရောက်ဖူးသေး။ ဆိပ်ကမ်းမြို့ကြီးတစ်မြို့၊ အောက်ဘက် ပင်လယ်ပိုင်းတွင်ရှိသည့် မြို့နယ်တစ်မြို့ဖြစ်သည်။ ထိုနေရာသို့သွားလျှင် မြေစား ရမည်။

မြေစားရသည်တော့ ဟုတ်ပါ၏။ မြေပိုင်လည်း ဖြစ်ချင်ပါ၏။ သို့ရာတွင် ထိုမြို့ကို သူတို့မိသားစု ရောက်သွားလျှင် မည်သို့လုပ်ကိုင်စားရမည်နည်း။

မရွှေနု အလုပ်လုပ်သည့် ရုံးကြီးသည် ရန်ကုန်မှာ ရှိ၏။ နယ်မြို့ကြီး တိုင်းတွင်ပင် သူ့ရုံးခွဲမရှိ။ သို့ဆိုလျှင် မရွှေနုသည် ထိုမြို့ကလေးသို့ရောက်လျှင် ဘာလုပ်၍ ဘာကိုင်စားရမည်နည်း။

မရွှေနု ထားပါတော့။ သူကကော ထိုမြို့သို့ရောက်လျှင် ဘာလုပ်ကိုင် စားရမည်နည်း။ ဘုရားသခင်သည် သူ့ကို လယ်လုပ်နိုင်အောင်၊ ရေလုပ်သား လုပ်နိုင်အောင် ဖန်တီးလိုက်ခြင်း မဟုတ်။ ကုလားထိုင်တွင် ထိုင်၍ လုပ်ရသည့် အလုပ်သမားဖြစ်အောင် ဖန်ဆင်းထားခြင်းဖြစ်၏။

ထိုမြို့ကလေးသို့ မသွားနိုင်လျှင် အင်းစိန်တစ်ဖက်ကမ်းတွင် နေရာရ၏။





မြေရသဖြင့် ဝမ်းသာပါ၏။ တစ်သက်တွင် တစ်ခါမျှ မြေမပိုင်ဖူးသူ မြေတစ် ကွက်ရခြင်းသည် ဆုလာဘ်ကြီးတစ်ပါး ဖြစ်ပါ၏။ သို့ရာတွင် ထိုတစ်ဖက်ကမ်းသို့ မရွှေနုကလည်း မသွားနိုင်။ သူကလည်း မနေနိုင်။ ရုံးတက်လျှင် မရွှေနုသည် သည်ဘက်ကို ကူးရမည်။ ပြီးမှ အင်းစိန်ဈေးသို့ ပြေးသည့် ဘတ်စ်ကားပေါ် တက်ရမည်။

ထို့နောက် နောက်တစ်ဆင့် စီးရဦးမည်။ ထို့နောက် နောက်တစ်ဆင့် စီးရဦးမည်။ ရုံးရောက်ဖို့အရေး မြစ်တစ်စင်းကိုကျော်ပြီး ကားသုံးတန်စီးရမည်။ မဖြစ်သေး။

ထို့ကြောင့် စာပြင်ဆရာ ကိုပညာသည် အဖေ့ထံမှ အိမ်ဂရန်ကို ငှားပေါင်နှံပြီး ကန်စွန်းခင်းဘက်တွင် အိမ်ခန်းကလေးတစ်ခန်း ငှားကာ မေစု စာမေးပွဲ ဖြေခါနီးတွင် ပြောင်းလာခဲ့ခြင်း ဖြစ်သည်။

ထိုနေရာကလေးသည် အဖေတို့ အမေတို့နေထိုင်ရာ ကြည့်မြင်တိုင် နှင့်လည်း နီးသည်။ ရေဝပ်မှာ ရေကြီးမှာကိုလည်း မပူရ။ မီးဘေးကိုလည်း မပူရ။

ရေဘုံပိုင်၊ လျှပ်စစ်မီး စသည်တို့သည်လည်း ရှိသည်။ ဝင်းကလေး ကြီးကလေးတွေ ရှိသဖြင့် တော်ရုံတန်ရုံဆိုလျှင် မှောင်သာတိမ်းသာသည်။ အနီးတွင်လည်း မီးရထားလမ်းကြီးရှိသဖြင့် အရေးအကြောင်းဆိုလျှင် ကွက်လပ် ဘက်သို့ ထွက်နိုင်သည်။

စာပြင်ဆရာ ကိုပညာသည် ပက်လက်ကုလားထိုင် နှစ်လုံးအနက် တစ်လုံးပေါ်တွင် ထိုင်၍ အမောဖြေရင်း သူ အိမ်ပြောင်းရသည့် အကြောင်းများကို စဉ်းစားနေ၏။ ထိုစဉ် မရွှေနုသည် ပျာယာပျာယာဖြင့် ရောက်လာလေသည်။

"ဟင် . . . ကိုပညာ၊ ရောက်တောင်နေမှကိုး"

"မင်းက ဘယ်သွားနေတာလဲ"

"သမဝါယမကို သွားနေတာတော်ရေ့"

"ဘာပေးလို့လဲ"

"ဘာမှမပေးဘူးတော်ရေ့၊ ရေ သွားတန်းစီနေတာ၊ ကဲ . . . လာ၊ နားမနေနဲ့ဦး။ ရေလှည်း နှစ်လှည်းလောက် တွန်းရဦးမယ်၊ အိမ်မှာ ထမင်းချက် စရာ ရေလဲ မရှိဘူး။ သောက်ရေလဲ မရှိဘူး။ အိမ်သာသုံးဖို့ ရေလဲ မရှိဘူး၊

အား . . . ဟုတ်ပေသားပဲ။ သူ လမ်းထဲသို့ လျှောက်လာစဉ်က ကလေးတွေ၊ ယောကျ်ားတွေ၊ မိန်းမတွေ ရေလှည်းတွန်းနေကြသည်ကို မြင်

www.burmeseclassic.com



ခဲ့သည်။ သူ အတွေးလွန်နေသဖြင့် ရေလုည်းတွေကို သတိမထားမိခဲ့ခြင်း ဖြစ်သည်။ ဘတ်စ်ကားပေါ်တွင် တွေ့ခဲ့ရသည့် ရွှင်းကလေး တစ်ခုကို ကဗျာဖွဲ့ချင်စိတ် ပေါ်လာသဖြင့် ရင်ထဲတွင် ကဗျာစပ်လာခဲ့သည်။ မြင်ကွင်းတွေကို သူ သတိမမူမိခဲ့။

"ရေက ဘယ်သွားတွန်းရမှာလဲ၊ လမ်းထိပ်လား"

သူတို့လမ်းထိပ်တစ်နေရာတွင် ပုဂ္ဂလိက အဝီစိတွင်းရှိသည်။ ထိုတွင်းက ရေကို သူတို့ ဝယ်နေကျ။ ရေမလာသည့်နေ့များတွင် ရေလှည်း တွန်းနေကျ။ တစ်စည်ကို နှစ်ကျပ်ပေးရသည်။

"လမ်းထိပ်မှာ မဟုတ်ဘူးတော့၊ ဟိုဘက် သုံးလေးလမ်းကျော်ထိပ်က သမဝါယမဆိုင်မှာ"

"ဘယ်သူက ရောင်းတာလဲ"

"ဘယ်သူက ရောင်းရမှာလဲတော့၊ သမဝါယမက ရောင်းတာပေါ့။ တစ်စည်ကို တစ်ကျပ်ခွဲတဲ့၊ ကဲ . . . လာ၊ သမဝါယမဆိုတော့ သက်သာတာပေါ့။ တစ်ရပ်ကွက်လုံး အဲဒီမှာ တန်းစီနေကြတယ်၊ ရေက တစ်ရပ်ကွက်လုံး မလာတာ၊ တချို့အပိုင်းဆိုရင် မလာတာ တစ်လလောက်ရှိပြီတဲ့"

စာပြင်ဆရာ ကိုပညာသည် မရွှေနုနှင့်အတူ သမဝါယမဆိုင်သို့ လာခဲ့၏။ တုတ်ဝါ၏။ သူတို့နောက်တွင်လည်း တန်းစီသူတွေ ရာနဲ့ချီပြီး ရှိနေလိမ့်မည်။

"အင်း . . . ရေကြီးလို့ မြောက်ဥက္ကလာပက ပြောင်းလာတဲ့လူ၊ ဒီကျတော့ ရေရှားနေပြီပေါ့"

စာပြင်ဆရာ ကိုပညာသည် တစ်ကိုယ်တည်း ပြောရင်း မရွှေနုနှင့်အတူ ရေလှည်းကို တွန်းလာခဲ့သည်။ သုံးရေအတွက် တစ်စည်၊ ထမင်းချက်အိုးနှင့် သောက်ရေအိုးအတွက် တစ်စည် တွန်းလိုက်သည်။

တအောင့်နားနေစဉ် မိုးတွေအုံ့လာပြီး တရဟော ရွာချလိုက်လေသည်။ စာပြင်ဆရာ ကိုပညာသည် ဝမ်းသာသွား၏။ တစ်နေ့စာတော့ ရေဖိုးသက်သာသွားလေပြီ။ ရေတံလျှောက်အောက်သို့ သွားကာ တစ်နေကုန်ပူအိုက် မောပန်းလာသမျှကို ပျောက်သွားစေရန် အားရပါးရ ရေချိုးပစ်လိုက်၏။ မရွှေနုကလည်း လျှော်စရာရှိသည်တို့ကို လျှော်၏။ ထိုစဉ် သမီးမေစုလည်း ကျောင်းကပြန်လာသဖြင့် မိုးရေစိုလက်စနှင့်အတူ သူ့ကိုလည်း တံစက်မြိတ်အောက်တွင် ရေချိုးခိုင်းလိုက်၏။





ထိုအချိန်၌ အတော်မှောင်နေလေပြီ။

ယနေ့ညစာကိုမူ ချက်မနေတော့။ လမ်းထိပ်က ထမင်းကြော်ကလေးကို သားအမိ သားအဖ သုံးယောက် ဝယ်စားလိုက်တော့မည်။ မောလည်း မောလှပြီ။

ရေချိုးပြီးနောက် စာပြင်ဆရာ ကိုပညာသည် မိုးအေးအေးဖြင့် မီးပူတိုက်စွပ်ကျယ်အင်္ကျီကလေးနှင့် မီးပူတိုက်ထားသည့် လုံချည်ဟောင်းကလေးကို ဝတ်၏။ ဆေးပြင်းလိပ်ကို ဖွာ၏။ ထို့နောက် ကားပေါ်တွင် စိတ်ကူးရလာသည့် ကဗျာကလေးကို စပ်ရန် မီးဖွင့်လိုက်၏။ မီးမလာ။

မီးခလုတ်ကို နှစ်ချက် သုံးချက် ဖွင့်လိုက် ပိတ်လိုက် လုပ်ပြန်သည်။ သို့ရာတွင် မှောင်မြဲမှောင်လျက်။

"ဟ . . . မီးလဲမလာပါလား၊ ရေချိုးရလို့ ညမှာ စာလေး ဘာလေး ရေးမယ်လို့ စိတ်ကူးထားတာ၊ မီးက မလာပြန်ဘူး"

"ဩော် . . . ဟုတ်တယ် အဖေရေ၊ သမီးပြောဖို့ မေ့နေတယ်၊ သမီး ခု ပြန်အလာမှာ ဟိုလမ်းထိပ်က ဓာတ်တိုင်က ဓာတ်ပြောင်းအိုးကြီး ဖောင်းခနဲမြည်ပြီး ပေါက်သွားတယ်။ နည်းတဲ့အသံကြီး မဟုတ်ဘူး၊ ကြောက်စရာကြီး။ မိုးရေစိုလို့ ရှော့ဖြစ်ပြီး ပေါက်တယ်ဆိုလား၊ ဘာလားပဲ" သမီးကြီး မေစုက ပြောသည်။

စာပြင်ဆရာ ကိုပညာသည် စိတ်ပျက်လက်ပျက်ဖြင့် ပက်လက်ကုလားထိုင်ဘေးတွင် ဆောင့်ကြောင့်ထိုင်ချလိုက်သည်။

"ရေအစုံမီးအစုံက တန်ခိုးပြောင်ရှိဟာ ပြတာလေ" ဟု မရွှေနုက ပြောသည်။

မှန်ပေ၏။ ရေနှင့်မီးတည်းဟူသော ရန်သူမျိုးနှစ်ပါးတို့သည် ပေါများပြခြင်းဖြင့်လည်းကောင်း၊ တစ်ခါတစ်ရံ ရှားပါးပြခြင်းဖြင့်လည်းကောင်း သတ္တဝါတို့ကို နည်းအမျိုးမျိုးဖြင့် နှိပ်စက်တတ်ကြကုန်သည်။

ခဏကြာလျှင် စာပြင်ဆရာ ကိုပညာသည် ဆေးပြင်းလိပ်ကို ချကာ ဘုရားစင်ရှေ့တွင် ဘုရားရှိခိုးနေလေ၏။

"အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ . . ."

တစ်အိမ်လုံး မှောင်မည်းလျက်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတိုင်း မီးလုံးကလေးတွေ မှိတ်တုတ်မှိတ်တုတ်ဖြင့် ဖြစ်နေသည့် သူတို့အိမ်က ဘုရားစင်ကလေးတွင်လည်း မှောင်မည်းလျက်။

■

ရင်ခုန်ပွင့်
ဇူလိုင်၊ ၁၉၈၈

# အိပ်မက်ထဲက မိန်းကလေး

ထမင်းကြော်ဆိုင်မှာ လူတွေ အုံနေတယ်။ ကားသမားတွေကလည်း အများကြီး။ တက္ကစီဆရာတွေပေါ့။ လမ်းဘေးမှာ ထိုးရပ်ထားတဲ့ နံပါတ်အနီနဲ့ တက္ကစီတွေကိုက နည်းသလား။ မရှိဘူးဆိုရင် အနည်းဆုံး ဆယ့်လေးငါးစင်းတော့ ရှိမယ်။ ကိုယ်ပိုင်ကားနဲ့ လာစားတဲ့သူတွေလည်း အများကြီး။ အေးလေ ကိုယ်ပိုင်ကားလို့ ပြောရတာက နံပါတ်အနက် တပ်ထားလို့ ကိုယ်ပိုင်ကားလို့ ပြောတာ၊ တကယ်က သူတို့လည်း တက္ကစီဆွဲနေတဲ့ ကားတွေပဲ ဖြစ်မှာပဲ။ အီးတူးသောင်စင်တို့လို ရုံးကားတွေကလည်း အများကြီး။ သူတို့ကတော့ ရုံးကားအရိုင်ဘာတွေ မောင်းလာတာပဲ ဖြစ်မှာပဲ။ ပြီးတော့ ဆလွန်းကားတွေလည်း ရှိတယ်။

ဟုတ်တယ်၊ အဲဒီကားတွေကတော့ ကိုယ်ပိုင်ကားတွေ၊ ကောင်မလေးတွေလည်း ပါတယ်။ ကလေးတွေလည်း ပါတယ်။ ခပ်ရွယ်ရွယ် မိန်းမတွေလည်း ပါတယ်။ အဲဒီအထဲမှာ အက်စ်အီး သုံးလေးစင်းတောင် ပါလိုက်သေးတယ်။

ဒီထမင်းကြော်ဆိုင်က နာမည်ကြီးတယ်၊ ထမင်းကြော်လည်း ကောင်းတယ်။ ဟင်းတွေကလည်း ကောင်းတယ်။ ဘာဟင်းစားမလဲ။ ဟင်းမျိုးစုံရတယ်။ ထမင်းဆိုင်ကြီးတွေမှာထက်တောင် ဟင်းမျိုးစုံသေးတယ်။ ဒါကြောင့် အဲဒီဆိုင်မှာဆိုရင် နံနက်လင်းတာနဲ့ လူတွေကို အုံနေတာပဲ။ ရောင်းကောင်းလလား မမေးနဲ့။ နံနက် ၈ နာရီခွဲလောက်ဆိုရင် ကုန်ပြီ။ ဆိုင်သိမ်းနေပြီ။

ငွန်းပွင့်စာအုပ်တိုက်

www.burmeseclassic.com



နေရာများ လွတ်မလားလို့ လှမ်းကြည့်သေးတယ်။ ဘယ်လွတ်မလဲ။ ကျွန်တော့်အရင် ရောက်တဲ့သူတွေတောင် မတ်တတ်ရပ်ပြီး စားနေရတယ်။

နေရာလွတ်ရအောင် စောင့်နေရင်တော့ ထမင်းကြော်ကုန်သွားတာနဲ့ စားလိုက်ရမှာ မဟုတ်ဘူး။ ဒါကြောင့် ထမင်းကြော်တစ်ပွဲ မှာလိုက်တယ်။ မတ်တတ်ရပ်ပြီး စားရလည်း အကြောင်းမဟုတ်ပါဘူး။ ဘယ်တတ်နိုင်မလဲ။ စောင့်နေလို့ ကုန်သွားရင် ဒီနေ့မနက်စာအတွက် စရိတ်ပိုတက်လာမယ်။

ထမင်းကြော်တစ်ပွဲကို ငါးကျပ်ယူတယ်။ အသားဖတ် ခပ်ကြီးကြီး တစ်တုံးပါတယ်။ အနှစ်ကလေးလည်း ပေးတယ်။ ကြက်သွန်ချဉ်နဲ့ ငရုတ်သီးစိမ်း အချဉ်ကတော့ ပုလင်းထဲမှာ ကြိုက်သလောက်ယူစား။ ထမင်းကြော်တစ်ပန်းကန်ဆိုရင် ကျွန်တော့်အတွက် မနက်စာ လုံလောက်သွားပြီ။

ကျွန်တော့်အတွက်တင် မဟုတ်ပါဘူးလေ။ တက္ကစီဆရာတွေလည်း နံနက်မှာ ဒီထမင်းကြော်နဲ့ပဲ ကိစ္စပြီးရတာပဲ။ ထမင်းဆိုင်ကြီးတွေမှာ သွားစားရင် တစ်ယောက်ကို အနည်းဆုံး တစ်ဆယ်လောက် သွားကျမယ်။ ဒီထမင်းကြော်ကတော့ ငါးကျပ်ပဲဆိုတော့ ခေါက်ချိုးသက်သာတယ်။ စားလို့လည်း ကောင်းတယ်။ ဗိုက်ဆံလည်း ထက်ဝက်လောက် သက်သာတယ်။ တစ်ပွဲဆိုရင်လည်း ဝတယ်။ ဒီတော့ ထမင်းဆိုင်ကြီးတွေကို ဘယ်သွားပြီးစားတော့မလဲ။ ထမင်းကြော်ဆိုင်မှာပဲ စားကြတော့တာပေါ့။ သုံးကျပ်လောက်နဲ့ ကိစ္စပြီးတဲ့ ထမင်းကြော်ဆိုင်တွေလည်း ရှိသေးတယ်။ ဒါပေမဲ့ ဟင်းချက်မကောင်းဘူး။ အသားဖတ်ကလည်း နည်းတယ်။ ထမင်းကြော်လည်း သိပ်မကောင်းဘူး။ ဒီဆိုင်ကတော့ ငါးကျပ်ဖိုးဆိုရင် လူတစ်ယောက် ဝတယ်။ ဆက်ဆံရေးလည်း ကောင်းတယ်။ ဒါကြောင့် ကျွန်တော် ဒီဆိုင်မှာပဲ စားတယ်။

စားပြီးရင် ချိုပေါ့ကျ လက်ဖက်ရည်တစ်ခွက်သောက်မယ်။ ဂျိုးသိမ်း တစ်လိပ်သောက်မယ်။ ဒါဆိုရင် ကျွန်တော့်အတွက် မနက်စာ ဖူလုံသွားပြီ။ နေ့လယ်နေ့ခင်းဆာရင် ဖီးကြမ်းကလေး တစ်လုံး နှစ်လုံးလောက် စား။

ညစာကတော့ အကြောင်းမဟုတ်ဘူး။ ကျွန်တော့်ဂေဟာကို ပြန်ရောက်ရင် ကန်စွန်းရွက်ကလေး တစ်စီးလောက်ကြော်၊ ကြော်ပြီး ပုလင်းထဲ ထည့်ထားတဲ့ ငါးပိကြော်နဲ့ သရက်သီးသနပ်ကလေးနဲ့ စားပြီး ရေနွေးကြမ်းနဲ့ မျှောချလိုက်ရင် ဗိုက်ပြည့်သွားပြီ။

ကျွန်တော့်ဂေဟာဆိုလို့ သိပ်လည်းအထင်မကြီးလိုက်နဲ့ဦး။ ကျွန်တော် နေရတာက ရန်ကုန်မြို့လယ်ခေါင်က လူနေရပ်ကွက် လမ်းတစ်လမ်းမှာ ဖွင့်ထား





တဲ့ ရုံ၊ အပြီးပြန်တွေနေသွားတဲ့ အဆောက်အအုံတစ်ခုကို အစိုးရကသိမ်းပြီး ရုံးတစ်ရုံး ဖွင့်ထားတယ်။ အဲဒီရုံးမှာ ကျွန်တော်က ညစောင့်။

ညစောင့်ဆိုတော့ ကျွန်တော့်မှာ နေစရာမရှိဘူး။ ရုံးအတက်လှေကားရင်းမှာပဲ နေရတယ်။ အဲဒီလှေကားရင်း ချောင်ကလေးထဲမှာ ကျွန်တော်ပိုင်တဲ့ အိုးခွက်ပန်းကန်ကလေးနှစ်လုံးနဲ့ လေမီးဖိုကလေးကို ထင်းရှူးသေတ္တာလေး တစ်လုံးနဲ့ ထည့်ထားလိုက်တယ်။ စာအုပ်ကလေးတွေကိုလည်း အဲဒီသေတ္တာ ထဲမှာပဲ ထည့်ထားတယ်။ ညမှာ ညစောင့်လုပ်ရင်း အဲဒီနားမှာပဲ စာလေးဘာလေး ဖတ်တဲ့အခါ ဖတ်တယ်။ ပလက်ဖောင်းထွက်ပြီး တခြားညစောင့်တွေနဲ့ သွား စကားပြောတဲ့အခါ ပြောတယ်။ ဒီလိုမှမဟုတ်သေးရင် အိပ်ချင်တယ်ဆိုရင်လည်း အဲဒီလှေကားအောက်က ချောင်ကလေးထဲမှာ ဂုန်နီအိတ်ကလေးခင်းပြီး စာအုပ်ကို ခေါင်းအုံးအိပ်လိုက်တာပဲ။ ခြင်ကိုက်ရင် ကျွန်တော့်မှာရှိတဲ့ တစ်ထည်တည်းသော စောင်ကို ခေါင်းမြီးခြုံလိုက်တယ်။

စာမေးပွဲနားနီးရင်တော့ သိပ်မအိပ်တော့ပါဘူး။ ကျွန်တော် စာကျက်တယ်။ ကျွန်တော်က စာပေးစာယူ တတိယနှစ်။

အမေနဲ့ ကျွန်တော့်မိသားစုက တောမှာ။ သားသမီးထဲမှာ ကျွန်တော်က အကြီးဆုံး။ ကျွန်တော့်ကို အမေမုဆိုးမက ဘယ့်နှယ်လုပ် ရန်ကုန်ကို ပို့ပြီး ကျောင်းထားနိုင်ပါ့မလဲ။ ဒီတော့ ကျွန်တော့်ဘာသာပဲ ကျွန်တော် ကျောင်းတက်ရတာပေါ့။

ဆယ်တန်းအောင်တုန်းကတော့ ကျွန်တော် ကျောင်းဆက်နေဖို့ စိတ်ကူးပါဘူး။ တောမှာ အမေတို့နဲ့ပဲ အတူတူနေပြီး အလုပ်လုပ်မယ်လို့ စိတ်ကူးတယ်။ တောမှာဘာလုပ်မလဲ။ လယ်လုပ်တဲ့ အလုပ်ပဲရှိတယ်။ ဒါပေမဲ့ ခက်တာက ကျွန်တော်က လယ်မလုပ်တတ်ဘူး။ ကိုယ်ပိုင် လယ်လည်း မရှိဘူး။ အမေနဲ့ညီမလေးတွေက အကြော်ရောင်းရတယ်။ ဒီအလုပ်က သူတို့ဘာသာသူတို့ နိုင်တယ်။ သူတို့မိသားစုတော့ စားဖြစ်တယ်။ ဒီတော့ ကျွန်တော်က အိမ်မှာ လူပိုလို ဖြစ်နေတယ်။

ပြီးတော့ ကျွန်တော်က စာလည်း တော်တယ်။ ဆယ်တန်းကို နှစ်ချင်းပေါက်နဲ့ အောင်လာတာ။ ဘယ်ကျူရှင်ကိုမှ မတက်ခဲ့ဖူးဘူး။ တက်စရာကျူရှင်စရိတ်လည်း မတတ်နိုင်ဘူး။ ဒီတော့ အမေက ကျွန်တော့်ကို စာဆက်သင်စေချင်တယ်။ ကျွန်တော်ကလည်း သင်ချင်တယ်။ ဒါပေမဲ့ ရန်ကုန်တက္ကသိုလ်ကိုပို့ဖို့ ဘယ်မှာ အမေတတ်နိုင်ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတင် ကျွန်တော် ရန်ကုန်ကို ဆင်းလာတယ်။ ရန်ကုန်ရောက်တော့ ဒီလိုပဲ ဟိုနေလိုက်၊ ဒီနေလိုက်နဲ့ တစ်နှစ်လောက် ကြာသွားတယ်။ သူငယ်ချင်း အိမ် ကပ်နေလိုက်၊ ဘုန်းကြီးကျောင်းမှာ ကပ်နေလိုက်။

သူငယ်ချင်းအိမ်မှာကတော့ ကြာကြာနေလို့ မကောင်းဘူး။ သူ့မှာလည်း သားနဲ့မယားနဲ့။ ခဏတစ်ဖြုတ်ပဲနေလို့ ကောင်းတယ်။ ဒါတောင် ခြောက်လ လောက် ကြာခဲ့သေးတယ်။ အဲ တစ်ခုတော့ ရှိရဲ့။ သူ့အိမ်မှာ ခြောက်လလောက် နေခဲ့ပေမဲ့ ထမင်းကတော့ ကိုယ့်ဘာသာကိုယ် ရှာစားပါတယ်။ သူ့အိမ်မှာ မစားချင်ဘူး။ တစ်ခါတလေလောက်ပဲ စားတာပါ။ သူ့အိမ်ကတော့ အိပ်ရုံ ပါပဲ။

နောက်တော့ သူငယ်ချင်းက သူ့အိမ်ခန်းကလေးကို ဖယ်ပေးရတယ်။ ဒီတင် ကျွန်တော်လဲ သူတို့ နောက်ပြောင်းတဲ့ အိမ်ကလေးကို ပစ္စည်းတွေ ဘာတွေ ရွှေ့ပေးခဲ့တယ်။ ကျွန်တော်ကတော့ လိုက်မနေတော့ပါဘူး။

ကျွန်တော်တို့နယ်က ဘုန်းကြီးတစ်ပါးနဲ့တွေ့လို့ သူ့ကျောင်းမှာ လိုက်နေ တယ်။ ကျွန်တော်ရောက်စတုန်းက ကျောင်းမှာလည်း ဆွမ်းကွမ်းသိပ်မရှားသေး ပါဘူး။ ဒီတော့ စားဖို့သောက်ဖို့အတွက် သိပ်မပူရဘူး။ မနက်ပိုင်းကတော့ ထော်တော်လေးကို ဟန်ကျတယ်။ ညပိုင်းကျတော့ ကျောင်းသားလေးတွေနဲ့ ကျွန်တော် ထမင်းချက်စားကြတယ်။ ဟင်းကတော့ မနက်ကကျန်တဲ့ ဆွမ်း ဟင်း။ မကျန်ရင်လည်း ကန်စွန်းရွက်ကလေး ကြော်၊ ငါးပိကလေး ကြော်ပြီး ရေနွေးကြမ်းနဲ့ ပြီးလိုက်တာပဲ။

ဒါပေမဲ့ နောက်ပိုင်းကျတော့ ကျွန်တော် ဘုန်းကြီးကျောင်းမှာ နေလို့ မရတော့ဘူး။ သိတယ်မဟုတ်လား။ အဲဒီတုန်းက ဘုန်းကြီးကျောင်းတွေမှာ လူပိုတွေ မနေရဘူးဆိုတဲ့ အမိန့်တစ်ခု ထွက်တယ်။ ဒီတင် ကျွန်တော်လည်း ဘုန်းကြီးကျောင်းက ပြေးခဲ့ရတာပဲ။

ဇတ်ပါသေးရဲ့။ ဘုန်းကြီးကျောင်းက မပြေးရခင်ကလေးမှာ ကျွန်တော် အလုပ်ရတယ်။ အလုပ်က ညစောင့်။ ညမှာ ညစောင့် သွားလုပ်ရတယ်။ နေ့ဘက်ကျတော့ ဘုန်းကြီးကျောင်းမှာ ပြန်အိပ်တယ်။

ဘုန်းကြီးကျောင်းကထွက်လာခဲ့ရတော့ ကျွန်တော့်မှာ နေစရာမရှိဘူး။ ဒီတော့ ကျွန်တော် ညစောင့်လုပ်တဲ့ ရုံးက လှေကားကလေးအောက်မှာ နေတယ်။ ညမှာ ညစောင့်လုပ်တယ်။ နေ့လယ်ပိုင်းကျတော့ အဲဒီနားမှာ နေစရာ မရှိဘူး။ အိပ်စရာ မရှိဘူး။ ရုံးသူရုံးသားတွေ သွားလာနေတော့





အဲဒီနားမှာ အိုးအိမ်တည်နေလို့ မဖြစ်ဘူး။ အထက်လူကြီး မြင်သွားရင်လည်း မကောင်းဘူး။

ဒီတော့ ကျွန်တော် ညမှာ အဲဒီနားမှာ အိပ်တယ်။ မနက်လင်းတာနဲ့ ကျွန်တော် ရုံးလှေကားရင်းက ထွက်လာခဲ့တာပဲ။

ဘယ်ကိုသွားမလဲ။ ဘယ်ကိုမှ သွားစရာမရှိဘူး။ မနက်လင်းတာနဲ့ ထမင်းကြော်ဆိုင်မှာ ထမင်းကြော်စားတယ်။ လက်ဖက်ရည်ချိုပေါ့ကျ တစ်ခွက် သောက်ပြီး ဘုရားကို တက်တယ်။ ဘုရားမှာ တရားအားထုတ်ဖို့ သွားတာ မဟုတ်ပါဘူး။ ဘယ်ကိုမှ သွားစရာမရှိလို့ သွားရတာ။ မနက်အစောကြီးဆိုတော့ ကျွန်တော် ကျင်လည်တဲ့ လမ်းဘေးစာအုပ်တန်းက စာအုပ်ဆိုင်တွေလည်း မဖွင့်သေးဘူး။ ဒီတော့ လျှောက်သွားနေရတာပေါ့။

*

ထမင်းကြော်ဆိုင်မှာ မိုးတိုးမတ်တတ်နဲ့ပဲ ထမင်းကြော် တစ်ပန်းကန် စား၊ ချိုပေါ့ကျ လက်ဖက်ရည်တစ်ခွက်ကို သောက်ပြီး ဘုရားဘက်ကို ကျွန်တော် ထွက်လာခဲ့တယ်။

မနက်အစောကြီး ရှိသေးတယ်။ ကားတွေမှာ လူတွေ ပြည့်ကျပ်နေပြီ။ ဆူးလေဘုရားလမ်းတို့ အနော်ရထာလမ်းတို့မှာလည်း လူတွေ ဥဒဟို သွားလာ နေကြပြီ။

ရန်ကုန်မြို့က လူတွေဟာ ကျီးကန်းတွေနဲ့ တော်တော်တူတယ်။ ကျီး ကန်းများဟာ မနက်လင်းတာနဲ့ အိပ်တန်းက ဆင်းပြီး တွေ့ရာနေရာမှာ ရှာဖွေ စားသောက်ကြရတာပဲ။ ခုလည်း ကြည့်။ ရန်ကုန်မြို့က လူတွေဟာ မိုးမှမလင်း သေးဘူး။ လမ်းမတွေပေါ်ကို ရောက်နေကြပြီ။ ဘာတွေများ ဒီလောက်အရေး ကြီးလို့ စောစောစီးစီး အိမ်က ထွက်လာကြသလဲ မသိဘူး။

အေးလေ။ တစ်ခုတော့ ရှိတာပေါ့။ သူတို့လည်း ကျွန်တော့်လို နေမှာ ပေါ့။ တချို့က သူများအိမ်မှာ ကပ်ရပ်နေရတာ၊ တချို့ကျတော့လည်း အခန်းကျဉ်းကလေးတွေထဲမှာ နေရတာ။ နံနက်လင်းတော့ မိန်းမက ဆူညံ ညံလုပ်။ ကလေးတွေက ရန်ဖြစ်။ အိမ်နီးနားချင်းတွေက ငြူစူ။ တစ်ဖက်ခန်း က ကက်ဆက်ဖွင့်။ တစ်ဖက်ခန်းက လင်မယားက စကားများဆိုတော့ အိမ်မှာ နေရတာ နားပူတယ်ထင်ပါရဲ့။ ဒီတော့ နားပူသက်သာလိုသက်သာငြား စောစော စီးစီး ထွက်လာကြဟန်တူပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



တချို့ကျတော့လည်း ကျွန်တော့်လို နေ့ခင်းမှာ နေစရာမရှိတော့ စောစောစီးစီး မြို့ထဲထွက်လာကြတာပဲ ဖြစ်မှာပေါ့။

ကျွန်တော်ရတဲ့ ညစောင့်လခကလေးနဲ့ မလောက်ဘူး။ ဒီတော့ ကျွန်တော် စာအုပ်အဟောင်းလေးတွေကို ဘော်တယ်ကုလားဆိုင်မှာ လိုက်ဝယ်တယ်။ အဲဒီက ကောင်းမယ်ထင်တဲ့ စာအုပ်ကလေးတွေကို ရွေးပြီး အဟောင်းဆိုင်ကို ပြန်သွင်းတယ်။

မနက်စောစောဆိုတော့ ဘော်တယ်ကုလားဆိုင်တွေလည်း မဖွင့်သေးဘူး။ စာအုပ်တန်းက စာအုပ်အဟောင်းဆိုင်တွေလည်း မဖွင့်သေးဘူး။ ဒီတော့ ကျွန်တော် ဘုရားပေါ်မှာ သွားထိုင်နေတယ်။

ဘုရားပေါ်ရောက်တော့လည်း လူတွေအများကြီးပဲ။ ညားခါစလား၊ သမီးရည်းစားလား ခွဲခြားလို့မရတဲ့ အတွဲတွေ။ ပန်းစည်းကလေးတွေကိုင်လို့ ရှိခိုးနေတာလည်း ရှိတယ်။ ထောင့်မှာ တွတ်ထိုးနေကြတာတွေလည်း ရှိတယ်။ အဘိုးကြီး အဘွားကြီးတွေ၊ လူလတ်ပိုင်းတွေ။ လူငယ်တွေလည်း အံ့ဩဖို့ကောင်းတယ်။ သူတို့ကြည့်လိုက်တော့ အသက် ၂၀ လောက်ပဲရှိဦးမယ်။ ဒါပေမဲ့ အာရုံခံတန်ဆောင်းထဲမှာထိုင်ပြီး ပုတီးကို တွင်တွင်စိပ်နေကြတယ်။ ဒီအရွယ်မှာ ဘာဖြစ်လို့များ စိတ်ပုတီးနဲ့ ရိပ်ကြီးကို ခိုနေရကြသလဲ မသိဘူး။ ဘဝ ပျက်လာလို့လား။ အကြံမအောင်လို့လား။ ဆေးစွဲတာကို ဖြတ်တဲ့နည်းလမ်းတစ်ခုအဖြစ် ပုတီးစိပ်နေကြတာလား။

ဟုတ်တော့ဟုတ်တယ်၊ ဘုရားအရိပ်အောက် ရောက်သွားတာနဲ့ တော်တော် အေးချမ်းသွားတယ်။ ကျွန်တော်လည်း ယောင်ပေယောင်ပေနဲ့ ဘုရားကို တစ်ပတ်ပတ် ဝတ်ပြု ဆေးလိပ်တစ်လိပ်လောက်ကုန်အောင် ထိုင်ပြီး မြို့ဘက်ကို ပြန်လာခဲ့တယ်။

ရန်ကုန်မြို့လယ်ခေါင်မှာ လူတွေ တော်တော်စည်နေပြီ။ စာအုပ်တန်းလည်း ဖွင့်ပြီ။ စာအုပ်တန်းမှာ ကျွန်တော့်မိတ်ဆွေတွေနဲ့ ထိုင်စကားပြော၊ စာအုပ်တွေကို ဟိုလျှောက်လှန် ဒီလျှောက်လှန်လုပ်။ ကောင်မလေးတွေကို ထိုင်ကြည့်။

"ဟေ့လူ ကိုဝင်းမြင့်၊ ခင်ဗျား ဘော်တယ်ကို မသွားသေးဘူးလား"

လမ်းဘေးမှာ စာအုပ်အဟောင်းရောင်းတဲ့ ကိုဘခက်က လှမ်းမေးတယ်။

"သွားမယ်၊ ဒီနေ့ ဘယ်ဘော်တယ်ကို သွားရမလဲလို့ စဉ်းစားနေတာ"





သူက ဘော်တယ်ကုလားဆိုင်တစ်ဆိုင်ကို ညွှန်လိုက်တယ်။ ကမ္ဘာအေးဘက်မှာ မနေ့က သူ တချို့ ရွေးခဲ့ပြီတဲ့။ အဟောင်းတွေ အများကြီး ကျန်သေးတယ်တဲ့။ ပိုက်ဆံမလောက်လို့ အကုန်မဝယ်ခဲ့ရဘူးတဲ့။ ဒီနေ့လည်း သူ မသွားနိုင်သေးဘူးတဲ့။ သွားဝယ်ချည်တဲ့။

ကျွန်တော့်မှာ ပိုက်ဆံနည်းနည်းရှိတယ်။ ဒါကြောင့် ဘော်တယ်ကုလားဆီကို လိုက်မယ်ဆိုပြီး ကျွန်တော် ဆူးလေဘုရားလမ်းဘက်ကို ထွက်လာခဲ့တယ်။ အဲဒီကမှ ကားပတ်စီးမယ်ပေါ့။

ဆူလေးဘုရားမှတ်တိုင်မှာ ကျွန်တော် ကားစောင့်နေတယ်။ ကားက ဆော်တော်နဲ့မလာဘူး။

ဒီတုန်းမှာ . . .

"ဟေး . . . ဝင်းမြင့်"

ကျွန်တော့်ကို လှမ်းခေါ်လိုက်တဲ့ မိန်းကလေးတစ်ယောက်အသံကို ကြားလိုက်ရလို့ ကျွန်တော် လှည့်ကြည့်လိုက်တယ်။

ကောင်မလေးတစ်ယောက်။ ကျွန်တော်နဲ့ ရွယ်တူလောက်ပဲ ရှိဦးမယ်။ ကိုယ်လုံးသွယ်သွယ်၊ အရပ်မြင့်မြင့်၊ အသားဖြူဖြူနဲ့ ကောင်မလေးတစ်ယောက်၊ ချောကတော့ သိပ်အချောကြီး မဟုတ်ပါ။ ဒါပေမဲ့ မျက်နှာကလေးက ကြည်ပြီး ချိုနေတယ်။ ကျွန်တော့်အသိတော့ ကျွန်တော့်အသိထဲကပဲ။ ဒါပေမဲ့ ဘယ်သူလဲ၊ ဘယ်ကလဲ။

"အမယ်လေး ဝင်းမြင့်ရယ်၊ နင့်ကို ငါရှာလိုက်ရတာ၊ လူတွေ့တိုင်းမေးနေတာ၊ ငါရန်ကုန်ရောက်နေတာ တစ်ပတ်လောက်ရှိပြီ။ အသိတွေတွေ့လို့ မေးတော့လဲ နင်ဘယ်မှာ နေမှန်းမသိဘူးတဲ့"

သူက ကျွန်တော့်အနားရောက်လာပြီး ရင်းရင်းနှီးနှီးနဲ့ ကျွန်တော့်လက်မောင်းကို လာကိုင်ပြီး စကားတွေကို အမောတကော ပြောနေတယ်။

"ဟုတ်လား"

ကျွန်တော်က ရောယောင်ဖြေတယ်။ သူ့နာမည်ကို စဉ်းစားပေမဲ့ မပေါ်လာဘူး။

"ငါရောက်တာ တစ်ပတ်ရှိပြီဟဲ့။ ဒီနေ့မှ ရထားနဲ့ပြန်မှာ၊ ငါနဲ့လိုက်လာတဲ့ အဖော်တွေကလဲ နင်နေတဲ့နေရာကို သေသေချာချာမသိဘူး။ အဲဒီတော့ ဘယ်မှာ ရှာတတ်ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



အမှန်ကတော့ ကျွန်တော် သူ့ကိုသိရမယ်။ ဒါပေမဲ့ သူနဲ့ကျွန်တော် မတွေ့တာ တော်တော်ကြာနေပြီ။ သူ့နာမည်ကို ကျွန်တော် စဉ်းစားတယ်။ စဉ်းစားလို့ မရဘူး။ ငယ်ငယ်က သူငယ်ချင်းနဲ့တူတာပဲ၊ ကျွန်တော့်သူငယ်ချင်းတွေထဲမှာ မိန်းကလေးသူငယ်ချင်းရယ်လို့ များများစားစားလည်း မရှိပါဘူး။ ကျွန်တော်သိတဲ့ မိန်းကလေးသူငယ်ချင်းတွေထဲမှာတော့ သူကအချောဆုံးပဲ။ ဒါပေမဲ့ သူ့နာမည်ကို စဉ်းစားလို့ မရဘူး။ ဘယ်မှာ သိခဲ့သလဲဆိုတာကိုလည်း လုံးလုံးကို စဉ်းစားလို့မရဘဲ ဖြစ်နေတယ်။

"ကဲပါဟာ၊ ဘာငိုင်နေတာလဲ။ နင့်အကြောင်း ပြောစမ်းပါဦး။ နင်အခု ဘယ်မှာနေသလဲ၊ ဘာလုပ်နေသလဲ၊ ဟိုတုန်းကလို ခပ်ကြောင်ကြောင်ပဲလား။ စောစောက တွေ့ရင်ကောင်းမှာဟာ။ ငါပြန်ခါနီးမှတွေ့တော့ ဘယ်မှာစကားပြောချိန်ရတော့မှာလဲ"

သူပြောနေပုံက ကျွန်တော်နဲ့တော်တော့်ကို ရင်းနှီးတယ်။ ပြောနေပုံကလေးကလည်း ချစ်စရာကလေး။ ကျွန်တော် သဘောကျဖူးတဲ့ ကောင်မလေးတွေထဲက တစ်ယောက်လား။ သူ့အမူအရာ၊ သူပြောနေပုံက တကယ်ချစ်စရာကောင်းတယ်။ အပြစ်ကင်းတယ်။ ခင်ဗျားတွေ့ရင်လည်း ချစ်မိမှာပဲ၊ ဒါပေမဲ့ ခက်တာက ကျွန်တော် သူ့နာမည်ကို စဉ်းစားလို့ မရသေးဘူး။ သူ့နာမည်ကို ပြောင်ပြောင်ကြီးဖွင့်မေးလို့လည်း မဖြစ်ဘူး။ ဖွင့်မေးရင် သူ စိတ်ဆိုးသွားမှာပေါ့ စကားပြောရင်း တဖြည်းဖြည်း သိလာမှာပဲဆိုပြီး ကျွန်တော် အသာဝ နားထောင်နေတယ်။ ဒါပေမဲ့ ခက်တာက သူက သူ့အကြောင်းကို တစ်လုံးမှ မပြောဘူး။ ကျွန်တော့်အကြောင်းတွေချည်းပဲ မေးပြီး ကျွန်တော်ပြောတဲ့ စကားကိုပဲ နားထောင်နေချင်ပုံရတယ်။

"စကားလေးဘာလေး ပြောစမ်းပါဦးဟ၊ နင်က ရန်ကုန်ရောက်တော့ တော်တော့်ကို ပြောင်းသွားတာပဲ၊ ရန်ကုန်သားဖြစ်လို့ သွေးကြီးသွားပြီပေါ့လေ။ ဟုတ်လား။ ဟိုတုန်းကနဲ့ နည်းနည်းမှမတူတော့ဘူး။ ဟိုတုန်းကဆိုရင် ပြောလိုက်တဲ့ စကား။ စက်သေနတ်ပစ်သလား အောက်မေ့ရတယ်။ ပြောစမ်းပါဦးဟ၊ ဘာဖြစ်နေတာလဲ။ ဘာလဲ နင့်မှာ အနှောင့်အယှက်ဖြစ်နေလို့လား။ နင့်မှာ သွားစရာရှိလို့လား"

ကျွန်တော်က ငူငူကြီး ရပ်နေတယ်။

"ပြောလေ နင်ဘယ်သွားမလို့တုံး"





"ဘယ်ရယ်လို့ မဟုတ်ပါဘူး"

ကျွန်တော့်ပါးစပ်က အလိုလိုထွက်သွားတယ်။

"ဒီလိုဆိုရင် လာပါဟာ။ ငါနဲ့ ခဏလိုက်ခဲ့စမ်းပါ။ ငါ အဲ့ဒီနားက အိမ်တစ်အိမ်မှာ ကိစ္စလေးတစ်ခုရှိလို့ လိုက်ပို့စမ်းပါ။ ခဏလေးပါ"

သူက ကျွန်တော့်လက်ကို ဆွဲခေါ်သွားတယ်။ ကျွန်တော်လည်း ရောယောင်လိုက်လာခဲ့တယ်။

"မြန်မြန်လာပါဟ၊ ငါ့မှာ သွားစရာတွေရှိသေးတယ်။ နင်နဲ့တွေ့ချိန်ရှည်မှာ မဟုတ်ဘူး"

ကျွန်တော်လည်း ခြေလှမ်းသွက်သွက်နဲ့ သူခေါ်ရာကို လိုက်လာခဲ့တယ်။

တော်တော်တော့ ခွကျတယ်၊ ဘုမသိဘမသိနဲ့ ကျွန်တော် ဘာကြောင့်လိုက်လာသလဲမဆိုနိုင်ဘူး။ တစ်ခုတော့ရှိတယ်။ သူနဲ့ကျွန်တော် ရင်းရင်းနှီးနှီး သိဖူးတာကတော့ အမှန်ပဲ။ ဒါပေမဲ့ ဘယ်မှာသိခဲ့သလဲ။ ဘယ်သူလဲဆိုတာ လုံးလုံးကို စဉ်းစားလို့ မရဘဲ ဖြစ်နေတယ်။ မူလတန်းလောက်တုန်းကတည်းက ကွဲသွားခဲ့ကြတယ် ထင်တာပဲ။ ဒါကြောင့် ကျွန်တော် မမှတ်မိတာပေါ့။

ကျွန်တော် သူနဲ့ ဟိုအကြောင်း ဒီအကြောင်းပြောဖို့ စိတ်ကူးကြည့်သေးတယ်။ ဒါပေမဲ့ ဘယ်ကစရမှန်း မသိဘူး။

သူကတော့ ကျွန်တော့်အကြောင်းကိုပဲ တတွတ်တွတ် မေးနေတာပဲ။ ဒီတော့ ကျွန်တော်လည်း နေလို့မရတော့ဘူးလေ။ စောစောက ခင်ဗျားတို့ကို ပြောတဲ့အကြောင်းတွေကို သူ့ကို ပြန်ပြောရတော့တာပေါ့။

ကျွန်တော်က သူ့အကြောင်းကို မေးမယ်လုပ်တုန်းမှာ သူက တိုက်တစ်တိုက်ရှေ့မှာ ရပ်လိုက်တယ်။ ဒီတော့မှ ကျွန်တော်တို့နှစ်ယောက် ဆူးလေဘုရားလမ်းနဲ့ ပန်းဆိုးတန်းကြားထဲက လမ်းကျဉ်းတစ်လမ်းထဲကို ရောက်နေမှန်း ကျွန်တော် သိတော့တယ်။

တိုက်ခန်းတစ်ခန်းရှေ့ရောက်တော့ သူက ရပ်ပြီး . . .

"ငါ ဒီမှာကိစ္စလေးတစ်ခုရှိလို့ အပေါ်ထပ်ကို ခဏတက်လိုက်ဦးမယ်။ နင် ဒီကစောင့်နေနော်၊ ဘယ်မှမသွားနဲ့ဦးနော်။ ငါ ခုပဲ ပြန်ဆင်းလာခဲ့မယ်"

တိုက်က တိုက်တန်းလျားအရှည်ကြီး။ လေးထပ်ရှိတယ်။ ဘယ်အထပ်ကို သူ တက်သွားမှန်း မသိဘူး။ အပေါ်ထပ်ကိုတော့ တက်သွားတာပဲ၊ ဘယ်အခန်းမှန်းလည်း မသိဘူးပေါ့။ သိရင်တော့ မနက်ဖြန်မှာ အဲဒီအခန်းကို



www.burmeseclassic.com

www.burmeseclassic.com



တက်သွားပြီး သူ့အကြောင်းကို စုံစမ်းလို့ ရသေးတာပေါ့။

ကျွန်တော့်အဖြစ်က ဘယ်လောက် အူကြောင်ကြောင်နိုင်သလဲ။ လူကိုလည်း ကောင်းကောင်းမသိ။ နာမည်ကိုလည်း မသိဘဲ သူခေါ်တဲ့နေရာကို လိုက်လာတယ်။

ဒီလိုနဲ့ ကျွန်တော် အောက်က ရပ်စောင့်နေတယ်။ ဆယ်မိနစ်လောက် ကြာသွားတယ်။ သူ ပြန်ဆင်းမလာဘူး။ ကျွန်တော့်ကို သက်သက် တစ်ပတ် ရိုက်သွားတာလား။

ကျွန်တော် ဆက်စောင့်တယ်။ အပေါ်ထပ်ကို လှမ်းကြည့်တော့လည်း လူရိပ်လူယောင်တောင် မမြင်ရဘူး။ အပေါ်ထပ်က ဝရန်တာတွေမှာလည်း လူတစ်ယောက်မှ ထွက်လာတာ မတွေ့ရဘူး။ ဒါနဲ့ ကျွန်တော်လည်း ပြန်လှည့်ထွက်လာခဲ့တယ်။

ထွက်လာလို့ လမ်းထိပ်တောင် မရောက်သေးဘူး . . .

"ဝင်းမြင့်၊ ဟေ့ ဝင်းမြင့်၊ နေပါဦးဟ" ဆိုတဲ့ အသံကို ကြားလို့ လှမ်းကြည့်လိုက်တော့ သူရယ်၊ ကျွန်တော့်နောက်ကို အပြေးကလေး လိုက်လာတယ်။

"စောင့်ပါလို့ သေသေချာချာ မှာထားခဲ့သားနဲ့။ ဘာဖြစ်လို့ မစောင့်တာလဲ"

"စောင့်ပါတယ်ဟ၊ တိုက်ရှေ့မှာ အကြာကြီးရပ်နေတာ ကြောင်လာတာနဲ့ ငါ လမ်းလျှောက်နေတာပါ"

"ငါလဲ နည်းနည်းတော့ ကြာသွားတယ်။ နင့်ကို ဒုက္ခပေးသလို ဖြစ်နေပြီ။ ငါလဲ တည်းတဲ့နေရာပြန်ပြီး ပစ္စည်းတွေ သိမ်းရဦးမှာနဲ့၊ ဘူတာကြီးကို ပြန်ရဦးမှာနဲ့ဆိုတော့ တော်တော်တောင် အချိန်ကုန်သွားပြီ။ ဒုက္ခပါပဲ"

ပြောရင်းဆိုရင်း ဆူးလေဘုရားလမ်းက မှတ်တိုင်နားကို ရောက်လာကြတယ်။ မှတ်တိုင်ရောက်တော့ သူက စကားဆက်မယ်လုပ်တုန်းမှာ ဘတ်စ်ကားတစ်စင်း ထိုးရပ်တယ်။

"ဟောတော့ ငါစီးရမယ့်ကားတောင် ဆိုက်လာပြီ။ ဘူတာကိုလာပြီး ငါ့ကိုလိုက်ပို့မနေနဲ့နော်၊ တော်တော်ကြာ ငါနဲ့ပါလာတဲ့ ကောင်မတွေကမြင်ရင် စ,နေကြဦးမယ်၊ ဒီကောင်မတွေက အစသန်ပါဘိသနဲ့၊ ငါက ကိစ္စလေးတစ်ခု ရှိတာနဲ့ သူတို့နဲ့ခွဲလာခဲ့တာ၊ နင်လိုက်ပို့တာ မြင်ရင် ဘယ်ကလဲ ဘာလဲနဲ့ မေးပြီး စ,နေကြဦးမှာ၊ နင်လဲ နေထိုင်ကောင်းအောင် နေပါဟယ်၊ နေရထိုင်ရတာကော အဆင်ပြေတယ်မဟုတ်လား"

ဘတ်စ်ကားက ထွက်တော့မယ်။ သူက ကားပေါ်တက်ခါနီးတော့ နောက်ပြန်လှည့်ပြီး . . .

"ဝင်းမြင့်၊ ငါ့ဆီကို စာလေးဘာလေးရေးနော်၊ ငါ့လိပ်စာကို နင်သိတယ်မဟုတ်လား။ နင်က စာအရင်ရေးမှ ငါပြန်ရေးမှာနော်၊ ငါကတော့ အရင်မရေးဘူး။ ဒါပဲ"

ကျွန်တော် သူနဲ့အတူ ဘတ်စ်ကားပေါ် တက်လိုက်သွားမယ်လို့ စိတ်ကူးသေးတယ်။ ဒါပေမဲ့ ကျွန်တော် မတက်ခင်မှာ ဘတ်စ်ကားက ထွက်သွားပါပြီ။ ကျွန်တော့်လျှို့ဝှက်သည်းဖိုဇာတ်လမ်းကလေးကတော့ ဒီလောက်ပါပဲ။ ဒါပေမဲ့ ကျွန်တော် ဒီအဖြစ်အပျက်ကလေးကို ဘယ်တော့မှ မေ့တော့မှာ မဟုတ်ဘူး။

ကောင်မလေးက ဘတ်စ်ကားပေါ် ပါသွားပြီ။ နောက်လည်း သူနဲ့ ပြန်မတွေ့ဘူး။ သူ့အကြောင်းကိုလည်း မကြားရတော့ဘူး။

ဒီနောက်မှာ နှစ်တွေကြာသွားတယ်။ ကောင်မလေးတွေ သုံးလေးယောက်နဲ့လည်း ကြိုက်ခဲ့ဖူးပြီ။ ဒါပေမဲ့ အိပ်မက်ဆန်ဆန်တွေ့ခဲ့ရတဲ့ ကောင်မလေးကိုတော့ ကျွန်တော် သတိရနေတုန်းပဲ။ ကျွန်တော် သူ့ကို ချစ်မိတာလား ဘာလားဆိုတာကိုတော့ ကျွန်တော် မစဉ်းစားတတ်ဘူး။ ဒါပေမဲ့ ကျွန်တော့်ကို လိုက်ရှာနေတယ်ဆိုတဲ့ ကောင်မလေးကိုတော့ ခုထက်ထိ ကျွန်တော် လိုက်ရှာနေတုန်းပဲ။

ကောင်မလေးရေ . . .

နင် ဘယ်ဆီကို ရောက်နေသလဲ။ နင့်ဆီကို စာမရေးလို့ ငါ့ကို စိတ်မဆိုးပါနဲ့၊ ငါက နင့်ရဲ့လိပ်စာကိုလည်း မေ့၊ နင့်နာမည်ကိုလည်း မေ့၊ နင့်ကိုလည်း မေ့နေတာကိုး။ ဒီတော့ ဘယ်ရေးဖြစ်ပါ့မလဲ။ ဒီလိုပဲပြောတာဟာ နင့်ကို စော်ကားသလို ဖြစ်ကောင်းဖြစ်နေမယ်။ ဒါပေမဲ့ တကယ်ပြောတာပါ။ ငါ နင့်နာမည်ကို လုံးလုံးကို စဉ်းစားလို့ မရလို့ပါ။ နင်ကတော့ ငါဟာ ကြောင်တောင်တောင်လို့ နင်ပြောနေကျအတိုင်း ပြောမှာပေါ့။ ဘာပဲဖြစ်ဖြစ် နင့်လိုမိန်းကလေးတစ်ယောက်ကို မေ့လျော့နေမိတဲ့အတွက် ငါ့ကိုတော့ ခွင့်လွှတ်ပါ။ နင့်နာမည်နဲ့ နင့်ကို မေ့ခဲ့မိတဲ့အတွက် ငါ့မှာ ခု ပြစ်ဒဏ်ခံနေရပြီလေ။ နောင်မှာ နင့်ကို ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ပါဘူး။ ဒီလိုမေ့မရအောင် ဖြစ်တာကိုကပဲ နင့်ကို မေ့ခဲ့မိတဲ့အတွက် ငါရတဲ့ အပြစ်ဒဏ်မဟုတ်လား။ နင်ဟာ







www.burmeseclassic.com

www.burmeseclassic.com



သနားကြင်နာတတ်တယ်။ ရိုးသားတယ်။ ဖြူစင်တယ်။ ဒါကြောင့်မို့ နင်ဟာ နောင်မှာ ဘယ်လိုပဲဖြစ်ဖြစ် ငါ့စိတ်ထဲမှာတော့ နင်နဲ့တွေ့လိုက်ရတဲ့အချိန်က မြူးနေတဲ့ မြင်းမလေးတစ်ကောင်လို ဖျတ်လတ်သွက်လက်နေတဲ့ ဟန်ပန်ကလေးကိုပဲ ငါတစ်သက်လုံး မြင်နေတော့မှာပါ။ နောက်တစ်ခါ ကံဆုံလို့ လမ်းမပေါ်မှာ ငါ့ကိုများ ပြန်တွေ့ရင် ငါ့နာမည်ကို အရင်တုန်းကလိုပဲ အဝေးက လှမ်းအော် ခေါ်ပါဦး။ အဲဒီအခါကျရင် နင်ပြောစေချင်တဲ့စကားတွေကို ငါ တသွင်သွင် ပြောပါ့မယ်။ ဒါပေမဲ့ နင်ဘယ်သူလဲဆိုတာ ငါ့ကိုအရင် ပြောပြစမ်းပါဦး။

■

ရင်ခုန်မှုင့်
ဩဂုတ်၊ ၁၉၈၈

# အစိမ်းရောင်နယ်မြေကို ဖြတ်သန်းခြင်း

(၁)

ကျွန်တော်တို့လောကမှာ စကားတစ်ခွန်း ရှိတယ်။ အသက်မွေးဝမ်းကျောင်းနဲ့ ပတ်သက်တဲ့ ကျင့်ဝတ်ဆိုင်ရာ ဆောင်ပုဒ်ဆိုပါတော့။ အဲဒီစကားက ဘာတဲ့။ ညော် . . . ဟုတ်ပြီ။ ရတနာလုပ်ငန်းမှာက ကတိသစ္စာတည်မှ စီးပွားဖြစ်တယ် တဲ့။ စကားကတော့ လောက တစ်လောကလုံးနဲ့ဆိုင်တဲ့ စကားပါပဲ။ ဟုတ်တယ် လေ။ ဒီအလုပ်ဟာ အသက်ပေးလုပ်ရတဲ့ အလုပ်၊ ဘဝစွန့်လုပ်ရတဲ့ အလုပ်။ ကံမကောင်းရင် တွင်းပိပြီး သေနိုင်တယ်။ ဘယ်ကာလာမှန်းမသိတဲ့ သေနတ် ကျည်ဆန်မှန်ပြီး သေနိုင်တယ်။ အချင်းချင်း စိတ်ဝမ်းကွဲပြီး အသတ်ခံရလို့ သေနိုင်တယ်။ ငှက်ဖျားမိပြီး သေနိုင်တယ်။ နန့်ခေါ်ချောင်းမှာ စုံးစုံးမြုပ်ပြီး စပျောက်သွားနိုင်တယ်။ ဘိန်းစွဲပြီး သေနိုင်တယ်။ ဒီလို မသေပျောက်ခဲ့ရင် ညည်း ထောင်တို့ တန်းတို့ကို ရောက်နိုင်တယ်။ ဒါကြောင့် ကျွန်တော်တို့ လုပ်ဟာ အသက်ပေးလုပ်ရတဲ့ အလုပ်။ ဘဝကိုစွန့်ပြီး လုပ်ရတဲ့ အလုပ်။ ဒီလိုအလုပ်မျိုးမှာ သစ္စာရှိဖို့လိုတယ်။ ကတိတည်ဖို့လိုတယ်။ လုပ်ဖော်ကိုင်ဖက် ချင်း တစ်ယောက်ကိုတစ်ယောက် ယုံကြည်ဖို့လိုတယ်။ ဒီလိုမဟုတ်ရင် ဘယ် သူလုပ်မှ အလုပ်လုပ်လို့ မရဘူး။ ကျွန်တော့်ကို အဲဒီလောကထဲကို ခေါ်သွား တဲ့ ကိုမြမောင်ကြီးက ဒီစကားကို တဖွဖွပြောတတ်တယ်။

ကျွန်တော် အစက လိုက်ဖို့စိတ်မကူးပါဘူး။ ဒါပေမဲ့ အလုပ်အကိုင်က ကောင်မပြေဘူး။ အိမ်မှာ စီးပွားရေးကျပ်တယ်။ အဖေကလည်း မရှိတော့ဘူး။ နှမကလည်း အိပ်ရာထမှာ အရက်နဲ့မျက်နှာသစ်ပြီး အိပ်ရာဝင်တော့ အရက်



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းပိုက်ပြီး အိပ်ပျော်သွားတယ်။ တကယ့် အရက်သမားကြီးလုံးလုံး။

အစတုန်းကတော့ အဖေ့ကို ကျွန်တော် သိပ်မုန်းတယ်။ သူ ဒီလိုအရက်သမားဖြစ်လို့ ကျွန်တော်တို့ တစ်အိမ်လုံး ဒုက္ခရောက်ရတာ။ ဘာမှ အဖေမပီသတဲ့ အဖေ၊ တစ်ကိုယ်ကောင်းကြည့်တဲ့ အဖေ၊ သားမယားအပေါ်မှာ တာဝန်မကျေတဲ့ အဖေ၊ လောကကြီးမှာ သူ့အတွက်လည်း အကျိုးမရှိ၊ သူများအတွက်လည်း အကျိုးမရှိတော့တဲ့ ဆန်ကုန်မြေလေး ဖြစ်နေတဲ့အဖေလို့ ကျွန်တော် စိတ်ဆိုးတယ်။ ကျွန်တော်တို့မှာ ညီအစ်ကိုမောင်နှမ ခြောက်ယောက်ရှိတယ်။ ဒီအထဲမှာ ကျွန်တော်က အကြီးဆုံး။ ကျွန်တော် ရှစ်တန်းရောက်တဲ့နှစ်မှာ အဖေ အလုပ်ပြုတ်သွားတယ်။ အဖေက ချည့်ထုပ်တွေ ပျောက်တဲ့ကိစ္စမှာ အဖေလည်း ပါနေတယ်။ ဒီတင် အဖေအလုပ်ပြုတ်ပြီး ထောင်ကျသွားတယ်။ အဖေ ထောင်ကျနေတုန်းမှာ မိသားစုရဲ့ တာဝန်ဟာ ကျွန်တော့်ခေါင်းပေါ်ကျလာတယ်။ ရှစ်တန်းဆိုပေမဲ့ ကျွန်တော့်အသက် ၁၇ နှစ်ရှိနေပြီ။ လူလားမြောက်နေပြီ။ ဒီတော့ ကျွန်တော် ကျောင်းဆက်မနေနိုင်တော့ဘူး။ ရရာအလုပ်ကို ဝင်လုပ်ရတယ်။ ဝါတောင်သူလည်း လုပ်ခဲ့ဖူးတယ်။ စပျစ်လည်း စိုက်ခဲ့ဖူးတယ်။ ထန်းလည်း တက်ခဲ့ဖူးတယ်။ ဝါးလည်း ခုတ်ခဲ့ဖူးတယ်။

ကျွန်တော့်အောက် အငယ် ညီမလေးက ဆယ့်ငါးနှစ်။ သူ့မှာ အင်္ကျီမပြောနဲ့ ဘော်လီအင်္ကျီတောင် ဝတ်စရာမရှိဘူး။ ထမီရင်ရှားကလေးနဲ့ပဲ နေခဲ့ရတယ်။ ပွဲလမ်းသဘင်မှာ ဝတ်ဖို့ဝယ်ထားတဲ့ ဘော်လီတစ်ထည်၊ အင်္ကျီတစ်ထည်၊ ထဘီခပ်လတ်လတ်ကလေး တစ်ထည်ပဲ ရှိတယ်။ ဒါနဲ့ကျွန်တော်က ကျွန်တော့်စစ်အင်္ကျီ အဟောင်းလေးတစ်ထည်ကို ပေးလိုက်ရတယ်။ ခုခေတ်မြို့ကြီးသူတွေ ယောကျ်ားဝတ် ရှပ်အင်္ကျီဝတ်တယ်ဆိုတာ နောက်မှဝတ်တာ။ ကျွန်တော်တို့ဆီမှာက ဝတ်စရာမရှိလို့ ဒီလိုဝတ်နေတာ ကြာလှပြီ။ ခုမှ သူတို့က ဖက်ရှင်ထွင်တာလို့များ ထင်နေကြသလား မသိဘူး။ လုပ်မနေနဲ့၊ ကျွန်တော်တို့ဆီမှာက မရှိလို့ ဝတ်ရတာ။

အောက်မှာ အရွယ်မရောက်သေးတဲ့ ကလေး လေးယောက်ကျန်သေးတယ်။ သူတို့က ရွာက မူလတန်းကျောင်းမှာ၊ ကျွန်တော်နဲ့ ကျွန်တော့်ညီမလေး ခင်မွေးကတော့ ကျောင်းနေလို့ မရတော့ဘူးပေါ့။ စောစောကပြောသလို ကျွန်တော်က တွေ့ကရာ ကျပန်းအလုပ်ကလေး လုပ်၊ အမေက ဟင်းရွက်လေးဘာလေး ခူး၊ ခင်မွေးက အမေခူးတဲ့ ဟင်းရွက်ကလေးတွေကို ခပ်လှမ်းလှမ်းကမြို့မှာ ဇန်းကလေးနဲ့ သွားရောင်း၊ ကျွန်တော့်အလုပ်က ဘာမှ





သေချာတာမဟုတ်ဘူး။ ဝါးခုတ်တယ်ဆိုတာ လှည်းနွားရှိရတယ်။ ကျွန်တော့်မှာ ဘာမှမရှိဘူး။ လှည်းခ နွားခ နုတ်လိုက်ရင် ဘာမှမကျန်တော့သလောက်ပဲ။

ပြီးတော့ ဒါကလည်း အမြဲလုပ်လို့ရတဲ့ အလုပ်မျိုးမဟုတ်ဘူး။ သူများလှည်းတွေ နွားတွေ အားမှ ငှားလို့ရတာ။ လှည်းငှားမရရင် ဘာမှ အလုပ်မဖြစ်ဘူး။ တစ်နှစ်မှာ ဝါစိုက်လိုက်တယ်။ အလုပ်သမားပါပဲ။ ဒါပေမဲ့ အဲဒီနှစ်မှာ ဝါပင်တွေ ပိုးကျလို့ နောက်နှစ်မှာ ကျွန်တော့်မြေရှင်က ဝါမစိုက်တော့ဘူး။ ဒီမှာတင် ကျွန်တော် အလုပ်လက်မဲ့ဖြစ်တယ်။ စိတ်ညစ်တယ်။ အဖေ့ကို စိတ်ဆိုးတယ်။

အဖေ ထောင်ကထွက်လာတော့ အရက်သမားကြီး လုံးလုံးဖြစ်သွားတယ်။ အလုပ်အကိုင်ကလည်း အပေါက်အလမ်းမတည့်။ ကျန်းမာရေးကလည်း သိပ်မကောင်းတော့ အဖေ အရက်ကိုပဲ ဖိသောက်တယ်။ ဒီလိုနဲ့ နဂိုက ရောဂါအဆိုရယ်၊ အရက်ဒဏ်ရယ်ပေါင်းပြီး သက်ဆိုးမရှည်လိုက်ဘူး။

ထားပါ။ ဒီအကြောင်းတွေကို ကျွန်တော် သိပ်မပြောချင်ဘူး။ ကိုယ့်ကိုယ်ကိုယ်တာ စိတ်ညစ်စရာအကြောင်းတွေကို သူများကို ပြောရတာ မကောင်းပါဘူး။ ကျွန်တော် ပြောချင်တာက ကျွန်တော်တို့လောကအကြောင်းပါ။

ဒီတစ်ခေါက်တော့ ကိုမြမောင်ကြီး ရွာကိုပြန်လာတယ်။ ကိုမြမောင်ကြီးက မော်ကြာ။ မော်ကြာဆိုတာ ကျွန်တော်တို့ လောကကခေါ်တဲ့ ဝါရင့်ကျောက်တူးသမား။ မိန်းမနဲ့ကလေးသုံးယောက်က ရွာမှာကျန်ရစ်ခဲ့တယ်။ သူက ကျောက်တွင်းသွားတူးတယ်။ အဆင်ပြေရင် ငွေလေးဘာလေး လူကြုံနဲ့ ပြန်ပို့ပေးတယ်။ တစ်ခါတလေ ရွာကို လူကိုယ်တိုင် ပြန်ရောက်တယ်။ အလုပ်အကိုင်မရှိဘဲ ဖြစ်နေတုန်း သူ အဆွယ်ကောင်းတာနဲ့ ကျွန်တော် လိုက်သွားတယ်။ မြို့ကလေးကို ကျွန်တော် ရောက်လာတယ်။

အဲဒီမြို့ကလေးမှာ စခန်းချပြီး ကျောက်တွင်းထဲသွားလိုက်၊ မြို့ကလေးကို ပြန်လာလိုက်နဲ့ ကျွန်တော် တစ်နှစ်လောက် ကြာခဲ့တယ်။ သိပ်အဆင်မပြေချင်ပါဘူး။ ကျောက်တွင်းကို ဆယ်ခေါက်လောက် ရောက်ခဲ့ပေမဲ့ မြင်မြင်ရမြက်မြက်ရယ်လို့ မရဖူးပါဘူး။ ရတဲ့ ကျောက်ကလေးတွေက ထမင်းစားကျောက်သာသာကလေးတွေပါ။ ဒါတောင် နောက်ပိုင်းကျတော့ ကောင်းကောင်း မရချင်ဘူး။ ကျွန်တော်တို့နေတဲ့ မော်ထော် မော်လုံကျောက်တွင်းဘက်မှာကလည်း လုံခြုံမှုမရှိတော့ဘူး။ ဒီတော့ ချင်းတွင်းရိုးတစ်လျှောက်မှာရှိတဲ့ ကျွန်တော်တို့ကျောက်တူးသမားတွေ ပြဿနာ တက်ကုန်တော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆောင်တွေ၊ ကျောင်းဦးစီးတွေ၊ ကုန်သည်ပွဲစားတွေကျတော့ ဘာအရေးလဲ။ သူတို့မှာ ထုပ်ထုပ်ထည်ထည် စုပြီးသားရှိနေပြီ။ တချို့မှာ သိန်းချီပြီး ရပြီးပြီ။ ဒီတော့ သူတို့က ဝီစကီ အသောက်မပျက်၊ ငါးသုံးလုံး စီးကရက် အသောက်မပျက်၊ ပန်းပန်လျက်ပဲပေါ့။

အဲ . . . ကျွန်တော်တို့ ကျောက်တူးသမားတွေမှာသာ ကပ်ဆိုက်တာ။

ကျွန်တော်တို့ ကျောင်းထောင် ဦးကျော်ငြိမ်းကိုပဲ ကြည့်၊ အေးအေးဆေးဆေးပဲ။ ညနေတိုင်း ဝီစကီကလေးသောက်လို့၊ ငါးသုံးလုံးကလေးခဲလို့၊ လူက အရပ်ပုသလောက် ဉာဏ်လည်းများတယ်။ ဒီမြို့ကလေးမှာ ကျောင်းထောင်တွေ အများကြီးပဲ။ ငွေရင်းစိုက်ပြီး လူငှားနဲ့တူးတာတွေ တစ်ပုံကြီးပဲ။ ကျောက်တွင်းတွေထဲကို ဝင်လို့မရတော့ တချို့လည်း ကျောက်တူးသမားတွေကို ပြန်လွှတ်လိုက်ပြီး အခြေအနေကို စောင့်ကြည့်ကြတယ်။ တချို့လည်း မန္တလေးကိုဆင်းပြီး ဒီပြင်အလုပ်အကိုင်တွေကို လုပ်ကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကျောင်းထောင် ဦးကျော်ငြိမ်းကတော့ ဘယ်မှမသွားဘူး။

အခြေအနေကို ကြည့်မယ်ဆိုပြီး ကျောက်တူးတဲ့ လုပ်ငန်းကို ဆိုင်းထားလိုက်တယ်။ အလုပ်သမားတွေကိုလည်း ပြန်မလွှတ်ဘူး။ သူ့အိမ်နောက်က တန်းလျားမှာပဲထားတယ်။ ဒါပေမဲ့ ဦးကျော်ငြိမ်းက အလကားကျွေးထားတာ မဟုတ်ဘူး။ တန်ရာတန်ရာကို အလုပ်ခိုင်းတယ်။

ကျွန်တော်တို့လောကမှာ အရည်ကျောက်နဲ့ အသားကျောက်ဆိုပြီး လုပ်ငန်းနှစ်မျိုးရှိတယ်။ အရည်ကျောက်က ဈေးကောင်းတယ်။ တန်ဖိုးကြီးတယ်။ ရှားတယ်။ အသားကျောက်ကတော့ ဈေးလည်း နည်းတယ်။ ပေါလည်း ပေါတယ်။ ငွေရင်းများများ ရှိတဲ့လူတွေက အရည်ကျောက်ကို လုပ်တယ်။ ငွေရင်းနည်းနည်းရှိတဲ့ လူတွေက အသားကျောက်ကို လုပ်တယ်။ အရည်ကျောက်သမားက အသားကျောက်ကိုလုပ်လာရင် လူအထင်သေးခံရတယ်။ သိက္ခာကျတယ်။ ဒါကြောင့် ကျောက်တွင်းတွေကို ပိတ်လိုက်ပြီဆိုတော့ အရည်ကျောက်သမားတွေ အသာထိုင်နေကြတယ်။ ဒါပေမဲ့ ဦးကျော်ငြိမ်းကတော့ ဒီလိုအယူ မသီးဘူး။ အရည်ကျောက်လုပ်ရရင် လုပ်မယ်။ အရည်ကျောက် လုပ်လို့ မရရင် အသားကျောက်လုပ်တယ်။

ဦးကျော်ငြိမ်း ကံကောင်းတယ်လို့ ဆိုရမယ်။ ဒီလိုနေတုန်းမှာ အသားကျောက်တွေ ဈေးကောင်းလာတယ်။ အဲဒီတုန်းက အသားကျောက်တစ်ပိဿာကို သုံးရာကနေ ငါးရာလောက်အထိ ရှိတယ်။ အဲဒီအသားကျောက်တွေကို





မန္တလေးမှာတင် ပစ္စည်းအချောလုပ်တယ်။ ဆင်းတုတော်တို့၊ လောကနတ်ရုပ်တို့၊ ပန်းအိုးတို့၊ ဆေးလိပ်ခွက်တို့၊ ပန်းကန်ပြားတို့ပေါ့လေ။ အဲဒါတွေက မန္တလေးဆင်းဝယ်ပြီး တစ်ဘက်နိုင်ငံကို လားတွေနဲ့ထုတ်တယ်လို့ ပြောကြတယ်။ ဘယ်လောက်မှန်မမှန်တော့ ကျွန်တော် မသိဘူး။ ကျွန်တော်သိတာကတော့ အသားကျောက်တွေ ဈေးကောင်းလာတာပဲ။

လုပ်ရဲတဲ့လူ၊ လုပ်နိုင်တဲ့လူ မြတ်တာပဲ။ မမြတ်ပဲနေပါ့မလား။ အသားကျောက်ဆိုတာ ခက်ခက်ခဲခဲ တူးယူရတာမှမဟုတ်တာ။ အရည်ကျောက်တူးထားတုန်းက အပေါ်ကို လှန်တင်ထားတဲ့ မြေစာတွေထဲမှာ အသားကျောက်တွေ တစ်ပုံကြီး။ မြေစာတူးယူရုံပဲ။ ဘာမှမခက်ဘူး။

တစ်ခါက ဦးကျော်ငြိမ်းက အသားကျောက်အတူးခိုင်းလို့ ကျွန်တော်တို့ သွားတူးကြတယ်။ အသားကျောက် ပိဿာ ထောင့်ငါးရာလောက်ရတော့ ဦးကျော်ငြိမ်းက အစီအစဉ်တစ်ခုချတယ်။ အသားကျောက် ပိဿာ ထောင့်ငါးရာကို သမ္ဘန်သုံးစင်းနဲ့ ကိုမြမောင်ကြီးက ချောင်းတွင်းအတိုင်း စုန်လာရမယ်။ သူက မုံရွာက စောင့်မယ်ပေါ့။ မြို့ရိုးမှာ ကင်းစခန်းတွေ ရှိတယ်။ အဲဒီကင်းတွေကို တိတ်တိတ် ကျော်ရမယ်။ ခရီးစဉ်က ကျွန်တော်တို့မြို့ကလေးက မင်းတောက်အထိ စုန်ရမယ်။ အလွန်ဆုံးကြာရင် အရက်နှစ်ဆယ်ပေါ့။ မင်းတောက်ရောက်တဲ့ပစ္စည်းတွေကို ကားနဲ့ မုံရွာရောက်ရင် ထန်းလျက်တို့ နံ့ကျည်းတို့ ဂျုံစေ့တို့နဲ့ ဖုံးပြီး ကားနဲ့ မန္တလေးကို ပို့မယ်ပေါ့။

ဒီလိုနဲ့ ကိုမြမောင် သမ္ဘန်သုံးစင်းနဲ့ စုန်သွားတယ်။ မင်းတောက်ကိုတောင် ရောက်လိုက်ပါဘူး။ မင်းကင်း–မောက်ကတော်အနီးမှာပဲ ပစ္စည်းရောလူရော အဖမ်းခံလိုက်ရတယ်။

ကျွန်တော် ကိုမြမောင်ကြီးအတွက် တော်တော် စိတ်မကောင်းဖြစ်သွားတယ်။ သူ့ခမျာ ဒီတစ်ချီ ပိုက်ဆံကလေးရရင် ရွာပြန်ပြီး သားကလေးကို ရှင်ပြုမယ်လို့ အားခဲထားတာ။

ဦးကျော်ငြိမ်းကတော့ ဘာဖြစ်မလဲ။ ပန်းပန်လျက်ပဲပေါ့။

(၂)

အရည်ကျောက် လုပ်ငန်းမဖြစ်လို့ အသားကျောက်လုပ်ငန်းလုပ်တယ်။ လုပ်တော့ ကိုမြမောင်ကြီးတို့ လူစု မင်းကင်း–မောက်ကတော်နားအရောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



အဖမ်းခံလိုက်ရတယ်။ ဒီတော့ မြို့မှာ ကျန်ရစ်ခဲ့တဲ့ ကျွန်တော်တို့တစ်တွေလည်း ဘာမှအလုပ်မရှိဘဲ ဦးကျော်ငြိမ်းအိမ်မှာ တိုလီမိုလီကလေးတွေကိုပဲ လုပ်နေကြရတာပေါ့။ တိုလီမိုလီဆိုတာ ပန်းပင်ရေလောင်းတာတို့၊ တံမြက်စည်းလှည်းတာတို့ ဘာတို့ပေါ့လေ။ အားတဲ့အခါဆိုရင်လည်း ကျောက်တွင်းဝင်ရင် သုံးဖို့ ပစ္စည်းလေးတွေကို အဆင်သင့် ပြင်ထားရတယ်။ ကျောပိုးအိတ်ပြုချုပ်တာတို့၊ ဘောင်းဘီစုတ်ဖာတာတို့ပေါ့လေ။

ကြာတော့ စိတ်ဓာတ်နည်းနည်း ကျလာတယ်။ အလုပ်လုပ်မလို့ လာတာ အလုပ်မဖြစ်ဘူးဆိုတော့ ဘယ်နေချင်မလဲ။ ဒါပေမဲ့ ခက်တာက ကိုယ်က ရွာပြန်လို့လည်း မဖြစ်သေးဘူး။ ကျွန်တော် ဒီကိုရောက်တာ တစ်နှစ်လောက်ရှိပြီ။ အမေ့ဆီကို ငွေလေးနှစ်ရာပဲပို့နိုင်သေးတယ်။ ကျန်တာကတော့ ဒီမှာတင် ရရစားစားနဲ့ သွားတာပဲ။

ထူးထူးဆန်းဆန်း တစ်နေ့မှာ လူငယ်တစ်ယောက် ကျွန်တော်တို့ဆီ ပေါက်လာတယ်။ ကျွန်တော်တို့ဆီဆိုတာ ကျင်းထောင် ဦးကျော်ငြိမ်းဆီကို ပြောတာ။ ကျင်းထောင် ဦးကျော်ငြိမ်းဟာ အလုပ်ပေါ်ရင် လုပ်နိုင်အောင်လို့ ဆိုပြီး ကျွန်တော်တို့ကို ပြန်မလွှတ်ဘဲ ကျွေးထားတယ်။ ကျွန်တော်တို့အထဲမှာ ကျင်းဦးစီး ရှမ်းကြီးရယ်၊ ကျွန်တော်ရယ်၊ အိုင်ပေါက်နဲ့ မာဗရမ်းလို့ခေါ်တဲ့ ကချင်လူငယ်နှစ်ယောက်ရယ် ပေါင်း လေးယောက်။

ဒီတုန်းမှာ ကျွန်တော်တို့ဆီကို ပိန်ပိန်ပါးပါးနဲ့ လူငယ်တစ်ယောက် ရောက်လာတယ်။ အသားဖြူဖြူ။ မန္တလေးတက္ကသိုလ်မှာ အင်တာဘီအထိ နေခဲ့ဖူးတယ်။ မိတ်ဆွေတစ်ယောက်ရဲ့အဆက်နဲ့ ရောက်လာတာတဲ့။ ကျောက်တူးသမား လုပ်ချင်လို့တဲ့။ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်။

ကျွန်တော်တို့က ဘာအရေးလဲ။ ရှစ်တန်းမှအောင်တဲ့ကောင်၊ ကိုမြမောင်ကြီးဆိုတာ ဘုန်းကြီးကျောင်းသား။ ရှမ်းကြီးဆို စာတောင် ကောင်းကောင်းမတတ်ဘူး။ အိုင်ပေါက်နဲ့ မာဗရမ်းဆိုတာကလည်း ကချင်ကလေးတွေ။ မြန်မာစာကို သေစာရှင်စာလောက်ပဲ ရေးတတ်ဖတ်တတ်ကြတာ။ အခုတော့ အင်တာဘီရောက်ဖူးတဲ့ တက္ကသိုလ်ကျောင်းသားက ကျောက်တွင်းတူးလာတယ်ဆိုတော့ ကျွန်တော် တော်တော့်ကိုအံ့ဩသွားတယ်။ ကောင်မလေးနဲ့ ပြဿနာဖြစ်၊ စိတ်ညစ်ညစ်နဲ့ ထွက်လာတယ်ဆိုတာကတော့ နောက်မှသိရတာ။

သူ ရောက်လာတဲ့နေ့က ဦးကျော်ငြိမ်းက သူ့ညှိခန်းထဲမှာ သူ့ကို လက်ချာပေးနေတယ်။ ကျွန်တော်က အိမ်ရှေ့ပန်းပင်တွေကို မြေတောင်မြှောက်





ပေးရင်း ချောင်းနားထောင်လို့ သိရတာ။

ဦးကျော်ငြိမ်းဟာ အဲဒီ နောက်ရောက်လာတဲ့ အင်တာဘီကျောင်းသားကို သေသေချာချာ ကြည့်နေတယ်။ နာမည်က အောင်သူတဲ့။

''တို့လဲ လုပ်လို့သာလုပ်နေရတာ အခြေအနေက သိပ်မကောင်းဘူးကွာ။ ကျောက်တွင်းမှာ သက်ဆိုင်ရာက ဝင်စွဲထားတော့ ဘာမှလုပ်လို့မရဘူး။ အခြေအနေကို စောင့်ကြည့်နေတာပဲ။ အခြေအနေပေးရင်တော့ လုပ်ရမှာပေါ့။ ဒါ့ထက်နေပါဦး။ မင်း ကျန်းမာရေးကကော ကောင်းရဲ့လား''

''ကောင်းပါတယ် ဦး''

''ကျောက်တူးတယ်ဆိုတာ ကျန်းမာရေး ဒေါင်ဒေါင်မြည်မှ ဖြစ်မှာနော်။ ခုလဲ မင်းကို ဦးသိန်းဖေလွှတ်လိုက်လို့ ငါလက်ခံတာ၊ ကျောက်တွင်းဝင်တယ်ဆိုတာ ကျူးဘေးမှာ လေညင်းခံထွက်တာ မဟုတ်ဘူး။ ရိက္ခာကို ကိုယ်တိုင်ထမ်းရမယ်။ ကီရိယာ တန်ဆာပလာတွေ သယ်ရမယ်။ တောင်တွေ တောတွေကို ဖြတ်မယ်။ ဒီကနေ ကျောက်တွင်းကို ၃၇ မိုင်လောက်ဝေးတယ်။ ဒီလောက်တော့ မင်းလဲ လေ့လာပြီးရောပေါ့''

''ဟုတ်ကဲ့၊ လေ့လာပြီးပါပြီ ဦး''

''ကောင်းပြီ၊ အလုပ်မစခင် အလုပ်သဘောကို အကျဉ်းချုပ်ပြောပြမယ်၊ တို့ဆီမှာ ကျင်းထောင်ရယ်၊ ကျင်းဦးစီးရယ်၊ ကျင်းလုပ်သားရယ် သုံးမျိုးရှိတယ်။ အမှန်ကတော့ ကျင်းဦးစီးဆိုတာလဲ ကျင်းလုပ်သားပါပဲ။ ဒါပေမဲ့ အများအားဖြင့် ကျင်းဦးစီးဆိုတာ ကျောက်တူးသက်ရင့်ပြီး ကျွမ်းကျင်နေတဲ့ လူတွေပဲလုပ်ရတယ်။ တို့ကျောက်လောကမှာတော့ သူ့ကို မော်ကြာလို့ ခေါ်ကြတယ်။ ခု ငါ့ဆီမှာ ကျင်းဦးစီးတစ်ယောက်နဲ့ ကျင်းလုပ်သား သုံးယောက်ရှိတယ်။ မင်းနဲ့ပါဆိုရင်တော့ လေးယောက်ပေါ့။ အဲဒီလူအားလုံးကို ငါကပဲ ကျွေးထားတာပဲ။ ကျောက်တွင်းဝင်တော့မယ်ဆိုရင် မင်းတို့ကျင်းလုပ်သားတွေအတွက် ရိက္ခာတို့၊ ကိရိယာ တန်ဆာပလာတို့ကို ငါဝယ်ပေးမယ်၊ ပစ္စည်းရတော့မှ ပစ္စည်းတစ်ဝက်ကို ငါကဆိုင်တယ်။ ကျန်တစ်ဝက်ကို မင်းတို့လုပ်သားတွေ ဆိုင်တယ်။ ဥပမာ ပစ္စည်းတစ်သိန်းဖိုးရမယ်ဆိုရင် ငါးသောင်း ငါနဲ့ဆိုင်တယ်။ ကျန်ငါးသောင်းက မင်းတို့နဲ့ ဆိုင်တယ်၊ ရှင်းတယ်မဟုတ်လား''

''ရှင်းပါတယ် ခင်ဗျာ''

''ကျင်းဦးစီးကတော့ သူကိုယ်တိုင်လုပ်သားတစ်ယောက်ဖြစ်တဲ့အတွက် မင်းတို့ထဲက ဝေစုတစ်စုရတယ်။ ပြီးတော့ သူရဲ့လုပ်ရည်ကိုင်ရည်ကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဆီကလဲ သူ့ကို ခွဲဝေပေးရတယ်။ ဒါကတော့ ငါ့ဝေစုထဲကတော့ မဟုတ်ဘူး။ ထားပါလေ။ ကျင်းဦးစီးအလုပ်က မင်းနဲ့မဆိုင်ပါဘူး။ မင်းနဲ့ဆိုင်တာကိုပဲ ငါပြောပြမယ်''

ဦးကျော်ငြိမ်းက ငါးသုံးလုံးစီးကရက်ကိုဖွာပြီး လမ်းလျှောက်နေတယ် ခင်ဗျ။ စကားမစပ် ကျွန်တော့်မျက်စိထဲမှာ ရုပ်ရှင်ထဲက ဦးကျောက်လုံးကြီးကို သွားမြင်နေရတယ်ဗျာ။ ဦးကျောက်လုံးကြီး အကယ်ဒမီတွေ ရတယ်ဆိုတာ ဒါကြောင့်ကိုးလို့။ အဲဒီတော့မှ သေသေချာချာ သဘောပေါက်သွားတယ်။ ကျောက်အောင်လို့ ပိုက်ဆံများရှိလိုက်ရင် ဦးကျောက်လုံးကြီးကို ဒီနေရာမှာ ထားပြီး ရုပ်ရှင်တစ်ကားလောက်ရိုက်ရင် ကောင်းမှာလို့တောင် လေထဲမှာ တိုက်အိမ်ဆောက်မိသေးတယ်။ ရူးတာတွေ၊ ရူးတာတွေ၊ ဒါလည်း ကျောက်ရူး တစ်မျိုးပေါ့။

''ပစ္စည်းမရဘူးဆိုရင်တော့ ရိက္ခာဖိုးကို ငါက အရှုံးခံရမှာပေါ့ကွာ၊ တချို့ကျင်းထောင်တွေကတော့ ပစ္စည်းရလို့ ဝေစုခွဲရင် ကုန်ကျစရိတ်နဲ့ရိက္ခာဖိုးကို နုတ်ယူလိုက်ကြတယ်။ ဒါပေမဲ့ ငါကဒီလောက်အထိ လုပ်မနေပါဘူး။ အရေးကြီးတာက ကြိုးစားဖို့နဲ့ သစ္စာရှိဖို့ပဲ အရေးကြီးတာပါ။

''အဲ တစ်ခုတော့ရှိတယ်၊ ပစ္စည်းရလာတဲ့အခါမှာ ဘယ်သူ့ကိုမှ မရောင်းရဘူး။ ဈေးဖြတ်ပြီး ကျင်းထောင်ကပဲ ဝယ်တယ်။ မင်းတို့ရလာရင် ငါကပဲ ဝယ်တယ်ပေါ့ကွာ၊ ငါဖြတ်ပေးတဲ့ ဈေးနှုန်းက နည်းတယ်ထင်ရင် ဒီမြို့မှာပဲ မင်းတို့ကြိုက်တဲ့နေရာမှာ လည်ပြီးရောင်းနိုင်တယ်။ ဒါပေမဲ့ အောက်ကို ယူသွားပြီး ရောင်းလို့တော့ မဖြစ်ဘူး။ အများပိုင်ပစ္စည်း မခွဲရသေးဘူး။ ဒါက အလုပ်သဘောကို မင်းသိအောင် ပြောပြတာပါ။ ခုထိတော့ ငါ့အလုပ်သမားတွေက ပစ္စည်းကို ငါ့ဆီမှာပဲ ရောင်းကြတာပါပဲ။ ဘယ်ကိုမှ သွားမရောင်းဖူးသေးပါဘူး။ အလုပ်သဘောကို မင်းရှင်းပြီနော်''

''ရှင်းပါတယ်''

''ကောင်းပြီ၊ ဒီစည်းကမ်းတွေကို လိုက်နာနိုင်မယ်၊ သဘောတူတယ်ဆိုရင်တော့ မင်း ငါ့ဆီမှာ နေနိုင်တယ်။ အခြေအနေကောင်းတာနဲ့ တို့ အလုပ်စရမှာပဲ''

ဦးကျော်ငြိမ်းက ကျင်းဦးစီးလုပ်တဲ့ ရှမ်းကြီးကို ခေါ်ပြီး လူသစ်ကို အပ်လိုက်တယ်။ သူကလည်း ကျွန်တော်တို့နောက်ဖေးတန်းလျားမှာ၊ ကျောက်တွင်းတူး လုပ်သားတစ်ယောက် တိုးလာတာပေါ့။

''ကျောက်လောကဆိုတာ အဝေးကနေကြည့်ရင်သာ ဟန်ကျတာ





ပါဗျာ။ တကယ်လုပ်ကြည့်တော့ မဟန်ပါဘူး။ ကျောက်မအောင်ခင်မှာ အရက်စွဲ၊ ဘိန်းစွဲ၊ ငှက်ဖျားစွဲဆိုတဲ့ စွဲသုံးစွဲမဖြစ်ရင် ကံကောင်း'' လို့ ကျွန်တော်တို့ သူ့ကို ပြောချင်လိုက်တာ။

ဒါပေမဲ့ ကျွန်တော် မပြောပါဘူး။ အားနဲ့မာန်နဲ့ မျှော်လင့်ချက်နဲ့လာတဲ့ လူသစ် စိတ်ဓာတ်ကျသွားရင် မကောင်းဘူး။ ဘဝဆိုတာ ကိုယ်ကိုယ်တိုင် ခံစားကြည့်မှ၊ ထိတွေ့ကြည့်မှ ကောင်းတယ်။

## (၃)

ဦးကျော်ငြိမ်းက လက်တွေ့ကျတယ်။ ကျွန်တော်တို့ကို ကြာကြာ အလကား ကျွေးမထားဘူး။ အသားကျောက်တွေ ဈေးကောင်းတုန်းက ကိုမြမောင်ကြီး ကို သမ္ဗန်သုံးစင်းနဲ့လွှတ်လိုက်တယ်။ ကိုမြမောင်ကြီး ထောင်ထဲကို တန်းဝင် သွားတယ်။ ခု သူ့ဆီမှာရောက်နေတဲ့ ကျွန်တော်တို့တစ်တွေကိုလည်း ကြာကြာ အလကား ကျွေးမထားနိုင်ဘူး။ ခိုင်းရမယ်။ ဒီတော့ အခြေအနေကလေး နည်းနည်းကောင်းလာတာနဲ့ ကျွန်တော်တို့အဖွဲ့ကို မော်ထဲကို အဝင်ခိုင်းတယ်။ မော်ထဲဆိုတာ ကျောက်တွင်းကို ပြောတာ။ ကျွန်တော်တို့အဖွဲ့မှာ ရှမ်းကြီး ရယ်၊ ကျွန်တော်ရယ်၊ ကချင်ကလေးရယ်၊ နာဂကလေးအိုင်ပေါက်ရယ်၊ နောက်ဆုံးရောက်လာတဲ့ မန္တလေးသား ကိုအောင်သူရယ် ပေါင်း ငါးယောက်။

လင်းအားကြီးမှာ ဂုန်နီအိတ်ကို ချုပ်ထားတဲ့ ကျောပိုးအိတ်ကိုယ်စီနဲ့ ကျွန်တော်တို့တစ်တွေ ခရီးထွက်ဖို့ စတယ်။ ဟိုအဝေးက ကြက်တွန်သံတွေကို ကြားရတယ်။ ဘယ်က တွန်မှန်းမသိဘူး။ ရှေ့ကလား၊ နောက်ကလား၊ ဘေးကလား၊ ကြက်ဦးတွန်လောက်ရှိပြီပေါ့။ ဆောင်းတွင်းကြီးဆိုတော့ ချမ်းသလားမမေးနဲ့။ သွားချင်းရိုက်နေတာပဲ။ နှင်းတွေကလည်း ပိန်းပိတ်လို့။

''ဟော့ကောင်တွေ၊ ပြီးရင် ထွက်မယ်၊ ကိုယ့်ကျောပိုးအိတ်ကို သေသေ ချာချာကြည့်၊ ပစ္စည်းစုံပြီလား။ ဓား၊ တုတ်မီး၊ မိုးကာ၊ သံတိုင်အစုံပါပေ့စေ၊ ပြီးရင် ထွက်မယ်၊ မာဗရမ်းက ရှေ့ကသွား၊ နားမေတ္တာလမ်းကထွက်''

ကျင်းဦးစီးရှမ်းကြီးက ပြောတယ်၊ တိုက်ပွဲကို ထွက်မယ့်တပ်စုတစ်စုနဲ့များ တူနေမလားလို့ တွေးပြီး ကျွန်တော် ပြုံးမိသေးတယ်။ အရေးထဲမှာ ကိုအောင်သူ ကျောပိုးအိတ်ကြီးက ကျောပေါ်မှာ စောင်းစောင်းကြီး၊ ဒါနဲ့ ကျွန်တော်က ညီအောင် ပြင်ပေးလိုက်ရသေးတယ်။ ကျောပိုးအိတ်ကို စောင်းစောင်းကြီး လွယ်သွားလို့ကတော့ ညကျရင် ခါးနာပြီပေါ့။ မြို့ပြင်ရောက်တော့ တွင်းပြင်ကြီး

www.burmeseclassic.com



တွေကို ဖြတ်ရတယ်။ နောက်တော့ ခြောက်ရှည်အိမ်စုကလေးတွေကို တွေ့ရတယ်။ နားမေတ္တာဆိုတဲ့ နာဂရွာကလေး။

နားမေတ္တာကိုလွန်တော့ လူသွားလမ်းကျဉ်းကျဉ်းကလေးအတိုင်း တောင်စောင်းကို စတက်လာခဲ့တယ်။ ကျွန်တော့်ရှေ့က ကိုအောင်သူကတော့ ဟော်ဟော် မောနေပြီထင်တယ်။ ကျောမှာ ဝန်ထုပ်ထမ်းပြီး တောင်ပေါ်တက်ရတယ်ဆိုတာ ဘယ်လွယ်မလဲ။ ဦးကျော်ငြိမ်း ပြောတာလည်း ဟုတ် ဟုတ်ပဲ၊ ကျောက်တွင်းဝင်တယ်ဆိုတာ ကျုံးဘေးမှာ လေညင်းခံထွက်တာ မဟုတ်ဘူးတဲ့။ တော်တော်မှန်တဲ့စကား။ တောင်ပေါ်ကို တက်လာလေလေ တောကနက်သည်ထက် နက်လာလေလေပဲ။ တောင်ကျောက်ဆောင်တွေကို သဲသဲကွဲကွဲ မြင်ရစပြုလာပြီ။

"အစ်ကို . . . မောနေပြီလားဗျ"

ကျွန်တော်က ကိုအောင်သူကို လှမ်းမေးတယ်။ ကိုအောင်သူက ကျွန်တော့်ထက် ငါးနှစ်လောက် ကြီးမယ်ထင်တယ်။ ဒါကြောင့် အစ်ကိုလို့ပဲ ကျွန်တော် ခေါ်တယ်။

"မောပါဘူး"

မောပါဘူးလို့သာ ပြောရတယ်။ သူ့အသံက မောသံကြီး။

"ကမ်းပါးနီကို ရောက်ရင် နားမှာပါ။ သိပ်မလိုတော့ပါဘူး"

ကျွန်တော်တို့က နောက်မှ တအိအိနဲ့ သွားနေတုန်း အိုင်ပေါက်နဲ့ မာဗရမ်းက ကမ်းပါးနီထိပ်ကို ရောက်နေပြီ။ ကမ်းပါးနီဆိုတာ ဒီတောင်ရိုးမှာ အမြင့်ဆုံးနေရာ။ တောင်စောင်းတစ်ဘက်က ကမ်းပါးကြီးကနီလို့၊ တကယ့်မြေနီရဲရဲကြီး။ ကမ်းပါးစောက်ကြီးမှာ သစ်ပင်ဆိုလို့ တစ်ပင်မှမပေါက်ဘူး။ ဒါကြောင့် ဒီနေရာကို ကမ်းပါးနီလို့ ခေါ်တာ။ ကမ်းပါးနီထိပ်ကကြည့်လိုက်ရင် တောင်ခြေမှာ ကွေ့ကောက်စီးနေတဲ့ နန့်တွန်ထုံးချောင်းကို မြင်ရတယ်။ တချို့ကလည်း အောင်ခြေချောင်းတဲ့။ ဟိုဆီက အုပ်အုပ်ကလေးမြင်ရတဲ့ နေရာက အောင်ခြေရွာ။ ဟိုဘက်မှာ တစ်လက်လက်တောက်နေတဲ့ ချင်းတွင်းမြစ်။

"ကျောက်တွင်းက ဘယ်မှာလဲ"

"ဟိုမှာမြင်နေရတဲ့ တောင်တန်းကြီးတွေကို ကွေ့ပတ်သွားရမှာ"

"အမယ်လေး။ အဝေးကြီးပါလား"

ကိုအောင်သူက လန့်သွားတယ်ထင်တယ်။

"ကျွန်တော်တို့မြို့လေးကဆိုရင် ၃၇ မိုင်ဝေးတယ်၊ နွေဆိုရင်တော့





အသွားလမ်းမှာ တစ်ညပဲ အိပ်တယ်။ အပြန်ဆိုရင်တော့ ရိက္ခာတို့ဘာတို့ မပါတော့ နေ့ချင်းပေါက်ပြန်တာပဲ၊ မိုးတွင်းဆိုရင်တော့ ချောင်းတွေဖြတ်ရလို့ နှစ်ည သုံးည အိပ်ရတယ်"

ကိုအောင်သူ စိတ်ပျက်သွားမှာစိုးလို့ ကျွန်တော်တို့ ရောက်တဲ့ခရီးကို ကျွန်တော် မပြောဘူး။

ကျွန်တော်တို့ သွားမယ့် ၃၇ မိုင်ခရီးမှာ ကမ်းပါးနီဟာ ၇ မိုင်ခရီးပဲ ရှိသေးတယ်။ ဒါပေမဲ့ ကိုအောင်သူ အားငယ်မှာစိုးလို့ ကျွန်တော် မပြောပါဘူး။ ကမ်းပါးနီမှာ ကျွန်တော်တို့ ခဏနားပြီးတော့ ရှမ်းကြီးက ခရီးဆက်မယ်လို့ ပြောတယ်။

ရှမ်းကြီးက ကျွန်တော်တို့ခေါင်းဆောင် မဟုတ်လား။

"ပုဏ္ဏားသေချောင်းမှာ မနက်စာစားမယ်၊ ဒီနေ့ည စောချစ်တင်စခန်းမှာ အိပ်မယ်၊ လောကြီးပြီးသွားလို့မဖြစ်ဘူး။ သတင်းပလင်းကို စုံစမ်းပြီး ဖြည်းဖြည်းသွားမှ"

ဟုတ်တယ်လေ။ မှော်ထဲမှာ သက်ဆိုင်ရာ ရှိနေတယ်လို့ ကြားတဲ့ထဲက ကျွန်တော်တို့ ထွက်လာခဲ့တာ။ အဲ . . . ဦးကျော်ငြိမ်းက လွှတ်လိုက်တာ၊ ဒီတော့ လောကြီးလို့ မဖြစ်ဘူး။

ကိုအောင်သူ နည်းနည်း သက်သာသွားတယ်၊ ကမ်းပါးနီကထွက်တော့ လမ်းက အဆင်းချည်းပဲကိုး။ ဒီတော့ သက်သာတာပေါ့။ ဒါတောင် တစ်ချက်တစ်ချက်မှာ နုံးခွေသွားသေးတယ်။ ဒူးခွေလို့ တော်သေးတာပေါ့။ ခြေချော်ကျလို့ကတော့ ကမ်းပါးကြီးထဲကို ထိုးကျသွားမှာ။

တောင်ခြေကိုရောက်တော့ အင်တိုင်းတောကလေးတွေကို ဖြတ်ရတယ်။ ချောင်းငယ်ကလေးတွေကို ဖြတ်ရတယ်။ ပြီးတော့ ပုဏ္ဏားသေချောင်းကို ရောက်တယ်။

ပုဏ္ဏားသေချောင်းဆိုတာ ကျောက်တူးသမားတွေ ပေးထားတဲ့နာမည်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က မန္တလေးက ဗေဒင်ဆရာ ပုဏ္ဏားတစ်ယောက် ကျောက်တူးလာတယ်။ အရွယ်ကောင်းပဲ ရှိသေးတယ်။ သူလာတဲ့အချိန်က မိုးတွင်းကြီး။ မိုးတွင်းဆိုရင် ဒီချောင်းက ရေစီးသန်တယ်။ ရေကျနေတုန်း ဒီချောင်းကို အကူးမှာ ဗေဒင်ဆရာပုဏ္ဏား ရေထဲမျောပါသွားတယ်။ ရေကျသွားတော့မှ ချောင်းအောက် တစ်နေရာချုံပေါ်မှာ အလောင်းတင်နေလို့ ဝါးနဲ့ ထိုးချယူရတယ်။ ဒါကြောင့် ဒီချောင်းကို ပုဏ္ဏားသေချောင်းလို့ ကျောက်တူး



www.burmeseclassic.com

www.burmeseclassic.com



သမားတွေက နာမည်ပေးထားကြတာ။

တခြားလူတွေရဲ့ ရှေ့ဖြစ်နောက်ဖြစ်ကို ဟောနေတဲ့ ဗေဒင်ဆရာဟာ သူ့ရှေ့ရေးကိုတော့ ဗေဒင်တွက်လို့ မရတော့ဘူးထင်တယ်။ တစ်ခုတော့ ရှိတယ်ပေါ့လေ။ သိန်းကျောက်ရကိန်းမြင်တယ်ဆိုပြီး ထွက်လာတာလားမှ မသိတာ။

ခုနေ့ကျတော့လည်း ချောင်းရေက ခြေကျင်းဝတ်သာသာကလေးပဲ ရှိတယ်။ ရေကြည်လို့၊ အေးလို့၊ မြလို့။

ပုဏ္ဏားသေချောင်းမှာ ကျွန်တော်တို့ပါလာတဲ့ ဆန်ကလေးနဲ့ ထမင်းချက်စားကြတယ်။ ဟင်းကတော့ စွန်ထန်နဲ့ပဲကို အချဉ်ချက်တယ်။ ငါးပိကြော်ပါလာတယ်။ မောလို့လားမသိဘူး။ စားလို့ကောင်းလိုက်တာ၊ တစ်ယောက်ကို နို့ဆီတစ်ဘူးခွဲချက်လောက်တော့ အသာကလေးရယ်။

စားသောက်ပြီး ဆေးလိပ်ကလေးကိုယ်စီနဲ့ ခဏမှိန်းတယ်။ ဒါပေမဲ့ ကြာကြာမနေနိုင်ဘူး။ ညအိပ်မယ့်စခန်းကို မိုးမချုပ်ခင်ရောက်ဖို့ အရေးကြီးတယ်။ ဒါမှ ချက်ပြုတ်ဖို့၊ အိပ်ဖို့၊ နားဖို့ကိစ္စတွေကို လုပ်ချိန်ရမှာ။ အလင်းရောင်ရှိတုန်းမှာ ပြင်ရဆင်ရမယ်။ မှောင်မှတော့ တောကြီးမျက်မည်းထဲမှာ ဘာမှလုပ်လို့ ကိုင်လို့ မကောင်းဘူး။ နေ့လယ် ၂ နာရီလောက်မှာ စမ်းချောင်းကလေးတစ်ဘက်တောင်စောင်းပေါ်မှာ ခွေယိုင်လဲပြိုလုဖြစ်နေတဲ့ တဲအိုကလေးတစ်လုံး။

"အဲဒါ စိုင်းသာထူးစခန်းပဲ"

ကျွန်တော်က ကိုအောင်သူကို ပြောပြရတယ်။

စိုင်းသာထူးဆိုတာ ဟုမ္မလင်းနယ်က ရှမ်းလူငယ်ကလေးတစ်ဦး။ လွန်ခဲ့တဲ့ လေးနှစ်လောက်က ကျောက်တူးလာရင်း မော်ထဲမှာ အပြင်းဖျားတယ်။ ဒီတုန်းမှာ သက်ဆိုင်ရာက ကျောက်တွင်းထဲကို ဝင်မွှေတော့ သူတို့တစ်သိုက်ကသောကမြော ပြေးခဲ့ရတယ်။ လမ်းမှာ ရိက္ခာကလည်း ပြတ်။ လူလည်း ပင်ပန်းတော့ စိုင်းသာထူး ရောဂါပိုဆိုးလာတယ်။ စိုင်းသာထူးကို ဒီအထိတော့ သူ့အဖွဲ့သားတွေက ထမ်းခေါ်လာနိုင်သေးတယ်။ ဒါပေမဲ့ ဒီနေရာရောက်တော့ သူတို့လည်း အားပြတ်ပြီး ကိုယ့်ကိုယ်မှ အနိုင်နိုင်။ ဒီတင် စိုင်းသာထူးကို ဒီစခန်းမှာ တဲကလေးတစ်လုံးထိုးပေးပြီး ထားပစ်ခဲ့ကြတယ်။ စိုင်းသာထူးလည်း ဒီနေရာမှာပဲ ဆုံးသွားတယ်လို့ ဆိုတယ်။ ဒါကြောင့် ဒီနေရာကို စိုင်းသာထူးစခန်းလို့ ခေါ်တာ။

ကျောက်တွင်းဝင်တဲ့လမ်းက စခန်းတွေဟာ ရာဇဝင်တွေနဲ့ချည်းပဲ။ ခုပဲကြည့်လေ။ ကျွန်တော်တို့စခန်းချတဲ့နေရာ နှစ်နေရာစလုံးမှာ သူ့ရာဇဝင်နဲ့သူ။





ကျွန်တော်သာ ဝတ္ထုတို့ ဘာတို့ရေးတတ်ရင် အဲဒီဗေဒင်ဆရာ ပုဏ္ဏားလေးနဲ့ စိုင်းသာထူးအကြောင်းတွေဟာ ဝတ္ထုရှည်ကြီးတွေ ဖြစ်မှာပဲထင်တယ်။

တောင်စောင်းမှာ ရှိတဲ့ စိုင်းသာထူးစခန်းက တဲကလေးဟာ တိတ်ဆိတ်နေတယ်။ လာတုန်းကတော့ သူလည်း သိန်းကျောက်လောက်ကို မှန်းပြီး လာတာဖြစ်မှာပဲ။ နဂါးတောင်တန်းလောက်ကြီးတဲ့ မျှော်လင့်ချက်တွေနဲ့ပေါ့။ ဒါပေမဲ့ သူ့မျှော်လင့်ချက်ဟာ ဒီတောင်စောင်းမှာ မြှုပ်နှံခဲ့ရပြီလေ။

(၄)

မှန်းထားတဲ့အတိုင်း ညနေလေးနာရီထိုးတော့ ကျွန်တော်တို့တစ်သိုက် စောချစ်တင်စခန်းကို ရောက်တယ်။ ဒီမှာ ကျွန်တော်တို့ ညအိပ်ရမယ်လေ။ စခန်းက တောင်စောင်းပေါ်မှာ။ တဲအိုကလေးနှစ်လုံးနဲ့။ တောင်စောင်းအခြေမှာ စမ်းချောင်းကလေးရှိတယ်။ ဒီစခန်းကို ရောက်ရင် ကျွန်တော်တို့ ထမင်းချက်ကြတယ်။ ပြီးတော့ ထင်းတုံးကြီးတွေကို ခုတ်ပြီး ညအတွက် မီးမွှေးထားလိုက်တယ်။

စောချစ်တင်က ကျောက်တူးသမား မဟုတ်ဘူး။ ဟိုတုန်းက ရဲကြပ်ကြီးတစ်ယောက်။ ကျောက်တွင်းကို သက်ဆိုင်ရာကဝင်မွှေလို့ ကျောက်တူးသမားတွေ ထွက်ပြေးလာပြီဆိုရင် စောချစ်တင်နဲ့အဖွဲ့က ဒီနေရာကနေပြီး ကျောက်တူးသမားတွေကို စောင့်ဖမ်းတယ်။ ကျောက်တူးသမားတွေ ပါလာတဲ့ သံတိုင်း၊ မား၊ ဒန်အိုး၊ ဒန်ခွက်၊ ကျောက်စတဲ့ ပစ္စည်းတွေကို အကုန်သိမ်းတာပဲ။ ပြီးတော့ စမ်းရေတွေကျနေတဲ့ အိုက်တန်းကြီးထဲကို ပစ္စည်းကိရိယာတွေ ပစ်ချတယ်။ ခုလောက်ဆိုရင်ကို ဒီအိုက်တန်းကြီးတွေထဲမှာ ကျောက်တူးသမားတွေရဲ့ ကိရိယာတန်ဆာပလာတွေ ဘယ်လောက်များရှိနေပြီလဲ မသိဘူး။ အဲ . . . ဖမ်းလို့ရတဲ့ ကျောက်တွေကိုတော့ အထက်ကိုတင်တယ်လို့ ပြောတာပဲ။

စောချစ်တင်စခန်းမှာ ကျွန်တော်တို့တစ်သိုက် စခန်းချပြီး ပြင်ဆင်တော့ ညစာမစားခင် အရက်လေး ဘာလေး သောက်ကြတယ်။ မသောက်လို့မရဘူးလေ။ ဆောင်းတွင်းကြီးဆိုတော့ ချမ်းလည်း ချမ်းတယ်။ ခရီးလည်း ပန်းတယ်။ မှက်ဖျားတို့ဘာတို့လည်း စိုးရိမ်ရသေးတယ်။ ဒီတော့ ကျွန်တော်တို့ နည်းနည်းစီပါးတော့ သောက်ကြရတာပဲ။ ကိုအောင်သူလည်း ဘာသားမို့လဲ။ သူလည်း သောက်တာပေါ့။

မသောက်တဲ့လူဆိုလို့ မာဗရမ်းတစ်ယောက်ပဲ ရှိတယ်။ မာဗရမ်းက



www.burmeseclassic.com

www.burmeseclassic.com



အရက်မသောက်ဘူး။ ဒါပေမဲ့ ခက်တာက ဒီကောင်က အခွင့်အရေးယူလွန်းတယ်လို့ ကျွန်တော် ထင်တယ်။ သူက ဦးကျော်ငြိမ်းရဲ့ လက်သပ်မွေးလူယုံဆိုတော့ ဗိုလ်ကျချင်တယ်။

ဥပမာ ကျွန်တော်တို့က စခန်းရောက်လို့ ထမင်းချက်ဖို့ စမ်းချောင်းထဲဆင်း ဆန်ဆေးသူ ဆေး။ ထင်းခုတ်သူ ခုတ်၊ ရေခပ်သူ ခပ် လုပ်ကြရတယ်။ ဒီ့ပြင်လူတွေက အများစားဖို့ ထမင်းချက်ဖို့ ထင်းခုတ်နေတုန်းမှာ သူက ဘိန်းပြောင်းလုပ်ဖို့ ဝါးခုတ်နေတယ်။ လမ်းတစ်လျှောက်လုံးမှာလည်း ထမင်းချက်ဖို့ ရိက္ခာထုတ်ရင် သူ့အိတ်ထဲကချည်း ထုတ်ပေးနေတယ်။ အမှန်က လူတိုင်းရိက္ခာအိတ်က ရိက္ခာတွေကို တစ်လှည့်စီ ထုတ်ချက်ရမယ်။ ဒါမှ လမ်းမှာ အားလုံးဝန်ပေါ့သွားကြမှာပေါ့။ ခုတော့ ဒီကောင်က ဒီလိုမဟုတ်ဘူး။ သူ့ရိက္ခာအိတ်ထဲကချည်း ထုတ်ချက်တယ်။ ကျန်တဲ့သူရဲ့ရိက္ခာအိတ်ကို အလျော့မခံဘူး။ ဒီတော့ သူမှာ ဝန်ပေါ့ပြီး ကျွန်တော်တို့မှာသာ ရိက္ခာတွေကို တစ်လျှောက်လုံး ထမ်းလာခဲ့ရတာပေါ့။ ဒီမှာတင်မဟုတ်ဘူး။ အိမ်မှာတုန်းကလည်း ဒီအတိုင်းပဲ။ ဒီ့ပြင်လူတွေက ဦးကျော်ငြိမ်းအိမ်က အလုပ်တွေကို လုပ်ရတယ်။ သူက ဘာမှမလုပ်ဘူး။ အချောင်ခိုနေတယ်။ တကယ်က ဦးကျော်ငြိမ်းက တစ်ဖွဲ့လုံးလို့ပြောပြီး တာဝန်ပေးလိုက်တာ။ သူမလုပ်တဲ့အခါကျတော့ သူ့တာဝန်ကိုပါ ကျွန်တော်တို့တစ်တွေချည်းပဲ လုပ်ရတာပေါ့။ ကျင်းဦးစီး ရှမ်းကြီးကလည်း ဘာမှမပြောဘူး။ အေးလေ၊ ဘယ်ပြောမလဲ။ သူလည်း မာဗရမ်းလို ဘိန်းသမားကိုး။

ထမင်းစားသောက်လို့ပြီးကြတော့ တော်တော်မှောင်နေပြီ။ တောကြီးမျက်မည်းထဲမှာဆိုတော့ ပိုမှောင်တာပေါ့။ နှင်းပေါက်တွေ တဖြောက်ဖြောက်ကျသံတွေကလည်း တစ်တောလုံးညံနေတာပဲ။ တဲအောက်မှာ မီးဖိုကြီးဖိုထားပေမဲ့ အချမ်းကမပြေဘူး။ ဒီတုန်းမှာ တဝေါင်းဝေါင်းအော်လိုက်တဲ့အသံကို ကြားလိုက်ရတော့ ကိုအောင်သူ လန့်သွားတယ်ထင်တယ်။ ဆတ်ခနဲ ခေါင်းထောင်လာတယ်။

ချေဟောက်တဲ့အသံပါ။ ကြောက်စရာမရှိပါဘူး။ ဒီနားမှာ လူသွားလူလာများဖူးတော့ တောကောင်လည်း သိပ်မလာပါဘူး။

ရှမ်းကြီးနဲ့ မာဗရမ်းကတော့ ဘိန်းမှိန်းနေကြသလား၊ အိပ်ပျော်နေသလားမသိဘူး။ သူတို့တဲဖက်ဆီက ဘာသံမှ မကြားရတော့ဘူး။ ကျွန်တော်တို့သုံးယောက် တဲထဲမှာတော့ ကျွန်တော်တို့သုံးယောက် စကားကောင်းနေကြ





တယ်။ အိုင်ပေါက်က သူ့အကြောင်းကို ကိုအောင်သူကို ပြောပြနေတယ်။

အိုင်ပေါက်မှာ အဖေအမေမရှိတော့ဘူး။ သူတို့ရွာမှာ ကချင်သူပုန်နဲ့ တိုက်ပွဲဖြစ်တော့ ထွက်ပြေးရင်း သေနတ်မှန်သေသွားတယ်။ အမေလည်း အဖေ့စိတ်နဲ့ သေသွားတယ်။ နောက်တော့ ရွာရွှေ့လိုက်တော့ သူတို့တစ်တွေ အနေနဲ့ နန့်မှော်ရွာကလေးကနေပြီး ဘရွှုးမုန်အောက်ဘက် ချင်းတွင်းဘေးကို ရောက်လာတယ်။ ဒီကနေ တစ်ခါထပ်ရွှေ့တော့ ကင်းတော်ဆိုတဲ့ ရွာကလေးနားကို ရွှေ့လာကြတယ်။

"ငါ့မှာ ကွီးဆိုတဲ့ အစ်ကိုတစ်ယောက်ပဲရှိတယ်။ သူက နန့်ဖာဆိုတဲ့ ရွာမှာ မိန်းမရပြီး တောင်ယာလုပ်စားတယ်။ အစတုန်းကတော့ ငါလဲ သူနဲ့ အတူတူနေတယ်။ နောက်တော့ ဒီမှာ ကျောက်စိမ်းတူးစားလို့ ရတယ်ဆိုလို့ လာတာ"

"မင်းလိုက်လာတဲ့ အချိန်အတွင်းမှာ ဘယ်လောက်များ စုမိပြီလဲ"

"ဘယ်ကစုမိရမှာလဲ အစ်ကိုရာ၊ ကျောက်လဲ များများစားစား တစ်ခါမှ မအောင်သေးဘူး။ ရတာလေးကိုလဲ အစ်ကို့ဆီပို့နေရတာနဲ့ ငါ့မှာ ပိုက်ဆံမရှိတာများတယ်။ ငါ့အစ်ကိုက တောင်ယာခုတ်နေတုန်း သစ်ပင်ပိထားလို့ ခြေတစ်ဖက်သိပ်မသန်ဘူးလေ။ တောင်ယာသိပ်မလုပ်နိုင်ဘူး။ ငါကပဲ ပို့ရတာပေါ့။ အလျင်တုန်းကတော့ ငါက ကျောင်းဆရာကျင်းထောင်အိမ်မှာ နေတယ်။ သူတို့က ကျင်းထောင်ချင်တယ်ဆိုပြီး ငါ့ကိုခေါ်ထားတာ"

"ဘာကျင်းထောင်ကွ"

"ကျောင်းဆရာကျင်းထောင်"

"ကျောင်းဆရာက ကျင်းထောင်လုပ်သလား"

"ဒီလောက်မှ မသိဘူးလား အစ်ကိုရာ၊ တို့မြို့ကလေးမှာ ကုန်စျေးနှုန်းကြီးတော့ အစိုးရအမှုထမ်းတွေလဲ ကျင်းထောင်လုပ်တယ်။ ပွဲစားလဲ လုပ်တယ်။ တချို့အရင်းအနှီး မတတ်နိုင်ရင်လဲ ကျောက်ခစားသယ်တယ်။ ငါ့ကျောင်းဆရာက ကျင်းထောင်လုပ်ပေမဲ့ နောက်တော့ သူလဲ မကိုက်လို့ထင်ပါရဲ့၊ မလုပ်တော့ဘူး။ ဒီတင် ကျော်ငြိမ်းဆီ ရောက်လာတာ"

ခဏနေတော့ သူတို့နှစ်ယောက်ရဲ့ စကားသံလည်း တိတ်သွားတယ်။ နောက်လင်းတော့ ကျွန်တော်တို့ ခရီးဆက်တယ်။ ခါတိုင်း မှော်စည်တုန်းကဆိုရင် ဒီနားတစ်ဝိုက်မှာ မှော်ထဲက ထွက်လာတဲ့သူနဲ့ မှော်ထဲဝင်သွားသူတွေ ဆုံနေကျနေရာကလေး။ ဒါပေမဲ့ ခုတစ်ခေါက် ကျောက်တွင်းက ထွက်လာတဲ့လူဆို



www.burmeseclassic.com

www.burmeseclassic.com



လို့ တစ်ယောက်မှ မတွေ့ရဘူး။ ထွက်တဲ့လူဆိုလို့လည်း ကျွန်တော်တို့ တစ်ဖွဲ့တည်းပဲ ရှိမယ်ထင်တယ်။ မိုးထိန်ထိန်လင်းနေပေမဲ့ တောထဲမှာတော့ ခပ်မှောင်မှောင်ပဲ။

တောင်တွေကို ဆင်းလိုက်တက်လိုက်၊ စမ်းချောင်းကလေးတွေကို ဖြတ်လိုက်ကျော်လိုက်။ တစ်ခါတလေကျတော့ စမ်းချောင်းရိုးအတိုင်း ရေထဲမှာ တစွပ်စွပ်နဲ့ ဆန်လာခဲ့ကြရတယ်။ တစ်ခါတလေလည်း ဝိုးဝါးဝါးနဲ့ အော်လိုက်တဲ့ မျောက်အုပ်တွေရဲ့ အော်သံကို ကြားရတယ်။ ဂုန်နီအိတ်ကို ချုပ်ထားတဲ့ ကျောပိုးအိတ်က ကြာလေလေ လေးလေလေ ဖြစ်လာတယ်။ အေးလေ၊ မလေးဘဲ ဘယ်နေပါ့မလဲ။ လူတစ်ယောက်ကို ဆန်ငါးပြည်၊ ဆီတစ်ပုလင်း၊ အသားခြောက်၊ ဆား၊ ငါးပိ၊ ပဲ၊ အရက်၊ ဆေးမှုန့်ထုပ်၊ ဆေးလိပ်လိပ်တဲ့စက္ကူ၊ စောင်၊ ခတ်မီး၊ ဓား၊ မိုးကာအင်္ကျီ၊ စားအိုးစားခွက်၊ သံတိုင်၊ ပေါက်ပြား အားလုံး ပေါင်းလိုက်ရင် တစ်ယောက်ကို ခွက်တစ်ဆယ်ကျော် ရှိတယ်။

ကျောပိုးအိတ်ကို ကြာကြာပိုးရတော့ ကျောတွေတောင့်လာတယ်။ လက်မောင်းရင်းတွေ နာလာတယ်။ ဒီတော့ တစ်မျိုးပြောင်းပြီး ကျောပိုးအိတ်ကို ထမ်းရတယ်။ တစ်တောင်လောက်ရှိတဲ့ တုတ်အချွန်ကလေးတစ်ချောင်းကို ကျောပိုးအိတ်နောက်မှာ ကန့်လန့်ထိုးဖောက်ပြီး တပ်ထားလိုက်တယ်။ အစွန်းထွက်နေတဲ့ တုတ်အချွန်တစ်ဘက်တစ်ချက်ကို လုံချည်ကွင်းနဲ့စွပ်လိုက်ပြီး လုံချည်ကွင်းအပေါ်ပိုင်းကို နဖူးမှာသိုင်းပြီး ချိတ်ထားလိုက်တယ်။ ခဏတော့ ပခုံးနာသက်သာတယ်။ ဒါပေမဲ့ ကြာလာတော့ နဖူးရေတွေပူလာပြီး ဇက်တွေ တောင့်လာတယ်။ သူတို့ကတော့ နာဂပလိုင်းလွယ်နည်းလို့ ခေါ်ကြတယ်။ ကျွန်တော်တော့ အကျင့်မရှိသေးလို့လား မသိဘူး။ ကြာကြာမလွယ်နိုင်ဘူး။

ညနေစောင်းတော့ ကျွန်တော်တို့ တောင်ပေါ်က အောက်ကိုဆင်းလာခဲ့ကြတယ်။ ရှေ့က ရေစီးသံတဝေါဝေါကြားနေလို့ နန့်သဲကြီးချောင်းကို ရောက်ပြီဆိုတာ သိရတယ်။ နန့်သဲကြီးချောင်းမှာ ကျွန်တော်တို့စခန်းလေးတွေ ရှိတယ်။ နန့်သဲကြီးချောင်းကိုရောက်ပြီး နောက်တစ်နေ့ဆိုရင် ကျွန်တော်တို့ ကျောက်တွင်းကို ရောက်ပြီ။ မှော်ထဲကို ရောက်ပြီ။

နန့်သဲကြီးချောင်းရေဟာ ကြည်နေတာပဲ။ သောင်ခုံပေါ်မှာ တဲအိုကလေး နှစ်လုံးရှိတယ်။ စခန်းရဲ့ ကျောဘက်မှာ ကျွန်တော်တို့လာခဲ့တဲ့ တောင်တန်း။ စခန်းရှေ့မှာ ကျွန်တော်တို့ ထပ်တက်ရမယ့် တောင်တန်းပြာပြာကြီးရှိတယ်။ တောင်တန်းပြာပြာ ကျောပေါ်မှာ ကျောက်တွင်းကိုဝင်တဲ့ လမ်းတစ်လမ်းရှိ





တယ်။ ဒါပေမဲ့ နွေတို့၊ ဆောင်းတို့ဆိုရင် ကျွန်တော်တို့ မသုံးဘူး။ တောင်ပေါ်ကို ဝန်စည်စလယ်တွေနဲ့ တက်ရတာ ပင်ပန်းတယ်။ ဒါကြောင့် တောင်တန်းပြာကို ကွင်းပြီး အောက်က သွားတယ်။ မိုးတွင်းဆိုရင်တော့ တောင်အောက်မှာ ချောင်းတွေ ရေစီးသန်လွန်းလို့ တောင်ကြောပေါ်ကပဲ ဖြတ်ရတယ်။

စခန်းမှာ ဝန်စည်စလယ်တွေကိုချပြီး နားမနေနိုင်ဘူး။ ချက်ဖို့ပြုတ်ဖို့ ကိစ္စကို မမှောင်ခင် အပြီးလုပ်ရမယ်။ ဒီတင်ပြဿနာတစ်ခု ပေါ်တယ်။

မာဗရမ်းက ထမင်းချက်မယ်ဆိုပြီး သူ့အိတ်ထဲက ဆန်ကိုထုတ်တယ်။ ဒီကောင် ဒီလိုချည်းပဲ။ သူ့အိတ်ထဲက ဆန်ကို အလျင်ထုတ်ပြီး ဆန်ဆေး၊ ဆန်ဆေးပြီးတာနဲ့ ဝါးခုတ်ပြီး ဘိန်းမှိန်းတာပဲ။ ဒီတစ်ခါတော့ ကျွန်တော် မနေနိုင်တော့ဘူး။ ဒီကောင် ဒီလိုလုပ်ပေါင်းများလှပြီ။

''မာဗရမ်၊ မင်းအိတ်ထဲကဆန် မထည့်နဲ့ကွာ၊ ဟောဒီအစ်ကိုအိတ်ထဲက ဆန်ကိုထုတ်ပါ''

''ဘာဖြစ်လို့လဲ၊ ထည့်တော့ဘာဖြစ်သလဲ''

မာဗရမ်းအသံက မာဆတ်ဆတ်ရယ်။

''ဘာမှတော့မဖြစ်ဘူးပေါ့ကွာ။ ဒါပေမဲ့ အားလုံးအိတ်ထဲက ဆန်ကို တစ်လှည့်စီထုတ်မှပေါ့။ တစ်လမ်းလုံး မင်းအိတ်ထဲကဆန်ကို ထုတ်ချက်လာခဲ့တာပဲ။ ဒီလောက်ဆိုတော်ရောပေါ့။ မင်းအိတ်ထဲမှာလဲ ဆန်တော်တော်လျော့နေပြီပဲ''

''ငါ့သဘောပါကွ၊ မင်း ဆရာမလုပ်ပါနဲ့။ မင်း စေတနာရှိရင် သူ့အိတ်ထဲက ရိက္ခာကိုခွဲပြီး မင်း ထမ်းခဲ့ပေါ့''

''မင်း တော်တော်လူဝါးဝတဲ့ကောင်''

ကျွန်တော့်စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားတယ်။ ဒါပေမဲ့ ကျွန်တော် ကြိတ်မှိတ်နေလိုက်ပါတယ်။ ဘဝတူတွေ မဟုတ်လား။ ဒါပေမဲ့ မာဗရမ်းကတော့ သူ့ခါးက ဓားမြှောင်ကို ဆွဲချွတ်လိုက်တယ်။

''ဟော့ကောင်တွေ တော်ကြစမ်း။ ဘာလဲ မင်းတို့က လူမိုက်တွေလား။ မင်းတို့ကို ကျောက်တူးဖို့ခေါ်လာတာ။ လက်သီးချင်းထိုးဖို့ ခေါ်လာတာမဟုတ်ဘူး။ မာဗရမ်၊ မင်းဓားကို ပြန်ထည့်ထားလိုက်။ မင်းတို့ထက်မိုက်လို့ မှော်ကြာ သုပ်နေတာ''

ရှမ်းကြီးက ဝင်တားလိုက်တယ်။ မာဗရမ်းက သူ့ဓားကို ခါးကြားက အအိမ်ထဲ ပြန်ထည့်ပြီး သူ့အိတ်ထဲကဆန်ကို ထမင်းအိုးထဲထည့်ပြီး ဆန်ဆေးဖို့



www.burmeseclassic.com

www.burmeseclassic.com



ချောင်းစပ်ကို ဆင်းသွားတယ်။ ခပ်တည်တည်ပဲ၊ မင်း ဘာတတ်နိုင်သေးသလဲ ဆိုတဲ့ အချိုးမျိုး။

ကျွန်တော် ခံပြင်းလိုက်တာ။ ဒါပေမဲ့ ကြိတ်မှိတ်ပြီး နေလိုက်ပါတယ်။ တက်တစ်ချက်တော့ ခေါက်လိုက်မိတယ်။ ကျွန်တော့်တက်ခေါက်သံကို ကြားလို့လားမသိဘူး။ ရှမ်းကြီးက ကျွန်တော့်ဘက်လှည့်ပြီး . . .

''ဘာလဲဖော်အောင်၊ မင်းက မကျေနပ်ဘူးလား''

''မတရားတော့ မလုပ်ကြနဲ့ဗျာ''

''ကျောက်လောကထဲကို လာပြီး တရားတာတွေ၊ မတရားတာတွေ သိပ်ပြောမနေနဲ့ကွ၊ အစကတည်းက စည်းကမ်းတွေကို မင်းတို့ကို ရှင်းပြပြီးသား။ ကျင်ဦးစီးရဲ့အမိန့်ကို နာခံပါ့မယ်လို့ ပြောထားပြီးသား။ မနာခံနိုင်ရင် မလိုက်ခဲ့နဲ့ အလုပ်သမားပေါတယ်''

ကိုအောင်သူက ရှမ်းကြီးကို ဝင်တောင်းပန်တယ်။ ကျွန်တော်ကတော့ ဘာမှမပြောတော့ပါဘူး။ ရှမ်းကြီးကလည်း ဦးကျော်ငြိမ်းရဲ့ လက်သပ်မွေး တပည့်၊ မာဗရမ်းလည်း လက်သပ်မွေးတပည့်အငယ်စား။ ဒီတော့ သူတို့က အာဏာရှိတယ်။ ခံနိုင်သမျှတော့ ခံပေါ့။

အဲဒီနေ့က ဘာနေ့မို့လို့လဲမသိဘူး။ ပြဿနာတစ်ခုပြီးသွားတော့ နောက် ပြဿနာတစ်ခု ပေါ်ပြန်တယ်။ ပြဿနာက တကယ့်အသေးအဖွဲလေးပါ။ အိုင်ပေါက်က ထမင်းအိုးငှဲ့တော့ ထမင်းအိုးမှောက်သွားလို့ ပြန်ချက်ရတယ်။ ဒီတင် ရှမ်းကြီးက ဆူတော့တာပဲ။

''မင်းတို့ကောင်တွေ တော်တော်ခက်တဲ့ ကောင်တွေ၊ ကျင်းထောင် ပစ္စည်းကို ကိုယ့်အမေလင်ပစ္စည်းအောက်မေ့နေသလား။ ကျင်းထောင်ဆရာဟာ ကိုယ့်ထမင်းရှင်၊ မကုန်သင့်တာမကုန်အောင် လုပ်မှပေါ့။ ခုတော့ မင်းတို့က ကျင်းထောင်ပစ္စည်း ငါကုန်ရတာမဟုတ်ဘူးဆိုပြီး လက်လွတ်စပယ်လုပ်တယ်။ ပစ္စည်းရရ မရရ၊ ရိက္ခာကုန်ရင် ပြန်မယ်ဆိုတဲ့သဘောပေါ့။ အေး . . . တစ်ခု တော့ ပြောထားလိုက်မယ်။ ရိက္ခာကုန်အောင်တော့ မဖြုန်းကြနဲ့။ မလိုက်ချင်ရင် ခုလှည့်ပြန်ကြ''

အိုင်ပေါက်ဆိုတဲ့ နာဂလေးက နားလေးလေးရယ်။ မတော်လို့ ဖြစ်တာပါ လို့ပဲ ပြောတယ်။ ရှမ်းကြီးရဲ့စကားတွေကို မကြားဘူးလေ။ ကြားတဲ့ကျွန်တော် ကသာ ကြားထဲက မခံချင်ဖြစ်နေရတာ။

ထမင်းစားပြီးလို့ မှောင်ရိပ်ပျိုးတော့ ရှမ်းကြီးက ကိုအောင်သူကို





ဆောင်ပြင်တစ်နေရာ ခေါ်ထုတ်သွားတယ်။ သူ့ ဘာပြောမလဲ။ ကျင်းထောင် ဘယ်လောက်စေတနာထားတဲ့ အကြောင်း။ ကျွန်တော်တို့ ကျောက်တူးသမား တွေ ဘယ်လောက်အသုံးမကျတဲ့အကြောင်း ပြောမှာပေါ့။ သူ့အကြောင်းကို ကျွန်တော် သိပြီးသား။ တကယ့် တစ်ပါးကျွန်။

## (၃)

နောက်လင်းတော့ ကျွန်တော်တို့ တောင်တန်းပြာကို ကျော်ခဲ့တယ်။ နန့်ခေါ်မာ ချောင်းကို ဖြတ်တယ်။ နန့်ခေါ်မာချောင်းကတော့ ကျောက်တူးသမားတိုင်း ကြောက်တဲ့ ချောင်း။ ချောင်းကြီးကလည်း တောင်ကြိုတောင်ကြားမှာ ရှိနေတဲ့ ချောင်းရိုးမဟုတ်ဘူး။ ကျယ်လိုက်တာ၊ ပေတစ်ရာငါးဆယ်လောက်ရှိမယ် ထင်တယ်။ မိုးတွင်းများတော့ အဲဒီချောင်းကို ယောင်လို့တောင် မဖြတ်လေနဲ့။ သူမပြောနဲ့ ဆင်တောင်မျောပါသွားမယ်။ နန့်ခေါ်မာကို ကျော်ရင် ကျောက်စိမ်း နယ်ထဲကို ရောက်ပြီလို့ ဆိုနိုင်တယ်။

သဖန်းပင်ဆိပ်လို့ ကျွန်တော်တို့ခေါ်တဲ့ နေရာကနေပြီး နန့်ခေါ်မာကို ဖြတ်တယ်။ ပြီးတော့ ကိုးဆင်းကိုးတက်ကို ကျော်တယ်။ ကိုးဆင်းကိုးတက် ဆိုတာ အဆင်းကိုးခု အတက်ကိုးခုရှိလို့ ခေါ်တာ။ ကိုးဆင်းကိုးတက်ကိုကျော် တော့ လူသွားလမ်းကလေးတွေဟာ ပုရွက်ဆိတ်အကြောင်းလေးတွေကျနေ တာပဲ မှလို့။ ဒီနေရာဟာ အစိမ်းရောင်နယ်မြေထဲကို အဝင်ပဲ။ ဟိုတုန်းက ကျောက်တူးသမားတွေရဲ့ စခန်းကလေးတွေ အများကြီးပေါ့။ တချို့ကလည်း ကျောက်တွင်းနဲ့ နီးနီး၊ တချို့ကျတော့လည်း ကျောက်တွင်းနဲ့ ဝေးဝေး။

တစ်နေရာရောက်တော့ မီးရှို့ထားတဲ့ တဲကလေးနှစ်လုံးသုံးလုံးကို တွေ့ရ တယ်။ သက်ဆိုင်ရာက ဝင်မွှေထားတယ်ထင်တယ်။ ပြန်ထွက်လာတဲ့လူတော့ တွေ့သေးဘူး။ နန့်စီပွန်ကပဲ စုန်သွားကြသလား။ ဒီအထဲမှာပဲ ကွေ့ပတ်ရှောင် နေကြသလားတော့ မပြောတတ်ဘူး။

ကျွန်တော် မှတ်မိသေးတယ်။ ကျွန်တော် ကျောက်တွင်းထဲကို စဝင်တုန်း က ကိုမြမောင်ကြီးနဲ့ စဝင်တာ၊ အဲဒီတုန်းက သူက မော်ကြာ ကျင်းဦးစီး။ ဆောကြီးထဲရောက်တော့ လမ်းကလေးတွေ ပွစာတက်လို့၊ ဒီတော့ ကျွန်တော် က မေးရလွှားရလို့ လူချင်းကွဲသွားရင်တော့ ဒုက္ခပဲ။ ကျွန်တော် ပြန်ထွက်ဖို့ ဆာ မဟုတ်ဘူးလို့ ပြောမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကိုမြမောင်ကြီးက လူချင်းကွဲသွားပြီး လမ်းလည်း မမှတ်မိတော့ဘူးဆိုရင် ချောင်းကလေးတွေအတိုင်းသာ စုန်သွား။ ဘယ်တော့မှမဆန်နဲ့။ နောက်ဆုံးတော့ ချင်းတွင်းကိုရောက်မှာပဲလို့ ပြောဖူးတယ်။ အမယ် ခု ကျွန်တော်တို့ဖြတ်လာတဲ့ နန့်စီပွန်ချောင်းက ကျောက်စိမ်းတောင်ကြီးပေါ်က ဆင်းလာတာ။ နန့်စီပွန်က နန့်ခေါ်မာထဲကို ဝင်တယ်။ နန့်ခေါ်မာက နန့်ထွန်တုံးထဲကို ဝင်တယ်။ နန့်ထွန်တုံးလို့ ခေါ်တဲ့ အောင်မြင်ချောင်းက ချင်းတွင်းထဲကို ဝင်တယ်။ ဒီတော့ ချောင်းတွေကို တွေ့ရင် စုန်သာသွားလိုက်။ နောက်ဆုံးတော့ ချင်းတွင်းထဲကိုတော့ ရောက်မှာပဲ။ ချောင်းဟူသမျှ ချင်းတွင်းမှာ ဆုံကြသည်ပေါ့။

အိုင်ပေါက်က သူသိတဲ့စခန်းတစ်ခုကို ခေါ်သွားတယ်။ လုံခြုံတယ်လို့ ဆိုတယ်။ လူသွားလမ်းကလေးတစ်ခုအတိုင်းသွားပြီး တစ်နေရာရောက်တော့ ဘေးကို ဖဲ့ဝင်လိုက်တယ်။ ဒါပေမဲ့ လမ်းမရှိဘူး။ သစ်ပင်ချုံနွယ်တွေထဲက တိုးသွားရတာ။ တစ်နေရာရောက်တော့ လဲကျနေတဲ့ သစ်ပင်ကြီးပေါ်က လျှောက်သွားရတယ်။ သစ်ပင်ခြောက်ကြီးတစ်ခုကိုဆုံးတော့ ရေထွက်ကလေးတစ်ခုကို ဖြတ်ရတယ်။ စမ်းရိုးကလေးအတိုင်းလိုက်လာတော့ ရောမဝါးရုံတောကြီးကို တွေ့ရတယ်။ ဒီလောက်ကြီးတဲ့ ဝါးရုံတောကြီးကို ကျွန်တော် တစ်ခါမှ မမြင်ဖူးသေးဘူး။ ဝါးရုံကိုင်းကြီးတွေက စစ်တာကောင်းကြက်ဖကြီးရဲ့ အမြီးဖျားလို မြေပေါ်ငိုက်ကျနေတယ်။

ဝါးရုံတောကြီးတစ်နေရာမှာ လူငါးယောက်လောက်ရှိတဲ့ တဲကလေးတစ်လုံးကို ဘွားခနဲ တွေ့လိုက်ရတယ်။

ဘယ်ဆိုးလို့တုံး။ တဲကလေးကို အနားရောက်မှ ဖြုန်းခနဲ တွေ့လိုက်တယ်။ သာမန်ဆိုရင် တဲစခန်းရှိမှန်း ဘယ်သိမလဲ။ တဲရှေ့မှာ လူနှစ်ဖက်လောက်ရှိတဲ့ လက်ပံပင်ကြီးတစ်ပင်ရှိနေတော့ တဲဟာ ပင်စည်နဲ့ဝါးရုံတောကြီးကြားမှာ ပျောက်နေတယ်။ တဲထိုးထားတာကလည်း စနစ်ကျတယ်။ အပေါ်မှာ ရှုံးလက်တွေ မိုးထားတယ်။ ရှုံးလက်က ကွမ်းသီးလက်နဲ့ဆင်တယ်။ ရှုံးပင်က အလက်တွေ။ ဒါပေမဲ့ ဆူးပါတယ်။ တဲထဲမှာ ပေါင်လယ်လောက်မြင့်တဲ့ အိပ်စင်၊ ရိက္ခာစင်၊ မီးဖို၊ နတ်စင် အစုံရှိတယ်။

ပတ်ဝန်းကျင်တစ်ခုလုံးမှောင်ပြီး မှိုင်းနေတယ်။ နန့်စီပွန်ချောင်းက ရေစီးသံနဲ့ ငှက်သံတွေကိုပဲ ကြားရတယ်။ စခန်းအဝင်မှာ ခြေရာတို့ဘာတို့ မထင်အောင် ဖျက်ခဲ့ရသေးတယ်။

အထုပ်တွေကို ချပြီးတော့ ရှမ်းကြီးက အသံတိုးတိုးနဲ့ . . .





''ကဲ . . . အားလုံး အားလုံး၊ မနက်အတွက် အလုပ်အစီအစဉ် ပြောမယ်။ မနက်စာထမင်းကို စောစောချက်မယ်။ ညစာကို မှောင်မှချက်မယ်။ မီးခိုးမြင်ရင် ကျောက်တွင်းထဲမှာ လူရှိမှန်း သိသွားလိမ့်မယ်။ မနက်စောစောနဲ့ ညမိုးချုပ်မှချက်ရင် နှင်းနဲ့တောင်ခိုးတွေရှိနေလို့ မီးခိုးမှန်း မသိနိုင်ဘူး။ စကားပြောရင် တိုးတိုးပြော၊ စခန်းက နေရာကောင်းပေမဲ့ လမ်းနဲ့သိပ်မဝေးဘူး။ အဝင်အထွက်လုပ်တဲ့အခါ ခြေရာမထင်အောင် လမ်းလွှဲခဲ့ကြ။ မနက်ဖြန်ကျရင် ငါရယ်၊ ဖော်အောင်ရယ်၊ အိုင်ပေါက်ရယ် မှော်ထဲသွားမယ်။ မာဗရမ်းနဲ့ ကိုအောင်သူက တဲစောင့်၊ ထမင်းချက်နေခဲ့''

အဲဒီညက ထမင်းစားပြီး မောမောနဲ့အိပ်လိုက်ကြတာ စကားတွေဘာတွေတောင် မပြောနိုင်တော့ဘူး။

မာဗရမ်းနဲ့ ကိုအောင်သူက မနက်အစောကြီးထပြီး ထမင်းချက်တယ်။ အချက်အပြုတ်လုပ်နေပြီးတာနဲ့ မာဗရမ်း သူ့ဝါးလုံးကလေးယူပြီး သူ့အလုပ်စတော့တာပဲ။ ကျွန်တော်တို့ထွက်လာတော့ ကိုယ့်လူ ငြိမ့်နေပြီလေ။ ဒီနေ့မနက်တော့ သိပ်အလုပ်မဖြစ်ပါဘူး။ လေ့လာရေးလောက်ပါပဲ။ နေ့လယ် ၁၂ နာရီထိုးကျတော့ ကျွန်တော်တို့ ကျောက်တွင်းထဲက ပြန်ထွက်လာခဲ့ကြတယ်။ အပြန်မှာ ဟင်းရွက်ကလေးဘာလေး ခူးလာခဲ့တယ်။ တွင်းအခြေအနေကို အကဲခတ်ကြည့်တော့ တွင်းထဲအခြေအနေ သိပ်မကောင်းဘူး။ ဒါပေမဲ့ တချို့ကတော့ တူးနေကြတာပဲ။ မနက် စောစောတူး၊ နေ့ဘက် နား၊ ညဘက်ကျတော့ ဖယောင်းတိုင်မီးနဲ့ အခြေအနေကို ကြည့်ပြီး တူးကြတယ်။ ကျွန်တော်တို့လိုပဲ ကျောက်တွင်းထဲကိုဝင်နေတဲ့ အဖွဲ့သုံးလေးဖွဲ့ကို တွေ့ခဲ့ရတယ်။

ကျွန်တော်တို့ မနက်ဖြန်ကစပြီး အလုပ်လုပ်မယ်။ ရှမ်းကြီး တဲစောင့် ထမင်းချက်မယ်။ ကျွန်တော်ရယ်၊ အိုင်ပေါက်ရယ်၊ မာဗရမ်းရယ် ကျောက်တွင်းထဲကို ဝင်မယ်။ ကိုအောင်သူလည်း အတွေ့အကြုံရအောင် လိုက်သွားဖို့ ရှမ်းကြီးက ပြောတယ်။ မှော်လုံမှာ တူးမယ်။ ကျင်းတော့ မမှတ်ခဲ့ရသေးဘူး။

ဒီနေ့တော့ ဝါးခုတ်ပြီး ဂေါ်တောင်းရက်ရမယ်။

မှော်လုံဆိုတာက ကျောက်တွင်းတစ်တွင်း ရှိတဲ့နေရာကို ခေါ်တာ။ သူ့ဘေးမှာ ကွေ့ပတ်စီးဆင်းနေတဲ့ မှော်လုံချောင်းရှိတယ်။ ကျွန်တော်တို့ လေးယောက် မှော်လုံချောင်းအတိုင်း ဆန်လာခဲ့ကြတယ်။ ချောင်းရေထဲဆန်လာရင်းလည်း ဘေးပတ်ဝန်းကျင်ကို ကြည့်ရသေးတယ်။ ကျောက်တွင်းနားရောက်ပြီဆိုတော့ ကျွန်တော် ကမ်းပေါ်တက်ပြီး အခြေအနေကို လှမ်းကြည့်လိုက်တယ်။ အန္တရာယ်မရှိဘူးဆိုတော့မှ နောက်ကလူတွေကို လိုက်ခဲ့ဖို့



www.burmeseclassic.com

www.burmeseclassic.com



အချက်ပေးလိုက်တယ်။

ကျောက်တွင်းဆိုတာ အမှန်ကတော့ နေပြောက်မထိုးတဲ့ တောကြီးမျက်မည်းထဲက ဖုန်းဆိုးကုန်းကြီးနဲ့တူတယ်။ ကျင်းတွေတူးထားလိုက်တာ မွလို့တောင်နံရိုးတစ်ခုမှာ ပိုးတွေအထပ်ထပ်ချထားလို့ ကျင်းကြီးတွေဖြစ်နေသလိုပဲ။ အစတုန်းကတော့ ဒီနေရာကလည်း တောကြီးမျက်မည်းပဲ ဖြစ်မှာပေါ့။ ချိုင့်တွေ၊ ကျင်းတွေ တူးပြီးသားမြေစာပုံကြီးတွေလည်း ပြည့်လို့၊ မြေစာတွေကလည်း မီးသွေးမှုန့်လို ပြာနှမ်းနှမ်းနဲ့။ သေသေချာချာကြည့်တော့မှ အဲဒီဖုန်းဆိုးပြင်ကြီးဟာ တောင်ကြီးတစ်လုံးကို ထက်ခြမ်းဖြို့ထားတယ်ဆိုတာ သိရတယ်။

ကျွန်တော်တို့တူးရမယ့် မှော်လုံဆိုတာ အဲဒီနေရာပဲ။ ဒီမှော်က ကျောက်ကောင်းထွက်တယ်။ ဒါပေမဲ့ ကျောက်တော့ နည်းနည်းကျဲတယ်။ ဟိုဘက်မှာ ကြားမှော်၊ မှော်သစ်၊ မှော်တောင်းကော်ဆိုပြီး မှော်တွေလည်း ရှိသေးတယ်။ မှော်တောင်းကော်က ကျောက်စိပ်တယ်။ ဒါပေမဲ့ အရည်မမြဘူး။ အသားမရင့်ဘူး။ ကျောက်စိပ်လို့ အတူးများတာပဲရှိမယ်။ ဆိုင်ရာက ဝိုင်းရင်လည်း မှော်တောင်းကော်ကိုပဲ အဝိုင်းများတယ်။ မှော်တောင်းကော်ကိုဝိုင်းလို့ သေနတ်သံကြားရင် ကျွန်တော်တို့ မှော်လုံဘက်က ရှောင်ချိန် တိမ်းချိန်ရတယ်။ ဒီအကြောင်းတွေကို ကိုအောင်သူသိအောင် ပြောရသေးတယ်။

တစ်နေရာရောက်တော့ ကျွန်တော် ရပ်လိုက်တယ်။ ခြောက်ပေခန့်ရှိတဲ့ ရှစ်မြှောင့်သံတိုင်ကြီးကို မြေကြီးပေါ်မှာ စိုက်ချလိုက်တယ်။ သံတိုင်ကိုနဲ့ပြီး မြေစာအောက်ကို ရောက်အောက်ထိုးသွင်းတယ်။ နောက်ဆုံး သံတိုင်ထိုးလို့မရတော့မှ နှစ်ချက်သုံးချက်လောက် ဆောင့်ကြည့်လိုက်တယ်။ သံတိုင်အဖျားက မြေအောက်က အမာခံနဲ့တွေ့တော့ တဒုတ်ဒုတ်နဲ့မြည်ပြီး ရပ်နေတယ်။ မြေစာဟောင်းအောက်မှာ ပုန်းနေတဲ့ ကျောက်ကြောကို ရှာကြည့်တာလေ။

"ကျွန်တော်တို့ ဒီမှာ တူးကြမယ်။ ဒီနေရာက ကျောက်ကြောနဲ့အနီးဆုံးပဲ။ ဒါက ပစ္စတိုကြောလို့ ခေါ်တယ်"

ဟုတ်တယ်၊ ကျွန်တော်တို့ တူးတဲ့နေရာက ပစ္စတိုကြောလို့ ခေါ်တယ်။ သူ့ကလည်း ရာဇဝင်ကလေးနဲ့။ တစ်ခါတုန်းက ဒီနေရာမှာ လန်ဘားအေးမောင်ဆိုတဲ့လူက တူးနေတယ်။ ကျောက်ကြောမိသွားလို့ ရလိုက်တဲ့ ကျောက်ကောင်းတွေ ဘာပြောကောင်းမလဲ၊ အေးမောင်ကျင်းနဲ့ ကပ်လျက်နေရာမှာ တရုတ်လောပန်းတစ်ယောက်ရဲ့ ကျင်းလည်း တူးနေတယ်။





အေးမောင်ရဲ့ကျင်း ကျောက်မိနေတာကို သိတော့ လောပန်းရဲ့ ကျင်းက လန်ဘားအေးမောင်ရဲ့ ကျင်းဘက်ကို အောက်လိုဏ်တူးလာတယ်။ ဒီမှာ ကျင်းလုပ်သားချင်း စကားများတယ်။ လောပန်းကျင်းက လုပ်သားက လန်ဘားအေးမောင်ရဲ့ ကျင်းလုပ်သားကို ဓားနဲ့ခုတ်မလို့ ပြေးလာတယ်။ လန်ဘားအေးမောင် လုပ်သားက တိတ်တိတ်ပုန်းယူလာတဲ့ ပစ္စတိုနဲ့ ပစ်ချလိုက်တော့ လောပန်းရဲ့ ကျင်းလုပ်သား ပွဲချင်းပြီး သေသွားတယ်။ အဲဒီအချိန်ကစပြီး အဲ့ဒီနေရာကို ပစ္စတိုကြောလို့ ကျောက်တူးသမားတွေက ကင်ပွန်းတပ်ခဲ့တာပဲ။ ကျွန်တော်တော့ မမီလိုက်ပါဘူး။

ရှစ်မြှောင့်သံတိုင် စိုက်ထားတဲ့နေရာမှာ ကျွန်တော် ခေါင်းပေါင်းကျင်းတယ်။ ခေါင်းပေါင်းကျင်းတယ် ဆိုတာ ကျင်းဖွဲ့တာကို ပြောတာ၊ ဖွဲ့ထားတဲ့ကျင်းထဲက မြေစာတွေကို တစ်ယောက်က သံတိုင်နဲ့ ထိုးဆွပေးရတယ်။ တစ်ယောက်က ပေါက်ပြားနဲ့ယက်ပြီး ဂေါ်တောင်းထဲကို ထည့်ပေးရတယ်။ အထမ်းသမားက ဂေါ်တောင်းထဲထည့်ထားတဲ့ မြေစာတွေကို တခြားသွားပုံရတယ်။ ဒီနည်းနဲ့ ကျောက်ကြော တဖြည်းဖြည်းပေါ်လာအောင် တူးရတယ်။

ကိုအောင်သူတို့က လူသစ်ဆိုတော့ သူ ဘာမှမလုပ်တတ်သေးဘူး။ ဂေါ်တောင်းထမ်းပြီး မြေစာသယ်ခိုင်းတယ်။ အိုင်ပေါက်ကလည်း သူ့လိုပဲ ဂေါ်တောင်းထမ်းရတယ်။ မာပရမ်းက သံတိုင်ကို ကိုင်ပြီး မြေစာဆွပေးတယ်။ ကျွန်တော်က မြေစာကို ပေါက်ပြားနဲ့ယက်ပြီး ဂေါ်တောင်းထဲ ထည့်ပေးရတယ်။

ကျောက်တူးတယ်ဆိုတာ ကျုံးဘေးမှာ လေညင်းခံထွက်တာမဟုတ်ဘူးလို့ ပြောတဲ့ ဦးကျော်ငြိမ်းရဲ့စကားကို ကျွန်တော် တော်တော်သဘောကျတယ်။ သက်ဆိုင်ရာကလိုက်လို့ ပြေးရလွှားရ ကြိမ်ဆူးတော တိုးတာကိုကပဲ တော်တော်ပင်ပန်းလှပြီ။

ကျောက်တူးသမားမှာ ကျွမ်းကျင်ဖို့နဲ့ အပင်ပန်းခံနိုင်ဖို့လိုတယ်။ ဒီနှစ်ခုမရှိရင် အလုပ်လုပ်လို့ မဖြစ်ဘူး။ ကျွမ်းကျင်မှုမရှိတာတောင်မှ အနည်းဆုံးကိုယ်က အပင်ပန်းခံနိုင်ဖို့တော့လိုတယ်။ အပင်ပန်းမခံနိုင်လို့ကတော့ ကျောက်တူးမယ် စိတ်မကူးနဲ့။

ဘယ့်နှယ်မပင်ပန်းပဲရှိပါ့မလဲ။ မြေကြီးကို တူးရတာ၊ မြေလွှာတွေအထပ်ထပ်တူးရတာ၊ မြေစာမရှိတဲ့ မြေမှုန့်လို့ခေါ်တဲ့ အပေါ်ဆုံးမြေလွှာကပြီးတူးဦး။ အထပ်ထပ်တူးမှ ကျောက်ကြောကို တွေ့တာ။ ဘူမိဗေဒဆရာတွေကတော့ ဘယ်လိုခေါ်မယ် မသိဘူး။ ကျွန်တော်တို့ ကျောက်တူးသမားတွေ



www.burmeseclassic.com

www.burmeseclassic.com



အခေါ်မှာတော့ မြေမှုန်ပြီးရင် မြေနီ၊ မြေဝါ၊ မြေဝါကျောက်ပုတ်၊ ကျပ်ခိုး ဖယောင်း၊ ကုတေ၊ ဖာ ဆိုပြီး မြေလွှာတွေ အမျိုးမျိုးရှိတယ်။ ဖယောင်းကြောက မြေသားဆိုရင် မြေကြီးက ဖယောင်းလိုဖြူဖွေးနေတာပဲ၊ ဖယောင်းကြောမှာ တောင် ဖယောင်း အစိမ်း၊ အဖြူ၊ အပြာဆိုပြီး အမျိုးမျိုး ကွဲလိုက်သေးတယ်။ သူတို့အပြောကတော့ ဖယောင်းကြောဟာ ကျောက်အထွက်ဆုံး အကြောတဲ့။ ကျပ်ခိုးနဲ့ကုတေကြောကတော့ မာသလား မမေးနဲ့၊ အရောင်ကလည်း ကျောက်မီးသွေးလို မည်းနေတယ်။ မာလိုက်တာကလည်း သံတိုင်နဲ့ထိလိုက်ရင် ချင် ချင် ချင် ချင် မြည်ပြီး မီးပွင့်နေတယ်။ အဲဒီအကြောက ထည်လုံးစိမ်းလို့ ခေါ်တဲ့ အရည်ခဲကျောက် အများဆုံး ထွက်တယ်။ အဲ အဆင်မသင့်လို့ နေရာရွေးမှားမိရင် အောက်မှာ မောက်တန်းလို့ ခေါ်တဲ့အကြောနဲ့ သွားတွေ့တတ်သေးတယ်။

ဒါပေမဲ့ ခက်တာက မောက်အောက်မှာ ကျောက်ခိုတယ်ဆိုတဲ့ ကျွန်တော်တို့လောကက စကားတစ်ခွန်းရှိတော့ ဒီမောက်မြေလွှာကို မတူးဘဲ နေလို့ မရဘူး။ ရှောင်လို့ မရဘူး။ မောက်မြေလွှာက သဲရယ်၊ ထုံးရယ်၊ မြေသားရယ် ရောနေတော့ တော်တော့်ကို မာတယ်။ မတတ်နိုင်ဘူးလေ။ မောက်အောက်မှာ ကျောက်ခိုနေတယ်ဆိုတော့ ဒီမောက်မြေကိုနှိုက်ပြီး တူးရတာပဲ။ တစ်ခါတလေမှာ အတွင်းကိုလှိုက်ပြီး တူး၊ မျောထောက်တန် ထောက်ရတယ်။ မြေပြိုကျလို့ပိရင်လည်း မတတ်နိုင်ဘူး။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းက မောက်ပြိုလို့ ကျင်းလုပ်သားနှစ်ယောက် သေခဲ့ဖူးတယ်။

ကျောက်ပညာကလည်း အများသား။ ပြောပြရုံနဲ့ နားလည်ဖို့မလွယ်ဘူး။ လက်တွေ့လုပ်မှ နားလည်တယ်။ လက်တွေ့တောင်မှ နှစ်ကြာမှ ကျောက်ပညာကို စမ်းမိရုံရယ်။ ပညာမကုန်ဘူး။ ကျွန်တော် ကျောက်တွင်းထဲဝင်တာ တစ်နှစ်လောက်ရှိပြီ။ ဒါလည်း ကောင်းကောင်း နားမလည်သေးဘူး။ ခုထိ မေးရ စမ်းရတုန်းပဲ။ အခေါ်အဝေါ်တွေကလည်း များတယ်။ ကျောက်အခွံကိုခေါ်တဲ့ ဝေါဟာရကိုက နည်းလို့လား၊ ဝါးဖတ်ခွံတဲ့၊ အာလူးခွံတဲ့၊ သံချေးခွံတဲ့၊ ခွံကြွေတဲ့၊ မှုံတုခွံကြွေတဲ့၊ ကျောက်ရဲ့ အရည်အသွေးနဲ့ ပတ်သက်တဲ့ ဝေါဟာရတွေကလည်း အများကြီးပဲ။ ဆွေးတဲ့၊ ဆွေးလှတဲ့၊ ပဲဆွေးလှတဲ့၊ လန့်တဲ့၊ လန့်လှတဲ့၊ လန့်လှဆွေးတဲ့၊ အခွံပေါ်မှာ ထင်နေတဲ့ ပြချက်နဲ့ပတ်သတ်လို့လည်း ခါးပတ်ကြီးတဲ့၊ ခေါင်းပေါင်းကြီးတဲ့၊ ကျားကိုက်ကြီးတဲ့ စုံလို့ပဲ။ ဘယ်သူတွေက ဘယ်လိုအဓိပ္ပာယ်နဲ့ ဘယ်တုန်းကခေါ်ခဲ့တယ် ဆိုတာကိုတော့ ကျွန်တော်





လည်း မသိဘူး။

တချို့ဟာတွေကို ကျွန်တော် ခုထိလည်း မမြင်ဖူးသေးပါဘူး နားလည်းမလည်သေးဘူး။ အဲ . . . ကျွန်တော် နားလည်တာ တစ်ခုတော့ ရှိတယ်။ ကျောက်စိမ်းတစ်တုံးဟာ ရိုးရိုးကျောက်တုံးထက် အထိအတွေ့မှာ ပိုအေးတယ်။ အရွယ်အစားချင်း တူရင်လည်း အခြားကျောက်တုံးတွေထက် ပိုလေးတယ်။ ပွတ်သပ်ကြည့်ရင်လည်း တခြားကျောက်တုံးတွေနဲ့ မတူဘူး။ ဖယောင်းတို့ ချော်တို့ကို ရေဆေးပြီး ပွတ်သပ်ကြည့်ရင် တခြားကျောက်တုံးတွေလို မာချောချောမနေဘူး။ ကော်ပတ်အနုစားကလေးကို ထိရသလိုပဲ။ ပြီးတော့ ယမ်းလို့ခေါ်တဲ့ အမှုန်လက်လက်ကလေးတွေ ပါတတ်တယ်။ သာမန်ကျောက်တုံး တစ်တုံးမှာ ယမ်းမပါဘူး။

ထားပါလေ။ ဒါတွေက ရှုပ်ပါတယ်။ အပြင်လူမပြောနဲ့ ကျွန်တော်တို့တောင် အကုန်နားလည်တာ မဟုတ်ဘူး။ အင်မတန်ဝါရင့်တဲ့ မော်ကြာကြီးတွေမှ သိတာ။ လူတိုင်းသိနေရင် လူတိုင်း ကျောက်သူဌေးတွေ ဖြစ်ကုန်မှာပေါ့။

မနေ့က ကျင်းဖွင့်ပြီး ကျင်းတူးပြီးပြီ။ ဒီနေ့ ကျောက်ရှာရတယ်။

နှစ်ရက်လောက် ကြိုးစားပြီး မြေလွှာကို လှန်လိုက်တော့ ကျောက်ကြောပေါ်လာတယ်။ ဒါကြောင့် ကျောက်ရှာဖို့ မော်ထဲကို စောစောဝင်ခဲ့ကြတယ်။ မာဇရမ်းကို စခန်းစောင့်ထားခဲ့တယ်။ မှိုန်းချင်လှတဲ့ကောင် တစ်နေကုန်မှိန်းနေရစ်ခဲ့။ ရှမ်းကြီးကိုယ်တိုင် ကျွန်တော်တို့သုံးယောက်နဲ့ လိုက်လာတယ်။ သူ မလိုက်လို့မဖြစ်ဘူးလေ၊ သူက ကျင်းဦးစီး။ ကျောက်ရှာတဲ့အချိန်ဟာ ကျောက်တူးသမားအဖို့ အရေးကြီးဆုံးအချိန်။ ကျောက်တူးသမားအဖို့ သိန်းကျောက်လား၊ သောင်းကျောက်လား ဆိုပြီး မဲနှိုက်ရတဲ့အချိန်။ ကျင်းထောင်နဲ့ ကျင်းဦးစီးကလည်း ကျောက်တူးသမားကို မျက်တောင်မခတ်စောင့်ကြည့်တဲ့အချိန်၊ ဒီအချိန်ကလေးဟာ ကျောက်တူးသမားအဖို့ တကယ့် သေးရေးရှင်ရေးအချိန်ပဲ။

စခန်းကျတော့ အိုင်ပေါက်က လှမ်းပြောတယ်။

''ငါ မနေ့ညက အိပ်မက်ကောင်းတယ် အစ်ကိုရ'' တဲ့။

အိုင်ပေါက်က နားလေးတယ်။ စကားလည်း နည်းတယ်။ စကားနည်းတဲ့ အိုင်ပေါက်က ပြောလိုက်တော့ ကျွန်တော်တို့အားလုံး စိတ်ဝင်စားသွားကြတယ်။

''ဘယ်လိုမက်တာလဲကွ''



www.burmeseclassic.com

www.burmeseclassic.com



"ညက ငါ့ဆီကို မိန်းမတစ်ယောက်လာတယ်။ အရမ်းချောတာပဲ။ ငါ့အနားမှာ လာရပ်ပြီး ငါ့ကိုကြည့်ပြုံးတယ်။ ငါက ပြန်ပြုံးပြတော့ ငါ့ဘေးမှာ ဝင်အိပ်တယ်။ ပြီးတော့ ငါ့စောင်ခြုံထဲကို အတင်းဝင်တယ်"

"ကြံကြီးစည်ရာကွာ"လို့ ကျွန်တော် ပြောပြီးရယ်တယ်။

ဒါပေမဲ့ ရှမ်းကြီးကတော့ မရယ်နိုင်ဘူး။

"ဟေ့ကောင်၊ မင်း တကယ်ပြောနေတာလား"

"တကယ်ပေါ့ အစ်ကိုရ"

"ဟေ့ကောင် ဖော်အောင်၊ ရယ်မနေနဲ့၊ နိမိတ်ကောင်းတယ်လို့ အဆိုရှိတယ်။ မိန်းကလေးနဲ့ပတ်သက်ပြီး အိပ်မက်မက်ရင် ကျောက်ကောင်းရတယ်လို့ ယုံကြည်ကြတယ်"

ကျောက်တွင်းကိုရောက်တော့ ကျွန်တော်က မနေ့က ဖော်ထားတဲ့ ကျင်းထဲကိုဆင်းပြီး သံတိုင်ထိုးတယ်။ အိုင်ပေါက်က မြေစာသစ်ကို တောင်းနဲ့ သယ်ပြီး နှုတ်ခမ်းကိုတင်ပေးတယ်။ ရှမ်းကြီးနဲ့ ကိုအောင်သူက ကျောက်ရှာတယ်။

ဘာကြာလိုက်သလဲ၊ ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်လောက်ပဲ ကြာလိုက်မယ် ထင်တယ်။

မှော်တောင်းကော်ဘက်ဆီက ဒိုင်းခနဲ သေနတ်သံ တစ်ချက်ကြားလိုက်ရတယ်။ မှော်တောင်းကော်ဘက်ကို သက်ဆိုင်ရာက ဝင်နေပြီဆိုတာ ကျွန်တော်တို့အားလုံး မပြောဘဲနဲ့ သိလိုက်ကြတယ်။

နာလိုက်တာ၊ ကျောက်ရှာတော့မှ ပြဿနာတက်လာတယ်။ မတတ်နိုင်ဘူးလေ။ ပြေးရမှာပေါ့။ လွတ်အောင်ပြေးရမှာပေါ့။

ဒါနဲ့ ကျွန်တော်တို့ ချုံကြားထဲဝင်ပြီး ပြေးလမ်းကို ကြည့်လိုက်တယ်။ ဘယ်ရမလဲ၊ ကျွန်တော်တို့က မှော်လုံ့မှာ ကျောက်ရှာဖို့ လောကြီးနေတော့ မှော်လုံ့ထဲကို သက်ဆိုင်ရာက ဝင်ကပ်နေတာ မသိလိုက်ဘူး။

အားလုံး အဖမ်းခံရတာပေါ့။ မိတာမှ စခန်းစောင့်တွေတောင် မကျန်ဘူး။ စုစုပေါင်း မှော်ထဲမှာ လူ ၅၀ လောက်မိသွားတယ်။ ရိက္ခာ၊ အိုးခွက်၊ ဓား၊ သံတိုင်၊ ပေါက်ပြား စတဲ့ ပစ္စည်းကိရိယာအားလုံးကိုလည်း သိမ်းသွားတယ်။

ကျွန်တော်တို့ကို စခန်းခေါ်သွားပြီး တာဝန်ရှိသူတစ်ယောက်က ဒီအကြိမ်ဟာ နောက်ဆုံးအကြိမ် သတိပေးခြင်းဖြစ်တဲ့အကြောင်း၊ ဒီနယ်မြေဟာ အနက်ရောင်နယ်မြေဖြစ်တဲ့အကြောင်း၊ တိုင်းပြည်ထူထောင်ချိန်မှာ ဖြတ်လမ်း





မလိုက်ကြဖို့အကြောင်း ဘာညာစသဖြင့် တရားဟောပြီး ပြန်လွှတ်လိုက်တယ်။ တော်သေးတာပေါ့။ မောင်မင်းကြီးသား သက်တော်ရာကျော် ရှည်ပါစေဗျာ။

ဒါနဲ့ ကျွန်တော်တို့ မြို့ကို ပြန်လာခဲ့ရတယ်။ အပြန်ခရီးက အလာခရီး ထက်တောင် ဝေးတယ်လို့ ထင်နေတယ်။

## (၆)

ဒါပေမဲ့ ဦးကျော်ငြိမ်းပဲ။ ဘယ်ရမတုံး။

ဦးကျော်ငြိမ်းဟာ ဒီလောကထဲကို ရောက်လာတာ ဆယ်နှစ်လောက်ရှိပြီ။ ဟိုတုန်းကတော့ မုံရွာနယ်က ကားပိုင်ရှင်။ နောက်တော့ ဒီလုပ်ငန်းနဲ့ တဖြည်းဖြည်း ချမ်းသာလာပြီး မန္တလေးအောင်တော်မူထဲမှာ ခြံတစ်ခြံနဲ့တိုက် တစ်လုံး ဝယ်တယ်။ ဒီမြို့ကလေးမှာလည်း အိမ်တစ်အိမ်နဲ့ ခြံတစ်ခြံဝယ်ထားတယ်။ မိသားစုက မန္တလေးမှာ နေတယ်။ သူကတော့ မန္တလေးနဲ့ဒီမြို့ကလေးကို အိမ်ဦးနဲ့ကြမ်းပြင် ကူးနေတယ်။ လူက လျှင်လည်း လျှင်တယ်။ အပေါင်းအသင်းလည်း ကောင်းတယ်။ လုပ်ရဲကိုင်ရဲလည်း ရှိတယ်။ ဒီလုပ်ငန်းနဲ့ပဲ ဆယ်နှစ်အတွင်းမှာ သိန်းပေါင်းဆယ်ပေါင်းများစွာ ရပြီးပြီ။ နောက်ထပ် နည်းနည်းပါးပါး (သူ့နည်းနည်းပါးပါးဆိုတာ ဘယ်လောက်လဲတော့ ကျွန်တော်လည်း မသိဘူး။) လုပ်ပြီးရင် ဒီလုပ်ငန်းက လုံးဝအနားယူလိုက်တော့မယ်လို့ စိတ်ကူးထားတယ်လို့ ပြောတယ်။ မနားခင်တော့ ရသလောက် ရှာဦးမယ်တဲ့။ အရည် ကျောက်လုပ်ငန်းတွေ လုပ်လို့မကောင်းတော့ ကျင်းထောင်တော်တော်များများ နားထားလိုက်ကြတယ်။ ဒါပေမဲ့ ဦးကျော်ငြိမ်းက မနားဘူး။ အသားကျောက် လုပ်ငန်းလုပ်တယ်။ လုပ်လို့ ကိုမြမောင်ကြီးတို့ တစ်သိုက်ရော၊ လှေသားတွေ ရော အဖမ်းခံလိုက်ရတယ်။ စရိတ်တွေရော၊ ပစ္စည်းတွေရော အားလုံးဆုံးတယ်။

ဒါနဲ့ ခု ကျွန်တော်တို့အဖွဲ့ကို လွှတ်ပြီး စမ်းကြည့်တယ်။ ဒါပေမဲ့ မဟန်ဘူး။ ဒီတော့ သူ့ အကြံတစ်ခုထုတ်တယ်။ ဒီလောက်တောင် မရေမရာ လုပ်နေရတဲ့ နေရာမှာ သူ့ အလုပ်မလုပ်ချင်ဘူး။ မှော်သစ်ရှာမှဖြစ်မယ်လို့ စဉ်းစားတယ်။ မှော်သစ်ဆိုတာ ကျောက်ကြောသစ်ကို ပြောတာ။

ဦးကျော်ငြိမ်းဟာ ကျွန်တော်တို့ကို ပြန်မလွှတ်သေးဘဲ အခြေအနေကို စနည်းနာနေတယ်။ ဘယ်နေရာမှာ ကျောက်ကြောရှိသလဲလို့ စူးစမ်းတယ်။ တစ်နေ့တစ်နေ့ မြေပုံကြီးချပြီး ကြည့်နေတာပဲ။ ပုတာအိုဘက်မှာ ကျောက်စိမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောတွေ တွေ့နေတယ်လို့ ကြားတယ်။ ပူတာအိုကနေ တောင်ဘက်ကို ဆင်းလာရင် မြစ်ကြီးနား၊ ဖားကန့် ကျောက်တွင်းရှိတယ်။ ခန္တီး၊ မော်တောင်းကော်၊ မော်လုံး၊ ဟုမ္မလင်းအထိရှိတယ်။ ဟုမ္မလင်းကနေ အထက်ပြန်ချီးလိုက်ရင် တာမခန်းတို့ ဘာတို့ တစ်ဝိုက်မှာလည်း ရှိတယ်လို့ ကြားတယ်။

ခု ရှမ်းကြီးရဲ့အဆက်နဲ့ မော်သစ်တွေ့ထားတယ်ဆိုတဲ့ လူတစ်ယောက်နဲ့ စကားပြောထားတယ်။ သူ့မှာ အရင်းအနှီးမရှိဘူး။ ကျောက်ကြောကိုတော့ သိတယ်။ သူကလည်း ဦးကျော်ငြိမ်းနဲ့လုပ်ချင်တယ်။ သူက ကျွမ်းကျင်မှုစိုက်မယ်။ ဦးကျော်ငြိမ်းက အရင်းအနှီးနဲ့ လူအားစိုက်ရမယ်။

"ဒါက နန့်တွန်ထုံးချောင်း။ ဒါက နန့်စီပွန်ချောင်း။ ဒါက ပါရိခချောင်း။ ဒါက နန့်မော်ချောင်း။ ရှမ်းကြီးပြောတဲ့ လူရဲ့စကားအရ နန့်မော်ချောင်းမြောက်ဘက်ဆိုတော့ ဒီနားတစ်ဝိုက်မှာ ဖြစ်မယ်"

တစ်နေ့မှာ ဦးကျော်ငြိမ်းက မြေပုံကြီးကို ခဲတံနဲ့ ထောက်ရင်း ရှမ်းကြီးကို ပြနေတယ်။

"ဖြစ်နိုင်တယ်၊ နန့်မော်ချောင်းဖျားမှာ ရှေးစော်ဘွားတွေ တူးခဲ့တဲ့ မော်မလန်းရှိတယ်။ အဲဒီ တောင်ဘက်နားမှာ မိုးကြိုးပစ်တောင်ရှိတယ်။ မိုးကြိုးပစ်တောင်ကလည်း အနာများလို့ ရှေးကွက်မဝင်တာပဲရှိတယ်။ ကျောက်တော့ ရှိတာပဲ"

တစ်နေ့တော့ အဲဒီကျောက်ကြောကို သိတဲ့လူ ရောက်လာတယ်။ ရှမ်းကြီးနဲ့ ဆက်သွယ်ပြီး ရောက်လာတာ၊ သူ့နာမည်က ဦးအိုက်ထွားတဲ့။ ရှမ်းလို့ ပြောတာပဲ။ အသားတော့ မည်းတယ်၊ အသက်တော့ လေးဆယ်လောက်ရှိပြီ။ ကာယဗလ ကောင်းကောင်း။ လူထွားကြီး နှုတ်ခမ်းမွေးကျင်စွယ်ကြီးနဲ့ လူရုပ်ကို ကြည့်ရတာကတော့ လုပ်စရာရှိရင် တကယ်လုပ်မယ့်လူမျိုးပဲ။

အိုက်ထွားက နန့်မော်ချောင်းထဲကရလာတဲ့ အရည်ခွံကလေးတစ်ခုကို ပြတယ်။ သူ့ပစ္စည်းကို လက်ကိုင်ပဝါထောင့်စွန်းကလေးထဲမှာ သေသေချာချာ ထုပ်ထားတယ်။ ဟုတ်တယ်၊ သူ့ပစ္စည်းကလေးက တော်တော်ကောင်းတယ်။ ဦးကျော်ငြိမ်းက ရှမ်းကြီးနဲ့ ကျွန်တော်တို့ကို ခေါ်ပြတယ်။ ကြည့်လိုက်ရင် ကျွမ်းကျင်သူတွေ မပြောနဲ့၊ ကျွန်တော့်လို အတွေ့အကြုံနုသေးတဲ့ကောင်တောင် အမျိုးကောင်းမှန်း ချက်ချင်းသိတယ်။ ဦးကျော်ငြိမ်းက ဒီကျောက်ကို ဘယ်လိုတွေ့လာသလဲလို့ မေးတော့ ဦးအိုက်ထွားက ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ စိတ်ချရရဲ့လားဆိုတဲ့ သဘောပေါ့။





"ပြောပါ၊ ရပါတယ်၊ ကျွန်တော့်ကောင်တွေချည်းပါ"

ဒီတော့မှ ဒီကျောက်ကလေးရလာပုံကို ဦးအိုက်ထွားက ပြောပြတယ်။ သူရလာပုံကလည်း တော်တော်ဆန်းတယ်။

အဲဒီတုန်းက မော်စည်နေတဲ့အချိန်။ မော်စည်တယ်ဆိုတာ ကျောက်တွင်းတူးနေတဲ့ လုပ်ငန်းတွေ ကောင်းနေတဲ့ အချိန်။ ဒီလိုမော်စည်တဲ့ခေတ်ကို ကျွန်တော်တို့ မမီလိုက်ဘူး။

အဲဒီတုန်းက ကျောက်မော်ထဲမှာ အရက်ရတယ်။ အရက်မှ နိုင်ငံခြားအရက်မျိုးစုံ။ ဝီုက်လေဘယ်တို့၊ ရက်လေဘယ်တို့အထိရတယ်။ ဆေးပေါ့လိပ်ကနေ ငါးသုံးလုံး စီးကရက်အထိ ရတယ်။ စားကုန်သောက်ကုန်တွေလည်း ရတယ်။ ဘိန်းလည်း ရတယ်။ လိုချင်တဲ့ပစ္စည်း အကုန်ရတယ်။ ဈေးတော့ မမေးနဲ့။

ကာစားဝိုင်းကလည်း ဂျင်ဝိုင်း၊ မာကျောက်ဝိုင်း အစုံရှိတယ်။ အလျော်အစားက ငွေကို မရေဘူး။ အပုံလိုက်ထိုးပြီး အပုံလိုက် ခန့်မှန်းပြီး လျော်တယ်။ ကျောက်တွင်းနဲ့တောင် မတူဘူး။ မော်တောင်းကော်တို့၊ မော်လုံတို့ တစ်ဝိုက်မှာဆိုရင် ကျောက်တူးသမားတွေနဲ့ ဈေးသည်တွေ စည်လိုက်တာ၊ ဘာပြောကောင်းမလဲ။ ပွဲတော်ကြီးကျနေတာပဲ။ မိန်းမ မရှိတာတစ်ခုပဲ။

တစ်ခါတော့ ထူးထူးဆန်းဆန်း သူတို့မော်ထဲက ဈေးကို မိန်းမတစ်ယောက် ရောက်လာတယ်။ ဈေးရောင်းဖို့ ရောက်လာတာ၊ တော်တော်သတ္တိကောင်းတဲ့မိန်းမ။ သူ့နာမည်က မခင်ရွှေတဲ့။ ဟုမ္မလင်းက၊ အသက်က သုံးဆယ်နဲ့ သုံးဆယ့်ငါးနှစ်ကြားရှိမယ်။ တစ်ခုလပ်၊ ရုပ်ကလည်း အသားဖြူဖြူ၊ လုံးကြီးပေါက်လှ။ မော်ထဲမှာ ဈေးရောင်းကောင်းတယ်ဆိုလို့ လှေအငှားနဲ့ နန့်တွန်ထုံးကနေ နန့်ခေါ်မာအတိုင်း ဆန်တက်လာတာတဲ့။ အံ့ရော။

မော်ထဲမှာ မခင်ရွှေရောက်လာတဲ့ သတင်းဟာ ချက်ချင်း ပျံ့သွားတယ်။ ရောင်းလို့ကောင်းလိုက်တာ လက်မလည်ဘူး။ ရှိုးရှိုးသားသားလာပြီး စားကြ၊ သောက်ကြ၊ ဝယ်ကြသူရှိသလို မခင်ရွှေကို ရိသဲ့သဲ့လုပ်ဖို့ လာတဲ့လူတွေလည်း ရှိတယ်။ ဒါပေမဲ့ အကြံတူတွေများနေလို့ မခင်ရွှေကို ဘယ်သူမှ လက်ဖျားနဲ့ မတို့ရဲကြဘူး။ တစ်နေ့တော့ မော်ထဲက သေနတ်သံနှစ်ချက် ကြားရတယ်။ ဒီတင် သက်ဆိုင်ရာက ဝိုင်းပြီဆိုပြီး ရှုတ်ရှုတ်သဲသဲ ဖြစ်ကြတယ်။ ဒီတုန်းမှာ အကြံသမားတစ်သိုက်က မခင်ရွှေကို ခေါ်ထုတ်သွားကြတယ်။

အမှန်ကတော့ မော်ကို ဘယ်သက်ဆိုင်ရာကမှ ဝိုင်းတာမဟုတ်ဘူး။ အကြံသမားတစ်သိုက်က တိတ်တိတ်ပုန်းကိုင်တဲ့ သေနတ်နဲ့ လှမ်းခြောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူတို့လူတွေက မခင်ရွှေကို ဆွဲထုတ်သွားကြတာ။

တိုတိုပြောရရင် မခင်ရွှေကြောင့် မော်လန့်သွားတယ် ဆိုပါတော့။

နောက်တော့ မော်လန့်တာဟာ မခင်ရွှေကြောင့်ဆိုတာ သိကြတယ်။ ဒါပေမဲ့ ဘယ်သူမှ ကြာကြာမနေချင်ကြတော့ဘူး။ သတင်းက ကြီးသည်ထက် ကြီးလာတော့ တစ်နေ့မဟုတ်တစ်နေ့မှာ ပြဿနာပေါ်မယ်လို့ ထင်နေကြတယ်။

ထင်တဲ့အတိုင်းပဲ မခင်ရွှေကိစ္စကြောင့် မော်လန့်ပြီး နှစ်ရက်သုံးရက်အကြာမှာ သက်ဆိုင်ရာက ဝိုင်းတော့ ကျောက်တူးသမားတွေ ပြေးသူပြေး မိသူမိနဲ့ ရှုတ်ရှုတ်သဲသဲ ဖြစ်ကြတယ်။

အဲဒီတုန်းက ဦးအိုက်ထွားက တရုတ်လောပန်းဆီမှာ ကျင်းဦးစီး မော်ကြာလုပ်နေတယ်။ သက်ဆိုင်ရာက ဝိုင်းတော့ သူလည်း ရိက္ခာအိတ်ကလေးဆွဲပြီး အလွတ်ထွက်နိုင်ခဲ့ပါရဲ့။ ဒါပေမဲ့ ခက်တာက ပြန်လမ်းကို ရုတ်တရက်ရွေးလို့မရဘူး။ လမ်းရွေးမှားလို့ ဖြန့်ထားတဲ့ သက်ဆိုင်ရာနဲ့ ဝင်တိုးရင် ဒုက္ခ။ ဘယ်လမ်းက ပြန်ရမလဲ။

စိန်တန်းလမ်း ရှိတယ်။ မွဲမှုတ်လမ်း ရှိတယ်။ နိုက်တူးလမ်း ရှိတယ်။ မှန်ပင်လမ်း ရှိတယ်။ နန်းမော်လမ်း ရှိတယ်။

နောက်ဆုံး နန်းမော်လမ်းက ပြန်ထွက်မယ်လို့ သူ ဆုံးဖြတ်တယ်။ နန်းမော်လမ်းက တခြားလမ်းတွေလို တစ်ခုနဲ့တစ်ခု မနီးဘူး။ သူက သီးခြားလမ်း။ မော်ထဲကို သက်ဆိုင်ရာက ဝင်ရင် ဘယ်တော့မှ ဒီလမ်းကဝင်လေ့မရှိဘူး။ သွားရတာက ကုန်းတစ်တန်၊ ရေတစ်တန်။ ပြီးတော့ အဖြောင့်မဟုတ်ဘူး။ အကောက်။ ကွေ့ပတ်သွားရတာ။

သူထင်တဲ့အတိုင်းပဲ နန်းမော်လမ်းမှာ ဘာမှ အနှောင့်အယှက်မတွေ့ဘူး။ မော်ထဲကထွက်လာလို့ တစ်ညအိပ်ပြီးတော့ နန်းမော်ချောင်းကို ရောက်တယ်။ အဲဒီကနေ့တိုင်း ခုန်ကျို၊ ဘရှူးမုန်းကတစ်ဆင့် လှေကြုံနဲ့စုန်သွားလို့ရတယ်။ ဒါနဲ့ နန်းမော်ချောင်းအတိုင်း စုန်လျှောက်လာတုန်းမှာ မမျှော်လင့်ဘဲ ကင်းနဲ့သွားတွေ့တယ်။ ပြန်လှည့်ပေမဲ့ နောက်ကျသွားပြီ။ ကင်းက သူ့ကို မြင်လို့ သေနတ်နဲ့ လှမ်းပစ်တယ်။ ချောင်းတစ်ဖက်လမ်းကို တက်ပြီး တောင်စောင်းပေါ်အတိုင်း စွတ်ပြေးတယ်။ သေနတ်သံက နောက်ကလိုက်လာတယ်။ တစ်ဖက်ကမ်းကိုတက်ပြီး နောက်တော်တော်ကြာတော့မှ နောက်ကသေနတ်သံရပ်သွားတယ်။ သေနတ်သံရပ်သွားပေမဲ့ စိတ်မချတာနဲ့ တောင်ကလေးနှစ်





လုံးလောက် ကျော်ခဲ့သေးတယ်။

အဲဒီတော့ တော်တော်မိုးချုပ်နေပြီ။ စမ်းချောင်းကလေး တစ်ခုအနားမှာ စခန်းချတယ်။ တောက တော်တော်နက်တယ်။ လူသွားလူလာ လုံးဝမတွေ့ရဘူး။ စမ်းချောင်းအစပ်မှာ ဆင်ခြေရာ ကျားခြေရာတွေ တွေ့ရသေးတယ်။ ဝါးကျည်တောက်ထဲမှာ ထည့်လာတဲ့ ထမင်းကျန်နဲ့ အသားခြောက်ကို စားပြီး နေမဝင်ခင် သစ်ပင်ကြီးတစ်ပင်ပေါ် တက်။ ခွဆုံမှာ နေရာယူတယ်။ အောက်က ကျားအော်သံ၊ ကျားဟိန်းသံ၊ ချေဟောက်သံ၊ ဆင်အုပ်တွေ ဝါးတောကို ဝင်မွှေတဲ့အသံကို ကြားနေရတယ်။

နံနက် နေတော်တော်မြင့်တော့မှ သစ်ပင်ပေါ်က ဆင်းရဲတယ်။ မျက်နှာသစ်မလို့ ချောင်းကို ဆင်းလာတော့ ချောင်းစပ်မှာ စိမ်းစိမ်းအရာကလေး တစ်ခု တွေ့တယ်။ ကောက်ကြည့်လိုက်တော့ ကျောက်စိမ်းတုံး အပဲ့ကလေး။

ကျောက်စိမ်းတုံးပဲ့လေးကို သေသေချာချာ ကြည့်တယ်။ တော်တော်အရည်ကောင်းတဲ့ ကျောက်။ ဒါနဲ့ ချောင်းကမ်းပါးကမြေသားတွေကို ထိုးဆွကြည့်တယ်။ မြေသားက သူတို့တူးနေကျ မော်တောင်းကော်၊ မော်လုံက မြေသားမျိုး။ အသာကလေးထိုးကြည့်ရုံနဲ့ မြေသားထဲက အသားကျောက်တစ်တုံး ထွက်လာတယ်။ ရေဆေးကြည့်တယ်။ ပန်းစပန်းနုပြချက်တော့ မရှိဘူး။ ထုခွဲကြည့်တယ်။ အသားကျောက်တော့ အသားကျောက်ပဲ။ ဒါပေမဲ့ အရည်မစွဲဘူး။ ဘေးကိုကြည့်လိုက်တော့ ဝါးနွယ်ရုံကြီးတွေက မှောင်ပိန်းပြီး အုံ့ဆိုင်းနေတယ်။ မော်တောင်းကော်၊ မော်လုံတစ်ဝိုက်မှာ တွေ့ရတဲ့ ဝါးနွယ်ရုံကြီးမျိုးတွေ။

သေချာတယ်၊ ဒီနေရာမှာ အရည်ကောင်းတဲ့ ကျောက်စိမ်းကြောရှိရမယ်။

ဒါဟာ ဦးအိုက်ထွားအိတ်ထဲက ကျောက်စိမ်းပဲ့ကလေးရဲ့ ဇာတ်လမ်းပဲ။ သူ့မှာ ငွေအရင်းအနှီးမရှိဘူး။ အလုပ်သမားမရှိဘူး။ ဒါကြောင့် ရှမ်းကြီးနဲ့ဆက်ပြီး ဦးကျော်ငြိမ်းဆီကို ရောက်လာတာ။

ဦးကျော်ငြိမ်း သဘောကျသွားတယ်။ သူကိုယ်တိုင်လိုက်မယ်ဆိုပြီး ရိက္ခာတွေစု အစီအစဉ်တွေဆွဲတယ်။

နန်းမော်ချောင်းက ခန္တီးရဲ့ အရှေ့မြောက်ယွန်းယွန်းလောက်မှာ ရှိတယ်။ ချောင်းက တောင်ကျချောင်း။ ချင်းတွင်းထဲကို ဝင်တယ်။

နန့်မော်ချောင်းထဲကို ဝင်လိုက်တာနဲ့ ဒီနေရာတစ်ဝိုက်မှာ လူအသွား



www.burmeseclassic.com

www.burmeseclassic.com



အလာမရှိဘူးဆိုတာ သိရတယ်။ ချောင်းဘေးမှာ ရေမ ကျားခြေရာကြီးတွေ၊ ဝံခြေရာကြီးတွေ၊ ဆင်ခြေရာကြီးတွေကို လတ်လတ်ဆတ်ဆတ် တွေ့ရတယ်။ ချောင်းက တစ်လျှောက်လုံး လှေလှော်လို့ရတာ မဟုတ်ဘူး။ ရေများတဲ့ အိုက်တန်းတို့ ဘာတို့ရောက်မှ လှေလှော်လို့ရတာ။ ရေတိမ်နေတဲ့နေရာမှာဆိုရင် ကမ်းကနေပြီး ကြိုးနဲ့ ဆွဲရတယ်။ တချို့က ရေထဲကိုဆင်းပြီး နောက်က တွန်းရတယ်။ ဒီတော့ ဘယ်ခရီးတွင်မလဲ။ ဒီအထဲမှာ ကိုယ်က ရေကို ဆန်ပြီး လှော်နေရတာ၊ တွန်းနေဆွဲနေရတာ။ တောင်ကျရေဆိုတာ ဘယ်လောက်ပဲ တိမ်တိမ် ရေစီးအရှိန်ကတော့ ကောင်းတုန်းပဲ။ တစ်နေရာမှာ လူတစ်ဖက်ခန့် လောက်ရှိတဲ့ သစ်ပင်ကြီးတစ်ပင် ဆင်အောင်းထားလို့ လဲကျနေတယ်။ တချို့ နေရာကိုရောက်တော့လည်း ဝံခြေရာကြီးတွေ တွေ့ရတယ်။ ဝံခြေရာက လူခြေရာအတိုင်းပဲ။ ဖနောင့်မပါတာ တစ်ခုပဲကွာတယ်။

မြို့ကထွက်လာတာ လေးညအိပ်ရှိပြီ။ မြို့ကထွက်တုန်းက ညအမှောင်ကိုခိုပြီး လေးငါးမိုင်လောက်ဝေးတဲ့ နာဂတောင်ယာတဲကလေး တစ်ထဲမှာ ဝင်အိပ်တယ်။ နောက်တစ်နေ့ မနက်စောစော အိုင်ပေါက်ရဲ့အစ်ကိုရှိတဲ့ နန့်ဖာ ရွာအောက်နားမှာ လှေကပ်ပြီး အိပ်တယ်။ နောက်တစ်နေ့မှာ မနက်အစော ကြီးထွက်ပြီး ချင်းတွင်းတစ်ဘက်ကမ်း နန့်မှော်ချောင်းအောက်နားက ဘာရူးမုန်ကို ညဦးအနက်ခံ ကျော်လာပြီး နန့်မှော်ချောင်းထဲကို ဝင်တော့ စိတ်ချလက်ချ အိပ်တယ်။ ခု နန့်မှော်ချောင်းထဲမှာ ကျွန်တော်တို့ အိပ်ခဲ့တာ နှစ်ညရှိပြီ။ နောက်တစ်နေ့ ညနေဆိုရင် စခန်းကိုရောက်မယ်လို့ ဦးအိုက်ထွားက ပြောတာပဲ။ တကယ်လို့ ချောချောမောမော ဖြစ်ခဲ့ရင်ပေါ့လေ။

ဒါပေမဲ့ ဒီခရီးက ကြမ်းလွန်းတယ်။ အလျင်တစ်ခေါက် မှော်တောင်းကော်၊ မှော်လုံခရီးဟာ ဒါနဲ့စာရင် ဘာဆိုင်သလဲ။ ကတ္တရာစေးလမ်းပေါ် လျှောက်နေရသလား ထင်ရလောက်အောင် လမ်းချောတယ်။ ခု တစ်ခေါက်ကျတော့ ရိက္ခာက တစ်လစာယူရတယ်။ ရေလမ်းကို အများဆုံးသုံးရတယ်။ ရေလမ်းဆိုတာ လှေပေါ်ထိုင်လိုက်သွားပြီး လှော်ရတာမဟုတ်ဘူး။ လှေကို ကမ်းကနေ ကြိုးနဲ့ဆွဲရတာ။ အကွေ့အကောက်။ တံတောင်ဆစ်ချိုးတွေကလည်း သိပ်ပေါတယ်။ မိုးတွင်းဆိုရင်တော့ ဘယ်လိုမှသွားလို့မရတဲ့ တောင်ကျချောင်းအရိုင်း။

ချောင်းထဲမှ ကျောက်ဆောင်၊ ကျောက်တုံးတွေကလည်း ပေါလိုက်သေးတယ်။ ကမ်းဘေးမှာလည်း တောကောင်တွေက ရှောင်လို့မလွယ်ဘူး





တစ်နေရာမှာ အကောင်ကြီးတစ်ကောင် တွေ့လိုက်တယ်။ ခေါင်းက ခွေးလိုလို ဝက်လိုလိုပဲ။ ကိုယ်က တောဝံရဲ့ကိုယ်၊ ကမ်းပါးပေါ်ကို နွယ်ကိုင်းကျနေတဲ့ နွယ်ပင်တွေကို တွယ်တက်သွားတယ်။ ကျွန်တော်တို့ကိုကြည့်ပြီး တဝေါင်းဝေါင်းနဲ့ အော်သွားတယ်။ အောက်ပိုင်းကတော့ ဒရွတ်ဆွဲနေတယ်။ ဆင်ရိုက်ထားသလား မသိဘူး။ မာဗရမ်းက ပြောတော့ အဲဒီအကောင်က ခွေးတူဝက်တူတဲ့။

တစ်နေရာမှာ ချင်းတစ်ခု တွေ့တယ်။ ဒီချင်းက တော်တော် ကြမ်းတယ်။ ချင်းဆိုတာ ကျောက်တုံးကြီးတွေကြားထဲက စီးလာတဲ့ရေကျကို ခေါ်တာ။

ဦးအိုက်ထွားက လှေကို ထိန်းတယ်။ ကျွန်တော်က အောက်က လှေကို ဖေးပေးရတယ်။ ကျောက်တုံးတွေက ရေညှိတွေနဲ့ချောနေလို့ လဲကွဲကုန်တာတွေလည်း ရှိရဲ့။ ချင်းက သိပ်အရှိန်ပြင်းတော့ လှေမှောက်သွားနိုင်တယ်။ လှေဦးချာချာလည်ပြီး ကျောက်တုံးနဲ့ရိုက်လို့ လှေကွဲသွားနိုင်တယ်။

နောက်ဆုံးတော့ လှေကွဲမှာစိုးလို့ ကျွန်တော်တို့ ဒီည ဒီမှာပဲ အိပ်လိုက်ရတယ်။ လှေကိုလည်း ဒီနားတစ်ဝိုက်မှာပဲ လုံခြုံရာကို ရွှေ့ထားပြီး ရိက္ခာတွေနဲ့ ဆားပစ်ခဲ့တယ်။

မနက်ကျတော့ ရိက္ခာနဲ့လှေကို ဝှက်ပြီး ကျောပိုးအိတ်ကိုယ်စီနဲ့ ခြေကျင် ခရီးဆက်ကြတယ်။ ခု လမ်းကတော့ လမ်းရယ်လို့ လုံးလုံးမရှိပါဘူး။ သစ်ပင်ကြီး ပင်ကြား၊ ချုံကြို ချုံကြားထဲကို တိုးဝင်သွားရတာ၊ ကြိမ်တောတွေကို ခုတ်ရတာ။ ဦးအိုက်ထွားက ခေါင်းဆောင်ပေါ့။ ဒါတွေက သူ တွေ့ထားတဲ့နေရာ ကိုး။

လမ်းသွားရတယ်ဆိုတာ ဒီအတိုင်း သွားရတာမဟုတ်ဘူး။ လက်ထဲမှာ ဓားနဲ့။ ကြိမ်ပင်တွေ၊ ချုံတွေကို ခုတ်ဖြတ်ရှင်းလင်းပြီး တောတိုးရတာ။ ညနေ လေးနာရီလောက်ရှိတော့ ကျွန်တော်တို့ မှန်းထားတဲ့ နေရာကို ရောက်တယ်။

တောင်ကမ်းပါးယံက မြေတွေကို ဓားဦးနဲ့ ဆွကြည့်ကြတယ်။ မြေက တော့ မှော်တောင်းကော်၊ မှော်လုံဘက်က မြေမျိုးပဲ။ ဦးကျော်ငြိမ်းက မနက် ဖြန် အစီအစဉ်ကို ပြောပြတယ်။ ပထမဆုံး နတ်စင်ဆောက်ရမယ်။ ပြီးတော့ အိပ်စင်ဆောက်ရမယ်။ ရက်ရှည်လများ နေမှာဆိုတော့ မြေကြီးပေါ်မှာ အိပ်လို့ မဖြစ်ဘူး။ ဖျားနာကုန်မယ်။ ပြီးတော့ ရိက္ခာစင်တစ်ခု ဆောက်ရမယ်။ ဒါတွေပြီးမှ ကျင်းတူးတဲ့အလုပ်ကို စနိုင်မယ်။ ဦးကျော်ငြိမ်း၊ ဦးအိုက်ထွားနဲ့ မန်ကြီးက တူးရမယ့်နေရာကို ရွေးမယ်။



www.burmeseclassic.com

www.burmeseclassic.com



ညကျတော့ တိန် တိန် တိန်နဲ့ ကျားတစ်သံ ကြားရလို့ ဝါးလုံးအစိတွေကို မီးထဲထည့်ပြီး ဖောက်ရသေးတယ်။ ဒီတော့မှ အဝေးမှာ ပျောက်သွားတယ်။ ဆင်ကတော့ လူကြောက်တယ်။ မီးရောင်မြင်ရင် ဘယ်တော့မှ အနားမလာတော့ဘူး။

တိုတိုပြောရရင် ကျွန်တော်တို့ အလုပ်လုပ်တာ ရှစ်ရက်ရှိပြီ။ မြို့ကထွက်လာတဲ့ ရက်ကိုပါပေါင်းရင် ဆယ့်လေးရက်ရှိပြီ။ ကျင်းတွေ တစ်ကျင်းပြီးတစ်ကျင်း ပြောင်းတူးပေမဲ့ ကျောက်စနဲ့တူတာကိုတောင် မတွေ့ရသေးဘူး။ လူတွေလည်း တော်တော်ပန်းနေကြပြီ။ ရှေ့မှာလည်း မျှော်လင့်ချက် အရိပ်အယောင်မရှိ ဘာမရှိနဲ့ သိပ်ဆက်မလုပ်ချင်ကြတော့ဘူး။ စိတ်ပျက်လာကြပြီ။ စိတ်တိုလာကြပြီ။ ဦးအိုက်ထွားပြောတဲ့နေရာတွေ မှန်သမျှကို တူးကြည့်ပြီးပြီ။ ဒါပေမဲ့ ကျောက်နဲ့တူတာ တစ်လုံးမှ မတွေ့ရဘူး။

ဦးအိုက်ထွားကတော့ အားမလျော့သေးဘူး။ မှော်သစ်ရှာရတယ်ဆိုတာ မလွယ်ဘူးတဲ့။ အလွယ်ကြိုက်ရင် မှော်တောင်းထဲကိုလိုက်တဲ့။ ဒါနဲ့ နောက်ဆုံးတော့ သဘောတူညီချက်တစ်ခု လုပ်ရတယ်။ နောက်ထပ်သုံးရက် တူးကြည့်မယ်။ အလုပ်မဖြစ်ရင် ပြန်မယ်။ နန့်မှော်ချောင်းထဲကျမှ အသားကျောက်တွေကို တင်မယ်။

ဒီလိုသတ်မှတ်ပြီးတဲ့နောက် ပထမနေ့ ကုန်သွားတယ်။ ဒုတိယနေ့ကုန်သွားတယ်။ ဘာမှမရဘူး။ မာဗရမ်းကတော့ မထူနိုင်တော့ဘူး။ ဖျားတာ နှစ်ရက်ရှိပြီ။ ဖျားတာမှအပြင်းဖျားတာ။ တတိယနေ့ကတော့ နောက်ဆုံးပဲ။

နေ့လယ်ပိုင်း ပြန်တူးကြတော့ ဦးအိုက်ထွား ကျင်းထဲဆင်းသွားတယ်။ မိနစ်နှစ်ဆယ်လောက်ကြာတော့ ကျင်းထဲက အော်သံကြားလို့ ကျွန်တော်တို့ ကျင်းအပေါ်က ငုံ့ကြည့်ကြတယ်။ "အောင်ပြီဟေ့၊ အောင်ပြီကွ" ဆိုပြီး ကျင်းထဲမှာ ခုန်နေတယ်။ သူ ကျင်းပေါ်တက်လာတော့ သူ့မျက်နှာဟာ သတိလက်လွတ်တဲ့လူလို ဖြစ်နေတယ်။ သူ့လက်ထဲကို ကြည့်လိုက်တော့ ရေတွက်ကျည်ပွေ့အကြီးစားလောက်ရှိတဲ့ ကျောက်တုံးကြီးတစ်တုံး။ အရောင်က ဖွဲ့ရောင်လို ဝါဖန့်ဖန့်နဲ့။ ကျောက်ပတ်ပတ်လည်မှာ ငှက်ခါးတောင် အရောင်စိမ်းစိမ်း အစက်အပျောက်ကလေးတွေနဲ့။ ဟုတ်တယ်။ ကျောက်က မှုံတုံခွံကြွေ။

ဦးအိုက်ထွားဟာ အော်ဟစ်ပြီး ချောင်းစပ်ကို ပြေးဆင်းသွားတယ်။ ရေဆေးပြီးပြီမှ ကျွန်တော်တို့တစ်တွေ ဟာခနဲ အော်လိုက်မိကြတယ်။ ကောင်းလိုက်တဲ့ ကျောက်။ အပေါ်ယံဖုံးနေတဲ့ သဲတွေ၊ မြေတွေရောနေတဲ့ အခွံမရှိတော့





ဘူး။ စိမ်းကြည်နေတာပဲ။ တစ်ပိဿာလောက်တော့ အသားကလေးရှယ်။ ပျော်လိုက်ကြတာ ဘာပြောကောင်းမလဲ။

စခန်းရောက်တော့ ဦးအိုက်ထွားက ကျောက်ကြီးကို ဦးကျော်ငြိမ်းလက်ထဲကို အပ်လိုက်တယ်။

"ဒီနေ့ တို့အောင်ပွဲရတဲ့နေ့ပဲ။ ဒီနေရာကို ဘယ်သူမှ မပြောကြနဲ့။ လုံခြုံပေစေ့နော်။ ဒါပဲ။ ရတနာအလုပ်မှာ သစ္စာကတိရှိရတယ်ဆိုတာ မင်းတို့နားလည်တယ် မဟုတ်လား။ ပြီးတော့ တို့တစ်တွေ ဘယ်လောက်အပင်ပန်းခံခဲ့ရတယ်ဆိုတာ မင်းတို့အသိ"

ဒီနေ့ညက ဦးကျော်ငြိမ်းက သူ့တစ်ယောက်တည်းအတွက် သီးသန့်ထားတဲ့ ဝီစကီတစ်လုံးထုတ်တိုက်တယ်။ ဝက်အူချောင်းနဲ့ အသားခြောက်ကြော် အမြည်းနဲ့ ပွဲတော်ကြီးလေ။

ဦးကျော်ငြိမ်းရဲ့ အစီအစဉ်အရ နောက်တစ်နေ့မှာ ဆက်တူးကြတယ်။ ဒီလောက်နဲ့တော့ မပြန်နိုင်သေးဘူး။ လာမိမှတော့ ရနိုင်သလောက် တူးသွားရမယ်လို့ ပြောတယ်။ ကျွန်တော်တို့အားလုံးကလည်း သဘောတူတယ်။ ဟုတ်တယ်လေ။ ဒီနေရာကို တစ်ခေါက်လာဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။

နောက်တစ်နေ့မှာ ဦးကျော်ငြိမ်းနဲ့ ဦးအိုက်ထွားကို တဲစောင့်ထားခဲ့ကြတယ်။ လူကြီးတွေဆိုတော့ နားပါစေဆိုပြီး ထားခဲ့တာ။ မာဗရမ်းကလည်း အဖျားတက်လိုက်၊ ကျလိုက်ဆိုတော့ သူ့ကိုလည်း ထားခဲ့ရတယ်။

နေ့လယ် ထမင်းစားပြီး ကျွန်တော်တို့ ကျင်းထဲကို နောက်ထပ်တစ်ခေါက် ဆင်းနေတုန်းမှာ စခန်းဘက်ဆီက သေနတ်သံနှစ်ချက် ဆက်တိုက်ကြားလိုက်ရတယ်။ ကျွန်တော်ရယ်၊ ကိုအောင်သူရယ်၊ ရှမ်းကြီးရယ်၊ အိုင်ပေါက်ရယ် လေးယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အကဲခတ်နေကြတယ်။ သက်ဆိုင်ရာက ဝင်သလား။ ဒါမှမဟုတ် ဘာလဲ။

ရှမ်းကြီးက ခါးကစားကိုချွတ်ပြီး စခန်းဆီကိုပြေးတယ်။ အသံက စခန်းဘက်ဆီကလာတာ သေချာတယ်။

"အခြားအသံတော့ မဖြစ်နိုင်ဘူး။ တို့ထဲက သေနတ်သံ"လို့ အိုင်ပေါက်ပြောတယ်။ ကျွန်တော်တို့ သုံးယောက် သတိနဲ့ စခန်းကို ပြန်လာခဲ့ကြတယ်။ စခန်းမှာ ဘာဖြစ်မှန်းမသိဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ။ စခန်းနားရောက်တော့ စခန်းကိုမဝင်သေးဘဲ ခပ်လှမ်းလှမ်းကနေပြီး ကျွန်တော်တို့သုံးယောက် ကြည့်နေကြတယ်။

ဦးကျော်ငြိမ်းကရပ်ပြီး ခြေဟန်လက်ဟန်တွေနဲ့ ရှမ်းကြီးကို ပြောပြနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဘာတွေပြောနေမှန်းတော့ မသိဘူး။ မာဗရမ်းက စောင်ကြီးခြုံပြီး သူတို့အနားမှာ ထိုင်နေတယ်။ ကျွန်တော်တို့ သုံးယောက် အသံပေးပြီး စခန်းထဲကို ဝင်လာခဲ့ကြတယ်။ တဲထဲရောက်တော့ ဦးအိုက်ထွားရဲ့ သေနတ်ဒဏ်ရာတွေနဲ့ တဲနောက်ဖေး ဝါးတစ်ရိုက်လောက်မှာ သေနေတယ်။ ခါတိုင်းဆိုရင် ကျင်းထဲကို ဦးအိုက်ထွားလိုက်နေကျ။ ဒီနေ့တော့ သိပ်နေမကောင်းဘူးဆိုပြီး နေရစ်ခဲ့တာ။ ကျွန်တော်တို့ကလည်း လူကြီးဆိုတော့ နားပါစေဆိုပြီး ထားခဲ့ကြတာ။ ခုတော့ အသက်မရှိတော့ဘူးလေ။

"ကဲ . . . အိုင်ပေါက်တို့ ဇော်အောင်တို့ တစ်နေရာမှာ ကျင်းတူးပြီး မြှုပ်လိုက်ကြကွ၊ ဒီလိုဖြစ်ရတာ ငါလဲ စိတ်မကောင်းဘူး။ ဒါပေမဲ့ သူက သစ္စာဖောက်တော့ မတတ်နိုင်ဘူးလေ။ ဒီလူ မော်ကြာလုပ်ပြီး သစ္စာမရှိဘူး။ ဒါကြောင့် ဒီလူ မကြီးပွားတာ။ ထမင်းစားပြီး တရေးမှိန်းနေတုန်း ကျောက်ထုပ်ကို ခိုးပြေးတယ်။ ငါနိုးလို့ အရပ်ခိုင်းတော့ မရပ်ဘူး။ ဆက်ပြေးနေတာနဲ့ ပစ်လိုက်ရတာ။ ပစ်တုန်းကတော့ ခြေထောက်ပစ်တာပဲ။ သူက လှိမ့်ချလိုက်တော့ ချက်ကောင်းကိုသွားမှန်တာပေါ့ကွာ။ မတတ်နိုင်ဘူးလေ။ သစ္စာဖောက်တို့ သွားရာလမ်းပေါ့"

ကျွန်တော် ဦးကျော်ငြိမ်းစကားကို သံသယဖြစ်နေတယ်။ သူပြောတာ အမှန်ဆိုရင်တော့ ဦးအိုက်ထွားသစ္စာဖောက်တာပေါ့။ အမှန်က ဒီကျောက်ဟာ အားလုံးပိုင်တဲ့ ပစ္စည်းပဲ။ အိုင်ပေါက်ကလည်း ဦးအိုက်ထွား ဒီလိုလုပ်မယ်မထင်ဘူး။ ဦးကျော်ငြိမ်းအပေါ်မှာ သံသယရှိနေတယ်။ ကျောက်ရပြီးတော့ ဦးကျော်ငြိမ်း မူနည်းနည်းပျက်နေတာကို ကျွန်တော် သတိထားမိတယ်။ ဒီအထဲမှာ ရှမ်းကြီးက ဘယ်လိုသဘောထားသလဲတော့ မသိဘူး။ မာဗရမ်းကတော့ တကယ့်လူမမာ။ သူ ဒါတွေကို ဘာမှ ကောင်းကောင်းမသိဘူး။

ကျွန်တော်တို့ စခန်းသိမ်းပြီးပြန်ဖို့ ဦးကျော်ငြိမ်းကို ပြောတယ်။ ကျွန်တော်တို့မှာ လူအားလည်း လျော့သွားတယ်။ ဦးအိုက်ထွား မရှိတော့ဘူး။ မာဗရမ်းက ဖျားနေတာ ငါးရက်ရှိပြီ။ အစတုန်းကတော့ သာမန်လောက်ဝ ခပ်ပေါ့ပေါ့လို့ သဘောထားခဲ့ကြတယ်။ ဒါပေမဲ့ သူ့အခြေအနေ ထူးမလာဘူး။ ဒီတော့ လူနှစ်ယောက် လုပ်အားလျော့တယ်။ ဒီထဲမှာ တဲစောင့် ထမင်းချက် ထားရတယ်။ ဒီတော့ ကျွန်တော်တို့မှာ လုပ်အားဆိုလို့ ကျွန်တော်ရယ် ကိုအောင်သူရယ်၊ ရှမ်းကြီးရယ်၊ အိုင်ပေါက်ရယ်၊ လေးယောက်ပဲ ကျန်တော့တယ်။ ဒီအထဲမှာ ကိုအောင်သူကလည်း ခုမှ မော်ထဲကိုလိုက်ဖူးတာ၊ ကျွမ်းကျင်





မှုလည်း နည်းတယ်။ သက်လုံလည်း မကောင်းဘူး။ ဒီတော့ သိပ်ပန်းတယ်။

ဒါပေမဲ့ ဦးကျော်ငြိမ်းက မပြန်ချင်သေးဘူး။ ဒီကျောက်ကြောက ရှာလောက် ကုတ်ချင်ဟန်တူတယ်။ ပြီးတော့ ကျွန်တော်တို့တစ်တွေဆီက သတင်းပေါက်မှာကိုလည်း စိုးရိမ်တယ်ထင်တယ်။

သူပြောတဲ့အတိုင်း ဆက်သာတူးနေရပေမဲ့ ကျွန်တော်တို့ သိပ်အလုပ်မဖြစ်ဘူး။ တစ်ခါတလေမှာ ဦးကျော်ငြိမ်း ကိုယ်တိုင်လိုက်တယ်။ ညဆို ကျွန်တော်တို့တစ်တွေရယ်၊ အိုင်ပေါက်ရယ်၊ ကိုအောင်သူရယ်က မာဗရမ်းကို တစ်လှည့်စီစောင့်ရတယ်။ ယုတ်စွအဆုံး အပေါ့အလေးကိစ္စက စပြီး ကျွန်တော်တို့ လုပ်ပေးရတယ်။

စောစောတုန်းက မာဗရမ်းဟာ မာဆတ်ဆတ်နဲ့ တစ်ကိုယ်ကောင်းဆန်ချင်တယ်။ ခုတော့ သူမမာနေတုန်းမှာ ကျွန်တော်တို့တစ်တွ သူ့ကို တကယ်မြှုရ စောင့်ရှောက်တာ မြင်လို့ ထင်တယ်။ သူဖွင့်ပြီး တောင်းပန်ပါတယ်။

"အစ်ကိုရာ ကျွန်တော်တို့မှာ တစ်ချိန်တုန်းက မှားခဲ့တာရှိရင် ခွင့်လွှတ်ပါဗျာ၊ ကျွန်တော့်ကို ပစ်မထားပါနဲ့နော်၊ ကျွန်တော် အိမ်မှပြန်ရောက်ပါဦးမလား မသိဘူး"

"စိတ်မကောင်းစရာတွေ မပြောပါနဲ့ကွာ၊ မင်းကို ဘယ်လိုမှ အမှတ်မထားပါဘူး။ မင်းကိုလဲ ပစ်မထားပါဘူး တို့ရှိပါတယ်"

တစ်ခါတုန်းက မာဗရမ်းဟာ ဦးကျော်ငြိမ်းရဲ့ ငယ်မွေးခြံပေါက် လူယုံတော်၊ ဦးကျော်ငြိမ်းမှဦးကျော်ငြိမ်း။ အလုပ်သမားတွေဆိုရင်လည်း မတူဘူးဆန်ဘူးလို့ ထင်တဲ့ကောင်လေ။ ခု မာဗရမ်းကပါ နေထိုင်မကောင်းလို့ ပြန်ချင်တဲ့အကြောင်း ပြောတော့ ကိစ္စမရှိဘူး။ ကောင်းသွားမှာ ဆိုပြီး ကျောက်တိုပဲ မဲနေတယ်။

ဒီနေ့တော့ ကျွန်တော် ထမင်းချက် တဲစောင့်ကျတယ်။ တဲမှာ ကျွန်တော်နဲ့ မာဗရမ်း နှစ်ယောက်ပဲ ကျန်ရစ်ခဲ့တယ်။ မာဗရမ်းကလည်း နားလိုက်တာ၊ တစ်ခါတလေတော့ သတိလွတ်လွတ်သွားတယ် ထင်တယ်။ ခါလို့ မရချင်ဘူး။ ကျွန်တော်လည်း သူ အိပ်ပါစေဆိုပြီး အသာပဲနေတယ်။ သူနိုးလာလို့ ရေတောင်းတော့မှ ရေတို့ ဘာတို့ခပ်ပေးတယ်။ ဆန်ပြုတ်တိုက်တယ်။

"အစ်ကို တစ်ယောက်တည်းလား"

"အေး . . . ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အိမ်ပြန်မရောက်တော့ဘူး ထင်တယ်အစ်ကို၊ ဒီမှာတင် နေရစ်ခဲ့ရလိမ့်မယ်ထင်တယ်"

မာဗရမ်းရဲ့အသံက အားလျော့တဲ့အသံ။

ကျွန်တော်ကတော့ တတ်သမျှ မှတ်သမျှကို အားပေးပါတယ်။

"ကျွန်တော် သိတာပေါ့ အစ်ကို၊ ကျွန်တော်နေရတော့မှာ မဟုတ်ပါဘူး။ အစ်ကို့ကို မသေခင် တစ်ခုတော့ ပြောသွားချင်တယ်ဗျာ"

"ပြောပါကွာ၊ မင်းလဲ ဘာမှတော့မဖြစ်ပါဘူး။ ဒါပေမဲ့ ပြောစရာ ရှိရင်တော့ ပြောပါ"

"စခန်းမှာ ဘယ်သူရှိသလဲ"

"ဘယ်သူမှမရှိဘူး။ မင်းနဲ့ငါ နှစ်ယောက်တည်းရယ်"

"ဟို . . . ဟို . . . သူတို့လေ အစ်ကိုတို့သုံးယောက်ကို သတ်မယ် ထင်တယ်"

ကျွန်တော် ဘာမှ မပြောဘူး။ မာဗရမ်း ကယောင်ကတမ်း ပြောနေတယ် ထင်တယ်။

"သူတို့ဆိုတာ ဘယ်သူလဲ"

"ဦးကျော်ငြိမ်းနဲ့ရှမ်းကြီးရယ်၊ ဦးအိုက်ထွားကိုလဲ သူတို့လုပ်ကြဲပြီး သတ်ပစ်လိုက်တာ၊ ကျွန်တော် သိတာပေါ့"

"ဟုတ်လား"

"အစ်ကိုရယ်၊ ကိုအောင်သူရယ်၊ အိုင်ပေါက်ရယ်ကို သတ်ဖို့ ဦးအိုက်ထွားကို ဖွင့်ပြောတယ်။ ဦးအိုက်ထွားက လက်မခံဘူး။ ဒီသတင်းပေါက်မှာ စိုးတာနဲ့ ဦးအိုက်ထွားကို သတ်ပစ်လိုက်တာ။ ဦးအိုက်ထွားက ကျောက်ထုပ်ကို ခိုးပြေးလို့ သတ်တယ်ဆိုတာ အလကားပြောတာ၊ ကျောက်ထုပ်က ဦးကျော်ငြိမ်း တောထဲတစ်နေရာမှာ ဝှက်ထားတာပဲ၊ ဦးအိုက်ထွား ဘယ်သိမလဲ။ ကျွန်တော် သိပ်ဖျားနေတုန်းမှာ သူတို့တိုင်ပင်ကြတာ ကျွန်တော် သိတာပေါ့။ ပြီးတော့ ဦးကျော်ငြိမ်းအကြောင်းကို ကျွန်တော် သိတာပေါ့ အစ်ကိုရာ။ ကျွန်တော် သိပ်မပြောချင်ဘူး။ အစ်ကိုတို့သတိထားပါ"

ကျွန်တော် ဦးကျော်ငြိမ်းကို သံသယရှိတာ မှန်တယ်၊ ဒါပေမဲ့ ဒီလို လုပ်လိမ့်မယ်လို့တော့ နည်းနည်းလေးမှ မထင်ခဲ့ဘူး။ ကျွန်တော်တို့ကို ဦးကျော်ငြိမ်း ဒီလောက်အထိ ပက်ပက်စက်စက် ကြံမယ်ဆိုတာရော ဖြစ်နိုင်ရဲ့လား။ ဖြစ်နိုင်တာက ပိုများတယ်။ ကျွန်တော်တို့ကို ဝေစုမပေးချင်ဘူး၊ ပြီးတော့





ဒီနေရာကို လှူသိမှာ စိုးတယ်။ သတင်းပေါက်မှာ စိုးသဲလိုက်ကွာ/ခင်ဗျာအစ . . .

မာဗရမ်းက အဖျားတက်ပြီး ကယောင်ကတမ်းတွေ ပြောနေပြန်တယ်။ အိပ်ဆေးတစ်ခွက် တိုက်လိုက်တော့ အိပ်ပျော်သွားတယ်။

မဖြစ်ဘူး။ ဒီမှာကြာကြာဆက်နေလို့ မဖြစ်ဘူး။ စခန်းကို မြန်မြန်သိမ်း အောင် ဦးကျော်ငြိမ်းကို ပြောရမယ်။ လူတစ်ယောက်သေခဲ့ပြီ။ နောက်ထပ် တစ်ယောက်လည်း ရောဂါနဲ့သေဖို့ များနေတယ်။ လူတွေလည်း ပင်ပန်းနေပြီ။ ဒီလောက်ရရင် တော်ပြီပေါ့။ ကျွန်တော်တို့ရတဲ့ ကျောက်ဟာ အနည်းဆုံး နှစ်ဆယ်သုံးဆယ်တန်မယ်။

ကျွန်တော်တို့အားလုံး တိုက်တွန်းလို့ မနက်ဖြန်ဆိုရင် ပြန်ကြမယ်။ မပြန်ခင်တစ်ရက်မှာ တူးနိုင်သလောက် တူးကြသေးတယ်။ ပစ္စည်းတွေကို သိမ်းတယ်။ နေ့လယ်ပိုင်းကျတော့ ဦးကျော်ငြိမ်းနဲ့ရှမ်းကြီး ကျင်းဘက်ကို ထွက်သွားတယ်။ ခါတိုင်းဆိုရင် နားနေကျ။ အတူတူထွက်သွားတာတော့ မဟုတ်ဘူး။ ဦးကျော်ငြိမ်းက ပစ္စည်းယူစရာရှိတယ်ဆိုပြီး ထွက်သွားတာ။ ရှမ်းကြီးက အပြင်သွားဦးမယ်ဆိုပြီး လှစ်ခနဲ ထွက်သွားတာ။ တော်တော်နဲ့ ပေါ်မလာကြဘူး။ ကျွန်တော်တို့ကတော့ ပစ္စည်းတွေကို သိမ်းပြီးလို့ မောတာနဲ့ ခေါလှဲနေကြတယ်။

ဒီတုန်းမှာ စခန်းနဲ့ခပ်လှမ်းလှမ်းမှာ အော်သံကြားတယ်။ ဦးကျော်ငြိမ်း ရဲ့ အော်သံထင်တာပဲ။ ကျွန်တော်တို့သုံးယောက် ဓားကိုယ်စီကိုင်ပြီး ပြေးသွား ကြတယ်။ ဝါးရုံတောအစပ်မှာ ရှမ်းကြီးနဲ့ဦးကျော်ငြိမ်း လုံးထွေးသတ်ပုတ်နေ တယ်။ ဦးကျော်ငြိမ်းက အောက်က၊ ရှမ်းကြီးက အပေါ်က၊ ဦးကျော်ငြိမ်းရင် ဘတ်ကို ခွစီးထားတယ်။ သူ့လက်ထဲမှာ ပုလင်းပြတ်ကြီးကိုင်လို့၊ ဦးကျော်ငြိမ်း မျက်နှာနဲ့လည်ပင်းကို ထိုးနေတယ်။ ဒီတုန်းမှာ သေနတ်သံတစ်ချက်ကြား လိုက်ရပြီး ရှမ်းကြီး လန်ကျသွားတယ်။

ဖြစ်ပျက်သွားတာဟာ ကျွန်တော် ခုပြောနေတာလောက်တောင် မကြာ ဘူး။ ရှမ်းကြီးကတော့ ရင်အုံမှာ သေနတ်မှန်ပြီး ပွဲချင်းပြီး သေနေပြီ။ ဦးကျော် ငြိမ်းက လည်းပင်မှာ ပုလင်းကွဲပြတ်ကြီးစိုက်လို့ အသံနက်ကြီးနဲ့ ကယောင် ကတမ်းတွေ ပြောနေတယ်။ ကျွန်တော်တို့လည်း ကြောင်ကြည့်နေရာက သတိလာကြပြီး ရှမ်းကြီးကို ကောက်ပွေ့လိုက်တယ်။ ရှမ်းကြီး အသက်မရှိတော့ ဘူး။ ဦးကျော်ငြိမ်းကို ကောက်ပွေ့လိုက်တော့ "ငါကျောက်ကြီးကို ဘယ်သူ့မှ မပေးဘူး၊ ဘယ်သူ့မှ မပေးဘူး"လို့ အော်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ သူလည်း ဆတ်ခနဲ ရှန်းကန်ပြီး ငြိမ်ကျသွားတယ်။

ကျွန်တော့်တစ်သက်မှာ ဒီလောက် စိတ်မချမ်းသာတာမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး။ ဒီလောက် စက်ဆုပ်ရတာမျိုးလည်း တစ်ခါမှ မတွေ့ဖူး သေးဘူး။ ဒီလောက် နောက်ကျူတာမျိုးလည်း တစ်ခါမှ မတွေ့ဖူးသေးဘူး။

မတတ်နိုင်ဘူး၊ သူတို့ဇာတ်လမ်းကို သူတို့ရွေးသွားကြတာ ဒီနေရာက မြန်မြန်ပြန်ရင် ကောင်းမယ်။

*

တစ်ည၊ နှစ်ည၊ သုံးည။

နန့်မှော်ချောင်းကို စုန်လာတာ သုံးညရှိပြီ။ အမှန်က လသာရမယ့်ည ဒါပေမဲ့ တိမ်ဖုံးလို့ လမသာဘူး။ ဒီနေ့ ညနေစောင်းမှာ နန့်မှော်ချောင်းထဲက နေ ချင်းတွင်းပေါက်ထဲကို ဝင်လာခဲ့တယ်။

ကျွန်တော်တို့ လာခဲ့တုန်းကတော့ လူက ၇ ယောက်၊ နာဂတောင် တန်းကြီးလောက်ရှိတဲ့ မျှော်လင့်ချက်တွေနဲ့ လာခဲ့ကြတာ။ ခု ပြန်ကျတော့ နှစ်ယောက်ပဲ ကျန်တော့တယ်။ ဦးကျော်ငြိမ်းရယ်၊ ဦးအိုက်ထွားရယ်၊ ရှမ်းကြီး ရယ်က သူတို့ဇာတ်လမ်းကို သူတို့ရေးသွားခဲ့ကြတယ်။ နန့်မှောင်ချောင်းကိုကျ တော့ လေးယောက်။ မာဗရမ်းကို ကျွန်တော်တို့ သုံးယောက် ခက်ခက်ခဲခဲ သယ်လာခဲ့ကြတယ်။ ဒါပေမဲ့ ရိကွာနဲ့ လေ့ဝှက်တဲ့နေရာရောက်တော့ ရောဂါပြင်းထန်တဲ့ မာဗရမ်း ကျန်ရစ်ခဲ့တယ်။ ကျွန်တော်တို့နဲ့ပါမလာတော့ဘူး။ နန့်မှော်ချောင်းက အိုက်တန်းနားမှာ တစ်ညနားကြတော့ တောကောင်လာလို့ တောကောင်ကို ခြောက်လှန့်ရင်း ကိုအောင်သူ အိုက်တန်းကြီးထဲ ထိုးကျသွား တယ်။ ရေမကူးတတ်ဘူး။ ညကြီးမင်းကြီးဆိုတော့ ကျွန်တော်တို့လည်း ဆင် ဆယ်လို့မရတော့ဘူး။

အလာတုန်းက မျှော်လင့်ချက်တွေနဲ့ လာပေမယ့် အပြန်ကျတော့ ကျွန်တော့်စိတ်ထဲမှာ စက်ဆုပ်တဲ့စိတ်၊ ရွံရှာတဲ့စိတ်၊ နာကြည်းတဲ့စိတ်တွေ ပြန်လာခဲ့တယ်။

ကျွန်တော်တို့ရခဲ့တဲ့ ကျောက်တွေလည်း ဦးကျော်ငြိမ်းဝှက်ထားလိုက်တဲ့ လိုက်ရှာပေမဲ့ တစ်လုံးမှ မတွေ့ခဲ့ရဘူး။

ခုတော့ ကျွန်တော်နဲ့အိုင်ပေါက် နှစ်ယောက်တည်း ပြန်လာခဲ့ပြီး ကိုယ့်ဘဝကို ပြန်စဉ်းစားကြည့်တယ်။ ကျွန်တော် ဝါးလည်း ထင်ခဲ့





တယ်။ သစ်လည်း ခုတ်ဖူးတယ်။ သူရင်းငှားလည်း လုပ်ခဲ့ဖူးတယ်။ ခြံလည်း စိုက်ခဲ့ဖူးတယ်။ ငယ်ငယ်တုန်းက ဆင်းရဲလွန်းလို့ လူအနိုမ်ခံရလွန်းလို့၊ လူ့ အောက်ကျလွန်းလို့ ထွက်ပေါက်ဆိုပြီး ကျောက်တူးသမားလည်း လုပ်ခဲ့ဖူးပြီ။

သူတို့လောကမှာ တောရဲ့ဥပဒေ ကြီးစိုးနေတယ်ဆိုတာကို ကျွန်တော် သိရတယ်။ နိုင်ရာစားတာပဲ။ ကိုယ်က နိုင်ရင် ကိုယ်က စား။ ကိုယ်က ရှုံးရင် အစားခံ။ ဒီနှစ်လမ်းပဲ ရှိတယ်။

တောဥပဒေစိုးမိုးရာ နိုင်ရာစားလောကကြီးကို ကျွန်တော် စက်ဆုပ် တယ်။ တကယ်တော့ ကျွန်တော်တို့ ကျောက်တူးသမားဆိုတာ ငတ်မြဲငတ်တာ ပဲ။ မော်ကြာဖြစ်ပြီး သေသွားကြတာပဲ။ ကျင်းထောင်တွေ ကုန်သည်ပွဲစားတွေ ကသာ ချမ်းသာသွားကြတာ။ ကျွန်တော်တို့မှာတော့ ဘိန်းစွဲ၊ အရက်စွဲ၊ ငှက်ဖျားစွဲနဲ့ မော်ကြာဖြစ်ပြီး စခန်းသိမ်းသွားရတာပဲ။

ကျွန်တော်က ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်နေသလို အိုင်ပေါက်ကလည်း သူ့အတွေးနဲ့သူ ငြိမ်နေတယ်။ အိုင်ပေါက်ဆိုတဲ့ နာဂလေးဟာ ကျွန်တော့်လိုပဲ သူငယ်ကလေး။ ကျွန်တော့်အောက်တောင် ငယ်သေးတယ် ထင်တယ်။ ဒီလောကကို ကျွန်တော့်ထက် အလျင်ရောက်တာ၊ ဒါပေမဲ့ သူကလည်း ဒီအတိုင်းပါပဲ။ သူလည်း စက်ဆုပ်လာပုံရတယ်။ တော်ပြီ အစ်ကိုရာ တောင်ယာ ပဲ ခုတ်စားတော့မယ်လို့ ကျွန်တော့်ကို ပြောတယ်။

ခုလောက်ဆိုရင် သူလည်း သူ့တောင်ယာကို သူ လွမ်းနေမှာပဲ။

"နန့်ဖာကိုရောက်ပြီ အစ်ကို"

အိုင်ပေါက်ပြောတော့မှ ကျွန်တော် အတွေးရပ်သွားတယ်။ လှေဦးကို ကမ်းကို ထိုးပေးလိုက်တယ်။ အိုင်ပေါက် မြို့ကို မပြန်တော့ဘူးလေ။ သူ့အစ်ကို ကြီးရှိတဲ့ နန့်ဖာမှာပဲ ဆင်းနေရစ်ခဲ့တော့မယ်။

"သွားတော့မယ် အစ်ကို၊ တစ်နေ့နေ့တော့ တွေ့ကြဦးမှာပေါ့ဗျာ" တဲ့။ အိုင်ပေါက်က ဆို့နင့်နေတဲ့အသံနဲ့ နှုတ်ဆက်တယ်။ အိုင်ပေါက်ကတော့ သူတတ်တဲ့ စကားကလေးတစ်ခွန်းနဲ့ နှုတ်ဆက်လိုက်တာပါပဲ။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာတော့ ကမ္ဘာလောကကြီးတစ်ခုကို သွားမယ့်၊ ဘဝကြီးတစ် ခုကို သွားမယ့် လူတစ်ယောက်က နှုတ်ဆက်လိုက်သလို ထင်နေမိတယ်။

ကောင်းကင်မှာ ကြယ်ရောင်လက်နေတယ်။ ကြယ်ရောင်မှိန်မှိန် အောက်မှာ အိုင်ပေါက်ရဲ့ မည်းမည်းသဏ္ဌာန်ဟာ တဖြည်းဖြည်း နောက်မှာ ကျန်ရစ်ခဲ့တယ်၊ အစုန်ဖြစ်လို့ လှေက ရေပြင်မှာ တရိပ်ရိပ်ရွေ့နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



လင်းအားကြီး တိုက်လေ့ရှိတဲ့ လေက တဝေါဝေါမြည်ပြီး တိုက်လာတယ်။ ခဏနေရင် အရှေ့ရောင်နီပျိုးလာတော့မယ်။

မိုးလင်းခါနီးလို့လား မသိဘူး။ ညဟာ ပိုပြီးတောင် မှောင်လာတယ် ထင်ရတယ်။ လေထလာလို့ မြစ်ပြင်မှာ လှိုင်းကြပ်ခွပ်တွေ ထလာပြီး လှေနံရံကို တဖျတ်ဖျတ် လာရိုက်နေကြတယ်။

ကျွန်တော် တစ်ယောက်တည်းရယ်၊ လှေတစ်စင်းနဲ့ ကြယ်ရောင်အောက်မှာ စုန်လာခဲ့တယ်။ ဘယ်သောင် ဘယ်ကမ်းကို ဆိုက်ရမယ် မသိသေးဘူး။

■

ရင်ခုန်ပွင့်
အောက်တိုဘာ၊ ၁၉၈၅

## စတုတ္ထတန်း တစ်နေရာ

ကျွန်တော် မုန့်ဟင်းခါး ရောင်းလာတာ အနှစ်သုံးဆယ်ကျော်ပြီ။ ကျော်ပြီဆို သုံးဆယ့်ငါးနှစ် တင်းတင်းတောင် ပြည့်တော့မယ်။ အသက်အစိတ် အိမ်ထောင်ကျပြီးကတည်းက မုန့်ဟင်းခါး ရောင်းလာတာ။

ကျွန်တော်က အညာသား။ အညာမုန့်ဟင်းခါးနဲ့ ရန်ကုန်မုန့်ဟင်းခါး မတူဘူး။ အညာမှာ ငါးရှားတယ်။ ဒီတော့ အညာမုန့်ဟင်းခါးဆိုတာ ဟင်းရည်မပါတဲ့ မုန့်ဟင်းခါးလက်သုပ်။ မုန့်ဟင်းခါးဖတ်ရယ်၊ ဆီချက်ရယ်၊ ပဲမှုန့်ရယ်၊ ငရုတ်ရည်ရယ်၊ ငရုတ်သီးမှုန့်ရယ်။ ဒါတွေကြိုက်တဲ့ သူကို၊ ကုလားဘယာကြော် ကြိုက်တဲ့ သူကို ကုလားပဲဘယာကြော် ကျွတ်ကျွတ်ကလေးတွေကို ချေထည့်ပေးတယ်။ ဘယာကြော်ကို မကြိုက်ဘူးဆိုရင် ဝက်သားလုံးတို့၊ ဝက်အူချောင်းတို့ကို ချေထည့်ပေးတယ်။ ပြီးတော့မှ နံနံပင်တို့ ဘာတို့အုပ်ပေးတယ်။ အာခေါင်ခြောက်မနေအောင်ဆိုပြီး ကြက်ရိုးပြုတ်ကို ကုလားပဲ ကျဲကျဲကလေးနဲ့ ကျိုထားတဲ့ ဟင်းချိုပေးတယ်။ ကျွန်တော်တို့ အညာမှာ မုန့်ဟင်းခါးဆိုရင် လက်သုပ်ပဲ ရှိတယ်။ အောက်မှာလို၊ ရန်ကုန်မှာလို ငါးခူတို့၊ ငါးကျည်းတို့ကို ပြုတ်၊ ကြက်သွန်ဥကြီးတွေ ထည့်၊ ငှက်ပျောအူတွေကို ထည့်တဲ့ ဟင်းရည်နဲ့စားရတဲ့ မုန့်ဟင်းခါးမျိုး မရှိဘူး။

အောက်မုန့်ဟင်းခါး၊ ရန်ကုန်မုန့်ဟင်းခါးကို ကျွန်တော်တို့ အညာက တစ်ပင်တိုင် မုန့်ဟင်းခါးလို့ ခေါ်တယ်။ ဒါမျိုး ကျွန်တော်တို့အညာမှာ မရှိဘူး။

ကျွန်တော်တို့ အညာမှာနေခဲ့တဲ့ ကာလတစ်လျှောက်လုံး တစ်ပင်တိုင် မုန့်ဟင်းခါးကို တစ်ခါမှ မစားဖူးဘူး။ မုန့်ဟင်းခါးလက်သုပ်ကိုပဲ စားခဲ့တယ်။

ငှန်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပင်တိုင်မုန့်ဟင်းခါးလို့ ခေါ်တဲ့ ရန်ကုန်မုန့်ဟင်းခါးကို ရန်ကုန်ရောက် မှပဲ စားဖူးတော့တယ်။ အဲဒီတုန်းက ရန်ကုန်မှာ စမ်းချောင်းရပ်ကွက်ဟာ မု ဟင်းခါးကောင်းတယ်လို့ နာမည်ကြီးတယ်၊ ရှမ်းလမ်းက ဒေါ်အမာတို့ရဲ့မုန့်ဟင် ခါး နာမည်ကြီးနေတဲ့အချိန်ပေါ့။ နောက်တော့ ဒေါ်ပုရဲ့ မုန့်ဟင်းခါး နာမည်ကြီ တယ်။ နောက် ကျိုက်လတ်ဦးတင်ရဲ့ မုန့်ဟင်းခါး နာမည်ကြီးတယ်။ မြို့ မှာလည်း ဟသာတ မသန်းကြည်ရဲ့ မုန့်ဟင်းခါး နာမည်ကြီးတယ်။ သူကတော့ မုန့်ဟင်းခါးကို ငါးခူတို့ ငါးကျည်းတို့ ထည့်မချက်ဘူး။ ငါးသလောက်နဲ့ ချက်တာ

အညာက ရောက်ခါစမှာ ရန်ကုန်မှာ နာမည်ကြီးတဲ့၊ အဲဒီမုန့်ဟင်းခါ တွေကို ကျွန်တော် စားကြည့်တယ်။ လက်သုပ်ကို စားနေကျဆိုတော့ ရန်ကု က တစ်ပင်တိုင် မုန့်ဟင်းခါးကို စားရတာ သိပ်အာသာမတွေ့ဘဲ ဖြစ်တယ် နောက်တော့ စားရင်း စားရင်းနဲ့ ရန်ကုန် မုန့်ဟင်းခါးကို ကျွန်တော် ကြိုက်သွား တယ်။ အဲဒီတုန်းက အကောင်းဆုံးမုန့်ဟင်းခါးဟာ တစ်ပန်းကန် တစ်မတ် ရှိတယ်။ အကြော်ပါပြီးသား။ ဒီအထဲမှာ ဘဲဥတို့ ငါးဖယ်တို့ ထည့်ဦး။ သုံးမူး ပေးရတယ်။ နောက်တော့ သုံးဆယ့်ငါးပြားပဲ ပေးရတယ်။

မော်တင်ကို ဘုရားဖူးသွားရင်း မြောင်းမြ မုန့်ဟင်းခါးကို စားကြည့်တယ် ပုသိမ်ဈေးထဲက မုန့်ဟင်းခါးကို စားကြည့်တယ်။ သူတို့လည်း ကောင်းတာ ငါးကလည်း လတ်လတ်ဆတ်ဆတ်။ ငပြာရည်ကလည်း ကောင်းတော့ ဘာ ပြောစရာမရှိဘူး။

ဘိုကလေးရောက်တော့ ဘိုကလေးမုန့်ဟင်းခါးကို စားကြည့်တယ် ငါးနဲ့ချက်တာ မဟုတ်ဘူး။ ပုစွန်ဥနဲ့ချက်တာ။ ဒါလည်း ကောင်းတာပဲ။ မုန့်ဟင် ခါးကြိုက်တဲ့ ကျွန်တော်ဟာ ရောက်လေရာရာ မြို့တိုင်းမှာ မုန့်ဟင်းခါး စားဖြစ်အောင် စားတာပဲ။ နေ့တိုင်း ဆက်စားတယ်။ ဘယ်တော့မှ မမုန်းဘူ လိပ်သားနဲ့ချက်တဲ့ မုန့်ဟင်းခါးကိုလည်း စားဖူးတယ်။ ပိုပြီးတောင် ချိုသေးတယ်

ကျွန်တော် ပြောချင်တာက ကျွန်တော်ဟာ မုန့်ဟင်းခါးကြိုက် အကောင်ကို ပြောချင်တာပါ။ မုန့်ဟင်းခါးကြိုက်လို့လား မသိဘူး။ ကျွန်တော် အိမ်ထောင်ကျတော့လည်း မုန့်ဟင်းခါးသည်ရဲ့ သမီးနဲ့ အိမ်ထောင်ကျတယ်

အဲဒီတုန်းက စမ်းချောင်း ဗားကရာလမ်းလေးက ကျူးကျော် တဲ တွေမှာ နေတယ်။ တောင်ဥက္ကလာတို့၊ မြောက်ဥက္ကလာတို့၊ သာကေတ မပေါ်သေးဘူး။ ကျွန်တော်က ကားတာယာဆိုင်မှာ လေထိုးပေးတဲ့ အလု သမား။ ကျွန်တော်နဲ့ တဲချင်းကပ်လျက်မှာ မုန့်ဟင်းခါးသည် ဦးကုလားကြီး





နေတယ်။ ဦးကုလားကြီးတစ်ယောက်တည်း မဟုတ်ဘူး။ သူ့မိသားစုပါ နေတယ်။ သူ့သားက ကျွန်တော်နဲ့ ရွယ်တူ။ သူ့သမီးက ကျွန်တော့်အောက် ငယ်ရင် နှစ်နှစ်လောက် ငယ်မယ်။

ဦးကုလားကြီးက မုန့်ဟင်းခါးသည်ပေမဲ့ ဒေါ်အမာတို့၊ ဒေါ်ပုတို့လို ဆိုင်ကြီး ကန္နားကြီးနဲ့ ရောင်းတဲ့ မုန့်ဟင်းခါးသည် မဟုတ်ဘူး။ အထမ်းနဲ့ ရောင်းတဲ့ မုန့်ဟင်းခါးသည်။ မနက်လင်းတာနဲ့ ဦးကုလားကြီး ဆိုင်းထမ်းကို ထမ်းပြီး မုန့်ရောင်းထွက်တာပဲ။ ရှေ့ဆိုင်းထမ်းမှာ မုန့်ရည်အိုး ပါတယ်။ မီးဖို လည်း တစ်ခါတည်းပါတယ်။ နောက်အဆိုင်းမှာ ကြက်တူရွေးတန်းရိုက်ထား တဲ့ သေတ္တာကလေး ပါတယ်။ သေတ္တာထဲမှာ ပန်းကန်ခွက်ယောက်တို့၊ ဇွန်းတို့ ထည့်တယ်။ အပေါ်မှာ မုန့်ဟင်းခါးထဲ ထည့်တဲ့ ရေတ်သီးမှုန့် ပန်းကန် တို့၊ အသင့်လှီးထားတဲ့ နံနံပင် ပန်းကန်တို့၊ အကြော်ထည့်တဲ့ ခြင်းတို့၊ ငပြာရည်ပုလင်းတို့ ပါတယ်။ အဲဒီဆိုင်းထမ်းမှာ ငုတ်တုတ်ကုလားထိုင်ကလေး နှစ်လုံး သုံးလုံးကိုလည်း ချိတ်ထားတယ်။ ပန်းကန်ဆေးဖို့ ဘာလီပုံးကိုတော့ ဆက်ကပဲ ဆွဲသွားတယ်။ ရောက်ရာ ရေဘုံဘိုင်တို့၊ အိမ်တို့မှာ ရေသစ် ထဲတယ်။

သူ့မုန့်ဟင်းခါးက တစ်ပန်းကန်မှ ဆယ့်ငါးပြားရယ်၊ ဆယ့်ငါးပြားဆိုတာ အများဆုံး။ မုန့်ခပ်များများ၊ ပဲကြော်တစ်ခုနဲ့ ဟင်းရည်ခပ်များများထည့်ရင် ဆယ့်ငါးပြားပဲ ပေးရတယ်။ ဟင်းရည်ဆိုတာကလည်း ငါးနည်းနည်းနဲ့ ပဲမှုန့် ခပ်များများထည့်ထားတဲ့ ဟင်းရည်ကျဲ။ ကလေးတွေကျတော့ ဆယ့်ငါးပြားဖိုး စားနိုင်ဘူး။ ဒီတော့ သူတို့ကို ဆယ်ပြားနဲ့ ရောင်းတယ်၊ အကြော် မပါ တော့ဘူး။

အများအားဖြင့်တော့ ဦးကုလားကြီးဟာ မူလတန်းကျောင်းတွေနားမှာ သွားရောင်းတယ်။ တစ်ခါတစ်ခါမှာ ကျွန်းမာရေးဌာနက လာစစ်လို့ မှတ်ပုံ တင်ဘဲ ရောင်းတဲ့အတွက် ဒဏ်ရိုက်ခံရတာတွေလည်း ရှိတယ်။ ဒါပေမဲ့ ဒီလိုလာစစ်တာကနည်းတော့ အများအားဖြင့် မူလတန်းကျောင်းနားမှာပဲ ရောင်းတယ်။ သူ့ဖောက်သည်ကလေးတွေပဲ များတာကိုး။ အကြော်ကလည်း တခြားအကြော်မပါဘူး။ ပဲကြော်ပဲပါတယ်။ မုန့်အချိန် လေးငါးပိဿာလောက် ဆော့ ကုန်တယ်။

ကျွန်တော်က အဲဒီတုန်းက တစ်နေ့မှတစ်ကျပ်ခွဲ နှစ်ကျပ်လောက်ရ တယ်။ ဒီတော့ ဦးကုလားကြီးရဲ့ မုန့်ဟင်းခါးလောက်ပဲ စားနိုင်တာပေါ့။

အဲဒီတုန်းက ရန်ကုန်မှာ မုန့်ဟင်းခါးဆိုင် သုံးမျိုးလောက်ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးက စောစောက ကျွန်တော် ပြောခဲ့တဲ့ ဒေါ်အမာတို့၊ ဒေါ်ပုတို့၊ ကျိုက်လတ် ဦးတင်တို့ စတဲ့ဆိုင်တွေ။ အဲဒီဆိုင်တွေကို ကားကြီးကားငယ်တွေနဲ့ လာစားကြတယ်။ ချိုင့်ကြီးချိုင့်ငယ်တွေနဲ့ လာဝယ်ကြတယ်။ ရန်ကုန်မြို့ဆိုတဲ့ မြို့က တော်တော်လည်း ရှုတဲ့မြို့၊ စားသောက်ဆိုင်တစ်ဆိုင် နာမည်ကြီးသွားပြီဆိုရင် တစ်မြို့လုံးကလာပြီး ကားကြီးကားငယ်နဲ့ လာစားကြတာပဲ။

ဒုတိယတန်း မုန့်ဟင်းခါးဆိုင် တစ်မျိုးရှိသေးတယ်။ အဲဒီဆိုင်တွေကတော့ ကျွန်တော်ပြောခဲ့တဲ့ ဒေါ်အမာတို့၊ ဒေါ်ပုတို့၊ ကျိုက်လတ် ဦးတင်တို့ ဟင်္သာတ မသန်းကြည်တို့လောက် နာမည်လည်း မကြီးဘူး၊ ကောင်းလည်း မကောင်းဘူး။ ဈေးတို့ နာမည်ကြီး လက်ဖက်ရည်ဆိုင်တို့အနားမှာ ကပ်ပြီး ရောင်းတဲ့ဆိုင်။

ရန်ကုန်လူထုဟာ မနက် အိပ်ယာကနိုးရင် လက်ဖက်ရည်ဆိုင်ကို ရောက်လာတာပဲ။ လက်ဖက်ရည်ဆိုင်နားမှာ ခပ်သင့်သင့် မုန့်ဟင်းခါးဆိုင် တစ်ဆိုင်လောက် ဖွင့်နိုင်ရင် အလုပ်ဖြစ်တယ်။ ညံ့လို့တော့ မဖြစ်ဘူး၊ စားလို့ သောက်ပျော်တော့ ရှိရမှာပေါ့။

လက်ဖက်ရည်မသောက်ခင် ဗိုက်ထဲမှာ တစ်ခုခု အဆာပြေကလေး စားလိုက်ချင်တယ်။ ထမင်းကြော်လေးဖြစ်ဖြစ်၊ မုန့်ဟင်းခါးလေးဖြစ်ဖြစ် ထည့်လိုက်ချင်တယ်။ ပြီးတော့မှ လက်ဖက်ရည် အချိုကလေးနဲ့ ပိတ်လိုက် ဒါရန်ကုန်လူထုရဲ့ အကျင့်ပဲ။

ဘယ်လောက်ပဲ ဆင်းရဲတဲ့လူဖြစ်ဖြစ် ဒီလောက်ကလေးကိုတော့ စားလိုက်ချင်တယ်။ ပိုက်ဆံရှိတဲ့ လူကလည်း မနက်လင်းရင် မုန့်ဟင်းခါးကလေးတော့ စားလိုက်ချင်တယ်။ အဲဒီလို ဈေးနားမှာ၊ လက်ဖက်ရည်ဆိုင်ကြီးတွေနားမှာ ကပ်ရောင်းတဲ့ မုန့်ဟင်းခါးဆိုင်က နာမည်ကြီးဖို့ ဒီလောက်မလိုဘူး။

အတော်အသင့် စားကောင်းရင် ဖြစ်တယ်။ သန့်သန့်ပြန့်ပြန့် ရှိရမယ်။ သန့်ပြန့်ရမယ်ဆိုတာ ပန်းကန်တို့ဇွန်းတို့ အပဲ့အရွဲ့မပါဘဲ သန့်ရှင်းရမယ်။ ဆိုင်အခင်းအကျင်း သန့်ရှင်းရမယ်။ ရောင်းတဲ့ မုန့်ဟင်းခါးသည်ကလည်း အသက် သိပ်မကြီးတဲ့ အမျိုးသမီးဖြစ်ရမယ်။ ဖြစ်နိုင်ရင် ကောင်မလေးခပ်ငယ်ငယ်ကလေး ရောင်းရမယ်။ ဒီလောက်ဆိုရင် တော်တော်တန်တန် မုန့်ဟင်းခါးဆိုင်က အလုပ်ဖြစ်တယ်။

နောက်တစ်မျိုးကတော့ ဦးကုလားကြီးလို လည်ပြီး အထမ်းနဲ့ရောင်းတဲ့ မုန့်ဟင်းခါးသည်မျိုး။





သူကတော့ တတိယတန်းမှာ ရှိတယ်။ သူ့ဖောက်သည်တွေကလည်း ကလေးတွေနဲ့ တစ်နေ့လုပ် တစ်နေ့စားရတဲ့ လက်လုပ်လက်စားများတယ်။

ဦးကုလားကြီးက တတိယတန်းက မုန့်ဟင်းခါးသည်မျိုး။ သူလည်း မဆိုးပါဘူး။ မိသားစုတစ်စုတော့ စားလောက်ပါတယ်။

ကျွန်တော်တို့နဲ့ ဦးကုလားကြီးတို့ တဲချင်းကပ်နေတုန်းမှာ ဦးကုလားကြီး သမီးအငယ် လှရီနဲ့ချစ်ကြိုက်ပြီး ညားသွားကြတယ်။ ကျွန်တော်တို့ညားပြီး ခကြာဘူး၊ ကျွန်တော်လုပ်တဲ့ တာယာလေထိုးတဲ့ဆိုင်လည်း တခြားပြောင်းသွားတယ်။ လူပျိုတုန်းကတော့ တာယာလေထိုးဆိုင်မှာ ကျွန်တော်တစ်ယောက်တည်း စောင့်အိပ်တာပဲ။ ကျွန်တော်နဲ့လှရီ ညားပြီးတော့လည်း ပိုင်ရှင်က ကျွန်တော်တို့နှစ်ယောက်ကိုပဲ အစောင့်ခိုင်းတယ်။

ဒီတော့ ကျွန်တော့်မှာ နေရေးထိုင်ရေး မပူရဘူး။ တစ်ဖက်ခန်းကလည်း ကိုယ့်ယောက္ခမအခန်းဆိုတော့ နှစ်အိမ့်တစ်အိမ်လိုဖြစ်ပြီး ကျယ်ကျယ်လွင့်လွင့် နေထိုင်တယ်။ တာယာလေထိုးတဲ့ ဆိုင်ပိုင်ရှင်က ဆိုင်ကိုရောင်းပြီး တခြားကို ပြောင်းသွားတော့ ကျွန်တော်တို့နှစ်ယောက်မှာ နေစရာမရှိတော့ဘူး။ ဒီတော့ ယောက္ခမတဲကလေးမှာပဲ ပြန်နေရတယ်။

ဒီတုန်းမှာ ကျွန်တော့်ယောက္ခမ ဦးကုလားကြီးက မုန့်လုပ်ဆောင်းကုန်းမှာ အိမ်ကလေးတစ်အိမ် ဝယ်ဖြစ်လိုက်တယ်။ မုန့်ဟင်းခါးရောင်းရင်း ချွေချွေတာတာနဲ့ စုဆောင်းပြီး ဝယ်တာပါ။ အိမ်ကလေးက သိပ်တော့မကြီးဘူး။ သနှစ်ဆယ်ပတ်လည်၊ ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်းအိမ်ကလေး။

တစ်နေ့တော့ ကျွန်တော်လည်း သူတို့နဲ့အတူ ပြောင်းခဲ့ရတာပေါ့။ ကိုယ့်ဘာသာ ကိုယ်နေနိုင်တဲ့ အင်အားမရှိသေးတာ၊ ဒါပေမဲ့ ယောက္ခမအိမ်မှာနေရတာ စားရတာ ကျွန်တော် ရှက်တယ်။ အလုပ်ကလည်း မရနိုင်ဘူး။ ဒီတော့ ဦးကုလားကြီးက မိသားစုအားလုံး အလုပ်ရအောင် ရှိတဲ့ငွေကလေးနဲ့ မုန့်ဟင်းခါးဆိုင်ကလေး တစ်ဆိုင် ဖွင့်တယ်။ မုန့်လုပ်ဆောင်းကုန်းရပ်ကွက်အတွင်းက နာမည်ကြီး လက်ဖက်ရည်ဆိုင် တစ်ဆိုင်ကို မှီပြီးဖွင့်တာ။ အမိုးကို ပလတ်စတစ်ကလေးမိုး၊ ခုံတန်းလျားကလေးတစ်ခု၊ မုန့်ပန်းကန်တို့ ဘာတို့ထည့်ဖို့ စားပွဲခုံလေးတစ်ခု ကျွန်တော်တို့ သမက်ယောက္ခမ နှစ်ယောက် ကိုယ်တိုင်ရိုက်ကြတယ်။ ပန်းကန်ခွက်ယောက် အသစ်ကလေး နည်းနည်းပါးပါး ဝယ်တယ်။ ထည့်ဖို့ မုန့်ဖလုံတို့၊ ဆီချက်၊ ငရုတ်သီးမှုန့်ထည့်ဖို့ ဖလုံအသစ်ကလေးတွေ၊ ထည့်ခင်းဖို့ ဖယောင်းပုဆိုးကလေး တစ်ထည်၊ လက်သုတ်ပုဝါကလေး



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ထည်၊ ငံပြာရည်တို့ အချဉ်ရည်တို့ ထည့်ဖို့ ပုလင်းကလေး လေး၊ ငါးလုံးလောက် ဝယ်တယ်။ မုန့်ဟင်းရည်ကို ကျွန်တော့်ယောက္ခမ ဦးကုလားကြီးကိုယ်တိုင်ချက်တယ်။ ငါးနည်းနည်းပိုထည့်၊ ငံပြာရည် ခပ်ကောင်းကောင်းကလေးနဲ့ဆိုတော့ သူ့မုန့်ဟင်းခါးက အထမ်းရောင်းတုန်းက လက်ရာထက် ပိုကောင်းလာတယ်။

ဦးကုလားကြီး မုန့်ဟင်းခါးရောင်းလာတာ ဆယ့်လေးငါးနှစ်ရှိပြီလေ။ မုန့်ဟင်းခါး ကောင်းကောင်း ချက်တတ်တာပေါ့။ အထမ်းသမားဘဝတုန်းကတော့ သူ့ဖောက်သည်နဲ့သူ လိုက်အောင် ငါးလျှော့တန်လျှော့၊ ခပ်လတ်လတ် ငံပြာရည်ကို သုံးတန်သုံး၊ မုန့်ဖတ်ဆိုရင်လည်း ဈေးနည်းနည်း၊ နန်းကြီးမုန့်ဖတ်ကို သုံးရတာပေါ့။ ခုလို ဆိုင်အဖြစ် ဖွင့်လိုက်တော့ မုန့်ဖတ်ရော ဟင်းရော အကြော်ရော ပိုပြီး ကောင်းအောင်လုပ်တယ်။ ဈေးကိုလည်း အရင်တုန်းကလို အနည်းဆုံး ဆယ်ပြား မဟုတ်တော့ဘဲ ဆယ့်ငါးပြား သတ်မှတ်လိုက်ပြီး အများဆုံး တစ်မတ်အထိ မြှင့်လိုက်တယ်။ အကြော်မပါဘဲ မုန့်ဟင်းရည်ချည်းဆိုရင် ဆယ့်ငါးပြား၊ ပဲကြော်နဲ့ဆိုရင် ပြားနှစ်ဆယ်၊ ဘူးသီးကြော်တို့ ဘာတို့နဲ့ဆိုရင် တစ်မတ်၊ ဘဲဥတစ်ခြမ်းထည့်ရင် သုံးဆယ့်ငါးပြား၊ အဲဒီလို ဈေးတင်လိုက်တယ်။ ငါးဖယ်ကြော်တို့ ဘာတို့တော့ မထည့်နိုင်သေးဘူး။ ငါးဖယ်ကြော်နဲ့ဆိုရင် ပထမတန်းဆိုင်ကြီးတွေမှာ ငါးမူးရောင်းတယ်။ ကျွန်တော်တို့လို ဆိုင်မျိုးဆိုရင် ပြားလေးဆယ်လောက် ရောင်းရမယ်။ ပြားလေးဆယ်နဲ့ ရောင်းရရင် သိပ်မကိုက်ဘူး။ ငါးမူးရောင်းရင်လည်း ကိုယ့်ဆိုင်မှာ ဘာလာစားတော့မှာလဲ။ အကောင်းစား ပထမတန်းဆိုင်ကြီးတွေမှာ သွားစားတော့မှာပေါ့။ ဒါကြောင့် ငါးဖယ်ကြော်နဲ့ မရောင်းဘူး။ ဘဲဥနဲ့ပြင်တဲ့ပွဲကို အမြင့်ဆုံး တင်ထားလိုက်တယ်။

ကျွန်တော့်ယောက္ခမ ဦးကုလားကြီးက ဟင်းချက်ပေးတယ်၊ ကျွန်တော့် ကျွန်တော့်မိန်းမက မုန့်ပြင်ပေးတယ်။ ကျွန်တော်က မုန့်ပန်းကန် လိုက်ချတယ်။ ပန်းကန်ဆေးဖို့တော့ မိန်းမကြီးတစ်ယောက် သတ်သတ် ငှားထားရတယ်။

ကျွန်တော့်ယောက္ခမ ဦးကုလားကြီးဟာ အသက်ကလည်း ကြီးလာတော့ မုန့်ဆိုင်မှာ ထိုင်မရောင်းနိုင်တော့ဘူး။ အိမ်က မုန့်ဟင်းရည်ချက်ပေးရုံလောက်ပဲ လုပ်တော့တယ်။ နောက်ပိုင်းကျတော့ ကိုယ်တိုင်တောင် မချက်တော့ဘူး။ ငါးအစပ်တို့၊ ငံပြာရည် အစပ်တို့လောက်သာ စီမံလုပ်ပေးတော့တယ်။





သူ့ကြီးကြပ်မှုအောက်မှာ ကျွန်တော်တို့ လင်မယား ချက်ကြတယ်။ အများဖြင့်တော့ ကျွန်တော် ချက်တာပဲများတယ်။ အလှူအတန်းတို့၊ ဆွမ်းကျွေးတို့က အော်ဒါတို့ ဘာတို့မှာရင်လည်း ချက်ပေးတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ မုန့်ဟင်းခါးဆိုင်ကလေးဟာ ဒုတိယတန်းဆိုင်အဆင့်ကို ရောက်လာတယ်။ ကျွန်တော်တို့လည်း မုန့်လုပ်ဆောင်းကုန်းထဲမှာပဲ အိမ်ကလေးတစ်လုံး ဝယ်နိုင်ခဲ့တယ်၊ သားတွေ သမီးတွေလည်းရလာတော့ ကိုယ့်အိမ်ကလေးနဲ့ကိုယ် သတ်သတ် နေချင်တယ်လေ။

အဲဒီအချိန်လောက်တုန်းက မုန့်ဟင်းခါးကလည်း တကယ်ရောင်းကောင်းတာ။ စမ်းချောင်းတစ်ဝိုက်က ပွဲဈေးကလေးတွေမှာဆိုရင်လည်း ကျွန်တော်တို့ လိုက်ရောင်းတယ်။ ကျွန်တော့်ယောက္ခမ ဦးကုလားကြီးကတော့ မုန့်ဟင်းခါး မရောင်းတော့ဘူး၊ အသက်လည်း ကြီးပြီတဲ့။ သိပ်အပင်ပန်း မခံနိုင်တော့ဘူးတဲ့။ သူတို့အဘိုးကြီး အဘွားကြီးနှစ်ယောက် အေးအေးဆေးဆေးပဲ နေတော့မယ်တဲ့။ အိမ်ကလေးတစ်ခြမ်းကို ငှားတော့ လခ ငါးဆယ်လောက်ရတယ်။ တတိုက်မှာ အဘွားကြီးစုထားတဲ့ ငွေကလေး နည်းနည်းပါးပါးရှိတယ်။ ပြီးတော့ အရပ်ထဲမှာလည်း တိတ်တိတ်ပုန်း အပေါင်လေး ဘာလေးခံတယ်။ ဒီတော့ သူတို့လင်မယား နှစ်ယောက် စားရေးသောက်ရေးအတွက် ဘာမှ မပူရဘူး။

ဒီလို ရောင်းကောင်းနေတုန်းမှာ ကျွန်တော်တို့နားက လက်ဖက်ရည်ဆိုင် ပြုတ်သွားတယ်။

သူ ပြုတ်သွားတာ ဘာမှမဆန်းပါဘူး။ ပြုတ်မှာပေါ့။ အနေအထိုင်မှ မတတ်ပဲကိုး။ အနေအထိုင် မတတ်ဘူးဆိုတာက ဒီလိုလေ၊ ကျွန်တော်တို့ မြန်မာလူမျိုးရဲ့ အကျင့်လို့ ဆိုရမလား မသိပါဘူး။ လက်ဖက်ရည်ဆိုင်က နည်းနည်းရောင်းလို့ ကောင်းလာတော့ လူက နည်းနည်း အပျော်အပါး များလာတယ်။ မယားငယ် ယူလာတယ်။ သားတွေကလည်း မော်တော်ဆိုင်ကယ်ကလေးတွေ တဖုတ်ဖုတ်နဲ့ လမ်းသလားတယ်။ ကျောင်းလည်း ကောင်းကောင်း မနေရဘူး။ သားတစ်ယောက်ကဆိုရင် လမ်းသရဲဖြစ်ပြီး အရပ်ထဲမှာ ခဏ ခဏ ရန်ဖြစ်၊ ခဏ ခဏ ရဲစခန်းရောက် ဆိုတာမျိုးတွေ ဖြစ်လာတယ်။ မိန်းမကလည်း လေးကောင်ဂျင် လှည့်တယ်။ နောက်တော့ လက်ဖက်ရည်ဖျော်တဲ့ ကောင်လေးနဲ့ လိုက်ပြေးတယ်။ ဒီတင် မိသားစု ကိုးရိုးကားရားဖြစ်ပြီး ဆိုင်ပြုတ်သွားတယ်။

ဆိုင်ပြုတ်သွားရုံတင် မကတော့ဘူး။ သူတို့မိသားစု တစ်ခုလုံး ဖရိုဖရဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး နောက်ဆုံးတော့ အိမ်ကလေးပါရောင်းပြီး တခြားကို လွင့်သွားကြတယ်။

သူဆိုင်ပြုတ်တာက သူ့အကြောင်းနဲ့သူ။ ဒါပေမဲ့ သူ့ဆိုင်ကိုမှီပြီး မုန့်ဟင်းခါးဆိုင်ဖွင့်နေတဲ့ ကျွန်တော်ပါ နည်းနည်းပါးပါး ထိခိုက်လာတယ်။ မုန့်အရောင်းကျသွားတယ်။ ခါတိုင်း မနက်ပိုင်းတင် အချိန်တစ်ဆယ်လောက် ကုန်တာဟာ မကုန်တော့ဘူး။ ခြောက်ပိဿာလောက်၊ ခုနစ်ပိဿာလောက်ပဲ ကုန်တော့တယ်။

ကျွန်တော့်မှာလည်း စားတဲ့ပါးစပ်ပေါက်တွေ တိုးလာတယ်။ သားတွေ သမီးတွေက ကြီးလာတော့ ကလေးတုန်းကထက် ပိုပြီး အကုန်အကျ များလာတယ်။ ကျောင်းစရိတ်၊ အဝတ်အစားဖိုး ပိုလာတယ်။ ဒီအထဲမှာ ဆိုးတဲ့သား တစ်ယောက်လည်းပါလာတော့ ပိုပြီးဒုက္ခရောက်တာပေါ့။ ဒီကောင် သုံးတာကိုက နည်းလို့လား။ အိမ်က ဟိုပစ္စည်းယူ ခိုးပေါင်၊ ဒီပစ္စည်း ခိုးပေါင်နဲ့။ နောက်တော့ အိမ်က ထွက်ပြေးတယ်။ တစ်နှစ်လောက်ကြာတော့ ဒီကောင် ပြန်ရောက်လာတယ်။ ပြန်ရောက်လာတော့လည်း လက်ခံရပြန်တာပေါ့။ အရင်တုန်းက လောက် မဆိုးပေမဲ့ ဆိုးတော့ ဆိုးတုန်းပဲ။

ဒီတုန်းမှာ ကံဆိုးချင်တော့ မုန့်လုပ်ဆောင်းကုန်း မီးကြီးလောင်လို့ ကျွန်တော့်အိမ် ပါသွားတယ်။ အိမ်ပေါ်က ကျောကော့ပြီး ဆင်းခဲ့ရတယ်။ ဘာမှ မရလိုက်ဘူး။ မီးဘေးဒုက္ခသည်အဖြစ် နေနေရင်း မုန့်ဟင်းခါးဆိုင်ကလေး ပြန်ဖွင့်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ အရင်းအနှီးမရှိဘူး။ ဒီတော့ ကျွန်တော် မုန့်ဟင်းခါးအထမ်း ပြန်ရောင်းတယ်။ ဒီလောက်တော့ ရှာလို့ရတယ်။ ဆိုင်းထမ်း ကလေးနဲ့ ပန်းကန်ခွက်ယောက်ကလေး နည်းနည်း ပြန်စုတယ်။

ဒါပေမဲ့ အဲဒီအချိန်မှာ ခေတ်ပြောင်းသွားပြီလေ။ ခေတ်ပြောင်းသွား တာကို ကျွန်တော် မသိလိုက်ဘူး။

မုန့်ဟင်းခါးတစ်ပန်းကန်ကို အနည်းဆုံး တစ်ကျပ် ဖြစ်လာတယ်။ အကြော်နဲ့ဆိုရင် ငါးမတ်။ နောက် တစ်ပန်းကန်ကို တစ်ကျပ်ခွဲ၊ နောက် နှစ် ကျပ်မတ်တင်း၊ နောက် နှစ်ကျပ်၊ နောက် နှစ်ကျပ်တစ်မတ်၊ နှစ်ကျပ်ခွဲ၊ သုံးကျပ်အထိ ဖြစ်လာတယ်။

မုန့်ဟင်းခါးဆိုင်တွေကလည်း ရန်ကုန်မှာ မှိုလိုပေါက်မတတ်ပဲ၊ လမ်းထိပ် တိုင်းမှာ ရှိတယ်။ လက်ဖက်ရည်ဆိုင်ကြီးတိုင်းနားမှာ ရှိတယ်။ သူတို့အနား ကို ကျွန်တော်တို့ တိုးလို့မရဘူး။ မကပ်နိုင်ဘူး။

ဘယ့်နှယ်တိုးလို့ရမှာလဲ။ ဆိုင်ကြီးတွေက တကယ့်ဆိုင်ကြီးတွေ။ တချို့





ဆိုရင် တိုက်ခန်းကြီးတွေနဲ့။ ပိုက်ဆံရှိတဲ့လူကလည်း မုန့်ဟင်းခါးရောင်းတယ်။ ဝင်စင်စား အရာရှိကြီးကလည်း မုန့်ဟင်းခါး ရောင်းတယ်။ သူတို့ဆိုင်တွေက ခမ်းနားတယ်။ စတိုင်ကျတယ်။ ရေနွေးကြမ်းဆိုရင် တရုတ်ဓာတ်ဘူး ပဒုမ္မာ ဓာတ်ဘူးနဲ့။ လက်ဖက်ရည်ကြမ်းပန်းကန်ဆိုရင်လည်း တရုတ်လက်ဖက်ရည် ကြမ်းပန်းကန်နဲ့။ ဆိုင်ခန်းထဲမှာဆိုရင် ပန်ကာနဲ့။ မုန့်ဟင်းခါးထဲထည့်တဲ့ အကြော် တလည်း မျိုးစုံ။ ဘူးသီးကြော်လား၊ ဘဲဥလား၊ ငါးဖယ်ကြော်လား၊ အီကြာကွေး လား၊ မန္တလေးပဲကြော်လား အစုံရှိတယ်။ ကြိုက်တတ်ရင် ပဲသီးစိမ်းတို့ ဘာတို့ ဆိုတာတွေကိုလည်း ထည့်ပေးသေးတယ်။

အဲဒီဆိုင်ကြီးတွေကို ကျွန်တော် သွားစားကြည့်တယ်။ အမှန်ကတော့ ဒီလောက်မကောင်းပါဘူးဗျာ။ ဟင်းရည်ဆိုရင်လည်း အချိုမှုန့်တွေ ကဲထားလိုက် တာ ချိုအီကြီး။ အုန်းနို့တို့ဘာတို့၊ မြေပဲထောင်တို့ကို ထည့်ထားတော့ သာတောင် အီသေးတယ်။ တချို့ဆိုရင်လည်း ငါးပိရည်ကျိုထည့်ထားတယ် ထင်တာပဲ။ ငါးပိရည်ကျိုနံ့ထွက်နေတယ်။ ဟင်းရည်ကလည်း ကျဲတောက်တောက်နဲ့။

ရန်ကုန်စားသုံးသူကလည်း ခမ်းခမ်းနားနားဆိုရင် အထင်ကြီးတယ်ထင် တာပဲ။ သူတို့ဆိုင်တွေမှာပဲ လူတွေ ကြိတ်ကြိတ်တိုးနေတယ်။ မတ်တတ်ရပ်ပြီး စားတဲ့သူ၊ ကားပေါ်မှာ ထိုင်ပြီးစားတဲ့သူတွေနဲ့ တန်းစီရမတတ်ပဲ။

မုန့်ဟင်းခါးတင်မကဘူး အုန်းနို့ခေါက်ဆွဲတို့ နန်းကြီးတို့၊ ရှမ်းခေါက်ဆွဲ တို့ပါ ရောင်းတော့ သူတို့ဆိုင်မှာ လူက အမြဲစည်နေတာပေါ့။

တစ်ခါတလေကျတော့ ကျွန်တော် တွေးပြီး ဝမ်းနည်းတယ်။ ကျွန်တော် တာ တစ်သက်လုံး မုန့်ဟင်းခါးရောင်းစားတဲ့ကောင်။ ခု အသက်ခြောက်ဆယ် ပြည့်တော့မယ်။ ဒါပေမဲ့ ဒီခေတ်မှာ ကျွန်တော် မတိုးနိုင်ဘူး။ ကျွန်တော် တင်လားဆိုတော့ မဟုတ်ဘူး။ ကျွန်တော့်လို တစ်သက်လုံး အစဉ်အဆက် မုန့်ဟင်းခါးရောင်းတဲ့ ဆိုင်တွေလည်း မှိန်ကုန်ပြီး နောက်ပေါ်တဲ့ ရွှေကြာပင် တွေက မင်းမူနေတယ်။ ပိုက်ဆံရှိတဲ့လူတွေ၊ အရာရှိပြုတ်တွေက မုန့်ဟင်းခါး ထရောင်းတော့ မုန့်ဟင်းခါးချက်တဲ့ အတတ်ပညာမှာ ကျွန်တော်တို့ထက် မသာ သည့်တိုင် သူတို့က နာမည်ရှိတယ်၊ သိပ်ကောင်းတယ်၊ အဆောင်အယောင် သာတယ်။ ဒီတော့ ကျွန်တော်တို့ထက် ပိုရောင်းရတယ်။

မုန့်ဟင်းခါးကတော့ မကောင်းပါဘူး။ သူတို့လိုသာ ပိုက်ဆံရှိရင်၊ အရင်းအနှီးတတ်နိုင်ရင် ကျွန်တော် သူတို့ထက်ကောင်းအောင် ချက်တတ် တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တလောကတော့ မုန့်ထုပ်လာတဲ့ စက္ကူတစ်ရွက်တွေ့လို့ ဖတ်ကြည့်တယ်။ မုန့်ဟင်းခါးသည်အကြောင်း ရေးထားတဲ့ ဝတ္ထုဗျ။ စာတို့ ဘာတို့ သိပ်မဖတ်ပါဘူး။ ဒါပေမဲ့ မုန့်ဟင်းခါးသည်အကြောင်း ရေးထားတော့ ကိုယ်နဲ့ဆိုင်လို့ ဖတ်ကြည့်တယ်။ ဝတ္ထုက 'တတိယတန်းမှာ တစ်နေရာ'၊ ရေးတဲ့ စာရေးဆရာက သိန်းဖေမြင့်တဲ့။ ၁၉၅၀ ခု တစ်ဝိုက်လောက်က မုန့်ဟင်းခါး အထမ်းသည် တစ်ယောက်အကြောင်းကို ရေးထားတာ။ အဲဒီ ဝတ္ထုတိုလေးကို ကျွန်တော် ကြိုက်လိုက်တာဗျာ။ ကျွန်တော်တို့အကြောင်းများ ရေးထားသလား အောက်မေ့ရတယ်။

ခု ကျွန်တော်ကတော့ တတိယတန်းမှာတောင် မရှိတော့ဘူးဗျ။ စတုတ္ထတန်းကို ရောက်နေပြီ။ ပိုက်ဆံရှိတဲ့သူတွေ၊ ပင်စင်စား အရာရှိရဲ့ဆိုင်က ပထမတန်းဆိုင်၊ ဒုတိယတန်းမှာတော့ အရင်းအနှီး အသင့်အတင့်လည်း ရှိ၊ ကိုယ်တိုင်လည်း မုန့်ဟင်းခါးချက်ကောင်းတဲ့ ဆိုင်မျိုးတွေ။ တတိယတန်းမှာတော့ လက်ဖက်ရည်ဆိုင်ကြီးတို့၊ ဈေးတို့ အနားမှာ ကပ်ရောင်းတဲ့ဆိုင်တွေ၊ စတုတ္ထတန်းမှာတော့ ကျွန်တော်တို့လို အထမ်းနဲ့ရောင်းတဲ့ အသည်တွေ။

ကျွန်တော့်အထင် ပြောရရင်တော့ ရန်ကုန်က မုန့်ဟင်းခါးသည် လောကကြီးဟာ ကမောက်ကမ ဖြစ်နေတာပဲဗျာ။ ကိုယ်နဲ့မဆိုင်တဲ့ အလုပ်တွေကို ဝင်လုပ်နေကြတော့ ကမောက်ကမ ဖြစ်တော့တာပေါ့။

စတုတ္ထတန်းကနေပြီး ပဉ္စမတန်းအထိ ထိုးကျ မသွားပါစေနဲ့လို့သာ ဆုတောင်းရတော့မှာပဲ။

သာ

မေ၊ ၁၉၈

# စားပွဲထိုးတစ်ယောက် ကွယ်လွန်အနိစ္စရောက်ခြင်း

ဦးထွန်းဖေ ဗိုလ်တဲစောင့် လုပ်လာသည်မှာ အနှစ် ၃၀ ရှိလေပြီ။ သူ့အသက် ၂၀ ကျော်လောက်ကတည်းက သည်ဗိုလ်တဲတွင် ဗိုလ်တဲစောင့် လုပ်ခဲ့ခြင်း ဖြစ်၏။ သူ့အဖေ ဦးဘကျင်လည်း သည်ဗိုလ်တဲမှာ ဗိုလ်တဲစောင့် လုပ်ခဲ့၏။ သူသည်လည်း သည်ဗိုလ်တဲက အစေခံတန်းလျားကလေးထဲမှာ မွေးပြီး သည်ဗိုလ်တဲက အစေခံတန်းလျားကလေးထဲမှာ ကြီးပြင်းခဲ့သည်။ သူ့အသက် ၂၀ ကျော်တွင် အဖေ ဦးဘကျင်ဆုံးသည့်အခါ သူတို့အမေသည် ကလေး …ယောက်ဖြင့် မုဆိုးမဖြစ်၍ ကျန်ရစ်ခဲ့သည်။ ဘယ်ကိုမျှ ပြောင်းစရာမရှိ။ …တွင် လူကြီးများက သားအကြီးဆုံးဖြစ်သည့် သူ့ကို အဖေ့နေရာတွင် …ခန့်ထားလိုက်ကြ၏။ အစိုးရအလုပ်ဖြစ်၍ ချက်ချင်းမခန့်။ ပထမ အစမ်းခန့် …ပ်နေရသေးသည်။ အစမ်းခန့်ဆိုသည်မှာ လခမရသေးဘဲ ဗိုလ်တဲနောက်ဖေး …န်းလျားတွင် နေခွင့်ရရုံသာ ဖြစ်သည်။ အစိုးရရုံးများထုံးစံအတိုင်း အဆင့်ဆင့်ကို …ကျော်ဖြတ်ပြီးမှ ဗိုလ်တဲစောင့်ရာထူး ရ၏။ ရာထူးသေးသေးကလေး ဖြစ်သဖြင့် …ဆင့်များစွာကိုတော့ ကျော်ဖြတ်ခြင်း မပြုရ။ နှစ်ဆင့် သုံးဆင့်လောက်မျှသာ …သဖြင့် မကြာလိုက်ပါ။ ခြောက်လလောက်သာ ကြာလိုက်ပါသည်။

ဗိုလ်တဲစောင့် အလုပ်သည် ထူးထူးထွေထွေ မရှိ။ မြင်မကောင်း ရှု …ကောင်းဖြစ်လျှင် ဗိုလ်တဲဝင်းထဲတွင် တံမြက်စည်း လှည်းရခြင်း၊ မီးတွင်းတွင် …ယ်တို့ကို ရှင်းလင်းရခြင်း၊ နေ့စဉ် ရေမလောင်းရသည့် ပန်းပင်များစိုက်ခြင်း၊ …ထဲရှိ အခန်းများကို သန့်ရှင်းရခြင်း၊ လိုအပ်လျှင် ရေအိမ်ကို ဆေးကြော



www.burmeseclassic.com

www.burmeseclassic.com



ရခြင်း၊ ဗိုလ်တဲသို့ ဧည့်သည်များလာလျှင် ဗီရိုထဲတွင် သိမ်းထားသည့် ဌာနပိုင် စောင်၊ ခေါင်းအုံး၊ ခြင်ထောင်တို့ကို ထုတ်၍ ပြင်ဆင်ပေးရခြင်း၊ ဧည့်သည်များကို ချက်ပြုတ် ကျွေးမွေးရခြင်း စသည်တို့ ဖြစ်သည်။

ထိုအလုပ်များသည် ဘာမျှ ပင်ပန်းလှသော အလုပ်များ မဟုတ်။ ကျယ်ဝန်းလှသော ဗိုလ်တဲဝင်းကြီး တစ်ခုလုံးကို ပြောင်ရှင်းနေအောင် သူတစ်ယောက်တည်း တံမြက်စည်း မလှည်းနိုင်။ လှည်းဖို့လည်း မလို။ မော်တော်ကား ဝင်လမ်းထွက်လမ်းနှင့် ပေါ်တီကို တစ်ပိုက်တွင် အမှိုက်သရိုက်တို့ မရှိလျှင် တော်ပြီ။ ချုံနွယ်တို့ကို ရှင်းလင်း၍ ပေါင်းသင်၊ မြက်ခုတ်ရသည့် ကိစ္စမှာလည်း နေ့တိုင်း လုပ်စရာ မလို။ မိုးတွင်းမှ တစ်လလျှင် တစ်ကြိမ်နှစ်ကြိမ်လောက်သာ လုပ်ရသည့်ကိစ္စမျိုး ဖြစ်သည်။ အညာတွင် မိုးခေါင်သည့် နှစ်မျိုးနှင့်ကြုံလျှင် တစ်မိုးတွင်းလုံးပင် ချုံရှင်းစရာ မလိုတော့။ သူ အများဆုံး လုပ်ရသည့် အလုပ်မှာ လာသည့်ဧည့်သည်များကို ထမင်းချက်ကျွေးရသည့် အလုပ်ဖြစ်သည်။

သည်အလုပ်ကို သူကလည်း ဝါသနာပါသည်။ ဦးထွန်းဖေသည် အစားကောင်း အသောက်ကောင်း စားတတ်သူပီပီ သူကိုယ်တိုင်လည်း ကောင်းစွာ ချက်တတ် ပြုတ်တတ်သည်။ ဧည့်သည်တွေ လာ၍ ထမင်းချက်ရလျှင် သူတို့မိသားစုလည်း ဝဝလင်လင် စားရသည်။ ဧည့်သည်များကလည်း ဘောက်ဆူးကလေး ဘာလေး ပေးသွားတတ်ကြသည်။

ဧည့်သည်ကလည်း သူတို့ဗိုလ်တဲသို့ မကြာခဏ ရောက်လာတတ်၏။ သူတို့ဗိုလ်တဲသည် ထိုမြို့တွင် အကောင်းဆုံး ဗိုလ်တဲဖြစ်သဖြင့် ဘယ်ဌာနက ဧည့်သည်ပဲလာလာ သူတို့ဗိုလ်တဲသို့ ရောက်လာတတ်၏။ ထိုအခါမျိုးတွင် ဦးထွန်းဖေ ဝမ်းသာ၍ မဆုံးပြီ။

ဦးထွန်းဖေသည် ဧည့်သည်တွေလာလျှင် သူတို့ဒေသထွက် အသားငါးများကို အမျိုးမျိုး ချက်ပြုတ်ကျွေးတတ်သည်။ သူတို့ဒေသထွက် ဟင်းသီးဟင်းရွက်များကိုလည်း တစ်မျိုးနှင့်တစ်မျိုး မထပ်ရအောင် ချက်ပြုတ်ကျွေးတတ်၏။ သူတို့ဗိုလ်တဲတွင် ရေခဲသေတ္တာ ရှိသည်။ ပန်းကန်ခွက်ယောက်တွေ ရှိသည်။ ဇွန်း၊ ခက်ရင်း၊ ဓား စသည့် အသုံးအဆောင်တွေ ရှိသည်။ လက်သုတ်ပဝါ၊ စားပွဲခင်း၊ ဖန်ခွက်စသည့် လိုအပ်သည့် အသုံးအဆောင်တွေ အကုန်ရှိသည်။

သို့ဖြင့် ဦးထွန်းဖေသည် ထိုဗိုလ်တဲတွင် ညစောင့်လုပ်ရင်း လာသမျှ ဧည့်သည်တို့ကို ထမင်းချက်ကျွေးလာခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်လေပြီ။





လုပ်သက်ပင်စင်ယူမည်ဆိုလျှင် ယူနိုင်ပြီ။ သို့ရာတွင် သူ မယူသေးပါ။ ဗိုလ်တဲအစောင့်အလုပ်က ထွက်သွားလျှင် သူ့မှာ နေစရာမရှိ၊ ဗိုလ်တဲမှ နောက်ဖေးတန်းလျား ကျယ်ကျယ်မျိုးကို သူ့ပင်စင်လခမျိုးဖြင့် အဘယ်မှာ သွားငှားနေနိုင်မည်နည်း။ နောက်တစ်ကြောင်းမှာ ဧည့်သည်တွေလာလျှင် သူတို့မိသားစု မြိုးမြိုးမြက်မြက်ကလေး စားရသည်။ ထိုစားကောင်းသောက်ဖွယ်တို့လည်း သူ့လခဖြင့် အဘယ်မှာ စားနိုင် သောက်နိုင်မည်နည်း။

ဦးထွန်းဖေသည် အသက်ငါးဆယ်ကျော်လေပြီ။ အသက် ငါးဆယ်ကျော်တို့ ထုံးစံ သူ့တွင် သွေးတိုးရောဂါရှိသည်။ တစ်ခါတစ်ရံတွင် သွေးတိုးထသဖြင့် အိပ်ရာထဲမှ ကောင်းကောင်းမထနိုင်။ နေ့စဉ် ရုံးတက်ရသည့်အလုပ် မဟုတ်၍သာ တော်တော့သည်။ သို့မဟုတ်လျှင် မကြာခဏ ရုံးပျက်သဖြင့် ပြဿနာဖြစ်ရဦးမည်။

ဗိုလ်တဲကိုပိုင်သည့် ဌာနကလည်း ဦးထွန်းဖေကို လက်မလွှတ်ချင်။ ပင်စင်မယူစေချင်။ သူတို့ဌာနမှလာသည့် အရာရှိကြီးများသည် ဦးထွန်းဖေ၏ လက်ရာကို သဘောကျကြသည်။ ဦးထွန်းဖေသည် ထမင်းဟင်းကိုသာ ကောင်းစွာ ချက်ပြုတ်တတ်သည်မဟုတ်၊ စားပွဲထိုးတို့ တက်မြောက်အပ်သော ပညာရပ်တို့ကိုလည်း အတွေ့အကြုံအရ တတ်မြောက်သည်။

ဧည့်သည် ရောက်လာတော့မည် ဆိုသည်နှင့် မျက်နှာသုတ်ပဝါကလေးတွေကို ရေနွေးနှင့်ဆွတ်ပြီး ရေခဲသေတ္တာထဲတွင် ထည့်ထားသည်။ လိမ္မော်၊ ဘာလီတို့ ဘာတို့ကို အသင့်လုပ်ထားသည်။ သစ်သီးတို့ကို အသင့်လုပ်ထားသည်။ ညစာ မစားမီ အရက်ပွဲကလေးကိုလည်း ကောင်းစွာ ပြင်တတ်သည်။ အရက်နှင့် မြည်းလို့ကောင်းသည့် အမြည်းတို့ကို သူ စိတ်ကူးတတ်သည်။ မိမိလည်း စီမံတတ်သည်။ သူကိုယ်တိုင်ကလည်း အရက်ကလေးဘာလေး ကြိုက်သည်ဆိုတော့ အရက်ကြိုက်တတ်သူတို့၏ သဘောကို သူနားလည်သည်။

ညစာစားချိန်ဆိုလျှင်လည်း သူ့စားပွဲခင်းသည် ဒိုဘီပေးပြီးသား ဖြူဖွေးနေသည်။ လက်သုတ်ပဝါများကလည်း ဒိုဘီပေးပြီးသား ဖြူဖွေးနေသည်။ ရွှေငွေမှုလုပ်သည့် သံမဏိဇွန်းများ၊ ခက်ရင်းများ၊ ဓားများကလည်း ပြောင်လက်လျက်။ နေရာတကျ ပြင်ဆင်တတ်သည်။

ထမင်းစားပြီးလျှင်လည်း ရာသီလိုက်ပေါ်သည့် သစ်သီးတို့ကို လှပစွာ ပြင်ဆင်ထားတတ်သည်။ အချိုပွဲ၊ လက်ဖက်ပွဲစသည်တို့လည်း ရှိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေက သူတို့ဗိုလ်တဲသို့ အရာရှိကြီးတစ်ဦး ရောက်သဖြင့် ထမင်းစားပွဲကြီး ကျင်းပသည်။ ထိုအရာရှိကြီးမှာ နိုင်ငံခြားတွင် အတန်ကြာမျှ နေထိုင်ခဲ့သူဖြစ်သည့်အတွက် ထမင်းစားပွဲတွင် အထားအသိုကအစ မမှားရန် ဌာနဆိုင်ရာလူကြီးက သူ့ကို ကြိုတင်မှာထားသည်။

အရာရှိကြီးသည် ပူပြင်းသော နွေရာသီ ညနေစောင်းတွင် သူ့ဗိုလ်တဲသို့ ကားနှစ်စီးဖြင့် ရောက်လာသည်။ ဌာနဆိုင်ရာတို့ကို စစ်ဆေးရန်အတွက် လက်အောက်အရာရှိများလည်း ပါသည်။ သူ့ဇနီးနှင့် မိသားစုများလည်း ပါသည်။

နေပူထဲတွင် ခရီးပန်းလာသည့် ဧည့်သည်များအတွက် ရေခဲသေတ္တာထဲတွင် ရေမွှေးနံ့သတ်ထားသည့် မျက်နှာသုတ်ပဝါများ အဆင်သင့်၊ အမောပြေသောက်ရန် သစ်သီးရည်နှင့် လီမွန်ဘာလီတို့က အဆင်သင့်။ နားပြီးလျှင် ရေချိုးရန် ရေချိုးခန်းများတွင်လည်း ရေ အဆင်သင့်။

ဧည့်သည်များသည် အေးမြမွှေးကြိုင်သော မျက်နှာသုတ်ပဝါကလေးများဖြင့် မျက်နှာကို သုတ်ပြီး ခဏနားကြ၏။ ထို့နောက် ရေမိုးချိုးကြ၏။ အားလုံး အဆင်ပြေလျက်။

ညနေပိုင်းတွင် ထမင်းမစားမီ အရက်ဝိုင်းဖွဲ့ကြသည်။ အရက်ဝိုင်းတွင်လည်း လိုလေသေးမရှိ။ ရေခဲ၊ ဆော်ဒါ၊ အရက်၊ စားသောက်ဖွယ် အမြည်းပေါင်းစုံ၊ ချဉ်ငန်စပ် ပန်းကန်တွေ အလုံအလောက်။

ပြဿနာဖြစ်သည်မှာ ညစာစားပွဲတွင် ဖြစ်သည်။

ညစာစားပွဲတွင် ဟင်းများကလည်း ဒေသထွက် အသားငါးများ၊ ဟင်းသီးဟင်းရွက်များနှင့် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကြော်လှော်ထားသည်။ ဘာမျှ လိုလေသေးမရှိ။ ပန်းကန်များကလည်း တရုတ်ပန်းကန်ကိုပင် မသုံး။ အင်္ဂလန်မှလာသည့် ဂျွန်ဆင်ဘရားသားလုပ် ပန်းကန်များဖြစ်သည်။ ဇွန်း၊ ခက်ရင်း၊ ဓား စသည်တို့ကလည်း ရှက်ဖီးမှလာသည့် ပြောင်လက်နေသော သံမဏိပစ္စည်းများဖြစ်သည်။ ထိုပစ္စည်းများကို ဗွီအိုင်ပီတွေလာမှ ထုတ်သုံးရခြင်းဖြစ်၏။

သို့ရာတွင် လက်သုတ်ပဝါများကမူ အညံ့စားတွေ။ ဒေသတွင် ယက်သည့် လက်သုတ်ပဝါများ ဖြစ်သည်။ အရောင်တွေကလည်း ကိုးယိုးကားယား။ အသားကလည်း ခပ်ကြမ်းကြမ်းနှင့်။

ထုံးစံအတိုင်းဆိုလျှင် စားပွဲခင်းသည် ဖြူဖွေးနေသော ဒိုဘီချ စားပွဲခင်း ဖြစ်ရမည်။ လက်သုတ်ဝါကလည်း ဖြူဖွေးနေသော ဒိုဘီချ လက်သုတ်ပဝါ ဖြစ်ရမည်။ အနီးတွင် ကတော့ပုံ လုပ်၍ ချထားပြီး ပေါင်ပေါ်တွင် ဖြန့်ခင်းရန် အဆင်သင့်ဖြစ်နေရမည်။





ယခုမူ လက်သုတ်ပဝါအကြမ်းကြီးတွေ။ တံဆိပ်ပင် မခွာရသေး။ ကော်တွေတောင့်နေပြီး ကော်နံ့နှင့် ဆေးနံ့တို့ ပေါင်းထားသော ချဉ်စူးစူးအနံ့ကြီး ထွက်နေသေးသည်။

အရာရှိကြီးသည် ထမင်းစားခါနီးတွင် သူ့ပေါင်ပေါ်တွင် ခင်းရန် လက်သုတ်ပဝါကို လိုက်ကြည့်သည်။ မည်သူမျှ သတိမထားမိ။

ဦးထွန်းဖေကလည်း နောက်ခန်းထဲတွင် ဟင်းတွေပြင်ပေးနေရသဖြင့် ထိုအချက်ကို သတိမထားမိ။

ခဏကြာလျှင် ထမင်းစားခန်းဘက်ဆီမှ ဆူပူကြိမ်းမောင်းနေသံကို ကြားရသည်။

''လုံချည်အကျီတွေ ပေကုန်မှာပေါ့ကွ၊ ပေါင်ပေါ်မှာ ဘာနဲ့ခင်းရမှာလဲ၊ လက်သုတ်ပဝါကလဲ တံဆိပ်တောင် မခွာရသေးဘူး၊ ဒီလောက်မှ နားမလည်ကြဘူးလား''

''ဟုတ်ကဲ့၊ ရပါတယ် အစ်ကိုကြီး၊ စားပွဲထိုးက မှားသွားလို့ပါ''

အိမ်သည် လက်အောက်အရာရှိကလေးများသည် နောက်ဖေးခန်းသို့ မျက်စိမျက်နှာပျက်၍ ပြေးဝင်လာကြသည်။

''ဗျို့ ဦးထွန်းအေး၊ ပေါင်ပေါ်ခင်းဖို့ လက်သုတ်ပဝါ ဘယ်မှာလဲဗျ။ ချပေးတော့လဲ လက်သုတ်ပဝါ အသစ်ကြီးတွေ၊ တံဆိပ်တောင် မခွာရသေးဘူး၊ သွား . . . ဗီရိုထဲမှာ ဒိုဘီပေးပြီး လက်သုတ်ပဝါအဖြူတွေ ယူခဲ့၊ ဒီလောက်တောင် ပေါ့တီးပေါ့ဆလုပ်တဲ့လူ၊ ခင်ဗျားကို ဖြုတ်ပစ်မယ်၊ ဘာမှ သောက်သုံးမကျဘူး''

ဦးထွန်းဖေသည် ထိုအခါကျမှ လက်သုတ်ပဝါများ ဒိုဘီပေးထားရာမှ မရွေးရသေးကြောင်းကို သတိရတော့သည်။ အမှန်အားဖြင့် သူ ကြိုကြိုတင်တင် ဒိုဘီပေးထား၏။ သို့ရာတွင် အလုပ်များသဖြင့် သတိမေ့သွားကာ သာမန်ဧည့်များလာလျှင် သုံးရန်ဖြစ်သည့် လက်သုတ်ပဝါ အကြမ်းစားများကို ထုတ်ပေးလိုက်မိသည်။

''ဗျို့ အဘိုးကြီး၊ လက်သုတ်ပဝါ ဒိုဘီပေးထားတဲ့ လက်သုတ်ပဝါအဖြူတွေ ဘယ်မှာလဲ''

''ခင် . . . ခင်ဗျာ၊ ခု . . . ခုမှ သတိရတယ် ခင်ဗျ၊ ဒိုဘီဆီမှာ ရောက်နေတာ မရွေးရသေးဘူး''

အရာရှိအားလုံးက သူ့ကို တစ်ယောက်တစ်ပေါက် ဝိုင်းဆူကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွား . . . သွား။ အောက်မှာ ကားရှိတယ်၊ ကားနဲ့ မြန်မြန် သွားယူချည်စမ်း"

ဟု တစ်ယောက်က နိုင်းသည်။

ဦးထွန်းဖေသည် ပြင်လက်စ ဟင်းပန်းကန်များကို ချထားခဲ့ကာ အောက်တွင်ရှိသည့် အရာရှိတစ်ဦး၏ မော်တော်ကားဖြင့် ဒိုဘီဆိုင်သို့ ပြေးသည်။ ပင်းမင်းပေးပြီး လက်သုတ်ပဝါ ဖြူဖြူများကို ယူ၍ ဗိုလ်တဲသို့ ပြန်ရောက်လာသည့်အခါမှာ အားလုံး ထမင်းစားပြီးနေလေပြီ။

"ခုမှယူလာလို့ ဘာသောက်သုံးကျတော့မှာလဲဗျ။ ဟိုမှာ စားပြီးနေပြီ။ ခင်ဗျားတော့ မလွယ်ဘူးမှတ်ပါ။ ဒီလောက်အရေးကြီးတဲ့ ထမင်းစားပွဲမှာ လက်သုတ်ပဝါ အညံ့စားကြီးတွေနဲ့ ပေးရသလားဆိုပြီး ကျုပ်တို့ကို မာန်မဲပြီးပြီ တော်ပြီ ခင်ဗျား မနက်ဖြန် အလုပ်ကထွက်"

မြို့တွင်ရှိသည့် အိမ်သည်အရာရှိက သူ့ကို မာန်သည်။

ဦးထွန်းဖေသည် သန်းခေါင်ကျော်သည်အထိ ပစ္စည်းတွေကို သိမ်းပြီးနောက် နောက်ဖေးတန်းလျားရှိ သူ့အိမ်သို့ ပြန်လာခဲ့သည်။ ခေါင်းကလည်း မူးသည်။ စိတ်ကလည်း ညစ်သည်။ ဟင်းကြွင်းဟင်းကျန်များကို သူ့ဇနီးသည်နှင့် သူ့သားသမီးတွေ မြိန်ရည်ရှက်ရည် စားနေကြသော်လည်း သူ မစားနိုင်။

ထိုညက သူသည် တစ်ညလုံး အိပ်မပျော်။ သူ့ကို အလုပ်ဖြုတ်ပစ်မည်ဟု ပြောလိုက်ပြီ။ သူ့တစ်သက်တွင် တစ်ခါမျှ ထိုသို့ လစ်ဟင်းဖူးသည် မရှိ။ အထက်လူကြီးများ စိတ်တိုင်းအကျဆုံးဖြစ်အောင် အတတ်နိုင်ဆုံး ဆောင်ရွက်ခဲ့သည်ချည်း။ သို့ရာတွင် ယခုမူ အရေးကြီးသည့် ဧည့်သည်လာချိန်တွင် လစ်ဟင်းမှုကြီးတစ်ခု ဖြစ်သွားပြီ။ လစ်ဟင်းမှုဖြစ်သည်က အရေးမကြီးသေး။ သူ့ကို အလုပ်ကဖြုတ်ပစ်မည်ဟု အထက်အရာရှိက ပြောလိုက်ပြီ၊ အလုပ်မှ ထုတ်လိုက်လျှင် ပင်စင်လည်း ရတော့မည် မဟုတ်တော့။

အရေးကြီးသည်မှာ နေစရာ အိမ်မရှိခြင်းဖြစ်သည်။ သူ့တွင် နေစရာအိမ် မရှိ၊ မြေမရှိ။ သူ့အဖေသည် သည်တန်းလျားတွင် ကြီးပြင်းခဲ့ပြီး ဗိုလ်တဲဝင်းထဲမှာ အလုပ်လုပ်ခဲ့ကာ သည်တန်းလျားမှာပင် ခေါင်းချသွားခဲ့၏။

သူလည်း သည်တန်းလျားမှာပင် မွေးပြီး သည်ဗိုလ်တဲတန်းလျားမှာပင် ကြီးပြင်းခဲ့ကာ သည်ဗိုလ်တဲဝင်းထဲတွင် အလုပ်လုပ်ခဲ့သည်။

ခေါင်းချတော့လည်း သည်တန်းလျားကလေးမှာပင် ခေါင်းချမည်ဟု သူ စိတ်ကူးခဲ့သည်။





သည်တန်းလျားကလေးသည် သူ့ဘဝ၊ သူ့လောက။

အလုပ်မှ ဖြုတ်တော့မည်ဆိုလျှင် သည်တန်းလျားကလေးမှ ဖယ်ပေးရတော့မည်။

မည်သည့်နေရာသို့ သွားနေရမည်နည်း။

ထိုအကြောင်းများကို စဉ်းစားရင်း မိုးစင်စင် လင်းသွားသည်။ တစ်ရေးမျှ မပျော်။

နောက်တစ်နေ့မနက် လက်ဖက်ရည်သောက်ချိန်တွင် မြို့ခံအရာရှိသည် ဧည့်ခံကျွေးမွေးရန်အတွက် မြို့ထဲမှ မိန်းကလေးတစ်သိုက်ကို ခေါ်လာခဲ့သည်။ ဦးထွန်းဖေမှာ ဗိုလ်တဲပေါ်သို့ တက်ခွင့်မရတော့ဘဲ နောက်ဖေးတန်းလျားတွင် ရေနွေးအိုးကျိုပေးခြင်း၊ ပန်းကန်ဆေးခြင်း စသည့် ကိစ္စလောက်ကိုသာ လုပ်ရတော့သည်။ အရာရှိကလည်း သူ့ကို စကားတစ်လုံးမျှ မပြောတော့။ မျက်နှာထားကလည်း ခပ်ထန်ထန်။

ဦးထွန်းဖေသည် မနက် လက်ဖက်ရည်ပွဲမှ ပန်းကန်များကို ဆေးကြောပြီးနောက် မြို့ခံအရာရှိနားတွင် ရစ်ဝဲရစ်ဝဲ လုပ်နေသည်။ မြို့ခံအရာရှိက သူ့ကို တစ်ချက်မျှလှည့်မကြည့်။ ဧည့်သည်အရာရှိကြီးအနားတွင် အလုပ်များနေသည်။

တစ်ချိန်တွင်မူ လူလစ်သဖြင့် ဦးထွန်းဖေသည် မြို့ခံအရာရှိအနားသို့ ခပ်ရဲရဲဖြင့် ကပ်သွားသည်။ မြို့ခံအရာရှိက သူ့ကို တစ်ချက် စိုက်ကြည့်လိုက်၏။ သူ့မျက်နှာထားသည် ပို၍ တင်းမာသွားသည်ဟု ထင်လိုက်ရ၏။

သူ့ကို စကားတစ်လုံးမျှ မပြော။

"ခင်ဗျား ဒီနား ဘာလာရှုပ်ပြနေတာလဲ"

မြို့ခံအရာရှိက ကြောက်ဖွယ်အသံဖြင့် ဟိန်းလိုက်သည်။

"မနေ့က လက်သုတ်ပဝါ ကိစ္စကလေး ပြော . . . ပြောချင်လို့ပါ ဆရာ"

"သွား သွား၊ ဒါတွေ ဘာမှပြောမနေနဲ့၊ အလုပ်များနေတယ်"

ဦးထွန်းဖေသည် နောက်ထပ် ဘာမျှ မပြောတော့ဘဲ အရိုက်ခံရသည့် ခွေးငယ်တစ်ကောင်လို ခပ်ကုတ်ကုတ် ပြန်လှည့်လာခဲ့သည်။ ပန်းကန်များကို ဆေးနေရသည့်တိုင် သူ့စိတ်သည် ကြည်လင်ခြင်း မရှိ။ အလုပ်ဖြုတ်တော့မည့် အရေးကိုသာ တွေး၍ ပူနေသည်။ သူ့မိန်းမကို ဖွင့်ပြောသည့်အခါတွင် သူ့မိန်းမက –



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးတော်၊ ဒီလောက်လဲ ပူမနေစမ်းပါနဲ့၊ လက်သုတ်ပဝါလေး မှားချမိတာနဲ့တော့ အလုပ်ဖြုတ်ပစ်မှာ မဟုတ်ပါဘူး။ ဖြုတ်တော့ကော ကျုပ် အကြော်ရောင်းကျွေးပါ့မယ်"

ဟု နှစ်သိမ့်သည်။ သို့ရာတွင် လခစားဘဝတွင် အကျင့်ပါနေသော ဦးထွန်းဖေသည် လခစား မဟုတ်သည့် အခြားအလုပ်များကို အလုပ်ဟု မထင်တော့ပေ။

"မင်း မသိဘူး၊ မင်း နားမလည်ဘူး၊ ဒါ သိပ်အရေးကြီးတယ်၊ ငါ စိတ်ညစ်တယ်ကွာ၊ သေပစ်လိုက်ချင်တယ်"

ဟု ညည်းသည်။

အားပေး၍ မရသည့် အဆုံးတွင် သူ့မိန်းမသည် ဘာမျှမပြောတော့။

ဦးထွန်းဖေသည် မြို့ခံအရာရှိ၏ အခြေအနေကိုသာ ကြည့်နေသည်။ ထိုအရာရှိ အားသည်နှင့် မိမိအပြစ်ကို ခွင့်လွှတ်ရန် တောင်းပန်ကာ အလုပ်မှ မဖြုတ်ရန် အသနားခံမည်ဟု စိတ်ကူးထားသည်။ ကိုယ့်ထက် အသက်ငယ်သည့်တိုင် ထိုင်၍ ရှိခိုးဆိုလျှင် ရှိခိုးရန် အဆင်သင့်။ ကိုယ့်ထက် ဂုဏ်အားဖြင့်ကြီးသောသူပေပဲ၊ ဘာရှိမခိုးနိုင်စရာရှိသလဲဟု တစ်ဖက်မှ လှည့်၍ တွေးသည်။

နေ့လယ်တွင် မြို့ခံအရာရှိသည် အောက်ထပ်သို့ ဆင်းလာ၏။ အလစ်ကို စောင့်နေသည့် ဦးထွန်းဖေသည် သူ့အပါးသို့ ချဉ်းကပ်လာခဲ့ပြန်သည်။

"ခင်ဗျား ဘာကိစ္စ လာပြန်တာလဲ"

"မနေ့ညက လက်သုတ်ပဝါ မှားချမိတဲ့ ကိစ္စနဲ့ပတ်သက်လို့"

မြို့ခံအရာရှိသည် သူ့စကားဆုံးအောင် နားထောင်ခြင်းမပြု။ အရာရှိကြီးသမီးက မြို့တွင် နာမည်ကြီးသည့် ရေမုန့်ကို စားချင်သည်ဆိုသဖြင့် သွားဝယ်ရဦးမည် မဟုတ်လော။

"သွားဗျာ၊ ကျုပ် အလုပ်များနေတယ်"

မြို့ခံအရာရှိသည် သူ့ကားဒရိုင်ဘာကို လှမ်းခေါ်ကာ ရေမုန့်ဝယ်ရန် အသေးစိတ် ညွှန်ကြားချက် ပေးနေပြီးနောက် အပေါ်ထပ်သို့ ခပ်သုတ်သုတ် ပြန်တက်သွားသည်။

ဦးထွန်းဖေသည် စိတ်ပျက်လက်ပျက်ဖြင့် သူ့တန်းလျားဆီသို့ ပြန်လာခဲ့၏။

တန်းလျားတွင် သူ့မိန်းမသည် ဆေးပေါ့လိပ်ကြီး တဖွာဖွာဖြင့် မန်ကျည်းသီးမှည့်များကို ထုနေသည်။ ထိုမန်ကျည်းပင်မှ မန်ကျည်းသီးမှည့်များ





ကို ကောက်ထု၍ ရောင်းခဲ့ကြသည်။ သည်ဗိုလ်တိုက်မှ ထွက်ရတော့မည်ဆိုလျှင် မန်ကျည်းသီးမှည့်တွေလည်း ကောက်ခွင့်ရတော့မည် မဟုတ်။ နေစရာလည်း ရှိတော့မည် မဟုတ်။ အကြွင်းအကျန်ကလေးများကိုလည်း စားရတော့မည် မဟုတ်။ ပင်စင်လစာလည်း ရတော့မည် မဟုတ်၊ မိမိအား အလုပ်မှ ဖြုတ်ပစ်မည်ဟု ယတိပြတ် ပြောလိုက်ပြီ မဟုတ်လော။

ဦးထွန်းဖေသည် မြို့ခံအရာရှိ၏ အောက်မှ အရာရှိကလေးတစ်ယောက်ထံ ချဉ်းကပ်၍ သူ့ကိစ္စကို တင်ပြပြန်သည်။ ထိုအရာရှိအား သူ့ကို မဖြုတ်အောင် ပြောပေးရန် ဖြစ်၏။ ထိုအရာရှိကလေးမှာ လူငယ်ဖြစ်၍ သဘောလည်း ကောင်းပုံရသည်။

"ခက်တယ်ဗျာ၊ ကျွန်တော်တို့ဆရာကလဲ သူ့မြို့မှာ လာတုန်း အစစအရာရာ ညှိဝတ်ကျေချင်တာ၊ ခင်ဗျားက လစ်ဟင်းသွားတော့ ပြောစရာဖြစ်တာပေါ့၊ ခင်ဗျားကိုယ်တိုင် သူ့ကို ပြောကြည့်ပါဦးလေ။ ကျွန်တော်တို့ ဝင်ပြောရင် ကျွန်တော်တို့ကိုပါ ဆူနေဦးမယ်၊ ခင်ဗျား ပြောပြီးတော့မှ ကျွန်တော်တို့က သူ့အခြေအနေကြည့်ပြီး ပြောရတာပေါ့"

ဦးထွန်းဖေသည် မျှော်လင့်ချက်ကြီးစွာဖြင့် မြို့ခံအရာရှိ၏ အလစ်ကို စောင့်သည်။ မြို့ခံအရာရှိမှာ အထက်လူကြီးလာသဖြင့် လွန်စွာ အလုပ်များနေသဖြင့် သူ့ကို တွေ့ဖို့မလွယ်။

ညနေပိုင်းတွင် မြို့ခံအရာရှိသည် အောက်ထပ်သို့ ဆင်းလာပြန်သည်။

ဦးထွန်းဖေသည် သူ့အနားကို မယောင်မလည် ကပ်လာခဲ့ပြန်ကာ သူ့ကိစ္စကို စကား စ,ပြန်သည်။

"ဆရာရယ်၊ လက်သုတ်ပဝါ မှားချမိတာ ကျွန်တော့်အပြစ်ပါ၊ နောင် ဒီမျိုး"

"သွား . . . သွား ကျုပ် အလုပ်များနေတယ်"

မြို့ခံအရာရှိသည် သူ့ဒရိုင်ဘာကို လှမ်းခေါ်ပြီး တစ်စုံတစ်ရာကို ခေါ်ခိုင်းနေပြန်သည်။ ညှိသည် အရာရှိကြီးကတော်က ထိုမြို့တွင် နာမည်ကြီးသည့် သနပ်ခါးတုံး လိုချင်သည်ဆိုသဖြင့် အဝယ်ခိုင်းနေခြင်း ဖြစ်သည်။

မြို့ခံအရာရှိသည် ဦးထွန်းဖေကို တစ်ချက်မျှ လှည့်မကြည့်ဘဲ လှေကားပေါ်သို့ ပြန်တက်၏။ လှေကားပေါ်သို့ တက်ခါနီးတွင် သူ့ဒရိုင်ဘာကို လှမ်း၍ . . .

"ဟေ့ကောင် မြန်မြန်လာခဲ့နော်၊ ဆယ်မိနစ်အတွင်း ရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့၊ အကောင်းဆုံးဆိုတဲ့ဆိုင်က အကောင်းဆုံး သနပ်ခါးကို ရွေးဝယ်ခဲ့၊ ကလေးတွေကရော၊ မမကရော ဒီမှာ သိပ်ပူလွန်းလို့တဲ့၊ ခုည ပြန်ကြတော့မယ်၊ အချိန်မီ ရောက်အောင်လာခဲ့''

မြို့ခံအရာရှိသည် အပေါ်ထပ်သို့ ခပ်သုတ်သုတ် တက်သွား၏။ ဦးထွန်းဖေသည် ညှိုးငယ်သော မျက်နှာဖြင့် အရာရှိကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ထိုနေ့ ညစာစားပြီးသည့်အချိန်တွင် ဧည့်သည်အရာရှိကြီးနှင့် အဖွဲ့သည် ဗိုလ်တဲမှ ပြန်လည်ထွက်ခွာသွားသည်။

ထိုည သန်းခေါင်ကျော်လောက်တွင် ဦးထွန်းဖေသည် သွေးတိုးရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်လေသည်။

■

သာခ
ဧပြီ၊ ၁၉၈၈

# နောက်ဆုံးတော့ ကိုယ်လည်း သူလိုငါလိုပါပဲ

ကျုပ်အသက် ၆၀ ကျော်ပြီ။

ကျုပ်ဘဝကို ကျုပ် ပြန်စဉ်းစားကြည့်လိုက်တော့ ခုအချိန်ထိ ကျုပ်အသက်မွေးဝမ်းကျောင်းအတွက် ပရိယေသန အလုပ်ဆိုလို့ တစ်ခုမှ မလုပ်ခဲ့ဖူးသေးဘူးဆိုတာ ပြန်တွေ့ရတယ်။ ငယ်ငယ်တုန်းက မိဘလုပ်စာကို ထိုင်စားခဲ့တယ်။ အိမ်ထောင်ကျတော့ မိန်းမလုပ်စာကို ထိုင်စားခဲ့တယ်။ မိန်းမဆုံးတော့ သားသမီးလုပ်စာ ထိုင်စားခဲ့တယ်။ ခုထိလည်း သားသမီးက ကျွေးမွေးနေတုန်းပဲ။

ပရိယေသနအလုပ်ကို ဘာကြောင့် မလုပ်သလဲလို့ မေးရင် မလုပ်တတ်လို့ပဲလို့ ဖြေရမှာပဲ။ ဟုတ်တယ်၊ ကျုပ်က ဘာမှလုပ်တတ်တဲ့ကောင် မဟုတ်ဘူး။ ပညာဆိုရင်လည်း ကောလိပ်ကျောင်းကို ရောက်ခဲ့ပေမဲ့ ဘွဲ့မရခဲ့ဘူး။ ကျုပ်တို့ခေတ်စကားနဲ့ပြောရင် အင်တာနဲ့ ကျောင်းထွက်ခဲ့ရတယ်။ ဘာမှ မအောင်ခဲ့ဘူး။ ဝါသနာလည်း မပါဘူး။ တတ်တဲ့ပညာကလေးနဲ့ စာရေး စာချိတို့ ဘာတို့ဝင်လုပ်ရင်လည်း ဘာစားလောက်မှာလဲ။

ဒီတော့ ကျုပ်တစ်သက်မှာ ပရိယေသနအတွက် ဘာမှမလုပ်ခဲ့ဘူးပေါ့။

ပြီးတော့ ခက်တာက ကျုပ်ကလည်း ဒီလို ကိုယ့်ဝမ်းစာအတွက် ခဲခဲကတ်ကတ် ရှာဖွေစားသောက်ရတာမျိုး မလုပ်ချင်ဘူး။ လောကကြီးမှာ ကိုယ့်ဝါသနာပါတာကလေးတွေကို လုပ်ချင်တယ်။ မချမ်းသာချင်လည်း နေပါစေ။ ကိုယ် စိတ်ပါတာကိုပဲ လုပ်ချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကျုပ် ဘာဝါသနာ ပါသလဲ။ ဂီတဝါသနာပါတယ်။ ဟုတ်တယ်။ ငယ်ငယ်ကတည်းက ဂီတကို ဝါသနာပါခဲ့တယ်။ ကျုပ် ငယ်ငယ်တုန်းက ကျုပ်တို့အိမ်မှာ ဓာတ်စက်ရှိတယ်။ ဓာတ်ပြား အစုံရှိတယ်။ ခွေးတံဆိပ် ဓာတ်ပြားလို့ခေါ်တဲ့ ကိုလံဘီယာဓာတ်ပြားတွေ ရှိတယ်။ အဲဒီကုမ္ပဏီက မကြည်အောင်တို့၊ လေဘာတီ မမြရင်တို့၊ ဩဘာသောင်းတို့၊ စိန်ဘာတီ မအေးမိတို့၊ မောနင်းတင်တင်တို့ စတဲ့ အဆိုတော်တွေဆိုတဲ့ သီချင်းတွေကို ဓာတ်ပြားထုတ်တယ်။

နောက်တစ်ခုက တွင်းလို့ ခေါ်တဲ့ အမြွာညီနောင်ရုပ်ကလေး နှစ်ရုပ်ပါ တဲ့ ဓာတ်ပြားကုမ္ပဏီက စိန်ဂျွန်းခင်မေတို့၊ သထုံဘသိန်းတို့ စတဲ့ အဆိုတော်တွေဆိုတဲ့ သီချင်းတွေကို ဓာတ်ပြားထုတ်တယ်။

နောက် ကုမ္ပဏီတစ်ခုက ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီ။ ဓာတ်ပြား တံဆိပ်က ရုပ်ရှင်ကင်မရာကဖလားနဲ့ ရုပ်ရှင်ရိုက်နေတဲ့ပုံ။ အဆိုတော်တွေက ဗြိတိသျှဘားမားကုမ္ပဏီက ရုပ်ရှင်မင်းသား မင်းသမီးတွေဖြစ်တဲ့ ခင်မောင်ရင်တို့ ခင်ခင်ရီ၊ မေမေဝင်းတို့ စတဲ့ အဆိုတော်တွေ ဖြစ်တယ်။

သီချင်းတွေကလည်း ခေတ်ဆန်တယ်။ တချို့က အနောက်တိုင်း တေးသွားကို မှီးထားတဲ့ သီချင်းတွေ၊ တူရိယာတွေကလည်း ခေတ်ဆန်တယ်။ ဒါကြောင့် အေဝမ်းက သူ့ဓာတ်ပြားတွေကို သံစုံသွင်းလို့ ခေါ်ခဲ့တယ်။ ထားပါ လေ၊ မြန်မာပြည် ဓာတ်ပြားကုမ္ပဏီတွေရဲ့ သမိုင်းကို ကျုပ်ပြောနေတာ မဟုတ်ပါဘူး။ ကျုပ် ဂီတကို ဘယ်လို ဝါသနာပါလာသလဲဆိုတာ ပြောချင် တာပါ။ ကျုပ်တို့အိမ်မှာ ကျုပ်ဦးလေးနဲ့ အဒေါ်တွေရှိတယ်။ အပျို လူပျိုတွေ သီချင်းဝါသနာပါကြတယ်။ သူတို့ပတ်ဝန်းကျင်မှာ ကြီးပြင်းလာခဲ့ရတော့ အဲဒီသီချင်းတွေကို အလွတ်ရနေတယ်။ အဲဒီတုန်းက ဓာတ်ပြားထွက်ရင် သီချင်း စာအုပ်ကလေးတွေ လက်ဆောင်ရတော့ သီချင်းကျက်ရတာလည်း လွယ် တယ်။

ငယ်ငယ်ကလေးကတည်းက သီချင်းတွေ နားထောင်ပြီး ကြီးပြင်း လာလို့လားမသိဘူး။ သုံးလေးတန်းလောက် ရောက်တော့ ကျုပ် သီချင်းရူး ဂီတရူး ရူးနေပြီ။ ဂီတရူး ရူးနေလို့ စာမေးပွဲကျတယ်။ အဲဒီတော့ ကျုပ် အသက် ဘာရှိဦးမှာလဲ။ ရှစ်နှစ် ကိုးနှစ်သားပဲ ရှိဦးမှာပေါ့။

အိမ်မှာ ကျုပ်ဦးလေးကလည်း ဂီတဝါသနာပါတော့ ဟွန်းတယောထိုး လေ့ရှိတယ်။ သူဟွန်းတယောထိုးရင် ကျုပ်က လိုက်ဆိုလေ့ရှိတယ်။ ကျုပ်





အသံကလည်း သိပ်မဆိုးဘူးလို့ ပြောတာပဲ။ အဆိုကို ဘာတို့လည်း မဆိုးဘူး တဲ့။ အသံရောက်အောင် ဆိုနိုင်တယ်တဲ့။ အဲ တစ်ခုတော့ ရှိတယ်။ အဲဒီတုန်း က ကျုပ် စည်းဝါးကို နားမလည်ဘူး။ ဒီလိုနဲ့ ကျုပ် ဂီတကို ဝါသနာပါလာခဲ့ တာပဲ။

စာမေးပွဲကျတော့ ဒီကောင် ဒီလောက် ဂီတဝါသနာပါလှတယ်ဆိုပြီး ကျုပ်အဖေက ဝါးပတ္တလားတစ်လုံး ဝယ်ပေးပြီး ပတ္တလားဆရာနဲ့ သင်ပေး တယ်။ ကြိုးဆယ့်သုံးပုဒ်ကုန်တယ်။ ကြိုးပြီးတော့ ပတ်ပျိုး၊ ယိုးဒယား စသဖြင့် သင်ရိုးအတိုင်း သင်ပေးတယ်။ ဂျပန်ခေတ် အသက်ဆယ့်လေးနှစ်လောက်မှာ ကျုပ် သီချင်းကြီးတွေ တော်တော် ရနေပြီ။ ရဆို အပုဒ် လေး,ငါးဆယ်ထက် မနည်းဘူး။

ပတ္တလားတတ်လာတော့ ကျုပ် မင်ဒိုလင်ကို ကူးတယ်။ မင်ဒိုလင်က တော့ ဘာခက်သလဲ၊ ကျုပ်တို့ခေတ်တုန်းက မင်ဒိုလင်ကို ကြိုးငါးချောင်း တပ်တယ်။ အတွဲအဖက်တို့ ဘာတို့ သင်တယ်။ ကျုပ်တို့မြို့က ဆရာတစ် ယောက်ဆီမှာပဲ သင်တယ်။ သီချင်းကြီးတွေက ရပြီးသား။ ဂီတသဘောကို ခေါက်မိပြီးသားဆိုတော့ မင်ဒိုလင် သင်ရတာလည်း သိပ်မကြာလိုက်ပါဘူး။ ကျုပ် ကောင်းကောင်းတတ်သွားတယ်။ နောက်ကျတော့ မင်ဒိုလင်ကို ဓာတ်ပြား တွေထဲက မင်ဒိုလင် အတွဲအဖက်တွေအတိုင်း တီးနိုင်တယ်။ ဥပမာ ဆိုပါတော့၊ မေရှင်ဆိုတဲ့ ချစ်ရေစင် ဓာတ်ပြား။ ဒုတိယဘက်မှာ အဲဒီတုန်းက ခေတ်စားတဲ့ 'မင်ဒိုလင် ယုကြိုင်' ရဲ့ လက်သံနဲ့ လိုက်တီးထားတဲ့ အပိုဒ်တစ်ပိုဒ် ပါတယ်။ အဲဒီလက်သံ အဲဒီအတွဲအဖက်တွေကို ရအောင် ကျုပ် လေ့ကျင့်တယ်။ ဘယ်လောက်များ ကျင့်သလဲဆိုရင် လူ့သာမမြင်နဲ့၊ 'မင်ဒိုလင် ယုကြိုင်' ရဲ့ လက်သံနဲ့ ခွဲမရစေရဘူး။ အဲဒီလောက် ကျုပ် ကျင့်တယ်။

ဒီတုန်းမှာ ကျုပ် ကံကောင်းချင်တော့ ကျုပ်တို့နေတဲ့ မြို့လေးကို မြန်မာ့ညွန့်ဦးချစ်မောင်နဲ့ဒေါ်အောင်ကြည်တို့ စစ်ပြေး ရောက်လာကြတယ်။ ဦးချစ်မောင်ကို ဘဘကြီးလို့ခေါ်တယ်။ ဒေါ်အောင်ကြည်ကိုတော့ မေမေကြီးလို့ ခေါ်ကြတယ်။ ကျုပ်အဖေက မြန်မာ့ညွန့်ဦးချစ်မောင်နဲ့ မိတ်ဆွေဖြစ်လေတော့ ကျုပ်ကို ဦးချစ်မောင်ဆီမှာ အပ်တယ်။

မြန်မာ့ညွန့်ဦးချစ်မောင်အကြောင်းကိုတော့ ခင်ဗျားတို့လည်း ကြားဖူး သားပဲ။ ဂီတမှာ ဘုရင်တစ်ဆူပေါ့။ စိန့်ဗေဒါကြီးနဲ့ ရှစ်နှစ်ကိုးနှစ်လောက် တွဲပြီး နဲ့မှုတ်တဲ့ပုဂ္ဂိုလ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ကြည်ဆိုတာကလည်း သူ့ခေတ်နဲ့သူ အဆိုမှာ ပြောစရာ မရှိဘူး။

ဘဘကြီး ဦးချစ်မောင်ရောက်လာလို့ ကျုပ်အဖေက သူ့ဆီကို အပ်တော့ ဘဘကြီး ကျုပ်ပတ္တလားလက်ကို နားထောင်တယ်။ ဂျပန်ခေတ်မှာ ကျုပ်တို့ မြို့မှာချက်တဲ့ ကျားတံဆိပ်အရက်ကလေးကို တမြုံ့မြုံ့သောက်ရင်း ကျုပ်လက်သံကို အကဲခတ်တယ်။

"ဒီမှာ ကိုထွန်းဖေ၊ ခင်ဗျားနဲ့ကျုပ်ဆိုတာ ငယ်ပေါင်းကြီးဖော်တွေ။ ခင်ဗျား ဂီတဝါသနာပါလို့ ကျုပ် ဝမ်းသာတယ်။ ဒါပေမဲ့ ခင်ဗျားသားကို ဘာ့ကြောင့် ဂီတကို သင်ပေးတာလဲ"

ဘဘကြီးက ကျုပ်အဖေကို တစ်ခွန်း ကောက်မေးလိုက်တယ်။

အဖေဟာ ရုတ်တရက်ဆိုတော့ ကြောင်သွားဟန်တူတယ်။ ဘာကိုဖြေရမှန်း မသိတဲ့ပုံပဲ။

"ဟိုဒင်း . . . ဘာရယ်လို့တော့ မဟုတ်ပါဘူး။ နည်းနည်းပါးပါး"

ဘဘကြီးက သူ့စကားကိုမဆုံးခင် လက်ကာပြပြီး . . .

"ဘာရယ်လို့ မဟုတ်ရင် မသင်နဲ့၊ ဂီတကို အပျော်တမ်းမသင်ပါနဲ့၊ ဂီတဟာ ကလေးကစားစရာ မဟုတ်ဘူး။ ဂီတကို ဖက်ရှင်ထုတ်ဖို့ မသင်ပါနဲ့၊ ဂီတကို ရှိုးထုတ်ဖို့ မသင်ပါနဲ့၊ ညေ့ခန်းမှာ စန္ဒရားကလေးထားပြီး ဧည့်သည်လာရင် သားသမီးကို တီးပြခိုင်းချင်လို့ မသင်ပါနဲ့၊ ဝါသနာပါလို့ သင်ချင်ရင် သင်ပါ၊ ဂီတကို မြတ်နိုးရင် သင်ပါ။ အပျင်းပြေ သင်ချင်တယ်ဆိုရင်တော့ ခင်ဗျားသားက နောက်ထပ် သင်စရာမလိုတော့ဘူး။ ဒီလောက်ဆို အပျင်းပြေ တီးတတ်ရုံတော့ တတ်နေပြီ၊ ပိုတောင် ပိုနေပြီ"

ဘဘကြီးစကားက မြတ်တယ်၊ ဖက်ရှင်လုပ်ချင်လို့ ဂီတမသင်နဲ့၊ ညေ့ခန်းထဲမှာ စန္ဒရားထားပြီး ဧည့်သည်လာရင် တီးခိုင်းပြီး ရှိုးထုတ်ချင်လို့ မသင်နဲ့၊ တကယ် ဝါသနာပါမှ တကယ် ဂီတကိုမြတ်နိုးမှ သင်တဲ့။

အဖေဟာ ရုတ်တရက် ဘာပြောရမှန်းမသိဘူး။ နောက်တော့မှ ပြုံးလိုက်ပြီး . . .

"ကျွန်တော်ဆိုလိုတာက ဒီကောင်က ဂီတကို တော်တော် ဝါသနာပါတယ်၊ ဖြစ်သင့်သလောက်လဲ ဖြစ်တယ်။ အဲ . . . ဖြစ်တယ်လို့ ကျွန်တော် ထင်တယ်လေ။ ဖြစ်မဖြစ်ကတော့ ခင်ဗျား ပိုသိမှာပေါ့။ ဒီတော့ . . . ဒီတော့ ဒီကောင်ကို ဂီတမှာ ထွန်းထွန်းပေါက်ပေါက် ဖြစ်စေချင်တယ်"





"ဖြစ်ပါတယ်၊ ကျုပ် သူ့လက်သံ နားထောင်ကြည့်လိုက်ရင် သိတာပေါ့။ သိပ်ဖြစ်။ ဒါပေမဲ့ အပျော်တွေတော့ မလုပ်နဲ့ဗျ။ အပျော်ဆိုရင် ဒီလောက်ဆို တော်လောက်ပြီ။ ရှေ့ဆက်လုပ်ရင် အပျော်တမ်းဘဝက ကျော်သွားပြီ။ ဒီလောက်တတ်ရင် တော်ရောပေါ့"

"ဒီထက်တတ်ရင်ကော မကောင်းဘူးလား"

"ကျုပ်ကို ဒီလိုမမေးနဲ့လေ၊ ဒီထက်တတ်ရင် ကောင်းတာပေါ့၊ ဒါပေမဲ့ ဒီထက်တတ်ရင် ဒီကောင်ဟာ ဂီတထဲမှာ သိပ်ပျော်သွားလိမ့်မယ်။ ဂီတတို့ အနုပညာတို့ဆိုတာက အပျော်လုပ်ရင် အပျော်ဘဝမှာပဲရပ်ဖို့ ကောင်းတယ်။ ဂီတကို တကယ်လိုက်စားတယ်၊ ဘဝကိုပေးရတာ၊ အဲဒီထဲမှာ ဘဝကို မြှုပ်ပစ်လိုက်ရတာ။ ကျန်တဲ့ ဘဝတွေ၊ တက်လမ်းတွေကို စွန့်လိုက်ရတာ၊ ဒါမှ ဂီတသမားစစ်စစ်ဖြစ်တာ"

အဖေဟာ အတန်ကြာငိုင်နေတယ်။

"ကိစ္စမရှိဘူးလေ၊ ခုခေတ်က ဘယ်လိုနေပြီး ဘယ်လိုထိုင်ရမယ် မသိသေးဘူး၊ ကျောင်းတွေကရော ဘယ်တော့မှ ပြန်ဖွင့်ပြီး ဘယ်တော့မှ စစ်ကြီးပြီးမယ်ဆိုတာ မသိဘူး။ သူ့ဝါသနာပါတယ်ဆိုရင်လဲ ဂီတလောကမှာ နေပေါ့"

"ကြိုက်ပြီဗျာ၊ ကျုပ်က အဲဒီလိုသတ္တိမျိုးကို လိုချင်တာ၊ သတ္တိ မပြောပါနဲ့ဗျာ၊ အဲဒီလို မိုက်ရဲတဲ့ လူမျိုးကို လိုချင်နေတာ၊ စိတ်ချ၊ ခင်ဗျားသား တတ်စေ့မယ်၊ သူ့မှာလဲ နဂိုအခံရှိတယ်။ ခင်ဗျားကလဲ ပုံအပ်ပြီဆိုရင် ကျုပ်က ဘာဖြစ်လို့ သင်မပေးရမှာလဲ"

ဘဘကြီးနဲ့ အဖေဟာ နှစ်ယောက်သား အရက်သောက်နေကြတယ်။

ဒီလိုနဲ့ ဂျပန်ခေတ် တစ်လျှောက်လုံးမှာ ကျုပ် ဂီတကို လေ့လာခဲ့တယ်၊ သီချင်းကြီးဆိုရင်လည်း မဟာဂီတသီချင်းကြီးတွေ ကုန်သလောက်ပါပဲ၊ လူတွေ အရနည်းတဲ့ ဥသြသံအေးတို့လို၊ လွမ်းအောင်ခုတို့လို ကြိုကြိုကြားကြား သီချင်းတွေကစ ကျုပ် အကုန်ရတယ်။ ပတ္တလားဆိုရင်လည်း ဘဘကြီးရဲ့ လက်သံ၊ ဘဘကြီးရဲ့ အတွဲအဖက်မျိုး မမီတောင် မနီးရှိုးစွဲလုပ်နိုင်တယ်။

မင်ဒိုလင်ဆိုရင် တစ်ပြည်လုံးမှာ ဘယ်သူ့လက်သံကိုမှ ကျုပ် မကြောက်ဘူး။ တယောလက် ဆိုရင်လည်း ထိပ်တန်းထဲမှာ နေရာယူနိုင်တယ်။ ဒီအထဲမှာ ဒုံမင်းတို့၊ ဂီတာတို့၊ စန္ဒရားတို့လည်း အဖြစ်လောက်၊ လူရာဝင်ရုံလောက်တော့ ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြေး၊ ကြို၊ သားရေ၊ လေ၊ လက်ခုပ် ဆိုတဲ့ တူရိယာငါးပါးမှာ ကြိုးတပ်တူရိယာမှန်သမျှကို ကျုပ် ကောင်းကောင်းနိုင်နင်းတယ်။

ကျုပ်အဖေကလည်း အားပေးတယ်။ ကျုပ် ဂီတအရာဝင်လာတဲ့အခါ ကျတော့ ဘဘကြီးအပါအဝင် မြို့မှာရှိတဲ့ ဂီတပညာနဲ့ အသက်မွေးသူတွေ၊ ပညာသည်တွေကို ခေါ်ပြီး ကျုပ်တို့အိမ်မှာ တစ်လတစ်ခါလောက် ဂီတဝိုင်းဖွဲ့ ကြတယ်။

ဂီတဆည်းဆာဆိုပါစို့။ အဲ . . . ဝိုင်းမှာ ကျုပ် ပတ္တလားဖြစ်ဖြစ်၊ တယောဖြစ်ဖြစ်၊ ဂီတာ ဖြစ်ဖြစ်၊ ဒုံမင်း ဖြစ်ဖြစ် တစ်ခုခုတော့ ဝင်တီးတာချည်းပဲ။

ဒီလိုနဲ့ ဂျပန်ခေတ်တစ်လျှောက်လုံး ဂီတနဲ့နေလာခဲ့တယ်။ စဉ်းစားကြည့် လေ၊ ရှစ်နှစ် ကိုးနှစ်သားလောက်ကတည်းက ဂီတနဲ့ နေလာခဲ့တဲ့ကောင်၊ ပတ္တလားလက်ခတ် ကိုင်လာတဲ့ကောင်။ တယောတို့၊ မင်ဒိုလင်တို့ ဂီတာတို့ကို အလှည့်သင့်သလို တီးလာခဲ့တဲ့ကောင်။ ကြိုးတပ်တူရိယာမှာတော့ တော်တော် ပိုင်နိုင်ပြီလို့ ဆိုနိုင်တယ်။ ဘယ်မှာမပိုင်ဘဲ ရှိပါ့မလဲ၊ ဆရာကောင်းနဲ့ တွေ့ တာကိုး။

စစ်ပြီးတော့ မက်ထရစ်ဖြေတယ်။ အောင်တော့ ရန်ကုန် တက္ကသိုလ် ကို လာခဲ့တယ်။

စစ်ပြီးစ တက္ကသိုလ်မှာ ကျုပ်တို့တစ်တွေ တက္ကသိုလ်တူရိယာအဖွဲ့တို့ ထောင်ကြတယ်။ အဲဒီမှာ ကျုပ် ခေါင်းဆောင်ပဲ။

ခေါင်းဆောင်ဖြစ်မှာပေါ့။ ကျန်တဲ့ကျောင်းသားက အဖြစ်လောက်ပဲ တီးတတ်တာကိုး။ ဂီတာတော်တဲ့ ဂီတာလက် တစ်လက် နှစ်လက်လောက်၊ တယောလက်ကောင်းကောင်း တစ်လက် နှစ်လက်၊ ပတ္တလားလက် တစ်လက် နှစ်လက်တော့ တွေ့ပါရဲ့၊ ဒါပေမဲ့ သူတို့က ကျုပ်ကို မမီကြဘူး။ ကျုပ်လောက် လည်း သီချင်းမရကြဘူး။

တစ်ခါတလေမှာ ကျုပ်တို့အဖွဲ့ အသံလွှင့်တတ်တယ်။ ကျောင်းပွဲ တွေမှာ တီးတယ်။ အဲဒီတုန်းက တက္ကသိုလ်အနုပညာအသင်းတို့ ဘာတို့ မရှိသေးဘူး။

အဲဒီမှာ မေနဲ့ တွေ့တယ်။ မေက ကျုပ်တို့အဖွဲ့မှာ အဆိုတော် တစ်ယောက်။ သူကလည်း သီချင်းတို့၊ ဂီတို့ ဝါသနာပါတယ်။ သူ ဝါသနာပါ တာကတော့ အပျော်တမ်းပါ။ တစ်နည်းပြောရရင် ဖက်ရှင်သဘောပဲ။

သူ့အဖေက အရာရှိကြီးတစ်ဦး။ ခြံနဲ့ဝင်းနဲ့၊ အိမ်ညွှန်ခန်းမှာ စန္ဒရားကြီး





အဆိုကတော့ သိပ်မဆိုးပါဘူး။ အပျော်တမ်းအဆိုလောက်တော့ ဖြစ်ပါတယ်။

သူ့ကို ကျုပ်တို့တက္ကသိုလ်တူရိယာအဖွဲ့ထဲမှာ ထည့်တယ်။ တစ်ခါ တလေ သီချင်းတိုက်ရင်လည်း သူ့တို့အိမ်မှာပဲ သီချင်းတိုက်တယ်။ အဖေနဲ့ အမေကလည်း သူတို့သမီး ဒီလို ပွဲလယ်တင့်တာကို သဘောကျတယ်။

တိုတိုပြောရရင် တစ်နှစ်လောက် အတွင်းမှာ သူနဲ့ကျုပ် ချစ်သွားကြ တယ်။ အဲဒီတုန်းက ကျုပ်ကလည်း ကျောင်းမှာ ပေါ်ပြူလာဖြစ်တာကိုး။

မင်ဒိုလင်အတီးပြိုင်ပွဲတို့ ဘာတို့ဆိုရင် ကျုပ် အမြဲဆုရတယ်။ တယော တို့ ဘာတို့မှာလည်း အမြဲလိုလိုဆုရတယ်။ ဒါက တက္ကသိုလ်ပြိုင်ပွဲမဟုတ်ဘူး နော်။ ရန်ကုန်တစ်မြို့လုံးပြိုင်တဲ့ ပြိုင်ပွဲကြီးတွေမှာ ရတာ။

ကျုပ်လည်း အင်တာ နှစ်နှစ်အတွင်းမှာ ဂီတနဲ့ပဲ အချိန်ကုန်တာပဲ။ ဒီအတွင်းမှာ အပြင်က ဂီတပညာရှင်တွေနဲ့လည်း ကျုပ်တို့ တော်တော်ရင်းနှီး ပြီ။ အပြင်က ဂီတပညာရှင်ဆိုတာ ဂီတကို ပရိယေသနအနေနဲ့ တီးကြဆိုကြ တဲ့ ပညာရှင်တွေကို ပြောတာ။

ကျုပ်တို့နှစ်တွေတုန်းက ဂျူနီယာအင်တာလို့ ခေါ်တဲ့ အင်တာပထမ နှစ်မှာ စာမေးပွဲမဖြေချင်ရင် ရတယ်။ ဒုတိယနှစ်ကျမှ နှစ်နှစ်စာ ပေါင်းဖြေလို့ ရတယ်။

ဒုတိယနှစ်မှာ ကျုပ် နှစ်နှစ်စာ ပေါင်းဖြေတယ်။ မအောင်ဘူး။ ဘယ် အောင်ပါ့မလဲ၊ နှစ်နှစ်လုံးလုံး ဂီတနဲ့ပဲ အချိန်ကုန်နေတာ။ စာမေးပွဲနားနီးမှ စာအုပ်မှာကပ်နေတဲ့ ပင့်ကူမြှေးတွေ၊ ဖုန်တွေခါပြီး ကောက်ကြည့်ရတာ။ အချို့မှာ မှတ်စုမရှိလို့ လိုက်ငှားရသေးတယ်။ ဒီတော့ မအောင်ဘူးပေါ့။

နောက်တစ်နှစ်မှာလည်း ကျုပ် စာမေးပွဲ ပြန်ဖြေတယ်။ ဒီနှစ်လည်း အောင်ပြန်ဘူး။

ကျုပ်ကလည်း အပြင်က ပညာရှင်တွေနဲ့ပေါင်းပြီး သူတို့ဝိုင်းတွေထဲမှာ လိုက်တီးနေတာကိုး။ ဒါပေမဲ့ ကျုပ်တီးတာက အပျော်သဘောပါ။

သူတို့ရတဲ့ အနုပညာကြေးထဲက ကျုပ် မယူဘူး။ ကြေးစားတူရိယာ သမားလို့ အပြောမခံနိုင်ဘူး။

ဒီလိုပြောတော့ နည်းနည်းရှိုင်းတယ်လို့ ထင်ကောင်းထင်ကြမယ်။ အင်္ဂလိပ်လိုပြောရရင် ပရော်ဖက်ရှင်နယ်ပေါ့။ ပရိယေသနအတွက် လုပ်နေ သယ်လို့ ကျုပ် အထင်မခံနိုင်ဘူး။ ဒါဟာ ကြေးနဲ့လိုက်တီးနေတဲ့ ပညာရှင်တွေ ကို အထင်သေးလို့ ပြောတာမဟုတ်ဘူး။ သူတို့ပညာကို ကျုပ် လေးစားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျုပ်ကိုယ်ကျုပ်တော့ ဒီလို အထင်မခံနိုင်ဘူး။ ဂီတကို ကျုပ်လိုက်စားတာဟာ လုပ်ကိုင်စားဖို့မဟုတ်ဘူး။ တကယ့်ကို မြတ်နိုးလို့ဆိုတာ ပေါ်စေချင်တယ်။

ဟုတ်တယ်လေ။ တကယ်ကျတော့လည်း ကျုပ်မှာ ပိုက်ဆံ ဘာလိုသလဲ။ ကျုပ်က ကျောင်းသားပဲ ရှိသေးတယ်။ ကျုပ်မှာ ငွေမလိုဘူး။ အိမ်ကလစဉ်ပို့တယ်။ အသံလွှင့်တဲ့အခါမှာဆိုရင် ကျုပ်အိတ်ထဲကတောင် စိုက်လိုက်ရသေးတယ်။ တီးလုံးတိုက်တဲ့စရိတ်တို့၊ သွားစရိတ်၊ လာစရိတ်တို့ ဆိုတာ ကျုပ်အိတ်ထဲက ကုန်ရတာပဲ။

ဒါမှမဟုတ်ရင်လည်း အပျော်တမ်းဆိုတဲ့ ကျုပ်တို့အဖွဲ့ထဲက အဆိုတော်တွေဆီက ကျုပ် ကောက်တယ်။ ဝေပုံကျခံကြရတယ်။

ဥပမာ ကျုပ်ဝိုင်းမှာ ခြောက်လုံးပတ် တီးတယ်ဆိုရင် ကျုပ်က မောင်နုကိုမှ သဘောကျတယ်။ ခုတော့ မရှိရှာတော့ပါဘူး။ ခုခေတ်မှာ ခြောက်လုံးပတ်ဝိုင်းဆိုရင် ကြာခံအုန်းမောင်တို့မှ သဘောကျသလို၊ ကျုပ်တို့ခေတ်တုန်းကလည်း မောင်နုမှ သဘောကျတယ်။

ရွှေပြည်အေးတို့၊ အေဝမ်းခင်မောင်တို့ကအစ ခြောက်လုံးပတ်တီးရင် မောင်နုကိုမှခေါ်တယ်။ ကျုပ်အဖွဲ့မှာလည်း ကျုပ်ပတ္တလားတီးပြီးဆိုရင် မောင်နုခြောက်လုံးပတ်တီးမှ ကျုပ် သဘောကျတယ်။ ဒါကြောင့် မောင်နုကို ခေါ်တယ်။

မောင်နုဆိုတဲ့ကောင်က သိပ်ဆင်းရဲတဲ့ကောင်။ ဒီတော့ ရတဲ့အသံလွှင့်ကြေးကို မောင်နုတို့လိုကောင်တွေကို ပေးပစ်လိုက်တယ်။

နှဲကိုထွန်းညွန့်ကတော့ ကိစ္စမရှိဘူး။ ကျုပ်ဝိုင်းမှာ လိုက်မှုတ်ပေးဆိုရင် မှုတ်ပေးတာပဲ။ ပိုက်ဆံပေးစရာမလိုဘူး။ သူမရှိခင်တုန်းကဆိုရင် သူ့ဆရာကိုမောင်မောင်ကိုခေါ်ပြီး နှဲမှုတ်ခိုင်းရတယ်။ သူ့ကိုလည်း ကျုပ်ပိုက်ဆံပေးစရာမလိုဘူး။ ဘဘကြီးနဲ့တပည့်ရင်းတွေ။ သူတို့အဖို့ကလည်း ဒီတစ်ဝိုင်းစာလောက်ကလေးက ဘာမှုဖြစ်လောက်တာ မဟုတ်ဘူး။ သူတို့မှာ ဝိုင်းကြီးတွေအများကြီး။

ဒီလိုနဲ့ တက္ကသိုလ်မှာ ကျုပ် လေးနှစ်နေခဲ့တယ်။ တစ်တန်းမှ မအောင်ခဲ့ဘူး။ လေးနှစ်ကျော်တော့ ကျောင်းမှာ ဆက်နေလို့ မကောင်းတော့ဘူး။ ဒီတော့ ကျုပ်သူငယ်ချင်းတွေနဲ့ သွားနေတယ်။

ဒီကောင်တွေက မြို့ထဲမှာ အခန်းတစ်ခန်း ငှားနေကြတယ်။ အားလုံးလူပျိုလူလွတ်တွေချည်းပဲ။ သူတို့ကလည်း ဂီတဝါသနာ ပါကြတယ်။ ဒါပေမဲ့





ဘာမှတော့ မတီးတတ်ကြဘူး။

အဲဒီခေတ်မှာ မြန်မာခေတ်ပြားကုမ္ပဏီတွေ တော်တော်ပေါ်လာပြီ။ အေဒဿာတို့၊ လွတ်လပ်ရေးတို့၊ စိန်တို့ဆိုတဲ့ ခေတ်ပြားကုမ္ပဏီတွေ။ ကျုပ်က သီချင်းလည်း ရေးတယ်။ ကိုယ်တိုင်လည်း တီးတယ်။ ပြီးတော့ အသိုင်းအဝိုင်းလည်း ကောင်းတယ်ဆိုတော့ ကျုပ်ဆီ သီချင်းတွေလာအပ်ကြတယ်။

ကျုပ်လည်း သူတို့အပ်တဲ့သီချင်းတွေ လက်ခံတယ်။ ရတဲ့ပိုက်ဆံကို ကျုပ်မယူဘူး။ ဂီတနဲ့အသက်မွေးတဲ့ ပညာသည်တွေကိုပဲ ခွဲဝေပေးလိုက်တယ်။

ကျုပ်ဂီတပညာကို လိုက်စားလာတာ ဂီတကိုချစ်လို့ လိုက်စားတာ။ ပိုက်ဆံရှာဖို့၊ ဒီပညာနဲ့အသက်မွေးဖို့ လိုက်စားတာမဟုတ်ဘူး။ ဒီလိုလည်း အထင်မခံနိုင်ဘူး။

ခင်ဗျားတို့ စဉ်းစားကြည့်လေ။ အရာရှိသားဗျ။ ကျုပ်မှာ စားရေးသောက်ရေး ဘာမှမပူပင်ရဘူး။ ဘွဲ့မရပေမဲ့ ကောလိပ်ကျောင်းမှာ လေးနှစ်နေလာတာဗျ။ ဒီတော့ ကျုပ်မှာ ငွေမလိုဘူးဗျာ။ ဒီတော့ ဘာဖြစ်လို့ ဒီပညာနဲ့အသက်မွေးရမှာလဲ။

နောက်တစ်ချက်က ကျုပ်နဲ့မေရဲ့ကိစ္စ။ သူတို့မိဘတွေကလည်း သူတို့သမီးကို ဂီတကိုတော့ သင်စေချင်တယ်။ ဒါပေမဲ့ ဂီတမှာ သိပ်စိတ်ပါသွားပြီး ပညာသည်ဖြစ်မှာကို စိုးရိမ်ကြတယ်။

သူတို့က ဂီတကို အပျော်တမ်းလောက်၊ ရှိုးပြဖို့လောက်ပဲ သဘောထားကြတယ်။ မေရဲ့သဘောထားကလည်း ဒီအတိုင်းပဲ။ ဒီတော့ မေကလည်း သူတို့ ကျုပ်ကို ကြေးစားဂီတသမား မဖြစ်စေချင်ဘူး။ သူတို့အမြင်နဲ့ ပြောရရင် ကြေးစားပညာသည်ကို အထင်သေးတယ်ပေါ့ဗျာ။

ဒီတော့ ကျုပ်ကလည်း သူတို့အထင်သေးတာ မခံနိုင်ဘူး။ ကျုပ်ဂီတကို လိုက်စားတာဟာ တကယ်မြတ်နိုးလို့ လိုက်စားတာဆိုတာ ပေါ်စေချင်တယ်။

ကြေးစားဂီတပညာရှင်ဖြစ်သွားရင် သူတို့သမီးနဲ့ သဘောတူမှာ မဟုတ်ဘူး။ မေကလည်း လက်ခံနိုင်မှာ မဟုတ်ဘူး။

ဒါကြောင့် ကျုပ် ကြေးစား ဂီတပညာသည် မလုပ်ဘူး။

နောက်တော့ မေနဲ့ကျုပ် အိမ်ထောင်ကျတယ်။ မေက ဌာနတစ်ခုမှာ အရာရှိဖြစ်သွားတယ်။ ကျုပ်ကတော့ ဘာအလုပ်မှမလုပ်ဘူး။ အိမ်မှာ မိတ်ဆွေတွေနဲ့ ဂီတဝိုင်းဖွဲ့တယ်။ ယမကာဝိုင်းကလေးလည်း ပါတာပေါ့လေ။

အဲဒီတော့ ကျုပ်ကလည်း အရက်စွဲနေပြီ။ မေကလည်း ဘာမှမပြော



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ကျုပ်ကို ချစ်တယ်၊ ကျုပ်ချစ်တဲ့ ဂီတပညာကို သူလည်း သဘောကျတယ်။ ကျုပ်တို့မှာ စားရေးသောက်ရေးလည်း မပူပင်ရဘူး။ မိဘနဲ့ကျန်ခဲ့တာဆိုလို့ သူတစ်ယောက်တည်းပဲရှိတော့ ကျုပ်တို့အတွက် ဘာမှမပူရဘူး။

ပြီးတော့ ကျုပ်မှာ ငွေရေးကြေးရေး၊ နေရေးထိုင်ရေးနဲ့ ပတ်သက်လို့ ဘာမှမပူရဘူး။

ဒီလိုနဲ့ ကျုပ်တစ်သက်လုံး မိဘလုပ်စာ ထိုင်စားခဲ့တယ်။ နောက်တော့ မိန်းမလုပ်စာ ထိုင်စားခဲ့တယ်။ ကျုပ်နဲ့မေနဲ့ လက်ထပ်တာ ၁၉၅၄ ခုနှစ်က လက်ထပ်ခဲ့တာ။ ကျုပ်နဲ့မေနဲ့ အနှစ် ၃၀ ပေါင်းလိုက်ရတယ်။ ဒီအနှစ် ၃၀ အတွင်းမှာလည်း ကျုပ်ဝမ်းရေးအတွက် ဘာမှမလုပ်ခဲ့ရဘူး။ ဂီတကိုပဲ ကျုပ် လိုက်စားခဲ့တာပဲ။

လက်ထပ်ပြီးတော့ ကျုပ် စောင်းသင်တယ်၊ ဆရာဦးဘသန်းဆီမှာ သင်တယ်။ ဆရာဦးဘသန်းကို အိမ်ဦးခန်း တင်ပြီး ဌာန်ကုန်အောင် သင်ခဲ့တယ်။ လက်သံကတော့ ဦးဘသန်းလက်သံကို ဘယ်မီမလဲဗျာ။ အသက်ကြီးမှ သင်ရတာကိုး။ လက်တွေက သိပ်မပျော့ပျောင်းတော့ဘူး၊ နည်းနည်းတောင့်နေပြီ။ ဒီတော့ ကျုပ်စောင်းလက်သံဟာ ဦးဘသန်းလက်သံလောက်တော့ မြေကျမသာဘူးပေါ့။ ကျုပ်က ကြီးမှသင်ရတာကိုး။

ထားပါတော့လေ။ ဒါတွေကို ကျုပ်ပြောနေရတာက ကျုပ်ဟာ ဂီတကြေးစားပညာရှင်တွေနဲ့ တန်းတူ ကျွမ်းကျင်ခဲ့တယ်။ ကြေးစားပညာရှင်လုပ်ရင် ထိပ်တန်းမှာ ပါနိုင်တယ်။ ဒါပေမဲ့ ကျုပ်မလုပ်ခဲ့ဘူးဆိုတာကို ပြောချင်တာပါ။

မလုပ်တဲ့အကြောင်းကတော့ ကျုပ်မှာ မပူမပင်လည်း နေနိုင်တယ်။ ပြီးတော့ ကျုပ်မိန်းမရဲ့ဆွေမျိုးတွေကလည်း ဆရာဝန်တို့၊ အရာရှိကြီးတို့ တက္ကသိုလ်က ကထိကကြီးတို့ဘာတို့ဆိုတာ ဒီပညာနဲ့အသက်မွေးတာကို အထင်သေးကြတယ်။

ဒါကတော့ သူတို့အစဉ်အလာ အမြင်ကိုး။ ဒီတော့ ကျုပ်ကလည်း သူတို့ဘက်က အထင်သေးတာကို မခံနိုင်ဘူးပေါ့။

ကျုပ်တို့မှာ သားသမီး သုံးယောက်မွေးတယ်။ သူတို့ကိုလည်း ကျုပ် ဂီတသင်ပေးတယ်။ ဒါပေမဲ့ ဝါသနာပါတဲ့ကောင်ဆိုလို့ တစ်ယောက်ပဲ ရှိတယ်၊ ဒါပေမဲ့ ဒီကောင်ကလည်း ထွန်းထွန်းပေါက်ပေါက် ဖြစ်မလာပါဘူး။ သားသမီး သုံးယောက်စလုံး ဘွဲ့ရတယ်။ သမီးတစ်ယောက်က အထက်တန်းပြ ဆရာမ၊ သားနှစ်ယောက်က လေးရာ့ငါးဆယ်စား။





ကျုပ်မိန်းမဆုံးတော့ ကျုပ်တို့နေတဲ့အိမ်နဲ့ခြံကို အမွေခွဲကြတယ်။ သူတို့မောင်နှမကလည်း အများသား မဟုတ်လား။ ညီအစ်ကိုမောင်နှမ ခုနစ်ယောက်တောင် ရှိတယ်။ ဒီအထဲမှာ ပါရဂူဆရာဝန်ကြီးဖြစ်တဲ့ ကျုပ်မိန်းမရဲ့အစ်ကို အကြီးဆုံးက ခြံနဲ့တိုက်ကို ပြန်အမ်းပြီး ယူလိုက်တယ်။ ခွဲလိုက်တော့ တစ်ယောက်ကို တစ်သိန်းကျော်ကျော်စီလောက် ရတယ်။

သူဆုံးတော့ ကျုပ်လည်း အိမ်ထောင်ကျနေတဲ့ သမီးနဲ့လိုက်နေတယ်။ မြို့စွန်ရပ်ကွက်ကလေးမှာ နေရတာ။ ဒါပေမယ့် ကျုပ် နေတတ်ပါတယ်။ ကျုပ် မက်တာက ကျုပ်ရဲ့ပတ္တလားရယ်၊ တယောရယ်၊ ဒါပဲမက်တာပဲ။ ဒါတွေရှိရင် ကျုပ် နေလို့ရတယ်။ စန္ဒရားကြီးကိုတော့ ရောင်းပစ်ခဲ့တယ်လေ။

သမီးနဲ့နေတော့လည်း သမီးက ကျုပ်ကို တတ်နိုင်သမျှ ပြုစုပါတယ်။ လိုလေသေး မရှိပါဘူး။

အဲ တစ်ခုတော့ ရှိတာပေါ့လေ။ ယခင်ကလို ကျုပ်အိမ်မှာ ပညာသည်တွေကိုခေါ်ပြီး တီးမှုတ်တာမျိုး၊ သူတို့ကို ခေါ်ပြီး ကျွေးတာမွေးတာမျိုးတော့ မလုပ်နိုင်တော့ဘူး။ အခြေအနေက ပျက်သွားပြီကိုး။ သမီးအိမ် ဆိုတာကလည်း သုံးပင်နှစ်ခန်းအိမ်ကလေး။ သူ့ယောက်ျားကလည်း အထက်တန်းပြဆရာ၊ သူကလည်း အထက်တန်းပြဆရာဆိုတော့ သူတို့မှာ ချောင်ချောင်လည်လည် ရှိတာ မဟုတ်ဘူး။ ဒီတော့ သူတို့စရိတ်နဲ့ ညှော်သည်တွေကို ဘယ်မှာခေါ်ပြီး ကျွေးနိုင် မွေးနိုင်ပါ့မလဲ။ ပြီးတော့ လုပ်ပေး ကိုင်ပေးဖို့ လူလည်း မရှိတော့ဘူး။ ကျုပ် မိန်းမရှိတုန်းကတော့ သူက အလုပ်လုပ်တဲ့အပြင် စိန်ပွဲစား ရွှေပွဲစားတို့ ဘာတို့လည်း လုပ်တော့ ကျုပ် ကောင်းကောင်းမွန်မွန် နေနိုင်တယ်။ အခုတော့ ဒါတွေ မလုပ်နိုင်တော့ဘူးပေါ့။ ဖြစ်သမျှကလေးနဲ့ ကျုပ်သမီးက ပြုစုပေးချင်ဦး။ သမက်ကို အားနာရသေးတယ်။

ကျုပ်က အရက်ကလေးကလည်း မှန်မှန်သောက်ရမှ နေတတ်တဲ့ကောင်။ ညနေတိုင်ဆိုရင် အရက်ကလေး မှန်မှန်သောက်ပြီး တယောကလေး ထိုးနှိန်းနေချင်တယ်။ ဒီတော့ သမီးနဲ့သမက်က အဖေဖို့ အရက်ရှာပေးကြပါတယ်။ ဒါပေမဲ့ ကျုပ် အားနာတယ်လေ။ ဒီတော့ နည်းနည်းလျှော့သောက်ရတယ်။

ဒါပေမဲ့ ကျုပ်နဲ့ကျောင်းနေဖက် သူငယ်ချင်းတွေ ရှိတယ်။ ဒီကောင်တွေက အရာရှိကြီးတွေ၊ ဆရာဝန်ကြီးတွေ ဖြစ်နေကြပြီ။ ဒီကောင်တွေက ကျုပ်ကို ကားလွှတ်ပြီး ဂီတဝိုင်းကလေး ဘာလေး အဖွဲ့ခိုင်းတယ်။ ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျုပ်ရဲ့ တပည့်ဟောင်းတွေကို ခေါ်ပြီး သူတို့ဆီကို သွားတီးမှုတ်ပေးတယ်။ အဆိုတော်ထဲက တစ်ယောက်နှစ်ယောက်လောက်၊ ကျုပ်က ပတ္တလားတီးရင်လည်း တယောသမား တစ်ယောက်လောက်၊ ကျုပ်က တယောထိုးရင်လည်း ပတ္တလားသမားတစ်ယောက်နဲ့ သွားတီးပေးလေ့ရှိတယ်။

အပျော်သဘောပါပဲ။ သူတို့ကလည်း ဟိုတုန်းက ကျုပ်နဲ့ တစ်ဆောင်တည်းနေခဲ့တဲ့ ကောင်တွေ။ အပြင်ရောက်တော့လည်း ကျုပ်နဲ့တစ်အိမ်တည်း တစ်ခန်းတည်း ငှားနေခဲ့တဲ့ ကောင်တွေ။ ဒီကောင်တွေကလည်း အလုပ်တို့ ဘာတို့ ပင်ပန်းတော့ စနေနေ့ ညနေတို့ ဘာတို့ဆိုရင် သူတို့အိမ်တွေမှာ တစ်လှည့်စီ ခေါ်ပြီး တီးခိုင်း မှုတ်ခိုင်းနေကြတယ်။ သူတို့ သားသမီးတွေကိုလည်း မြန်မာ့ဂီတ၊ မြန်မာ့အသံကို ယဉ်ပါးအောင်ဆိုတဲ့ သဘောလည်း ပါတယ်။

စနေနေ့တွေဆိုရင် ဂီတဆည်းဆာဝိုင်းကလေးကို ဒီကောင်တွေက အလှည့်ကျ လုပ်တယ်။ ဒီစနေနေ့မှာ ပါမောက္ခအိမ်၊ နောက် စနေကျရင် အထူးကုပါရဂူရဲ့အိမ်။ နောက် စနေဆိုရင် ဗိုလ်မှူးကြီးရဲ့အိမ်။ နောက် စနေဆိုရင် ကုန်သည်ကြီးရဲ့အိမ်စသဖြင့် သူ့အလှည့်နဲ့သူ လုပ်ပေးသွားတယ်။ စနေနေ့ ညဆိုရင် ကျုပ်အိမ်ရှေ့ကို မှန်ကားကြီးတစ်စင်း ရောက်လာပြီ၊ လာတာနဲ့ ကျုပ်လည်း တယောကလေးပိုက်ပြီး လိုက်သွားပဲ။

ဟိုရောက်တော့ တီးကြတယ်။ ဆိုကြတယ်။ သူတို့က အကောင်းစားအရက်တွေနဲ့ ဧည့်ခံတယ်။ အရက်ကတော့ ကောင်းသလား မမေးနဲ့၊ စကော့ အနိမ့်ပတ်တောင် မပါဘူး။ အနည်းဆုံး ဘလက်လေဗယ် ရှိတယ်။ အမြည်းအားဖြင့် ရှီဗားစ်တို့၊ ဆမ်းသင်းစပယ်ရှယ်တို့၊ ကော့ညက်ဆိုရင်လည်း နပိုလီယန်တို့၊ ရယ်မီမာတင်တို့လောက်ပဲ ပါတယ်။

ဒီလိုနဲ့ စနေနေ့ညနေတိုင်း ကျုပ်အရာရှိကြီးတွေအိမ်မှာ ကျုပ် တီးပြရတယ်။ ကျုပ်လည်း ပျော်တယ်။ သူငယ်ချင်းတွေနဲ့ အရက်ကောင်းကောင်းသောက်ပြီး ရှေးဟောင်းနှောင်းဖြစ်တွေကို ပြော၊ ကျုပ်တို့ ငယ်ငယ်က ခေတ်စားခဲ့တဲ့ ကာလပေါ်သီချင်းတွေကို ပြန်တီးပြီး ငယ်ငယ်ကအကြောင်းတွေ ပြန်ပြောရတော့ အများကြီး နုပျိုသွားတယ်လို့ ထင်မိတယ်။ တစ်ခါတလေ သူတို့တစ်တွေ အလုပ်များလို့ စနေ ဂီတဆည်းဆာ မလုပ်ဖြစ်ရင် ကျုပ်မှာ နေမထိထိုင်မသာ ဖြစ်နေတယ်။ ဒါပေမဲ့ အများအားဖြင့် လုပ်ဖြစ်တာ များပါတယ်။ ပျက်ရင် တစ်နှစ်မှာ တစ်ခါနှစ်ခါထက် မပိုပါဘူး။





လွန်ခဲ့တဲ့ သုံးလ သင်္ကြန်ရက်ကတော့ သူငယ်ချင်း ဆရာဝန်ကြီးအိမ်မှာရယ်၊ ပါမောက္ခကြီးရဲ့ အိမ်မှာရယ်၊ ဗိုလ်မှူးကြီးရဲ့အိမ်မှာရယ် ဂီတဆည်းဆာပွဲကလေးကို သုံးရက် ဆက်လုပ်ဖြစ်တယ်။ သင်္ကြန်ရက်ဆိုတော့ သူတို့လည်း အားနေတော့ သုံးရက်လုံးလုံး ဆက်တိုက်လုပ်တယ်။

နောက်ဆုံးည ဆရာဝန်ကြီးရဲ့အိမ်မှာ လုပ်တဲ့ပွဲမှာ ကျုပ် အရက်တော်တော်များသွားတယ်။ များဆို အရက်ကလည်း ဆမ်းသင်းစပယ်ရှယ်ကိုး။ သိပ်ကောင်းတာကိုး။ ဒီတော့ ကျုပ် တော်တော်များသွားတယ်။ သောက်တာလည်း တော်တော်များနေတယ်။ အဲဒီညကလည်း တော်တော်များတယ်။ ဒါပေမဲ့ ကျုပ် တယောထိုးတာ တစ်ချက်မမှားဘူး။ စည်းဝါး တစ်ချက်မလွတ်ဘူး။ အဆိုတော် ကောင်မလေး ဆိုတာကို အားမရလို့ ကျုပ်ကိုယ်တိုင်တောင် တစ်ပုဒ် ဝင်ဆိုလိုက်သေးတယ်။

အဲဒီညက ပွဲလည်းပွဲတော့ အပြန် အိမ်ရောက်တော့ အကျီချွတ်ပြီး အိပ်လိုက်မိတယ်။ မနက်လည်း လင်းရော ကျုပ် ထလို့မရတော့ဘူး။ ကိုယ်တစ်ပိုင်း သေသွားတယ်။ သူငယ်ချင်းဆရာဝန်ကြီးက ကြပ်မတ် ပြုစုကုသလို့ အသက်ဘေးတော့ မစိုးရိမ်ရသေးပါဘူး။ ဒါပေမဲ့ ကိုယ်တစ်ခြမ်းကတော့ မလှုပ်နိုင်တော့ဘူးပေါ့။

ခုထိ သုံးလလုံးလုံး အိပ်ရာပေါ်မှာ ပက်လက်ပဲ။ ခုလိုနေမကောင်းမှ ကျုပ်ဘဝကို ပြန်စဉ်းစားကြည့်တယ်။

ကျုပ် အသက် ၆၀ ကျော်လာပြီ။ ကျုပ်ကိုယ်တိုင် ကိုယ့်ဝမ်း ကိုယ်ကျောင်းတဲ့ အချိန်ရယ်လို့ တစ်ချိန်မှ မရှိသေးဘူး။ ငယ်ငယ်တုန်းက မိဘလုပ်စာကို စားခဲ့တယ်။ အိမ်ထောင်ကျတော့ မိန်းမလုပ်စာကို စားခဲ့တယ်။ ခု ကြီးလာတော့ သားသမီး လုပ်စာကို စားခဲ့တယ်။

ကျုပ်ကိုယ်ကျုပ် ဂီတကိုချစ်မြတ်နိုးသူကြီးရယ်လို့ ထင်ခဲ့တယ်။ ထမင်းစားဖို့ ဂီတကိုလိုက်စားတာ မဟုတ်ဘဲ၊ ဂီတကိုလိုက်စားဖို့ ထမင်းစားနေတာလို့ ကြွေးကြော်ခဲ့တယ်။ အသက်ရှင်ဖို့ ဂီတကို လိုက်စားတာ မဟုတ်ဘဲ ဂီတကို လိုက်စားဖို့ အသက်ရှင်နေတာလို့ ထင်ခဲ့တယ်။ ထိပ်တန်း ကြေးစားပညာသည် တစ်ယောက် ဖြစ်နိုင်ပါလျက်နဲ့ ကျုပ်မိန်းမ အသိုင်းအဝိုင်းက အထင်သေးမှာ စိုးလို့ ဂီတနဲ့ အသက်မမွေးခဲ့ဘူး။ အမှန်ကတော့ ကိုယ်ကိုယ်တိုင်ကလည်း ဒီလို ထင်နေလို့ ဂီတနဲ့ အသက်မမွေးခဲ့တာ ဖြစ်မှာပေါ့လေ။

ခု ပြန်စဉ်းစားလိုက်တော့ ကျုပ် အတွေးအခေါ်ဟာ တော်တော်မှားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွေးအခေါ်ပါကလား ဆိုတာ ကျုပ် ပြန်စဉ်းစားမိလာတယ်။ ကိုယ့်ကိုယ်ကိုယ် ဂီတမြတ်နိုးသူလို့ထင်ပြီး မာနကြီးခဲ့တယ်။ ကိုယ်တတ်တဲ့ ဂီတပညာနဲ့ အသက်မွေးရမှာကို မှားယွင်းစွာ ရှက်ခဲ့မိတယ်။ မယားအပေါ်မှာ တာဝန်ဝတ္တရား ပျက်ခဲ့လို့ လင်ကောင်းတစ်ယောက်လည်း မဖြစ်ခဲ့ဘူး။ သားသမီးအပေါ်မှာ တာဝန်ပျက်ခဲ့လို့ အဖေကောင်း တစ်ယောက်လည်း မဖြစ်ခဲ့ဘူး။

ကိုယ့်ဂီတပညာနဲ့ ရိုးသားစွာ အသက်မွေးခဲ့တဲ့ သူတွေကို အထင်သေးခဲ့ပြီး ကိုယ့်ကျတော့ ဂီတနဲ့ထမင်းစားသူ မဟုတ်ဘူးကွလို့ မှားယွင်းစွာ ဂုဏ်ယူခဲ့မိတယ်။ မာနကြီးခဲ့မိတယ်။

တကယ်ကျတော့ ကျုပ်က သူတို့လို ဂီတပညာနဲ့ရိုးသားစွာ အသက်မမွေးတဲ့အပြင် ကိုယ့်ကိုယ်ကိုယ် လိမ်ပြီး ဂီတကို အရက်တစ်ခွက်နဲ့ လဲသောက်ခဲ့ပါပကောလား။ သူငယ်ချင်းတွေရဲ့အိမ်မှာ သူတို့တိုက်တဲ့ အရက်ကလေးကို သောက်၊ သူတို့ကျွေးတဲ့ အစာကလေးကို စာပြီး တယောထိုးပြရတာ၊ ပတ္တလားတီးပြရတာကတော့ အနုပညာကို ရောင်းစားတာ မဟုတ်ဘူးလား။ အနုပညာနဲ့ လဲစားတာ မဟုတ်ဘူးလား။

ရိုးသားတဲ့ ပညာရှင်က ထမင်းနဲ့ လဲစားတယ်။ ကျုပ်က ကိုယ့်ကိုယ်ကိုယ် လိမ်ပြီး အရက်တစ်ခွက်နဲ့ လဲသောက်တယ်။ သူတို့က ရိုးသားတယ်။ ကျုပ်က ကျုပ်ကိုယ်ကျုပ် လိမ်တယ်။ ပညာနဲ့ အသက်မွေးရတာကို ရှက်တယ်။ သူတို့က ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ် ရပ်တယ်။ ကျုပ်က သူများကိုယ်မှာ တွယ်ကပ်နေတဲ့ ကပ်ပါးပိုးမွှားနဲ့ တူနေတယ်။ ကိုယ့်ကိုယ်ကိုယ် ကြေးစားဂီတသမား မဟုတ်ဘူးလို့ ဘဝင်မြင့်ပြီး တကယ်ကတော့ ဂီတကို အရက်နဲ့မြည်းဖို့ ရောင်းစားနေရတယ်။

ဟုတ်တယ်၊ ရှေ့လျှောက်ပြီး သတ္တိကောင်းကောင်းနဲ့ ကျုပ်ခြေထောက်ပေါ်မှာ ကျုပ်ရပ်မယ်။ ပညာနဲ့ အသက်မွေးမယ်။

အင်း . . . ဒါပေမဲ့ အချိန်နှောင်းသွားပြီ ထင်တယ်။ ကျုပ်လက်ဟာ တယောထိုးတံနဲ့ ပတ္တလား လက်ခတ်ကို မကိုင်နိုင်တော့ဘူး ထင်တယ်။

■

သာ ရ

မတ်၊ ၁၉၈၈

# ဂျွန်ဆင်ပေါင်ဒါဘူးတစ်ဘူး၏ သံသရာ

ဖြစ်ပုံက ဒီလိုလေ။

လွန်ခဲ့တဲ့ ခြောက်လကျော်လောက်က ကျွန်တော် နိုင်ငံခြားကို သွားရတယ်။ ကျွန်တော်တို့ဌာနမှာ ကျွန်တော့်ထက် လုပ်သက်ရင့်တဲ့ လူတွေ တစ်ပုံကြီး ရှိတယ်။ ကျွန်တော့်ထက်ကြီးတဲ့ အရာရှိတွေလည်း တစ်ပုံကြီးရှိတယ်။ ကျွန်တော်က ချာတိတ်၊ ခု ရာထူးကိုတောင် အမြဲတမ်း ရသေးတာ မဟုတ်ဘူး။ ပုတ်ပြတ်လစာနဲ့ လုပ်နေရတာ။ ဒါပေမဲ့ အထက်လူကြီးတွေက ကျွန်တော့်ကို ဘာသဘောကျသွားသလဲ မသိဘူး၊ နိုင်ငံခြားကို ခြောက်လလောက် သွားစရာရှိတော့ ကျွန်တော့်ကို လွှတ်လိုက်ကြတယ်။ ကျွန်တော် ကံကောင်းချင်လို့လား၊ ကြာကြာမသွားရတဲ့ အခေါက်မို့လို့ ကျွန်တော့်ကို လွှတ်လိုက်တာလားတော့ ကျွန်တော် မသိဘူးလေ။ ဒါတော့ ဘုရားမှသိမှာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်လို လုပ်သက်သုံးလေးနှစ်သာရှိပြီး အမြဲတမ်း မဟုတ်တဲ့ အမှုထမ်းတစ်ယောက်အဖို့တော့ ဘယ်လောက်ပဲ သွားရသွားရ ဘယ်ကိုပဲ သွားရသွားရ အကြောင်းမဟုတ်ပါဘူး။ သွားရတယ်ဆိုရင် ကံကောင်းတာပေါ့။ လွှတ်တဲ့ ဆိုင်ရာလူကြီးတွေကိုလည်း ကျေးဇူးတင်ရမှာပေါ့။

သွားခါနီးတော့ အိမ်က သူတို့လိုချင်တဲ့ ပစ္စည်းတွေကို မှာကြတယ်။ ဖေဖေကတော့ သူလိုချင်တဲ့ ဆေးဝါးတွေကို မှာတယ်။ ညီမငယ်မော်လီက သူလိုချင်တဲ့ အဝတ်အစား၊ ဖိနပ်နဲ့ မိတ်ကပ်မှာတယ်။ မေမေကတော့ ဇိုးသားမှာ ခဏတဖြုတ်သွားရတာ သိပ်မမှာချင်ပါတဲ့၊ စတိသဘောအဖြစ် မေမေ့ဒိုမင်း စိတ်ကူးရတာသာ ဝယ်ခဲ့လို့ မှာတယ်။ ဒါပေမဲ့ မေမေက ကျွန်တော့်ကို သေသေချာချာမှာတာ တစ်ခုတော့ ရှိတယ်။ နယ်မှာရောက်နေကြတဲ့

www.burmeseclassic.com



ကျွန်တော့်အစ်မ ဗိုလ်ရှာရဲ့ သားဦးကလေး၊ သူ့မြေးဦးအတွက် ဂွမ်းဆင်ဘောဘီပေါင်ဒါဘူးကလေးတွေ ဝယ်ခဲ့ပါတဲ့။ သူ့မြေးဦးကလေးက အညာမှာနေရတော့ နွေဆိုရင် ကလေးက မိတ်တွေထွက်ပြီး လူးလိမ့်နေတာပဲတဲ့။ နင်တို့ငယ်ငယ်တုန်းကဆိုရင် နင်တို့အားလုံး ဂွမ်းဆင်ဘောဘီပေါင်ဒါနဲ့ ကြီးလာကြတာတဲ့။ အဲဒီတုန်းက ဒီဆူဇာက ထုတ်တဲ့ ပိုင်အိုလက် ကလေးဆေးပေါင်ဒါတောင် မသုံးဘူး။ အဲဒါကြောင့် သူ့မြေးဦးဖို့ ဂွမ်းဆင်ဘောဘီပဲ ဝယ်ခဲ့လို့မှာလိုက်တယ်။

မေမေက ပစ္စည်းကောင်းဆိုရင် တကယ်ကြိုက်တယ်။ အစားကောင်းဆိုရင်လည်း ကောင်းကောင်း နည်းနည်းစားတယ်။ အဝတ်အစားဆိုရင်လည်း များများမရှိတောင် ရှိသမျှဟာ အကောင်းစားကလေးတွေချည်းပဲ။ ပစ္စည်းကိုလည်း အင်မတန်ရှိသေတယ်။ သူတို့ ရခါစတုန်းက ဝယ်တဲ့ ထဘီတွေ၊ အင်္ကျီတွေ ခုထက်ထိ ရှိသေးတယ်။ တူတယ်လုံချည်တို့၊ တရုတ်ဗရိုကိတ်တို့၊ အမေရိကန် ဗရိုကိတ်တို့၊ ကုလားအုပ်ရေ လက်ကိုင်အိတ်တို့၊ ရေမွှေးပုလင်းတို့ဆိုရင် ခုထက်ထိရှိသေးတယ်။ ရေမွှေးဆိုရင် အကောင်းစားရေမွှေး။ ဖေဖေ နိုင်ငံခြားသွားတုန်းက ဝယ်လာခဲ့တဲ့ နာမည်ကျော် ခရစ်ယန်ဒေါ်ဆိုတဲ့ ရေမွှေး။

စဉ်းစားကြည့်လေ . . . အဲဒီရေမွှေး ဝယ်လာတုန်းက ကျွန်တော်တောင် မွေးခါစပဲ ရှိသေးတယ်။

ဒါပေမဲ့ မေမေက အလကားမသုံးဘူး။ ပွဲလမ်းထွက်မှ ဒီရေမွှေးကိုသုံးတာ။ မေမေမသုံးတော့ ဖေဖေက ရေမွှေးသုံးဖို့ ပြောတယ်။ ဒါပေမဲ့ မေမေက နှမြောလို့တဲ့ မသုံးဘူး။ မသုံးတော့ ရေမွှေးက ဘယ်ကြာကြာခံမလဲ။

အကောင်းစားရေမွှေး။ အဖုံးကို ဘယ်လောက်ပဲ ကျပ်အောင်ပိတ်တယ်ပဲပြောပြော တဖြည်းဖြည်း အငွေ့ဖြစ်ပြီး ကြာတော့ ခန်းကုန်တော့တာပေါ့။ ရေမွှေးတစ်ပုလင်းဟာ မေမေ ဘယ်လောက်သုံးလိုက်ရလို့လဲ၊ အလွန်ဆုံး ဆယ်ခါလောက်ပဲ ရှိတော့မပေါ့။ ဆယ်ခါလည်း ပြီးရော နောက်တော့ မေမေတို့လည်း ရန်ကုန်မှာမနေရဘဲ နယ်တွေကိုပြောင်းရွှေ့သွားရတော့ နယ်မှာရေမွှေးဆွတ်စရာ ပွဲလမ်းရယ်လို့ သိပ်မှမရှိတာ၊ မဆွတ်ဖြစ်ဘူးပေါ့၊ မဆွတ်ဖြစ်တော့ ရေမွှေးတွေ ခန်းကုန်တာပေါ့။

ရန်ကုန်ပြန်ရောက်လို့ ရေမွှေးပုလင်းလည်း ဖွင့်လိုက်ရော အထဲမှာရေမွှေးတစ်စက်မှမရှိတော့ဘူး၊ ခန်းကုန်ပြီ။

ဒါပေမဲ့ မေမေက ရေမွှေးပုလင်းကို လှလို့ဆိုပြီး လွှင့်မပစ်ဘူး။





ရောင်းလည်း မရောင်းဘူး။ သိမ်းထားတယ်။ ကျွန်တော့်မေမေ ပစ္စည်းကောင်းကို ဘယ်လောက်ကြိုက်သလဲ၊ ဘယ်လောက်တန်ဖိုးထားသလဲ၊ ဘယ်လောက် စေ့စပ်သလဲဆိုတာ အဲ့ဒါကိုသာ ကြည့်ပေတော့။

ဒီလိုပဲ မေမေ့ဘီရိုထဲမှာ ဟိုခေတ်တွေတုန်းက ဝယ်ထားတဲ့ အကောင်းစား အသုံးအဆောင်ပစ္စည်းတွေ အများကြီးရှိတယ်။

ဥပမာ ဟိုတုန်းက ရိုးကုမ္ပဏီမှာရောင်းတဲ့ အင်္ဂလန်ပြည်လုပ်တဲ့ လက်ဖက်ရည်ပန်းကန်စုံတို့၊ ပြင်သစ်ပြည်မှာလုပ်တဲ့ လက်ဖက်ရည်ပန်းကန်စုံတို့၊ ထမင်းစားပန်းကန်စုံတို့၊ ရှက်ဖီးကလုပ်တဲ့ သံမဏိဇွန်းတွေ၊ ခက်ရင်းတွေ၊ ဓားတွေ စုံလို့ပဲ။

ပန်းကန်ခွက်ယောက်တွေကို မှန်ဘီရိုတစ်လုံးနဲ့ သတ်သတ်ထားတယ်။ ဧည့်ကောင်း စောင်ကောင်းလာမှပဲ ဒီပန်းကန်ခွက်ယောက်တွေကို ထုတ်သုံးတယ်။ ဒါမျိုးတွေ မရနိုင်တော့ဘူးတဲ့။

မေမေဟာ ပစ္စည်းကောင်းကိုမှ ကိုင်တယ်။ မရှိရင် အညံ့စားကိုတော့ ဝယ်မသုံးဘူး။ ဒီအတိုင်းနေတယ်။

အစားအသောက်ဆိုရင်လည်း ဒီအတိုင်းပဲ။ ကောင်းကောင်း သန့်သန့်ကိုမှ ဝယ်စားတယ်၊ မရရင် မစားဘူး။ အမှန်ကတော့ ဇာချဲ့တာမဟုတ်ပါဘူး။ အသန့်အကောင်းကို ကြိုက်တတ်တဲ့သဘောပါ။

ဥပမာ မေမေက လက်ဖက်ရည်ကြိုက်တယ်၊ ဒါပေမဲ့ လက်ဖက်ရည်ဆိုင်က ဝယ်မသောက်ဖူး။ လက်ဖက်ရည်ဆိုင်တွေမှာ အများအားဖြင့် ဆေးဆိုးတဲ့ လက်ဖက်ခြောက်တွေကို သုံးတယ်၊ ဆေးသကြားသုံးတယ်၊ ချက်နို့ဆီသုံးတယ်။ ချက်နို့ဆီထဲမှာလည်း ဘာတဲ့ . . . မပုပ်အောင် ဖော်မယ်လင်တွေကို ထည့်တယ်ဆိုလား ဘာလား မသိဘူး၊ ပြောကြတယ်။

ဒါကြောင့် မေမေက လက်ဖက်ရည် ဘယ်လောက်ကြိုက်ကြိုက် ဆိုင်က လက်ဖက်ရည်ကို မသောက်ဘူး၊ ဘူးနို့ဆီဈေးကြီးလို့ မသောက်နိုင်ရင် မသောက်ဘဲ ဒီတိုင်းနေတယ်။

တတ်နိုင်ရင် ကိုယ့်ဘာသာ လက်ဖက်ခြောက်ကောင်းကောင်းဝယ်ကျို၊ သကြားသန့်သန့်၊ ဘူးနို့ဆီကောင်းကောင်းနဲ့ ဖျော်သောက်တယ်။

သောက်တယ်ဆိုတာလည်း နည်းနည်းကလေးပါ။ တစ်ခွက်မပြည့်တပြည့်ကလေးပါ။ သူ့မှာ ဆီးချိုကလည်းရှိတော့ အစားအသောက်ကို ရွေးလည်း ရွေးတယ်၊ ရှောင်လည်း ရှောင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေမှာ ဖေဖေက သူကြိုက်တတ်မှန်းသိလို့ လစ်ပတန်တို့၊ ဘရွတ်ဘွန်းတို့စတဲ့ လက်ဖက်ခြောက်ဘူးကို ဝယ်လာတယ်။ ဒီအခါမျိုးမှာ မေမေဟာ ဝမ်းသာလို့မဆုံးတော့ဘူး။ ကျွန်တော်တို့ကတော့ ဘာဖြစ်ဖြစ် စားသောက်ပစ်လိုက်တာဆိုတော့ ဖေဖေက ဒီလိုပစ္စည်းကောင်းကောင်းလေး ဝယ်လာရင် မေမေ့ဖို့ထားပါကွာ၊ မင်းတို့ငါတို့က ဘာဖြစ်ဖြစ် ရွေးတာမှမဟုတ်တာလို့ ပြောတတ်တယ်။

ဒါကြောင့် ကျွန်တော်တို့ကလည်း သိပ်မသောက်ပါဘူး။ ပြီးတော့ ကျွန်တော်တို့ဆိုတာ မနက်လင်းရင် လက်ဖက်ရည်သောက်နဲ့ ဝတာမှမဟုတ်တာ။

မေမေကတော့ ဒါပဲ။ ဒီပြင်လူတွေ ဘာစားစား မနက်လင်းရင် လက်ဖက်ရည် ကောင်းကောင်းလေး တစ်ခွက်သောက်ရရင် ကျေနပ်တယ်။

မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ နန်းကြီး စတာမျိုးတွေကို စားလေ့မရှိဘူး။ မနက်လင်းတာနဲ့ ငှက်ပျောသီးလေးတစ်လုံး၊ ဒါမှမဟုတ် သဘော်သီးစိတ်ကလေးတစ်စိတ်နဲ့ လက်ဖက်ရည်ကလေးတစ်ခွက်၊ ဒါမှမဟုတ် နွားနို့ကလေးတစ်ခွက် သောက်ရရင် ကိစ္စပြီးတယ်။

ကျွန်တော် နိုင်ငံခြားသွားခါနီးတော့ မေမေက သူ့မြေးဖို့ဆိုပြီး ဂျွန်ဆင်ဘေဘီပေါင်ဒါဘူး မှာတယ်။ တို့က အသက်ကြီးပါပြီ၊ ဘာမှ ထူးထူးထွေထွေ မလိုချင်ပါဘူး။ ငါ့မြေးလေးဖို့သာ ဂျွန်ဆင်ဘေဘီပေါင်ဒါဘူး ဝယ်ခဲ့ပါလို့ မှာတယ်။

ဒီလောက်တော့ ဘာအရေးလဲ၊ ကျွန်တော် သွားတာက နိုင်ငံခြားမှာ ခြောက်လပဲကြာမှာ။ ဒီတော့ နှစ်ရှည်လများသွားတဲ့လူတွေလို မော်တော်ကားတို့ ဘာတို့ ဝယ်နိုင်မှာမဟုတ်ဘူး။ ကျွန်တော် အလွန်ဆုံးဝယ်နိုင်ရင် ယာမာဟာ မော်တော်ဆိုင်ကယ်ကလေး တစ်စင်းလောက်၊ တီဗွီကလေး တစ်လုံးလောက်နဲ့ တိုလီမိုလီကလေးတွေလောက်ပဲ ဝယ်နိုင်မှာပေါ့။

ဒါတောင် ကျွန်တော် အကုန်လုံး ဝယ်ချင်မှ ဝယ်နိုင်မှာ။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း ဘာမှ သိပ်မက်တဲ့ကောင်မျိုး မဟုတ်ဘူး။

ဒါပေမဲ့ ကျွန်တော်က အစားတော့ငမ်းတယ်။ အဝတ်အစားလည်း ကျွန်တော် ဒီလောက်မမက်ဘူး။ အအိပ်လည်း ဒီလောက်မမက်ဘူး။ ဒါပေမဲ့ အစားကတော့ ကောင်းကောင်းလည်း ကြိုက်တယ်၊ များများလည်း စားတယ်။ ဒီတော့ ကျွန်တော့်လို အစားငမ်းတဲ့ကောင်က နိုင်ငံခြားမှာ အငတ်ခံပြီး ပိုက်ဆံ





စုနိုင်မှာ မဟုတ်ဘူး။

စောစောကပြောတဲ့ ယာမာဟာဆိုင်ကယ်ကလေးနဲ့ တီဗွီကလေးတောင် မနည်းခြစ်ခြုပ်ပြီး ဝယ်ရမှာ။

တိုလီမိုလီပစ္စည်းကတော့ ဝယ်လောက်ပါတယ်။ အကြောင်း မဟုတ်ဘူး။

ဒါပေမဲ့ မေမေမှာတဲ့ ဂျွန်ဆင်ဘေဘီပေါင်ဒါဘူးဆိုတာ ဘယ်လိုပေါင်ဒါမျိုးမို့လဲ၊ ကျွန်တော် မသိဘူး။ ကျွန်တော်တို့ မောင်နှမသုံးယောက်မှာ ကျွန်တော်က အလတ်။ ကျွန်တော့်တို့ သုံးယောက်စလုံး ငယ်ငယ်တုန်းက ဂျွန်ဆင်ဘေဘီပေါင်ဒါကို သုံးတယ်လို့သာပြောရတာ ကျွန်တော် ကောင်းကောင်း မမှတ်မိတော့ဘူး။ ဒါနဲ့ ကျွန်တော်က ဂျွန်ဆင်ဘေဘီပေါင်ဒါဆိုတာ ဘယ်လိုဟာမျိုးလဲလို့မေးတော့ မေမေက ခေါင်းကိုခေါက်ပြီး ဗီရိုထဲမှာ သူသိမ်းထားတဲ့ ဂျွန်ဆင်ဘေဘီပေါင်ဒါဘူးလွတ်ကို ထုတ်ပြတယ်။

ဩော် ဟုတ်ပြီ၊ ကျွန်တော် သတိရပြီ။ ကျွန်တော် နှစ်ခါလည် သုံးခါလည်သားလောက်အထိ သုံးခဲ့ရတယ်။ ညီမလေး မော်လီကျတော့လည်း သူ့လိုပဲ သုံးတယ်။ ဂျွန်ဆင် အင် ဂျွန်ဆင် ကုမ္ပဏီက ထုတ်တာ။

ကလေးတွေအတွက် အသားအရေကောင်းစေတယ်၊ ယားယံတာတွေ ပျောက်စေတယ်၊ ခြင်ကိုက်တာတို့ ဘာတို့ကိုလည်း ပျောက်စေတယ်။ ဟုတ်တယ် တော်တော်ကောင်းပုံရတယ်။ ခု ကျွန်တော် အသက်သုံးဆယ် ရောက်သည်အထိ အဖုံးကိုဖွင့်ကြည့်တော့ အနံ့ကလေးက မွှေးနေတုန်းပဲ။

နှင့်ကလေးဖို့ အဲဒီပေါင်ဒါဘူးမျိုး ဒါဇင်ဝက် ဖြစ်ဖြစ်၊ တစ်ဒါဇင်လောက်ဖြစ်ဖြစ် ဝယ်ခဲ့တဲ့။ အပြန်မှာ အကောက်ခွန်တို့ ဘာတို့များမယ်ထင်ရင်လည်း တစ်ဘူး နှစ်ဘူးလောက်ဆိုရင် တော်ပြီတဲ့။

ဒါလောက်တော့ ဘာခက်တာမှတ်လို့၊ အချိန်မရွေးဝယ်နိုင်တာပေါ့။

တိုတိုပြောရရင် ကျွန်တော်လည်း နိုင်ငံခြားထွက်သာလာခဲ့တယ်။ ဟိုမှာ ခြောက်လကြာတယ်။ ဟိုရောက်တော့ ကျွန်တော် သိပ်စိတ်ညစ်တယ်ဗျာ။ ကျွန်တော်ရောက်သွားတဲ့ အချိန်က ဆောင်းတွင်းကြီး၊ အေးလိုက်တာကလည်း မပြောနဲ့၊ အစားအသောက်ကလည်း ထမင်းမှမစားရတာ။ ပေါင်မုန့်နဲ့ အသားဆော့ချည်းပဲ စားနေရတယ်။ အသားကလည်း သိပ်များတယ်။ များများစားနိုင်မှ အချမ်းခံနိုင်တာ။ သိပ်ပြီး ပိုက်ဆံကုန်တယ်။

တတ်နိုင်သမျှတော့ ပိုက်ဆံစုတာပဲ၊ ဟိုမှာတင် ရနိုင်မယ့် ပစ္စည်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာတင် ဝယ်တယ်။ ဗန်ကောက်နဲ့စင်ကာပူတို့ ဘာတို့မှာ ရနိုင်တဲ့ပစ္စည်းမျိုးကို ကျွန်တော် မဝယ်ဘူး။ အကောက်ခွန်လွတ်ရောင်းတဲ့ ဆိုင်တွေရှိတော့ အဲဒီကျမှ ဝယ်မယ်ဆိုပြီး ကျွန်တော် ပိုတဲ့ပိုက်ဆံကလေးကို ဖွဲ့ဖွဲ့စုထားတယ်။ အဲဒီနိုင်ငံမှာပေါတဲ့ ပစ္စည်းကလေးတွေထဲက ဝယ်သင့်တာကို ဝယ်ထားတယ်။ တချို့ပစ္စည်းတွေကိုတော့ ဗန်ကောက်တို့ စင်ကာပူတို့ရောက်မှ ဝယ်မယ်ဆိုပြီး ချန်ထားတယ်။

ခြောက်လပြည့်တော့ ကျွန်တော် ပြန်လာတယ်။ စင်ကာပူကို ရောက်တယ်။ စင်ကာပူရောက်တော့ ယာမာဟာ မော်တော်ဆိုင်ကယ်တို့၊ ဗွီဒီယိုအပေါ်စက် အောက်စက်တို့ကို စင်ကာပူမှာ ဝယ်တယ်။ စင်ကာပူမှာ သိပ်အချိန်မရဘူး။ ပိုက်ဆံလည်း မရှိတော့ဘူး။ ဒါက လေယာဉ်ပျံပေါ်ရောက်လို့ ကိုယ်ဝယ်လာတဲ့ပစ္စည်းစာရင်းကို ကြည့်လိုက်တော့ တော်တော်စုံသားပဲ။ အိမ်က မှာလိုက်တဲ့ ပစ္စည်းတွေလည်း အကုန်ပါတယ်။ ဖေဖေ မှာလိုက်တဲ့ ဆေးတွေလည်း ပါတယ်။ မေမေဖို့ ဆွယ်တာလှလှကလေး တစ်ထည်နဲ့ အကောင်းစား လက်ဖွဲ့အိတ်တစ်လုံး ဝယ်ခဲ့တယ်။ မမ ဖလော်ရာဖို့ ရေမွှေးနဲ့ လေဒီရှူးတစ်ရံပါတယ်။ ညီမလေးဖို့လည်း လေဒီရှူး တစ်ရံ၊ ပါတိတ်ဝမ်းဆက်၊ ရေမွှေး၊ ဆွယ်တာ။ ကျွန်တော့်ဖို့လည်း ဝေါ့ကင်းရှူးနှစ်ရံ၊ ဂျာကင်၊ ရောင်မျက်မှန်။ အိမ်သုံးဖို့လည်း ပစ္စည်းတွေပါလာတယ်။ မဆိုးဘူး။ တော်တော် စုံသားပဲ။ နယ်မှာရှိတဲ့ ကျွန်တော့် တူကလေးအတွက်လည်း လျှပ်စစ်ကစားစရာ ပစ္စည်းကလေးတွေ ပါလာသေးတယ်။ ဘောင်းဘီကလေးတွေ၊ အကျႌကလေးတွေလည်း ပါလာတယ်။

ဟာ ဒုက္ခပဲ၊ မေမေက သူ့မြေးဖို့မှာလိုက်တဲ့ ဂျွန်ဆင်ဘေဘီပေါင်ဒါဘူး မဝယ်ရသေးပါကလား။ ဟိုမှာတုန်းက တွေ့သားပဲ၊ စင်ကာပူရောက်မှ ဝယ်မယ်ဆိုပြီး ကျွန်တော် မဝယ်ခဲ့ဘူး။ စင်ကာပူရောက်တော့လည်း ပေါင်ဒါဘူးကို လုံးလုံးကို သတိမရဘူး။ အထက်စက် အောက်စက်နဲ့၊ ယာမာဟာကို စိတ်ရောက်နေတာနဲ့ သတိတောင်မရဘူး။ ဗန်ကောက်မှာ နားမယ်။ ဗန်ကောက်မှာ ခဏပဲရပ်ပြီး လေယာဉ်ပြောင်းစီးရမှာ။ ဗန်ကောက်မြို့ထဲကို သွားချိန်ရမှာ မဟုတ်ဘူး။ လေဆိပ်က ဆိုင်မှာရှိရင် ကောင်းပါရဲ့လို့ အောက်မေ့ရတာပဲ။ မရှိရင်တော့ ပြဿနာပဲ။ မေမေက သူ့ဖို့တောင် မမှာပဲ သူ့မြေးဖို့ သေသေချာချာမှာလိုက်တဲ့ ပစ္စည်း။

ဗန်ကောက်လေဆိပ်မှာ ရပြီထားပါဦး၊ ကျွန်တော့်မှာ ပိုက်ဆံကျန်သေးရဲ့လား။ လေယာဉ်ခရီးစဉ် အချိန်ဇယားကို ကြည့်ပြီး ဝယ်တာဆိုတော့ ဘယ်





ကိုမှ ဝင်တော့မှာ မဟုတ်တော့ဘူးဆိုပြီး ရှိသမျှ အကုန်ဝယ်လာခဲ့တာ၊ ဘယ်မှာ ပိုက်ဆံကျန်တော့လို့လဲ။

ဒါနဲ့ ကျွန်တော် ဒေါ်လာကလေးများ ကျန်လိုကျန်ငြားဆိုပြီး အကျႌအိတ်ထဲ ဘောင်းဘီအိတ်ထဲ လျှောက်နှိုက်ကြည့်တယ်၊ အကျႌအိတ်ထဲမှာ တစ်ရွက်မှ မရှိတော့ဘူး။ စက္ကူစုတ်တွေပဲ ထွက်လာတယ်။

ဒါနဲ့ ဘောင်းဘီအိတ်ထဲ လျှောက်နှိုက်ကြည့်တယ်။ ခပ်မာမာကလေး တစ်ခုကိုတွေ့တယ်။ ဘုရား သိကြားမ,လို့ ဒေါ်လာဖြစ်ပါစေဗျားလို့ ဆုတောင်းပြီး အမောတကောနဲ့ နှိုက်ကြည့်လိုက်တယ်။ အမယ်လေး နှစ်ဒေါ်လာတန် အရွက်ကလေးတစ်ရွက် ခင်ဗျ။ ဟုတ်သားပဲ၊ မနေ့ညက မူးမူးနဲ့ ဘားကောင်တာက ပြန်အမ်းတာကို ကျွန်တော် အိတ်ထဲ ထိုးထည့်ခဲ့တာ။ ခုမှ သတိရတယ်။ ဂျွန်ဆင်ဘေဘီပေါင်ဒါဘူးက ဘယ်လောက်ပေးရမလဲ မသိဘူး။ ကိစ္စမရှိဘူး။ တစ်ဘူး ရရင်လည်း နည်းသလား။ ဟိုရောက်မှ မေမေ့ကို လိမ့်ရတော့မှာပေါ့။ များများယူလို့မရဘူး၊ ဘာညာနဲ့ ပြောရမှာပဲ။

ဗန်ကောက် လေဆိပ်ရောက်တော့ လေယာဉ်ပြောင်းစီးရမယ်။ နာရီဝက်လောက်ပဲ အဲဒီမှာ နားမယ်။ အတော်ပဲ၊ ကျွန်တော် လေဆိပ်ကဆိုင်ကို ပြေးပြီး ဂျွန်ဆင်ပေါင်ဒါဘူးလျှောက်ရှာတယ်။ တော်ပါသေးရဲ့ဗျာ၊ အခန့်သင့် သွားတွေ့တယ်။ ဒါနဲ့ ကျွန်တော်လည်း ဘယ်လောက်လဲလို့ မေးတော့ ဂရမ်ငါးရာဘူးကြီးကို ဒေါ်လာခွဲတဲ့။ တစ်ဘူးပဲရယ်၊ ကိစ္စမရှိဘူးလေ။ တစ်ဘူးပါ နည်းသလား။

ကျွန်တော်လည်း ပေါင်ဒါဘူးကို ကမန်းကတန်း ဝယ်ပြီး လေဆိပ်ဧည့်ခန်းထဲမှာ ထိုင်စောင့်နေတယ်။ ဘယ်မှလည်း သွားချိန်မရဘူး၊ သွားစရာလည်း ပိုက်ဆံမရှိတော့ဘူး။ ရန်ကုန်ရောက်ရင်တော့ ပြဿနာ မရှိပါဘူး။ အိမ်က ကား လာကြိုမှာပဲ။

လေဆိပ်ဧည့်ခန်းထဲမှာ ထိုင်ရင်း ပျင်းပျင်းရှိတာနဲ့ ဂျွန်ဆင်ဘေဘီပေါင်ဒါဘူးပေါ်က စာတွေကို ဖတ်နေတယ်။ ကျွန်တော်ဆိုတဲ့ကောင်က စာအုပ်ဆိုရင် ဘာစာအုပ်မှ သိပ်ဖတ်တဲ့ကောင်မဟုတ်ဘူး။ ငယ်ငယ်တုန်းကလည်း ဝါသနာမပါဘူး။ ကြီးတော့လည်း ဝါသနာမပါဘူး။ အတွက်အချက်လောက်ပဲ ဝါသနာပါတာ။ ပေါင်ဒါဘူးကလေးပေါ်က စာကိုဖတ်ကြည့်တော့ အမယ် ဘယ်ဆိုးလို့တုန်း။ မေမေပြောတဲ့အတိုင်းပါပဲလား၊ သူ့ပေါင်ဒါမှာ ဆေးအညွှန်းနဲ့ ပေါင်ဒါထဲမှာထည့်တဲ့ ဓာတုဗေဒပစ္စည်းတွေက ဘယ်လိုပစ္စည်းတွေ ထည့်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဘယ်လို အသုံးဝင်တယ်ဆိုတာတွေကို လျှောက်ရေးထားတယ်။ အနှုက လည်း မွှေးမွှေးကလေးရယ်။

ကျွန်တော့်ရှေ့စားပွဲပေါ်မှာ ပင်အပ်ကလေးတစ်ချောင်း။ ဘယ်လိုကနေ ဘယ်လိုရောက်နေမှန်းမသိဘူး။ ပင်အပ်ကလေးကိုကောက်ပြီး လက်ထဲမှာ ကိုင်ထားတဲ့ ငွေနီဆင်ဘောဘီပေါင်ဒါဘူးဖင်မှာ ကျွန်တော့်တူလေးရဲ့ အတို ကောက်နာမည်ကို ရေးခြစ်နေမိတယ်။ ကျွန်တော့် တူကလေးရဲ့ နာမည်က ဖိုးခွားတဲ့။ ဒီတော့ ကျွန်တော်က ပီကေဆိုပြီး နှစ်လုံးထပ်ပြီး အတိုကောက် ခြစ်နေမိတယ်။

လောကကြီးဟာ ပိုက်ဆံမရှိရင် တော်တော် ပျင်းစရာကောင်းတယ်။ နာရီဝက်လောက်ဟာ တစ်ကမ္ဘာလောက်ကြာတယ် ထင်ရတယ်။ လေယာဉ် ပျံက တော်တော်နဲ့ မခေါ်ဘူး။ ဒီအတိုင်း ထိုင်စောင့်နေရတယ်။ ဘယ်ကိုမှ သွားစရာပိုက်ဆံလည်း မရှိဘူး။ ဝယ်စရာပိုက်ဆံလည်း မရှိတော့ဘူး။ ပျင်း လိုက်တာ မပြောပါနဲ့တော့။ ဒါနဲ့ ပေါင်ဒါဘူးဖင်မှာ အပ်ကလေးနဲ့ ခြစ်ပြီး ကျွန်တော့်တူလေးရဲ့ နာမည်ကို ရေးနေတယ်။ ပီနဲ့ကေကို နှစ်လုံးထပ်ပြီး ရေးနေမိတယ်။

ခဏကြာတော့ ရန်ကုန်ကိုသွားမယ့် ခရီးစဉ်တွေကို ခေါ်တယ်။ ဝမ်း သာလိုက်တာ ဘာပြောကောင်းမလဲ။ ဝယ်လာတဲ့ ပေါင်ဒါဘူးကလေးကို ကုတ်အင်္ကျီအိတ်ထဲထည့်ပြီး လေယာဉ်ကွင်းထဲကို ထွက်လာခဲ့တယ်။ ခဏနေ ရင် ရန်ကုန်ကို ရောက်တော့မယ်လေ။

ကျွန်တော် ရန်ကုန်ပြန်ရောက်တော့ အတော်ပဲ၊ ကျွန်တော့်အစ်မ ဖလော်ရာတို့လည်း နယ်ကနေ ရန်ကုန်ကို ခဏရောက်နေကြတယ်။ သူ့ ယောကျ်ားရော ပါတယ်။ သူ့ယောကျ်ား အပြောင်းအရွှေ့ကိစ္စအတွက် လာ တွေ့တာတဲ့။

ကျွန်တော်က ပါလာတဲ့ပစ္စည်းတွေကို ခွဲဝေပေးတယ်။ ဖေဖေတို့ မေမေတို့ မမနဲ့ညီမလေး၊ တူလေးဖို့ဆိုပြီး တစ်ခုစီ ထုတ်ပြတယ်။ ဝမ်းသာလွန်းလို့ ပစ္စည်းတစ်ခု ထုတ်တိုင်း ထုတ်တိုင်း သူတို့ညီအစ်မက လက်ခုပ်တီးတီးပြီး အော်ကြတယ်။

ဦးထုပ်ထဲကပစ္စည်းတွေကို တစ်ခုပြီးတစ်ခု ထုတ်ပြနေတဲ့ မျက်လှည့် ဆရာလို ကျွန်တော်ကလည်း သေတ္တာထဲက ပစ္စည်းတွေကို တစ်ခုပြီးတစ်ခု ထုတ်ပြပြီး ပေးတယ်။

ဟောဒါက မေမေ့ဖို့ ဆွယ်တာနဲ့ လက်ကိုင်အိတ်၊ ဒါက မမနဲ့ညီမလေး





ဖို့ လေဒီရှူး။ ဒါက ဝမ်းဆက်။ ဒါက ရေမွှေး။ ဟောဒါက ဖိုးခွားဖို့ လျှပ်စစ် မီးရထားကလေး။

ဒီတုန်းမှာ မေမေက . . .

ဟဲ့ . . . ဖိုးခွားဖို့ ငါမှာလိုက်တဲ့ ငွေနီဆင်ဘောဘီပေါင်ဒါဘူးကောပါရဲ့လား လို့ မေးတယ်။

ပြီးတော့ ကျွန်တော်က အလန့်တကြားဟန်နဲ့ ဟာ ဒုက္ခပဲ၊ မေ့လာပြီ ထင်တယ်လို့ ပြောတော့ မေမေက မင်းနှယ်ကွယ်၊ ငါ သေသေချာချာမှာ လိုက်တဲ့ ပစ္စည်း။ ငါ့ဖို့ ဘာမှ မဝယ်ချင်နေပါလို့ ပြောလျက်သားနဲ့လို့ ပြောတော့မှ ကျွန်တော်က မေမေ့ကို ဖက်နမ်းပြီး ကုတ်အင်္ကျီအိတ်ထဲမှာ ပါလာတဲ့ ငွေနီဆင် ဘောဘီပေါင်ဒါဘူးကလေးကို ထုတ်ပေးလိုက်တယ်။ ဒီတော့မှ မေမေ့မျက်နှာ ဟာ ပြုံးလာတယ်။

နောက်နေ့ကျတော့ ကျွန်တော်လည်း ရုံးသွားပြီး သတင်းပို့ နှုတ်ဆက် တန်တဲ့လူကို နှုတ်ဆက်ပြီး သူငယ်ချင်းတွေနဲ့ တွေ့ပြီး နိုင်ငံခြားအတွေ့အကြုံ တွေကို ဖလှယ်ကြတယ်။

ဒီလိုနဲ့ ကျွန်တော်ရောက်လာတာ တစ်ပတ်ကျော်ကျော် ဆယ်ရက် လောက်ရှိသွားပြီး မမတို့လည်း ပြန်တော့မယ်။ သူတို့လည်း အဆင်ပြေပါတယ်။ မကြာခင် ရန်ကုန်ပြောင်းရမယ်တဲ့။ တွေ့သင့်တဲ့ လူတွေကို တွေ့ပြီးပြီတဲ့။

ပြန်ခါနီးတစ်ရက်မှာ ကျွန်တော် ရုံးကပြန်လာတော့ မမနဲ့မေမေရယ် ပွက်စီပွက်စီ ဖြစ်နေကြတယ်။ သူတို့ သားအမိနှစ်ယောက်ဟာ ဒီလိုပဲ၊ ခွဲနေရ တုန်းဆိုရင် မေမေကလည်း ငါ့သမီးကြီး လွမ်းလိုက်တာ၊ ငါ့မြေးကြီးကို လွမ်း လိုက်တာနဲ့ တဖွဖွ ပြောတယ်။

မမကလည်း မေမေ့ကိုလွမ်းတဲ့အကြောင်း၊ ကျန်းမာရေး ဂရုစိုက်ဖို့ အကြောင်း မကြာမကြာစာရေးတယ်။

တွေ့လို့ လေးငါးရက်လောက်ကြာပြီဆိုတာနဲ့ အဲဒီသားအမိ ရန်ဖြစ်တော့ တာပဲ။ မေမေကလည်း မေမေပဲ၊ နေရာတကာမှာ သူ့သမီးကြီးကို လိုက်သွန် သင်နေတယ်။ မမကလည်း မမပဲ၊ သူ့ အရာရှိကတော်ဖြစ်နေပြီပေါ့၊ သူ့အိုးသူ့ အိမ်နဲ့၊ လင်နဲ့သားနဲ့ ဖြစ်နေပြီပေါ့။ သူ့ကို နေရာတကာလိုက်ပြီး ဩဝါဒပေး တယ်ပေါ့။

ကျွန်တော်ကတော့ ဒါမျိုးတွေ ရိုးနေလို့ ဘာမှမပြောတော့ဘူး။ ရုံးပြန် လာပြီး အပြင်ကို ကားနဲ့ထွက်မယ် လုပ်တုန်းမှာ မေမေက ကျွန်တော့်အခန်းထ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး ဝမောင် နင့်အစ်မလုပ်ပုံ ကောင်းသေးရဲ့လားဆိုပြီး သူတို့သားအမိ ဖြစ်တဲ့ကိစ္စကို လာပြောတယ်။

ကိစ္စက တခြားမဟုတ်ဘူး၊ ကျွန်တော်ဝယ်လာတဲ့ ဂွန်ဆင်ဘောဘီ ပေါင်ဒါဘူးကိစ္စ။

မေမေက သူ့မြေးကလေးအတွက်ဆိုပြီး မမကိုပေးလိုက်တယ်။ မမက သူ့အထက်အရာရှိကြီးကတော်ကို လက်ဆောင်ပေးပစ်ခဲ့သတဲ့။ သူ့အရာရှိကတော်က သူ့မြေးကလေးဖို့ ဂွန်ဆင်ဘောဘီပေါင်ဒါ ဝယ်လို့မရတဲ့အကြောင်း စကားစပ်မိရင်း ညည်းမိတာနဲ့ မမက ကျွန်မမှာရှိပါတယ်ဆိုပြီး လက်ဆောင်သွားပေးလိုက်သတဲ့။ သူ့ယောကျ်ား အပြောင်းအရွှေ့ကိစ္စမှာ ဂရုတစိုက်လုပ်ပေးလို့ ကန်တော့တာတဲ့။

ဒီတင် မေမေ ယမ်းပုံမီးကျတော့တာပဲ။

ငါကျဖြင့် ငါ့အတွက်တောင် ဘာပစ္စည်းမှ မဝယ်ခဲ့နဲ့၊ ဖိုးခွားဖို့ ဂွန်ဆင်ဘောဘီပေါင်ဒါဘူးကလေး ပါလာရင် တော်ပြီဆိုပြီး တစ်ခုတ်တရ မှာလိုက်တာ၊ ခုတော့ သူက သူ့အထက်အရာရှိကတော်ကို မျက်နှာလိုအားရ သွားလုပ်တယ်ပေါ့။

အဲဒီနေ့က မေမေ စိတ်ကောက်နေတယ်။ ကျွန်တော်တို့လည်း အသာပဲ ကုတ်နေကြတယ်။ နောက်တစ်နေ့မှာ မမတို့ကလည်း ရထားဆင်းတော့မယ်။ ဒါနဲ့ အဲဒီနေ့ကျတော့ ကျွန်တော် မမတို့ကို ဘူတာပို့ရအောင်ဆိုပြီး ရုံးက စောစော ပြန်လာခဲ့တယ်။

ပြန်ခါနီးလို့ ဖေဖေတို့ မေမေတို့ကို မမတို့တစ်တွေ ကန်တော့တယ်။ မေမေကလည်း စိတ်ပြေသွားပုံရပါပြီ။ မမကတော့ သူ့အမှားဆိုတော့ ဘာမှ စိတ်လည်း မဆိုးပါဘူး။ ပြုံးပြုံးရွှင်ရွှင်ပါပဲ။

ကန်တော့လို့ပြီးတော့ မေမေ အခန်းထဲကို ဝင်သွားတယ်။ ထွက်လာတော့ လက်ထဲမှာ ဂွန်ဆင်ဘောဘီပေါင်ဒါဘူးကလေး တစ်ဘူးကိုင်လို့။

ဒီတော့ ကျွန်တော်က . . .

"ဟင် မေမေ ဒီပေါင်ဒါဘူး ဘယ်ကရတာလဲ၊ မမတို့ကို ပေးပြီးပြီမဟုတ်လား" လို့ ကျွန်တော်က မေးတယ်။

ဒီတော့ မေမေက "ဒါပေါ့၊ နင့်အမ သွားမျက်နှာလုပ်တာ၊ နင်ယူလာတဲ့ ပေါင်ဒါဘူး ဘယ်မှာရှိတော့လို့လဲ။ ငါ့ဘာသာ ငါ နေ့လယ်က ဗိုလ်ချုပ်ဈေးထဲမှာ လိုက်ရှာထားပြီး ဝယ်လာတာ။ ဆိုင်တစ်ဆိုင်မှာ ဒီတစ်ဘူးတည်းတွေ့လို့





ဝယ်လာခဲ့တယ်။ တစ်ရာ့ခုနစ်ဆယ့်ငါးကျပ်က တစ်ပြားမှမလျှော့ဘူး။ ငါလဲ ငါ့မြေးဖို့ မရအရဝယ်မယ်ဆိုပြီး ဆစ်မနေတော့ဘူး၊ ဝယ်လာခဲ့တယ်။ ရော့ စစ် မစစ်ကြည့်စမ်းပါဦး" ဆိုပြီး ကျွန်တော့်ကို လှမ်းပေးလိုက်တယ်။

ကျွန်တော်လည်း ဘူးဖုံးကလေးကို လှည့်ပြီး နမ်းကြည့်တယ်၊ မွှေးသားပဲ။ ပေါင်ဒါမှုန့်ကလေးတွေကို လက်ဖဝါးပေါ်တင်ကြည့်ပြီး နမ်းကြည့်တယ်။ ဟုတ်ပါတယ်၊ စစ်ပါတယ်။ ဗိုလ်ချုပ်ဈေးက ဆိုင်ကြီးတွေပဲ၊ ကြိုက်ဈေးယူထားတာပဲ၊ အတုတော့ မဟုတ်ပါဘူး။

ဘာဖြစ်လို့လဲ မသိဘူး။ ကျွန်တော် ပေါင်ဒါဘူးကလေးရဲ့ ဖင်ကို ကြည့်လိုက်တယ်။ ရုတ်တရက်ဆိုတော့ ကျွန်တော့်မျက်စိကို ကျွန်တော် မယုံနိုင်သေးဘူး။ သေသေချာချာကြည့်တယ်။ သိပ်ဟုတ်တာပေါ့။ ကျွန်တော် ဘန်ကောက်လေဆိပ်က ဝယ်လာတဲ့ ဘူးကလေး၊ သိပ်သေချာတာပေါ့။

စားပွဲပေါ်မှာ တွေ့တဲ့ ပင်အပ်ကလေးနဲ့ ဘူးဖင်မှာ ပီကေဆိုပြီး ကျွန်တော့်တူလေး ဖိုးခွားရဲ့နာမည် အတိုကောက်ကို ပင်အပ်ကလေးနဲ့ ခြစ်ထားတာကလေး အတိုင်းသား ရှိသေးတယ်။

ကျွန်တော် သိလိုက်လေပြီ။ ကျွန်တော်က ရယ်ပြီး "မေမေ့မြေးကို ပေးချင်လို့ဆိုပြီး ကျွန်တော်ဝယ်လာတဲ့ ဂွန်ဆင်ဘောဘီပေါင်ဒါဘူးမှ ရေမရောဘူး။

"မေမေရေ . . . အစစ်၊ စစ်သမှ ဟိုဘက်တောင် လွန်သေး" လို့ ကျွန်တော်က ပြောတယ်။

မေမေက နားမလည်သလို ကြောင်ကြည့်နေတယ်။

ကျွန်တော်က ဘူးဖင်မှာ ကျွန်တော် အပ်ကလေးနဲ့ခြစ်ထားတဲ့ ပီကေဆိုတဲ့ စာလုံးကလေးကို ပြပြီး မမကို ပေါင်ဒါဘူးလှမ်းပေးလိုက်ရင်း . . .

"မမ ရော့၊ နင်တို့နဲ့ထိုက်လို့ရတဲ့ ပေါင်ဒါဘူး၊ သေတ္တာထဲမှာ လုံလုံခြုံခြုံထည့်ပြီး ယူသွားတော့၊ နင်လဲ ရန်ကုန်က မြန်မြန်ပြန်တော့။ တော်တော်ကြာ နင် ဒီပေါင်ဒါဘူးကို မင်္ဂလာဈေးထဲက လိုက်ဝယ်နေရဦးမယ်"လို့ ပြောလိုက်တယ်။

ဖြစ်မှဖြစ်ရလေဗျား၊ ကိုယ်ဝယ်လာတဲ့ ပေါင်ဒါဘူးကို ပြန်ဝယ်နေရပါကလား။

■

သာရ

ဇန်နဝါရီ၊ ၁၉၈၈

www.burmeseclassic.com

www.burmeseclassic.com

# လူတစ်ယောက် မြင်းတစ်စီးနဲ့ ခွေးတစ်ကောင်

နွေဦးပေါက်စ ကောင်းကင်မှာ မြူဝေဝဲချိန် တစ်ခါတစ်ခါမှာ ငယ်ငယ်ကအဖြစ် အပျက်တွေကို ပြန်စဉ်းစားတယ်။

တချို့အဖြစ်အပျက်တွေ ငယ်ငယ်တုန်းက နားမလည်ခဲ့၊ ကြီးမှ နားလည်လာတယ်။ တချို့ အဖြစ်အပျက်တွေကိုတော့ ငယ်ငယ်တုန်းလည်း နားမလည်ခဲ့ဘူး၊ ကြီးလာလည်း နားမလည်နိုင်သေးဘူး။

ကျွန်တော် ငယ်ငယ်တုန်းက တွေ့ခဲ့ရတဲ့ လူတစ်ယောက်၊ မြင်းတစ်စီးရယ်၊ ခွေးတစ်ကောင်ရယ် အကြောင်းကို ပြန်စဉ်းစားကြည့်တယ်၊ ခုထိ နားမလည်နိုင်ဘူး။

ဟိုတုန်းက ကျွန်တော် ငယ်ငယ်ရှိသေးတယ်။ ငယ်ဆို ၈ နှစ် ၉ နှစ်လောက်ပဲ ရှိဦးမယ်။

တစ်နေ့မှာ အဖေက ရုံးဆင်းပြီး ပြန်အလာမှာ သူ့နောက်မှာ သူ့အမှုတွဲခြင်းနဲ့ လက်ဖက်ရည်ခြင်းကို ထမ်းလိုက်လာတဲ့ လူတစ်ယောက်ပါလာတယ်။ အဝေးတုန်းကတော့ ခါတိုင်း အမှုတွဲခြင်းနဲ့ လက်ဖက်ရည်ခြင်းကို ထမ်းနေကျ သူ့ရှေ့နေစာရေး ကိုလှမြိုင်လို့ပဲ ကျွန်တော် ထင်တာပေါ့။ ဒါပေမဲ့ အနားရောက်တော့ ကိုလှမြိုင် မဟုတ်ဘူး။

ကိုလှမြိုင်က အသက် ၂၀ ကျော်လောက်ပဲ ရှိသေးတယ်။ အဖေနဲ့အတူ ရုံးကိုသွားရင် စတစ်ကော်လာ ရှပ်အင်္ကျီနဲ့တိုက်ပုံအင်္ကျီကို ဝတ်လေ့ရှိတယ်။ ခု အဖေ့နောက်က အမှုတွဲခြင်းကို ထမ်းလိုက်လာတဲ့လူကတော့ ဒီလို မဟုတ်ဘူး။ အသက်လည်း ၄၀ နီးပါး၊ အဖေနဲ့မတိမ်းမယိမ်း၊ ငယ်ရင် ၂ နှစ် ၃ နှစ်လောက်ပဲ ငယ်မယ်။ အင်္ကျီကတော့ စတစ်ကော်လာလက်ရှည် အင်္ကျီပါပဲ။ ဒါပေမဲ့ အင်္ကျီက ပင်ဖြူချည်ကြမ်းအင်္ကျီကြီး၊ အရောင်အဆင်းလည်း သိပ်မပေါ်တော့ဘူး၊ တော်တော် မည်းနေပြီ၊ လုံချည်ကလည်း အိမ်မှာရက်တဲ့ ချည်ကြမ်းလုံချည်။ ခေါင်းမှာ မျက်နှာသုတ်ပဝါကြီးတစ်ထည်ကို ပေါင်းထားတယ်။ ကိုယ်လုံးကိုယ်ပေါက်က ရှေ့ကလာတဲ့ ပိန်ပိန်ပါးပါး၊ အသားဖြူဖြူ အဖေနဲ့ ဆန့်ကျင်ဘက်၊ တစ်ကိုယ်လုံးမည်းပြီး တုတ်ခိုင်ခိုင်ကြီး။



အဖေ့အရပ်က ငါးပေရှစ်လက်မလောက်ရှိတယ်။ သူက အဖေ့ထက်တောင် အရပ်မြင့်ချင်သေးတယ်၊ ငါးပေ ဆယ်လက်မလောက်တော့ အနည်းကလေး ရှိမယ်ထင်တယ်။ နည်းတဲ့ ဗလကြီးမဟုတ်ဘူး။

အထူးခြားဆုံးကတော့ သူ့မျက်နှာပဲ။ လူက ရုပ်တော့ ဒီလောက် မဆိုးပါဘူး၊ ဒါပေမဲ့ သူ့မျက်နှာပေါ်မှာ ဘယ်ဘက် နဖူးထောင့်ကစပြီး ညာဘက်မေးရိုးအထိ ဓားခုတ်ရာကြီးက ကန့်လန့်ဖြတ်ကြီး ထင်နေတယ်။ လူ့မျက်နှာပုံကို ရေးထားတဲ့ အရုပ်ကားတစ်ခုကို ဆုတ်ဖြဲပြီး ပြန်ဆက်ကပ်ထားသလိုပဲ၊ အဆက်အစပ်မညီဘူး။ မျက်နှာတစ်ခြမ်းနဲ့ မျက်နှာတစ်ခြမ်းဟာ အထက်အောက် နည်းနည်းလွဲနေတယ်။

ကျွန်တော်ဟာ ခါတိုင်း အဖေ ရုံးဆင်းလာရင် သူချွတ်ပေးလိုက်တဲ့ ခေါင်းပေါင်းကို ဆီးယူနေကျ၊ သူချွတ်ပေးတဲ့ အပေါ်အင်္ကျီအနက်ကို ဆီးယူနေကျ။ အဖေ့ပုဆိုးကို ဆွဲပြီး အဖေ ရုံးကအပြန် ဝယ်ဝယ်လာတတ်တဲ့ ကိုစမန်အင်ဆိုင်က စမူဆာထုပ်ကို ဆီးယူနေကျ။

ကျွန်တော် ထုံးစံအတိုင်း အဖေ့ခေါင်းပေါင်းနဲ့ အပေါ်အင်္ကျီရယ်၊ စမူဆာရယ်ကို ဆီးယူမလို့ အိမ်ထဲက ပြေးထွက်လိုက်တော့ အဖေ့နောက်က ပါလာတဲ့ စာခြင်းကို ထမ်းလာတဲ့လူကို မြင်လိုက်တယ်။ သူက ခေါင်းကို ငုံ့ထားတော့ ကျွန်တော် သူ့မျက်နှာကို မမြင်ရသေးဘူး။

သူက ခေါင်းမော့ကြည့်လိုက်လို့ သူ့မျက်နှာ နှစ်ခြမ်းကြီးကိုလည်း ကျွန်တော် မြင်လိုက်ရော၊ ကျွန်တော်ဟာ ရှေ့ကို မတိုးနိုင်တော့ဘဲ အံ့အားသင့်ပြီး ရပ်ကြည့်နေရာက အိမ်ထဲကို ပြေးဝင်လာခဲ့ပြီး အမေနဲ့ အိမ်စေမလေးရှိနေရာ မီးဖိုချောင်ထဲကို ပြေးဝင်လာခဲ့တယ်။

"အမေ၊ အမေ" လို့ ကျွန်တော်က အမောတကောနဲ့ ခေါ်တော့ အမေက အာလူးခွံသင်နေရာက ကျွန်တော့်ကို လှမ်းကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ကောင်လေး၊ ဘာဖြစ်လာတာလဲ"

"ဟို . . . ဟို . . . အဖေရယ်"

ကျွန်တော် စကားမဆက်နိုင်ဘူး၊ လန့်နေတယ်။

"လိုင်ရေ၊ အေးခင်ကို လွှတ်လိုက်စမ်း" လို့ အိမ်ရှေ့က ပြောသံကြားတာနဲ့ အမေက အိမ်စေမလေး အေးခင်ကို လွှတ်လိုက်တယ်။ အဖေက အေးခင်ကို ဘာတွေပြောနေမှန်း မသိဘူး၊ ခဏနေတော့ အေးခင် မျက်စိမျက်နှာ ပျက်ပျက်နဲ့ ပြန်လာတယ်။

"မမ အစ်ကိုကြီးက သေတ္တာထဲက စောင်တစ်ထည်ရယ်၊ ခေါင်းအုံးရယ်၊ သင်ဖြူးတစ်ချပ်ရယ် မြင်းဖောင်းဘေးက အဖီထဲကို ချပေးလိုက်တဲ့၊ ဟိုလူကြီး အိပ်ဖို့တဲ့ မမရယ်၊ လူကြီးက ကြောက်စရာကြီး၊ မျက်နှာမှာလဲ ဓားခုတ်ရာကြီးနဲ့၊ ကျွန်မတော့ တစ်ခါမှ မမြင်ဖူးဘူး"

အမေက ခေါင်းအုံး၊ စောင်နဲ့ သင်ဖြူးကို အထုတ်နိုင်းလိုက်ပြီး အိမ်ရှေ့ ထွက်လာတယ်။ ကျွန်တော်လည်း အမေ့နောက် ကပ်လိုက်လာတယ်။ လူကြီးက အဖေ ထိုင်နေတဲ့ ပက်လက်ကုလားထိုင်နဲ့ မျက်နှာချင်းဆိုင် တန်းလျားပေါ်မှာ ထိုင်နေတယ်။ မျက်နှာကို ငုံ့ထားတယ်။ အမေ ထွက်လာတာ မြင်တော့ တစ်ချက် လှမ်းကြည့်လိုက်တယ်။ အမေလည်း သူ့ကို မြင်ပြီး လန့်သွားပုံရတယ်။ သူ့လက်ကို ဆွဲထားတဲ့ ကျွန်တော့်လက်ကို ဖျစ်ညှစ်ကိုင်လိုက်တာကို ကျွန်တော် သတိထားလိုက်မိတယ်။

အဖေကတော့ အဲဒီလူကြီးနဲ့ စကားပြောနေတယ်။

"မင်း ငါ့အိမ်နေရင် ကောင်းကောင်းမွန်မွန်တော့ နေရမယ်နော်၊ ရှုပ်ရှပ်ယှက်ယှက် နေလို့တော့ မဖြစ်ဘူး၊ ငါ့စည်းကမ်းနဲ့ မနေနိုင်ရင် ခုထဲက ပြန်၊ ငါစရိတ်ပေးလိုက်မယ်၊ ငါ့စည်းကမ်းနဲ့ နေမယ်ဆိုရင် မင်း ကြိုက်သလောက်နေ၊ အိမ်မှာလဲ နေသေးတယ်၊ မင်း ထင်တိုင်းလဲ နေတယ်ဆိုရင်၊ ငါနဲ့ အတွေ့ပဲ၊ မင်းလဲ ငါ့အကြောင်း သိသားပဲ၊ ငါပြောတာ နားလည်ထား မဟုတ်လား ဘာတုတ်"

"နားလည်ပါတယ် ကိုကြီးတင့်"

"ဟောဟို မြင်းဖောင်းဘေးက အဖီကလေးထဲမှာ နေ၊ မင်းအလုပ်က မြင်းစာကျွေးရမယ်၊ မြင်း ရေချိုးပေးရမယ်၊ အမွေး တိုက်ပေးရမယ်၊ ပြီးတော့ ဟောဒီက မင်းအစ်မခိုင်းတာကို လုပ်ရမယ် ဟုတ်လား"

"ဟုတ်ကဲ့ ကိုကြီးတင့်"





"အေး . . . ဒါဖြင့် သွားတော့၊ ဖောင်းဝတ်ကြီးကို အရမ်းလဲ မကိုင်နဲ့၊ မြင်းက ဆတ်တယ်၊ ဖွေလဲ ဆိုးတယ်"

လူကြီးက ကျွန်တော်တို့ကို တစ်ချက်ကြည့်ပြီး ထသွားတယ်။ သူ့မှာ လွယ်အိတ်စုတ်ကလေး တစ်လုံးပဲ ပါတယ်၊ တခြား ဘာမှ မပါဘူး။

ဒီလောက် ကြောက်စရာကောင်းတဲ့ လူကြီးဟာ အဖေ့ကို ဘာကြောင့်များ ဒီလောက် ကြောက်ရွံ့နေရတာလဲ။ ဘာဖြစ်လို့ ဒီလောက် တရိုတသေ ဖြစ်နေရတာလဲ။ ပြီးတော့ အဖေနဲ့ ဒီလူကြီးဟာ ဘယ်လို ပတ်သက်နေသလဲ၊ အဖေဟာ ဒီလူကြီးကို ဘာဖြစ်လို့ အိမ်ကိုခေါ်လာတာလဲ။ ဒီမေးခွန်းတွေကို ကျွန်တော့်ဘာသာ မေးနေမိတယ်။

အမေ့ကို လှမ်းကြည့်လိုက်တော့ အမေ့မျက်နှာက သိပ်မကောင်းဘူး။

"ဘယ်ကလူကို ခေါ်လာပြန်တာလဲ၊ မျက်နှာမှာလဲ ဓားခုတ်ရာကြီးနဲ့"

"ငါ လူပျိုတုန်းက ငါ့တပည့် ဘာတုတ်ပါကွာ"

အဖေက အရေးမကြီးတဲ့ ပုံနဲ့ ပြုံးပြီး ပြောတယ်။ ဒါပေမဲ့ အဖေ့ရဲ့ မျက်နှာဟာ ချက်ချင်း ပြန်ပြီး တည်သွားတယ်။

"ရှင့်တပည့်ပေမဲ့ ခေါ်လာလို့ ဖြစ်မလားရှင့်၊ ရှင် ရုံးသွားရင် အိမ်မှာ ကျွန်မရယ်၊ ကောင်မလေးရယ်၊ သားနဲ့ သမီးရယ် လေးယောက်ပဲရှိတာ၊ ကျွန်မ ထို့ မနေရဲဘူး၊ ဘာဖြစ်လို့ ခေါ်လာတာလဲ"

"မြင်းထိန်းခိုင်းဖို့ ခေါ်လာတာ၊ ဒီဖောင်းဝတ်ကြီးက တော်တော်ဆိုးတယ်၊ ငါတောင် ကောင်းကောင်း မစီးရဲသေးဘူး၊ ပြန်ရောင်းမလို့လုပ်တော့လဲ ဘယ်သူမှမဝယ်ဘူး၊ အမိန့်တော်ရမင်းရဲ့ မြင်းက နာမည်ကြီး မြင်းတဲ့၊ လူနှစ်ယောက်တောင် သတ်ပစ်ခဲ့ပြီတဲ့၊ ဘာတုတ်က မြင်းစီးကျွမ်းတယ်၊ ဒါကြောင့် သူ့ကို မြင်းအကျင့်ခိုင်းမလို့"

"မြင်းအကျင့် ခိုင်းချင်ရင်လဲ တခြားလူ ရှာပါလား ရှင်၊ သူ့ကိုမှ ရှာရသလား"

"ဒီမြင်းလူရှာလို့ မရလို့ပေါ့ကွ"

အဖေ့အသံက နည်းနည်း ပြတ်လာတယ်။

"ဒါဖြင့်ရင်လဲ မြင်းကို ရတဲ့ဈေးနဲ့ ရောင်းလိုက်ပေါ့"

"ဒီမြင်းကို အလကားပေးတောင် ယူမယ့်သူ ရှိမှာမဟုတ်ဘူး"

အဖေ့ မျက်နှာဟာ တည်နေတယ်၊ တစ်ခုခုကို စဉ်းစားရင် အဖေ့မျက်နှာဟာ ဒီလိုပဲ တည်သွားပြီး မျက်မှောင်နှစ်ခု တွန့်သွားတတ်တယ်၊ ခဏ



www.burmeseclassic.com

www.burmeseclassic.com



နေတော့ အဖေ့ မျက်နှာဟာ ကြည်လင်သွားပြီး ပြုံးလာတယ်။ ပြီးတော့မှ ကျွန်တော့်ဘက်လှည့်ပြီး "လူလေး ညီမလေးနဲ့ သွားကစားချည်။ အဖေတို့ စကားပြောစရာရှိလို့" ဆိုပြီး ကျွန်တော့်ကို တခြား လွှတ်တယ်။ ဘယ်ရမလဲ။ ကျွန်တော်ကလည်း ချောင်းနားထောင်တာပေါ့။

"ကလေးရှေ့မို့လို့ ငါ မပြောသေးတာ၊ ခု မင်းက အကြောက်အကန် ဖြစ်နေတော့ မင်း နားလည်အောင် ငါ ဖွင့်ပြောမယ်။ သူက ဘာတုတ်တဲ့။ တို့ ရွာက၊ ငါ ငယ်ငယ်တုန်းက ငါ့တပည့်။ ငါ့အပေါ်မှာ အလွန်သစ္စာရှိတဲ့ကောင်။ ဒါပေမဲ့ ဒီကောင်က နည်းနည်း ပေချင် တေချင်တယ်။ ရွာမှာ ရန်ဖြစ်ရင် သူက ဦးအောင် ရိုက်ရင်ရိုက်၊ မရိုက်ရင်လဲ ဓားနဲ့ ခုတ်ပစ်ခဲ့တာပဲ။ ဓားနဲ့ ခုတ်တာက များပါတယ်။ အလွန် လက်ယဉ်တဲ့ကောင်၊ ဒီကောင် ကြောက်တာ ဆိုလို့ ရွာမှာ ငါ့တစ်ယောက်ပဲ ရှိတယ်။ ငါ့ကိုတော့ ကြောက်လဲ ကြောက် တယ်။ လေးလဲ လေးစားတယ်၊ ဒီကောင် မူးပြီး ရမ်းနေရင် ဘယ်သူ သွားဆွဲလို့မှ မရဘူး၊ 'ဟေ့ ဘာတုတ်' လို့ ငါ တစ်ချက် ငေါက်လိုက်တာနဲ့ ဒီကောင် တစ်ခါတည်း လစ်တော့တာပဲ"

"နို့ နေစမ်းပါဦး၊ သူက ရှင့်ကို ဘာဖြစ်လို့ ဒီလောက်ကြောက်ရတာ လဲ၊ ရှင်က ပိန်ပိန်သေးသေးကလေးရယ်၊ ဟိုက နည်းတဲ့ ဗလကြီး မဟုတ်ဘူး။ ပြီးတော့ ဟိုက လူမိုက်ကြီး"

အဖေက ပြုံးရင်း –

"သိပါဘူးကွာ၊ ငါ့အမေက ပြောတော့ ငါက သူ့အဘိုးဝင်စားတာတဲ့။ ဒါကြောင့် ငါ့ကို ကြောက်တာတဲ့"

အမေကတော့ အဖေပြောတာကို ဇဝေဇဝါ ဖြစ်နေပုံရတယ်။

"ဒါဖြင့် သူ့မျက်နှာက ဓားခုတ်ရာကြီးကကော ရန်ဖြစ်တုန်း ဓားနဲ့ ခုတ်လိုက်လို့ပေါ့"

အဖေက ရယ်နေတယ်။ ပြီးတော့မှ မျက်နှာထား ပြန်တည်သွားတယ်။

"ဓားခုတ်ခံရတာက ငါ့ကြောင့် အခုတ်ခံရတာ"

"ရှင့်ကြောင့် ဟုတ်လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့ ရှင့်ကြောင့် ဓားခုတ်ခံရတာလဲ၊ ရှင်က ရန်ဖြစ်လို့လား"

"မဟုတ်ပါဘူးကွာ၊ မင်းကလဲ သိပ် အမေးအမြန်း ထူတာပဲ"

"သိချင်တာကိုး"





"ငါ ငယ်ငယ်တုန်းက တို့ရွာနားက ကောင်မလေး တစ်ယောက်ဆီကို ငါ သွားလည်နေတယ်၊ တစ်ညကျတော့ ကောင်မလေးနဲ့ ငါနဲ့ အိမ်ပေါ်မှာ ချိန်းတွေ့နေတုန်းမှာ သူက စောင့်နေတယ်၊ သူ့မောင်တွေ၊ ဆွေမျိုးတွေနဲ့ သူတို့ရွာက ကာလသားတွေကလဲ အိမ်ကို ဝိုင်းထားပြီး တက်ဖမ်းကြတယ်။ သူတို့ ဝိုင်းလဲ ဝိုင်းရော၊ 'ကိုကြီးတင့်ရေ၊ လွတ်အောင်ပြေး' ဆိုပြီး အပြေးခိုင်း တယ်၊ ငါလဲ ပြတင်းပေါက်က ခုန်ချပြီး ပြေးခဲ့ရတာပေါ့။ သူကတော့ အိမ်အောက်မှာ ကျန်ရစ်ခဲ့တယ် ထင်တယ်၊ သူ့ကို ဝိုင်းဝိုင်းပြီး တုတ်တွေ၊ ဓားတွေနဲ့ ခုတ်ကြတယ်၊ အဲ့ဒီကြားထဲက သူ့ဓားရှည်နဲ့ ခုတ်ပြီး ဖောက်ထွက် လာခဲ့ရတယ်၊ ဘယ်သူက ခုတ်ခိုင်းမှန်းတော့ မသိဘူး၊ မျက်နှာတစ်ခြမ်းမှာ ကန့်လန့်ကြီး ဓားခုတ်ခံလိုက်ရတယ်"

"ဆရာ တပည့် လိုက်လဲ လိုက်ပါပေတယ်နော်"

အမေဟာ မျက်နှာနှစ်ခြမ်း ဖြစ်နေတဲ့ လူကြီးကို နည်းနည်းအကြောက် ပြေသွားပုံရတယ်၊ ခုမှ ပြုံးနိုင် ရယ်နိုင် ဖြစ်လာတယ်။

"ခု သူက ဘယ်က ပေါ်လာတာလဲ"

"ဒီကောင် လူသတ်မှုနဲ့ ထောင်တစ်သက်တစ်ကျွန်း ကျသွားတယ်။ တခြားနယ်မှာ ဖြစ်တာ၊ ခု ထောင်က ရက်စေ့လို့ လွတ်ပြီးပြန်လာတာ"

"ဘုရားရေ၊ လူသတ်မှုနဲ့ ဟုတ်လား"

စောစောက အကြောက်ပြေသွားတဲ့ အမေဟာ လူသတ်မှုနဲ့ ထောင်က လွတ်လာတယ်ဆိုတဲ့ စကားကို ကြားလိုက်တော့ ပြန်ပြီး လန့်သွားတယ် ထင်တယ်။

"အင်း၊ လူသတ်မှုနဲ့ကျတာ၊ ထောင်တစ်သက်ကျပြီး ပြန်လွတ် လာတာ"

"ဘယ်သူ့ကို သတ်လို့လဲ"

"မင်းကလဲကွာ သိပ်အပေါက်အစ များတာပဲ၊ သူ့မိန်းမကို သတ်လို့တဲ့၊ သူ့မိန်းမကို သတ်လို့၊ သိပြီလား"

အဖေက စိတ်မရှည်နိုင်တဲ့ပုံနဲ့ ပြောလိုက်တယ်။

"ဘာ သူ့မိန်းမကို သတ်လို့ ဟုတ်လား။ အမယ်လေး မဖြစ်ဘူး၊ မဖြစ်ဘူး။ ရှင့်နှယ်ရှင်၊ ရှင်မို့ ဒီလူဆိုးကြီးကို အိမ်ကို ခေါ်လာတယ်၊ အိမ်မှာ မိန်းမတွေနဲ့ ကလေးတွေပဲ ရှိတာ၊ ဒီလိုအိမ်ကို ထောင်ထွက်၊ ကိုယ့်မိန်းမကို ပြန်သတ်တဲ့ လူသတ်သမားကြီးကို ခေါ်လာတယ်ဆိုတော့ ရှင်ပဲ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး၊ ပြီးတော့ လူပုံကလဲ ကြည့်ရှုံနဲ့ ကြောက်စရာကြီး''

''ဒီကောင် ပေချွင် တေချင်တာတော့ မှန်ပါတယ်ကွာ၊ လူသတ်တာလဲ မကောင်းဘူးဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ သူ့မိန်းမက မျောက်မထားတာကိုးကွ၊ သူ့မိန်းမက တခြားယောကျ်ားတစ်ယောက်နဲ့ အိပ်နေတာကို ပက်ပင်းမိတော့ မူးလဲ မူး ဒေါသလဲဖြစ်တော့ စိတ်ကိုမထိန်းနိုင်ဘဲ သတ်လိုက်မိတာ ဖြစ်မှာပေါ့။ ဒီလောက်လဲ မစိုးရိမ်ပါနဲ့၊ ဒီကောင် ငါ့ဆိုရင် ကြောက်ပါတယ်၊ ကောင်းကောင်းမွန်မွန် နေမှာပါ။

''ငါ့မှာ သူ့ကိုစောင့်ရှောက်ရမယ့် ဝတ္တရားရှိတယ်၊ ငါ့အပေါ်မှာ သစ္စာရှိတဲ့ တပည့်ရင်း၊ သူ ဒီလို ဒုက္ခရောက်နေတုန်းမှာ ငါ မစောင့်ရှောက်ရင် ငါ တာဝန်မကျေရာ ရောက်မှာပေါ့။ ကောင်းကောင်းမွန်မွန် နေတယ်ဆိုရင် နေပါစေ စောင့်ကြည့်သေးတာပေါ့၊ ကောင်းကောင်းမွန်မွန် မနေဘူးဆိုရင် မထားပါဘူး၊ ငါ ကတိပေးပါတယ်''

အမေဟာ နောက်ထပ် ဘာမှမပြောတော့ဘူး။ ဒါပေမဲ့ ဒီ ကိုဘတုတ်ဆိုတဲ့ လူကြီးကို အိမ်မှာထားရတာ တော်တော်တော့ စိတ်မသက်မသာ ဖြစ်နေပုံရတယ်။

ကိုဘတုတ်က စကားနည်းတယ်၊ အမေနဲ့တောင် အမေက မေးမှပဲ စကားပြောတယ်။ အများအားဖြင့် သူတစ်ယောက်တည်း မြင်းဇောင်းဘေးက အဖီကလေးမှာ နေပြီး ဆေးပြင်းလိပ် သောက်လိုက်၊ လုပ်စရာရှိတဲ့ အလုပ်ကလေးကို လုပ်လိုက်နဲ့ အချိန်ကုန်တာပဲ။

လုပ်စရာရှိတဲ့ အလုပ်ဆိုတာက ဒီလိုလေ၊ ကျွန်တော်တို့အိမ်မှာ မြင်းနှစ်ကောင်ရှိတယ်။ ကျွန်တော်တို့နယ်ထဲက ဘုန်းကြီးကန်တို့၊ ကျောင်းရပ်တို့ ကျောက်တိုင်တို့ဆိုတဲ့ ရွာတွေဟာ မြင်းကောင်းမြင်းချောထွက်တဲ့ အရပ်တွေ၊ ဘုန်းကြီးကန်မြင်းဆိုရင် နာမည်ကြီးတယ်၊ နည်းနည်းပါးပါး တတ်နိုင်ရင် အိမ်မှာ မြင်းမွေးလေ့ရှိကြတယ်၊ ထသွားထလာသုံးနိုင်အောင် ယာဉ်တစ်ခုအနေနဲ့ မွေးကြတာ။

ကျွန်တော့်အဖေက တောတက်ရတယ်။ တောတက်ရတယ်ဆိုတာ တောမှာ အမှုတို့ဘာတို့ သွားပြီး စစ်ဆေးရတဲ့အခါတွေရှိတယ်။ အဲဒီလိုအခါမျိုး ကျရင် မြင်းနဲ့သွားလေ့ရှိတယ်။ ဒါကြောင့် အိမ်မှာ မြင်းဝယ်ထားတယ်။

ကျွန်တော်တို့အိမ်မှာ မန်ကျည်းစေ့ရောင် မြင်းမကြီး တစ်ကောင် ပြီးသား။ ဒါပေမဲ့ တလောကတော့ အဖေက ရွာတစ်ရွာမှာ ဖောင်ဆိုင်





ရောင် မြင်းကြီးတစ်ကောင် တွေ့တာနဲ့ သဘောကျပြီး ဝယ်လာခဲ့တယ်။

ဒါပေမဲ့ မြင်းကြီးက တော်တော်ဆတ်တယ်။ ဗွေကလည်း ဆိုးတယ်။ တော်တော့်လူ မစီးရဲဘူး။ အဖေစီးတာ တစ်ခါ မြင်းပေါ်က လိမ့်ကျပြီးပြီ။ ချောင်းထဲက သဲပြင်ပေါ်မှာ ကျပေလို့ ဘာမှမဖြစ်တာပေါ့။

မြင်းက လူတက်စီးရင် ပတတ်ရပ်ပြီး ခါချနေတာပဲ။ တစ်ခါတလေ လူကို သစ်ပင်နဲ့ညှပ်လား ညှပ်ရဲ့။ တော်တော်ကပ်တဲ့မြင်း။

တစ်ခါလည်း အဖေ့စာရေး ကိုလှမြိုင် ထန်းလျက် သွားကျွေးတာ လက်ကို ကိုက်လိုက်တာ မြန်မြန်ရုပ်လိုက်လို့ပေါ့။ နောက် စုံစမ်းကြည့်တော့ ဒီမြင်းဟာ လူနှစ်ယောက်ကို သတ်ခဲ့ပြီဆိုတာ သိရတယ်။

ဒီမြင်းကို ရောင်းလို့လည်း မထွက်၊ သုံးလို့လည်း မရလို့ အဖေလည်း ဘာလုပ်ရမှန်း မသိဘူး။ စိတ်ညစ်နေတာ၊ အသင်းမြို့အုပ် ဦးကြင်ဆွေက တော့ ''အိုင်ဆေး . . . ခင်ဗျားမြင်းကြီးက အန္တရာယ်များတယ်ဗျာ၊ ဘာမှလဲ သုံးလို့မရဘူး။ ပစ်သတ်လိုက်''တဲ့၊ ''ခင်ဗျားမသတ်ရင် ကျွန်တော် ပစ်သတ်မယ်'' လို့ တစ်ခါမှာ မူးမူးနဲ့ ပြောဖူးတယ်။

ဒီလိုကျတော့လည်း အဖေ မလုပ်ရက်ပြန်ဘူး၊ ကျန်းမာနေတဲ့ မြင်းချော မြင်းလှကြီး တစ်ကောင်ကို သွေးအေးအေးနဲ့ ပစ်သတ်ရမယ်ဆိုတော့ ဘယ်လိုလုပ်ရက်ပါ့မလဲ။ ပြီးတော့ နှမြောလည်း နှမြောစရာကြီး။

ကိုဘတုတ်က မြင်းစီးလည်း ကျွမ်းတယ်။ ကျွမ်းဆို ငယ်ငယ်ကလေး ကတည်းက မြင်းစီးလာတဲ့လူတဲ့။ ကိုဘတုတ်ကို ကူညီစောင့်ရှောက်ရမယ့် ဝတ္တရားလည်း ရှိ၊ မြင်းထိန်းတဲ့လူ လိုနေတာနဲ့ ကိုဘတုတ်ကို ခေါ်လာတာတဲ့။

ကိုဘတုတ်ဟာ မနက်လင်းတာနဲ့ တစ်ပြိုင်နက် မြင်းတွေကို အစာကျွေးတယ်။ ကုလားပဲတို့၊ ပြောင်းရိုးတို့ကို မြင်းစာခွက်ထဲမှာ ဖျော်ကျွေးတယ်၊ မြင်းချေးကျုံးတယ်။ ပြီးရင် မြင်းတွေကို ရေချိုး၊ ဝက်မှင်ဘီးနဲ့ တိုက်ပေးတယ်၊ မြင်းတွေပေါ်မှာစီးတဲ့ အင်္ကလိပ်ကုန်းနှီးနဲ့ မြန်မာကုန်းနှီးတွေ နေလှန်း၊ ခေါက်တိုက် စတဲ့ အလုပ်တွေကို လုပ်တယ်။ မနက် ထမင်းစားပြီးတာနဲ့ တစ်ပြိုင်နက် ဆေးပြင်းလိပ်တစ်လိပ်နဲ့ မှိန်းပြီးအိပ်တော့တာပဲ။ ညနေခင်း ရောက်တော့ မြင်းတွေကို အညောင်းပြေ သဲချောင်းထဲမှာ အစီးကျင့်တယ်၊ ညဘက်ကျတော့ မြင်းတွေစားဖို့ ပြောင်းရိုးစင်းတယ်၊ မြက်ချဉ်ဖတ်စိမ်တယ်။ မြက်ပေါ်တဲ့အခါ မြက်ရိတ်တယ်။ ဒါတွေကတော့ ကိုဘတုတ်ရဲ့ နေ့စဉ်ဆိုတဲ့ အလုပ်တွေပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အိမ်ကိုရောက်ပြီး နှစ်ရက်သုံးရက်အကြာမှာ ကိုဘတုတ် နဲ့ ပြေကျော်ကြီး ပြဿနာစဖြစ်တာပဲ။ ပြေကျော်ကြီးဆိုတာ ကျွန်တော် စောစောကပြောတဲ့ ဖောင်းဝတ်ရောင်မြင်းကြီးကို ပြောတာ။

ရောက်စမှာ ကိုဘတုတ် ပြေကျော်ကြီးကို မကိုင်သေးဘူး။ အဖေက ဒီကောင်ကြီးကို ရုတ်တရက် သွားမကိုင်နဲ့လို့ သတိပေးထားလို့ မကိုင်တာ။ မန်ကျည်းစေ့ရောင် မြင်းမကြီးကိုပဲ သူ ကိုင်တယ်။ မန်ကျည်းစေ့ရောင်မြင်းမကြီးကတော့ သဘောလည်း ကောင်းတယ်။ ယဉ်လည်း ယဉ်တယ်။ ဒါကြောင့် သူ့ကိုတော့ ဘယ်သူကိုင်ကိုင် အကြောင်းမဟုတ်ဘူး။

ကျွန်တော်တောင် ညနေကျရင် မန်ကျည်းစေ့ရောင်မြင်းမကြီးထုတ်ပြီး သဲချောင်းထဲမှာ စီးတတ်သေးတယ်။ အဲ . . . ပြေကျော်ကြီးကိုတော့ ကျွန်တော် အနားမကပ်ရဲဘူး။ အဖေ တစ်ခါ တက်စီးတာလည်း ပတက်ရပ်ပြီး ခါချလို့ လိမ့်ကျပြီးပြီ။

သုံးလေးရက်လောက်ရှိတော့ ကိုဘတုတ် အဲဒီမြင်းကြီးကို ထန်းလျက် စကျွေးတယ်။ မြင်းက ကိုဘတုတ်ကျွေးတာကို မစားဘူး။ ဒီလူဟာ သူ့အတွက် အန္တရာယ်ရှိတယ်ဆိုတာကို ပကတိစိတ်နဲ့ အလိုလိုသိပုံရတယ်။ အနားကို အကပ်မခံဘူး။ ကပ်လိုက်တာနဲ့ ခေါင်းကြီးတယမ်းယမ်းလုပ်ပြီး လှမ်းကန်လိုက် တာပဲ။

ကိုဘတုတ်ကလည်း လက်ထဲက ထန်းလျက်ခဲ တစ်ဆုပ်ကို ကိုင်ပြီး "ရှိ ရှိ"ဆိုပြီး အနားကပ်ကြည့်တယ်။ မရဘူး။ တစ်ချီမှာ လှမ်းကန်လိုက်တာ ကိုဘတုတ် ဘိုင်းခနဲ လဲသွားတယ်။ တော်တော်နဲ့ မထနိုင်ဘူး။ ပေါင်လယ် လောက်မှာ ညိုမည်းနေတယ်။

ကိုဘတုတ် ဘာမှမပြောဘူး။ အသာထလာပြီး မြင်းရိုက်တဲ့ ကြာပွတ် အရှည်ကြီး ယူ၊ ဖောင်းထဲကို ဝင်ပြီး မြင်းကြီးကို လှည့်ရိုက်နေတယ်။ ကြာပွတ်ရာ အသံကြီးမျာ၊ တရွှမ်းရွှမ်းနဲ့။ မြင်းကြီးကလည်း လှည့်ပတ်ပြီး ကန်နေတယ်။ ကိုဘတုတ်ကလည်း တရွှမ်းရွှမ်း ရိုက်တယ်။ ကျွန်တော့်အထင်တော့ အချက်ပေါင်း ရာချီ ရှိလိမ့်မယ် ထင်တယ်။

နောက်ဆုံးတော့ ကိုဘတုတ်လည်း လက်ပမ်းကျ၊ မောလည်း မော အားလည်း ကုန်တော့မှ ရပ်လိုက်တယ်။ အဲဒီတော့ မြင်းလည်း တော်တော်ဒဏ် ရာရနေပြီ။ ဒါပေမဲ့ ကန်နေတုန်းပဲ။

မြင်းကြီးကို အဲဒီလို ရိုက်နေတုန်းက အဖေက မြို့ကြီးတစ်မြို့က စက်ရှင်ရုံးမှာ လူသတ်မှုရှိနေလို့ အမှု သွားလိုက်နေတယ်။ ကိုဘတုတ်က





မြင်းကို သဲကြီးမဲကြီး ဖိရိုက်နေတော့ အမေ မကြည့်ရက်ဘူး။

မြင်းဖောင်းထဲမှာ တဝုန်းဝုန်း တဒိုင်းဒိုင်းနဲ့ ဆူညံနေတာပဲ။ ဒါနဲ့ အမေက မြင်းကို သိပ်မရိုက်ဖို့ ကိုဘတုတ်ကို ပြောတယ်။ ကိုဘတုတ်က အမေ့ကို လှည့်တောင် မကြည့်ဘူး။

"အစ်မနဲ့ မဆိုင်ပါဘူးဗျာ၊ ကျွန်တော့်အလုပ်ကို ကျွန်တော် နားလည်ပါ တယ်" လို့ တစ်ခွန်းပဲ ပြောတယ်။

ကိုဘတုတ်ဟာ ကျွန်တော်တို့အိမ်မှာ အဖေတစ်ယောက်က လွဲလို့ ဘယ်သူပြောတာကိုမှ သိပ်အလေးထားတာ မဟုတ်ဘူး။ အထူးသဖြင့် ကိုဘတုတ်ဟာ မိန်းမတွေကို အထင်သေးနေပုံရတယ်။ စကားပြောရင်လည်း ခတ်ပြတ်ပြတ်ပဲ။

မြင်းဖောင်းထဲမှာ မြင်းကြီးကို တရွှမ်းရွှမ်း ရိုက်နေတာကို မကြည့်ရက်လို့ အမေက တခြားအိမ်မှာ သွားနေတယ်။

အဖေပြန်လာတော့ အမေက

"ဘတုတ်၊ မင်း ငါ့မြင်းကို သတ်နေတာလား"လို့ မေးတယ်။ ဒီတော့ ကိုဘတုတ်က

"ကိုကြီးတင့်မြင်းကို ကျွန်တော် ယဉ်ပါးအောင် ဆုံးမနေတာ၊ မြင်းဟာ သုံးလို့မရရင် ဘာလုပ်တော့မှာလဲ ကိုကြီးတင့်၊ သူ ပေကပ်ကပ်လုပ်လို့ ရိုက်ရင်း သေသွားရင်လဲ ပြီးတာပဲ၊ မသေရင် ဒီမြင်းဟာ လူသတ်မယ့်မြင်း"

အဖေဟာ ဘာမှ မပြောတော့ဘူး။ မြင်းဆိုးနဲ့ လူဆိုး၊ မြင်းရိုင်းနဲ့ လူရိုင်းကို အသာပဲ ကြည့်နေလိုက်တယ်။

ကိုဘတုတ်ဟာ ပြေကျော်ကြီးကို ရိုက်ပြီး တစ်ပတ်လောက် အစာ ကျွေးပဲ ထားလိုက်တယ်။ ရေလည်း မတိုက်ဘူး။ သုံးရက်လောက် အထိတော့ ပြေကျော်ကြီး သောင်းကျန်းတုန်းပဲ။ ကိုဘတုတ်က ဘာမှမလုပ်ဘူး။ အသာပဲ ကြည့်နေတယ်။ သုံးရက်က ကျော်လာတော့ ပြေကျော်ကြီး နည်းနည်း ငြိမ်သွားတယ်။ တစ်ခါတလေမှာ လဲ့ပြီး အိပ်နေတယ်။ တစ်ခါတလေမှာ ထမ်းထလျှောက်တယ်။

တစ်ပတ်လောက် ရောက်တော့ ကိုဘတုတ် ပြေကျော်ကြီး အနားကို ကပ်သွားတယ်။ ပြေကျော်ကြီး ဘာမှ မလုပ်ဘူး။ လဲ့အိပ်နေရာကနေပြီး ကိုဘတုတ်ကို ကြည့်နေတယ်။ ကိုဘတုတ်က ထန်းလျက်တစ်ဆုပ်ကို ကျွေး ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အသာပဲစားတယ်။ နောက်တော့ ကိုဘတုတ်က ကုလားပဲနဲ့ ပြောင်းကို စိမ်ထားတဲ့ မြင်းစာခွက်ထဲကို လက်နှိုက်မွှေပြီး သူ့လက်မောင်းကို မြင်းနှာခေါင်းနားကို ထိုးပေးတယ်။ ပြေကျော်ကြီး နှာခေါင်းဟာ ပွစိပွစိ ဖြစ်လာတယ်။ ဒီတုန်းမှာ ခါးကြားမှာ သံတုတ်တို တစ်ချောင်းကို အဆင်သင့် ထိုးထားတယ်။ တဖြည်းဖြည်း ငြိမ်ပြီး အနံ့ကို ခံနေတယ်ဆိုတော့မှ သူ့လက်မောင်းကို ပါးစပ်နားကို ထိုးပေးတယ်။

ပြေကျော်ကြီးက သူ့ကို မျက်လုံးလှန်ကြည့်ပြီး လျှာလေးထုတ်လျက်တယ်။ နောက်တစ်ခါမှာလည်း ဒီလိုပဲ။ ချဉ်ဖတ်စိမ်ထားတဲ့ ပြောင်းရိုး၊ မြက်နဲ့ ကုလားပဲရည်ကို လက်နှိုက်မွှေပြီး လက်ကို ပါးစပ်နား ထိုးပေးတယ်။ ဒီတစ်ခါမှာလည်း ပြေကျော်ကြီးက အသာကလေး လျက်တယ်။

တတိယအကြိမ်ကျတော့ မြင်းစာခွက်ကို သူ့အနားယူလာပြီး ချကျွေးတယ်။ ပြေကျော်ကြီးဟာ အသာထလာပြီး မြင်းစာခွက်ထဲက ကုလားပဲတွေ စားနေတယ်။

ဒီတုန်းမှာ ကိုဘတုတ်က ပြေကျော်ကြီးရဲ့ နှာယောင်ကို အသာလေး လက်ကလေးနဲ့ ပွတ်ပြီး တတွတ်တွတ်နဲ့ စကားတွေ ပြောနေတယ်။ ဘာတွေ ပြောနေမှန်းတော့ မသိဘူး။ ချော့မော့တဲ့ စကားတွေပဲ ဖြစ်မှာပေါ့။

အဲဒီနေ့ တစ်နေ့လုံး ကိုဘတုတ်ဟာ ပြေကျော်ကြီးအနားမှာပဲ နေတယ်။ မပျောက်သေးတဲ့ ဒဏ်ရာတွေကို ဆေးလိမ်းပေးတယ်။ မြင်းအနာကို ဘာလိမ်းရမယ် ဆိုတာလည်း သူပဲ ကောင်းကောင်း သိတယ်။ အနာကို ဆေးလိမ်းပေးရင်လည်း ပါးစပ်က စကားတွေ ပြော၊ စုတ်တသတ်သတ်နဲ့ လုပ်နေတယ်။ ပြေကျော်ကြီးနဲ့ သူ တည့်သွားပြီလေ။

နောက်တစ်နေ့မှာ ကိုဘတုတ်ဟာ ပြေကျော်ကြီးကို အပြင်ထုတ်ပြီး ကုန်းမပါဘဲ စီးတယ်။ တစ်နာရီလောက် စီးပြီး ပြန်လာတော့ အားလုံး ချောမောလို့။

''ဘတုတ်၊ မင်း ဒီကောင့်ကို သိပ်အတင့်မရဲနဲ့ဦးနော်၊ သတိထားစီး'' လို့ အဖေက သတိပေးတယ်။

''ဒီကောင် ယဉ်ပါးသွားပါပြီ ကိုကြီးတင့်၊ ဒါပေမဲ့ ကိုကြီးတင့်တော့ မစီးနဲ့၊ ကျွန်တော် စီးမှ ဖြစ်မှာ''

သူပြောတာလည်း ဟုတ်တယ်။ အဖေက ဒီမြင်းနားကို ကပ်တော့ မြင်းက ခါတိုင်းလို ဟိုကန် သည်ကန် ပေကပ်ကပ် လုပ်နေတယ်။ ကိုဘတုတ်





က စုတ်သတ်ပြီး အနားကပ်သွားတော့လည်း ငြိမ်လို့။

''အေးကွာ . . . လူကြမ်းတော့ မြင်းကြမ်း မခံနိုင်ဘူးပေါ့။ သူ့နာမယ်ဆိုတာ အလိုလို သိဟန်တူတယ်''

လို့ အဖေက ပြောတယ်။

ကိုဘတုတ်ဟာ မြင်းဇောင်းမှာပဲ အချိန်ကုန်တယ်။ တခြား အိမ်က အလုပ်ဆိုလို့ ဘာမှ မလုပ်ဘူး။ သူ့တာဝန်ဟာ မြင်းထိန်းဖို့လောက်ပဲ ဖြစ်တယ်လို့ ထင်ပုံရတယ်။

အမေက တစ်ခုခု ခိုင်းရင်လည်း မလုပ်ဘူး။ မကြားချင်ယောင်ဆောင်နေတယ်။ ဒါမှ မဟုတ်ရင်လည်း သိသလိုလို ဘာလိုလိုလုပ်ပြီး တခြားကို ရှောင်ထွက်သွားတတ်တယ်။ အဖေ ခိုင်းရင်တော့ ချက်ချင်း ထလုပ်ပေးတယ်။ အင်မတန်ကို မလွှဲမရှောင်သာတော့မှ ဝင်လုပ်ပေးတယ်။ အဖေခိုင်းရင်တော့ တစ်ခါမှ မငြင်းဘူး။ ကောက်ကာငင်ကာ လုပ်ပေးသွားတယ်။ ''ရှင့်လူက တစ်လက်ကိုင်ပဲ'' လို့ အမေက အဖေ့ကို မကြာခဏ ပြောတတ်တယ်။

ကိုဘတုတ်နဲ့ မြင်းအကြောင်းပြောတော့ ကျွန်တော်တို့အိမ်မှာ ရှိတဲ့ ခွေးကြီးနဲ့ ကိုဘတုတ်အကြောင်းကို ပြောရဦးမယ်။

ကျွန်တော်တို့အိမ်မှာ လေးလုံးဆိုတဲ့ ခွေးကြီးတစ်ကောင် ရှိတယ်။ ခွေးက တဲကြီးခွေး။ တဲကြီးခွေးဆိုတာကလည်း ဘုန်းကြီးကန်မြင်းလိုပဲ နာမည်ကြီးတယ်။ ကျွန်တော်တို့နယ်က တဲကြီးဆိုတဲ့ ရွာက ထွက်တဲ့ခွေး။ အဲကြောင့် သူ့ကို တဲကြီးခွေးလို့ ခေါ်တာ။

အလုံးအဖန်လည်း ထွားတယ်၊ အမွေးလည်း လှတယ်၊ နှုတ်မြဲတယ်။ ခဲမိပြီဆိုရင်တော့ မလွှတ်တော့ဘူး။ အနံ့ခံလည်း ကောင်းတယ်။ မိုင်လေးငါးဆယ် ခရီးမှာ ထားပစ်ခဲ့၊ အိမ်ရောက်အောင်တော့ ပြန်လာတာပဲ။

ဒီခွေးကို အဖေ တောထွက်သွားရင်း ငယ်ငယ်ကလေးကတည်းက ယူလာတာ။ မျက်ခွံပေါ်မှာ အပြောက်ကလေးတွေပါလို့ သူ့ကို လေးလုံးလို့ နာမည်ပေးထားတယ်။

ခွေးက ကိုက်သလား မမေးနဲ့။ သူ့ကို အမြဲ သံကြိုးနဲ့ချည်ထားရတယ်။ ကိုက်ရင်လည်း ဒီပြင်နေရာကို မကိုက်ဘူး။ ခုန်ပြီး မျက်နှာကို တန်းဟပ်တာပဲ။ အိမ်သူ အိမ်သားနဲ့ အိမ်ကို အမြဲတမ်း ဝင်ထွက်နေသူကလွဲလို့ ကျန်တဲ့ လူဆိုရင် ချမ်းသာမပေးဘူး။

တစ်ခါ အဖေ့ရှေ့နေစာရေး ကိုလှမြိုင် အလုပ်ဝင်ခါစက မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



တက်အဟပ်မှာ အဖေ လှမ်းအော်လိုက်လို့ပေါ့။ နို့မို့ရင် ကိုလှမြိုင် မျက်နှာ အစုတ်ပဲ။ နောက်တော့ ကိုလှမြိုင်လည်း အိမ်သူအိမ်သားလို ဖြစ်သွားတော့ လေးလုံးကလည်း အလိုလို သိသွားပြီး ဘာမှ မလုပ်တော့ပါဘူး။

ကိုဘတုတ် ရောက်ခါစက လေးလုံးကို လွှတ်မပေးရဲဘူး။ သံကြိုးနဲ့ ချည်ထားရတယ်။ တစ်နေ့တော့ ကျွန်တော် ကျောင်းက အပြန်၊ အဖေက လည်း ရုံးက အပြန်မှာ လေးလုံး သံကြိုးလွတ်ပြီး ကိုဘတုတ် အနားမှာ ထိုင်နေတာ တွေ့ရတယ်။ ကိုဘတုတ်က မြင်းဇောင်းထဲက သူအိပ်တဲ့ ခြောက်တိုင်ခုတင်ကြီးပေါ်မှာ ထိုင်လို့၊ ခွေးက သူအိပ်တဲ့ အိပ်ရာဘေးမှာ ဝပ်လို့။

"ဟေ့ ဘတုတ်၊ ဘာဖြစ်လို့ ခွေးကို လွှတ်နေတာလဲ၊ အကုန်လျှောက် ကိုက်ကုန်လိမ့်မယ်"

"ကိစ္စမရှိပါဘူး ကိုကြီးတင့်"

"ဘယ်နှယ့် ကိစ္စမရှိရမှာလဲကွ၊ ကိုက်လွန်းလို့ ချည်ထားတဲ့ ခွေး မင်းက ဘာဖြစ်လို့ လွှတ်ထားတာလဲ၊ မင်းကိုကော မကိုက်ဘူးလား"

"မကိုက်ပါဘူး ကျွန်တော် သူ့ကို ကျားရိုး သွေးတိုက်ထားလိုက် ကတည်းက ကျွန်တော့်ကို ယဉ်သွားတာ"

"သေပါတော့ကွာ၊ အင်မတန် ဆိုးတဲ့ ခွေးကို ကျားရိုး သွေးတိုက်တယ် ဆိုတော့ ဒုက္ခတော့ ရောက်တော့မှာပဲ။ မင်းကိုကော မကိုက်ဘူးလား"

"အစတုန်းကတော့ ကျွန်တော့်ကို မာန်ဖီနေတယ် ခင်ဗျ။ နောက်တော့ ကျွန်တော် နေ့တိုင်း သူ့အနား ကပ်ကပ်ပြီး စကားတွေ ပြော၊ ထန်းလျက်ကျွေး ဘာကျွေးနဲ့ လုပ်တော့ ကျွန်တော့်ကို ယဉ်သွားတယ်၊ ဒီနေ့တော့ ကျားရိုး ရလာတာနဲ့ သူ့ကို ကျားရိုး အကိုက်ခိုင်းလိုက်တယ်"

အမေကတော့ သူ လုပ်ပုံတွေ မြင်ပြီး အသည်းတုန် အူတုန် ဖြစ်နေပြီ။

"ဒုက္ခပါပဲ၊ အိမ်မှာ လူဆိုးရယ်၊ မြင်းဆိုးရယ်၊ ခွေးဆိုးရယ်တော့ မွေးမိလျက်သားဖြစ်နေပြီ၊ ကျွန်မတော့ သေသာ သေလိုက်ချင်တယ်" လို့ ညည်းတယ်။

လေးလုံးဟာ သူအိပ်တဲ့ ခြောက်တိုင်ခုတင်ကြီးပေါ်မှာ ဝပ်နေတယ်။ ကိုဘတုတ်ဟာ လေးလုံးကိုလည်း တော်တော် သံယောဇဉ်ကြီးပုံရတယ်။ အိပ်တော့လည်း သူအိပ်တဲ့ ခြောက်တိုင်ခုတင်ကြီးပေါ်မှာ လေးလုံးကို သိပ် တယ်။

သူက ခေါင်းရင်းက။ လေးလုံးက သူ့ခြေရင်းမှာ ဝပ်လို့။ ထမင်းစား





တော့ သည့်ထက်တောင် ဆိုးသေးတယ်။ သူက ထမင်းစားရင်လည်း အိပ်တဲ့ ခြောက်တိုင်ခုတင်ကြီးပေါ်မှာ စားတာကိုး။ လေးလုံးကလည်း သူ့ခုတင်ဘေးမှာ သူ့ခွက်နဲ့ သူ စားနေတယ်။ အတူမစားရုံတမည်ပဲ ကျန်တော့တယ်။

ကိုဘတုတ်ဟာ မိန်းမတွေကိုလည်း အထင်သေးပုံရတယ်။ ကျွန်တော့် အမေက အဲဒီတုန်းက အသက်သုံးဆယ်ကျော်လောက်ပဲ ရှိဦးမယ် ထင်တယ်။ မိန်းမရွယ် ဆိုပါတော့။ အဲဒီလို မိန်းမ ငယ်ငယ်ရွယ်ရွယ်တွေကို မြင်ရင် အထင်သေးတဲ့ အကြည့်နဲ့ ကြည့်တတ်တယ်။ သူတို့နဲ့ သိပ်လည်း စကားပြော လေ့ မရှိဘူး။ စိတ်လည်း မဝင်စားဘူး။

သူ့အတိတ်မှာ ရှိခဲ့ဖူးတဲ့ မိန်းမကို စိတ်နာရာကနေပြီး မိန်းမတွေကို စိတ်နာသွားလို့လား။ ဒါမှမဟုတ် မိန်းမဆိုတာ ယုတ်ညံ့တယ်ဆိုတဲ့ မဟာ ဗိုစိတ်ဓာတ် သူ့မှာ စွဲကပ်နေလို့လားတော့ ကျွန်တော် မပြောတတ်ဘူး။

အဲ ကျွန်တော့်ညီမလေး တင်တင်ကိုတော့ သူ ချစ်တယ်။ တင်တင်ကို တင် မဟုတ်ဘူး ကျွန်တော့်ကိုလည်း သူ ချစ်တယ်။ ကလေးကို ချစ်တတ်ဟန် တူပါရဲ့။

တစ်ခါတလေမှာ ကျွန်တော်တို့မောင်နှမ ကစားနေတာမြင်ရင် သူ ဝင်ကစားတတ်တယ်။ အဖေက ကိစ္စရှိလို့ တောတို့ ဘာတို့ကို မြင်းနဲ့ လွှတ်လိုက်လို့ ပြန်လာရင် ဆီးသီးတို့၊ ဆီးခလောက်သီးတို့၊ မာလကာသီးတို့၊ အင်ကြင်းပန်းတို့၊ ကံ့ကော်ပန်းတို့ကို ခူးလာတတ်တယ်။ ဒီလိုကျတော့လည်း သူ့အရိုင်းစိတ်ဟာ ပျောက်ပြီး အယဉ်စိတ်တွေ ဝင်လာတတ်တယ်။

ကိုဘတုတ်ဟာ ကျွန်တော်တို့အိမ်ကို ရောက်ကတည်းက အရက် မသောက်တော့ဘူး။ သူ့အလုပ်ကိုပဲ လုပ်နေတာပဲ။ အဖေခိုင်းတာရှိရင် သွား တယ်။ မြင်းစာကျွေးတယ်။ ပြောင်းရိုးစင်းတယ်။ မြင်းတွေကို ထိန်းတယ်။ မြင်းဇောင်းကို သန့်ရှင်းတယ်။ လေးလုံးကို အစာကျွေးတယ်။ လေးလုံးကို အချိန်မှန် ကြိုးဖြေလွှတ်ပေးပြီး အချိန်မှန် သိမ်းတယ်။

တစ်နေ့တော့ ကိုဘတုတ် ဖောက်လာတယ်။ ကိုဘတုတ်ဟာ အရက် တွေ မူးလာတယ်။ ကျွန်တော်က ကျောင်းကအပြန်မှာ ကိုဘစံရဲ့ဆိုင်ရှေ့က ဖြတ်ရတော့ ဘုံဆိုင်ထဲမှာ အရက်မူးတဲ့ လူတွေ ရန်တွေဖြစ်နေတာနဲ့ ကျွန်တော် လည်း တခြား သူငယ်ချင်းတွေနဲ့အတူ ခပ်လှမ်းလှမ်းက ကြည့်နေတယ်။

ဘယ်သူတွေနဲ့ ဘယ်သူတွေ ရန်ဖြစ်နေမှန်းတော့ မသိဘူး။ ထွက်ပြေးတဲ့ လူကလည်း ထွက်ပြေး၊ အထဲမှာ ရိုက်တဲ့လူကလည်း ရိုက်နဲ့ ရုန်းရင်းဆန်ခတ် ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . ဟော့ . . .၊ ဟိုမှာ မင်းတို့အိမ်က ကိုဘတုတ်ဆိုတဲ့ လူကြီး"

သူငယ်ချင်းတစ်ယောက်က ပြလို့ ကြည့်လိုက်တော့ ကိုဘတုတ်ကို မြင်လိုက်ရတယ်။ သူ့လက်ထဲမှာလည်း တုတ်ကြီးနဲ့။ သူက ရိုက်၊ တချို့က လည်း သူ့ကို ရိုက်နဲ့ ရှုပ်ယှက်ခတ်နေတယ်။ ပါးစပ်ကလည်း မကြားဝံ့ မနာသာတွေ ဆဲဆိုနေတယ်။

ကျွန်တော်က အိမ်ကို ပြန်ပြေးပြီး အဖေ့ကို တိုင်တယ်။

အဖေကလည်း စိတ်တွေ ဆိုးပြီး ဘုံဆိုင်ကို လိုက်သွားမယ်လုပ်တယ်။ အဖေ အိမ်ထဲက မထွက်ခင်မှာ ကိုဘတုတ်ဟာ တုတ်ကြီးကိုင်၊ ပါးစပ်က ဆဲဆိုရေရွတ်ပြီး အိမ်ဘက်ကို ပြန်လာနေတာကို လှမ်းမြင်နေရတယ်။ သူ့ ခေါင်းမှာလည်း သွေးတွေနဲ့။

"ဟော့ကောင်တွေ၊ မင်းတို့ထက် မိုက်တယ်ကွ သိရဲ့လား၊ ဘတုတ်တဲ့၊ အများနဲ့ တစ်ယောက်မို့ စော်ကားမယ် မကြံနဲ့၊ ဆယ်သက် သေရဲတယ်။ လာ . . . သတ္တိရှိတဲ့ကောင် လိုက်ခဲ့" လို့ ရပ်ပြီး နောက်ကို လှည့်ပြီး ကြိမ်းနေတယ်။

နောက် လူတစ်သိုက်ကတော့ လိုက်မလာကြတော့ဘူး။ နေရစ်ခဲ့ ကြတယ်။

အဖေက ထွက်ပြီး . . .

"ဟေ့ ဘတုတ်"

လို့ ခပ်ထန်ထန် လှမ်းအော်လိုက်တယ်။ အဖေ့အသံကို ကြားတော့ ကိုဘတုတ်ဟာ အံ့အားသင့်သွားဟန်တူတယ်။ နောက်ကို လှည့်ကြည့်လိုက် ပြီး . . .

"ဒီကောင်တွေ ကျွန်တော့်ကို စော်ကားတာနဲ့ သူတို့အထဲက တစ် ယောက်ကို ကျွန်တော် ရိုက်ပစ်ခဲ့တာ ကိုကြီးတင့်၊ ကိုကြီးတင့် မလာပါနဲ့ ပြန်ပါ"

"ဟေ့ကောင်၊ မင်း ငါ့စကားကို နားမထောင်ဘူးလား၊ အိမ်ကို ပြန်မလာ၊ မပြန်ဘူးလား"

ကိုဘတုတ်ဟာ ဘာမှ မပြောတော့ဘူး။ တက်တစ်ချက် ခေါက်၊ အဝေးမှာ ရပ်နေတဲ့ သူ့ရန်သူတွေကို တစ်ချက်လှမ်းဆဲပြီး အိမ်ဘက်ကို လှည့်လာတယ်။





"လာ၊ ပြန်လာခဲ့"

အဖေက ခေါ်တော့မှ ဘတုတ်ဟာ ခွေးလေးတစ်ကောင်လို ဘာမှ မပြောတော့ဘဲ နောက်က ခပ်ကုပ်ကုပ်နဲ့ လိုက်လာတယ်။ အိမ်ရောက်တော့ အဖေက ပြောတယ်။

"ဘတုတ်၊ မင်းအပြစ်ကို မင်း သိရဲ့လား"

"သိပါတယ်"

"ဘာအပြစ်လဲ"

"မူးပြီး ရန်ဖြစ်တာပါ"

"ငါ့အိမ်မှာ နေရင် ငါ့စည်းကမ်းကို လိုက်နာရမယ်လို့ မင်းကို အစ ကတည်းက ငါ ပြောထားခဲ့တယ်၊ ခု မင်း ငါ့စည်းကမ်းကို ဖောက်တယ်၊ ငါ့ ကိုလဲ သိက္ခာကျအောင် လုပ်တယ်၊ ဒီတော့ မင်း ငါ့အိမ်မှာ မနေနဲ့တော့၊ မင်းအထုပ် မင်းယူပြီး ပြန် . . ."

"ကျွန်တော် မပြန်ဘူး ကိုကြီးတင့်၊ ကိုကြီးတင့်တို့နဲ့ အတူနေမယ်"

ကိုဘတုတ်က ဒီနေရာမှာတော့ မကြောက်ဘူး။ ရဲရဲပဲ ပြန်ပြောတယ်။

"မင်း မပြန်ရင် မင်းကို ပုလိပ်နဲ့ ခေါ်ပြီး ဆွဲထုတ်မယ်"

"ကိုကြီးတင့်တောင် နှင်ထုတ်လို့ မရရင် ကျွန်တော့်ကို ဘယ်သူမှ နှင်ထုတ်လို့ မရဘူး၊ ကိုကြီးတင့်တို့ကို စောင့်ရှောက်ဖို့ ကျွန်တော့်မှာ ဝတ္တရား ရှိတယ်။ ကျွန်တော် ဒီမှာပဲ နေမယ်"

"တော်တော်ခက်တဲ့ကောင်ပဲ၊ ကောင်းပြီ၊ ဒီတစ်ခါတော့ ငါ သည်းခံ လိုက်မယ်၊ နောက်တစ်ခါဆိုရင်တော့ မင်း ငါ့အိမ်မှာ မနေနဲ့တော့"

ကိုဘတုတ်ဟာ ဘာမှ မပြောတော့ဘူး။ နောက်လည်း အရက်သောက် တာ မတွေ့ရတော့ဘူး။

ဒီလိုနဲ့ ကိုဘတုတ် ကျွန်တော်တို့အိမ် ရောက်တာ သုံးလေးနှစ်တောင် ကြာသွားတယ်။ ညနေဆိုရင် ပြေကျော်ကြီးကို ထုတ်ပြီး မြင်းစီးကျင့်တယ်။ အရင်ကလောက်တော့ စကား မနည်းတော့ဘူး။ အမေ့ကိုလည်း သူ ခါတိုင်း လောက် အထင်သေးတဲ့ဟန် မပြတော့ဘူး။

ဒါပေမဲ့ ခိုင်းတာတော့ မလုပ်ဘူး။ သူ့ကို ခိုင်းရင် အမေမှာ သူ့မျက်နှာ ကြည့်ပြီးမှ ခိုင်းရတယ်။ အိမ်နားနီးချင်းတွေနဲ့လည်း အထိုက်အလျောက်တော့ ဆက်ဆံပါတယ်၊ ဒါပေမဲ့ အများအားဖြင့်တော့ သူ့ဘာသာ သူ တစ်ယောက် ထည်းနေတာပဲ များတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညနေတော့ ကျွန်တော်တို့သားအမိ သားအဖတစ်တွေ ထမင်းစားပြီးလို့ ဓာတ်စက်ဖွင့်ပြီး သီချင်းနားထောင်နေကြတယ်။ အချိန်က ခုနစ်နာရီလောက် ရှိတော့မယ်ထင်တယ်။ တော်တော်လေး မှောင်နေပြီ။

"ရှင့်တပည့်ကျော် ကိုဘတုတ်လဲ ညနေ ညနေ မြင်းစီးကျင့်တာ ခုတလော မှောင်မှချည်းပဲ အိမ်ပြန်လာတယ်၊ ဒီနေ့လဲ ပြန်မလာသေးဘူး"လို့ အမေက အမှတ်တမဲ့ ပြောလိုက်တယ်။

"ဟိုနား သည်နား လျှောက်လည်မှာပေါ့ကွာ"

"ဟိုနား သည်နား မဟုတ်ဘူးရှင့်၊ ထန်းငယ်တောကို သွားနေသတဲ့၊ ထန်းငယ်တောမှာ မိန်းမတစ်ယောက်နဲ့ ကြိုက်နေသတဲ့၊ အဲဒီမိန်းမက မုဆိုးမတဲ့၊ ကျွန်မ သတင်းကြားတယ်"

"ဟုတ်လား၊ မိန်းမရသွားရင်လဲ ကောင်းတာပေါ့ကွာ၊ ဒီကောင် ပိုပြီး ယဉ်ကျေးလာမှာပေါ့"

"လူက စိတ်ထားကြမ်းတာ တစ်ခုကလွဲလို့ စိတ်ရင်းတော့ မဆိုးပါဘူး"

"လူကောင်းပါ၊ ပြီးတော့ အင်မတန် သစ္စာရှိတဲ့ကောင်၊ သေဆိုရင် အခုသေမယ့် ကောင်မျိုး။ သူ့မှာ စဉ်းစားဆင်ခြင်ဉာဏ်ရယ်လို့ ရှိမှရှိရဲ့လားလို့လဲ မပြောတတ်ဘူး"

ကျွန်တော်တို့သားအမိ သားအဖတွေ စကားပြောနေတုန်းမှာ –

"အမိန့်တော်ရမင်း . . . အမိန့်တော်ရမင်း"

လို့ အိမ်ရှေ့က ခေါ်သံကြားရလို့ အမေက ထွက်ကြိုတယ်။

"ကျွန်တော်တို့ ထန်းငယ်တောရွာကပါ၊ အမိန့်တော်ရမင်းအိမ်က ကိုဘတုတ်ဆိုတဲ့လူ ဆေးရုံမှာ တင်ထားခဲ့ရတယ်"

အဖေက သူတို့ကို နေရာထိုင်ခင်းပေးပြီး အကျိုးအကြောင်းကို မေးတယ်။

"ကျွန်တော်တို့ ရွာက မိန်းမတစ်ယောက်ကို လာလည်နေတာ ကြာပြီ ခင်ဗျ။ ဒါပေမဲ့ ဟိုမိန်းမက သူ့ကို မကြိုက်ဘူး။ သူ့မျက်နှာက အမာရွတ်ကြီးကို ကြောက်လို့တဲ့။ ဒီနေ့တော့ ဟိုမိန်းမက သူ့ကို ယူပါ့မယ်လို့ ကတိပေးလိုက်သတဲ့။ ဒီတင် ကိုဘတုတ် ဝမ်းသာအားရနဲ့ အပြန်ကျတော့ ကျွန်တော်တို့ ထန်းတဲမှာ ဝင်ပြီး အရက်သောက်တယ်။

"နည်းနည်း မူးလာတော့ သူ့ဝမ်းသာလွန်းလို့ သောက်တာတဲ့၊ မသောက်တာ ကြာပြီတဲ့။ ခု သူ့ကို ချစ်မယ့် မိန်းမကိုတွေ့ပြီတဲ့၊ ဒါကြောင့် ဝမ်းသာလို့ သောက်တာတဲ့။





"ကျွန်တော်တို့က ပြန်ဖို့ ပြောတော့ မပြန်ဘူး၊ ထပ်သောက်နေပြန်တယ်။ တော်တော်ကြီး မူးလာတော့ မဖြစ်တော့ဘူး၊ ပြန်လွှတ်မှပဲဆိုပြီး ကျွန်တော်တို့ကပဲ မြင်းပေါ် တွဲတင်ပေးလိုက်တယ်။ ပြန်ရင် ကောင်းကောင်း ပြန်၊ မြင်းကို အရမ်းမစီးနဲ့လို့ မှာလိုက်တယ်။

"စိတ်ချပါဗျာလို့ အာလေးလျှာလေးကြီးနဲ့ ပြောပြီး ပြန်သွားတာပဲ၊ မြင်းပေါ်ရောက်တော့ မြင်းကို ကြိမ်ရိုက်ပြီး အတင်းစီးတယ်။ မြင်းကလဲ ရိုက်တော့ ပြေးတာပေါ့။ ခဏနေတော့ ရိုးကလေးကို မြင်းက ခုန်ကူးလိုက်ဟန် တူပါရဲ့၊ အုန်းခနဲ အသံကြီး ကြားလိုက်တာနဲ့ ကျွန်တော်တို့လဲ လိုက်သွားကြတယ်။ ဟိုရောက်တော့ သူ့ကို ကြောက်ကြောက်နဲ့ မြင်းက ရိုးကလေးကို ခုန်အကူးလိုက်မှာ တစ်ဖက်ရောက်တော့ ရှားငုတ်ကြီးပေါ် တည့်တည့်ကျလို့ မြင်းဗိုက်ကြီး ပေါက်သွားပြီး ကိုဘတုတ်လဲ ဘေးကို လွင့်ကျသွားတယ်။

"ကျွန်တော်တို့ ရောက်တော့ မြင်းကြီးက ဗိုက်ပေါက်လို့ ဗိုက်ထဲက လေတွေ တရှူးရှူးထွက်ပြီး သေသွားတယ်။

"ကိုဘတုတ်ကတော့ ပစ်အကျမှာ ခေါင်းနဲ့ သစ်မြစ်နဲ့ သွားဆောင့်မိတော့ ခေါင်းပေါက်သွားတယ်။ ကျွန်တော်တို့ ရောက်တော့ သတိမေ့နေတယ်။ ဒါနဲ့ သူ့ကို ဆေးရုံကို လာပို့တာ"

အဖေလည်း အဝတ်အစားလဲပြီး ဆေးရုံကို လိုက်သွားတယ်၊ မြင်းသေကြီး အဲဒီနားတစ်ဝိုက်မှာပဲ မြှုပ်ပစ်ဖို့ သူတို့ကို ခိုင်းလိုက်တယ်။

ကိုဘတုတ် သတိ ပြန်လည်မလာတော့ဘဲ အဲဒီညမှာပဲ ဆုံးသွားလို့ အဖေကပဲ အသုဘကို စီစဉ်ပြီး ချပေးလိုက်တယ်။

တော်တော်လေးတော့ အံ့ဩဖို့ ကောင်းတယ်။ ကိုဘတုတ် ဆုံးပြီးတဲ့ နောက်တစ်နေ့ကစပြီး ကျွန်တော်တို့ခွေးကြီးလေးလုံးဟာ ထမင်းလည်း မစားတော့ဘူး၊ ခွေးအိပ်ပြီး တစ်ခါ တစ်ခါမှာ သံရှည်ရှည်ဆွဲပြီး အူနေတတ်တယ်။

အမေကတော့ စိတ်မသန့်ဘူးပေါ့။ လူစိမ်းတို့ ဘာတို့ သူ့အနားက ဖြတ်သွားရင်လည်း ခါတိုင်းလို မာန်ဖီတာတွေ မရှိတော့ဘူး။ မျက်လုံးကြီးနဲ့ လှမ်းကြည့်နေတာပဲ။

တစ်နေ့တော့ အိမ်က အိမ်ဖော် အအေးခင်က လေးလုံးကို သံကြိုး လျော့တီလျော့ရဲ ချည်ပစ်ခဲ့တယ် ထင်ပါရဲ့၊ မနက်လင်းတော့ လေးလုံးကို ရှာမတွေ့တော့ဘူး။ လိုက်ရှာတော့ မြို့ပြင်ဘက် သင်္ချိုင်းက ကိုဘတုတ်ရဲ့ မြေပုံနားမှာ မြေပုံကို နမ်းလိုက်၊ ခေါင်းကို မော့ပြီး သံရှည်ဆွဲပြီး အူလိုက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတဲ့ လေးလုံးကို တွေ့ရတယ်။

ကျွန်တော်တို့ လာတာမြင်တော့ လေးလုံးဟာ ခပ်လှမ်းလှမ်းကို ထွက်ပြေးပြီး ရပ်ကြည့်နေတယ်။ သူ့ကို ခေါ်လို့လည်း မလာတော့ဘူး။

''ဘတုတ်ကို လွမ်းလို့ လာနေတာ၊ လာ . . . လာ၊ သူ့ဘာသာ သူ ပြန်လာလိမ့်မယ်'' လို့ အဖေက ပြောတယ်။

ဒါပေမဲ့ လေးလုံးဟာ အိမ်ကို ပြန်မလာတော့ဘူး။ နောက်လည်း ဘယ်ပျောက်သွားမှန်း မသိတော့ဘူး။ တစ်ခါတည်း စုပ်စပြုပ်စ ပျောက်သွားတော့တာပဲ။

သူတို့အကြောင်းကို ပြန်စဉ်းစားလိုက်တိုင်း ကျွန်တော် နားမလည်ဘူး။

ကိုဘတုတ်ကလည်း လူကြမ်း လူဆိုး၊ ပြေကျော်ကြီးကလည်း မြင်းကြမ်း မြင်းဆိုး၊ လေးလုံးကြီးကလည်း ခွေးကြမ်း ခွေးဆိုး။

ဒီ သတ္တဝါ သုံးခုဟာ ဘယ့်နှယ်လုပ်ပြီး တစ်ဦးအကြောင်း တစ်ဦး နားလည်သွားကြသလဲ။ အင်မတန်ဆိုးတဲ့ မြင်းဆိုးနဲ့ ခွေးဆိုးဟာ လူဆိုးအပေါ် ကျတော့ ဘာကြောင့်များ သံယောဇဉ် တွယ်သွားကြသလဲ။ ဘာဖြစ်လို့ တစ်ဦးနဲ့ တစ်ဦး ဒီလောက်တွယ်တာသွားကြရတာလဲ။

ဒီအကြောင်းကို ငယ်ငယ်တုန်းက ကျွန်တော် နားမလည်လို့ အဖေ့ကို မေးတော့ 'ငါလဲ မသိဘူး'တဲ့၊ ခု ကျွန်တော် ကြီးလာလို့ ပြန်စဉ်းစားကြည့်တော့ ကျွန်တော်လည်း မစဉ်းစားတတ်ဘူး။

အလားတူပဲ စိတ်ထားကြမ်းပေမဲ့ ကလေးတွေအပေါ် တိရစ္ဆာန်တွေအပေါ်မှာ ကြင်နာသိမ်မွေ့တတ်တဲ့၊ သစ္စာရှိတဲ့ ရိုးသားဖြူစင်တဲ့ ဆန့်ကျင်ဘက်တွေ ပြည့်စုံနေတဲ့ ကိုဘတုတ်ကိုလည်း ကျွန်တော် ခုထိ နားမလည်နိုင်သေးဘူး။

■

သာရ

ဇွန်၊ ၁၉၈၈

## လွမ်းစေတီကုန်းမှ ခရစ္စတီနာ၏ ကမ္ဘာ

ကျွန်တော့်လက်ကို လာ၍ ထိသော မလေး၏ လက်မှာ နုနေသည်။ ခပ်ကြာကြာ ဆုပ်ကိုင်ထားသည့်ခါများတွင် ကျွန်တော့်လက်များသည် အဆီပြန်၍ အေးစက်စက် ဖြစ်လာတတ်၏။ ထို့ကြောင့် ကျွန်တော်က မလေး၏ လက်ကို လွှတ်လိုက်သည်။

လက်ဖဝါးတွင် စိုနေသည့် အဆီများကို ကျွန်တော် လက်ကိုင်ပဝါဖြင့် သုတ်ရင်း 'ရပါတယ် မလေးရဲ့၊ ဦးဘာသာ ဦး လျှောက်ပါ့မယ်'ဟု ပြောသည်။ ကျွန်တော် အတန်တန် ငြင်းသည့်အခါတွင် မလေးသည် ဘာမျှ မပြောတော့။ ကျွန်တော့်ဘေးမှ တိတ်ဆိတ်စွာ လိုက်လာတတ်၏။

မလေး၏ ခပ်မှျဉ်းမှျဉ်း အသက်ရှူသံကို ကျွန်တော် ကြားနေရသည်။ တစ်ခါတစ်ရံတွင်လည်း သူ မသိမသာ သက်ပြင်းချသံကို ကျွန်တော် ကြားလိုက်ရ၏။ တစ်ခါတစ်ရံတွင်လည်း မလေးသည် ကျွန်တော်၏ လက်မောင်းကို ချိတ်ခနဲ လှမ်းဆွဲလိုက်သဖြင့် ကျွန်တော့်ခြေလှမ်းများသည် တုံ့သွားသည်။

ကျွန်တော်သည် လက်တွင်ကိုင်လာသည့် တုတ်ကောက်ဖြင့် မြေကြီးကို ထောက်၍ မှန်မှန်လျှောက်လာခဲ့သည်။ ရိုးပြတ်လယ်တောများပေါ်မှ တိုက်လာသည့် ညနေဆည်းဆာ လေပြည်သည် လှိုင်းမြက်နံ့ဖြင့် မွှေးနေသည်။ အဆုတ်အတွင်းထဲက အညစ်အကြေးတွေကို လဲ့ကျင်းပေးလိုက်တဲ့ လတ်ဆတ် သင်းပျံ့တဲ့ ညင်းလေပြည်ပါ။

ကျွန်တော် အမျိုးအမည်မသိသော ငှက်တို့က တေးသီလျက်၊ လယ်ကွင်းများပေါ်တွင် ပျံလွှားများသည် ဝဲပျံကာ အိပ်တန်းတက်ရန် တစ်ကောင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင် အသံမြည်၍ အချက်ပေးနေကြသည်။ အဝေးမှ မီးရထား ဥဩသံ သဲ့သဲ့ကို ကြားရ၏။

"မလေးတို့ လမ်းလျှောက်မထွက်ခင် ရန်ကုန်-မန္တလေး ရထားကြီး ဖြတ်သွားပြီလေ ဦးရဲ့၊ ရထားရှင်းချိန်မို့ ဦးကို လမ်းလျှောက်ခေါ်လာတာ။ ဒီနောက်မှာဆိုရင် ရထား သိပ်မရှိတော့ဘူး။ ညဥ့်နက်ပိုင်းကျမှ လာတော့မှာ။ ရှေ့နားမှာ ကျောက်ပုံကြီးတွေ ရှိတယ်၊ ဦး ဒီဘက်ကိုလာ"

သွယ်ပျောင်း နုနယ်သည့် လက်များဖြင့် မလေးသည် ကျွန်တော့် လက်ကို လှမ်းဆွဲလိုက်၏။

"ဦး တော်တော်နဲ့ ပန်းချီကားတွေ ပြန်မဆွဲနိုင်တော့ဘူးပေါ့နော်"

မလေး အသံသည် မျှော်လင့်ခြင်း တစ်ဝက်၊ စိုးရိမ်ခြင်း တစ်ဝက်ဖြင့် ပြောသည့် လေသံဖြစ်သည်။

"ရန်ကုန်ပြန်ရောက်လို့ ခွဲစိတ်ပြီးရင် တော်တော်ကြာကြာ နေရဦးမယ်တဲ့၊ ခုတော့ စိတ်ကူးထဲမှာပဲ ပန်းချီဆွဲနေရဦးမှာပေါ့လေ"

ကျွန်တော်က သူ စိတ်သက်သာစေရန် အရွှန်းဖောက်သည်။

"ဦးလို နာမည်ကျော် ပန်းချီဆရာကြီး တစ်ယောက်ကိုမှ ရွေးဖြစ်ရတယ် ဦးရယ်၊ မလေး စိတ်မကောင်းလိုက်တာ၊ ပန်းချီဆရာကိုမှ ရွေးပြီး မျက်စိ အလင်းရောင် ကွယ်ရသတဲ့လား။ တကယ်ဆို မလေးတို့လို ဘာမဟုတ်တဲ့ သူတွေမှာ အလင်းရောင် ကွယ်ပါတော့လား။ မလေးမှာ မျက်စိ အလင်းရောင် ကွယ်တော့ ဘာဖြစ်သလဲ၊ ဘယ်သူ့မှာ ဘာမှ မထိခိုက်ဘူး။ ဘာမှ မဆုံးရှုံးဘူး ကံတရားဟာ နည်းနည်းမှ မတရားဘူးနော် ဦး"

မလေး အသံထဲတွင် မကျေနပ်သံ ပါနေသည်ကို ကျွန်တော် သတိပြု မိသည်။

"ဒါကတော့ ခရစ်ယာန်တွေ ပြောသလို ဘုရားသခင်ရဲ့ အလိုတော် အတိုင်း ဖြစ်ရတာပဲကွယ်၊ ဘယ်တတ်နိုင်ပါ့မလဲ။ ပြီးတော့ ဦးရဲ့ ရောဂါကသာ ခွဲစိတ်ကုသရင် ပျောက်မှာပါတဲ့၊ မျက်လုံး နှစ်ဘက်မှာ စွဲနေတဲ့ ရေတိမ်က မရင့်သေးလို့ မခွဲသေးတာတဲ့၊ နောက် နှစ်လ သုံးလလောက်ရှိရင် တစ်ခါ လာပြီး ပြဦးတဲ့၊ အဲဒီတော့ ရေတိမ်ရင့်နေပြီဆိုရင် ခွဲပေးမယ်တဲ့၊ မရင့်သေးဘူး ဆိုရင်လဲ နည်းနည်း ထပ်စောင့်ရဦးမယ်တဲ့"

"အဲဒီလို မရင့်သေးခင်မှာကော ..."

မရင့်သေးရင် ဒီအတိုင်းပဲ နေရဦးမယ်တဲ့၊ ဒီအတွင်းမှာ ကိုယ်ခံ





ကျန်းမာရေး ကောင်းအောင် အနားယူပြီး အေးအေးဆေးဆေး နေရမယ်တဲ့၊ သောကတွေ မရှိရဘူးတဲ့၊ ဒါကြောင့်မို့ မလေးတို့ ရွာကလေးကို လာနေတာ ပေါ့၊ ဒီမှာဆိုတော့ လေကောင်းလေသန့်လဲ ရတယ်၊ လေက မြေသင်းနံ့တွေ၊ မိုးပြိုက်နံ့တွေ၊ မြက်ခြောက်နံ့တွေ၊ တောပန်းနံ့တွေနဲ့ မွှေးနေတယ်။

"အာရုံကြောတွေကို တင်းကြပ်စေတဲ့ ဆူဆူညံညံ အသံဗလံတွေကိုလဲ မကြားရဘူး။ ကျေးငှက်တွေ မြည်ကျူးသံတွေရယ်၊ စေတီက ဆည်းလည်း သံတွေရယ်၊ ဒါကိုပဲ ကြားရတယ်၊ အဆူအညံ အသံဆိုလို့ နွားခလောက် သံတွေနဲ့ မောင်းဆုံမှာ ထောင်းတဲ့ အသံတွေကိုပဲ ကြားရတယ်။

"ဒါပေမဲ့ ကျေးလက်က အဆူညံဆုံး အသံသည်ပင်လျှင် ဦးရဲ့ နားမှာတော့ ဂီတသံ ဖြစ်နေတယ်၊ ဆူညံတဲ့ မော်တော်ကား စက်သံတွေနဲ့ စာရင် လှည်းဝန်ရိုးမြည်သံဟာ ဘယ်လောက်သာယာတဲ့ အသံလဲ၊ မြည်တီး တဲ့ မော်တော်ကား ဟွန်းသံနဲ့စာရင် ဒိုးဒိုးဒေါင်ဒေါင် မြည်နေတဲ့ နွားခလောက် သံက ဘယ်လောက်လှတဲ့ ဂီတသံလဲ၊ တဒုန်းဒုန်း တဒိုင်းဒိုင်း မြည်နေတဲ့ ဝပ်ရှော့က တူထုသံတွေနဲ့ စာရင် ဂျောက်ကလီဂျောင်း ဂျောက်ကလီဂျောင်း ဆိုပြီး နရီ စည်းချက် မှန်မှန်မြည်နေတဲ့ မောင်းဆုံက မောင်းထောင်းသံဟာ ဘယ်လောက်နားဝင်ပီယံဖြစ်တဲ့ အသံလဲ။

"မြို့ပြက ဆူညံသောင်းကျန်းတဲ့ ဂီတသံတွေနဲ့စာရင် ချောင်းရေစီးနေတဲ့ အသံဟာ ဘယ်လောက် သုတိသာယာ ရှိသလဲ၊ ဆူညံတဲ့ မြို့ပြက အသံတွေနဲ့ စာရင် ဖားအော်သံတွေနဲ့ ပုစဉ်းရင်ကွဲတွေရဲ့ အသံဟာ ဘယ်လောက် နား ထောင်လို့ ကောင်းသလဲ။

"ပုစဉ်းရင်ကွဲတွေ အသံတွေ တိတ်သွားတာနဲ့ လောက တစ်ခုလုံးဟာ ဆိတ်ဆိတ်လို့၊ အဝေးက မြည်တဲ့ ငှက်သံကလေးတွေကိုပဲ ကြားရတယ်။ ဒီအသံတွေကို နားထောင်လိုက်ရရင် စိတ်ဟာ အေးငြိမ်းသွားတယ်၊ တည်ငြိမ် သွားတယ်၊ အာရုံကြောတွေ ပြေလျော့ သွားကြတယ်၊ ဒီလို အေးချမ်း ငြိမ်သက်တဲ့ ပတ်ဝန်းကျင်မှာ သွားပြီး အနားယူနိုင်ရင် ကောင်းတယ်တဲ့၊ အဲဒီက အပြန်ကျမှ မျက်စိကို ခွဲသင့် မခွဲသင့် ကြည့်ဦးမယ်တဲ့၊ ဒါကြောင့်မို့ မလေးတို့ဆီကို ဦး ရောက်လာတာပေါ့။

"ခုလောလောဆယ် မခွဲရသေးခင်မှာတော့ ကျေးလက်ရဲ့ ဂီတတွေကိုပဲ နားထောင်ရဦးမှာပေါ့၊ နောက် မျက်စိ ပြန်ကောင်းတော့မှ ကျေးလက်ရဲ့ အသွေးအရောင်တွေကို ပြန်ပြီး ပန်းချီ ဆွဲရမယ်၊ အဲဒီတော့မှ ကျေးလက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အသွေးအရောင်တွေကို တစ်ခေါက် လာကြည့်ရဦးမယ်''

ကျွန်တော့်ဘေးတွင် လျှောက်လာသည့် မလေးသည် ငြိမ်နေ၏။

''မလေးလဲ ပန်းချီကို သိပ်ဝါသနာပါတယ်၊ ဒါပေမဲ့ . . .''

ကျွန်တော့်လက်ကို ကိုင်ထားသည့် မလေး၏ လက်သွယ်ပျောင်းတို့သည် အားအင် ကုန်ခန်းသည့်နှယ် ပြေလျော့သွားသည်ဟု ကျွန်တော် ခံစားလိုက်ရသည်။

''ဒါပေမဲ့ ဘာဖြစ်သလဲ၊ ပန်းချီဝါသနာ အခံရှိရင် ပန်းချီဆရာ ဖြစ်အောင် ကြိုးစားရင်ပေါ့၊ သူများဆွဲတဲ့ ပန်းချီကားတွေ ကြည့်ပြီး အရသာ ခံတတ်ရမယ်၊ အရောင်အသွေးတွေရဲ့ အနုအရင့်ကို ခွဲခြားတတ်ရမယ်၊ အရာဝတ္ထုတွေရဲ့ ဖွဲ့စည်းမှုကို မြင်တတ်ရမယ်၊ ဒီလို အခြေခံတွေလဲ ရှိတယ်၊ ကိုယ်ကလဲ ကြိုးစားတယ်ဆိုရင် ပန်းချီဆရာ ဖြစ်နိုင်တာပေါ့''

ကျွန်တော်က ပါးစပ်ထဲ တွေ့ရာကို ပေါ့ပေါ့ ပြောလိုက်သည်။ သို့ရာတွင် မလေးက ကျွန်တော့်စကားများကို ပေါ့ပေါ့တန်တန် ယူဆဟန်မတူ။

''မလေးက ရှုခင်းပန်းချီတွေကို ပိုပြီး သဘောကျတယ်လေ၊ ဒါကြောင့် စောစောက ဦးပြောသလို လက်က မဆွဲဖြစ်ပေမဲ့ ရှုခင်းတွေကို ကြည့်ပြီး စိတ်ကူးထဲမှာတော့ ပန်းချီတွေကို အမြဲဆွဲနေတာပဲ''

မလေးက ညင်းညင်းညံ့ညံ့ ရယ်သည်။

''ဟုတ်တယ်၊ ဦးလဲ ခု မဆွဲနိုင်သေးပေမဲ့ စိတ်ကူးထဲမှာတော့ ဆွဲနေ တာပဲ၊ ကျေးလက်အသံတွေကို နားထောင်ပြီး ကျေးလက်ရှုခင်းဟာ ဘယ်လိုနေ မလဲဆိုတာကို ဦး တွေးကြည့်နေတယ်''

မလေးက အသံကလေးလွင်လွင်ဖြင့် ပြော၏။

''ဩော် . . . ရှုခင်းတွေကို တွေးကြည့်နေသလား၊ ဒီအချိန်ဟာ မလေးတို့ဆီမှာ အသာယာဆုံး အလှဆုံး အချိန်ပဲ ဦးရဲ့၊ ဦး မျက်စိထဲမှာ မှန်းကြည့်လိုက်စမ်း၊ နေလုံးကြီးက ပဲခူးရိုးမတောင်စွယ်မှာ မေးတင်လို့ လိမ္မော်နုရောင်လဲ မကတော့ဘူး၊ အနီရင့်ကိုလဲ မရောက်သေးဘူး၊ လိမ္မော်နဲ့ အနီရောင်ကြားထဲမှာ ပဲခူးရိုးမကြီးကတော့ တချို့နေရာတွေမှာ မရမ်းနုရောင် ပြေးပြီး၊ တချို့နေရာတွေမှာ မရမ်းရင့်ရောင် လွှမ်းနေတယ်။

''ဒီအထဲမှာ တောင်နီးလိုလို၊ မြူငွေ့လိုလိုကလဲ ဆိုင်းထားသေး သိပ်လှတာပဲ ဦးရယ်၊ မလေး ပြောမပြတတ်ဘူး၊ အရှေ့ဘက်ကောင်းကင်မှာ တိမ်တိုက်ဖြူဖြူတွေ မျောနေတယ်၊ ဒါပေမဲ့ တိမ်တိုက်ကတော့ အဖြူရောင် မဟုတ်တော့ဘူးလေ၊ တိမ်တိုက် ပန်းနုရောင်တွေ၊ သူတို့အထက်မှာရှိတဲ့ တိမ်တိုက်တွေကတော့ ရွှေရောင်လဲ့လဲ့ ပြေးနေတယ်၊ ခု မလေးတို့ လျှောက် လာနေတဲ့ မီးရထားလမ်းဘေးမှာ ရေမြောင်းကလေးတွေနဲ့ ချောင်းကလေးတွေ စီးနေကြတယ်၊ အဲဒီ ချောင်းရေထဲမှာလဲ ပန်းနုရောင်တိမ်လိပ်တွေ ကူးနေကြ တယ်၊ ချောင်းဘေးမှာ ကြေးနန်းတိုင်တွေရှိတယ် ဦးရဲ့၊ ကြေးနန်းကြိုးတွေ ပေါ်မှာ ပုစဉ်းထိုးငှက်ကလေးတွေ၊ ပျံလွှားငှက်ကလေးတွေ တန်းစီပြီး နားနေကြ တယ်၊ တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်၊ အို . . . ဆယ့်လေးငါး ကောင်လောက်ရှိလိမ့်မယ်ထင်တယ်၊ သူတို့လဲ တစ်နေကုန် အစာရှာရလို့ မောပြီး နားနေရင်းက မလေးတို့လို လောကကြီးရဲ့ အလှကို ကြည့်နေကြတာ ဖြစ်မှာပဲနော် ဦး''





''အမယ်လေးဟဲ့၊ မလေးက စိတ်ကူးယဉ်လှချည့်လား''

''တကယ်ပြောတာ ဦး၊ မလေးတို့ လျှောက်နေတဲ့ ရထားလမ်းကြီး ဘစ်ဖက်တစ်ချက်မှာ လယ်ကွင်းတွေရှိတယ်၊ အဲဒီ လယ်ကွင်းတွေထဲမှာ မိုးပြတ်တွေကလဲ ရွှေရောင်သန်းလို့၊ တချို့နေရာတွေမှာ ရိုးပြတ်တွေကို မီးရှို့ ထားလို့ မီးခိုးတွေ ကောင်းကင်ကို လွင့်တက်နေတယ်၊ လယ်ကွင်းတွေ ဘစ်ဖက်မှာ အင်ကြင်းတောကြီးတွေနဲ့ လက်ပံတောကြီးတွေရှိတယ်၊ ပွင့် နေလိုက်ကြတာ ဦးရယ်၊ တောတစ်လျှောက်မှာ ရဲပတောင်းထနေတာပဲ။

''ဒါပေမဲ့ အင်ကြင်းပွင့် နီပုံနဲ့ လက်ပံပွင့် နီပုံက မတူဘူး၊ အင်ကြင်း ပွင့်နီက နည်းနည်းမှိုင်းတယ်၊ လက်ပံပွင့် အနီက လွင်တယ်၊ ပြီးတော့ မလေး လမ်းလျှောက်နေတဲ့ ရထားလမ်းဘေးမှာလဲ တောပန်းပွင့် ဝါဝါတွေ၊ ပြာပြာကလေးတွေနဲ့ ခပ်စောစောတုန်းက လိပ်ပြာကလေးတွေ ဝဲနေသေးတယ်၊ ခုတော့ လိပ်ပြာကလေးတွေ မရှိတော့ဘူး၊ ဘယ်ပန်းပွင့်ရိပ်မှာ အိပ်နေကြသလဲ မသိဘူး၊ ပုစဉ်းကလေးတွေပဲ ရှိတော့တယ်။

''ဒီဘက်မှာတော့ စေတီကလေးတစ်ဆူရှိတယ်၊ စေတီကလေးက ဖွေးဖွေးနဲ့ အာရုံခံတန်ဆောင်းက စုလစ်မွမ်းချွန်တွေပေါ်မှာ မှန်တွေ စီထား တော့ တစ်ခါတစ်ခါမှာ နေရောင်ပြက်သွားရင် တလက်လက် ဖြစ်နေကြတယ်၊ ခု ဦး ကြားနေရတဲ့ ဆည်းလည်းသံဟာ အဲဒီ စေတီကလေးဆီက လာတာလေ၊ ခွေးလေးသုံးကောင်က မြက်စားနေရာကနေပြီး မလေးတို့ကို ငေးကြည့်နေတယ်၊ သူတို့ မျက်စိထဲမှာလဲ မလေးတို့လိုပဲ လောကကြီးရဲ့ အလှကို မြင်နေမှာပဲ နော် ဦး''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူ့စကားကို သဘောကျ၍ ရယ်သည်။

''ရေ့နားမှာ မိုးတွင်းတုန်းက ရေတင်ပြီး ကျန်ရစ်ခဲ့တဲ့ ရေအိုင် ရှိတယ်၊ အဲဒီ ရေအိုင်ထဲမှာ ဘဲတစ်အုပ်က ရေကူးလို့၊ ဘဲကျောင်းသားကလေးလဲ ရပ်ပြီး မလေးတို့ကို ငေးကြည့်နေတယ်၊ ဒီဘက်နားက ကညင်ပင်အိုကြီးရဲ့ ပင်စည်ပေါ်မှာ နေရောင်ပြောက်တိပြောက်ကျား ထိုးကျနေတော့ ကညင်ပင်စည် အပွေးတွေ၊ အခေါက်တွေကြားမှာ အရိပ်တွေ ထိုးနေတာကလဲ သိပ်လှတာပဲ''

ပူနွေးနေရာမှ လေထဲတွင် အအေးဓာတ်ကလေး ရစ်ဝဲစပြုလာသည်။

''တော်တော် မိုးချုပ်ပြီလားဟင် မလေး''

''နေဝင်သွားပြီ ဦးရဲ့၊ မှောင်စပျိုးလာပြီ၊ ပြန်ကြစို့နော် ဦး၊ တော်တော်ကြာရင် ဖေဖေတို့ စိတ်ပူနေလိမ့်မယ်''

မလေးသည် ကျွန်တော့်လက်ကို ဆွဲ၍ လာလမ်းအတိုင်း ပြန်လှည့်သည်။ ရထားလမ်းဘေးမှ ကျောက်စရစ်ခဲလုံးလေးများကို ဖိနပ်ဖြင့် တက်ကြိတ်မိသံ ကြားရ၏။

''ဦး မလေးလက်ကို တွဲထားနော်၊ ခလုတ်တိုက်ပြီး လဲနေမယ်၊ ဒီနားမှာ ချိုင့်တွေရှိတယ်'' ဟု မလေးက ပြောသည်။

မလေးနှင့် ကျွန်တော်သည် မနက်တစ်ခေါက်၊ ညတစ်ခေါက် လမ်းလျှောက်ထွက်ကြသည်။

အများအားဖြင့် မလေးသည် ကျွန်တော့်ကို မီးရထားသံလမ်းတစ်လျှောက်သို့ ခေါ်သွားလေ့ရှိပြီး အခြားဘက်များသို့ တစ်ခါတစ်ရံမှသာ ခေါ်တတ်သည်။

မလေးက တခြားဘက်သို့ ခေါ်လျှင် သူ့အဖေက

''မလေးရေ ဦးကို တခြားဘက်ကို သိပ်ခေါ်မသွားနဲ့နော်၊ ချိုင့်ချောက်ကျင်းတွေ ပေါတယ်၊ သံလမ်းဘက်ကိုပဲ လျှောက်''

ဟု သတိပေးတတ်၏။

သည့်နေ့ မနက်တွင်လည်း ကျွန်တော်တို့သည် ရွာပြင်ဘက် ဘူတာရုံဘက်သို့ ထွက်လာကာ သံလမ်းတစ်လျှောက်တွင် လမ်းလျှောက်ကြပြန်သည်။ ရွာလမ်းကလေးမှာ ပျံ့ပျူး ဖြောင့်တန်းကာ ဘူတာရုံဆီသို့ ဦးတိုက်နေသော ကျွန်တော်ပင်လျှင် ထိုလမ်းကလေးအတိုင်း တုတ်တစ်ချောင်းဖြင့် စမ်း ဘူတာရုံ ရောက်အောင် လျှောက်တတ်နေပြီ။





လှည်းမောင်းသံကြားလျှင် သို့မဟုတ် နွားတို့ဘာတို့ လာသံကြားလျှင် လမ်းဘေးတွင် ကပ်ရှောင်နေလိုက်သည်။ ခြံစည်းရိုးများဘေးမှ ကပ်လာလျှင် ဘာကိုမျှ စိုးရိမ်စရာ မရှိတော့။

ကျွန်တော်သည် တုတ်ကောက်ကို ထောက်၍ ဘူတာရုံဘက်သို့ မှန်မှန် လျှောက်လာခဲ့သည်။ ခြံစည်းရိုးသည် ညာဘက်သို့ ကွေ့သွားသည်။ ထိုအကွေ့သို့ ရောက်လျှင် ဘူတာရုံနှင့် နီးလာပြီဟု ကျွန်တော် သိလိုက်၏။ ဘူတာရုံမှ တဂျောင်းဂျောင်း လက်မှတ်နှိပ်သံကို ကြားနေရလေပြီ။

ထိုစဉ် ကျွန်တော့်နောက်မှ ခြေသံကြားရကာ ကျွန်တော့်လက်မောင်းကို တစ်စုံတစ်ယောက်က လှမ်းဆွဲလိုက်သည်။

''ဦး ဘာဖြစ်လို့ တစ်ယောက်တည်း ထွက်သွားတာလဲ''

မလေး၏ အသံဖြစ်၏။ အသံမကြားခင်ကတည်းက မလေးမှန်း ကျွန်တော် သိလိုက်၏။ သူ့ကိုယ်မှ သနပ်ခါးရည်ကျဲနံ့သည် ပျံ့လွင့်လာ၏။

''မလေး မအားဘူးလားလို့ . . .''

''အို . . . ဘာဖြစ်လို့ မအားရမှာလဲ၊ မလေးမှာ ဘာအလုပ်ရှိတာ မှတ်လို့၊ ဖေဖေက မှာတယ်၊ ဦးကို မနက်နဲ့ ညနေမှာ လမ်းလျှောက်လိုက်ပို့ရမယ်တဲ့။ မလေးတာဝန်တဲ့။ ဖေဖေ့အကြောင်းကို ဦး သိသားပဲ၊ တော်တော်ကြာ မလေးကို ဆူနေမှာ''

မလေးက စိုးရိမ်သံကလေးဖြင့် ပြောသည်။

ဟုတ်သည်။ မလေး အဖေ ကိုမိုးကျော်အကြောင်းကို ဘယ်မှာ မသိဘဲ နေပါ့မလဲ။ ကိုမိုးကျော်နှင့် ကျွန်တော်သည် ကျောင်းအတူ နေခဲ့ကြသည်။ ကျွန်တော်က ဆယ်တန်းအောင်ပြီး ပန်းချီကျောင်းသို့ ရောက်သွားသည်။ သူက ဆယ်တန်းအောင်ပြီး တက္ကသိုလ်သို့ ရောက်သွားကာ ဘီအေဘီအီးဒီ အောင်ပြီး ကျောင်းဆရာအဖြစ်ဖြင့် တစ်နယ်တစ်ကျေးသို့ ပြောင်းသွားခဲ့ရသည်။ ကျွန်တော်က ရန်ကုန် ပန်းချီလောကတွင် သောင်တင် ကျန်ရစ်ခဲ့ကာ အနှစ် ဆယ်ကျော်မျှ ရုန်းကန်လှုပ်ရှားပြီးနောက် အောင်မြင်မှု အသင့်အတင့်ကို ရခဲ့သည်။ ကိုမိုးကျော်တစ်ယောက် အိမ်ထောင်ကျသွားသည်ဟုသာ ကြားလိုက်ရပြီး သူ သင်တန်းလာတက်စဉ် တစ်ခါတလေ တွေ့လိုက်ရသည်မှအပ နောက်ထပ် မတွေ့ကြတော့။ ကျွန်တော်နှင့် ကွဲသွားခဲ့စဉ်က ကျွန်တော်တို့ နှစ်ယောက်သည် အသက် အစိတ်ကျော် တစ်ဝိုက်လောက်မှာ ရှိကြပြီ။ ယခု အနှစ် နှစ်ဆယ်ကျော်မှ ပြန်တွေ့ကြသည့်အခါတွင် လူလတ်ပိုင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေကြပေပြီ။

တစ်လောက ရန်ကုန်သို့ သူ ဆင်းလာစဉ် ကျွန်တော် မျက်စိရောဂါဖြစ်၍ အနားယူဖို့ သူနေသည့် ရွာကလေးသို့ ခေါ်လာခဲ့သည်။

ရန်ကုန်–မန္တလေး မီးရထားလမ်းပေါ်က ရွာကလေးတွင် အလယ်တန်းကျောင်းအုပ် လုပ်နေသည်။ ရန်ကုန်နှင့် အသွားရ အလာရ လွယ်ကူသဖြင့် ကျွန်တော် လိုက်လာခဲ့ခြင်း ဖြစ်၏။

ကိုမိုးကျော်သည် ကျောင်းအုပ်ဆရာကြီးပီပီ စည်းကမ်းကြီးသည်။ စနစ်ဖယား ရှိသည်။ အချိန်ကို တိကျသည်။

ကျွန်တော် မျက်စိရောဂါဖြစ်သည့်အခါတွင် သူ စိတ်ကောင်းဟန် မတူ။ သူ့ရွာကလေးသို့ ခေါ်လာကာ ကောင်းစွာ ပြုစုသည်။ မနက်နှင့် ညနေများတွင် ကျွန်တော်တစ်ယောက်တည်း လမ်းလျှောက်ထွက်သည်ကို စိတ်မချဟု ဆိုကာ သူ့သမီးငယ် မလေးကို လမ်းလျှောက်ထည့်သည်။

မနက် ခြောက်နာရီ ထိုးသည်နှင့် သူက ကြက်များ၊ ဝက်များ၊ နွားများကို အစာကျွေးနေစဉ် ကျွန်တော့်ကို နှိုးကာ မလေးနှင့် လမ်းလျှောက်ခိုင်းတတ်သည်။

ကျွန်တော်တို့နှစ်ယောက်သည် ဘူတာရုံ ပလက်ဖောင်းပေါ်သို့ တက်လာခဲ့ကြ၏။

ဘူတာရုံ ပလက်ဖောင်းပေါ်သို့ အရောက်တွင် ကျွန်တော့်လက်ကို ဆွဲလာသည့် မလေးသည် တုံ့ခနဲ ရပ်လိုက်၏။

"ခါတိုင်း မလေးတို့ လျှောက်တာက ရန်ကုန်ဘက်ကို သွားတဲ့ လမ်းကို လျှောက်တာ ဦး။ အောက်ဘက် သွားတာ။ ဒီနေ့တော့ အထက်ကို လျှောက်ရအောင်နော်"

မလေး၏ အသံမှာ ကျွန်တော့်ဆန္ဒကို တောင်းခံသည့် အသံဖြစ်သည်။

"သွားလေ . . . ကောင်းသားပဲ"

"အထက်ဘက်က ရှုခင်းကလဲ တစ်မျိုးပေါ့ ဦးရယ်၊ မလေး ပြောပြမယ်"

ကျွန်တော်တို့နှစ်ယောက်သည် အထက်ဘက်သို့ လျှောက်လာခဲ့ကြသည်။

မီးရထားလမ်းဘေးတွင် ကပ်သွားသည့် လူသွားလမ်းကလေးမှာ သိပ်မကျယ်လှ။ အောက်ဘက် ခါတိုင်း ကျွန်တော်တို့ ဖြတ်နေကျ လမ်းကို





ကျွန်တော် မှတ်မိနေလေပြီ။

ထို့ကြောင့် လမ်းဘေးတွင်ဆိုလျှင် တချို့နေရာများတွင် ကျွန်တော့်ကို မလေး လက်တွဲခေါ်စရာ မလို။ အထက်ဘက်က လမ်းမှာမူ ကျွန်တော့်အတွက် လမ်းသစ်ဖြစ်သဖြင့် ထိုလမ်းအကြောင်းကို ကျွန်တော် ကောင်းကောင်း မသိ။ သည်တော့ မလေးက တစ်လျှောက်လုံး ကျွန်တော့်ကို လက်တွဲလာရသည်။ ကျွန်တော်ကလည်း မလေးလက်ကို မလွှတ်ရဲ။

တစ်ခါတစ်ခါ ကျွန်တော်က အားနာသဖြင့် တွဲလာသော သူ့လက်ကို ဖြုတ်ကာ အဆီပြန်တတ်သော ကျွန်တော့်လက်ကို လက်ကိုင်ပဝါဖြင့် သုတ်သည်။ သို့ရာတွင် မလေးက အဖြုတ်မခံ။

"ဒီလမ်းက ကျဉ်းတယ် ဦးရဲ့၊ ပြီးတော့ ဦး လျှောက်နေကျ လမ်း မဟုတ်ဘူး။ မီးရထားလမ်း တာရိုးကြီးက နည်းနည်းလဲ မြင့်တယ်၊ ဘေးချော်ကျသွားရင် ဒုက္ခ"

မလေးသည် ကျွန်တော် လက်တွဲဖြုတ်သည်ကို အဖြုတ်မခံ။

ကျွန်တော့်လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားတတ်သည်။

"မနက်ရှုခင်းဆိုတော့ နေလုံးကြီးက အရှေ့ဘက်မှာ နေမှာပဲနော်"

မလေးက တိတ်ဆိတ်နေသည်။ သက်ပြင်း မှူးမှူးချသံကို ကျွန်တော် ကြားရ၏။

"ဟုတ်တယ် ဦး၊ မနက်ပိုင်းဆိုတော့ အရှေ့ရိုးမ တောင်တန်းပြာကြီးပေါ်က နေလုံးကြီးတက်လာတယ်လေ၊ စောစောတုန်းက ပြာရီနေတဲ့ နှင်းဖြူတွေဟာ ပန်းနုရောင် ဖြစ်သွားကြတယ်၊ မလေးတို့ လျှောက်နေတဲ့ လမ်းဘေးညာဘက်မှာ ကြံခင်းကြီးတွေ ရှိတယ်လေ၊ ကြံခင်းကြီးတွေက မရိတ်ရသေးဘူး။ တချို့က စိမ်းနေကြတုန်း။ တချို့ကျတော့လဲ ဖက်ဖူးရောင်ဖျော့ဖျော့၊ တချို့ကျတော့လဲ ဝါလွဲ့လွဲ့အရောင်သမ်းနေကြပြီ၊ ကြံခင်းကြီးတွေရဲ့ ဘေးမှာ ငှက်ပျောခြံတွေ ရှိတယ်၊ ငှက်ပျောခြံတွေက ငှက်ပျောပင်တွေကတော့ ပိုပြီးစိမ်းတာပေါ့ ဦးရယ်။

"လမ်းဘေးက မြောင်းလေးဘေးမှာ ဖျိုင်းဖြူကြီးတစ်ကောင် ခြေတစ်ချောင်းထောက်ပြီး နားနေတယ်။ ငါးစောင့်နေတာပဲ ဖြစ်မှာပေါ့နော်၊ နောက်ဖျိုင်းတစ်ကောင်ကတော့ ကျွဲကြီးရဲ့ ကျောပေါ်မှာ ငုတ်တုတ်ထိုင်ပြီး နားနေတာတယ်။

"မလေးတို့ရဲ့ ဘယ်ဘက်မှာ ကမူကလေး တစ်ခုရှိတယ်၊ အဲဒီ ကမူ



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို လွမ်းစေတီကုန်းလို့ ခေါ်တယ်၊ ကမူကလေးပေါ်မှာ ဉာဏ်တော်လေးငါးခြောက်တောင်လောက်ပဲ မြင့်မယ်၊ ထုံးဖွေးဖွေးနဲ့ စေတီကလေး ရှိတယ်၊ လွမ်းစေတီလို့ ခေါ်ကြတာပဲ၊ စေတီကလေးနဲ့ မလှမ်းမကမ်းမှာ အရိုးအရွက်တွေ မရှိတော့တဲ့ သစ်ခြောက်ပင်ကြီး တစ်ပင်ရှိတယ်၊ ကမူကလေးရဲ့ ခြေရင်းမှာ အုတ်ဂူအဟောင်းကလေး တစ်လုံး၊ လွမ်းစေတီဆိုတာ အဲဒီ အုတ်ဂူကလေးနဲ့များ ပတ်သက်နေမလား မပြောတတ်ဘူး၊ ဘယ်သူက ဘယ်သူ့ကို လွမ်းလို့ ဒီစေတီကလေးကို တည်ခဲ့တယ်ဆိုတာတော့ မလေးလဲ မသိဘူး၊ နေရာကလေးကတော့ တကယ့် လွမ်းစရာကလေးပဲ''

''အင်း ဦး မျက်စိထဲမှာ မြင်ပါတယ်''

ကျွန်တော်က သူပြောသည့် ရှုခင်းကို မှန်းကြည့်ရင်း ကျွန်တော့်စိတ်ကူးထဲတွင် ပန်းချီကားတစ်ကားဆွဲရန် စိတ်ကူးရလာသည်။

''မလေးက ဒီရှုခင်းကလေးကို ပြောပြလိုက်တော့ အင်ဒရူးဝေ့သ်ဆိုတဲ့ အမေရိကန် ပန်းချီဆရာကြီး တစ်ယောက်ရဲ့ ပန်းချီကားသစ် တစ်ကားကို ဦး အမှတ်ရလာတယ်။

''အဲဒီ ပန်းချီကားရဲ့ နာမည်က 'ခရစ္စတီနာ၏ ကမ္ဘာ' တဲ့၊ ပန်းချီကားထဲမှာ မြက်ပင်ရှည်တွေ ဖုံးနေတဲ့ ကမူကလေးတစ်ခု ရှိတယ်၊ ကမူကလေးရဲ့ ထိပ်မှာ သစ်ခြောက်ပင်ကြီး တစ်ပင်နဲ့ ယာတဲကလေးတစ်ခု ရှိတယ်၊ နောက်က ကောင်းကင်ကြီးက ပြာလို့။

''ကမူကလေးရဲ့ ခြေရင်း မြက်ရှည်တောထဲမှာတော့ ခရစ္စတီနာဆိုတဲ့ ကောင်မလေးတစ်ယောက် လဲလျောင်းပြီး မေးကို လက်ကလေးနဲ့ ထောက်ပြီး ယာတဲကို မျှော်ကြည့်နေတဲ့ ပုံကလေး။

''အဲဒီ ခရစ္စတီနာက ကိုယ်ခန္ဓာအောက်ပိုင်း မသန်တော့ဘူး၊ အဲဒီ ယာတဲကလေးဆီ အရောက်သွားချင်ပေမဲ့ ရောက်အောင် မသွားနိုင်တော့ဘဲ အောက်ကနေ မျှော်ကြည့်နေတဲ့ ပုံ၊ အဲဒီ ပန်းချီကားဟာ မျှော်လင့်ချက် စိတ်ပျက် အားငယ်မှု၊ စိတ်ထက်သန်မှုနဲ့ ကိုယ့်ကိုယ်ကိုယ် မကျေနပ်မှု တွေ ခရစ္စတီနာရဲ့ ရင်ထဲမှာ ဖြစ်နေတဲ့ ဝိရောဓိတွေကို ဖော်ပြနိုင်စွမ်းရှိတယ်လို့ ပန်းချီဝေဖန်ရေးဆရာတွေက မှတ်ချက်ချကြပြီး ကမ္ဘာကျော်သွားတဲ့ ပုံပဲ . . .

''ဦး မျက်စိ ပြန်ကောင်းလာရင် အဲဒီ လွမ်းစေတီ ကမူခြေရင်း မြက်ရှည်တောထဲမှာ မလေးတစ်ယောက် အဲဒီလို မျှော်ငေးနေတဲ့ ပုံကလေးကို လာဆွဲပေးဦးမယ်၊ ဦး မျက်စိ မြန်မြန် ခွဲချင်လှပြီကွာ၊ ပန်းချီဆရာတစ်ယောက်





မှာ မျက်လုံးက အရေးကြီးဆုံးပဲ၊ မျက်လုံးကောင်းတုန်းကတောင် ဦး ပန်းချီဆွဲတာ အားမရဘူး၊ တတ်နိုင်ရင် မျက်လုံးတွေနဲ့ ပန်းချီဆွဲလို့ရရင် ဘယ်လောက်ကောင်းမလဲ၊ မျက်လုံးနဲ့ နှလုံးသားက မြင်သမျှကို တိုက်ရိုက်ဆွဲချနိုင်ရင် သိပ်ကောင်းမှာ၊ ခုတော့ မျက်လုံးက မြင်၊ အဲဒီက တစ်ဆင့် လက်တွေထဲ ရောက်၊ လက်တွေထဲက တစ်ဆင့် စုတ်တံပေါ် ရောက်၊ စုတ်တံပေါ်က နေပြီးမှ ပိတ်ကားပေါ် ရောက်သွားရတော့ သွားရတဲ့ ခရီးက သိပ်ဝေးလွန်းနေတယ်။

''မျက်လုံးက မြင်သမျှတွေဟာ စုတ်တံဖျား ရောက်တော့ အကုန်မပါလာတော့ဘူး၊ တချို့က လမ်းမှာ ကျန်ရစ်ခဲ့ပြီ။ ဦးက လက်နဲ့ ပန်းချီမဆွဲဘဲ မျက်လုံးနဲ့ ပန်းချီဆွဲချင်တာ၊ ခုတော့ မျက်လုံးကလဲ မမြင်ရဘူး ဆိုတော့. . .''

''အို . . . ဦးကလဲ၊ ဦး မျက်လုံးက ခဏတဖြုတ် ဖြစ်တာပဲဟာ၊ ခွဲလိုက်ရင် ပျောက်သွားမှာပေါ့၊ လောကကြီးမှာ ကိုယ့်ထက်ဆိုးတဲ့ဟာတွေ အများကြီးပါ၊ မျက်လုံးပြန်ကောင်းတော့ လွမ်းစေတီကုန်းကလေးနား လာပြီး မလေးရဲ့ ပုံကို ဆွဲပေးနော်၊ ခရစ္စတီနာရဲ့ ကမ္ဘာလေးလို လှတဲ့ မလေးရဲ့ ကမ္ဘာလေးကို ပေးနော်၊ ဟုတ်လား ဦး''

ကျွန်တော် ခေါင်းညိတ်ပြ၏။

''အဲဒီထဲက ခရစ္စတီနာ ဆိုတဲ့ ကောင်မလေးက အသက်ဘယ်လောက်ရှိပြီလဲဟင်၊ ချောသလား''

''မလေးတို့လောက်ရှိပြီ၊ အသက် နှစ်ဆယ်လောက်ပေါ့၊ ကိုယ်တစ်ပိုင်းသေနေတာကလေး တစ်ခုပဲ၊ မျက်နှာကလေးက သိပ်ချောတယ်၊ အပြစ်ကင်းတယ်''

''မလေးကတော့ ခရစ္စတီနာလောက် ချောမှာ မဟုတ်ပါဘူး''

''ချောမှာပါ၊ မလေးအသံကို နားထောင်ရင် မလေးရဲ့ ရုပ် ဘယ်လိုနေမယ်ဆိုတာ ဦး မှန်းလို့ရတာပေါ့၊ အသားကလေးက ဖြူဖြူ''

''ဟင် . . . ဘယ်ကလာ ဖြူရမှာလဲ၊ မီးသွေးကတောင် အစ်မကြီးလို့ ခေါ်ရမယ်''

မလေး အသံက နော့နေသည်။

''အရပ်ကလေးက ယူကလစ်ပင်ကလေးလို မြင့်မြင့် သွယ်သွယ်''

''ပုပု အိုင့်အိုင့်ကလေးရယ်''

''မဖြစ်နိုင်ဘူး၊ မလေးရဲ့ နှုတ်ခမ်းကလေးတွေကလဲ ဆေးမဆိုးဘဲ



www.burmeseclassic.com

www.burmeseclassic.com



နီပြေပြေကလေး ဖြစ်ရမယ်၊ ပါးပြင်က စကားဝါပန်းလွှာပေါ်မှာ နှင်းဆီရည် ဖိတ်နေသလို နေရမယ်'

"ဟာ . . . ဟ၊ ဦးက ဝတ္ထုတွေ၊ ကဗျာတွေထဲက စကားတွေကို ပြောနေတယ်"

"တကယ်ပြောတာ၊ ဆံပင်ညိုညိုကလေးတွေက နဖူးပေါ်မှာ ဖြာကျလို့"

"မလေးက ရောင်ပေစူးလေးနဲ့ ရှင့်"

"မျက်ခုံးမွေး ထူထူလေးတွေကလဲ စိမ်းနေရမယ်၊ မိုးကျော်နဲ့ မလေး မေမေ မဖြူတို့ နှစ်ယောက်ရဲ့ အလှတွေ ပေါင်းထားတဲ့ မျက်နှာ"

"မလေး မျက်လုံးက တုတ်တုတ် မည်းမည်းကြီး၊ ပိုးမွှားစုတ်ကောင်ကြီး တင်ထားသလိုပဲ"

မလေးသည် ရယ်သံလွင်လွင်ဖြင့် နောက်နေသည်။

"မျက်လုံးတွေကလဲ ကြည်ပြီး လဲ့နေရမယ်"

မလေးသည် ကျွန်တော် ပြောသည့် ပန်းချီကားကို စိတ်ဝင်စားသွားဟန် တူ၏။ သူ့ထံမှ နောက်ပြောင် ရယ်မောသံ ထွက်မလာတော့။

"ဟော . . . ချောင်းကလေးနား ရောက်လာပြီ ဦး၊ ရှေ့မှာ ဖန်ခါးတော ကြီးရှိတယ်၊ တော်တော်ဝေးလာပြီ၊ ပြန်ကြစို့နော် ဦး"

ကျွန်တော်တို့ နှစ်ယောက်သည် လှည့်၍ ပြန်လာခဲ့ကြသည်။ လမ်းတွင် မလေးက တိတ်ဆိတ်နေသလောက် ကျွန်တော်က စကားတွေ ပြောလာသည်။ မျက်လုံးခွဲပြီး သူတို့ ရွာကလေးသို့ တစ်ခေါက်ပြန်လာကာ မလေး၏ ကမ္ဘာလေး ကို ပုံဆွဲပေးမည့်အကြောင်း၊ ပန်းချီဝါသနာပါသော မလေးဖို့ ရေဆေးများနှင့် တင်ပါရာများ ဝယ်လာမည့်အကြောင်း၊ မလေးတို့ သားအမိ သားအဖ သုံး ယောက်ကို ကျေးဇူးတင်ရှိကြောင်း။

ရန်ကုန်သို့ ပြန်ရောက်သည့်အခါတွင် မျက်စိခွဲစိတ် ဆရာဝန်ကြီးများနှင့် ကျွန်တော် မျက်လုံးကို ခွဲစိတ်ကုသသည်။ တစ်လလောက် ပတ်တီးစည်းပြီး မလှုပ်မယှက် နေရမည်ဆိုသဖြင့် ကျွန်တော်သည် ဘယ်ကိုမျှ မသွားနိုင်ဘဲ အိပ်ရာပေါ်တွင် ငြိမ်သက်စွာ နေရ၏။

ထိုရက်များကား ကျွန်တော် စိတ်အဆင်းရဲဆုံး ရက်များပင်။ မျက်လုံး လည်း မဖွင့်ရ၊ ကိုယ်ခန္ဓာကိုလည်း မလှုပ်ရဘဲ ငြိမ်သက်နေရသည်။ ဒုက္ခသည် မည်မျှကြီးမားပါသနည်း။

ထိုရက်များအတွင်း၌ ကျွန်တော်သည် မလေးကို သတိရနေသည်။ မလေးတို့ထံမှ စာတစ်စောင် ရောက်လာသော်လည်း မလေးထံမှ စာ မပါလာ





ကိုမိုးကျော်ထံမှ ရေးလိုက်သည့် စာတစ်စောင်တည်းသာ ပါလာ၏။ မလေးမှာ ကောင်းကောင်း နေထိုင်မကောင်းသဖြင့် စာမရေးနိုင်သေးကြောင်း၊ ထို့ကြောင့် သူကပင် ရေးလိုက်ရကြောင်း၊ မျက်စိကို ဂရုစိုက် ကုသဖို့အကြောင်း၊ ကျန်းမာ ကြောင်း စသည်တို့လောက်သာ ပါ၏။

ကျွန်တော့်မှာ မလေး၏ ကမ္ဘာလေးကို ပန်းချီရေးချင်လှပြီ။ လွှမ်းစေတီ ကုန်း ခြေရင်းက မြက်ရှည်တောစိမ်းစိမ်း၊ တောပန်းရိုင်း ဝါဝါတွေထဲတွင် ပိုး ပျော့ပဝါကလေး တစ်ထည်ကို ချထားသည့်နှယ် မလေးက ကိုယ်ကို ဖြေလျှော့ ကာ လဲလျောင်းနေမည်။

အဝေးကုန်းထိပ်က လွှမ်းစေတီကလေးနှင့် သစ်ခြောက်ပင်ကြီးကို ငေး ကြည့်နေမည်။ မလေး၏ မျက်နှာသည် ပကတိ ဖြူစင် အပြစ်ကင်းသော မိန်းမငယ်ကလေးတစ်ဦး၏ မျက်နှာ ဖြစ်ရမည်။

ခရစ္စတီနာ၏ မျက်နှာက မျှော်လင့်ခြင်းနှင့် စိတ်ပျက်ခြင်းတို့ ရောထွေး နေသည့် မျက်နှာ။ စိတ်အားထက်သန်ခြင်းနှင့် စိတ်အားငယ်ခြင်းတို့ ရော ထွေးနေသည့် မျက်နှာ။

မလေး၏ မျက်နှာမူ ထိုသို့သော မျက်နှာမျိုး မဟုတ်။

ကျောက်စက်စမ်းရေကဲ့သို့ ကြည်လင်နေသော ယင်း နှလုံးသားကို ဖော်ပြနိုင်သည့် မျက်နှာ။

ထက်သန်သော်လည်း တည်ကြည်သည့် မျက်နှာ။ ကြည်နူးသော် လည်း တည်ငြိမ်သည့် မျက်နှာ။ ပျော်မြူးသော်လည်း ကြည်လင်သည့် မျက်နှာ။

မလေး၏ မျက်နှာသည် ကြည်လင်သန့်ရှင်းသော နှလုံးသားကို ဖော်ပြ နိုင်သည့် မျက်နှာ ဖြစ်ရမည်။

ကျွန်တော်သည် မျက်စိကို ပတ်တီးစည်းထားရင်း စိတ်ကူးထဲတွင် ပန်းချီဆွဲနေသည်။

လွှမ်းစေတီကုန်း ခြေရင်းတွင် ရှိသည့် အုတ်ဂူပျက်ကလေးကိုလည်း ကျွန်တော် ထည့်မည်။ အုတ်ဂူပျက်ကလေးမှာ တချို့နေရာတွင် အင်္ဂတေတို့ ကွာကျပြီး အုတ်ခဲသားနီနီတွေ ပေါ်ကာ အုတ်ကျိုးအစွန်းအပဲ့တွေ ထိုးထောင် နေရမည်၊ တချို့ နေရာများတွင် ရေညှိဝါဝါကလေးတွေ တက်နေမည်။ တချို့ နေရာများတွင် တောပန်းရိုင်းပင်ကလေးတွေ၊ အုတ်ကြားထဲမှ ပေါက်ပန်းပွင့် ပြာပြာကလေးတွေ ပွင့်နေသည်။ မြက်ခင်းမှာ လဲလျောင်းနေတဲ့ မလေးရယ်၊ အုတ်ဂူလေးရယ်၊ လွှမ်းစေတီကလေးရယ်၊ သစ်ခြောက်ပင်ကြီးရယ်၊ တောပန်း ဝါဝါတွေရယ်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုဆိုလျှင် နုပျိုခြင်းနှင့် အိုမင်းခြင်းတို့၏ သင်္ကေတလည်း ဖြစ်မည်။ ဘဝ၏ ရှင်သန်လှုပ်ရှားခြင်းနှင့် မရဏ၏ လှို့ဝှက်ဆန်းကြယ်ခြင်းတို့၏ သင်္ကေတလည်း ဖြစ်မည်။ ဓမ္မ၏ လေးနက်ခြင်းနှင့် သဘာဝလောက၏ လှပခြင်းတို့၏ သင်္ကေတလည်း ဖြစ်မည်။

ဟုတ်ပြီ။ ကျွန်တော့်စိတ်ကူးထဲတွင် ဆွဲနေသည့် မလေး၏ ကမ္ဘာ ပန်းချီကားသည် အနုပညာအရရော၊ ဒဿနအရပါ ပြည့်စုံသည့် ပန်းချီကား ကောင်းတစ်ခု ဖြစ်ရမည်။

မလေးတို့ရွာကို ကျွန်တော် သွားချင်လှပြီ။ သို့ရာတွင် ကျွန်တော် မသွားနိုင်သေး။ မျက်လုံးကို တစ်လစည်းထားပြီး ပတ်တီးဖြေလိုက်သည့် နောက်တွင် မျက်မှန်ကို အစမ်းတပ်ရသေးသည်။ ထို မျက်မှန် အစမ်းတပ်ထား သည့် ကာလတွင် စာကို မကြည့်ရ။ ပန်းချီ မဆွဲရ။ အလင်းရောင်ကို မကြည့်ရ။

မျက်မှန်ကို နှစ်လတစ်ခါ စမ်းနေရသည်။ ပထမ မျက်မှန်နှင့် မတော် သေးသဖြင့် ဒုတိယ မျက်မှန် တပ်ရပြန်သည်။ ထို မျက်မှန်ကိုလည်း နှစ်လ တပ်ရပြန်သည်။ နောက် တစ်ဖန် ထိုမျက်မှန်နှင့် မတော်သဖြင့် တတိယ အကြိမ် နှစ်လ အစမ်းတပ်ရပြန်သည်။

ခြောက်လခန့် ကြာသွား၏။

ခွဲစိတ် ဆရာဝန်ကြီးက ပန်းချီဆွဲနိုင်ပြီဟု ပြောခွင့်ပြုသည်နှင့် လိုအပ် သည့် ပုံဆွဲစက္ကူ၊ ဝိတ်ကား၊ ဆေးစပ်ပျဉ်ပြား၊ ရေဆေး၊ ဆီဆေး၊ စုတ်တံ၊ ဒေါက်ခုံ စသည်တို့ကို ပြင်သည်။ ပန်းချီဆွဲဝါသနာပါသည့် မလေးဖို့ ရေဆေးဘူး ဝယ်သည်။ ပုံဆွဲ စက္ကူတွေ ဝယ်သည်။ တင်ပါရာ ဝယ်သည်။

ကျွန်တော် အကြောင်းမကြားဘဲ မလေးတို့ရွာ ဘူတာကလေးသို့ တိတ်တဆိတ် ထွက်လာခဲ့သည်။ မလေးတို့တစ်တွေ အံ့အားသင့်စေရန် ဖြစ်သည်။

ရထားက နေ့လယ် နာရီပြန် နှစ်ချက်မှာ ဆိုက်သည်။ ဘူတာကလေး ဖြစ်၍ ခရီးသည် ကျိုးတိုးကျဲတဲ။

တုတ်ကောက်တစ်ချောင်းဖြင့် ကျွန်တော် လျှောက်ခဲ့သည့် ဘူတာဝင်း ကလေး။ မလေးနှင့် ကျွန်တော် လျှောက်ခဲ့သည့် ဘူတာဝင်းကလေး။ မလေးနှင့်အတူ ကျွန်တော် လျှောက်ခဲ့သည့် လမ်းဘေးက ခြေရာလှလှ လမ်းကလေး။ ရွာမရောက်ခင် အင်ကြင်းတောတွေ၊ လက်ပံတောတွေကို အဝေးမှ လှမ်းမြင်ခဲ့ရသည်။ သို့ရာတွင် အချိန်မဟုတ်၍ အပွင့်တို့ မဝေ





ကျွန်တော်သည် ထိုရွာကလေးကို ရောက်ဖူးသည့်နှယ် ရွာကလေးကို ငေးမောကြည့်ရင်း မလေးတို့ အိမ်သို့ လာခဲ့သည်။

အိမ်တွင် ကိုမိုးကျော်ကို မတွေ့ရ။ သူ့ဇနီး မဖြူမှာ သနပ်ခါးလိမ်းရင်း တန်းလန်းဖြင့် ရင်လျားပေါ်တွင် မျက်နှာသုတ်ပဝါ တစ်ထည်ခြုံ၍ ထွက် လာသည်။

ကျွန်တော့်ကို မြင်သည့်အခါတွင် အံ့အားသင့်နေသည်။

"စာလေးဘာလေး မပေးပဲကို၊ ကိုမိုးကျော်ကတော့ ကျောင်းမှာ၊ မလေးကတော့ စောစောက အိမ်အောက်မှာ ဒန်းစီးနေတာပဲ၊ ဘယ်များ ထွက်သွားသလဲ မသိဘူး" ဟု ပြောသည်။

"မလေးမှာလိုက်တဲ့ ပန်းချီပစ္စည်းတွေ ကျွန်တော် ဝယ်လာတယ်၊ သူ့ပုံကိုလဲ ဆွဲရမယ်၊ သူ့ကိုလဲ ပန်းချီသင်ပေးရမယ်။ ဘယ်မလဲ မလေး"

မဖြူသည် ကျွန်တော့်ကို ကြောင်ကြည့်နေ၏။ ပြီးမှ ရယ်လိုက်ကာ . . .

"အလကား၊ သူပြောတာတွေကို အဟုတ်ထင်မနေနဲ့။ ဒီကောင်မလေး က သိပ်စိတ်ကူးယဉ်တာ၊ ရေတွင်း နောက်နားက သော်ကပင်ကြီးအောက်မှာ များ ရှိမလား မသိဘူး"

ကျွန်တော်သည် ပါလာသည့် ပစ္စည်းများကို ချကာ မလေးဖို့ ဝယ်လာ သည့် ပုံဆွဲစက္ကူနှင့် ဆေးဘူးများကို ထုတ်ယူလာခဲ့ပြီး ရေတွင်းနောက်သို့ လာခဲ့၏။

ရေတွင်းနောက်နားတွင် သော်ကပင်ကြီးကို ကွေ့ပတ်ကာ တစ်ဘက်သို့ ကျွန်တော် ရောက်ခဲ့သည်။

သော်ကပင်တစ်ဘက် သစ်မြစ်ပေါ်တွင် ထိုင်နေသည့် မလေးကို တွေ့လိုက်ရ၏။

မလေး၏ ပုံသဏ္ဌာန်သည် ကျွန်တော် မှန်းထားသည်နှင့် ဘာမျှ မခြား။ အသားဖြူဝင်းလျက်၊ အရပ်သွယ်သွယ်လျလျ၊ ညိုရွှန်းသော ဆံပင်များ သည် ကုတ်ဖြူပေါ်တွင် ဝဲကျနေကြသည်။ သူ့ကိုယ်သူ အရုပ်ဆိုး အကျည်း တန်ဟု ပြောသွားသည့် မလေး၏ စကားကို ကျွန်တော် သတိရ၍ ပြုံး လိုက်သည်။

"ဟဲ့ . . . မလေး တော်တော် နောက်တယ်။ ကြည့်လိုက်စမ်း ဦး မျက်လုံး ခွဲခဲ့ပြီးပြီလေ။ ပန်းချီဆွဲလို့ ရပြီ၊ လွမ်းစေတီကုန်း သွားပြီး မလေးရဲ့ ကမ္ဘာကို ဆွဲမယ်လေ။ ပြီးတော့ မလေး ပန်းချီကျင့်ဖို့ ပုံဆွဲစက္ကူတွေနဲ့ ဆေးဘူး တွေလဲ ပါတယ်၊ ဒီမှာ ကြည့်စမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မလေးသည် ကျွန်တော့်ကို မော့မကြည့်ပါ။ မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ကိုယ်ကလေး တသိမ့်သိမ့်တုန်အောင် ရှိုက်၍ရှိုက်၍ ငိုနေသည်။

"ဟင် . . . မလေး၊ ဘာဖြစ်လို့ ငိုတာလဲ။ ညနေကျရင် လွှမ်းစေတီကုန်းကို သွားပြီး ပန်းချီဆွဲမယ်လေ။

"နောက်တစ်နေ့ကျတော့ အင်ကြင်းတောကြီးတွေဘက် လျှောက်ရင်း မလေးကို ပန်းချီ သင်ပေးမယ်လေ။ ကဲ . . . ထ၊ ဒီမှာ ကြည့်စမ်း ဆေးဘူးတွေ"

မလေးသည် ငိုရှိုက်နေရာမှ ခေါင်းကို ဖြည်းညှင်းစွာ မော့ကာ ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော်၏ နှလုံးသည် အခုန်ရပ်သွားကာ သွေးကြောများထဲ စီးဆင်းနေသည့် သွေးများသည် ရပ်စဲသွားသည်ဟု ထင်လိုက်ရ[illegible] ကျွန်တော့်ကိုယ်ခန္ဓာသည် ကျောက်ရုပ်ကြီး တစ်ရုပ်အဖြစ် ပြောင်းသွားသည်။ ကျွန်တော့်ကို မော့ကြည့်လိုက်သော မလေး၏ မျက်နှာပေါ်တွင် မျက်ရည် တစ်စက်မျှ မရှိ။ ဝါဝင်း နုနယ်သည့် မျက်နှာကလေးပေါ်မှ ကျောက်မျက်လုံး နှစ်လုံးသည် ကျွန်တော့်ကို ပြူးပြူးကြီး ကြည့်လျက်။

မလေးသည် ခေါင်းကို ချက်ချင်း ပြန်ငုံ့လိုက်ကာ မျက်နှာကို လက်နှ[illegible] ဖက်ဖြင့် အုပ်ရင်း ကိုယ်ကလေး သိမ့်သိမ့်တုန်အောင် ငိုရှိုက်နေသည်။

■

ဖေဖော်ဝါရီ၊ ၁၉[illegible]

# အရောင်လွင့်သွားသော ဂျင်းဘောင်းဘီ တစ်ထည်

ကျွန်တော့်ကို သူတို့က ခေတ်နောက်ကျသတဲ့။ ရှေးဆန်သတဲ့။ အောက်သတဲ့။

ထားပါ၊ ထားပါ။ ကျွန်တော် သိပ် အငြင်းအခုန် လုပ်မနေချင်ပါဘူး။ အသက်ကလည်း ၆၀ နား ကပ်နေပြီ မဟုတ်လား။ နောက် နှစ်နှစ် သုံးနှစ် လောက်ဆိုရင်ပဲ ပင်စင်ယူတော့မှာ။ ဒီတော့ ကိုယ့်စိတ်က ဘယ်လောက်ပဲ [illegible]တ်လတ်သေးတယ်ပြောပြော အသက်က စကားပြောလာပြီဆိုတော့ ကျွန်တော် သူတို့ကို ဘာမှ ပြန်လှန် ငြင်းခုန်မနေတော့ပါဘူး။

လူကတော့ ကျန်းကျန်းမာမာ၊ တောင့်တောင့်တင်းတင်းပါပဲ။ တစ်ခါ [illegible]လေ သွေးကလေး ဘာလေး နည်းနည်းပါးပါး တက်တာလောက်ကလွဲလို့ ဘာမှ မဖြစ်ပါဘူး။ အဲ သွေးတိုးတာကတော့ မတတ်နိုင်ဘူး။ ခေတ်ပေါ် [illegible]ရောဂါပေကိုး။ အစားအသောက်ကလေး ဘာလေး နည်းနည်းပါးပါး ဆင်ခြင် [illegible]တာပေါ့။

ကျွန်တော် ကျောင်းသားဘဝတုန်းက တင်းနစ်ရိုက်တယ်။ အလုပ်ရလို့ [illegible]ယ်တွေကို အလုပ်နဲ့ပြောင်းရတော့ ဂေါက်သီးရိုက်တယ်။ ရန်ကုန်ရုံးချုပ်ကို [illegible]ောက်တော့လည်း ဂေါက်သီးကလေး ဘာလေး နည်းနည်းပါးပါး ရိုက်ဖြစ် [illegible]ယ်။ ရုံးကားကလေး ဘာလေးရတော့ ဂေါက်ကွင်းကို သွားနိုင်တယ်။

နောက် လ၁ ရှစ်ရာသမားတွေကို ကားထုတ်ရောင်းလို့ မာဇဒါ [illegible]ငါ်မလီယာကလေး တစ်စီးရလိုက်တော့ ကိုယ့်ကားနဲ့ကိုယ် သွားရိုက်တယ်။

တနင်္ဂနွေနေ့ မနက်စာ စောစောစားပြီး တစ်နေ့လုံး သွားရိုက်တယ်။ [illegible]ပြန် ဘီယာကလေး ဘာလေး နည်းနည်းပါးပါး စုပ်။ အိပ်ပြန် [illegible]ောင်းစား။

ငွန်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သီချင်းကလေး ဘာလေး နားထောင်။ အစည်းအဝေးတို့ ဘာတို့ မရှိတဲ့ရက် ဌာနဆိုင်ရာမှာ ကျွန်တော့်အချိန်ဇယားက ပုံမှန်ပါပဲ။ အလုပ်များတဲ့ ရက်တွေမှာတော့ အချိန်ဇယားကို ဖျက်ရသပေါ့။

ဒါပေမဲ့ ကိုယ့်ကားနဲ့ကိုယ် ကြာကြာ မနေနိုင်ပါဘူး။ ရန်ကုန်လို မြို့ကြီးမှာ လခရှစ်ရာကျော်ကလေးရတဲ့ ကျွန်တော့်လိုကောင်မျိုး ဘယ်မှာ ကိုယ်ပိုင်ကားနဲ့ နေနိုင်ပါ့မလဲ။

သုံးနှစ်ကျော်တော့ ကျွန်တော့်ကားကို ရောင်းပစ်လိုက်တယ်။ ဂေါက်ကွင်းကိုလည်း သိပ်မသွားနိုင်တော့ဘူးပေါ့။ ဂေါက်ရိုက်တဲ့ တုတ်ကိုလည်း အိမ်မှာ ရှိုးနဲ့ ချိတ်မထားနိုင်တော့ဘူးပေါ့။ ရောင်းပစ်လိုက်ရတာပေါ့။ သူတို့ စကားနဲ့ ပြောရရင် ရှောဘရားသား လုပ်ရတာပေါ့။

မနက်ကျရင် ကျွန်တော် လမ်းလျှောက်တယ်။ အပြန် သတင်းစာ ဖတ်တယ်။ ရေမိုးချိုး ထမင်းစားတယ်။ ရုံးသွားတယ်။ တစ်ခါတလေမှာ အပေါင်းအသင်းများ၊ လုပ်ဖော်ကိုင်ဖက်များနဲ့ အပြင်ကို ထွက်ပြီး ထမင်းစားတယ်။

တနင်္ဂနွေနေ့ မနက်မှာ အိမ်က မိန်းမနဲ့ ရွှေတိဂုံကို သွားတယ်။ အသက်နည်းနည်း ရလာလို့လား မသိဘူး၊ ကျွန်တော်တို့ လင်မယား နှစ်ယောက်စလုံး ဘာသာရေး ကိုင်းရှိုင်းလာကြတယ်။ နေ့လယ်ကျရင် အိမ်မှာ မိသားစု စားစရာကလေး ဘာလေး တစ်ခုခု လုပ်စားကြတယ်။ ဆွေမျိုး မိတ်သင်္ဂဟတွေဆီကို အလည်အပတ် သွားကြတယ်။ သုဝဏ္ဏမှာရှိတဲ့ ကျွန်တော့်အစ်ကိုတစ်ယောက်ဆီကိုလည်း သွားတယ်။ အင်းစိန်မှာရှိတဲ့ သူ့မောင်ဆီကိုလည်း သွားတတ်တယ်။

တစ်ခါတလေမှာလည်း စမ်းချောင်းမှာ ရှိတဲ့ သူ့အဒေါ်များဆီ၊ တောင်ဥက္ကလာမှာရှိတဲ့ သူ့အစ်မ ဝမ်းကွဲများဆီကို သွားတယ်။ သူတို့ကလည်း လာတတ်ကြပါတယ်။ မဆိုးပါဘူး။ ခုခေတ်မှာ မိဘနဲ့ သားသမီး၊ မောင်နှမသားချင်းနဲ့ ဆွေမျိုးတွေ အနေဝေး အထိုင်ဝေးကြတော့ စိမ်းတတ်ကြတယ်။ မစိမ်းအောင်၊ ကြင်ကြင်နာနာရှိအောင် သွားလည်တဲ့အကျင့်ကို တမင်လုပ်ထားရတယ်။ ဒါတောင် မှန်မှန်မသွားဖြစ်၊ မလာဖြစ်ကြပါဘူး။ နှစ်လမှ တစ်ခေါက်၊ သုံးလ တစ်ခေါက်လောက်ပဲ ရောက်ပါတယ်။

ရုံးအား၊ ကျောင်းအားတဲ့ ရက်တွေမှာ လျှော်ရဖွတ်ရ၊ မီးပူတိုက်ရ ဟာဟီရှုပ်တွေ လုပ်ရတယ်ဆိုတော့ တယ်ပြီးမအားကြပါဘူး။





ကျွန်တော့်အိမ်က ရန်ကင်းမှာ။ တိုက်ခန်းကလေးက ခပ်ကျဉ်းကျဉ်း။ အိပ်ခန်း သုံးခန်းပါတဲ့ တိုက်ခန်းကို ရလိုက်တာ ကံကောင်းတယ်လို့ ဆိုရမှာပဲ။ တစ်အိမ်လုံးမှာ သားအမိ သားအဖ ခုနစ်ယောက်ရှိတယ်။

ကျွန်တော်တို့က တစ်ခန်း၊ သားသုံးယောက်က တစ်ခန်း၊ သမီးနှစ်ယောက်က တစ်ခန်း။ တော်ပါသေးရဲ့ အကြီးဆုံး သားက ဘီအီး(ပက်ထရိုလီယမ်)နဲ့ အောင်ပြီး အသစ်ဖွင့်တဲ့ ရေနံမြေတစ်ခုမှာ အလုပ်ရသွားတယ်။ သူက ပြန်မထောက်နိုင်သေးပေမဲ့ လက်လွှတ်သွားတော့ တော်သေးတာပေါ့။ သူ့အတွက် စရိတ်သက်သာသွားတယ်။ အိမ်မှာလည်း နေရာတော်တော် ချောင်သွားတယ်။ ဒီလောက် သက်သာရင် တော်ပါပြီ။ သူတို့ဆီကဟာကို မလိုချင်ပါဘူး။ အိုဗာဒိတ်ဖြစ်နေတဲ့ မော်တော်ကားများလိုပေါ့။ ဝန်တစ်ခု လျော့သွားတယ်ဆိုရင် မောင်းရတာ ပိုမြန်လာတာပေါ့။ အင်ဂျင် သက်သာတာပေါ့။ အိမ်မှာ လက်မလွှတ်ရတာ လေးယောက်ပဲ ကျန်တော့တာပေါ့။

ကျန်တဲ့ လေးယောက်ကလည်း အင်း. . . အဆိုးကြီးတော့ မဟုတ်ဘူး။ သမီးနှစ်ယောက်နဲ့ သားနှစ်ယောက် ကျန်တယ်။ သမီးအကြီးက အမ်စီဝမ်းမှာ။ အခုတော့ အိုင်အမ်ဝမ်းလို့ ခေါ်တာပေါ့၊ ဆေး ၁-ပေါ့။ သားအလတ်က တီမွေးကု မှာ။ သမီးအငယ်က ဖူးမှာ။ သူလည်း အမ်စီတို့ ဘာတို့မရပေမဲ့ မဆိုးပါဘူး။ ဂရိတ်ဖိုးလေး ဘာလေး ဝင်နိုင်ပါတယ်။ ဂရိတ်ဖိုးဝင်ရင် မာစတာလေး ဘာလေး တက်နိုင်တယ်။ ကံကောင်းရင် မွေးမြူရေးသင်တန်းလေး ဘာလေးတက်ပြီး အလုပ်လေး ဘာလေး ရနိုင်ပါတယ်။

အဲ . . . ခက်တာက အငယ်ဆုံးကောင် ဖော်မော်ရယ်။ ဒီကောင် အခြေခံပညာရေး အထက်တန်းမှာ ကျတာ သုံးခါရှိပြီ။ အငယ်ဆုံးကိုတော့ မအေက ချစ်လည်း ချစ်တယ်၊ အလိုလည်း လိုက်တယ်။ မအေတင် မကပါဘူးလေ၊ အဖေလုပ်တဲ့ ကျွန်တော်ကိုယ်တိုင်ကလည်း အလိုလိုက်တာပါပဲ။

ချစ်တာကတော့ ဘယ်သားသမီးကိုမှ မပိုပါဘူး။ တစ်ခါတလေမှာ တစ်ယောက်ယောက်ကို ပိုချစ်တဲ့စိတ် ပေါ်လာပေမဲ့ တစ်ယောက်အပေါ်မှာ အချစ်ပိုတာ ဘယ်တရားမလဲလို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမပြီး သားသမီးတွေ ကြားထဲမှာ အချစ်ကို ညီတူမျှတူ ခွဲဝေပေးနိုင်အောင် အမြဲကြိုးစားပါတယ်။

ဒီလိုအတွေးနဲ့ အငယ်ကောင် ဖော်မော်ကို အကြီးတွေထက် ပိုပြီး ချစ်ခဲ့သည့်တိုင် အလိုလိုက်ခဲ့တဲ့ အထဲမှာ ကျွန်တော်လည်း ပါတယ်။ ချစ်တာ မပိုနိုင်ပေမဲ့ အလိုလိုက်တာကတော့ ပိုတယ်။



www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်ဘူးလေ၊ အကြီးတွေတုန်းက သူတို့ကို ချစ်မယ့် အဘိုးတွေ၊ အဘွားတွေ ရှိတယ်။ သူတို့ကို ယုယကြတယ်။ သူတို့ကို အလိုလိုက်ပေးမယ့် အဒေါ်တွေ ဦးလေးတွေ ရှိခဲ့တယ်။ သူတို့လက်က မချခဲ့ကြဘူး။

အခုတော့ နှစ်ဖက်စလုံးက အဘိုးအဘွားတွေလဲ မရှိတော့ဘူး၊ အဒေါ်တွေ ဦးလေးတွေဆိုတာလဲ အိမ်ထောင်တွေနဲ့ ဖြစ်ကုန်ကြလို့ သူများ သားသမီးကို အလိုလိုက်ဖို့ မပြောနဲ့ ကိုယ့်သားသမီးတောင် အနိုင်နိုင်ရယ်။ ဒါကြောင့် အငယ်ကောင် ဖော်မော်ကို ဖအေရော မအေရော ပိုပြီး အလိုလိုက်ခဲ့ကြတယ်။

ဒီအကြောင်းကို အကြီးတွေကိုလည်း နားလည်အောင် ပြောပြရတယ်။

ဖော်မော် ရှစ်တန်းရောက်တဲ့နှစ်မှာ ကျွန်တော် ရာထူးတိုးပြီး ရန်ကုန်ပြောင်းရတယ်။ နယ်မှာ ကျယ်ကျယ်လွင့်လွင့် နေခဲ့ရတော့ ရန်ကင်းက တိုက်ခန်းကလေးတွေမှာ နေရတာကို အားမရဘူး။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ၊ ကိုယ်က နယ်က၊ မိန်းမကလည်း နယ်က၊ ရန်ကုန်မှာ အခြေမရှိဘူး။ တိုက်ခန်းကျဉ်းပဲပေါ့။ ဒီလောက် ရတာတောင် ကံကောင်းလို့ရတာ။

ရန်ကုန်ရောက်တော့ ဖော်မော်ကို ရန်ကုန်မှာရှိတဲ့ အကောင်းဆုံးဆိုတဲ့ အထက်တန်းကျောင်းတစ်ကျောင်းမှာ ထားတယ်။ ကျူရှင်ဆိုရင်လည်း အရေးကြီးတဲ့ ဘာသာတွေမှန်သမျှ ကျူရှင်ထားခဲ့တယ်။

အကြီးကောင်တွေတုန်းက ဘယ်မှာ ဒီလို ထားနိုင်လိမ့်မတုံး။ နယ်တွေမှာ ပြောင်းနေရတော့ နယ်ကျောင်းတွေမှာပဲ ထားခဲ့ရတယ်။ နယ်မှာဆိုတော့ ကျူရှင်တို့ ဘာတို့လည်း ကောင်းကောင်းမရှိပါဘူး။ သူတို့အထဲက ရန်ကုန် အထက်တန်းကျောင်းတုန်းက မီတဲ့လူက မီလိုက်ပါရဲ့။ ဒါပေမဲ့ တစ်နှစ်တစ်တန်းပဲ အောင်သွားကြတော့ သိပ်ပြီး ကိစ္စမရှိလှဘူးပေါ့။

ရန်ကုန်ရောက်တော့ ဖော်မော် ရှိလှရင် ဆယ့်လေးနှစ်ကျော်ကျော်ပဲ ရှိဦးမယ်။

အကြီးကောင်တွေက ဘတ်စ်ကားနဲ့ ကျောင်းတက်တယ်၊ တစ်ယောက်က ဆေးတစ်၊ တစ်ယောက်က ရာဇူး၊ တစ်ယောက်က တိမွေးကု။

ဒီတွင် အငယ်ဆုံးကောင် ဖော်မော်ကို ဘယ်လို ကျောင်းပို့မလဲဆိုတဲ့ ပြဿနာ ပေါ်လာတယ်။ အကြီးတွေက အထက်တန်းပညာရေးဆိုတော့ တစ်ခါတလေ တစ်နေ့လုံး တစ်ချိန်မှ မရှိတဲ့ ရက်တွေ ရှိတယ်။ တစ်ခါတလေ တစ်နေ့ကုန်လောက် တက်ရတယ်။ သည်တော့ သူတို့က အချိန်မမှန်ဘူး။ ဖော်မော်ရဲ့ ကျောင်းက အထက်တန်း နေ့ကျောင်း။





အချိန်မှန်ရမယ်။ မနက် ကိုးနာရီခွဲ တက်ပြီး ညနေသုံးနာရီခွဲမှာ ဆင်းတယ်။ ဒါကြောင့် သူ့ကို လမ်းကြုံသည့်တိုင် အစ်ကိုတွေ အစ်မတွေနဲ့ ထည့်လို့ မရဘူး။ ကျွန်တော် ဘတ်စ်ကားနဲ့ပဲ တက်စေချင်တယ်။

ဒါပေမဲ့ သူ့အမေက သူ့သား အငယ်ဆုံးကလေးကို စိတ်မချဘူးတဲ့လေ။ ဘတ်စ်ကားတွေကလည်း သိပ်ကြပ်၊ ပြီးတော့ ခုခေတ် ကောင်လေးတွေကလည်း ဘတ်စ်ကားစီးရင် အပေါ်ရောက်အောင် မတက်ဘဲ အပေါက်ဝမှာ ခြေတစ်ဘက် တွဲလောင်းနဲ့ စတန့်လုပ်ပြီး လိုက်ကြလွန်းလို့ သူ့သားအငယ်ဆုံးကလေးကို ဘတ်စ်ကားနဲ့ မတက်စေချင်ဘူးတဲ့။ စိတ်မချဘူးတဲ့။

ပြီးတော့ ဘတ်စ်ကားစီးမယ်ဆိုရင် ကျောင်းရောက်အောင် ကားနှစ်ဆင့် စီးရမယ်တဲ့။ အချိန်လည်း ကုန်၊ ပိုက်ဆံလည်း ကုန်။ လူလည်း ပင်ပန်းတယ်တဲ့။ ဒါကြောင့် ဖယ်ရီနဲ့ တက်တာ ကောင်းတယ်လို့ မိန်းမက ပြောတယ်။

ဟုတ်ပါတယ်။ ယုတ္တိရှိပါတယ်။ ဒါကြောင့် ကျွန်တော် သူ့အဆိုကို လက်ခံလိုက်တယ်။ သူ့အဆိုလို့ ပြောတာထက် သူ့အစီအမံကို လက်ခံလိုက်တယ်လို့ ဆိုနိုင်ပါသေးတယ်လေ။ ကျွန်တော် လက်မခံရင်လည်း သူက ဒီအတိုင်းပဲ လုပ်တော့မှာကိုး။

မဆိုးပါဘူး။ ကောင်းပါတယ်။ ဒါပေမဲ့ ထမင်းဘူး ထည့်ရတယ်။

ကျောင်းကားက သူ့အလှည့်နဲ့သူ၊ ကျွန်တော်တို့အပိုင်းကို စောစော တစ်လှည့် နောက်ကျတစ်လှည့် ရောက်တယ်။ ပြန်ရင်လည်း ကျွန်တော်တို့ ဆက်ကို စောစောတစ်လှည့် နောက်ကျတစ်လှည့်ပြန်တယ်။ တစ်ပတ်ကြီးကို လှည့်ခေါ်ရတော့ အသွားမှာ အမြဲစောတဲ့ လူကလည်း မကြိုက်ဘူး။ အပြန်မှာ အမြဲနောက်ကျနေပြန်ရင်လည်း မကြိုက်ဘူး။

ဒါကြောင့် တစ်လှည့်စီ လုပ်တာတဲ့။ ဒီတော့ ကျွန်တော်တို့တိုက်ရှေ့ ကိုလည်း စောစောတစ်လှည့် နောက်ကျတစ်လှည့် ရောက်တတ်တယ်။ နောက်ကျတဲ့ နေ့ဆိုရင် ကိစ္စမရှိဘူး။ စောစောလာတဲ့ နေ့ဆိုရင် မအေကြီးမှာ စောစောထမင်းထချက်ပြီး ထမင်းဘူးထည့်ပေးတယ်။ ဟင်းကိုတော့ မနေ့ညနေက ချက်ပြီးသားဖြစ်လို့ နွှေးလိုက်ရုံပါပဲ။

အင်း ချက်ရမှာပေါ့။ ထမင်းဘူးလည်း ထည့်ပေးရမှာပေါ့။ ဘယ်တတ်နိုင်မလဲ။ သူ့ကြောင့် ကျွန်တော်တို့အိမ်က တချို့ အချိန်ဇယားကို ပြောင်းလိုက်ရတယ်။ မအေကြီးခမျာ ညနေကျရင် ဈေးပြေးပြီး ပြန်လာချက်ထား၊ နောက်ကျတော့ ထမင်းကလေးတစ်အိုး ထပ်တည်ပြီး ထည့်ပေးလိုက်၊ ဒင်တော့



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းတယ်။ ဒါပေမဲ့ ကြာတော့လည်း အကျင့် ဖြစ်သွားတာပါပဲ။

ဒီမှာ ထမင်းဘူးကနေပြီး ပြဿနာတစ်ခု တက်လာတယ်။ ကျွန်တော့် အိမ်ထောင်က ဝမ်းအင်ကမ်းဖင်မလီလို့ ခေါ်တဲ့ ဝင်ငွေတစ်မျိုးတည်းရှိတဲ့ အိမ်ထောင်။ လကုန်ခါနီးကျရင် နည်းနည်း ရှားပါးလာတယ်။ ခန်းလာတယ်ပေါ့။ လကုန်ခါနီးလို့သာ ပြောရတာပါ။ ဆယ့်ငါးရက် နောက်ပိုင်းဆိုရင် နည်းနည်း ခန်းစပြုလာပြီ။

ဟင်း ညံ့လာတယ်။ ထမင်းဘူးထဲကို ဆီပြန်ဟင်း မထည့်နိုင်တော့ဘူး။ ခက်တာက အငယ်ဆုံးကောင် ဇော်မော်ကလည်း အညာမှာ မွေးခဲ့လို့လား မသိဘူး။ ဆီဆိုရင် အလွန်ကြိုက်၊ လဝက်ကျော်လာရင် သူ့ ထမင်းဘူးထဲကို ပဲပြုတ်ကျော်ကလေး တစ်လုည့်၊ ဘဲဥဟင်းကလေး တစ်လှည့်၊ အသား ခပ်ပြောက်ပြောက်နဲ့ ကြော်ထားတဲ့ ဟင်းသီးဟင်းရွက်ကြော်ကလေး တစ်လှည့်၊ တစ်ခါတလေလည်း ပေါပေါလောလောရတဲ့ ပင်လယ်ငါးကို မညှီအောင် မဆလာများများနဲ့ ကုလားချက် ချက်ပြီး ထည့်ပေးရတယ်။

ဒီတော့ ကိုယ်တော်ချော ဇော်မော်ဆီက ကွန်ပလိန်းတက်လာတယ်။ ကျောင်းမှာ သူငယ်ချင်းတွေ ထမင်းဘူး အတူတူဖွင့်ပြီး ဝိုင်းထိုင် စားကြရင်၊ ဟင်းစုံပြီး စားကြရင် မျက်နှာငယ်နေတယ်တဲ့။ ရယ်တယ်တဲ့။ ဒါကြောင့် ထမင်းဘူး မယူချင်တော့ဘူးဆိုပြီး ငြင်းလာတယ်။

ကျွန်တော် သူ့ကို တတ်နိုင်သမျှ ဆုံးမ အဲ . . . ဆွေးနွေးပါတယ်။ ဒါပေမဲ့ မရပါဘူး။ မနက်ခင်း အိမ်မှာတင် ကျက်သမျှ ရှိသမျှနဲ့ စားသွားတယ်။ နေ့လယ်ကျမှာ သွားရည်စာကလေး ဘာလေး စားသတဲ့။ ဆာမှာပေါ့ကွာ။ ကျွန်တော်က ပြောတော့ ရပါတယ်တဲ့။ မဆာပါဘူးတဲ့။ မတတ်နိုင်ဘူးလေ။ သူ့ဆုံးဖြတ်ချက်နဲ့ သူကိုး။

အဲ . . . ကျောင်းက ပြန်ရောက်လာရင်တော့ ရောက်ရောက်ချင်း ထမင်းကို ဇလုံကြီးနဲ့ တစ်လုံးကုန်အောင် စားပစ်လိုက်တာပဲ။ စားပြီး ဟိုနား သည်နား လျှောက်လည်၊ ည ၇ နာရီ ၈ နာရီလောက်ကျတော့ ဆာတယ် ဆိုပြီး တစ်ထပ်ပြန်စားသေးတယ်။ ဒီတော့ သူ့ တစ်နပ် ပိုစားသွားတာပေါ့။

ထားပါ။ ဒါလည်း ကျွန်တော် မပြောပါဘူး။

မိဘဆိုတာ သားသမီးကို မကြည်ဖြူတဲ့ မိဘရယ်လို့ ဘယ်ရှိပါ့မလဲ စားပါစေ။

ကိုးတန်းရောက်တဲ့ နှစ်အစမှာ ဒီကောင် ဇော်မော် သူ့အမေကို လွယ်အိတ်ဝယ်ပေးလို့ ပူဆာတယ်။ သူ့လွယ်အိတ်က အကောင်းကြီးရှိသေးတယ်။





ကျွန်တော် ကချင်ပြည်နယ်က အပြန်မှာ ဝယ်လာတာ။ မနှစ်က သူ့ကို ထုတ်ပေးတယ်။ မနှစ်ကဆိုတာတောင် နှစ်ဦးက မဟုတ်ဘူး။ နှစ်ကုန်လို့ ဒီဇင်ဘာ ကျောင်းပိတ်ခါနီးမှ ထုတ်ပေးထားတာ။

ခုနှစ်တန်းအောင်လို့ ကိုးတန်းရောက်ပြီ။ ဘာကြာလိုက်သလဲ။ ခြောက်လလောက်ပဲ ကိုင်လိုက်ရတယ်။ ဒီအထဲမှာ ကျောင်းပိတ်မှာ မကိုင်တဲ့ ရက်တွေကို နုတ်လိုက်ရင် သူ တကယ်ကိုင်တာ သုံးလလောက်ပဲ ရှိမယ်။

ဒါပေမဲ့ ခု ဒီကချင်လွယ်အိတ်ကို မကိုင်ချင်ဘူးတဲ့။ ဂျင်းလွယ်အိတ်မှ တဲ့။ ကျွန်တော်လည်း သူတို့ပြောတဲ့ ဂျင်းလွယ်အိတ်ဆိုတာကို ဘာမှန်း မသိပါဘူး။ တစ်နေ့မှာ ကျွန်တော်တို့ တိုက်အောက်ထပ် တစ်ခန်းခြားက ကောင်မလေးနှစ်ယောက် ကိုင်သွားတာကို မြင်မှ သူ့အမေက ပြလို့ ဂျင်းလွယ်အိတ်ဆိုတာကို သိတာ။

လွယ်အိတ်ကလေးက လှပါရဲ့။ ကောင်မလေးတွေ နုနုရွရွကလေး ကိုင်ရင်တော့ အကိုင်ခံမှာပေါ့။ ဒါပေမဲ့ ဒီကောင်တွေ ကိုင်လို့ကတော့ ဒီဂျင်းလွယ်အိတ် ဘယ်လောက် ခံမှာတုံး။ ဒါပေမဲ့ ကျွန်တော် ဝယ်ပေးလိုက်ပါတယ်။ ကျွန်တော့်ဘက်က ကျွန်တော် တစ်ယောက်တည်း ရှိတာကိုး။ သူ့အမေက စပြီး အစ်မတွေရော အစ်ကိုကပါ သူ့ဘက်ကဆိုတော့ ကျွန်တော့်မှာ တစ်မဲတည်း ရှိတာကိုး။

သူ့အမေနဲ့ အစ်မတွေက . . .

"အဖေကြီးဟာ တော်တော် ခေတ်နောက်ကျတယ် . . . ၊ ခုခေတ်ကလေးတွေက ရှင်တို့ခေတ်တုန်းကလို လွယ်အိတ်ထူလပျစ်ကြီးတွေ မကိုင်ချင်ဘူး ရှင့်၊ ပေါ့ပေါ့ပါးပါး လှလှကလေးတွေ ကိုင်ချင်တာ" လို့ ပြောတယ်။

"ဖေဖေတို့ ကိုင်တဲ့ ကချင်လွယ်အိတ်တို့ ဘာတို့ ဆိုတာက ဘိုးတော်ဘုရားလက်ထက်က ကိုင်တာ" လို့ ပြောတယ်။

ကျွန်တော် ဘာမှမပြောပါဘူး၊ အသာပဲ နေလိုက်ပါတယ်။

မကြာပါဘူး . . .

နောက် အဲဒီနှစ် သီတင်းကျွတ် ကျောင်းပြန်ဖွင့်ခါစ တစ်ရက်မှာ ကျွန်တော် ရုံးက ပြန်လာတော့ ညှော်ခန်းထဲမှာ အစ်မနှစ်ယောက်ရယ်၊ မောင်အငယ် ဇော်မော်ရယ် စကားများနေကြသံကို လှေကားက တက်လာကတည်းက ကြားရတယ်။

ခါတိုင်းဆိုရင် အမေကြီးရော သမီးနှစ်ယောက်ကရော ကျွန်တော် ရုံးက ပြန်လာချိန်ဆိုရင် အိမ်ရှေ့ ဝရံတာကလေးကနေ ထွက်ပြီး မျှော်နေကျ။

www.burmeseclassic.com



ကျွန်တော့်ကို လှမ်းမြင်လိုက်တယ်ဆိုရင် အိမ်ရှေ့တံခါး ဖွင့်နေကျ။

ဒီနေ့တော့ အိမ်ရှေ့ဝရံတာမှာ အမေကြီးကိုရော သမီးတွေကိုရော မမြင်ရဘူး။ သမီးတွေက ကျောင်းက ပြန်မလာကြသေးဘူး ထင်ရဲ့၊ အမေကြီးကတော့ သား မနက်စာ စောစောစားသွားနိုင်အောင် မီးဖိုထဲမှာ အလုပ်များနေဟန်တူပါရဲ့လို့ ကျွန်တော် ထင်လိုက်မိတယ်။

ကျွန်တော့်အခန်းက နှစ်ထပ်မှာ။ ဒါနဲ့ ကျွန်တော် လှေကားကို ကွေ့တက်လာတယ်။ ကိုယ့်အခန်းရှေ့ရောက်တော့ အခန်းထဲက ဆူဆူညံညံ ပြောနေတဲ့ အသံတွေ ကြားရတယ်။ ဇော်မော့်အသံရယ်။ အကြီးနှစ်ယောက်ရဲ့ အသံရယ်။ အမေကြီး အသံရယ်။

ဘာတွေ ပြောနေကြမှန်း မသိတော့ မသိဘူး။ အစ်မနှစ်ယောက်က ဆူတယ်။ ဇော်မော်က ပြန်အော်တယ်။ အမေကြီးကတော့ စိတ်မရှည်နိုင်တဲ့ အသံနဲ့ ညည်းတယ်။

ကျွန်တော် အော်ခေါ်တော့မှ တံခါးဖွင့်ပေးလိုက်တယ်။ အထဲမှာ သူတို့ သားအမိလေးယောက် ဘာတွေဖြစ်နေကြမှန်း မသိတော့ဘူး။

ကျွန်တော်လည်း ရောက်လာရော၊ အမေကြီးက စောသားပဲ ဘာပဲနဲ့ လေပြေထိုးပြီး၊ သမီးနှစ်ယောက်နဲ့ ဇော်မော်ကတော့ သူတို့အခန်းကို သူတို့ ပြန်ဝင်သွားကြတယ်။ သူတို့မျက်နှာတွေ ကြည့်လိုက်တော့ သိပ်မကောင်းလှဘူး။ ကျွန်တော်လည်း ဘာမှ မမေးပါဘူး။ သူတို့ကလည်း ကျွန်တော့်ကို ဘာမှ မပြောဘူး။

နောက် တစ်ပတ်လောက် ကြာသွားတယ်။

တစ်ရက်မှာ ကျွန်တော် ရုံးသွားခါနီး အိမ်ရှေ့မှာ အင်္ကျီလိပ်ပိုင်း သတင်းကို နားထောင်နေတယ်။ ဇော်မော်က ကျောင်းသွားမယ်ဆိုပြီး သူ့အခန်းက ထွက်လာတယ်။ သူ့ကို လှမ်းကြည့်လိုက်တော့ သူ့ပခုံးပေါ်မှာ ဂျင်းလွယ်အိတ်ကို မတွေ့ရတော့ဘူး။ အဲဒီ နေရာမှာ ဂျင်းလွယ်အိတ် လှလှကလေးအစား စစ်လွယ်အိတ် ရောက်နေတယ်။

''ဟေ့ ဇော်၊ မင်း လွယ်အိတ်ကော''

''ရှိပါတယ်''

ကျောင်းကား လာနေလို့ သူနဲ့ ကျွန်တော် အမေးအဖြေ သိပ်လုပ်ချိန် မရလိုက်ဘူး။ ကျွန်တော်လည်း ရုံးကို ထွက်လာခဲ့တယ်။ ရုံးက ပြန်လာတော့မှ သူ့အမေက သူ့သား ပူဆာလို့တဲ့။ သံချေးကို လိုက်ပြီး စစ်လွယ်အိတ် ဝယ်





ပေးရတယ်တဲ့။ လေပြေကလေးနဲ့ ပြောတယ်။

တစ်ချက်။

ဂျင်းလွယ်အိတ် အကောင်းကြီး ရှိရဲ့သားနဲ့ စစ်လွယ်အိတ် ဝယ်ပေးတာ ကျွန်တော် မကြိုက်ဘူး။ အပိုကုန်တယ်။

နှစ်အချက်က ခဏခဏ ပြောင်းတာကို ကျွန်တော် မကြိုက်ဘူး။ စောစောတုန်းက ဂျင်းလွယ်အိတ်ကို လိုချင်လှချည့်ရဲ့ဆိုပြီး ပူဆာလို့ ဝယ်ပေးတယ်။ ဝယ်ပေးတော့ ဟောင်းအောင်တောင် မကိုင်ဘူး။ ကျောင်းဖွင့်စက ဝယ်ပေးတယ်။ သီတင်းကျွတ် ကျောင်းပြန်ဖွင့်တော့ စစ်လွယ်အိတ် ပူဆာတယ်။

''အဖေကြီးကလဲ ခက်တာပဲ။ ခုခေတ် ဂျင်းလွယ်အိတ် မဟုတ်တော့ဘူး ရှင့်။ စစ်လွယ်အိတ်တွေ ကိုင်ကြတယ်။ ကြည့်ပါလား။ ကောင်လေးတွေ ကောင်မလေးတွေ အားလုံး စစ်လွယ်အိတ်ချည်းပဲ ကိုင်ကြတာ။ သူများ ကိုင်တော့လဲ ကိုင်ချင်တာပေါ့''တဲ့။

ကျွန်တော် သိပ် အငြင်းအခုန် မလုပ်တော့ပါဘူး။ လုပ်လို့လည်း ဘာထူးမှာလဲ။ လွယ်အိတ်က ဝယ်ပြီးနေပြီ။ ခါတိုင်းလိုပဲ အလျှော့ပေးလိုက်ပါတယ်။

တစ်ယောက်က ဂျင်းလွယ်အိတ်ဆိုရင် သူတို့ လိုက်ကိုင်ကြတယ်။ တစ်ယောက်က စစ်လွယ်အိတ်ဆိုရင် စစ်လွယ်အိတ် လိုက်ကိုင်ကြပြန်ရော။

ခု နောက်ဆုံး ကြည့်။ စစ်လွယ်အိတ် မဟုတ်ပြန်ဘူး။

ကမ္ဘောဇတို့၊ ရာမညတို့ကို ကိုင်ကြပြန်ပြီ။ စစ်လွယ်အိတ်ကတော့ ဗီရိုကြားထဲမှာ ပင်စင်ယူသွားပြီ။

ကျွန်တော် ဘာမှ မပြောတော့ပါဘူး။ ပြောရင် သူတို့က ကျွန်တော့်ကို ရှေးဆန်သလေး၊ ခေတ်နောက်ကျသလေးနဲ့ ပြောကြဦးမှာ။

*

ဆယ်တန်းကို နှစ်နှစ်ကျပြီးတဲ့အချိန်မှာ ဒီကောင် ဂစ်တာတီးတယ်။ ဂစ်တာကို ကျွန်တော်လည်း ဝါသနာပါပါတယ်။ ကျွန်တော် ကျောင်းသားတုန်းက အခု ဒဂုန်လို့ ခေါ်တဲ့ ဝယ်လင်တန် ကျောင်းဆောင်မှာ နေခဲ့တယ်။ ခု ရွှေဘိုလို့ ခေါ်တဲ့ နော့သ်ဟောမှာ နေခဲ့တယ်။ အများအားဖြင့် ကပြားတွေ၊ ကရင်တွေ နေကြတဲ့ ကျောင်းဆောင်တွေ၊ စပင်နစ်ဂစ်တာလို့ခေါ်တဲ့ ဂစ်တာကို အဲဒီတုန်းကတည်းက သူတို့တစ်တွေ တီးကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ဝါသနာပါလို့ တီးတယ်။ တီးတော့ အင်္ဂလိပ်သီချင်း။ အိုရိုင်စ်မာရီတို့၊ လာဖ့်မီတင်းဒါးတို့၊ မဟာရာဂျာတို့၊ ဘလူးစကိုင်းတို့၊ သရီးကွိုင်းအင်သဖောင်တင်တို့၊ ဂျူဒီတို့၊ ဒေါင်အာကျင်းတိုင်းဝေးတို့ စတဲ့ အဲဒီခေတ်တုန်းက ခေတ်စားခဲ့တဲ့ အင်္ဂလိပ်သီချင်းတွေ။

အခန်းထဲတွင် မကပါဘူး။ ညလသာသာမှာ သီရိလို့ အခုခေါ်နေကြတဲ့ ဗင်တန်ဟောရှေ့နား အုတ်တံတားလက်ရန်းပေါ်မှာ၊ ရေတာမာပင်ရိပ်အောက်မှာ၊ ယုဒသန်ဘုရားရှိခိုးကျောင်းအရိပ်မှာ၊ ဒါပေမဲ့ ကျွန်တော်တို့ ဂစ်တာတီးတယ်ဆိုတာ ညမှာ အမှောင်ရိပ်မှာ လူရှင်းရာမှာ။

ဒါပေမဲ့ ခု ဇော်မော်တို့ကျတော့ ဒီလို မဟုတ်ဘူး။ နေ့လယ်ကြောင်တောင်ကြီး လှေကားရင်းမှာ၊ သူများတိုက်ခန်း ခေါင်းရင်း ပြတင်းပေါက်နားမှာ ပြောင်ပြောင်ပဲ။

တစ်ခါတလေမှာ လှေကားမှာ စုပြုံ ထိုင်တီးနေကြလို့ မောင်မင်းကြီးသားများကို မနည်းတောင်းပန် တိုးဝှေ့ပြီး အပေါ်ထပ် တက်လာခဲ့ရတယ်။

သည့်ကောင် ပူဆာလွန်းလို့တဲ့။ အမေက ပင်းမန်းနီးလို့ ခေါ်တဲ့ သူ့[illegible] လိုလိုမယ်မယ် စုထားတဲ့ ငွေကလေးထဲက ဂစ်တာတစ်လက် ဝယ်ပေးတယ်။

တီးလိုက်တဲ့ ဂစ်တာ။ ကိုယ့်အိမ်လှေကားရင်းမှာလည်း မနေရ။ သူများ တိုက်ခန်းကြီးမှာလည်း တဒေါင်ဒေါင်နဲ့။ ကျွန်တော် ဇော်မော်ကို ဆုံးမ။ အဲ... ဆွေးနွေးပါတယ်။ ဂစ်တာဟာ သူများကို အနှောင့်အယှက် မဖြစ်စေရဘူး။ နေ့ခင်းကြောင်တောင်ကြီး သူများတိုက် လှေကားရင်းမှာ တီးလို့ မကောင်းဘူး။ အင်္ဂလိပ်သီချင်းတီးရင် အင်္ဂလိပ်သီချင်း ပီပီသသ တီးရတယ်။

ခု မင်းတို့ဟာက မြန်မာလည်း မဟုတ်၊ အင်္ဂလိပ်လည်း မဟုတ်[illegible] မကောင်းဘူးလို့ ကျွန်တော် ပြောတယ်။ ဒါတွင် မကဘူး။ ခေတ်ဟောင်း[illegible] ခေါ်တဲ့ စစ်မဖြစ်မီက အေဝမ်းက သီချင်းမျိုးတွေဟာ အင်္ဂလိပ်သံတွေ ပါတယ်[illegible] သူတို့ကို ကောင်းကောင်း ခေတ်မီမီ တီးကွက်တွေနဲ့ တီးရင် ကောင်းတယ်[illegible] ပြောတော့ သူတို့က လက်မခံကြဘူး။

အဘိုးကြီးက သိပ်အောက်သတဲ့။ ကျွန်တော့်ကွယ်ရာမှာ [illegible] တတ်တယ်။

အိမ်မှာ ကက်ဆက်ကလေးတစ်လုံး ဝယ်ထားတယ်။

ကျွန်တော်က သူတို့ စုံအောင် နားထောင်ပါစေတော့ဆိုပြီး သီချင်း[illegible] အခွေတွေကို ဝယ်ပေးတယ်။ သူတို့ ကြိုက်တဲ့ စတီရီယိုတွေကိုလည်း [illegible]





ရာရွေးပြီး ဝယ်ပေးတယ်။ ဒါတင်မကဘူး။ မြန်မာစိတ်မပျောက်အောင် မြန်မာ အနုပညာကို (ကြိုက်တာ မကြိုက်တာ အပထား) အထိုက်အလျောက် နားလည်အောင် သိအောင် သူများပြောရင် ပါးစပ်ကြီး အဟောင်းသားနဲ့ နားထောင်ရတဲ့ အဖြစ်မျိုးကို မရောက်အောင် ဆိုင်းတို့၊ စန္ဒရားတို့နဲ့ တွဲတဲ့ ခေတ်ဟောင်းသီချင်းအခွေတွေ ဝယ်ပေးတယ်။

ဥပမာ နန်းတော်ရှေ့ရဲ့ သီချင်းမျိုး၊ ရွှေတိုင်ညွန့်ရဲ့ သီချင်းမျိုး၊ အေဝမ်းဆရာညွှာရဲ့ သီချင်းမျိုးတွေကို ဝယ်ပေးတယ်။ ခေတ်ဟောင်းက အနောက်တိုင်းတေးသံပါတဲ့ သီချင်းမျိုးတွေကိုလည်း ခုခေတ် ဆင်သီဆိုက်ဇာတို့ အော်ဂင်တို့ ဂစ်တာတို့နဲ့ ပြန်သွင်းထားတဲ့ တစ်သစ်ဆန်း အခွေမျိုးတွေကိုလည်း ကျွန်တော် ဝယ်ပေးတယ်။ ခုခေတ်စားနေတဲ့ အနောက်တိုင်းက အက်ဘာတို့၊ ဒွန်နာဆန်းမားတို့၊ တီနာချားလ်တို့၊ ထရေစီဟွန်းတို့စတဲ့ အင်္ဂလိပ် အခွေတွေကိုလည်း ကူးပေးတယ်။

ဒါပေမဲ့ သူတို့ နားမထောင်ဘူး။ သူတို့ကြိုက်တဲ့ စတီရီယို ဘိုမကျမြန်မာလည်း မကတဲ့ စတီရီယိုကိုပဲ နားထောင်တယ်။ ကျွန်တော်က အဲဒါတွေကို နားမထောင်ရဘူးလို့ မဆိုလိုပါဘူး။ အဲဒါတွေလည်း နားထောင်ပါ။ ကျွန်တော်တို့ မြန်မာသံတွေ ခေတ်ဟောင်းတေးတွေကိုလည်း နားထောင်ပါ။ ဒါမှ အားလုံးကို သိပြီးမှ ကြိုက်ရာကို ရွေးချယ်ပါ။

အခု သူတို့ဟာ မဟုတ်ဘူး။ အားလုံးကို မသိဘဲနဲ့ တစ်ခုတည်း သိပြီး အဲဒါ တစ်ခုသာလျှင်ကောင်းပြီး ကျန်တာတွေ အလကားလို့ ထင်နေတယ်။

ကျွန်တော်က မောင်ကိုကိုနဲ့ တင်တင်မြတို့ရဲ့ 'ပန်းမြိုင်လယ်'ကို ဖွင့်ပြီး တတ်သမျှ မှတ်သမျှ အရသာခံပြတယ်။ လျှာထွက်လုမတတ် အဓိပ္ပာယ် ရှင်းပြတယ်။

သည်တော့ ကျွန်တော့်သား ဇော်မော်က ဘာပြောတယ် ထင်သလဲ။ ဘာကြီးမှန်းလဲ မသိဘူးတဲ့။

'ပန်းမြိုင်လယ်၊ သာနယ်ဘွေ၊ မျှော်လေတိုင်း ပြာခြေဆိုင်း ဝေမှိုင်းမှုန်ခြယ်' ဆိုတာ ဘာအဓိပ္ပာယ်လဲတဲ့။ မြန်မာစာတော့ မြန်မာစာပဲတဲ့။ ဒါပေမဲ့ ဘာတွေမှန်း မသိဘူးတဲ့။ အမယ်လေး မောလိုက်တာ။

ကောင်းပြီ။ ဒီလိုဆိုရင် ကျွန်တော် တစ်နည်း စမ်းကြည့်မယ်ဆိုပြီး ဆင်းကရော့စတီဆိုသွားတဲ့ ဘလူးစကိုင်းတို့၊ ဖရင့်ဆီနာထရာဆိုသွားတဲ့ သရီး ဆင်တဲဝါးစ်တို့၊ နတ်ကင်းကိုး ဆိုသွားတဲ့ ဘနားနားဘုတ်ဆောင်းတို့၊ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်က တီးခဲ့ ဆိုခဲ့ကြတဲ့ အသည်းသီချင်းများ ဖြစ်တဲ့ စလိုးဘုတ်တူချိုင်းနား တို့ကို ဖွင့်ပြတယ်။ ဒီတော့ ကျွန်တော့်သားတော်မောင်က အဖေ့သီချင်းတွေက ဝိတိုရိယဘုရင်မကြီးခေတ်က သီချင်းတွေဗျ၊ ခုခေတ်က ဒစ္စကိုခေတ်တဲ့။

ကျွန်တော် မကြိုးစားတော့ပါဘူး။ အသာပဲ ကြည့်နေလိုက်တော့တယ်။ ကျွန်တော့်သား ဖော်မော်ကတော့ သူတစ်ပါး အိမ်လေ့ကား ခြေရင်းမှာ နေ့ခင်း ကြောင်တောင် ဂစ်တာတီးမြဲ၊ ဒစ္စကိုတွေကို သဘောကျမြဲပါပဲ။

ဆယ်တန်းကို တတိယအကြိမ်မြောက် ကျပြီးတဲ့နှစ်မှာ ဖော်မော်က ကျောင်းမနေချင်တော့ဘူးလို့ ပြောလာတယ်။ ကျွန်တော့်ကိုတော့ တိုက်ရိုက် ပြောတာ မဟုတ်ပါဘူး။ သူ့အမေကို ပြောတာပါ။ ကျွန်တော်ကတော့ နှစ်ခါ ကျပြီးကတည်းက သူ့ကို ခပ်မှန်မှန် ခပ်တန်းတန်း နေပြလိုက်တယ်။

"နို့ သူက ကျောင်းမနေတော့ ဘာလုပ်မှာတဲ့လဲ"

"သင်္ဘောလိုက်ချင်တယ်လို့ ပြောနေတယ်၊ အဖေ လိုက်ပြောပေးပါ တဲ့"

"နေပါဦး၊ ကျုပ်က ဘယ်ကို လိုက်ပြောပေးရမှာတုံး"

"သိဘူးလေ၊ ဆိုင်ရာကို နေမှာပေါ့"

ကျွန်တော့်မှာ ပြောချင်သည့်တိုင်အောင်လည်း ဒီကောင်ကို သင်္ဘောသား မလုပ်စေချင်ဘူး။

နိုင်ငံရပ်ခြား စွန့်စွန့်စားစား ထွက်လုပ်တယ်ဆိုတာ ကောင်းပါတယ်။ ဒေသန္တရ၊ ဘာသန္တရ ဗဟုသုတတွေ ရပါတယ်။ ငွေနဲ့ ဝယ်ယူလို့ မရနိုင်တဲ့ အတွေ့အကြုံတွေလည်း ရပါတယ်။ ဒီထက် ကြီးကြီးကျယ်ကျယ် ပြောရရင် အပြင်ထွက် အလုပ်လုပ်တဲ့အတွက် ကိုယ့်တိုင်းပြည်မှာ နိုင်ငံခြားငွေ တိုးပါတယ်။ ကောင်းပါတယ်။

ဒါပေမဲ့ သင်္ဘောသားဖြစ်ပါပြီတဲ့။ တစ်ခေါက်ထွက်ရပါပြီတဲ့။ ကား တစ်စီး ဝယ်ပြန်လာပါပြီတဲ့။

ပြီးတော့ ဘာလုပ်မလဲ။ နောက်တစ်ခါ သင်္ဘောသား ပြန်လိုက်ဦး မှာလား။ လိုက်တိုင်းကော ရမှာတဲ့လား။ မရရင် ဘယ့်နှယ့်လုပ်မလဲ။ ပညာက စကောစက၊ တချို့ လူငယ်တွေဟာ သူတို့ ဘဝအခြေအနေနဲ့ သူတို့ သင်္ဘော လိုက်သွားကြပေမဲ့ ကိုယ်က ကိုယ့်ဘဝ အခြေအနေနဲ့ ကိုယ် လိုက်သင့် မလိုက်သင့် မစဉ်းစားထိုက်ပေဘူးလား။

သူများ ဂစ်တာတီးလို့ လိုက်တီးတာ၊ သူများက ဂျင်းလွယ်အိတ်ကိုင်





တာနဲ့ ကိုယ်က လိုက်ကိုင်တာ၊ သူများက စစ်လွယ်အိတ်ကိုင်တာနဲ့ လိုက်ကိုင် တာက ကိစ္စမရှိဘူး။ လွယ်အိတ်တစ်လုံး ဆုံးရုံရယ်၊ သူများက ကိုယ့်အကြောင်း နဲ့ ကိုယ် သင်္ဘောလိုက်သွားတာကို ကိုယ်က ဖက်ရှင်လုပ်ပြီး လိုက်သွားလို့ ကောင်းပါ့မလား။

"မဖြစ်ပါဘူးကွာ၊ ငါ ခွင့်မပြုနိုင်ဘူး"

ကျွန်တော်က မအေကြီးကို ပြောလိုက်တယ်။

"စဉ်းစားပါဦးလေ၊ ခုလဲ လိုက်မှာမှ မဟုတ်သေးတာ၊ နောင်အခါ အခွင့်သင့်တော့မှ လိုက်မှာပါ"

"ဟင့်အင်း၊ မစဉ်းစားနိုင်ဘူး၊ ငါကတော့ ဆုံးဖြတ်ပြီးသားပဲ ခွင့်မပြု နိုင်ဘူး ပြောင်ပြောင်ပဲ ပြောလိုက်"

"အဖေကြီးကလဲ တယ်ပြီး ရှေးဆန်တာကိုး၊ သူများ သားသမီးတွေ လူကုံထံ သားသမီးတွေလဲ လိုက် လိုက်နေတာပဲ၊ သူလဲ လိုက်ချင်မှာပေါ့၊ ပြီးတော့ ပြန်လာရင် နိုင်ငံခြားပစ္စည်းနဲ့ မော်တော်ကားနဲ့၊ ကိုယ့်လက်ထက် မစီးနိုင်ပေမဲ့ သားလက်ထက်ကျတော့ စီးနိုင်တာပေါ့၊ ဖွတ်မလုပ်ပါနဲ့၊ တော် တော်ကြာ စိတ်ဖောက်ပြီး ထင်ရာလုပ်သွားရင် ဘယ့်နှယ်လုပ်မလဲ။

"သားသမီးတွေ ပညာသင်ရတော့ ဒီကလဲ စီးရကောင်းစေ့ မအောက် မေ့ပါဘူး။ သားတွေ သမီးတွေကလဲ ဒီလောက် မတောင့်တပါဘူး၊ ခုတော့ သူတို့လို ငယ်ငယ်ရွယ်ရွယ်နဲ့ ရှာနိုင်တုန်းမှာ သူတို့ဘာသာရတဲ့ အခွင့်အရေး လေးကို သုံးပြီး ရှာချင်ကြတာပေါ့၊ ကိုယ့်လက်ထက်မှာ မစီးနိုင်လို့ ကိုယ့်သား သမီးလက်ထက်မှာ သူတို့နည်းနဲ့ သူတို့စီးအောင် လုပ်နိုင်ရင် ခွင့်ပြုသင့်တာပေါ့"

ဒီတစ်ခါတော့ ကျွန်တော် ချက်ကောင်းကို ထိသွားတယ်။ သူပြောချင် တာကို ဘာသာပြန်လိုက်ရင် ရှင့်လက်ထက်မှာ စီးအောင် လုပ်နိုင်တဲ့ အရည် အချင်း မရှိဘူး။ ခု သားသမီးတွေက သူတို့အရည်အချင်းနဲ့ ကားစီးအောင် လုပ်နိုင်တယ်ဆိုရင် မပိတ်ပင်ပါနဲ့ဆိုတဲ့ သဘောပေါ့။

ချက်ကောင်းထိသွားတော့ ကျွန်တော် နည်းနည်းအောင့်သွားတယ်။ ဒါပေမဲ့ မအေကြီးက ပါးတယ်၊ ကျွန်တော့်ပျော့ကွက်ကို အသာကလေး နင်းထားပြီးမှ ကျွန်တော် ခံသာအောင် ဈေးစပ်ရေး လုပ်တယ်။

"ဩော် . . . ဒီကတော့ သားလေးကလဲ လိုက်ချင်၊ အဖေကြီးလဲ ပင်စင်ယူပြီးတော့ သက်သောင့်သက်သာ နေစေချင်လို့ ပြောတာပါ။ တစ်သက်လုံး ဒီက သားမယားကို ရုန်းကန်ရှာဖွေ ကျွေးလာရပြီး ပင်စင်ယူတော့လဲ ဗိမ်ကလေး နဲ့မှ မနေရဘူးဆိုတော့ သနားလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကလဲ ဝင်ငွေ တစ်ပြားမှရအောင် မရှာတတ်၊ ပြီးတော့ သားလေး သဘောလိုက်မယ် ပြောတာကလဲ ခုလောလောဆယ်ဆယ် ပြောတာ မဟုတ် သေးပါဘူး။ ဆယ်တန်း အောင်ပြီးမှပါ၊ စာမေးပွဲက လိုပါသေးတယ်၊ လုပ်စရာ ရှိရင် လုပ်ထားနိုင်အောင်သာ ကြိုကြိုတင်တင် ပြောထားတာပါ"

ကျွန်တော် ဘာမှ မပြောတော့ပါဘူး။ အသာငြိမ်နေလိုက်ပါတယ်။

ကျွန်တော်က တစ်ယောက်တည်းရယ်။

သူတို့က အများစုကိုး။

*

ဆယ်တန်း ဒုတိယအကြိမ် ဖြေပြီးတဲ့နှစ်မှာ ဖော်မော် အပြင်ကျူရှင်ကို တက်တယ်။ ကျောင်းကြီးမှာ မရတော့ဘူးလေ။ သင်္ချာရယ်၊ ရူပရယ်၊ ဓာတုရယ်၊ အင်္ဂလိပ်စာရယ်။ ကျောင်းလေးကျောင်းဆိုတော့ ကျောင်းလခချည်းပဲ တစ်လ ကို ခြောက်ဆယ်ကျတယ်။ ကားခတို့ သရေစာဖိုးတို့နဲ့ ပေါင်းလိုက်ရင် သူ့ အတွက်ချည်း တစ်ရာ့ငါးဆယ်နဲ့ နှစ်ရာကြားမှာ ရှိတယ်။

တက်လိုက်ရတဲ့ ကျောင်းကလည်း အချိန်အမျိုးမျိုး မနက် အစောကြီး တက်ရတဲ့ ကျောင်း၊ နေ့လယ်တက်ရတဲ့ ကျောင်း၊ ညတက်ရတဲ့ ကျောင်း အမျိုးမျိုးပဲ။ မနက် ကျွန်တော် လမ်းလျှောက်က ပြန်လာရင် သည်ကောင် မရှိတော့ဘူး။ ကျောင်းသွားပြီ။ တနင်္ဂနွေတို့ ဘာတို့မှာ သားသမီးနဲ့ နေမယ် ကြံတယ်။ သည်ကောင် မရှိဘူး။ သွားရပြန်ပြီ။ တစ်ကျောင်း။ ညနေ ကျွန်တော် ရုံးက ပြန်လာတယ်။ သည်ကောင်ကို မတွေ့ရဘူး။ သွားရပြန်ပြီ။ နောက် တစ်ကျောင်း။

ကျောင်းက ပြန်လာရင်လည်း စားစရာရှိတာ ခပ်သုတ်သုတ် စားပြီး ဂစ်တာလေးဆွဲ ဆင်းသွားတယ်။ အများအားဖြင့် ကျွန်တော် အိပ်ချိန်လောက်မှ ပြန်လာတယ်။ ကျွန်တော်ကလည်း မနက်အစောကြီး လမ်းလျှောက်တဲ့ လူဆို တော့ ညဆယ်နာရီ ဒေါင်ခနဲ ထိုးရင် အိပ်တာပဲ။ ပြောလို့သာ ပြောရတယ်။ တစ်ပတ်နေလို့ သူနဲ့ ကျွန်တော် ဆယ်မိနစ်ပြည့်အောင် မျက်နှာချင်း မဆိုင် ဖြစ်ဘူး။

ကျောင်းသွား ကျောင်းပြန် ကြည့်လိုက်ရင်လည်း ထီးတို့ ဘာတို့ မယူဘူး။ ကျွန်တော်က ကျွန်တော်ဆောင်းတဲ့ အကောင်းစားဖဲထီးကို ပေး တယ်။ ထီးရိုးအရှည်ကြီးနဲ့မို့လို့ မကိုင်ချင်ဘူးတဲ့။ အောက်တယ်တဲ့။





ပြီးတော့ ဘတ်စ်ကားပေါ်မှာ ဒီထီးကြီး ကန့်လန့် ကန့်လန့်နဲ့ ဟိုလူ ထိုးမိ ဒီလူထိုးမိနဲ့တဲ့။ ထီးကောက်ကြီးကို ပေးရပါမလားဆိုပြီး ကျွန်တော့်ကို သားကရော၊ သမီးတွေကရော၊ မိန်းမကရော ဝိုင်းရယ်ကြတယ်။ ဖော်မော်တို့ စကားနဲ့ ပြောရင် ဟားတယ်ပေါ့။

ဟုတ်တာပေါ့၊ ဟုတ်တာပေါ့။ ကျွန်တော်ကလည်း ကျွန်တော်ပဲ။ ဒီခေတ်မှာ ဒီလို ထီးကောက်ကို ဘယ်သူ ဆောင်းလို့လဲ။ ဆယ့်ကိုးရာစုနှစ် အကုန်လောက်က မွေးလာတဲ့ အဘိုးကြီး အဘွားကြီးတွေပဲ ဆောင်းကြတော့ တယ်။ ခု နှစ်ဆယ့်တစ်ရာစု ရောက်တော့မယ်။ ဟုတ်သားပဲ။

ဒါနဲ့ မောင်မင်းကြီးသားကို အော်တိုမက်တစ် ခေါက်ထီးတစ်လက် ဝယ်ပေးလိုက်ရတယ်။ သူက အော်တိုမက်တစ် ခေါက်ထီးနဲ့။ ကျွန်တော်က ထီးကောက်ကြီးနဲ့။

ဆယ်ရက် ဆယ့်ငါးရက်လောက်တော့ ဒီကောင် ထီးဆောင်းသေး တယ်။ ကျောင်းသွား ကျောင်းပြန် အော်တိုမက်တစ် ထီးကလေးကိုင်လို့။ လွယ်အိတ်ကလေးနဲ့ ရန်ကုန်ကျောင်းသား ဂိုက်အပြည့်။

ဒါပေမဲ့ နောက်ရက်တွေကျတော့ သည်ကောင် ထီးဆောင်းတာ မတွေ့ရဘူး။ ဒါနဲ့ ကျွန်တော်က ထီးပျောက်သလား၊ ရှိသေးရဲ့လားလို့ မေး ကြည့်တယ်။

"ရှိပါတယ်"

"ဒါဖြင့်လဲကွာ၊ ဘာဖြစ်လို့ မဆောင်းသလဲ၊ မိုးနဲ့ လေနဲ့ နေထိုင် မကောင်း ဖြစ်မှဖြင့် . . ."

"မဖြစ်ပါဘူး။ ထီးကြီးကိုင်ရတာ ရှုပ်လွန်းလို့"

"မရှုပ်ပါဘူးကွာ၊ ခေါက်ထီးပဲ၊ လက်မှာ ကိုင်ရင်ကိုင်၊ မကိုင်ချင်ရင် လွယ်အိတ်ထဲ ထိုးထည့်လာရုံပေါ့၊ မိုးရွာရင် ဘယ်နှယ့်လုပ်မလဲ၊ ရန်ကုန် မိုးဆိုတာ ရွာချင်တဲ့အချိန် ရွာတာ"

"ရွာရင် တိုက်ဘေး တစ်နေရာရာ ခိုနေလိုက်ရုံပေါ့ အဖေရ၊ မိုးတိတ် တော့ ထွက်လာတာပေါ့"

"မိုးတိတ်အောင် ရပ်စောင့်နေရတော့ အချိန်ကုန်တာပေါ့ကွာ"

"ဟာ အဖေကလဲ ရန်ကုန်မိုးဆိုတာ ရပ်ချင်တဲ့အချိန် ရပ်တာပဲ ဥစ္စာ"

အစတုန်းက ထီးကောက်ကြီး မဆောင်းချင်ဘူးဆိုလို့ အော်တိုမက်တစ် ခေါက်ထီးကို ဝယ်ပေးတယ်။ ဝယ်ပေးတော့လည်း လေးငါးဆယ်ရက် ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်။ နောက်ကျတော့ မဆောင်းဘူး။ ရန်ကုန်မိုးဆိုတာ သူ တိတ်ချင်တဲ့ အချိန် တိတ်တာပဲတဲ့။ ခုခေတ်လူငယ်တွေ ထီးတို့ဘာတို့ မဆောင်းကြဘူးတဲ့။

ကဲ ဒီတော့ ကျွန်တော် ဘာတတ်နိုင်ဦးမှာလဲ။ သူ့ကို ထီးဆောင်းရမယ် ဆိုပြီး အတင်းရိုက်ခိုင်းလို့ ရတာမှတ်လို့။ ဒါပေမဲ့ ကျွန်တော့်ကို အားနာလို့ ထင်တယ်။ ကျွန်တော့်ရှေ့တင် အိမ်ကထွက်ရင် ထီးယူတယ်။ ဒါပေမဲ့ ကျွန်တော် မရှိရင် မိုးရွာထဲကို ဒီအတိုင်းပဲ သွားတာပါပဲ။

ကျွန်တော်လည်း ဘာမှ မပြောတော့ပါဘူး။

*

သည်အတောအတွင်းမှာ ပြဿနာတစ်ရပ် နောက်ထပ် ပေါ်လာတယ်။ ကိစ္စက ဂျင်းဘောင်းဘီ ကိစ္စ။

သည့်ကောင်မှာ လုံချည်တွေ ရှိတယ်။ ဟိုတုန်းက သူ့အမေက သူ့သား အငယ်ဆုံးလေးကို ဖြူဖြူစင်စင် ရှိပါစေတော့ဆိုပြီး လုံချည်အရောင် လှလှကလေးတွေ အောက်ခံ အဖြူပေါ်မှာ ခိုရောင်၊ အပြာရောင်နဲ့ အကွက် ကလေးနဲ့ လုံချည်လှလှကလေးတွေကို ဆင်တယ်။

ကိုယ်တော်ချောက အဖြူမကြိုက်ဘူးတဲ့။ အောက်တယ်တဲ့။ ဒါနဲ့ သူ့ကို အနက်တွေ ဝယ်ပေးရတယ်။ ကျွန်တော်ဖြင့် သည်အနက်ရောင်ကို ကြည့်လို့ မရဘူး။ ဒါပေမဲ့ သူကတော့ ကချင်လုံချည် အနက်တို့၊ ယောလုံချည် အနက်တို့ကို ကြိုက်တယ်။ ဒါတွေကမှ ခေတ်ဆန်တာတဲ့။ လူငယ်တွေ ခု ဒီလိုပဲ ဝတ်ကြတယ်တဲ့။ ဟုတ်ပါတယ်၊ ကျွန်တော်လည်း တွေ့နေသားပဲ။

ကျွန်တော်က သူ သည်လောက် အနက်တွေ ဘာတွေ အရောင်မှိုင်းမှိုင်း တွေကို ကြိုက်လှတဲ့ကောင် ဆိုပြီး ကျွန်တော် မဝတ်ရသေးတဲ့ မြောက်ပြင် နှစ်နံစပ် ပိုးလုံချည် အပြာရင့်တို့၊ ကြေးနီရောင်တို့၊ ခိုပြာရောင်တို့ကို ချပေးတယ်။ သည်တော့ သူက ဒါတွေကို မဝတ်ချင်ဘူးတဲ့၊ သည်ခေတ်မှာ ပိုးလုံချည်ကို မဝတ်ကြတော့ဘူးတဲ့။ ပိုးလုံချည် ဝတ်တဲ့လူဟာ 'တိုက်ဂေါ်' ဆန်တယ်တဲ့။

အင်း . . . ဒါလည်း ဟုတ်ပါတယ်။ ခုခေတ်ကို ကြည့်လိုက်ရင် အင်းလျားလိပ် မင်္ဂလာဆောင်ခံပွဲတွေမှာတောင် သတို့သမီး သတို့သားကလွဲရင် လူငယ်တွေက ပိုးလုံချည်တို့ ဘာတို့ကို သိပ်မဝတ်ကြတော့ဘူး။

သည့်တော့ ကျွန်တော်လည်း မပြောသာတော့ဘူးပေါ့။ သူ့ခေတ်နဲ့ သူကိုး။ နောက်တော့ သည်ကောင် ဘောင်းဘီ ပူဆာတယ်။ သူဝတ်ချင်တာက





ပထမ ခေါင်းလောင်း ဘောင်းဘီ၊ မအေကတော့ ချုပ်ပေးတာပေါ့။ ခေါင်းလောင်း ဘောင်းဘီကိုလည်း သူ ကြာကြာ မဝတ်လိုက်ပါဘူး၊ ခြောက်လလောက် ခါးပေါ်တင်တာ မြင်လိုက်တယ်၊ နောက်တော့ ပူဆာလာပြန်တယ်။

ဂျင်ဘောင်းဘီတဲ့။ သူပြောမှ ကျွန်တော် ကြည့်မိတယ်။ ဟုတ်သားပဲ၊ လူငယ်တွေ ကြည့်လိုက်ရင် အပြာရောင် ဂျင်းဘောင်းဘီတွေနဲ့၊ ဒါပေမဲ့ သူတို့ အပြာရောင်က အရောင်လွင့်နေပြီ။ ဂျင်းဘောင်းဘီက အကြမ်းခံသတဲ့။ ဘယ်ပဲ ဝတ်ဝတ် တော်တော်နဲ့ မစုတ်ဘူးတဲ့၊ ဘယ်နေရာသွားသွား ပွဲဝင်သတဲ့။ ကျောင်းသွားရင်လည်း ရတယ်၊ မြို့ထဲသွားရင်လည်း ရတယ်။ နေရာမရွေးဘူး တဲ့။ တကျည်ကျည်ပူဆာလွန်းတာနဲ့ နောက်ဆုံးတော့ ဂျင်းဘောင်းဘီ ဝယ်ပေး လိုက်တယ်။ ကျွန်တော့်မိတ်ဆွေတစ်ယောက် ကျိုင်းတုံသွားတာနဲ့ မှာလိုက် တာ။ အမျိုးက ဝမ်းနိုင်းတဲ့။

ဒါပေမဲ့ ကိုယ်တော်ချောက သည်ဂျင်းဘောင်းဘီမျိုးကို မကြိုက်ဘူး တဲ့၊ ဒါက အညံ့စားကြီးတဲ့၊ ခဏလောက် ဝတ်လိုက်ရင် စုတ်ပြဲသွားမှာတဲ့။

"ဒါဖြင့် မင်းက ဘယ်လိုဂျင်းဘောင်းဘီမျိုးကို ကြိုက်သလဲ"

"ဟို . . . ဟို . . . လီဗိုဂျင်းတို့၊ လီဗီမရရင်လဲ ဂျီကျူတို့ ဘာတို့ပေါ့"

ဂျင်းဘောင်းဘီ တစ်ထည်ဟာ နည်းတဲ့တန်ဖိုး မဟုတ်ဘူး၊ အညံ့စား ဆိုရင် တစ်ရာ့ငါးဆယ်နှင့် နှစ်ရာကြားမှာ ရှိတယ်။ အကောင်းစား သူပြောတဲ့ လီဗိုတို့ ဘာတို့ဆိုရင် နှစ်ရာ့ငါးဆယ်နဲ့ သုံးရာကြားမှာ ရှိတယ်။

"ဂျင်း ဘောင်းဘီပဲကွာ အကြမ်းဝတ်တာပဲ၊ ဒီလောက်ဆိုရင် တော် လောက်ရောပေါ့"

"မဟုတ်ဘူး အဖေရဲ့၊ ဒါက မြန်မာပြည်မှာ ချုပ်တာတွေ"

"ချုပ်ရိုးတို့ ဘာတို့ ချုပ်ပုံကို ကြည့်လိုက်ရင် သိတယ်။ လီဗိုတို့ ဘာတို့ကမှ နိုင်ငံခြားက ချုပ်တာ"

"ဒီမှာ ဖော်မော်၊ လီဗိုဂျင်းဆိုတာ အီတလီက ချုပ်တာ။ ငါလဲ မမြင်ဖူးဘူး၊ အော်ရီဂျင်နယ်လို့ ပြောပြီး ယိုးဒယားတို့ ထိုင်ဝမ်တို့ ဟောင်ကောင် တို့မှာ ချုပ်တာတွေ ပြည့်လို့ကွ။ ဂျင်းဘောင်းဘီလိုဟာမျိုး မပြောနဲ့ ရှိုးလက်စ်တို့ အိုမီဂါတို့ဆိုတဲ့ နာရီတွေတောင် ဟောင်ကောင်နဲ့ ထိုင်ဝမ်က အတုတွေ လုပ်ပြီး ထုတ်နေတာ။ အော်ရီဂျင်နယ်ကို မင်းတို့လဲ မြင်ဖူးတာ မဟုတ်ဘူး နိုင်ငံခြားကလာတဲ့ အတုတွေကို မင်းတို့က အော်ရီဂျင်နယ် ထင်နေကြတာ၊ နိုင်ငံခြားကလာရင် မင်းတို့က အော်ရီဂျင်နယ်လို့ မင်းတို့က ထင်နေကြတာ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားကလာရင် အစစ်လို့ထင်နေကြတယ်။ နိုင်ငံခြားကလဲ အတုလုပ်တာပဲကွ။ ငါကတော့ မရွေးတတ်ဘူး။ မင်းဘာသာ မင်းရွေးတတ်ရင် မင်းအမေ လိုက်ဝယ်ပေးလိမ့်မယ်''

ကျွန်တော် စိတ်တိုတိုရှိတာနဲ့ အော်ပစ်လိုက်တယ်။ သည့်ကောင် ဘာမှ မပြောတော့ဘူး။

မကြာပါဘူး သည့်ကောင် ဂျင်းဘောင်းဘီ ဝယ်လာတယ်။ သူပြောတဲ့ လီဗီဂျင်းပါပဲ။ မဆိုးပါဘူး၊ လှပါတယ်။ အပြာရောင်ကို လွင်လို့။ အိတ်တွေမှာလည်း ကြေးကြယ်သီးတွေ ဘာတွေနဲ့၊ ကျွန်တော်လည်း ဘာမှ မပြောဘူး။ မေးကြည့်တော့ နှစ်ရာ့ရှစ်ဆယ်တဲ့၊ ဒါ့တောင် သင်္ဘောသားတစ်ယောက်ဆီက တိုက်ရိုက်ဝယ်လာခဲ့လို့ ရတာတဲ့၊ ကျွန်တော် ဘာမှ မပြောတော့ဘူး။ သူကြိုက်ရင် ဝတ်ပေါ့။

ဒါပေမဲ့ သည့်ကောင် ဂျင်းဘောင်းဘီဝတ်တာက ခြေသလုံးကို လိပ်လိပ်ပြီး တင်ထားတယ်။ ဒါကို ကျွန်တော် မကြိုက်ဘူး။ ဂျင်းဘောင်းဘီကို ခြေသလုံးမှာ ဘာဖြစ်လို့ လိပ်ပြီး ဝတ်ရမှာလဲ။ ရန်ကုန်မြို့လယ်ခေါင်ကြီးမှာ နေတာပဲ၊ ရွှံ့တော ဗွက်တောမှာ နေတာလည်း မဟုတ်၊ တောထဲတောင်ထဲမှာ သွားနေရတာလည်း မဟုတ်၊ ကတ္တရာစေး လမ်းမကြီးပေါ်မှာ လျှောက်သွားနေတာ။ ဘာဖြစ်လို့ ခြေသလုံးကို လိပ်တင်ထားရတာလဲ။ လူမြင်လို့ မကောင်းဘူး။

''မဟုတ်ဘူး အဖေရဲ့၊ ခုခေတ် ကောင်လေးတွေက ဟိုဇာတ်ကားထဲက မင်းသားလို ဒီလိုပဲ ဂျင်းဘောင်းဘီကို ခြေသလုံးမှာ လိပ်လိပ်ဝတ်ကြတယ်''လို့ သမီးအကြီးက ဝင်ပြောတယ်။

''ဘာဆိုင်လို့လဲ။ အဲဒီ ရုပ်ရှင်ကားမှာ အဲဒီ ဇာတ်လိုက်မင်းသားက သူ့ဇာတ်လမ်းနဲ့ သူ၊ သူ့စရိုက်နဲ့ သူ ကိုက်အောင် ဝတ်ထားတာ၊ အဲဒီ ဇာတ်ကားထဲမှာ ဝတ်တာနဲ့ သူတို့တစ်တွေက ဘာဖြစ်လို့ ဝတ်ရမှာလဲ။ ကြည့်လို့လဲ မကောင်းပါဘူး''

သမီးနှစ်ယောက်က မသိမသာ မျက်နှာကို မဲ့သွားကြတယ်။ မအေကြီးကတော့ . . .

''အဖေကြီးကလဲရှင် နေရာတကာ လိုက်ပြောနေတာပဲ။ သူတို့ခေတ်နဲ့ သူတို့ ဘယ်လိုပဲ ဝတ်ဝတ် ဝတ်ကြစမ်းပါစေ။ ယောကျ်ားကလေးတွေ ဒီလိုပဲ ဝတ်နေကြတာပဲဟာ၊ သူ့ခေတ်နဲ့သူကျတော့လဲ ကြည့်လို့ ဒီလောက် မဆိုးလှပါဘူး''





ကျွန်တော် ဘာမှ မပြောတော့ပါဘူး။ အသာပဲ နေလိုက်တယ်။ ဆက်ပြီး ငြင်းခုန်နေရင် ကျွန်တော်ဟာ ရှေးဆန်တယ်၊ ခေတ်မမီဘူး၊ အောက်တယ်၊ ဘာညာနဲ့ ပြောကြဦးမှာကိုး။

တစ်လလောက်ကြာလို့ စနေနေ့ တစ်နေ့မှာ ကျွန်တော်က ရုံးကပြန်လာတော့ ကျွန်တော်တို့နေတဲ့ တိုက်ရှေ့ လှေကားရင်း ပန်းခြံကလေးနားမှာ ဖော်မော်ရယ်၊ သူငယ်ချင်း နှစ်ယောက် သုံးယောက်ရယ်၊ ဂျင်းဘောင်းဘီကလေးတွေ ကိုယ်စီကိုင်ပြီး သဲတွေ ရွှံ့တွေနဲ့ ပွတ်နေကြတယ်။ အစတုန်းကတော့ လျှော်နေတယ်လို့ အောက်မေ့လိုက်မိတယ်။

မဟုတ်ဘူးခင်ဗျ။ ဒီနေရာက အဝတ်လျှော်တဲ့ နေရာလည်း မဟုတ်ဘူး။ ပြီးတော့ ဂျင်းဘောင်းဘီကို အုတ်ခဲကျိုးကြီးတွေနဲ့ ပွတ်နေကြတယ်။ ကျွန်တော် လာတာမြင်တော့ ဒီကောင်တွေ ရပ်သွားကြတယ်။ ကျွန်တော်လည်း သူ့တို့ကို ဘာမှ မမေးပါဘူး။ အပေါ်ထပ်ကို တက်လာခဲ့တယ်။

''အမေကြီးရေ၊ မင်းသားတော့ အောက်ထပ်မှာ ဂျင်းဘောင်းဘီကို အုတ်ခဲတွေ၊ ရွှံ့တွေ၊ သဲတွေနဲ့ ပွတ်နေတယ်၊ ဘာလုပ်နေသလဲ မသိဘူး''

လို့ ကျွန်တော်က ပြောတယ်။

''သူတို့ဘာသာ ဘာလုပ်ကြမှန်း မသိပါဘူး။ လျှော်တာနေမှာပေါ့''

''လျှော်တာ အုတ်ခဲတွေနဲ့ ပွတ်ရသလားကွ၊ ခုတော့ အုတ်ခဲတွေ ချိုးပြီး အုတ်ခဲကျိုးက ချောင်းတွေနဲ့ ဘောင်းဘီကို ပွတ်နေကြတယ်''

သည့်တော့ အလတ်မက

''ဖိတ်ဒက်ဂျင်းဖြစ်အောင် လုပ်တာတဲ့ ဖေဖေရဲ့၊ ဂျင်းဘောင်းဘီကို အသစ်စက်စက်ကြီး ဝတ်ရတာ တုံးသတဲ့၊ ဂျင်းဘောင်းဘီတို့၊ ဂျင်းဂျက်ကင်တို့ ဆိုတာ အရောင်လွင့်ပြီး နွမ်းနေမှ ကောင်းသတဲ့၊ ဒါမှ သဘာဝကျသတဲ့''

ဖြစ်မှဖြစ်ရလေဆိုပြီး ကိုယ့်ရင်ဘတ်ကို အုံးခနဲ မထုမိအောင် မနည်းချုပ်တီးလိုက်ရတယ်။

ကြည့်ပါဦးဗျာ။ သုံးရာနီးပါးပေးရတဲ့ ဂျင်းဘောင်းဘီ အသစ်စက်စက်ကြီးကို အရောင်လွင့်အောင် လုပ်သတဲ့။ ဒါပေမဲ့ ကျွန်တော် ဘာမှ မပြောတော့ပါဘူး။ သွေးကလည်း နည်းနည်းတိုးတယ် ထင်ပါရဲ့။ နေလို့ သိပ်မကောင်းဘူး။ စိတ်တိုတိုရှိတာနဲ့ အဲဒီ နေ့ပိုင်းမှာ ရွှေတိဂုံဘုရားသွား။ အထက်ပစ္စယံ တက်ပြီး ပုတီးစိပ်နေတယ်။ ညဆယ်နာရီထိုးတော့မှ ဘုရားပေါ်က ပြန်ဆင်းလာခဲ့တယ်။

*



www.burmeseclassic.com

www.burmeseclassic.com



သည့်နှစ်လဲ ဖော်မော် ဆယ်တန်းကျတယ်။ သူကတော့ ပျော်ပျော်ပါပဲ။ သင်္ဘောလိုက်တော့မယ်တဲ့။ လုပ်ပေါ့။ သူမှ ကျောင်းမနေချင်ဘူးဆိုတော့ ကျွန်တော် ဘာတတ်နိုင်ဦးမှာလဲ။ သုံးခါကျပြီးပြီ။ ကျူရှင်တွေ အလီလီပေးပြီး စာကြိုးစားပါစေတော့ဆိုပြီး သူ့အကြိုက်ကို လိုက်ခဲ့တယ်။ ဂျင်းလွယ်အိတ်ဆို ဂျင်းလွယ်အိတ်၊ စစ်လွယ်အိတ်ဆို စစ်လွယ်အိတ်၊ အော်တိုမက်တစ် ခေါက်ထီးဆို ခေါက်ထီး၊ ဂျင်းဘောင်းဘီဆို ဂျင်းဘောင်းဘီ စာကြိုးစားချင်စိတ်ရှိအောင် လျှော့ပေးခဲ့တယ်။ ဒီလောက် လျှော့ပေးပါလျက်နဲ့တောင် မအောင်တာ။ ဒီနှစ် ဘယ့်နှယ့်လုပ်ပြီး အောင်နိုင်တော့မှာလဲ။

ကျွန်တော့်မိတ်ဆွေတွေ အဆင့်ဆင့်ကို ပြောပြီးဆိုပြီးလို့ တော်တော် စိတ်အေးသွားရပါပြီ။ တစ်နည်းတော့လည်း ကောင်းပါတယ်လေ။ စာမသင်ချင်ပဲ ဒီလောက် သင်္ဘောလိုက်ချင်တဲ့ကောင်၊ လိုက်ရမှ အေးမှာပါ။ လိုက်သွားရင် သူ့အတွက် ကျွန်တော် တစ်ပူအေးရပြီပေါ့။

သူ့ကိစ္စတွေ စိစဉ်ပြီး ကျွန်တော် နယ်ထွက်သွားရတယ်။ နယ်မှာ ဆယ့်ငါးရက်လောက်ကြာပြီး ပြန်လာတယ်။ ခါတိုင်း ကျွန်တော် ပြန်လာတယ်ဆိုရင် ကျွန်တော့်မိန်းမနဲ့ သမီးတွေက ကြိုနေကျ။ ဝရန်တာကို လှမ်းမြင်လိုက်ရတယ်ဆိုရင် အောက်ကို ပြေးဆင်းလာကြပြီး အထုပ်ဆွဲတဲ့ လူက ဆွဲနဲ့ ကြိုနေကျ။

ကားက ကျွန်တော်တို့ တိုက်ခန်းရှေ့မှာ ထိုးရပ်လိုက်တယ်။ ဝရန်တာမှာ ဘယ်သူမှ မတွေ့ရဘူး။ တံခါးတွေ ဖွင့်ထားပုံထောက်ရင် အိမ်မှာ လူရှိတာ သေချာတယ်။ အပြင်တို့ ဘာတို့ကို သွားကြဟန်မတူဘူး။

ကျွန်တော်လည်း ကိုယ့်လက်ဆွဲအိတ်ကလေး ကိုယ်ဆွဲပြီး လှေကားကို တက်လာတယ်။ အခန်းရှေ့ ရောက်တော့လည်း အခန်းက ပိတ်လို့။ အထဲက ဆူဆူညံညံ ရယ်ရယ်မောမော စကားပြောနေတဲ့ အသံတွေ ကြားလိုက်ရတယ်။ တံခါးကို ခေါက်ပြီး အော်ခေါ်တော့မှ မအေကြီးရော၊ သမီးတွေရော ဝမ်းသာအားရ ထွက်လာပြီး လက်ဆွဲအိတ်ကို ဆီးယူတဲ့လူက ယူ၊ ခတ်ဘူးတို့ ဘာတို့ ထမင်းဘူးတို့ ထည့်လာတဲ့ ပလတ်စတစ်ခြင်းကို ဆွဲယူသူက ဆွဲယူ။ အားရဝမ်းသာ အော်သူက အော်နဲ့ ဆူညံသွားတယ်။

အိမ်မှာ လူစုံတက်စုံပါပဲ။ မအေကြီးရယ်၊ သားအလတ်ရယ်၊ သားအငယ် ဖော်မော်ရယ်၊ သမီးနှစ်ယောက်ရယ် ထမင်းစားနေကြတယ်။

ဩော် . . . နေဦး။ သူတို့တင် မကဘူး။ သေသေချာချာ ကြည့်တော့





ညှော်သည်တစ်ယောက်လည်း ပါသေးတယ်။ ညှော်သည်ကို မြင်တော့မှ ကျွန်တော်လည်း ကိုယ်ရှိန်သတ်ပြီး ကုလားထိုင်မှာ ဝင်ထိုင်လိုက်တယ်။

ညှော်သည်က ကျွန်တော့်သမီးတွေရဲ့ သူငယ်ချင်း ထင်တာပဲ။ ကောင်မလေး အသက်က နှစ်ဆယ်လောက်ရှိပြီ။ သရီးစတက်နဲ့။ ယောကျ်ားဝတ် ရှပ်အင်္ကျီလှလှကလေးကို အပြင်ထုတ်ဝတ်လို့။ အရပ်က မြင့်မြင့်၊ ကိုယ်လုံးကိုယ်ပေါက် သွယ်သွယ်၊ အသားက ဝါဝါ၊ ချောချောကလေးရယ်။

ကျွန်တော်က ကောင်မလေးကို လှမ်းကြည့်လိုက်တယ်။ ကောင်မလေးကလည်း ကျွန်တော့်ကို မော့်ကြည့်လိုက်တယ်။ မျက်လုံးချင်း ဆိုင်တဲ့အခါကျတော့ သူ့မျက်နှာ နုနုကလေးပေါ်မှာ ပန်းနုရောင် လွှမ်းသွားပြီး မျက်လွှာကို ချလိုက်ရင်း ခေါင်းကို ငုံ့ပစ်လိုက်တယ်။

ဩော်–လူကြီးကို မြင်တော့ အနေရ ခက်ရှာတယ် ထင်ပါရဲ့လို့ ကျွန်တော် ထင်လိုက်မိတယ်။ ကျွန်တော့်သမီးရဲ့ သူငယ်ချင်းတွေလာရင် ကျွန်တော်နဲ့ သိပ်မတွေ့ဖြစ်ကြပဲကိုး။

ခဏနေတော့ ခပ်သုတ်သုတ်စားပြီး ဖော်မော်တို့ ညီအစ်ကိုနှစ်ယောက်ရဲ့ အခန်းထဲကို ဝင်သွားတယ်။ မကြာပါဘူး၊ ဖော်မော်လည်း ယောင်တောင်ပေါင်တောင်လုပ်ပြီး အခန်းထဲကို ဝင်သွားတယ်။ ကျွန်တော်နဲ့ သိပ်ပြီး မျက်နှာချင်း မဆိုင်ဘူး။

ဘယ့်နှယ်လဲ၊ ကျွန်တော့်သမီးတွေရဲ့ သူငယ်ချင်းဆိုရင် သမီးတွေ အခန်းထဲကို ဝင်ရမယ်။ ခုတော့ မဟုတ်ဘူး။ ဖော်မော်တို့ အခန်းထဲကို ဝင်သွားတယ်။

သား အလတ်ကောင်က ကျွန်တော့်ကို ပြုံးစိစိနဲ့ ကြည့်ပြီး –

"အိမ်မှာ လူသစ်တိုးနေပြီ အဖေရေ။ ကျွန်တော်တောင် မာလာတို့ သူဇာတို့ အခန်းထဲမှာ အိပ်နေရတယ်"

အမေကြီးက သားအလတ်ကောင်ကို မျက်စောင်းထိုး ကြည့်လိုက်တယ်။ ကျွန်တော် သိလိုက်ပါပြီ။

"ဘယ်ကလဲ"

မအေကြီးက လေသံကို အချိုနိုင်ဆုံး ချိုပြီးတော့ –

"အေးအေး ဆေးဆေးကျမှ ပြောမလို့ပါပဲ။ အဖေကြီး သွားတဲ့နေ့မှာ ကောင်မလေး အိမ်မပြန်ဘူးဆိုပြီး လိုက်လာတာ၊ ဘိုင်စကုတ်ကြည့်တာ မှောင်သွားလို့တဲ့။ မပြန်ရဲတော့ဘူးတဲ့။ အိမ်ကို ဆယ့်တစ်နာရီလောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြတယ်။ ကိုယ့်မှာလဲ သမီးတွေနဲ့ဆိုတော့ သူများ သားသမီးကို သားချင်း သမီးချင်းစာနာမှ ဖြစ်မှာမဟုတ်လား။ ကောင်မလေးက မဆိုးပါဘူး။ ဒေသ–၂ မှာ ဒုတိယနှစ်တဲ့။ အဖေက ( )ဌာနက ညွှန်မှူးတဲ့။ ခုနှစ်မိုင်က။ ကောင်မလေး နာမည်က ဂျူလိုင်တဲ့။ ကဲ– အဖေကြီးရေ ရေမိုးချိုးပြီး နာဦး။ ခရီးပန်းလာမှာပေါ့။ ဩော်–ဝမ်းသာစရာတစ်ခုလဲ ထပ်ပြောရဦးမယ်။ သဘော ဆင်းဖို့ လက်မှတ်ရပြီ။ ဟိုက လေယာဉ်လက်မှတ် ပို့လိုက်တယ်။ အဲဒါ သားက အခုမှ ချစ်စ ခင်စ ကြင်နာစဆိုတော့ နောက်တစ်ခေါက်ကျမှ လိုက်ပါရ စေ မေမေရယ်၊ ဂျူလိုင်တို့ မိဘတွေနဲ့လဲ ဘာမှ မပြောရသေးဘူးဆိုလို့ ဖျက်ပစ်လိုက်တယ်။ ဟုတ်သားပဲ၊ ကလေးမလေးကိုလဲ ပြန်အပ်ရဦးမယ်။ သူတို့ကိစ္စကိုလဲ ပြီးအောင် စီစဉ်လိုက်ရဦးမယ်။ ဂျူလိုင် အဖေကလဲ ညွှန်မှူးပဲ အဖေကြီးရယ်၊ ကိစ္စပြီးသွားရင် သူ့သမက်ကို ဒီအတိုင်း ကြည့်နေမှာ မဟုတ် ပါဘူး။ သူလဲ ကူလုပ်ပေးမှာပေါ့။ မဟုတ်ဘူးလား။ ဟဲ့ သားနဲ့ ဂျူလိုင် လာဦး''

ဩော်–နာမည်က ဂျူလိုင်တဲ့လား။ ကျွန်တော် ဘာမှ မပြောတော့ပါ ဘူး။ သက်ပြင်းကြီး တစ်ခုကို ရှိုက်ထုတ်ပစ်လိုက်တယ်။ ယောက်ျားလေးရှင် ဖြစ်တဲ့ ကျွန်တော်တောင် ဒီလောက်ဖြစ်ရင် မိန်းကလေးရှင် အနေနဲ့ ဘယ်လိုများ နေမလဲ။ ကျွန်တော် ကိုယ်ချင်းစာပါတယ်။

အပြင်ကို လှမ်းကြည့်လိုက်တယ်။ အိမ်ရှေ့ဝရန်တာမှာ ဇော်မော်ဝတ်နေ ကျ အရောင်လွင့်နေတဲ့ လီဗီဂျင်းဘောင်းဘီကို မြင်ရတယ်။

လွယ်ပါတယ်။ ဘောင်းဘီဟောင်းရင် လွှင့်ပစ်လိုက်ရုံပေါ့။ ဒါပေမဲ့ ဘဝညစ်နွမ်းရင် လွှင့်ပစ်လို့ မရဘူး။ ကိုယ့်ယဉ်ကျေးမှုကို ညစ်ထေးအောင် လုပ်မိရင် လွှင့်ပစ်လို့ မရဘူး။

ကျွန်တော့်မျက်လုံးတွေဟာ ဝရန်တာမှာ လှမ်းထားတဲ့ ဂျင်းဘောင်းဘီ ဆီကို အလိုလို ရောက်သွားကြပြန်တယ်။

ဘောင်းဘီက တော်တော် အရောင်လွင့်နေပြီ။ အနားတွေက ဖွာလို့။

■

စန္ဒာ

ဩဂုတ်၊ ၁၉၈၂

# ခွာညိုပြင်အောက်က ညိုညိုသို့ လွမ်းခြင်း

မန္တလေးကို ရောက်တုန်းရောက်ခိုက် မမညိုဆီ ဝင်ကြရအောင်ဗျာဟု စန္ဒရား ဆရာ ကိုလှမြင့်က ပြော၏။

ကောင်းသားပဲ၊ ကျွန်တော်လည်း တွေ့ချင်နေတာဟု သူ့ သဘော တူသည်။

''အဘွားကြီး ခုတလော သိပ်နေမကောင်းဘူး ကြားတယ်၊ အေးလေ၊ အသက်က ကြီးရှာပြီကိုး''

သံဝေဂရသံ တစ်ဝက်၊ စိတ်မကောင်းဖြစ်သံ တစ်ဝက်ဖြင့် ကိုလှမြင့် ပြောသည်။

''အသက်ဘယ်လောက် ရှိပြီလဲ''

''ခုနှစ်ဆယ်ကျော်ရောပေါ့၊ ကျော်ဆို ခုနှစ်ဆယ့်သုံးလောက်များ ရှိပြီ လား မဆိုနိုင်ဘူး။ အေးလေ ကျွန်တော်တို့တောင် ငါးဆယ်ကျော်လာကြပြီပဲ''

ဟုတ်တယ်။ စစ်မဖြစ်မီ သူတို့ ငယ်ငယ်ကလေးတည်းကပင် မမညို သည် ညိုညိုဟူသော အမည်ဖြင့် တစ်နိုင်ငံလုံး အသည်းစွဲခဲ့သော ရုပ်ရှင် မင်းသမီးကြီး တစ်ဦး။ အလွန် ခေတ်စားခဲ့သည့် အဆိုတော်တစ်ဦး ဖြစ်ခဲ့၏။

သူတို့ ဒေါ်လေးများသည် ညိုညိုလို နဖူးတွင် ဆံယဉ်စကလေးတွေ ဆွဲချတတ်ကြသည်။ ညိုညိုလို ခေါင်းတွင် လက်ကိုင်ပဝါကလေးတွေ ချည် တတ်ကြသည်။ ညိုညိုလို နွဲ့သံကလေးဖြင့် စကားပြောတတ်ကြသည်။

ညိုညို၏ နွဲ့သံသည် တမင် ကလူယူသော နွဲ့သံမဟုတ်၊ သူ့...



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော နှဲ့သံကလေး ဖြစ်သည်။ ညိုညိုလို အသံကလေး မပီ့တပီဖြင့် သီချင်းဆိုတတ်ကြသည်။ ညိုညို၏ အသံသည် လိုသည့်သံစဉ်ကို မရောက်ဘဲ ဝေါထွက်သွားတော့မလိုလိုလုပ်ရာက သံစဉ်ကိုကိုက်သွားသည်။

သူ့အသံကလေးသည် သဘော်ပေါ်မှ ကြွချသော မုန့်စမုန့်နကလေးများကို လိုက်လံထိုးသုတ်နေသော စင်ရော်ငှက်ကလေးနှင့် တူ၏။ စင်ရော်ငှက်ကလေးသည် မုန့်စကို လွတ်သွားတော့မလိုဖြစ်ပြီးမှ အမီထိုးသုတ်ကာ ကောင်းကင်သို့ လုပစွာ ပျံတက်သွားသည်။ တစ်ခါတစ်ရံတွင်လည်း သူ့အသံသည် ပန်းပွင့်ကလေးပေါ်တွင် နားတော့မလို၊ ပျံတော့မလို လုပ်နေသည့် လိပ်ပြာကလေး တစ်ကောင်နှယ်။

ဝေးလိုက်နီးလိုက်နှင့် အနားတွင် ဝဲနေပြီးမှ နောက်ဆုံး သံစဉ်ကို ရောက်သွားသည်။ သူ့အဒေါ်လေးများသည် ညိုညို၏ အသံကို အတုခိုး၍ ဆိုခဲ့ကြသည်။ ထိုစဉ်က ညိုညို၏ အသံသည် တစ်ပြည်လုံးတွင် ဖုံးနေသည်။

"မညိုရဲ့ အသံက ပင်ကိုသံဗျ၊ အဲဒီ အသံကလေးကြောင့် သူ့ကို ချစ်နေကြတာ၊ သူ့အသံက သံစဉ်ကို ရောက်မလိုလို မရောက်ဘူးလိုလိုနဲ့ နောက်ကျတော့ အသံမိသွားတယ်၊ မအေးမိတို့၊ မကြည်အောင်တို့အသံက ဘယ်အပေါက်နဲ့ဆိုဆို အသံရောက်တယ်၊ မညိုရဲ့ အသံကတော့ ရုတ်တရက် နားထောင်ကြည့်လိုက်ရင် အသံမရောက်သလိုပဲ၊ ဒါပေမဲ့ တီးကြည့်လိုက်တော့ သူ့အသံက ကွက်တိဝင်နေပြန်ရော၊ ဒါပေမဲ့ သူဆိုပုံကလေးက အသံမပီ့တပီလေးလိုလို။ တစ်ခါတလေမှ ဝဲသလိုလိုဆိုတော့ အဲဒီခေတ်မှာ တစ်မျိုးဆန်းနေတာပေါ့။

"စောစောတုန်းကတော့ မညိုရဲ့အသံဟာ အနောက်တိုင်း သံစဉ်တွေနဲ့ စပ်ထားတဲ့ သီချင်းတွေလောက်ပဲ ကောင်းတယ်လို့ ကျွန်တော် ထင်ခဲ့တယ်။ ဟိုခေတ် အခေါ်ခေါ်ရင် ဗိုလ်သံဆိုပါစို့ဗျာ။ ဒါပေမဲ့ မြန်မာသံစစ်စစ် သီချင်းတွေကို ဆိုပြန်တော့လဲ မညိုရဲ့ အသံဟာ လွမ်းစရာကောင်းနေတယ်၊ ဥပမာ နန်းတက်ပွဲတို့လို၊ ရွှေဘုရင်တို့လို၊ ပါရမီတော်တို့လို သီချင်းမျိုးတွေ ဆိုပါတော့၊ ဘယ်လောက် မြန်မာပီသသလဲ"

ညိုညိုသည် စစ်မဖြစ်မီကတည်းက နာမည်ကျော် ရုပ်ရှင်မင်းသမီးကြီး တစ်ဦးဖြစ်သည်။

ရုပ်ရှင်ကား အရေအတွက်အားဖြင့် ကြည့်လျှင် သိပ်မများလှသည့်တိုင် သူ့ရုပ်ရှင်ကားတိုင်းသည် အောင်မြင်သော ကားများ ဖြစ်ခဲ့ကြ၏။ ကားတိုင်း





သည် ပြောစမှတ် ပြုရသော ကားများချည်း ဖြစ်သည်။ ကားတစ်ကားတွင် သူက အစ်မ အပျိုကြီးနေရာမှပါခဲ့ရာ အိမ်ထောင်သည် ညီမငယ်ကို သွန်သင်ဆုံးမပေးသော တည်ကြည်ရင့်ကျက်သည့် အမျိုးသမီးကြီးတစ်ယောက်၏ ဟန်သည် အပြည့်ပေါ်နေသည်။

နောက်တစ်ကားတွင် တစ်ရွာသားကို ရည်းစားလုပ်မိ၍ လွမ်းရသော အညာသူလေး တစ်ယောက်၏ ဟန်၊ ဇာတ်လိုက်လုပ်သူ မြို့ကြီးသားက သူတို့အိမ်သို့ လာတည်းသည့်အခါတွင် မြို့ကြီးသားကို ချောင်းကြည့်ရသည့် အညာသူ အိမ်တွင်းပုန်းမကလေး၏ သရုပ်ကို ပီပြင်စွာ သရုပ်ဆောင်သွားခဲ့သည်။

ညသည်၏ အခန်းထဲသို့ နိုးဝင်ကာ မြို့ကြီးသား၏ ဓာတ်ပုံကို ကြည့်၍ ရန်ထောင်သည့် အခန်း၊ မြို့ကြီးသားက စွန့်ပစ်သွား၍ ခွာညိုပင်ကြီးအောက်တွင် လွမ်းနေရသည့် အခန်း။ စိတ္တဇဖြစ်နေရာမှ ကံ့ကော်ပွင့်တွေကို မြင်ရသည့် အခါတွင် . . .

"ဩော် . . . ကံ့ကော်တွေတောင် ပေါ်လာကြပြီနော်"

ဟု အသံတုန်တုန်ကလေးဖြင့် ပြောလိုက်သည့်အခါများသည် သူတို့ ခေတ်က ပရိသတ်ကိုသာမက ယခုခေတ် ပရိသတ်ကိုပါ ဖမ်းစားနိုင်သော အခန်းများ ဖြစ်သည်။

ညိုညိုသည် စစ်မဖြစ်မီက ရုပ်ရှင်ကား ၇ ကားသာ ရိုက်ခဲ့ပြီး စစ်ပြီးခေတ်တွင်လည်း ၇ ကားသာ ရိုက်ခဲ့ရာ ညိုညို၏ ရုပ်ရှင်ကား စုစုပေါင်းသည် ဆယ်ကားထက် မပို။

သို့တိုင်အောင် ညိုညို၏ အနုပညာဩဇာသည် ယခုတိုင် မှေးမှိန်ခြင်း မရှိသေး။

သူ့သီချင်းများသည် ယခုခေတ် လူငယ်အနုပညာသည်များအဖို့ စံထားရသော သီချင်းတွေ ဖြစ်နေသည်။ သူဆိုခဲ့သည့် သီချင်းများကို ယခုခေတ် အဆိုတော်များက 'နှောင်းခေတ် တေးမွန်' ဟူသော အမည်ဖြင့်တစ်မျိုး 'တစ်သစ်ဆန်း' ဟူသော အမည်ဖြင့်တစ်ဖုံ သီဆိုခဲ့ကြသည်။

သူတို့အသံသည် ညိုညို၏ အသံထက် ကောင်းချင်ကောင်းမည်။ နုနယ်ကောင်း နုနယ်မည်။ သို့ရာတွင် ညိုညို၏ ဆိုပေါက်ကိုမူ တစ်ယောက်မျှ မမီကြ။

"အေဝမ်း ဦးခင်မောင် မဆုံးခင်က ပြောသွားဖူးတယ်၊ မညိုရဲ့



www.burmeseclassic.com

www.burmeseclassic.com



အသံဟာ စီစီမြည်မြည်နဲ့ ဩဇာရှိတဲ့ အသံမျိုးလားဆိုတော့ မဟုတ်ဘူးတဲ့၊ အဆိုကိုလဲ ပိုင်လှတယ် မဟုတ်ဘူးတဲ့။

"သူတို့နဲ့ခေတ်ပြိုင် အဆိုတော်တွေထဲမှာ သူ့ထက် အသံကောင်းတဲ့ အဆိုတော်တွေ၊ သူ့ထက် အဆိုတတ်တဲ့ အဆိုတော်တွေ အများကြီးပဲတဲ့။ မမညို အဆိုတော်အဖြစ် နာမည်ကြီးတာဟာ ဒါတွေကြောင့် မဟုတ်ဘူးတဲ့။ သီချင်းဆိုတဲ့အခါမှာ ရင်ထဲမှာ ရှိနေတဲ့ ကရုဏာကို ပေါ်အောင်ဆိုနိုင်လို့ နာမည်ကြီးတာတဲ့။ ပြီးတော့ မမညိုဟာ သီချင်းဆိုရမှာကိုလဲ သိပ်ကြောက်တတ်တယ်တဲ့"

စန္ဒရား ကိုလှမြင့်က ပြောသည်။

"ဘာ၊ သီချင်းတွေ ဒီလောက်ဆိုနေတဲ့ နာမည်ကျော် အဆိုတော်တစ်ယောက်က သီချင်းဆိုရမှာကို ကြောက်တယ် ဟုတ်လား"

ဟု သူ မေးသည်။

ကိုလှမြင့် ရယ်သည်။

"ဟုတ်တယ်၊ ခင်ဗျားစိတ်ထဲမှာ ထူးဆန်းမနေဘူးလား၊ ဟုတ်တယ် . . . မမညိုဟာ သီချင်းဆိုရမှာကို ကြောက်တတ်သတဲ့၊ သီချင်းတစ်ပုဒ်ကို ဆိုတော့မယ်ဆိုရင် ဒီသီချင်းကို သူဆိုလို့ ဖြစ်မှဖြစ်ပါ့မလား၊ သူ့အသံနဲ့ မီမှမီပါ့မလားလို့ အမြဲကြောက်နေတယ်၊ ဒီလို ကြောက်ကြောက်ရွံ့ရွံ့နဲ့ ဆိုလိုက်တဲ့ သူ့အသံကလေးဟာ ပိုကောင်းပြီး ဒီအသံလေးကိုပဲ လူတွေက စွဲနေကြတယ်၊ ဒါတင် မကသေးဘူးဗျ"

ကိုလှမြင့်က စီးကရက်တစ်လိပ်ကို မီးညှိ၏။

"မမညိုဟာ စည်းဝါးကိုလဲ သဘောပေါက် မဆိုတတ်ဘူးတဲ့"

"ဘာ၊ စည်းဝါးကိုလဲ သဘောမပေါက်ဘူး၊ ဟုတ်လား"

အထူးအဆန်းတွေချည်း သူ ကြားနေရသည်။ သည်လောက် နာမည်ကြီးပြီး သီချင်းဓာတ်ပြားတွေ အများကြီး သွင်းခဲ့သည့် အဆိုတော် ရုပ်ရှင်မင်းသမီးကြီးတစ်ဦး စည်းဝါးကို ကောင်းစွာ သဘောမပေါက် ဆိုသည်မှာ မဖြစ်နိုင်ဟု သူ ထင်သည်။

"ဒါဖြင့် ဘယ်လိုလုပ်ပြီး သီချင်းတွေကို ဆိုခဲ့တာလဲ"

ကိုလှမြင့်က နောက်တစ်ကြိမ် ရယ်ပြန်သည်။

"မမညိုရဲ့ ပါရမီလို့ ဆိုရမလားတော့ မပြောတတ်ဘူး၊ အေဝမ်း ဦးခင်မောင်က ပြောသွားတာ။ ဒို့ပြင် အဆိုတော်တွေဆိုရင် စည်းကို ကိုင်ဆိုရ





အားရကြတယ်။ သူများ စည်းကိုင်ရင်တောင် သိပ်မကြိုက်ကြဘူး၊ မမညိုက တော့ ဒီလို မဟုတ်ဘူးတဲ့၊ သူနဲ့ သီချင်းပေါင်းများစွာ ဓာတ်ပြားသွင်းခဲ့ရာမှာ မမညိုဟာ တစ်ခါမှ စည်းကိုင်တာ မမြင်ဘူးလို့ အေဝမ်း ဦးခင်မောင်က ပြောသွားတယ်။ ဒါပေမဲ့ ဆိုလိုက်တော့လဲ စည်းကိုက် နရီကိုက်ပဲတဲ့၊ သူက နားစောင့်နဲ့ဆိုတာတဲ့၊ ရင်ထဲက လာတဲ့ အမှတ်သညာက ကောင်းနေတော့ စည်းကိုက်ဝါးကိုက် ဖြစ်နေတာချည်းပဲတဲ့"

သီချင်းဆိုရမှာကို ကြောက်သော၊ စည်းမကိုင်သော၊ အသံသိပ်မကောင်းသော နိုင်ငံကျော် အဆိုတော်ကြီးတစ်ဦး။

အံ့ဩစရာတွေကို သူ ကြားနေရသည်။

*

ညိုညို၏ ရုပ်ရှင်များကို စစ်မဖြစ်ခင် ငယ်ငယ်ကတည်းက သူ ကြည့်ခဲ့ဖူးသည်။ သည်တုန်းက သူက ဘာရှိဦးမှာလဲ။ ဆယ်နှစ်သားလောက်ပဲ ရှိဦးမည်။ ညိုညိုက အသက်အစိတ်လောက် ရှိနေပြီ။ သူ့ရုပ်ရှင်ကားတွေကို ကြည့်၊ သူ့သီချင်းတွေကို နားထောင်ပြီး ညိုညိုကို ကလေးချစ်ဖြင့် ချစ်ခဲ့ဖူး၏။ ပလေတိုးနစ်အချစ်ဟု ခေါ်ကြသော စိတ်ကူးယဉ်အချစ်ဖြင့် ချစ်ခဲ့ဖူး၏။

'ချစ်ရေစင်' ဇာတ်ကားတွင် ညိုညိုသည် အညာသူ အိမ်တွင်းပုန်း မလေးတစ်ယောက်၏ သရုပ်ကို ဆောင်သွားရာ သူသည် ညိုညိုကို သနားနေ၏။

ညိုညိုကို စွန့်ပစ်ကာ မိဘသဘောတူသည့် အမျိုးသမီးနှင့် ယူတော့မည် ပြုသည့်အခါတွင် သူသည် ကိုဖုန်းမြင့်ကို မုန်းနေသည်။ ညိုညို တစ်ယောက် သူ့ချစ်သူ၏ စိမ်းကားရက်စက်မှုကြောင့် ခွာညိုပင်ကြီးအောက်တွင် လဲနေသောအခါတွင် သူသည် မျက်ရည်တွေ ဝဲနေသည်။ သည်တုန်းက ရုပ်ရှင်ဇာတ်လမ်းဟု သူ မထင်။ ဒါရိုက်တာနှင့် ဇာတ်ညွှန်းဆရာတို့၏ ဖန်တီးချက်ဟု သူ မသိ။ တကယ်ပင် ခွာညိုပင်ကြီးအောက်မှာ စိတ်ဒုက္ခဖြစ်မှာပဲဟု တွေးကာ ညိုညိုကို သနားခဲ့သည်။

"သြော် . . . ကံကော်တွေတောင် ပေါ်နေပြီနော်"

ဟု ပြောသည့်အခါတွင်လည်း သူ့မျက်လုံးတွင် မျက်ရည်တွေ အဝဲသား နှင့်။

သူသည် သူ့ပုံဆွဲစာအုပ်ကလေးကို ဖွင့်ကာ ခွာညိုပင်ကြီးအောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



လဲနေသော ညိုညို၏ ပုံတူကို အလွမ်းပြေ ရေးမိသည်။ အောက်တွင် 'ခွာညိုပင်ကြီးအောက်က ညိုညို' ဟု မပီတပီ ကလေးလက်ရေးဖြင့် စာတမ်းထိုးထားသည်။ တကယ်တော့ ကလေးလက်ရာမျှသာဖြစ်သည့် သူ့ပန်းချီကားသည် ခွာညိုပင်ကြီးအောက်က ညိုညိုပုံနှင့် မတူပါ။

သို့ရာတွင် သူ့စိတ်ထဲတွင်မူ ထိုပန်းချီကားသည် ပန်းချီကျော်တို့ရေးဆွဲသည့် နာမည်ကျော် ပန်းချီကားများစွာတို့ထက် အဆရာထောင်သာသည်ဟု သူ ထင်သည်။

သားကို အမြဲခွင့်လွှတ် အလိုလိုက်သော မေမေကမူ သူ့ပန်းချီကားကို ကြည့်၍ ရယ်သည်။ စည်းကမ်းကြီးသော ဖေဖေကမူ ဟင်းဟင်းဟု ပါးစပ်ပိတ်၍ရယ်ကာ "ပန်းချီရူး ရူးနေတဲ့ကောင်၊ ငြိမ်နေလို့ ဂဏန်းတွက်တယ် အောက်မေ့နေတာ" ဟု ဩဘာပေးသည်။

သူ့ဒေါ်လေး အငယ်ဆုံးကမူ –

"ဟင် . . . နင့်ပုံက ညိုညိုနဲ့လဲ မတူဘူး။ ညိုညို့မျက်လုံးက ဝိုင်းဝိုင်းကလေးတွေရယ်၊ မျက်နှာကလဲ ဝိုင်းတယ်၊ နှုတ်ခမ်းကလဲ ထူထူကလေးရယ်၊ နင့်ပုံထဲက ညိုညိုက မျက်လုံးက ရှည်မျောမျောနဲ့၊ မျက်နှာကလဲ ရှည်လွန်းနေတယ်၊ နှုတ်ခမ်းကလဲ ပါးလွန်းနေတယ်၊ ပြီးတော့ အပင်ကလဲ ခွာညိုပင် မဟုတ်ဘူး၊ မန်ကျည်းပင်ကြီး ဖြစ်နေတယ်"

သူက အလျှော့မပေးသော အသံဖြင့် . . .

"ဒေါ်လေးတို့ တူတူ မတူတူ ကျွန်တော့်မျက်စိထဲမှာတော့ ညိုညိုနဲ့ တူနေတာပဲ၊ အဝေးမှ ရုပ်စုံထဲက ညိုညို့ပုံကို ကြည့်ပြီး ဆွဲတာပဲ၊ မန်ကျည်းပင်ကြီး ဖြစ်နေတာကတော့ ကျွန်တော် ခွာညိုပင်ကိုမှ မမြင်ဖူးသေးတာ ဘယ့်နှယ့်လုပ်မလဲ၊ မြင်ဖူးတဲ့ အပင်ကိုပဲ ထည့်ဆွဲရတာပေါ့၊ ပင်စည်မှာ ခွာညိုပင်လို့ ထည့်ရေးထားသားပဲ၊ ဘာပင်နဲ့တူတူ စာဖတ်ကြည့်လိုက်ရင် ခွာညိုပင်မှန်း သိသွားမှာပါ"

စစ်ကြီးဖြစ်ပွားသည့်အခါတွင် သူတို့ မြို့ကလေးသို့ ရုပ်ရှင်ကားတွေ မလာတော့။ သူတို့တစ်တွေလည်း ရုပ်ရှင် မကြည့်ရတော့ပြီ။

သို့ရာတွင် ကိစ္စမရှိပါ။ သူတို့အိမ်တွင် ဓာတ်စက်ရှိသဖြင့် ညိုညို၏ ဓာတ်ပြားများကို နေ့တိုင်း ညတိုင်း နားထောင်ကြသည်။ တခြားမြို့မှ စစ်ပြေးလာကြသည့် မိသားစုများတွင် ညိုညို၏ ဓာတ်ပြားများ ပါလာသည်ကို ကြားလျှင် ဓာတ်ပြားချင်း လဲဖွင့်ကြသည်။





သီချင်းတွေချည်း နားထောင်ရမလားဟု ဖေဖေက ဆူသည်။ ထိုအခါတွင် သူတို့တူဝရီးနှစ်ယောက်သည် ဓာတ်ပြားအပ်ခေါင်းဖြင့် မဖွင့်ရဲကြတော့။

မီးခြစ်ဘူးတွင် စိန့်တံဆိပ်အပ်စိုက်ညှပ်ပြီး လက်ဖြင့် မီးခြစ်ဘူးကိုကိုင်၍ အပ်ခေါင်းလို လုပ်ဖွင့်ကြသည်။ သီချင်းသံက တိုးတိုးကလေး။

ထိုသီချင်းကို တူဝရီးနှစ်ယောက် လိုက်ကျက်ကြသည်။ ဆိုကြသည်။ စုံတွဲသီချင်းဆိုလျှင် သူက အမျိုးသားသံ လုပ်ဆိုပြီး သူ့ဒေါ်လေးနှင့် ညီမတို့က ညိုညိုနေရာမှာ လိုက်ဆိုကြသည်။ စာသားများကို ဒေါ်လေးနှင့် ညီမလေးတို့က ဗလာစာအုပ်တစ်အုပ်ထဲတွင် ကူးပြီး သီချင်းခေါင်းစဉ် အမည်များကို သူက ပန်းစာလုံးလှလှဖြင့် ရေးဆွဲ၍ ဆေးရောင်ခြယ်ပေးသည်။

ပန်းတို့ လိပ်ပြာတို့နှင့် ပတ်သက်လာသည့် သီချင်းမျိုးဆိုလျှင် ပန်းနှင့်လိပ်ပြာ ပုံကလေးတွေ၊ တိမ်ညိုကြားတွင် ငွေစန္ဒာလရထား ခရီးနှင်နေသည့် အကြောင်းကို ဖွဲ့လျှင် တိမ်ညိုနှင့် လခြမ်းပုံကလေးတွေ၊ သော်တာငွေဝန်းကို ကြည့်ပြီး လွမ်းတနေရသည့် အပျိုမကလေးအကြောင်း ဖွဲ့ထားသည့် သီချင်းဆိုလျှင် ရွှန်းရွှန်းလဲ့နေသော လမင်းကြီးနှင့် ဝရန်တာတွင် ရပ်နေသည့် အပျိုမကလေးတစ်ယောက်၏ ပုံမျိုးတွေ။

ထိုစဉ်က သူ၏ နုနယ်သော ကလေးငယ်၏ နှလုံးသားထဲတွင် ညိုညိုသည် ကြီးစိုးနေသည်။ လမင်းကြီးကလည်း လရောင်ကို မလွှတ်။ ညိုညိုကို လွှတ်နေသည်ဟု ထင်သည်။ ပန်းပင်တွေကလည်း ပန်းပွင့်တွေကို မပွင့်။ ညိုညိုကို ပွင့်နေသည်ဟု ထင်သည်။

ကောင်းကင်တွင် ကြယ်တွေ မလက်။ ညိုညို၏ မျက်လုံးတွေ ဝင့်လက်နေသည်ဟု အောက်မေ့သည်။ အဝေးမှ စိမ်းညိုမှိုင်းပျသော ဝါးတောသည် ညိုညို၏ ကျောပေါ်တွင် ဖြန့်ဝဲနေသည့် ဆံပင် နုနုထွေးထွေးတွေဟု ထင်ခဲ့မိသည်။

စစ်ပြီး၍ ရန်ကုန်တက္ကသိုလ်သို့ သူ ရောက်လာသည့်အခါ ဂျုပ်ဆင်ဟောက ဧည့်ခံပွဲတစ်ခုတွင် အခြားသော အဆိုတော်များနှင့်အတူ ညိုညိုလည်း လာ၍ သီချင်းဆိုသည်။ သူဆိုသည့် သီချင်းက သူတို့အသည်းစွဲ 'ပျို့မှာတမ်း' သီချင်း။

မီးရောင်တွေ ထိန်လင်းအောင် ထိုးထားသည့် စင်မြင့်ပေါ်တွင် ညိုညို ရပ်၍ သီချင်းဆိုနေပြီ။ အဝေးမှ ဦးခင်မောင်မောင်က စန္ဒရားတီးနေသည်။ သခုခေတ်မှာလို ကိုယ်တွေ ခါးတွေ ယိမ်းလှုပ်ခြင်းမရှိ။ သက်သက်သာ



www.burmeseclassic.com

www.burmeseclassic.com



ပျော့ပျောင်းစွာ ရပ်ကာ ပျို့မှာတမ်းရှည်ကို ညည်းသွားသည်။

ပါမောက္ခတွေ၊ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ အားလုံး ငြိမ်နေကြသည်။ ဂျပ်ဆင်ဟောကို စောင့်သည့် ဒရဝမ်ကုလားကြီး ပင်လျှင် ငိုင်နေသည်။ သူ့သီချင်းက အပျိုမလေးတစ်ယောက်၏ မှာတမ်းရှည် ညည်းချင်း။

*"စိတ်ချလက်ချ ကြည်ဖြူချင် ... ဤကမ္ဘာတွင် ...*
*သူပဲ စွဲလို့သာပင် သစ္စာတော်ပန်း မသွေတမ်းဆင် တူနှစ်ကိုယ်*
*မြဲခိုင်ခိုင် ပေါင်းသင်းဖို့ စိတ်မှာမြှော်မြင် ..."*

ပထမအပိုဒ်တွင် သူ့အသံက ချစ်ကြည်နူးနေသည့် အသံ။

*"ခုများတော့ လိမ်ဉာဏ်တွေဆင် ... အသစ်*
*တွေ့တော့ မောင်မေ့မယ်ထင်၊ မျှော်သူမှန်း ခန်းစက်ရာတွင်*
*ချစ်သူထံရှည်မှန်း ပျို့မှာတမ်း ဆက်မယ်ရှင် ..."*

သည်အပိုဒ်က လွမ်းတသံ။

*"မိုးကလေးညိုညို လွမ်းစိတ်ပိုချင် ညနေဆီးနေရိရင်လဲ*
*တမ်းတကာပဲရှင်၊ သော်တာလမင်း ပဝင်းသာဆဲ ဒါပဲ စိတ်စွဲ*
*လို့ပင် ချစ်သူမျက်နှာလေးကို တမြင်မြင် စားစားသွားသွား*
*နေနေ၊ မောင့်အပူ ပွေသူပါရှင်၊ မြင်တော်မူဦးမောင်ရဲ့ မေ့တတ်*
*လွန်းချင်၊ အလွမ်းစာ ရေးလိုက်ရပါသရှင်၊ မိန်းကလေး လက်*
*ရေးသီရင် ခွင့်လွှတ်စေချင် ..."*

သည်အပိုဒ်မှာ အားနွဲ့သံ။

*"တစ်ကိုယ်ရည်တွေး ဆွေးနေမယ်ရှင် မျှော်ကာမှန်း*
*ခန်းစက်ရာတွင် မျက်တောင်ကလေးယှက် ဖူးလက်တင် ဖော်မဲ့*
*သူပင် ..."*

သည်အပိုဒ်မှာ ညည်းသံ။

*"စိမ်းကားသလောက် ပျိုမငြိငြင် လာခဲ့ရင် ရန်တွေမှာ*
*မှီလား ဒေါသ မထားရက်ဘူးရှင်၊ အသက်လောက် မောင့်ကို*
*ပဲကြင်၊ မိဘအပေါ် ဆိုးခဲ့လေသမျှ သွန်ခဲ့ကျမှ ဝင့်လည်*





*တယ်ထင်၊ သနားစေချင်လို့ ပျို့ငွေလွှာတင်"*

နောက်ဆုံးအပိုဒ်မှာ ခွင့်လွှတ်သံ ဖြစ်သည်။

ဆယ်နှစ်သားအရွယ် သူ၏နုနယ်သော နှလုံးသားထဲတွင် စွဲထင်ခဲ့သည့် ညိုညိုကို လူကိုယ်တိုင် မြင်လိုက်ရသည့်အခါတွင် သူ ရင်ခုန်နေသည်။ သေသေချာချာ ကြည့်သည့်အခါတွင် ညိုညို၏ကိုယ်လုံးသည် အနည်းငယ် ပြားသယောင်ယောင် ထင်ရသည်။ မျက်လုံးတို့က ပိုဝိုင်းသည်ဟု ထင်ရသည်။ အသားကမူ သူ ထင်တာထက် ညိုသည်။ မည်သို့ပင်ဖြစ်စေ၊ တည်ကြည်သော မျက်လုံးအကြည့်၊ ယဉ်ကျေးသော မျက်တောင်အဝင့် ကွန့်မြူးရသော လှုပ်ရှား ဟန် ချိုသာသော စကားသံတို့ကို သူ သတိပြုမိသည်။

နောင်တွင် သူသည် ကိုလှမြင့်နှင့် ပတ်သက်ပြီး ညိုညိုနှင့် သိကျွမ်း ရင်းနှီးလာခဲ့ကြ၏။ ညိုညိုနှင့် ကိုလှမြင့်တို့ သီချင်းတိုက်ကြလျှင် သူ လိုက် သွားမြဲ။ စစ်ပြီးသည့်နောက်တွင် ညိုညိုသည် ရုပ်ရှင်နည်းနည်းသာ ရိုက်တော့ သည်။ ကုမ္ပဏီများက လာရောက် ကမ်းလှမ်းကြသော်လည်း ညိုညိုသည် ထိုကမ်းလှမ်းချက်များကို ငြင်းလွှတ်လိုက်သည်ချည်း။

သူတို့က ရုပ်ရှင်ဆက်ရိုက်ရန် တိုက်တွန်းကြသည်။

"ညိုညို မရိုက်ချင်တော့ပါဘူးကွယ်၊ ရုပ်ရှင်လောကကို ငြီးငွေ့သွားပြီ"

ညိုညိုက တိုးတိတ်စွာ ပြော၏။ ကိုလှမြင့်နှင့် သူသည် ညှို့ခန်းမှန် ပြတင်းမှ ဖြာကျလာသော အလင်းရောင်မှိန်မှိန်တွင် ညိုညို့ကို ငေးကြည့်နေကြသည်။ သူတို့က အသက်နှစ်ဆယ်ကျော်၊ ညိုညိုက အသက်လေးဆယ် ခန့်။ ညိုညို၏ အလှသည် အစွမ်းကုန် ဖူးပွင့်ဆဲအရွယ်။

ရုပ်ရှင်ရိုက်လျှင် သူ့ကို ငွေပုံပေးမည့် ကုမ္ပဏီတွေ အများကြီး ရှိရာတွင် ညိုညိုသည် ကင်မရာရှေ့တွင် မရပ်တော့။ ရန်ကုန်မြို့ရှိ တိတ်ဆိတ်သည့် ခြံကွက်ကလေး တစ်ခုတွင် အစ်မအပျိုကြီးနှင့် နှစ်ယောက်တည်း နေကြသည်။

"ဘာဖြစ်လို့ ငြီးငွေ့ရတာလဲ မမညိုရယ်၊ ဒီအရွယ်ဟာ အလုပ်လုပ်လို့ အကောင်းဆုံး အချိန်ပဲ မဟုတ်လား"

သူတို့က အားမလိုအားမရဖြင့် ပြောကြသည်။

"အသက်ကြီးသွားပြီလေ"

"ဘယ်ကလာ အသက်ကြီးရဦးမှာလဲ မမညိုရ၊ ဂါဘိုးတို့ ဘေတေ်ဒေးဗစ်တို့ ဂလိုရီယာဆွန်ဆင်တို့လို ဟောလီးဝုဒ်က မင်းသမီးတွေဟာ အသက်ကြီးသည် အထိ ရုပ်ရှင်ရိုက်ကြတုန်းပဲ မဟုတ်လား၊ အသက်ကြီးတော့လဲ အသက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အခန်းက ပါရတာပေါ့''

ညိုညိုသည် ခေါင်းကို ဖြည်းညှင်းစွာ ယိမ်းကာ သက်ပြင်းကို ချသည်။ ဘာမှ ဆက်မပြော။ သို့သော် . . .

''မမညိုကတော့ ဒီလိုအခန်းက မပါချင်တော့ဘူးလေ၊ ခု စစ်ပြီးလို့ ရိုက်ထားတဲ့ ကားတွေတောင် မမညိုက ဒီလောက် ရိုက်ချင်လှတော့တာ မဟုတ်ဘူး၊ ကုမ္ပဏီကလဲ တိုက်တွန်း၊ စာချုပ်တွေကလဲ မပြတ်သေးတာနဲ့ ရိုက်ပေးနေတာ၊ မမညိုကို ငယ်ငယ်ကရုပ်အတိုင်းပဲ လူတွေရဲ့ မျက်စိထဲမှာ မြင်နေစေချင်တယ်လေ၊ ခွာညိုပင်အောက်က မမညိုဆိုရင် သူတို့စိတ်ထဲမှာ စွဲနေတယ်၊ ဒီတော့ မမ သေသည်အထိ ဒီအတိုင်းပဲ မြင်ကျန်ရစ်ခဲ့စေချင်တယ်၊ သူတို့စိတ်ထဲမှာအစွဲလမ်းဆုံး ရုပ်ပုံလွှာကလေးကို ချန်ရစ်ခဲ့တော့ သူတို့လဲ စိတ်ချမ်းသာ၊ မမညိုလဲ စိတ်ချမ်းသာတာပေါ့ကွယ်''

ဟု သူ့မျက်နှာကလေးက ဆိုနေသယောင်။

ညိုညိုသည် မန္တလေးကို ပြန်သွားသည်ဟု ကြားလိုက်ရသည်။

ထို့နောက်တွင် ညိုညိုသည် မန္တလေးသို့ အပြီး ပြန်သွားသည်ဟု ကြားလိုက်ရသည်။ ရန်ကုန်မှ အိမ်ကိုလည်း ရောင်းပစ်ခဲ့၏။ ရုပ်ရှင်ကင်မရာရှေ့တွင်လည်း မရပ်တော့။ အသံလွှင့် မိုက်ကရိုဖုန်းရှေ့တွင်လည်း မရပ်တော့။ ညိုညိုသည် အဘယ်ကြောင့်များ သူချစ်သော ရုပ်ရှင်လောက၊ သူချစ်သော တေးဂီတလောကကို စွန့်ခွာသွားလေသနည်း။ ခွာညိုပင်အောက်က ညိုညို၏ ရုပ်ပုံလွှာကို ချန်ထားခဲ့လိုသောကြောင့်လော၊ နှလုံးသား ရေးရာကြောင့်လော ဤသည်ကို သူ မသိနိုင်။ ညိုညိုကလည်း မည်သူ့ကိုမျှ ဖွင့်ပြောဟန် မတူ။

မည်သည့်အကြောင်းကြောင့် စွန့်ခွာသွားသည် ဖြစ်စေ၊ ဖျော်ဖြေမှု အနုပညာဖြင့် တစ်နိုင်ငံလုံး၏ နှလုံးသားများကို ကိုင်လှုပ်ခဲ့သော အနုပညာကျော်တစ်ဦး မထင်မရှားဖြင့် သူ့ကိုယ်သူ ပြည်ဖုံးကား ချထားခြင်းကိုမူ သူ မကျေနပ်နိုင်။

ပို၍ အံ့ဩစရာကောင်းသည်မှာ ဖျော်ဖြေမှု အနုပညာဖြင့် တစ်တိုင်းပြည်လုံးကို ဖျော်ဖြေခဲ့သည့် ညိုညိုသည် မည်သည့် ဖျော်ဖြေမှု အနုပညာကိုမျှ လှည့်မကြည့်တော့ခြင်းပင် ဖြစ်သည်။

''အနုပညာလောကကို မမညို စွန့်ခွာသွားပုံက စိမ်းကားရာ မရောက်ဘူးလားဗျာ၊ ရုပ်ရှင် မရိုက်ချင်နေပါစေတော့၊ သီချင်းလေး တစ်ပုဒ်တောင် မဆိုတော့ဘူးတဲ့လား''





''ခင်ဗျားကြားရင် ဒီထက်တောင် အံ့ဩဦးမယ်၊ ညိုမမက သူကိုယ်တိုင် ရုပ်ရှင်မရိုက်တော့ရုံတင် မကဘူး၊ ဘယ်ရုပ်ရှင်ကိုမှလဲ မကြည့်ချင်တော့ဘူးတဲ့ ဗျ။ သူကိုယ်တိုင် သီချင်း မဆိုရုံတင် မကတော့ဘူး၊ ဘယ်သီချင်းကိုမှလဲ ဟုတ်ဟုတ်ရရ နားမထောင်ချင်တော့ဘူးတဲ့၊ တစ်နှစ်က ကျွန်တော် ရောက်သွားတုန်းမှာ ခပ်လှမ်းလှမ်း အသံချဲ့စက်ကနေပြီး သူ့သီချင်းတစ်ပုဒ်ကို ဖွင့်နေတယ်၊ အောင်ခြင်းရှစ်ပါး သီချင်းလား မသိဘူး၊ ဒါနဲ့ ကျွန်တော်က မမညိုသီချင်း အသံချဲ့စက်က ဖွင့်နေတယ်၊ လိုက်ဆို မကြည့်ဘူးလားလို့ ကျွန်တော်က မေးတော့၊ မဆိုဖြစ်ပါဘူး မောင်လှမြင့်ရယ်၊ ဆိုလဲ မဆိုနိုင်တော့ပါဘူး၊ အရင်တုန်းက အသံကို ဘယ်မီပါတော့မလဲ၊ ပြီးတော့ မောလဲ မောတယ်၊ တစ်ခါတလေ အောင်ခြင်းရှစ်ပါးတို့လို၊ ပါရမီတော်တို့လို ဗုဒ္ဓဝင်နဲ့ ပတ်သက်တဲ့ သီချင်းမျိုးဆိုရင်တော့ စိတ်ထဲက လိုက်ပြီး အာရုံပြုမိပါရဲ့၊ ဒါကလဲ သီချင်းအနေနဲ့ မဟုတ်ပါဘူး၊ မမညိုက တစ်နေ့တစ်နေ့ကို ဂုဏ်တော်တစ်ထောင်ရအောင် ပုတီးစိပ်ပြီး ဘာဝနာကိစ္စနဲ့ပဲ အချိန်ကုန်လေတော့ ကုသိုလ်လေး ဘာလေး အထိုင်အလျောက်ရရင်လဲ နည်းသလားဆိုပြီး အာရုံပြုမိတာလောက်ပဲ ရှိပါတယ်တဲ့''

သည်တစ်ခေါက် မန္တလေးအရောက်တွင်မူ ကိုလှမြင့်နှင့်အတူ ညိုညို၏ အိမ်သို့ သူ ရောက်သွားသည်။ ညိုညိုနှင့် မတွေ့သည်မှာ အနှစ်နှစ်ဆယ်ကျော် အစိတ်နီးပါး ရှိတော့မည်။

မန္တလေး တစ်ခုသော ရပ်ကွက်မှ အေးချမ်းတိတ်ဆိတ်သော ညိုညိုတို့ ညီအစ်မနှစ်ယောက် နေထိုင်ရာ ပျဉ်ထောင်သွပ်မိုး အိမ်ကလေးရှေ့သို့ သူတို့ ကား ထိုးရပ်လိုက်သည်။ အိမ်ရှေ့တွင် လူတွေ ရုတ်ရုတ်သဲသဲ မြင်လိုက်ရသဖြင့် သူတို့နှစ်ယောက် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားကြသည်။

''တလောက အဘွားကြီး ကျောက်ကပ်မကောင်းလို့ ဆေးရုံတက်ရတယ် ပြောတယ်၊ ဘာများ ဖြစ်သလဲ မသိဘူး''

ဟု ကိုလှမြင့်က ပြောသည်။

မှောင်ရီပျိုးစ ဖြစ်၍ လမ်းမာတ်မီး မှိန်မှိန်တို့သာလျှင် ဝိုးတိုးဝါးတား။

သူနှင့် ကိုလှမြင့်တို့သည် အခြေအနေကို အကဲခတ်ကြည့်သည်။ တည်ငြိမ် လေးနက်သော ကိုလှမြင့် မျက်နှာပေါ်တွင် အပြုံးရိပ် သမ်းလာသည်။

''ဟော ဟော . . . ဟိုမှာ မမညိုရယ်၊ ရှိတယ် ရှိတယ်၊ လာဗျို့''

ကိုလှမြင့် ပြောသည့်တိုင် ညိုညိုကိုမူ မမြင်ရသေး။ မှောင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



မှောင်၊ အလင်းရောင်ကလည်း နည်း၊ လူတွေကလည်း များ၊ ညိုညိုနှင့် ကွဲကွာသွားသည်မှာ ကြာလှပြီ ဖြစ်သဖြင့် ညိုညို့ကို သူ မမြင်။ သူတို့လူသိုက်ကလည်း သူတို့နှစ်ယောက်ကို ဘာမှ မပြောဘဲ ကြည့်နေကြသည်။

"ဘယ်မှာလဲ မမညို"

သူမေးသည်။

"ဟိုမှာလေ . . . ကွပ်ပျစ်ပေါ်မှာ ထိုင်နေတာ၊ မမညို၊ ကျွန်တော်တို့ပါ။ မောင်လှမြင့်တို့ပါ"

သည်တော့မှ ကွက်ပျစ်ပေါ်တွင် ထိုင်နေသည့် အရာသည် လှုပ်ရှားလာ၏။

"ဟင် . . . မောင်လှမြင့်တို့ပါလား၊ လာလာ၊ မမညိုက ဘယ်သူတွေများလဲလို့"

ညိုညိုက သူတို့ကို နေရာထိုင်ခင်းပေး၏။ အနီးသို့ ရောက်သည့်အခါတွင် ညိုညိုကို သူ သေသေချာချာ ကြည့်မိသည်။ အသက် ၅၀ ကျော် အရွယ် ရုပ်သွင်ကို မြင်ရ၏။ ကြယ်ရောင်ရိပ်တွင် မြင်ရသည့် ဝါးတောတစ်ခုလို စိမ်းမြညိုမှောင်နေသော ဆံပင်တို့က ဖြူဖွေးနေကြပြီ။ ခေါင်းတွင် တမာသီးသာသာ ဆံထုံးကလေးကို ထုံးလျက်။

ညိုညိုသည် သူတို့ကို နေရာထိုင်ခင်းပေးရင်း တစ်ဆက်တည်းမှာပင် ကလေးများဘက်သို့ လှည့်လိုက်ကာ . . .

"ကဲ ကဲ . . . သားတို့ သမီးတို့ပြန်ကြတော့၊ ဘွားဘွား နောက်တစ်ခါမှ ကြည့်တော့မယ်၊ ရော့ ရော့၊ ငွေငါးကျပ်၊ တခြားမှာ ခေါ်သွားပြီး ကြည့်ချည်ကြ၊ ဘွားဘွား ဧည့်သည်တွေ ရှိသေးတယ်"

"ဟုတ်ကဲ့ . . . ဘွားဘွား"

ဟုဆိုကာ ကလေးများသည် လူတစ်ယောက်နောက်သို့ ဝိုင်းအုံ လိုက်ပါသွားကြသည်။

"ဘာတွေ ကြည့်မလို့လဲ မမညို၊ လုပ်စရာရှိရင် လုပ်ပါ၊ ကျွန်တော်တို့ကို အားမနာပါနဲ့"

"အို . . . ဘာမှ မကြည့်ပါဘူးကွယ်၊ ပျင်းတာနဲ့ ကလေးတွေ မျှောက်ပွဲကြည့်မလို့၊ မျောက်ဆရာကို ခေါ်ထားတာ၊ သူတို့ဘာသာ တခြားမှာ သွားပြလိမ့်မယ်"

ညိုညိုက ရှေ့သွားတစ်ချောင်း နှစ်ချောင်းမရှိတော့သည့် ပါးစပ်တို့





လက်ဖြင့် ဖုံး၍ ရှက်ပြုံးကလေး ပြုံးသည်။

"ဩော် . . . ခက်ပါဘိတော့ မမညိုရယ်၊ တစ်နိုင်ငံလုံးကို ဖျော်ဖြေမှု အနုပညာနဲ့ ဖျော်ဖြေခဲ့တဲ့ အဆိုတော် မင်းသမီးကြီးတစ်ယောက်ဟာ ကိုယ့်အလှည့်ကျတော့ မျောက်ပွဲနဲ့ပဲ ဖြေဖျော်မှုရှာရသတဲ့လား။

"သွားတွေကလဲ အရင်တစ်ခေါက်လာကတည်းက စိုက်ပါလို့ ပြောရက်သားနဲ့ မစိုက်သေးပဲကိုး"

"ခုမှတော့ မစိုက်တော့ပါဘူး မောင်လှမြင့်ရယ်၊ ဒီအတိုင်းပဲ ထားလိုက်တာ ကောင်းပါတယ်"

ညိုညိုက ပြောသည်။

"ကျွန်တော်ကတော့ မမညို ခုလို ကုက္ကိုပင်ကြီးအောက်မှာ ထိုင်နေတာမြင်တော့ ခွာညိုပင်အောက်က ညိုညိုကိုပဲ သတိရနေတယ်"

သူက လွမ်းတသံဖြင့် ပြောသည်။ ညိုညိုက ညည်းသံလေးဖြင့် . . .

"ခုတော့ ခွာညိုပင်ကြီးအောက်က ညိုညိုမဟုတ်တော့ဘူးလေ"

သူ မြင်နေသော ညိုညို မဟုတ်တော့သည်မှာ မှန်ပါ၏။ သို့ရာတွင် အသံကမူ ခွာညိုပင်ကြီးအောက်က ညိုညို၏ အသံအတိုင်းပင်။

■

စန္ဒာ
ဇန်နဝါရီ၊ ၁၉၈၇

www.burmeseclassic.com

www.burmeseclassic.com

## ကြာပင်အိုင်က ကျွန်တော့်ဦးလေး အော်စကာ

အဖေက သူ့အိမ်ကလေးကို 'ဆွိဒီဇင်ဘာ'ဟု အမည်ပေးသည်။ အဖေမွေးသည့်လသည် ဒီဇင်ဘာ။ ထိုအိမ်ကလေးကို ဆောက်ပြီးသည့်လမှာလည်း ဒီဇင်ဘာလ ဖြစ်သည်။

အဖေသည် နာတာလူးပွဲတော်နှင့် တစ်ပြိုင်တည်း အိမ်တက်မင်္ဂလာ လုပ်နိုင်အောင် 'အပြီးဆောက်ပြီးနောက် 'ဆွိဒီဇင်ဘာ'ဟု အမည်ပေးခဲ့လေသည်။

ထိုစဉ်က ဆွိဒီဇင်ဘာဟူသည့် အဓိပ္ပာယ်ကို ကျွန်တော် နားမလည်သေး။ ကျွန်တော့် အသက်သည် ဆယ်နှစ်လောက် ရှိပြီ။ မူလတန်းကျောင်းမှာပင် ရှိသေး၏။ ကျွန်တော်က မေးသည့်အခါတွင် အဖေက ချိုသာနှစ်လိုဖွယ် ပြုံးကာ . . .

"ထန်းလျက်တို့၊ သကြားတို့ဟာ ချိုတယ် မဟုတ်လား။ အဲဒီလို ချိုတာကို အင်္ဂလိပ်လို ဆွိလို့ခေါ်တယ် လူလေးရဲ့၊ ကြည့်စမ်း. . ခု အဖေတို့ အိမ်ကလေးကို ကြည့်ရတာကလဲ မသာယာဘူးလား။

"အိမ်ရှေ့မှာ သရက်ပင်တွေ၊ အုန်းပင်တွေ၊ ငှက်ပျောပင်တွေက စိမ်းလို့။ ပြီးတော့ ဟောဟိုက သံပရာပင်အိုကြီးနဲ့၊ စိန်ပန်းပြာတွေနဲ့၊ စိန်ပန်းနီတွေတလည်း မိုးရောက်ရင် နီလို့၊ ပြာလို့။

"ဟောဟိုက ပိတောက်ပင်ကြီး။ သူကလည်း တန်ခူးရောက်ရင် ထိန်နေအောင် ပွင့်လို့။ ဟိုဘက်က သစ်ပုပ်ပင်အိုကြီး။ အဲဒီပေါ်မှာ ဖျိုင်းသိုက်ရှိတယ်။





ညအိပ်တန်းတက်ရင်၊ မနက်အိပ်တန်းဆင်းရင် တဂွတ်ဂွတ်နဲ့ မြည်နေတဲ့ ဖျိုင်းသံတွေနဲ့။ ပြီးတော့ နေ့လယ်ဆိုရင် ပန်းထိမ်ငှက် အော်သံကလေးက တတိန်တိန် မြည်လို့။ အိမ်ရှေ့ရေစပ်မှာ ဇရပ်လှချောင်း။ ဗေဒါတွေ၊ ဇလပ်ရုံတွေနဲ့။ နောက်ဖေးဆင်းလိုက်တော့ ခပ်လှမ်းလှမ်းမှာ အင်းရဲကြီး။ ရေတွေက ပြာလို့၊ ငါးသိပ်ပေါတဲ့ အင်းကွ။

"ဒီလိုသာယာလို့ အဖေက တို့အိမ်ကလေးကို ဆွိလို့ နာမည်ပေးတာ။

ဒီဇင်ဘာကတော့ ဒီအိမ်ကလေးပြီးတဲ့ လ။ အမှန်ကတော့ သခင်ယေရှုရဲ့ မွေးနေ့အမီ အိမ်တက်မင်္ဂလာ လုပ်နိုင်အောင်လို့ အဖေ အမီဆောက်ခဲ့တာပါကွာ၊ ဒီဇင်ဘာအမီပေါ့။

"ဒါကြောင့် အဖေတို့ အိမ်ကလေးကို ဆွိဒီဇင်ဘာလို့ ပေးတာ။ မြန်မာလိုပြန်ရင်တော့ ချိုမြသာယာ ဒီဇင်ဘာပေါ့"ဟု အဖေက ရှည်လျားစွာ ရှင်းပြတတ်သည်။

အဖေသည် ထိုအိမ်ကလေးကို သူကိုယ်တိုင် ကြီးကြပ်ဆောက်ခဲ့ခြင်း ဖြစ်၏။

အိမ်ကြီးရခိုင် မဟုတ်ပါ။ မဒမတိုင်ထူကာ သက်ငယ်မိုး၊ ဝါးပိုးကပ်ကာထားသည့် အလျားပေ သုံးဆယ်၊ အနံပေ နှစ်ဆယ်ရှိ မြေစိုက်တဲကြီး တစ်လုံးသာ ဖြစ်ပါ၏။

ရှေ့ပိုင်း မြေစိုက်နေရာတွင် ဝါးပိုးလုံးကြီးများကို ခြမ်း၍ စားပွဲခုံလုပ်ကာ တန်းလျားကိုလည်း ဝါးပိုးလုံး ခြမ်းကြီးများဖြင့်ပင် ခင်းထား၏။ ကြမ်းခင်းထားသည့် တဲနောက်ပိုင်းတွင် အဖေ အမေနှင့် ကျွန်တော်တို့က တစ်ခန်းအိပ်ပြီး ကျန်အခန်းကို ဧည့်သည်စောင်သည့်အတွက် ထား၏။

အဖေက အသားဖြူဖြူ၊ အရပ်ပြတ်ပြတ်၊ ကြည်လင်သန့်ရှင်းသော ဥပဓိရုပ်ရှိသူ ဖြစ်သည်။ အဖေ့ခေါင်းမှ ဆံပင်တို့သည် ပျော့အိကာ ငွေရောင်သန်းနေကြပြီ။ အဖေ့မျက်လုံးတို့သည် အဝေးကို ငေးကြည့်နေကြသကဲ့သို့ ရှိသည်။

အဖေသည် ငယ်ငယ်ကတည်းက အေးအေးချမ်းချမ်းနေတတ်သူဟု ပြောကြ၏။ အဖေငယ်ငယ်က ကစားခုန်ပေါက်လေ့ မရှိ။ ငှက်ကလေးတွေကို မွေးတတ်သည်ဟု ဆို၏။

ထို့ကြောင့်လား မသိ။ အဖေသည် ကျွန်တော်တို့ ကြီးပြင်းလာသည့် အခါတွင် ငှက်တွေအကြောင်းကို တော်တော်ပြောနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်မနက်တွင် ကျွန်တော်တို့သားအဖ သံပုရာသီး ဆွတ်နေကြစဉ် ကျွန်တော်တို့တစ်တွေ ဂေါ်လီရိုက်သကဲ့သို့ တတစ်တစ် မြည်သောအသံကို ကြားရသဖြင့် လှမ်းကြည့်လိုက်တော့ လားလား ငှက်ကလေးတစ်ကောင်။ အမွေးက နက်သော်လည်း ရင်အုပ်နှင့် အတောင်တွင် အဖြူကွက်ထနေသည်။ အမြီးကရှည်ပြီး အလယ်တွင် နက်နေသည့်တိုင် ဘေးတစ်ဖက်တစ်ချက်တွင် အဖြူကွက်ကလေးတွေနှင့်။

တစ်ချီတစ်ချီတွင် ထိုငှက်ကလေးသည် သာယာစွာ မြည်ကျူး၏။ ဘာငှက်ဟု ကျွန်တော် မသိပါ။ အဖေက ပြောပြမှ ငှက်ကျားဟု ခေါ်ကြောင်း ကျွန်တော် သိပါသည်။

ထိုနောက် ကျွန်တော်တို့ အိမ်က သံပုရာပင်ကြီးပေါ်တွင် လာနားနေကျ သပိတ်လွယ်ငှက်ကလေး။ အမွေးက ညိုညို၊ ရင်အုပ် အဝါကလေးနှင့်၊ ရင်အုပ် အဝါပေါ်တွင် အနက်ဖုကလေး ရှိသည်ကို အကြောင်းပြု၍ ဘုန်းကြီးများ သပိတ်လွယ်ထားသလို ရှိသောကြောင့် သူ့ကို သပိတ်လွယ်ငှက်ဟု ခေါ်ကြောင်း အဖေက ပြောပြသည်။

မနက်ခင်းနှင့် ညနေခင်း ကျွန်တော်တို့ အိမ်ခေါင်းရင်းက သံပရာပင်ကြီးပေါ်မှာ တေးဆိုနေသည်ကို နေ့တိုင်းလောက် တွေ့ရသည်။ သို့ရာတွင် ဝါဆိုလနောက်ပိုင်း မိုးများလာသည်နှင့် ထိုသပိတ်လွယ်ငှက်ကလေးကို ကျွန်တော်တို့ မတွေ့ရတော့။ တခြားသို့ ပြောင်းသွားလေပြီ။

''ရှေးလူကြီးတွေကပြောတော့ ဟိမဝန္တာတောထဲသွားပြီး ဝါဆိုတာတဲ့ကွ။ သူက သပိတ်ကလေးလွယ်ထားတဲ့ ငှက် မဟုတ်လား၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ ဝါတွင်းဆိုရင် တစ်နေရာရာမှာ နေပြီး ဝါဆိုကြရသလိုပဲတဲ့၊ သူလဲ ဝါဆိုတယ်လို့ ပြောကြတာပဲ။ တကယ်ကတော့ ရာသီဥတု စိုစွတ်ပြီး မိုးများလာလို့၊ ဒါမှမဟုတ် အစာရေစာ ရှားပါးလာလို့၊ ဒါမှမဟုတ်ရင်လဲ သားပေါက်ချိန်တို့ ဘာတို့ ရောက်လို့ နေရာပြောင်းသွားဟန်တူပါရဲ့ကွာ''ဟု အဖေက ပြောပြတတ်၏။

ညမှောင်ရီပျိုးစဆိုလျှင် အင်းရဲကြီးတစ်ဘက် တောတန်းဆီမှ ငှက်တို့၏ အသံဖြင့် ဆူညံနေတတ်သည်။ ကြက်ဝက်ခြောက်ကောင်ဟု ခေါ်သော တောလုံငှက်အကြောင်း၊ ဦးခေါင်းပြာပြာ ကိုယ်လုံးစိမ်းစိမ်းနှင့် တေးဆိုထင်သော ဖိုးခေါင်ငှက်အကြောင်းကိုလည်း အဖေက ပြောပြတတ်သည်။

အဖေ၏ ဖခင် ကျွန်တော်တို့အဘိုးသည် ငှက်ခတ်မုဆိုး ဖြစ်၏။





သို့ရာတွင် ကျွန်တော့်အဖေကျတော့ သူသည် တကယ့်သူတော်စင်။ သခင်ယေရှု၏ တရားများအတိုင်း တတ်နိုင်သလောက် ကျင့်ကြံနေထိုင်သူ၊ သမ္မာကျမ်းစာကို အမြဲ လက်ကမချသူ။

အဖေ့ဇာတိသည် ကျုံပျော်နယ် အင်းရဲကြီးအနီးက ကြာပင်အိုင်ရွာ ဖြစ်သည်။ အဘိုးဆုံးသည့်အခါတွင် အဖေ၏ ဦးကြီးသည် အလတ် ညီအစ်ကို နှစ်ယောက်ကို သူ မွေးမြူဖို့ တာဝန်ရှိသည်ဆိုကာ သူနေရာ ပုသိမ်ဘက်သို့ ခေါ်သွားသည်။

ထို့နောက် ပုသိမ်တွင်ရှိသည့် ကိုသာဖြူ ကျမ်းစာသင်ကျောင်းမှာ ထားပေးသည်။ တိုင်တစ်ရာကျောင်းခေါ် ကိုသာဖြူကျောင်းတွင် အဖေတို့လို လူငယ်ကလေးတွေ အပုံကြီး။ အဖေသည် အရွယ်ရောက်သည်အထိ ကိုသာဖြူကျောင်းတွင် ပျော်သွားသည်။ ဦးလေး အော်စကာကမူ ခဏတဖြုတ်သာ နေပြီး ကျောင်းမှ ထွက်ပြေးသည်။ ဦးကြီး၏ မူလရည်ရွယ်ချက်မှာ ကျမ်းစာကလေးဘာလေး နည်းနည်းပါးပါး တတ်ရုံ၊ လူရာဝင်ရုံမျှ ထားရန် ရည်ရွယ်ရင်း ဖြစ်၏။ သို့ရာတွင် အဖေသည် ကိုသာဖြူကျောင်းမှာ ပျော်သွားပြီ၊ ကျမ်းစာ၏ အဆုံးအမတွင် ပျော်မွေ့နေပြီ။ ကျမ်းစာသင်ကျောင်းက ထွက်ပြီး လယ်လုပ်ရန် ဦးကြီးက တဖွဖွ ပြော၏။ သို့ရာတွင် ဦးကြီး၏ စကားများကို အဖေ နားမဝင်တော့။ သင်းအုပ်ဆရာလုပ်တော့မည်ဟု ဆိုကာ ကျမ်းစာသင်ကျောင်းမှာပင် နေရစ်ခဲ့သည်။ ထို့နောက် အဖေသည် အင်းစိန် ကျမ်းစာသင်ကျောင်းသို့ သွားတက်၏။ အင်းစိန် ကျမ်းစာသင်ကျောင်းတွင် ကျောင်းတက်ရင်း ကျွန်တော့် အမေ ဒုဒုနှင့် အိမ်ထောင်ကျခဲ့ခြင်း ဖြစ်လေသည်။

အဖေနှင့် အမေ အိမ်ထောင်ကျတော့ အဖေက အသက်အစိတ်ကျော် သုံးဆယ်ကျော်တွင်။ အမေက နှစ်ဆယ်တစ်ဝိုက်လောက်မှာ ရှိသေးသည်။ ဝင်စစ် အမေ့နာမည်သည် ရှသ်ဖြစ်၏။ သို့ရာတွင် ရှသ် ဆိုသည့် အင်္ဂလိပ်အမည်သည် ဒု ဖြစ်လာကာ ဒုဒု ဟု တွင်နေခြင်း ဖြစ်သည်။

အမေတို့ဘက်က ဆွေကြီးမျိုးကြီးတွေ။ အဘိုးက ဘီလပ်ပြန် ဝတ်လုံတော်ရ။ အဖေက အတွင်းဝန်။ အစ်ကိုတစ်ယောက်က သစ်တောဝန်။ အစ်မတွေကလည်း အရာရှိကြီးကတော်တွေ။ အငယ်ဆုံးဖြစ်သည့် ကျွန်တော့်အမေသည်ပင်လျှင် ဥပစာတန်းတော့ ရောက်ခဲ့သေးသည်။ အဖေက တောသား။ အဖေ့ဇာတိရွာကလေးက အိမ်ခြေတစ်ရာကျော်ခန့်သာရှိသည့် ခရစ်ယာန်ကရင်ရွာကလေး ဖြစ်သည်။ ရွာအနီးတွင် အင်းရှိသည်၊ အုန်းခြံနှင့် ငှက်ဈေး



www.burmeseclassic.com

www.burmeseclassic.com



ခြံတွေ ရှိသည်။ အင်းလုပ်သည့် အင်းသမား ဖြစ်လျှင် ဖြစ်၊ မဖြစ်လျှင် ခြံသမားလုပ်ပေရော့။ ထို့ထက် ဘာမျှ ပိုမဖြစ်နိုင်။ အထက်တန်း ပညာတတ်ရယ်လို့ တစ်ယောက်မျှ မရှိ။ ကံစုက တောသူ တောင်သားများသည် အလုပ်ပြီးလျှင်၊ သို့မဟုတ် ဥပုသ်နေ့များတွင် ရွာလယ်က နှစ်ချင်းသာသနာပြုဘုရားရှိခိုးကျောင်းသို့ သွားကာ ဝတ်ပြု၏။

သည်သို့သော ရွာကလေးမှာ အဖေသည် ထူးထူးခြားခြား တရားဟောဆရာဖြစ်လာသည်။ စောစောက ကျွန်တော် ပြောခဲ့သည့်အတိုင်း အဖေ့ဖခင် ကျွန်တော့် အဘိုးသည် ငှက်ခတ်မုဆိုး၊ လယ်သမား။ အဖေ့မိခင်၊ ကျွန်တော့် အဘွားသည် လယ်သူမ၊ ကောက်စိုက်မ။ သူတို့က ကျွန်တော့်အဖေ စောညိုဒွန်းနှင့် ကျွန်တော့်ဦးလေး အော်စကာကို မွေးကြသည်၌ ကျွန်တော့် အဖေ တစ်ယောက်သာလျှင် ပညာအထိုက်အလျောက်တတ်ပြီး အင်းစိန်လို ရန်ကုန်လို မြို့ကြီးကို ရောက်ဖူးလျက်၊ ကျွန်ဆွေမျိုးများမှာ ကျုံပျော်နှင့် အများဆုံးရောက်ဖူးလျှင် ပုသိမ်မြို့တို့လောက်သာ ဖြစ်သည်။

ထို့ကြောင့် အဖေနှင့် ကျွန်တော်တို့ အမေတို့ ချစ်ကြိုက်ကြသည့်အခါတွင် အမေတို့ဆွေမျိုးတွေအားလုံးက သဘောမတူကြ။ အစ်ကိုငယ်တွေဆိုလျှင် အဖေ့လို တောသား၊ မထင်မရှား တရားဟောဆရာကလေးကို ယူရပါမလားဆိုပြီး တုတ်တပြက် ဓားတပြက် ဖြစ်သည်အထိ စိတ်ဆိုးကြသည်။ သို့ရာတွင် သင်းအုပ်ဆရာကြီးက သူတို့နှစ်ဦးကို ဘုရားသခင်က ကောင်းချီးပေးခြင်း ဖြစ်သည်။ ဘုရားသခင် တွဲဖက်၍ ထမ်းပိုးတင်သောအရာကို လူမခွဲခွာစကောင်းဆိုသည့် ရှင်မာကုခရစ်ဝင်ကျမ်းလာစကားကို ဆို၍ တရားပြသဖြင့် နောက်ဆုံးတွင် သဘောတူလိုက်ကြခြင်း ဖြစ်သည်။

အဖေသည် ကျမ်းစာသင်ကျောင်းမှ ထွက်ပြီးနောက် ရွာသို့ ပြန်လာပြီး တရားဟောဆရာလုပ်သွားသည်မှာ ကျွန်တော်တို့တစ်တွေကိုမွေး ခေါင်းချသွားသည်အထိ ဖြစ်လေသည်။

*

ကျွန်တော်ငယ်ငယ်တွင် အဘွားဆုံးသည်။ အဘွားဆုံးတော့ အဖေသည် ကံစုမှာ သင်းအုပ်ဆရာ ဖြစ်နေလေပြီ။ အဖေသည် သင်းအုပ်ဆရာဖြစ်သည့်တိုင် ဗုဒ္ဓဘာသာဖြစ်သော သူ့အမေကို ဗုဒ္ဓဘာသာထုံးစံ သင်္ဂြိုဟ်သည်။ သည်တော့ အဘွားနှင့် ကျွန်တော့်ဦးလေး အော်စကာတို့သည် ကြာပင်အိုင်ခြံထဲမှာ နေကြသည်။





အဘွားဆုံးတော့ အဖေသည် ကြာပင်အိုင်က ခြံကို ဦးလေး အော်စကာအား ပေးပစ်ခဲ့သည်။ အဖေသည် ကြာပင်အိုင်က အုန်းခြံနှင့် ငှက်ပျောခြံကိုလည်း တွယ်တာလှသည် မဟုတ်။ ကံစုက အိမ်ကလေးကိုလည်း တွယ်တာလှသည် မဟုတ်။ သူ တွယ်တာစရာဆို၍ သမ္မာကျမ်းစာ၊ ကျွန်တော့်အမေဒုဒုနှင့် ကျွန်တော်တို့တစ်တွေသာ ရှိသည်။ ထိုအရာများမှ လွဲလျှင် အဖေသည် ဘာကိုမျှ တွယ်တာခြင်း ရှိဟန်မတူ။

တစ်ခုတော့ ရှိသည်။ အဖေသည် သူ့ညီ ကျွန်တော့်ဦးလေး အော်စကာကိုတော့ ချစ်ပုံရ၏။ သူတို့တွင် ပြေးရေမှ သည်ညီအစ်ကိုနှစ်ယောက်မျှသာ ရှိသည်မဟုတ်လော။ သို့ရာတွင် သူတို့ညီအစ်ကိုနှစ်ယောက်က နည်းနည်းမျှ စရိုက်ချင်း မတူ။ အဖေက နူးညံ့သလောက်၊ ဦးလေး အော်စကာက စိတ်ကြမ်းလူကြမ်းဖြစ်သည်။ အဖေက အရပ်ပျပ်၍ အသားဖြူပြီး၊ ဦးလေး အော်စကာက အရပ်မြင့်၍ အသားညိုသည်။ အဖေ့မျက်နှာက ချောမွေ့ကာ အမွေးအမှင်ကင်းသလောက် ဦးလေး အော်စကာက အရှယ်နှင့်မလိုက် နှုတ်ခမ်းမွေးကြီးတကားကားနှင့် ဖြစ်သည်။ အဖေ၏ မျက်လုံးများက မှုန်မှိုင်းရိပ်ထင်လျက်ရှိပြီး၊ ဦးလေး အော်စကာ၏ မျက်လုံးများက တဖျတ်ဖျတ် တောက်နေကြသည်။ နေ့လယ် နေ့ခင်း အရက်သောက်လာသည့် အခါများတွင် ဦးလေး အော်စကာ၏ မျက်နှာသည် ကြေးနီရောင် ပေါက်နေတတ်၏။

ဦးလေး အော်စကာ အရက်မူးလာပြီဆိုလျှင် ပဲ့ထောင်ကို ခပ်ပြင်းပြင်း မောင်းတတ်သည်။ တစ်ခါတစ်ရံတွင် ကျွန်တော်တို့ ကလေးတစ်သိုက်ကို တင်ပြီး ဇရပ်လှချောင်းထဲမှာ အပြင်းမောင်း၏။ ကျွန်တော်တို့တစ်တွေ ကြောက်လိုက်သည့် ဖြစ်ခြင်း။ ကမ်းစပ်တွင်ရှိသည့် ဇလပ်ချုံများ၊ လမုချုံများ၊ ကသစ်ပင်များ၊ ရေသဖန်းပင်များသည် တရိပ်ရိပ်။ ချုံတွေပေါ်တွင် ဖွေးဖွေးလှုပ်အောင်ပွင့်နေကြသော တောသပွတ်ပွင့်များကို ကျွန်တော် သဲကွဲစွာ မမြင်ရတော့။ သပွတ်ပွင့်များသည် ပန်းပွင့်ပုံ မပေါ်တော့ဘဲ ဖြူဖြူအဆုပ်အခိုင်ကြီးတွေဖြစ်ကာ နောက်တွင် လုံးထွေး ကျန်ရစ်ခဲ့ကြသည်။ ရေပန်း ရေမှုန်တို့သည် ကျွန်တော်တို့ မျက်နှာတွေ၊ ကိုယ်တွေ၊ အဝတ်တွေကို လာစဉ်ကုန်ကြသည်။

ပဲ့ထောင်သည် တစ်ခါတစ်ရံတွင် ဘေးသို့ စောင်းသွားသဖြင့် ကျွန်တော်တို့တစ်တွေ လှေနံကို အတင်းဆုပ်ကာ ကြောက်လန့်တကြား အော်ကြသည်။

ကျွန်တော်တို့ ကြောက်လန့်တကြား ဖြစ်နေသည်ကို ကြည့်၍ ဦးလေး အော်စကာ ပျော်မဆုံး။ ကြောက်လွန်းမက ကြောက်၍ ကျွန်တော်တို့တစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ငိုကြသည့်အခါတွင် ဦးလေး အော်စကာသည် တဟားဟား ရယ်သည်။ နောက်ဆုံး ကျွန်တော့်အစ်မဝမ်းကွဲများဖြစ်သည့် ဆေးပေါ့နှင့် နော်ထူးတို့က ငိုငိုယိုယိုနှင့် ကြောက်ပါပြီဟု ပြောတော့မှ ဦးလေး အော်စကာ စက်ရှိန်ကို လျှော့ကာ ခြံတွင် ဝင်ဆိုက်ပြီး ကျွန်တော်တို့ကို အုန်းသီးတွေချ ကျွေး။ ကြက်ဥတွေ ကြော်ကျွေး။ ထိုအခါမျိုးတွင် အရက်ကလေး တမြမြဖြင့် ရယ်စရာ ပုံတိုပတ်စတွေကို ပြောတတ်သည်။ ထိုအခါမျိုးတွင်မှ ဦးလေး အော်စကာနှင့် နေရသည်ကို ကျွန်တော်တို့ ပျော်ရပြန်သည်။

ဦးလေး အော်စကာ ကျွန်တော်တို့ဆီကို လာပြီဆိုလျှင် ခပ်ပြင်းပြင်း မောင်းလာသော ပဲ့ထောင်စက်သံကို အဝေးကြီးက ကြားရ၏။ ကြာပင်အိုင်မှ ကျွန်တော်တို့ရွာသို့ ချောင်းမကြီးအတိုင်း စုန်လာပြီး ဇရပ်လှချောင်းထဲကို ကွေ့ဝင်လိုက်လျှင်ပင် သူ့ပဲ့ထောင်စက်သံကို ပီပီသသကြီး ကြားနေရလေပြီ။ ကျွန်တော်တို့အိမ်ရှေ့က သခွတ်ပင်ကြီးအောက်က ရေဆိပ်ကို ထိုးရပ်ကာ စက်ရှိန်သတ်လိုက်သည်နှင့် ကျွန်တော်တို့တစ်တွေ နာမည်တွေကို အော်ခေါ်နေသည့် ဦးလေး အော်စကာ၏ အသံသြသြကြီးကို ကြားရတတ်သည်။

ကျွန်တော်တို့ဆီ လာပြီဆိုလျှင် ခြံကထွက်သော အသီးအနှံများကို ယူလာတတ်မြဲ။ ဦးလေး အော်စကာကိုယ်မှ အရက်နံ့၊ ချွေးနံ့နှင့် ဆေးရွက်ကြီး နံ့တို့သည် အမြဲထွက်နေသည်။ ဦးလေး အော်စကာသည် ဆေးလိပ်ကိုမူ မသောက်တတ်ပါ။ ပါးစောင်တွင် ဆေးရွက်ကြီးကိုသာ အမြဲငုံလေ့ရှိသည်။

ကျွန်တော်တို့တစ်တွေကို ဦးလေး အော်စကာ နောက်ပြောင်ကျီစယ်ပြီ ဆိုလျှင် အဖေသည် မည်သို့မျှ ပြောလေ့မရှိ။ ကျမ်းစာအုပ်တစ်အုပ်ကို ဖတ်နေတတ်သည်။ သို့မဟုတ်လျှင်လည်း ဓားမောက်တစ်ချောင်းဖြင့် နှီးသပ်နေတတ်သည်။ ကျွန်တော်တို့တစ်တွေကို ငိုယိုပြီး နားမခံသာအောင် စလျှင်မူ အဖေသည် ဘာမျှမပြောတော့ဘဲ ဘုရားရှိခိုးကျောင်းသို့ ထွက်သွားတတ်လေသည်။

အမေကသာ . . .

''အော်စကာရယ် . . . နင်လာရင် ကလေးတွေကို သိပ်စတာပဲ၊ ဒီလောက်တောင်ပဲ စရသလား''

ဟု ညည်းတတ်သည်။

''ငါ့မှာ ခြံထဲမှာ တစ်ယောက်တည်းနေရတာ၊ အပျင်းဖြေစရာ ဆိုလို့လဲ မရှိ၊ ချစ်စရာဆိုလို့လဲ ဘာမှ မရှိနဲ့၊ ငါ့မှာ သူတို့နဲ့ အပျင်းဖြေပြီး သူတို့ကိုပဲ





ချစ်နေရတာပါဟာ''

''အမယ်လေး၊ နင်ချစ်ပုံကလဲ ကြောက်စရာ''

ဟု အမေက ပြောတတ်သည်။ ဦးလေး အော်စကာကမူ အမေ့ကို ဘာမျှပြန်မပြောဘဲ တဟားဟား ရယ်နေလေသည်။

ဦးလေး အော်စကာသည် ကျုံးပျော်မှ ပြန်လာလျှင် ကျွန်တော်တို့ဖို့ ခေါက်ဆွဲတွေ၊ တရုတ်မုန့်တွေ၊ ကစားစရာတွေ ဝယ်လာတတ်သည်။

ကျွန်တော်တို့ကလည်း ဦးလေး အော်စကာနှင့်အတူ ပဲ့ထောင်ဆိုက်လေ့ ရှိသည့် သခွတ်ပင်ကြီးအောက်က ရေဆိပ်သို့ ပြေးဆင်းကာ လက်ကပစ္စည်းတွေ ကို ဆွဲကြ လွဲကြနှင့်။ ကျွန်တော်ကမူ ဦးလေး အော်စကာ၏ လည်ပင်းကို ဖက်လေးဆို၍ လိုက်လာသည်။ ဦးလေး အော်စကာ ကိုယ်မှ အရက်နံ့၊ ချွေးနံ့နှင့် ဆေးရွက်ကြီးနံ့သည် ထောင်းထောင်းထနေသည်။ သို့ရာတွင် သည်အနံ့များ သည် ကျွန်တော်တို့အဖို့ ရိုးနေလေပြီ။

ထိုညက နှင်းတွေ မှုန်နေသည်။ နှင်းတွေ မှုန်ရုံမျှမက ဇရပ်လှချောင်းနှင့် အင်းရဲကြီးမှ ရေငွေ့တွေကလည်း ပျံတက်နေလိုက်ကြသေးသည်။ ထို့ကြောင့် နတ်တော်လဆန်းစ လသည် ရွှန်းရွှန်းမြမြ မသာနိုင်။ မှိုင်းရိပ်ဝေနေသော နှင်းမြူတွေကြားမှာ မှုန်မှုန်လဲ့လဲ့သာ သာနိုင်သည်။

နာတာလူးပွဲတော်နေ့ဖြစ်သဖြင့် အဖေသည် အိမ်သို့ ပြန်မလာ။ ဘုရားရှိခိုးကျောင်းမှာပင် အလုပ်များနေသည်။ အနီးအနားရွာများမှ နှစ်ခြင်း ပြု ဘာသာဝင်တွေလည်း လာကြသည်။ မန်းသောရီတို့လို သင်းအုပ်ဆရာတွေ လည်း လာကြသည်။ အဖေသည် သူ့အိမ်ကလေးကို နာတာလူးပွဲတော်အမီ ဆောက်ခဲ့သည်။ ယခုတော့ ပွဲတော်အမီပြီးပြီ၊ ခမ်းနားသည့် ပျဉ်ထောင် သွပ်မိုးအိမ်ကြီးတစ်ဆောင် မဟုတ်သည့်တိုင် သက်ငယ်မိုး၊ ဝါးကပ်ကာ၊ ဝါးပိုးခင်းထားသည့် သပ်ရပ်သားနားသော အိမ်ကလေးတစ်ဆောင် ဖြစ်သည် ကား အမှန်ပင်။ အဖေသည် တစ်ပေသာသာခန့် ပျဉ်ပြားကလေးကို သဘော်ဆေးစိမ်းသုတ်ကာ ထိုအပေါ်တွင် ဆေးအဖြူဖြင့် 'ဆွိဒီဇင်ဘာ' ဆိုသည့် စကားလုံးများကို အင်္ဂလိပ်လို ရေး၏။ ထိုနောက် အိမ်ဝင်းဝတွင် ရှိသည့် စိန်ပန်းပင်ကြီးတွင် ထိုဆိုင်းဘုတ်ကလေးကို ချိတ်ထားလိုက်သည်။

သုဓမ္မာဇရပ်ဟု အဖေကခေါ်သည့် ဘုရားရှိခိုးကျောင်းတွင် ရွာနီးချုပ်စပ် က ညှိသည်တွေကို ကျွေးဖို့ ထမင်းတွေ၊ ဟင်းတွေ ချက်ကြသည်။ ဝက်သားဟင်းကို သံပရာပိုင်း ဒယ်အိုးကြီးတွေနှင့် ထည့်သည်။ အကောင်းစား



www.burmeseclassic.com

www.burmeseclassic.com



သုံးဦးစပ် ငါးပိရည်ကို သွတ်ပုံးကြီးတွေဖြင့် ထည့်ပြီး ရေတ်သီးစိမ်း၊ ငါးမီးဖုတ်၊ ကြက်သွန်ဖြူတို့ ရောထောင်းမွှေပြီး သံပရာရည် ညှစ်သည်။ အရွက်စုံဟင်းချို တို့စရာစုံနှင့် ကျွန်တော်တို့ရော ညှော်သည်တွေပါ စားလိုက်ကြသည့်ဖြစ်ခြင်း၊ ထမင်းလိုက်၍ပင် မလောက်နိုင်။

အဖေသည် ထိုနေ့ တစ်နေ့လုံး ဦးလေး အော်စကာကို မျှော်သည်။ သည်နေ့သည် နာတာလူးနေ့၊ အဖေတို့ လက်ထပ်သည့် ဆယ်နှစ်မြောက်နေ့ ကို ထိုနေ့တွင် တစ်ပြိုင်တည်း ကျင်းပမည်ဟု ပြောကာ ဆက်ဆက်လာရန် ဦးလေး အော်စကာကို အစောကြီးကတည်းက ကြိုမှာခဲ့သည်။ မနက်ပိုင်းတွင် လည်း မပေါ်လာ။ နေ့လယ်ပိုင်းတွင်လည်း မရောက်။ ယခု ညသန်းခေါင် ဝတ်ပြု စည်းဝေးချိန်သို့ ရောက်တော့မည်။ သို့ရာတွင် ဦးလေး အော်စကာ ပေါ်မလာသေး။

အဖေသည် သူ့ညီအား စိတ်ဆိုးသည်ကို တစ်ခါမျှမတွေ့စဖူး၊ သည်နေ့ ညတွင်မူ ဦးလေး အော်စကာကို အဖေ တကယ်ပင် စိတ်ဆိုးသည်။ သူရောက် လာလျှင် သူ့ပွဲထောင်ကလေးဖြင့် ညှော်သည်တွေကို အကြိုအပို့ လုပ်ရမည်၊ ထမင်းဟင်းချက်ရာတွင် သူ့လုပ်အားကို ရနိုင်မည်။ အနည်းဆုံး ဘာမျှ အကူအညီ မရဘူးထား၊ သူ့လက်ထပ်မင်္ဂလာ ဆယ်နှစ်မြောက် နှစ်ပတ်လည် တွင် သူ့ညီ ရှိစေချင်သည်။

ကက်ဆက်ခွေထဲမှ ဓမ္မသီချင်းသံသည် ပေါ်ထွက်လာလေသည်။

*"အို . . . တိတ်ဆိတ်သော ည။ တိတ်ဆိတ်သော ည . . .*
*သန့်ရှင်းသော ဝိညာဉ်ကို ဖွားသန့်စင်*
*မောန္ဓေလ အမည်ခေါ်တွင်*
*ငါတို့နှင့်အတူ ရှိတော်မူသော ဘုရားသခင်*
*အကယ်၍သာ ကိုယ်တော်ရှင် ယေရှုကား*
*တိုင်ပေါ်တွင် အသက်စွန့်တော်မူပြီးနောက်*
*သုံးရက်မြောက်သော နေ့၌*
*ရှင်ပြန်ထမြောက်တော်မူမည်ကို*
*ယုဒတစ်ယောက်များ သိသွားခဲ့လျှင် . . ."*

ကျွန်တော်တို့ အားလုံး ဝတ်ပြုစည်းဝေးပြီးနောက် ကျမ်းစာကို ဖတ်၏။ ကျွန်တော်ကမူ ဝတ်ပြုစည်းဝေး ပြီးချင်လှပြီ။ အိမ်မှာ အုန်းသီးနိုင်နိုင်၊ သကြား





နိုင်နိုင်၊ ကောက်ညှင်းများများနှင့် မုန့်ကလားမဲတွေ ထိုးထားသည်။ ဆာလှပြီ။ အမေက ကျွန်တော်တို့ အိမ်ပြန်ရောက်လျှင် စားသောက်နိုင်ရန် အိမ်သို့ စောစော ပြန်သွားနှင့်သည်။

အဖေက ကျမ်းစာအုပ်ကို ဖတ်နေသဖြင့် ကျွန်တော် အိပ်ငိုက်သလို ဖြစ်နေစဉ် အသံတစ်သံကြောင့် ကျွန်တော်သည် ဆတ်ခနဲ ခေါင်းထောင်၍ နားကို စွင့်ထားလိုက်မိသည်။ အသံက အခြားအသံမဟုတ်။ ဇရပ်လှချောင်း ထဲသို့ ကွေ့ဝင်လာသည့် ဦးလေး အော်စကာ၏ ပွဲထောင်စက်သံ။

အဖေသည် ကျမ်းစာကို ဖတ်နေရာမှ ခဏရပ်လိုက်၏။ အဖေသည် လည်း ပွဲထောင်စက်သံကို ကြားဟန်တူသည်။ အဖေသည် ခေါင်းငုံ့၍ တစ်ချက် သာ နားထောင်ကာ ကျမ်းစာကို ဆက်ဖတ်မြဲ ဖတ်သည်။ နီးလာသည်နှင့် အမျှ စက်သံသည် ဇရပ်လှချောင်းရိုးတွင် ပွဲတင်ဟိန်းလျက် ရှိ၏။ ခဏကြာ လျှင် စက်သံသည် အဖေ၏ ကျမ်းစာဖတ်သံကို ဖုံးလွှမ်းသွားလေသည်။

ဦးလေး အော်စကာရဲ့ ပွဲထောင်စက်သံကို ကြားလျှင် ကျွန်တော် မနေနိုင်။ ဦးလေး အော်စကာနှင့် နေရသည်ကို ကျွန်တော် ပျော်သည်။

ကျွန်တော်သည် ဝတ်ပြုစည်းဝေးရာမှ အသာကလေး ထွက်ခဲ့သည်။

"ငယ်ဖိုးရေ. . .၊ ဟေး. . . ငယ်ဖိုး" ဟူသော ဦးလေး အော်စကာ၏ ခေါ်သံကို သချွတ်ပင်ဆိပ်ဆီမှ ကြားရ၏။ ထို့နောက် အသံသည် ကျွန်တော်တို့ အိမ်ဘက်ဆီသို့ ရောက်သွား၏။ အိမ်သို့ ရောက်သည့်အခါတွင် အမေ၏ ခပ်တိုးတိုးအသံနှင့် ဦးလေး အော်စကာ၏ ခပ်ကျယ်ကျယ်အသံကို ကြားရ သည်၊ ထို့နောက် ဦးလေး အော်စကာ တဟားဟားရယ်သံ။

အမေ့အသံကိုမူ ကောင်းကောင်း မကြားရ။

"အော်စကာ၊ နင့်ကို နင့်အစ်ကို ဘယ်လောက် စိတ်ဆိုးနေတယ် ထင်သလဲဟင်၊ ညှော်သည်တွေကို အပို့ရအောင် ပွဲထောင်ကို စောစော မောင်းလာခဲ့ပါလို့ အစောကြီးကတည်းက မှာလိုက်ရက်သားနဲ့၊ ခု လာတော့ ကြည့်စမ်း၊ သန်းခေါင်ဝတ်ပြု စည်းဝေးပွဲတောင် ပြီးနေပြီ၊ နင်လုပ်တာ မကောင်းဘူး၊ နင့်အစ်ကို အားကြီး စိတ်ဆိုးတယ်"

ဦးလေး အော်စကာကမူ တဟားဟား ရယ်မြဲ။

"ပြီးတော့ နင်လာတော့လဲ ကောင်းကောင်း မလာဘူး၊ အရက်[illegible] မူးလာတယ်၊ ဟိုဘက်ရွာက သင်းအုပ်ဆရာ မန်းသောရီတို့လဲ [illegible] ဒီလိုလုပ်လို့ ဘယ်ကောင်းမလဲ၊ နင် ဒီလိုလုပ်တာကို ငါတောင် မုန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



အမေ့စကားကြောင့် ဦးလေး အော်စကာသည် အရယ် ရပ်သွား၏။ စောစောက ရွှင်နေသော သူ့မျက်နှာသည်လည်း ညှိုးကျသွား၏။

"ငါ ဘာလုပ်လို့လဲ ဒုဒု"

ဦးလေး အော်စကာသည် အမေ့ကို အားလုံးက ခေါ်သလို ဒုဒုဟုပင် ခေါ်သည်။

"ဘာလုပ်ရမလဲ၊ နင်လုပ်တာ နင် ပြန်စဉ်းစားကြည့်ပေါ့၊ ဟိုဘက်ရွာက ဧည့်သည်တွေကို သွားခေါ်ရမယ်၊ မန်းသောရီကိုလဲ သွားခေါ်ရမယ်။ ပြီးတော့ တို့အိမ်က စားသောက်ပြီး သူတို့ရွာမှာ ဝတ်ပြုစည်းဝေးပွဲအမီ ပြန်ရောက်အောင် ပို့ရမယ်။ ဒါကြောင့် စောစောလာခဲ့ပါလို့ နင့်အစ်ကို နင့်ကို သေသေချာချာ မှာထားခဲ့တယ် မဟုတ်လား။ ခုတော့ မန်းသောရီလဲ သူ့ဘာသာသူ လာရတယ်၊ အဘိုးကြီးမှာ မျက်စိမှုန်မှုန်နဲ့ ညကြီးမင်းကြီး လာခဲ့ရတာ၊ ပြီးတော့ ဧည့်သည်တွေကိုလဲ ပြန်မပို့နိုင်တော့ဘူး။ တချို့ ဧည့်သည်တွေဆိုရင် တို့ရွာမှာပဲ ဝတ်ပြုရတယ်၊ တချို့လဲ ကုန်းကြောင်းလျှောက်ပြီး ပြန်ရတယ်၊ နင် မကောင်းဘူး အော်စကာ၊ နင့်အစ်ကိုရော တို့တစ်တွေကိုရော မျက်နှာပျက်အောင် လုပ်တယ်။ ခု လာတော့လဲ အရက်တွေ မူးလို့၊ မန်းသောရီတို့ မြင်ရင် ဘယ်ကောင်းမလဲ"

ဦးလေး အော်စကာ၏ မျက်နှာသည် ပို၍ ညှိုးသွား၏။ သို့ရာတွင် ဘာမျှတော့ မပြော။ ကျွန်တော်က ဦးလေး အော်စကာ၏ အနားသို့ ကပ်သွားကာ –

"ဦးလေး အော်စကာ ဘာဖြစ်လို့ နောက်ကျနေတာလဲ ဟင်၊ ဘယ်သွားနေတာလဲ၊ ကျွန်တော်တို့ မျှော်လိုက်ရတာ"

ဟု ပြောပါသည်။

ဦးလေး အော်စကာသည် ကျွန်တော့်ကို ကောက်ယူ ပွေ့ချီပြီး နမ်းလိုက်သည်။ အရက်နံ့နှင့် ဆေးရွက်ကြီးနံ့သည် ထောင်းခနဲ ထလာ၏။

"ဦးလေး အော်စကာ ဘယ်မှ မသွားပါဘူးကွာ"

"မသွားရင် ဘာဖြစ်လို့ စောစောမလာတာလဲ၊ ကျွန်တော်တို့ မျှော်လိုက်ရတာ၊ အဖေဆိုတာ ထမင်းတောင် ဖြောင့်အောင် မစားနိုင်ဘူး။ ဘယ်သွားနေလဲ ဟင်၊ ဦးလေး အော်စကာရဲ့ ရည်းစားဆီကို သွားနေလို့လား"

ဦးလေး အော်စကာ၏ ကြေးနီရောင် ပေါက်နေသည့် မျက်နှာသည် ပို၍ နီရဲသွားသည်ဟု ထင်လိုက်ရ၏။ ဦးလေး အော်စကာသည် အမေ့ကို





တစ်ချက် လှမ်းကြည့်လိုက်ပြီး –

"မဟုတ်ပါဘူးကွာ၊ ငယ်ဖိုးက ဘာတွေ လျှောက်ပြောနေတာလဲ"

"ဒါဖြင့် ဘယ်သွားနေသလဲ ပြော၊ ဦးလေး အော်စကာမှာ တကယ် ရည်းစား မရှိဘူးလား၊ အမေက ပြောတော့ နင်တို့ ဦးလေး သူ့ကောင်မလေး ဆီသွားတာ ဖြစ်မှာပေါ့လို့ ပြောနေတယ်"

ဦးလေး အော်စကာသည် ပို၍ ရှက်သွားဟန်ဖြင့် မျက်နှာတွေ နီမြန်းသွားသည်ကို မီးရောင်တွင် ကျွန်တော် မြင်လိုက်ရသည်။

"မဟုတ်ရပါဘူးကွာ"

ဟု ဦးလေး အော်စကာက ဖြေ၏။

"ဒါဖြင့် ဘယ်သွားနေသလဲ ပြော"

"ငါလား၊ အင်း– ကျုံပျော်ကို သွားနေတာ"

"ကျုံပျော်ကို ဘာကိစ္စ သွားတာလဲ၊ အမေက ပြောတော့ ကျုံပျော်မှာ ဦးလေး အော်စကာရဲ့ ကောင်မလေး ရှိတယ်ဆို"

ဦးလေး အော်စကာက အမေ့ကို လှမ်းကြည့်လိုက်၏။

"ဒုဒု၊ နင် ကလေးကို ဘာတွေ လျှောက်ပြောထားတာလဲ၊ ဟင်"

အမေက ရှက်ပြုံး ပြုံးလိုက်ရာက –

"သိပါဘူး ဟယ်၊ နင့်တူ တကျည်ကျည် မေးနေတာနဲ့ ပြောမိပြောရာ ပြောလိုက်တာ"

"ဦးလေး ဘယ်သွားပြီး ဘာလုပ်နေသလဲဗျာ ပြော"

ကျွန်တော်က ဦးလေး အော်စကာကို နွဲ့ဆိုး ဆိုး၍ မေးသည်။

"ဦးလေးလား၊ ဒီလိုပေါ့ကွာ၊ ငယ်ဖိုးကို လက်ဆောင်ပစ္စည်းတွေ ပေးမလို့ စန်တာကလော့ဆီကို သွားတောင်းနေတာ"

"ခု စန်တာကလော့ဆီက ပြန်လာပလား"

"အင်း၊ ပြန်ခဲ့ပြီ"

"ဘာတွေ ရခဲ့သလဲ"

"ငယ်ဖိုး သိချင်သလား၊ လိုချင်ပြီလား"

"အင်း"

"ဒီလိုဆို လာ"

ဦးလေး အော်စကာသည် ကျွန်တော့်ကို ဇွေ့ခနဲ နေအောင် ကောက် ပွေ့လိုက်ပြီးနောက် သခွတ်ပင်ကြီးအောက် ရေဆိပ်တွင် ရပ်ထားသည့် ထောင်



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ခေါ်သွားသည်။ ဦးလေး အော်စကာသည် ပွဲထောင်ထဲမှ ပလတ်စတစ် အိတ်ကြီး တစ်လုံးကို ဆွဲယူလိုက်ပြီး ကျွန်တော်နှင့်အတူ အိမ်သို့ ပြန်လာခဲ့သည်။

အိတ်ထဲတွင် ကျွန်တော့်ဖို့ ဘောလုံး တစ်လုံး၊ ဘဲလ်အောင်းဘီ တစ်ထည်၊ တီရှပ်အင်္ကျီ တစ်ထည်၊ လေမှုတ်ဘာဂျာကလေး တစ်ခုနှင့် ခဲတံရောင်စုံဘူး တစ်ဘူး။

''ဟို ပစ္စည်းတွေကကော''

''ဒါက ဒုဒုဖို့''

ဦးလေး အော်စကာက အိတ်ထဲမှ ပစ္စည်းများကို ဝါးပိုးခင်းထားသည့် စားပွဲပေါ်သို့ သွန်ချလိုက်သည်။ မိန်းမ ဒေါက်မြင့်ဖိနပ်ဖြူ တစ်ရံ၊ အင်္ကျီစ တစ်စနှင့် ဖော့ရှုန် လုံချည်တစ်ထည်၊ ထို့နောက် ဆံပင်အုပ်သည့် ပိုက်ကလေး တစ်ခု။

''နင်တို့ မင်္ဂလာဆောင်တဲ့ နေ့တုန်းကပဲ နင်ကောင်းကောင်း ဝတ်တာ မြင်ဖူးတယ်၊ ကံစုကိုရောက်မှ နင် လုလုပပ ဝတ်တာ တစ်ခါမှ မမြင်ဖူးသေး ဘူး။ ဒါကြောင့် ဝယ်လာတာ၊ ဝတ်စမ်းပါ ဟယ်''

အမေသည် သူတို့အတွက် ဝယ်လာသဖြင့် ဝမ်းသာသွားပုံရသည်။ သို့ရာတွင် ဝမ်းသာသည့် မျက်နှာကို ကြိုးစား၍ ဖုံးကွယ်လိုက်ကာ –

''အော်စကာကလဲ ဟယ်၊ ဒုက္ခရှာလို့ ဘာဖြစ်လို့ ဝယ်လာရတာလဲ။ ကံစုမှာ ငါ ဒါတွေကို ဝတ်ချိန် မရပါဘူး။ ဝက်စာ ကျွေးရတာနဲ့ ကြက်ဥကောက် ရတာနဲ့၊ ငါ့မှာ ဘယ်မှာ သွားပြီး ဝတ်ချိန်ရှိလို့လဲ''

''ဝတ်ချိန် မရှိပေမဲ့ ဝတ်ရမယ်၊ နင်တို့က ရန်ကုန်သူ၊ ရန်ကုန်သူဆိုတာ ရန်ကုန်သူလို ဝတ်မှ ကြည့်လို့လှတာ၊ တစ်ခါလာလဲ တောသူကြီးလို ဝတ်ဝတ် နေတော့ ကြည့်လို့ မကောင်းပါဘူး''

အမေသည် ဘာမျှ မပြောတော့ဘဲ ဖော့ရှုန်လုံချည်ကို သူ့ကိုယ်မှာ ကပ်ကြည့်နေသည်။ စင်စစ် အမေသည် အသက်သုံးဆယ် တစ်ဝိုက်မှာသာ ရှိသေးသည်။ အလှပန်း အပွင့်ဆုံး အရွယ်ဖြစ်သည်။ အမေ့အသားအသား ဝါဝင်းနေသည်။ အမေသည် ကိုယ်က သွယ်သွယ်နွဲ့နွဲ့၊ ကံစုသို့ ရောက် ကတည်းက အမေသည် ကရင်လုံချည်နှင့်သာ နေလေ့ရှိသည်။ ဦးလေး အော်စကာ ဝယ်လာသည့် ဖော့ရှုန်လုံချည်ကို ကိုယ်တွင်ပတ်လိုက်သည့်အခါ အမေ့အလှသည် ထင်းခနဲ ပေါ်လာ၏။

''ဟုတ်သားပဲ အမေကလဲ တစ်ခါတလေ ဒီလိုလေးလဲ ဝတ်ဦးမှပေါ့''





ဟု ကျွန်တော်က ပြောသည်။

''နင့်အစ်ကိုဖို့ကော ဘာလက်ဆောင် ပါသလဲ''

ဦးလေး အော်စကာက စက္ကူဖြင့် ထုပ်လာသည့် အထုပ်တစ်ထုပ်ကို ကောက်ပြလိုက် ဖွင့်ပြလိုက်ကာ –

''အစ်ကို့ဖို့ ကျမ်းစာလေး၊ သူက ဒီပြင် ဘာမှ မက်မောတဲ့ လူမှ မဟုတ်တာ၊ အစ်ကို ကိုင်နေတဲ့ သမ္မာကျမ်းစာအုပ်က တော်တော် ဟောင်းနေ ပြီ၊ ဒါကြောင့် အစ်ကို့ဖို့ ကျမ်းစာတစ်အုပ် အစောကြီးကတည်းက ကြိုမှာ ထားတာ''

''ကဲ ဒီတော့ ငါပြန်မယ် ဒုဒု၊ အစ်ကိုနဲ့ မတွေ့ချင်ဘူး၊ အစ်ကို ငါ့ကို ဆူနေလိမ့်မယ်၊ စောသာထူးက ငါ့ကို ပွဲထောင်နဲ့ လိုက်ပို့လိမ့်မယ်၊ ပြီးတော့ ပွဲထောင်ကို သူ ပြန်ယူလာလိမ့်မယ်၊ မန်းသောရီတို့ကိုတော့ စောသာထူး လိုက်ပို့လိမ့်မယ်''

ဦးလေး အော်စကာသည် အဖေ ဘုရားရှိခိုးကျောင်းက ပြန်လာသည် အထိ မစောင့်တော့ဘဲ ပြန်ရန်ပြင်သည်။

''နေပါဦးလား အော်စကာ၊ နင့်အစ်ကို ပြန်လာတဲ့အထိ မစောင့်တော့ ဘူးလား''

''အစ်ကိုက ဘုရားအလိုတော်ကျနေတဲ့လူ၊ ငါက စေတန်ရဲ့ နောက် လိုက်၊ ငါ အရက်တွေ မူးလာတာကို အစ်ကို မမြင်စေချင်ဘူး။ ဒီတော့ နောက်မှပဲ ငါလာတော့မယ်၊ ခု လောလောဆယ်မှာတော့ နင်တို့ ဆယ်နှစ် မြောက် မင်္ဂလာအတွက်''

ဦးလေး အော်စကာသည် လွယ်လာသည့် လွယ်အိတ် ခပ်နွမ်းနွမ်း ကလေးထဲမှ အရက်ပုလင်းနှင့် ဖန်ခွက်ကို ထုတ်လိုက်ပြီး အရက်ခွက်ထဲသို့ ထည့်လိုက်သည်။

''ကဲ. . . နင်တို့ မင်္ဂလာအတွက် ငါ ဆုတောင်းပြီး သောက်မယ် ဒုဒု၊ ရှင်မာကု ခရစ်ဝင်မှာ ဟောထားတဲ့ တရားစာ ရှိတယ် မဟုတ်လား။ ဘုရား သခင် ထမ်းပိုးတွဲဖက်၍ ထမ်းပိုးတင်သော အရာကို လူမခွဲစကောင်းဆိုတာလေ၊ နင်တို့လင်မယားကို ဘုရားသခင် တွဲဖက်ပေးခဲ့တယ်၊ ဒီတော့ အစ်ကိုနဲ့ နင်တို့ ဇနီးမောင်နှံကို ဘုရားသခင် ကောင်းချီးပေးတော်မူပါစေ''

ဦးလေး အော်စကာသည် အရက်ခွက်ကို မြှောက်၍ ဆုတောင်းကာ တစ်ခွက်ကုန်အောင် သောက်ချလိုက်ပြီးနောက် ကျွန်တော့်ကို ရုတ်ခနဲ နှုတ်



www.burmeseclassic.com

www.burmeseclassic.com



၍ အိမ်ပြင်သို့ ထွက်သွားလေသည်။

ခဏကြာလျှင် သစ္စတ်ပင်ဆိပ်ဆီမှ တဘုတ်ဘုတ်မြည်သော ပဲ့ထောင်စက်သံ ပေါ်လာသည်။

*

ထိုနေ့ညသည် အဖေနှင့်အမေတို့၏ နောက်ဆုံး မင်္ဂလာနှစ်ပတ်လည်ည ဖြစ်သည်။

အဖေနှင့် အမေသည် ဆယ်နှစ်ပတ်လည်ပြည့်အောင် ပေါင်းလိုက်ပြီးနောက် ဆယ့်တစ်နှစ်မြောက် နှစ်ပတ်လည် မတိုင်မီ လေးငါးလ အလိုတွင် အဖေဆုံးသည်။ ဦးလေး အော်စကာ ပြောခဲ့သကဲ့သို့ အဖေနှင့်အမေကို ဘုရားသခင်တွဲဖက်၍ ထမ်းပိုးတင်ပေးခဲ့သည်။ ယခု သူတို့နှစ်ယောက်ကို လူက မခွဲခဲ့သော်လည်း ဘုရားသခင်က ခွဲခွာပေးတော်မူခဲ့ပြီ။

အမေသည် အဖေမရှိတော့သော်လည်း အင်းစိန်သို့ မပြန်တော့ချေ။ ကံစုမှာပင် အတည်တကျ နေထိုင်ရန် ဆုံးဖြတ်လိုက်ပြီ။ ဘာမဟုတ်သည့် တောသားကို ယူခဲ့ရမည်လောဟု ဆိုကာ သူ့ကို ခပ်စိမ်းစိမ်း ဆက်ဆံခဲ့ကြသည့် ဆွေမျိုးသားချင်းများဆီသို့လည်း အမေ မပြန်ချင်တော့။

စင်စစ် အမေ့ဆွေမျိုးသားချင်း ညီအစ်ကို မောင်နှမတို့လည်း ကိုယ့်အိုးကိုယ့်အိမ်နှင့် ဖြစ်ကုန်ကြပြီ။

ထို့ကြောင့် သူတို့ဆီတွင်လည်း မုဆိုးမဘဝဖြင့် မျက်နှာငယ် မခံချင်။ ထို့ကြောင့် ကံစုမှာပင် ဆက်နေသည်။

အဖေဆုံးတော့ အဖေက အသက်လေးဆယ်။ အမေက သုံးဆယ်လောက်မှာသာ ရှိသေးသည်။ အမေ့အရွယ်သည် အရွယ်ကောင်း ဖြစ်သည်။ သို့ရာတွင် အမေသည် နောက်အိမ်ထောင် မပြုတော့။ တစ်ဦးတည်းသောသားဖြစ်သည့် ကျွန်တော့်ကို ငဲ့ညှာဟန်တူသည်။

ယခုဆိုလျှင် အဖေဆုံးသည်မှာ ငါးနှစ်ရှိသွားပြီ။ အဖေဆုံးပြီး နောက်တစ်နှစ်တွင် အမေသည် သားဖွားဆရာမ သင်တန်းတက်သည်။ သက်ဆိုင်ရာ မြို့နယ် ဆရာဝန်ကြီးများ ကူညီကြသဖြင့် အမေသည် ကံစုမှာ သားဖွားဆရာမပြန်ရခဲ့ကာ ကျွန်တော်တို့သားအမိ အိုးမကွာ၊ အိမ်မကွာ နေနိုင်ကြသည်။

အဖေဆုံးပြီးစက ဦးလေး အော်စကာသည် ကျွန်တော်တို့အိမ်သို့





မကြာခဏလာတတ်သော်လည်း နောက်တွင် တဖြည်းဖြည်း အလာကျဲသွားသည်။ နှစ်လ တစ်ခေါက်၊ သုံးလ တစ်ခေါက်လောက်သာ ပေါ်လာတော့သည်။

ဘယ်လောက် အလာကျဲသည် ပြောပြော အဖေနှင့်အမေတို့ မင်္ဂလာနှစ်လည်နေ့သို့ ရောက်လျှင်မူ ဦးလေး အော်စကာသည် လာဖြစ်အောင် လာကာ လက်ဆောင်တွေ ပေးသွားတတ်သည်။ ကျွန်တော့်ဖို့ ဂစ်တာတစ်လက်လည်း ဝယ်ပေးသွား၏။ သူ့ခြံက အုန်းအထွက်ကောင်းသည့် နှစ်တွင် ဦးလေး အော်စကာသည် ကက်ဆက်ကလေး တစ်လုံးနှင့် သီချင်းခွေကိုလည်း ဝယ်ပေးသွား၏။

"ငယ်ဖိုးရေ၊ ဗမာ့သီချင်းတွေကို ဂစ်တာနဲ့ သွင်းထားတာတွေ ရှိတယ်ကွ။ တော်တော် ကောင်းတယ်။ ငါတော့ သိပ်ကြိုက်တာပဲ။ အဲဒီ ဗမာ့သီချင်းတွေကို ကြားလိုက်ရရင် ရင်ထဲမှာ အေးဆေးသွားတယ်။ နားထောင်ပြီး လိုက်တီးကြည့်စမ်း"

ဟု ဦးလေး အော်စကာက ပြောတတ်သည်။

ဦးလေး အော်စကာသည် အရက်ကိုကား ခါတိုင်းလို သောက်မြဲ သောက်သည်။ သူ့မျက်နှာသည် တဖြည်းဖြည်း ဖောသွပ်သွပ် ဖြစ်လာကာ ဗိုက်အနည်းငယ် ထွက်စပြုလာ၏။

သို့ရာတွင် ခါတိုင်းလို အူလှိုက်သည်းလှိုက် ရယ်မောခြင်းမျိုးကား မရှိတော့ချေ။ ဦးလေး အော်စကာသည် စကားနည်းလာကာ မျက်နှာသည် ဆွေးရိပ်တို့ ဖုံးနေသလို ညှိုးမှိုင်းနေတတ်သည်။

တစ်ခါတွင် ကျွန်တော်က –

"ဦးလေး အော်စကာ၊ ဦးလေး အော်စကာမှာ ကောင်မလေး ရှိတယ်ဆို ဦးလေး မယူသေးဘူးလား"

ဟု မေး၏။

ဦးလေး အော်စကာက မပွင့်တပွင့် ပြုံးကာ –

"မရှိပါဘူးကွာ၊ အလကား နောက်နေကြတာပါ၊ ငါ့ကို ကြိုက်တဲ့ မိန်းမရယ်လို့ ရှိမှာ မဟုတ်ပါဘူး"

ဟု ပြောသည်။

"ဘာဖြစ်လို့ မရှိရမှာလဲ ဦးလေး အော်စကာရဲ့၊ ဦးလေးက ရုပ်လဲ ချောတယ်၊ ပြီးတော့ အုန်းခြံတို့ ကွမ်းသီးခြံတို့လဲ ရှိတယ်၊ ပဲ့ထောင်လဲ ရှိတယ်၊ ဦးလေး အော်စကာ မယူလို့ပါ။ ယူရင် ကြိုက်တဲ့မိန်းမတွေ ရှိမှာပေါ့။ ဦးလေး အော်စကာကို ဘာဖြစ်လို့ မကြိုက်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက အရက်သမား မဟုတ်လားကွ၊ အရက်ကို ဒီလောက် သောက်နေတဲ့ လူတစ်ယောက်ကို ဘယ်မိန်းမက ကြိုက်ပါ့မလဲ။ ကဲပါကွာ ဦးလေးကို ဓမ္မသီချင်း တစ်ပုဒ်လောက် ဂစ်တာနဲ့ တီးပြစမ်းပါ"

ဟု ဆိုတာ လမ်းလွှဲပစ်တတ်သည်။

ဦးလေး အော်စကာသည် နာတာလူးနေ့လို၊ ကရင်နှစ်သစ်ကူးနေ့လို၊ အဖေတို့ မင်္ဂလာနှစ်ပတ်လည်နေ့လို ထူးခြားသည့်အခါကြီး ရက်ကြီးများတွင် အမေ့ဖို့လည်း လက်ဆောင်တွေ ဝယ်လာတတ်သည်။ သို့ရာတွင် အမေ့ကို လက်ဆောင်ပေးရာတွင် အလျှင်တုန်းကလို ရယ်မော နောက်ပြောင်ခြင်း မရှိတော့။ ဦးလေး အော်စကာ၏ မျက်နှာသည် မလုံမလဲ ဖြစ်သကဲ့သို့ ထူအမ်း နီရဲနေသည်ဟု ကျွန်တော် ထင်သည်။ ထိုအခါများတွင် အမေက လည်း မျက်နှာ ခပ်အမ်းအမ်း ဖြစ်နေသည်ကို ကျွန်တော် သတိပြုမိသည်။ ဦးလေး အော်စကာသည် သမ္မာကျမ်းစာကိုလည်း တစ်ခါတစ်ရံ ဖတ်သည်ကို တွေ့ရ၏။ သူ့သမ္မာကျမ်းစာ စာအုပ်ကို ကျွန်တော် လှန်ကြည့်လိုက်မိသည့် အခါတွင် မျဉ်းသားထားသော စာကြောင်းများကို ကျွန်တော် တွေ့လိုက်ရ သည်။ စာကြောင်းများမှာ ရှောလမုန်သီချင်းမှ စာကြောင်းများ ဖြစ်၏။

*သင်သည် အဆင်းလှပေ၏။ ငါချစ်သော နှမ အလွန်လှပေ၏။*
*ဈာပါဆံကြားမှာ ချိုးမျက်စိနှင့် ပြည့်စုံ၏။ ဆံပင်သည်လည်း*
*ဂိလဒ် တောင်ပေါ်မှ ဆင်းလာသော ဆိတ်စုကဲ့သို့ ဖြစ်၏။*
*သင်၏ သွားတို့သည်လည်း အမွေးညှပ်၍ ရေချိုးရာမှ*
*တက်လာသော သိုးစုကဲ့သို့ ဖြစ်ကြ၏။ နှုတ်ခမ်းသည်လည်း*
*နီထွေးသော ကြိုးနှင့်တူ၏။*
*စကားသံသည်လည်း သာယာပေ၏။ နားပန်ကြားမှ*
*ပါးတို့သည်လည်း သလဲသီးယုက်နှင့် တူကြ၏။ လည်ပင်းသည်*
*လည်း သူရဲတို့သာ သုံးဆောင်တတ်သော ဒိုင်းလွှား*
*တစ်ထောင် ဆွဲထားသော လက်နက်စုံဘဏ္ဍာတိုက်တည်း*
*ဟူသော ဒါဝိဒ်မင်း၏ ရဲတိုက်နှင့် တူ၏။ ရင်သားတို့သည်*
*နှင်းတော၌ ကျက်စားသော ဒရယ်သူငယ်အမြွှာနှင့် တူကြ၏။*
*မိုးမသောက် မှောင်မိုက်၊ အရိပ်မပြေးမီ ငါသည်*
*မုရနံတောင်နှင့် လောပန်ကုန်းသို့ သွားမည်။*





*ငါ ချစ်သော နှမ၊ သင်သည် အပြစ် တစ်စုံတစ်ခု*
*မရှိ။*
*တစ်ကိုယ်လုံး လှပပေ၏။*

ကျွန်တော်သည် မျဉ်းသားထားသော စာကြောင်းများကို အခေါက် ခေါက် အခါခါ ဖတ်နေမိသည်။

ဦးလေး အော်စကာသည် ဤစာကြောင်းများကို အဘယ့်ကြောင့် မင်ဖြင့် တားထားလေသနည်း။ ခံစားချက် တစ်ခုကြောင့် ဤသို့ မျဉ်းသား ထားခြင်းလား။

သို့ဖြစ်လျှင် သူ့ခံစားချက်သည် မည်သူ့ကို ရည်ရွယ်လေသနည်း။ အမေ့ကိုများ အို . . . ကျွန်တော် မတွေးချင်။

မတွေးရက်။

အဖေ့ကို ကျွန်တော် ချစ်သည်။ အမေ့ကိုလည်း ကျွန်တော် ချစ်သည်။ ယခု လောကတွင် အဖေ မရှိတော့။ ကျွန်တော်တို့သားအမိ နှစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

စင်စစ် အမေသည် အရွယ်ကောင်းတုန်း။ သုံးဆယ့်ငါးနှစ်မျှသာ ရှိသေး၏။ သုံးဆယ့်ငါးနှစ်ဆိုသည်မှာ မိန်းမတစ်ယောက်အဖို့ အလှပန်းပွင့် အဝေဆာဆုံးအရွယ်၊ အလှ၊ ဣန္ဒြေ၊ ရင့်ကျက်ခြင်း စသည့် မိန်းမတို့တွင် ရှိရမည့် ကောင်းခြင်းလက္ခဏာ အသွယ်သွယ်တို့ တစ်ပြိုင်နက်တည်း စုဝေး ဖူးပွင့်နေသည့် အရွယ်။

လောကတွင် အမေနှင့် အရင်းနှီးဆုံးသော ယောက်ျားသည် အဖေသာ ဖြစ်ရမည်။ အဖေမရှိလျှင် အမေနှင့် အရင်းနှီးဆုံးသော ယောက်ျားသည် ကျွန်တော် ဖြစ်ရမည်။ အမေ့တွင် သည်လင်နှင့် သည်သားမှလွဲ၍ အခြားတစ်ပါး သော ရင်းနှီးသည့် ယောက်ျား တစ်ယောက်မျှ မရှိစေသင့်၊ မရှိစေရဟု ကျွန်တော် စွဲမှတ်ထားသည်။

အဖေနှင့် အမေကို ကျွန်တော် ချစ်သည်။ သို့ရာတွင် ဦးလေး အော် စကာ ကိုကော။

ဦးလေး အော်စကာကိုလည်း ကျွန်တော် ချစ်သည်။

ဦးလေး အော်စကာသည် ကျွန်တော် ကလေးဘဝ အိပ်မက်ထဲက ဇာတ်လိုက်၊ ကျွန်တော် ကြီးလာလျှင် ဦးလေး အော်စကာလို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထားမည်။ ဦးလေး အော်စကာ ရယ်သလို အားရပါးရ ရယ်မည်။ ဦးလေး အော်စကာ ခပ်ကြမ်းကြမ်း နေသလို ကျွန်တော် နေမည်။

ဦးလေး အော်စကာ ပွဲထောင်ကို အရမ်းမောင်းသလို အရမ်းမောင်းမည်။ ဦးလေး အော်စကာ ဆေးငုံသလို ဆေးငုံမည်။ အရက်နှင့်၊ ဆေးရွက်ကြီးနံ့နှင့် ချွေးနံ့တို့ ရောနေသော ယောကျာ်းနံ့မျိုးကို ကျွန်တော် သဘောကျသည်။

ထို့ကြောင့် ဦးလေး အော်စကာ နေသလို နေမည်ဟု စိတ်ကူးယဉ်သည် အထိ ဦးလေး အော်စကာကို ကျွန်တော် ချစ်သည်။ သဘောကျသည်။

သို့ရာတွင် အမေ့ဘေးက အဖေ့နေရာတွင် သူ ဝင်ရပ်တော့မည်ဟု စဉ်းစားလိုက်သည့်အခါ၌ ကျွန်တော် မစဉ်းစားတတ်။ ကျွန်တော့်စိတ်ထဲတွင် ဝေခွဲမရ ဖြစ်နေသည်။

အမေကကော ဦးလေး အော်စကာကို မည်သို့များ သဘောထားလေသနည်း။ အမေသည် ဦးလေး အော်စကာ မူပျက်သည်ကို ရိပ်မိပုံရ၏။

ဦးလေး အော်စကာကမူ အမေ့ကို ဘာမျှ ပြောဟန်မတူ။ ပြောရန် အခွင့်အရေးလည်း မရ။ ရောက်လာလျှင် နေရေး ထိုင်ရေး၊ ကျွန်တော့် နောင်ရေးတို့ကို မေးမြန်းပြောဆိုပြီး ခပ်မြန်မြန် ပြန်သွားတတ်သည်။ လက်ဆောင်ပစ္စည်းတို့ကို ပေးပြီး ကြာကြာနေလေ့ မရှိ။ အရောက်အပေါက် လည်း ကျဲလာသည်။ လာလျှင်လည်း အရက်ကို တော်တော်များများ သောက်လာဟန် တူသည်။

သို့ရာတွင် ဦးလေး အော်စကာသည် အရက်သောက်၍ ကာရွှေပွဲတော် သည့်အခါဟူ၍ ရှိခဲ့သည်။

*

ထိုနေ့ညမှာလည်း နှင်းတွေမှုန်နေသည်။

မှတ်မှတ်ရရ နတ်တော်လဆန်းစ တစ်ည ဖြစ်သည်။ ကျွန်တော်တို့ ရွာကလေးက နှင်းမှုန်ကြားထဲမှာ ပျောက်နေသည်။ အမေ ရွာထဲက ကိုယ်ဝန် ဆောင် တစ်ယောက်ကို မီးဖွားပေးရာမှ ပြန်လာပြီး ထမင်းစားနေသည်။

ကျွန်တော်က ဂစ်တာတစ်လက်ဖြင့် 'တိတ်ဆိတ်ည'ကို တီးနေသည်။ သည်မေ့ဗွသီချင်းကို ကျွန်တော် ကောင်းကောင်း မတီးတတ်သေး။ တစ်ချက် ချင်း ခတ်၍ တီးနေဆဲ ဖြစ်၏။ သည်တုန်းမှာ ဖရပ်လုချောင်းကွေ့ဘက်ဆီမှ ပွဲထောင်စက်သံကို ကြားရသည်။





''အော်စကာ လာတယ်ထင်တယ်၊ မလာတာ တော်တော်ကြာသွားပြီ''

အမေက ပန်းကန်ခွက်ယောက်တို့ကို သိမ်းဆည်း ဆေးကြောနေရာမှ ပြော၏။ ကျွန်တော်ကမူ ဘာမျှ မပြော။

ဂစ်တာခေါက်နေရာမှ ရပ်လိုက်ကာ နားစွင့်လိုက်သည်။ ဟုတ်သည်။ ဖရပ်လုချောင်းကွေ့ဘက်ဆီမှ လာသည့် စက်သံ။

ခဏကြာလျှင် ပွဲထောင်စက်သံသည် ကျွန်တော်တို့ ရွာခြေသို့ ကပ်လာ ကာ ကျွန်တော်တို့အိမ်ရှေ့က သခွတ်ပင်ဆိပ်မှာ ဆိုက်လာသည်။ ကျွန်တော်က ဂစ်တာကိုချကာ ဦးလေး အော်စကာကို သွားကြိုမည်ရှိသေး၊ ဦးလေး အော်စကာသည် ခြံဝသို့ ရောက်လာနေပြီ။

''ဟေး . . . ငယ်ဖိုး''

ဦးလေး အော်စကာသည် ကျွန်တော့်နာမည်ရင်းကို ဘယ်တော့မှ မခေါ်။ အမြဲတမ်း ငယ်ဖိုးဟုသာ ခေါ်လေ့ရှိ၏။

''သားအမိ နှစ်ယောက် ငြိမ်ချက်သား ကောင်းလှချည်လားကွ''

ခါတိုင်းဆိုလျှင် ဘယ်လောက်ပင် ကာရွှေဆောင်ဆောင် ဦးလေး အော်စကာ၏ အသံတွင် မူးသံ ပါတတ်သည်။ သည်နေ့ အသံကမူ မူးသံမပါ။ ပကတိ တည်ငြိမ်လျက်။ အနားသို့ ရောက်သည့်အခါတွင်လည်း အရက်နံ့ မရှိ။ ဆေးရွက်ကြီးကိုသာ ဝါးလာသည်။

''ဘယ်ကလာတာလဲ အော်စကာ၊ မိုးချုပ်လှချည်လား''

''သက်ကယ်သောင်က ပြန်လာတာပါကွာ၊ ဝက်ပေါက်ကလေးတွေ ရောင်းမယ်ဆိုလို့ သွားကြည့်တာ''

''ငယ်ဖိုးကော ဂစ်တာကောင်းကောင်း တီးတတ်ပြီလား''

''နည်းနည်းတော့ တီးတတ်ပါပြီ''

''အင်း . . . နင်ကတော့ တစ်နေ့တခြား နင့်အဖေနဲ့ တူတူလာတယ်''

ဦးလေး အော်စကာက ကျွန်တော့်ကို ကြည့်၍ ပြောလိုက်၏။ ထို့နောက် အမေ့ကို လှမ်းကြည့်လိုက်သည်။ အမေနှင့် ကျွန်တော့်ကို ကြည့်သည်။ ဦးလေး အော်စကာ၏ မျက်လုံးများက မြတ်နိုးခြင်း၊ စိုးရိမ်ခြင်း သည့် အရိပ်အယောင်ကို ကျွန်တော် တွေ့လိုက်ရသည်။

''အဖေတူ သားဆိုတော့ ဘုရားလူ ဖြစ်မှာပါလေ၊ ငါကသာ အစ်ကိုနဲ့ ရုတ်ချည်း မဖြစ်တာ၊ နင်ကတော့ အဖေနဲ့တူတဲ့ သား ဖြစ်မှာပါ''

ဦးလေး အော်စကာက သူ့ဘာသာသူ တစ်ယောက်တည်း ပြောသလို



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသည်။

"နင်တို့ ညီအစ်ကိုလဲ တူတာတွေ ရှိပါတယ် ဟယ်"

ဟု အမေက ပြောသည်။

ဦးလေး အော်စကာက မရယ်ချင့် ရယ်ချင် ရယ်လိုက်၏။

"မတူပါဘူး ဒုဒုရာ၊ ငါတို့ညီအစ်ကိုက ပြောင်းပြန်ဖြစ်နေတယ်"

"ဘယ်လို ပြောင်းပြန် ဖြစ်တာလဲ"

ဦးလေး အော်စကာသည် အတန်ကြာမျှ စဉ်းစားရင်း ဆေးရွက်ကြီးကို ထွေးလိုက်သည်။

"ကျမ်းစာထဲမှာပါတဲ့ ကာဣနနဲ့ အာဗေလတို့ ညီအစ်ကို အကြောင်းလေ နင်မှတ်မိသေးလား"

"ငါတော့ ကျမ်းစာတောင် သိပ်ဖတ်ချိန် မရပါဘူးဟယ်"

"ကျမ်းစာထဲမှာ ကာဣနက အစ်ကို၊ အာဗေလက ညီ။ ညီအစ်ကို နှစ်ယောက် ဘုရားသခင်ဆီကို သွားတော့ ဘုရားသခင်က ညီ အာဗေလကို ကောင်းချီးပေးတယ်။ အစ်ကို ကာဣနကိုတော့ ကောင်းချီးမပေးဘူး"

"အင်း"

"ဒီတော့ အစ်ကို ကာဣနက မနာလို ဝန်တိုဖြစ်လို့ အကောက်ကြံပြီး ညီကို သတ်ပစ်တယ်လေ"

"အဲဒါ နင်တို့ ညီအစ်ကိုနဲ့ ဘာဆိုင်လို့တုံး"

"ဆိုင်တော့ မဆိုင်ပါဘူး၊ ဒါပေမဲ့ ကျမ်းစာထဲမှာတော့ ညီကို ကောင်းချီး ပေးပြီး အစ်ကိုကို ကောင်းချီးမပေးဘူး၊ တို့မှာတော့ အစ်ကိုကို ဘုရာသခင်က ကောင်းချီးပေးသွားတယ်၊ ညီကို မပေးဘူး"

"အစ်ကိုကို ဘယ်လို ကောင်းချီးပေးသွားတာလဲ"

"ဩော် . . . ရှင်မာကုခရစ်ဝင်ကျမ်းမှာပါသလို အစ်ကို့ကို သူ စုံမက်တဲ့ လူနဲ့ တွဲဖက်ထမ်းပိုးတင်ပေးသွားပေါ့၊ ကဲ . . . ငါပြန်မယ်ဟာ၊ မိုးချုပ်နေလိမ့် မယ်၊ ဟော့ . . . ငယ်ဖိုး ငါ့ဝက်ပေါက်ကလေးတွေ ရောက်ရင် လာကြည့် ဦးကွာ၊ မင်းကြိုက်တဲ့အကောင် လာယူပါ"

ဦးလေး အော်စကာသည် စကားကို ဖြတ်ကာ ထိုင်ရာမှ ထ၏။ ဦးလေး အော်စကာ၏ မျက်လုံးများသည် ဆွေးရိပ်သမ်းနေကြသည်ဟု ကျွန်တော် ထင်မိသည်။ အမေကမူ ဦးလေး အော်စကာကို တစ်ချက်မျှ လှမ်းကြည့်ပြီး မျက်လွှာကို လျင်မြန်စွာ ချလိုက်ပါသည်။





ခဏာနေလျှင် သခွတ်ပင်ဆိပ်ဆီမှ ပွဲထောင်စက်နှိုးသံကို ကြားရသည်။ ပွဲထောင်သည် ပြင်းထန်သော စက်သံကို ပြုကာ သခွတ်ပင်ဆိပ်မှ ထွက်သွား၏။ ဇရပ်လှချောင်း တစ်ဝိုက်တွင် မော်တော်စက်သံသည် ခါတိုင်းထက်ပို၍ ဆူညံနေသည် ထင်ရသည်။

"အော်စကာရယ် အရက်မူးမလာဘူး မဟုတ်လား၊ ဘာဖြစ်လို့ ပွဲထောင်ကို ဒီလောက်မောင်းရသလဲ မသိဘူး၊ ညကြီး မင်းကြီး၊ နှင်းတွေက ကျပါဘိသနဲ့"

ဟု အမေက ပြော၏။

ကျွန်တော်ကမူ ဘာမျှ မပြောမိပါ။ ဂစ်တာကို ကောက်၍ 'တိတ်ဆိတ်ည' ကို ခေါက်နေမိသည်။

နောက်တစ်နေ့ မနက်တွင် အင်းရဲကြီးသို့ ငါးဖမ်းထွက်သည့် တံငါသည်များသည် ဇရပ်လှချောင်းဝက ဒိုက်ပုံထဲတွင် နစ်နေသော ဦးလေး အော်စကာ၏ ပွဲထောင်ကို တွေ့ရသည်။ ဦးလေး အော်စကာကိုမူ ရှာမတွေ့တော့။

ဦးလေး အော်စကာသည် သူ့ရင်ထဲတွင် ရှိသည့် ခံစားချက်ကို မည်သူ့ကိုမျှ ထုတ်ပြောသွားဟန် မတူ။ ကျွန်တော်သည် အဖေ့ကို ချစ်သော်လည်း ဦးလေး အော်စကာကိုမူ ချစ်သည်ထက် သနားသည်က ပိုလိမ့်မည် ထင်ပါသည်။

■

စန္ဒာ

စက်တင်ဘာ၊ ၁၉၈၂

www.burmeseclassic.com

www.burmeseclassic.com

# မချိုနှင့် မျောက်သုံးကောင်

ဗိုလ်တဲကုန်းကို ကွေ့လိုက်စဉ် တောင်ခြေ၊ လျှိုကြားထဲမှ ကျားဟိန်းသံ သဲ့သဲ့ကို ကြားလိုက်ရသည်။ ကျားဟိန်းသံက အဝေးကြီး။ သည်မျှလောက်ဝေးသော ကျားဟိန်းသံကို မချို မကြောက်။ သူတို့စခန်းတွင် ကျားဟိန်းသံကို မကြာခဏ ကြားရစမြဲ။

ဗိုလ်တဲက တောင်ကုန်းထိပ်မှာ ရှိသည်။ အောက်တွင် စခန်းရှိသည်။ ပန်းတောင်းနှင့် တောင်ကုတ်သို့ သွားသော ကုန်တင်ကားကြီးများသည် မိုးချုပ်လျှင် သူတို့စခန်းတွင် အိပ်ကြ၏။ တစ်ခါတစ်ရံတွင် တစ်စီးတလေသာ ရှိတတ်သော်လည်း အများအားဖြင့်မူ သူတို့စခန်းတွင် လေးငါးစီးလောက်တော့ အမြဲရှိတတ်သည်။ စခန်းတွင် ဟင်းလျာမျိုးစုံသည့် ထမင်းဆိုင်ကလေးတွေ လည်း ရှိသည်။ ကျီသား၊ ဆတ်သား၊ တောဝက်သား၊ မျောက်သား၊ တော ကြောင်သား၊ တစ်ခါတစ်ရံတွင် ကျားသား။

သည်စခန်းသို့ မချို ရောက်သည်မှာ ကြာလှပြီ။ ဆယ်နှစ်သမီးလောက် ကတည်းက ဖြစ်၏။ ထိုစဉ်က အဖေက လမ်းအလုပ်သမား။ ပန်းတောင်း တောင်ကုတ်လမ်းကို ဖောက်သည့်အခါတွင် သူ့အဖေသည် အုတ်သျှစ်ဝင်မှ လိုက်လာခဲ့သည်။ အဖေသွားတုန်းကတော့ တစ်ယောက်တည်းပင်။ နောက် စခန်း နေသားတကျ ရှိသည့်အခါ၌ အဖေသည် သားမယားတွေကိုပါ ခေါ်လာခဲ့ သည်။ အဖေ အမေ သမီးကြီး မကြည်လေး နှင့် သမီးငယ် မချို။ မချို တစ်ယောက်မှအပ တစ်အိမ်သားလုံး အလုပ်လုပ်ကြသည်။ အဖေက ပေါက်ပြား ကိုင်သည်။ နောက် မြေညှိစက် တက်မောင်းသည်။ အမေက မြေသယ် အစ်မ မကြည်လေးကလည်း မြေသယ်၊ မချိုက အိမ်မှာ ထမင်းချက်





ဟင်းရွက်ခူး ရေခပ်၊ ထင်းခွေ။

စခန်းသို့ သူတို့ရောက်စတုန်းက အနီးအနားတွင် သားရဲတိရစ္ဆာန်တွေ ပေါလွန်းသဖြင့် အလုပ်သမားတွေ အပျောက်အရှ ရှိသည်။ ဆင်အုပ်နှင့် တိုး၍ ဆင်နင်းခံရသည့် အလုပ်သမား၊ ကျားအုပ်နှင့်တွေ့၍ ကျားကိုက်ခံရသည့် အလုပ်သမားတွေ ရှိခဲ့သည်။ ညတွင် သံဆူးကြိုးတွေ ကာထားသည့် သူတို့ စခန်းထဲမှာ နေကြရသည်။ နေ့ ဟင်းရွက်ခူးထွက်လျှင် ပေနှစ်ထောင်ကျော် သုံးထောင်နီးပါး နက်သည့် လျှိုထဲအထိ မဆင်းရဲကြ။ ကိုက်တစ်ရာလောက်သာ ရှိသည့် မြောင်စပ်အထိသာ ဆင်းရဲကြသည်။ သို့တိုင် တစ်ယောက်တည်း မဆင်းဝံ့။ အုပ်နှင့် ဆင်းကြရ၏။ ကျားတို့၊ တောဆင်တို့ မတွေ့လျှင်တောင် အနည်းဆုံး ဝံကြီးထိုးနှင့် တွေ့နိုင်သည်။ ဝံကြီးထိုးကိုမူ ကျားထက် ကြောက်ရ သေးသည်။ ကျားက လူနံ့ရလျှင် ပြေးချင် ပြေးတတ်သေးသည်။ ဝံကြီးထိုးကမူ လူနံ့ရသည်နှင့် လက်သည်းရှည်ရှည်ကြီးတွေကို ထုတ်ကာ ရန်မူတတ်သည်။ အထူးသဖြင့် တပေါင်း တန်ခူး သားပေါက်ချိန်ဆိုလျှင် ဝံကြီးထိုးသည် မည်း မည်းမြင်သမျှကို လိုက်၍ ရန်မူတတ်သဖြင့် သူ့ကို အမြဲ သတိထားရသည်။ ဝံကြီးထိုးကို မတွေ့လျှင် မျောက်အုပ်နှင့် တွေ့နိုင်သည်။ သို့မဟုတ်လျှင်လည်း ခွေးအအုပ်နှင့် တွေ့နိုင်သည်။ သို့မဟုတ်လျှင်လည်း ဟင်းခွက်ခူး မှိုချိုးသွားလျှင် လူအုပ်နှင့် ထွက်ရ၏။

ယခုမူ သူတို့စခန်းတစ်ဝိုက်သည် ရွာသစ်ကလေး ဖြစ်နေပြီ။ အိမ်ခြေ ကတော့ မများလှ။ ကားလမ်းတစ်ဖက်တစ်ချက်တွင် ကပ်ဆောက်ထားသည့် အိမ်ခြေ အစိတ်လောက်သာရှိသည့် အသိုက်ကလေး ဖြစ်၏။ လမ်းက တောင်ကမ်းပါးယံမှာ ကပ်ဖောက်ထားသည့်အတွက် အိမ်တစ်တန်းက တောင် နံရံ ရင်ခွင်ကို တိုးဝှေ့ ဆောက်ထားပြီး၊ ကျန်အိမ်တစ်တန်းက တောင်ကမ်းပါး စောက်ကြီးပေါ်တွင် မေးတင်၍ ဆောက်ထားကြသည်။ အိမ်ရှေ့ မျက်နှာမူ နေသည်။ အိမ်တွေအားလုံး ဝါးပိုးတိုင်၊ ထရံကာ၊ သက်ငယ်မိုး ဖြစ်ကြသည်။

သို့ရာတွင် အိမ်ခြေ ဘယ်လောက်ပင် နည်းနည်း၊ အိမ်ကလေးတွေက မည်မျှပင် ကုပ်ကုပ်၊ သူတို့စခန်းသည် စခန်း မဟုတ်တော့၊ ရွာတစ်ရွာ ဖြစ်နေပြီ။ ရွာအဝင် ကုန်းထိပ်တွင် ရဲဌာနနှင့် ကျွန်းပင်တွေ၊ ထောက်ရှားပင် တွေ၊ ကသစ်ပင်တွေ ကြားထဲမှာ ခေါင်မိုးနီနီကလေးနှင့် သစ်သား အဆောင် အအုံကလေး၊ သူတို့ ညောင်ကျိုးရွာကလေးကို ဝင်လျှင် ရဲကင်း တွေ့ရသည်။ ထို့နောက် ကားလမ်းဘေး တစ်ဖက်တစ်ချက် ဆိုင်တန်းကလေးတွေ ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တန်းကလေးတွေဆုံးလျှင် ကုန်းထိပ် အလယ်လောက်က လှဝင်မှု ကြီးကြပ်ရေး စခန်း။ ထိုမှလွန်၍ လမ်းခွဲအတိုင်း ကွေ့လိုက်လျှင် ညောင်ကျိုးဗိုလ်တဲ။

ကိုယ့်နေရာမို့ ကိုယ်ပြောသည် မဟုတ်။ သူတို့စခန်းက ဗိုလ်တဲကို မချို သဘောကျသည်။ ဗိုလ်တဲက တောင်ကုန်းထိပ်မှာ ရှိသည်။ ပျဉ်ထောင်၊ ရှာထိုးကြမ်းခင်း၊ သွပ်မိုး၊ ရှေ့တွင် လသာဆောင်နှင့် အပေါ်တွင် ခေတ်မီ ရေဆွဲအိမ်သာတပ်သည့် အိပ်ခန်း နှစ်ခန်း။ သို့ရာတွင်– ထားပါတော့၊ သည် ဗိုလ်တဲက မချိုအတွက် သည်လောက် အရေးမကြီး။ သည် ဗိုလ်တဲသည် အစိုးရ ဗိုလ်တဲ၊ သူနှင့် ဘာမှုမဆိုင်၊ အကြောင်းကိစ္စ မရှိလျှင် သည်ဗိုလ်တဲပေါ်သို့ တစ်နှစ်နေလို့ တစ်ခေါက်ပင် မရောက်ချင်၊ ထိုဗိုလ်တဲနှင့် မလှမ်းမကမ်းတွင် ရေကူးကန်ကြီး တစ်ခုရှိသည်။ အင်္ဂတေတို့ဖြင့် သေသေချာချာ ဆောက်လုပ် ထားသည့် ရေကူးကန် ဖြစ်၏။ တောင်ပေါ်စမ်းမှ ကျသည့် ရေများကို ပိုက်လုံး ကြီးများဖြင့် သွယ်ပြီး ကန်ထဲသို့ ရေသွင်းထားသည်။ တစ်ဘက်တွင် ရေလွှတ် သည့် မြှောင်းလည်း ဖောက်ထားသည်။ ထို့ကြောင့် ထိုရေကူးကန်မှာ ရေဆိုး ရေညစ်တွေ မအောင်း၊ အမြဲတမ်း ထွက်နေသည့် ရေကူးကန် ဖြစ်သည်။

ထိုရေကူးကန်သည်လည်း မချိုအဖို့ သည်လောက် လွမ်းစရာ မရှိ။ သို့ရာတွင် ရေကူးကန် ဘေးနားက သွပ်မိုး ပျဉ်ကာ၊ ရှာထိုးခင်းထားသည့် သစ်သားတန်းလျား အိမ်ကလေးကိုမူ မချို လွမ်းသည်။

မလွမ်းပဲ ရှိပါမည်လော။ မချို၏ ပထမ ဆယ်နှစ်အရွယ်သည် အုတ်သျှစ် ပင်မှာ ကျန်ခဲ့ပြီ၊ အုတ်သျှစ်ပင်က ထိုပထမ ဆယ်နှစ်ကို မချို ကောင်းကောင်း သတိမရတော့။

အုတ်သျှစ်ပင်တွင် မူလတန်းကျောင်းမှ လေးတန်းအောင်ခဲ့သည်ကို သူ မှတ်မိသည်။ သည်တုန်းက အမေက ကားလမ်းဘေးတွင် ကွမ်းယာဆိုင်၊ ဆေးလိပ်ဆိုင်ကလေး ဖွင့်သည်။ တစ်ခါတလေတွင် အမေသည် ပန်းတောင်းသို့ သွား၍ ဈေးဝယ်တတ်သည်။

လူတွေ ပြည့်ကျပ်နေသည့် လော်ရီကားကြီးထဲတွင် အမေနှင့်အတူ ပန်းတောင်းဈေးသို့ လိုက်တတ်သည်ကို မချို မှတ်မိသည်။ တစ်ခါတစ်ရံ အဖေက ဆင်တဲဘက်၊ ပြည်ဘက်သို့ အဖေသွားတတ်သည်ကို မချို သတိရ သည်။ ထို တစ်ပိုင်းတစ်စ မပီဝိုးဝါး ရုပ်ပုံလွှာကလေးတွေမှ လွဲလျှင် အုတ်သျှစ်ပင် က ပထမ ဆယ်နှစ်အကြောင်းကို မချို မမှတ်မိချင်တော့။

*





မချိုတို့ ရောက်ပြီး မကြာခင် ညောင်ကျိုးဗိုလ်တဲ ဆောက်ပြီးသွားသည်။ သည်တုန်းက မချိုတို့တစ်တွေ ဗိုလ်တဲကုန်းသို့ မရောက်သေး။

အောက်ဘက်စခန်းတွင် တဲကလေး တစ်လုံးနှင့် နေရသည်။ ဗိုလ်တဲ ကုန်း နောက်ကျောက တောင်ရိုးသို့ တက်၍ ဟင်းရွက်ခူးရင်း၊ ထင်းခွေရင်း ဗိုလ်တဲသို့ ရောက်ဖူးသည်။ ဗိုလ်တဲပေါ်သို့မူ မရောက်ဖူးသေး။ အဖေပင်လျှင် ဗိုလ်တဲစောင့် မဖြစ်သေး။

အောက်ဘက်စခန်းတွင် လမ်းအလုပ်သမားသာ ရှိသေးသည်။ သူ့အစ်မ မကြည်လေးပင်လျှင် လမ်းအလုပ်သမားကြီး ကိုသိန်းအောင်နှင့် မညားကြသေး။

ဗိုလ်တဲကုန်း နောက်ဘက်ရှိ တောင်ရိုးမှ မျှစ်ချိုးအပြန်၊ ထင်းခွေအပြန်၊ ဟင်းရွက်ခူးအပြန်တွင် မောမောဖြင့် သည်ရေကူးကန်ကြီးထဲတွင် သူတို့ ရေဆင်းကူးနေကျ။ သည်တုန်းက ဗိုလ်တဲစောင့် ဦးကျောက်တိုင်၏ သမီး ဝင်းကြည်နှင့် မချိုက ရွယ်တူ။

ဗိုလ်တဲဆောက်ထားရာ တောင်ခါးပန်းကြီးသည် နံရံကြီးတစ်ခု ဖြစ်နေပြီး ကျန် သုံးဘက်သုံးတန်တွင် တောင်စဉ်အထပ်ထပ်ကို မြင်ရသည်။ တောင်စဉ် တွေ တန်းနေပုံက လွမ်းစရာ။ မြူတို့ ဝန်းရစ်ပတ်ခွေလျက်။ တောင်ကြီးတွေက အုံ့မှိုင်းရီ။

သည်တောင်နံရံကြီးတွေ ပတ်ပတ်လည် ဝိုင်းထားသည့် အောက်တွင်မှု စိမ်းညို့နေသည့် လျှိုမြောင်ကြီး။ အဖေတို့ စိုက်ခဲ့သည့် လမ်းဘက်ဌာနက ဆိုင်းဘုတ်ထဲတွင် ပေ ၃၀၆၅ ပေ ဟု ရေးထားသည်ကို မချို မြင်ခဲ့ဖူးသည်။

လျှိုမြောင်ကြီးထဲတွင် သစ်ပင်တို့က စိမ်းညို့မဲမှောင်နေသည်။ ညဆိုလျှင် ထိုချိုင့်ဝှမ်း၊ လျှိုမြောင်ကြီးထဲမှ ကျားအော်သံ၊ ဆင်အော်သံ၊ ခွေးအ အုပ်များ အော်သံ၊ မျောက်အော်သံများကို ကြားရတတ်သည်။

ရောက်စတုန်းကတော့ ကျားဟိန်းသံ၊ ဆင်အော်သံတွေကို ကြောက် သည်။ ယခုမူ မကြောက်တော့။ ကျားဟိန်းသံသည် ကိုယ့်ကိုယ်ကာကွယ်တတ် အောင်၊ သတ္တိကောင်းလာအောင် တစ်ဖက်က သင်ပေးနေသည့် သင်ခန်းစာ လေ့ကျင့်ခန်းတစ်ခုနှင့် တူနေသည်။

သည့်နောက် အဖေ ဗိုလ်တဲစောင့် အလုပ်ရသည်။

မှတ်မှတ်ရရ မချို ဆယ့်ခြောက်နှစ်ထဲသို့ ရောက်သည့်နှစ်။

မိုးကုန်လျှင် တောင်ကုန်းဘက်မှ နွားကုန်သည်တွေ ပန်းတောင်းဘက်သို့ ဆင်းလာတတ်သည်။ သို့မဟုတ်လျှင်လည်း ပြည်အထိ ဆင်း၍ နွားဝယ်တတ် ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နွားဝယ်ပြီးလျှင် နွားအကောင် သုံးလေးရာဖြင့် သည့်လမ်းအတိုင်း တက်လာကြပြီး ညောင်ကျိုးတွင် စခန်းချကြသည်။

ဗိုလ်တဲစောင့်ဟောင်းသည် ထိုနွားကုန်သည်များကို ဗိုလ်တဲတွင် အခကြေးငွေဖြင့် တိတ်တိတ် လက်ခံသည်။ ထို့ကြောင့် သူ အလုပ်ပြုတ်သည့်အခါတွင် အဖေ ဗိုလ်တဲစောင့် အလုပ်ရခြင်း ဖြစ်၏။

ဗိုလ်တဲကုန်းသို့ ရောက်သည့်တွင် အဖေသည် အအားမနေ။ ပန်းစိုက်သည်၊ လိမ္မော်စိုက်သည်၊ ကွဲကောစိုက်သည်။ ရသမျှ မချို အောက်ချိုင့်စခန်းသို့ ဆင်း၍ ရောင်းရသည်။ အဖေက တစ်ခါတလေ ပျားဖွတ်သည်။ မချိုက ပျားရည်ရောင်းသည်။ ထို့နောက် သူ့အစ်မ မကြည်လေး၏ ယောကျ်ား ကိုသိန်းအောင်က တောလိုက်သည်။ ညှပ်ထောင်သည်။ တစ်ခါတစ်ရံတွင် ဝက်ရသည်။ တစ်ခါတစ်ရံတွင် ဆတ်ရသည်။ တစ်ခါတစ်ရံတွင် ချေရသည်။

မော်တော်ကား အသွားအလာများလျှင် ရသည့် တောဝက်၊ ချေ၊ ဆတ်တို့ကို စခန်းက ထမင်းဆိုင်များသို့ တစ်ခါတည်း အပြတ်ရောင်းပစ်လိုက်သည်။ ထမင်းဆိုင်တွေကလည်း အလုအယက် ဝယ်သည်။ ကားအသွားအလာကြသည့် မိုးတွင်းဆိုလျှင်တော့ သည်လောက် ရောင်း၍မကောင်း။ ထိုအခါတွင် အိမ်မှာပင် ကျပ်တင်၍ အခြောက်လှန်းရသည်။

ချေသားခြောက်၊ ဆတ်သားခြောက်၊ ဝက်သားခြောက်တို့ကမူ ဈေးကောင်းသည်။ ကိစ္စမရှိ၊ ကြိုက်ဈေးရမှ ရောင်းရုံသာ။ သည်လိုမျိုးမျိုးမြက်မြက်ရပြီဆိုလျှင် မချိုတို့ ပါတိတ်ဝမ်းဆက် တစ်စုံလောက်တော့ ဝယ်နိုင်ပြီ။

တစ်ခါတစ်ရံတွင်မူ တောဝက်လည်း မရ၊ ချေလည်း မရ၊ ဆတ်လည်း မရ။

အစ်မ မကြည်လေးယောကျ်ား ကိုသိန်းအောင်တစ်ယောက် စခန်းအောက်က လျှိုမြောင်ကြီးထဲတွင် ညှပ်သွားထောင်သည်။ လျှိုမြောင်ထဲတွင် စမ်းပေါက်တွေ ရှိသည်။ စမ်းပေါက်သို့ ရေသောက်ဆင်းသည့် လမ်းက ဖုန်နေသည်။ ကိုသိန်းအောင်သည် ထိုနေရာတစ်ဝိုက်တွင် ညှပ်ထောင်နေကျ။ တစ်ခါက တောဝက်တစ်ကောင် မိဖူးသည်။ ဆတ်တစ်ကောင် မိဖူးသည်။ ဘာမျှ မလုပ်ရ၊ ညှပ်ကို ထောင်ပစ်ခဲ့ပြီး သုံးရက်တစ်ခေါက်လောက် သွားကြည့်ရုံမျှသာ။ သုံးခေါက်ရှိ၍ သွားကြည့်လိုက်လျှင် တောဝက်တစ်ကောင်၊ ဆတ်တစ်ကောင်လောက်တော့ မိမြဲ။ တောဝက် သို့မဟုတ် ဆတ်သည် ဘာမျှ မတတ်နိုင်၊ ရှေ့ခြေတစ်ဖက် ညှပ်ထဲတွင် မိကာ ဘယ်ကိုမျှ သွား၍ မရတော့





ရုန်းသည်။ အပြင်းအထန် ရုန်းသည်။ နောက်ဆုံး မောလွန်းသည့်အခါတွင် မရုန်းနိုင်တော့၊ တောကောင်သည် အစာလည်း ငတ်ပြီး ရေလည်း ငတ်ပြီး ရုန်းရဖန်များသဖြင့် မောလည်း မောလှပြီ။ ထိုအခါမျိုးတွင် အနားသို့ ကပ်၍ လှံနှင့်ထိုး၊ တောကောင်ကို ဖျက်ပြီး ယူလာရုံသာ ရှိသည်။

တစ်ခါတွင်မူ

အစ်မ မကြည်လေး၏ ယောကျ်ား ကိုသိန်းအောင် မြောင်ထဲတွင် ညှပ်ထောင်သည်။ ခါတိုင်း ထောင်နေကျနေရာ၊ စမ်းပေါက် အဆင်းနားက တောကောင်တွေ သွားတတ်သည့် လမ်းဖုန်ဖုန်ကလေးနားမှာ ထောင်ခြင်းဖြစ်၏။ သုံးရက် တစ်ကြိမ် သွားနေကျဖြစ်သော်လည်း ငှက်ဖျားတက်နေသဖြင့် ဆယ်ရက်လောက် မသွားဖြစ်၊ သူ့မိန်းမ မကြည်လေးနှင့် မချိုတို့က သူတို့သွားကြည့်မည်ဟု ပြောသည်။ သို့ရာတွင် သူတို့ကို စိတ်မချ။

မကြည်လေးက သန်သန်မာမာ တောင့်တောင့်တင်းတင်း ဖြစ်သည့်တိုင် မချိုက နုနုနယ်နယ်၊ ကျန်းမာ တောင့်တင်းသည့်တိုင် သွယ်သွယ်နွဲ့နွဲ့။

''ကိုသိန်းအောင်ရယ်၊ ကျွန်မလဲ မုဆိုးရဲ့မယား လုပ်လာတာ ကြာပြီ။ ဒီလောက်တော့ သွားရဲပါတယ်၊ ဟင်းကောင်နဲ့တွေ့လဲ မကြောက်ပါဘူး။ တောမှာ ဟင်းကောင်ကလဲ သူ့စည်းနဲ့သူ၊ ကျွန်မတို့ကလဲ ကျွန်မတို့စည်းနဲ့ ကျွန်မတို့နေတာ၊ ဘာကြောက်စရာရှိသလဲ၊ သူရှာထားတဲ့ အမဲကို ကျွန်မတို့ ဘယ်မှာ အကုန်ယူဖူးလို့လဲ၊ သူ့ဖို့လဲ ချန်ပစ်ခဲ့တာပဲ။ ကျွန်မတို့ကို ဘာမှ အန္တရာယ်ပေးမှာ မဟုတ်ပါဘူး''

ဟု မကြည်လေးက ပြောသည်။

ကိစ္စမရှိ၊ သူတို့နှစ်ယောက်ကိုမူ မလွှတ်နိုင်၊ စိတ်မချ။

သို့ဖြင့် ညှပ်ထောင်သည်မှာ ဆယ်ရက်လောက် ကြာသွားသည်။ ကိုသိန်းအောင်လည်း နေပြန်ကောင်းပြီ။

ကိုသိန်းအောင်သည် လှံတစ်ချောင်း၊ ကြိုးတစ်ခွေ၊ ဓားရှည် တစ်လက်ဖြင့် မနက် ဝေလီဝေလင်းတွင် ထွက်လာခဲ့သည်။ ကားလမ်းအောက် ပေတစ်ထောင် ကျော်ကျော်လောက် ဆင်းမိလျှင် လျှိုမြောင်ကြီးထဲက စမ်းပေါက်သို့ ရောက်သည်။ တောကောင်ခြေရာတချို့ကို တွေ့ရ၏။ သို့ရာတွင် မသဲမကွဲ။ မနေ့ညအထိ မိုးရွာထားသဖြင့် ခြေရာတွေက ပိုးတိုးဝါးတား၊ ဆတ်ကြီးကြီးတစ်ကောင်၏ ခြေရာနှင့် ဆင်သည်။

စမ်းပေါက်နားသို့ မရောက်ခင် ကုန်းအထွက် တစ်ခုက ကြုံတွေ [illegible] ကြီးများ

www.burmeseclassic.com



နှင့် ဆိတ်နံချုံကြီးများကို အကွေ့လိုက်တွင် တဝေါင်းဝေါင်း မြည်သော ကျားဟိန်းသံကြီးကို ကြားလိုက်ရသဖြင့် ခေါင်းနားပန်းတွေ ကြီးသွားသည်။ သည်ဟင်းကောင်သည် ညှပ်တွင် မိနေသည့် ဟင်းကောင် ဖြစ်ရမည်။ ညှပ်မှာ မိလို့ သည်ဟင်းကောင် သည်နားမှာ နေတာပေါ့။

ညှပ်မမိလျှင် သည်လောက် လူနံ့ရသည်နှင့် ဟင်းကောင်သည် မြေကြီးတုန်ခါနေအောင် ပြေးတော့မည်။ ဟင်းကောင်တို့မည်သည် တော်ပြတ်မှ သို့မဟုတ် ရောင်၍ မရမှ လူကို ရန်မူတတ်သည်။ သို့မဟုတ်လျှင် လူနံ့ရသည်နှင့် မြေတုန်အောင် ထွက်ပြေးစမြဲ။

ကိုသိန်းအောင် မြေတွင် ဝပ်၍ အရိပ်အခြေ ကြည့်သည်။ ကျားဟိန်းသံသည် ထိုနေရာမှာပင် ရှိသည်။ အဝေးသို့ မသွား၊ အနီးသို့လည်း မလာ၊ သူ ညှပ်ထောင်ထားခဲ့သည့် နေရာ။

သေချာပြီ။

ချုံကြားထဲမှ ထိုးထွက်ကြည့်လိုက်သည်။ ကိုးတောင်ကျားကြီး၊ နည်းသည့် ဟင်းကောင်ကြီး မဟုတ်၊ ရှေ့ခြေတစ်ဖက်က ညှပ်ထဲမှာ မိထားသည်။ ကျန်သုံးဖက်က လွတ်နေသည်။ ရန်းထားသည့်နယ် အနီးတစ်ဝိုက်တွင် မြေစာတွေ ပွနေသည်။ သစ်ကိုင်းတွေ ကျိုးနေသည်။ မြက်တွေ သစ်ရွက်တွေ ကျေနေသည်။ ဟင်းကောင်သည် တော်တော်လေး မောနေဟန်တူသည်၊ အချိန် မစောင့်နိုင်၊ သူ မောတုန်း ကိုယ်က အခွင့်ကောင်းယူရမည်။

ကိုသိန်းအောင်သည် သတိကြီးစွာ ထား၍ ဘေးပတ်ပတ်လည်ကို ကပ်ကြည့်သည်။ လှံကို လက်ထဲတွင် မြဲမြဲဆုပ်ထား၏။ ရင်ညွန့်၊ နံကြား ဝမ်းဗိုက်၊ အာခေါင် ချက်ကောင်းကို အမိထိုးနိုင်ရန်အတွက် စောင့်နေခြင်း ဖြစ်သည်။ ဟင်းကောင်သည် ရှေ့ခြေတစ်ဖက် ညှပ်ထဲ မိနေရင်း ကျန် ခြေတစ်ဖက်ဖြင့် လှမ်းပုတ်ရန် ကြိုးစား၏။

ကိုသိန်းအောင် အနားမကပ်၊ ရှေ့က ဝင်လိုက်၊ နောက်က ချောင်းလိုက်ဖြင့် ကပ်သည်။ သို့ရာတွင် ဟင်းကောင်က အလစ်မပေး၊ ရန်သူကို ကျောဘက်မှ လာခွင့် မပြု။ အမြဲတမ်း မျက်နှာပေးထားသည်။ ကိုသိန်းအောင်က နောက်သို့ ကပ်လျှင် သူက နောက်ဘက်သို့ လှည့်သည်။ ကိုသိန်းအောင်နှင့် ဟင်းကောင် တစ်ဦးကို တစ်ဦး အလစ်မပေး။

တစ်ချီတွင် ကိုသိန်းအောင်သည် မိလောက်ပြီ အထင်ဖြင့် ဟင်းကောင်၏ နံကြားကို ချိန်ကာ လက်မှ လှံကို လွှတ်လိုက်သည်။ ထင်သည့်အတိုင်း





ဟင်းကောင်၏ နံကြားသို့ လှံဖျားအဆုံးအထိ ဝင်သွားသည်။ ဟင်းကောင်က တစ်ချက်မျှ ကြောက်စဖွယ် ဟိန်းကာ ဖင်ကို ယမ်းလိုက်သည်တွင် လှံသည် သူ့နံကြားတွင် စိုက်လျက် ပါသွား၏။

သူ့လက်ထဲတွင် ဓားရှည် တစ်လက်သာ ရှိတော့သည်။

သည်လှံကို ပြန်နုတ်မှ ဖြစ်မည်။ သည်လှံကို နုတ်၍ မရလျှင် ဟင်းကောင်ကို သူ ဘယ်လိုမျှ လုပ်နိုင်မည်မဟုတ်။ လှံကို ကြိုးကွင်းစွပ်ပြီး ဆွဲနုတ်ရန် ကြိုးစားကြည့်သေးသည်။ သို့ရာတွင် မိုးရေတွေ စိုရွှဲနေသဖြင့် ကြိုးကွင်းသည် ချော်ချော် ထွက်သွားသည်။

ကိစ္စမရှိ။ ဟင်းကောင်သည် ဆယ်ရက်လောက် အစာငတ် ရေငတ် ဖြစ်နေသည့်အတွက်ကြောင့် လည်းကောင်း၊ ရုန်းကန်ထားရသည့် အတွက်ကြောင့် လည်းကောင်း အတော် မောပန်းနေပြီ။

ဟင်းကောင်က ပါးစပ်ဟ၍ အဟိန်းလိုက်တွင် ကိုသိန်းအောင်သည် လက်က ဓားရှည်ဖြင့် ဟင်းကောင်၏ နှာယောင်ကို တအား ခုတ်ချလိုက်သည်။

ဟင်းကောင်ကို ခုတ်မိသလား၊ မခုတ်မိသလား မသိ၊ ဓားရှည်သည် လက်ကလွတ်ကျသွား၏။ ပူးနွေးသော သွေးတို့သည် သူ့မျက်နှာပေါ်မှ စီးကျလာ၏။ ပခုံးတွင်လည်း သွေးတို့ ခြင်းခြင်းနီလျက်။

ဟင်းကောင်သည် သူ့ကိုမိုးကာ ကုန်းကုန်းကြီး ဖြစ်နေသည်။ သူ မတွေ့ဘူးသော အမဲမျိုး ဖြစ်သည့်အတွက် အထူးအဆန်း ဖြစ်နေသည်လော မဆိုနိုင်။

ဟင်းကောင်က သူ့ကို စိမ်းစိမ်းကြီး ကြည့်သည်။

ကိုသိန်းအောင် နှာလုကြောက်လှုပြီ။ သို့ရာတွင် မလှုပ်ရဲ၊ မအော်ရဲ၊ မျက်နှာကို မရှုံ့ရဲ။ ပါးစပ်ကို တင်းတင်းကြီးစေ့ကာ ဟင်းကောင်ကို မျက်လုံးပြူးပြူးကြီး ပြန်ကြည့်နေသည်။ ဟင်းကောင်နှင့် မျက်လုံးချင်းဆုံမိလျှင် မျက်နှာ မညိုးရ၊ ထိတ်လန့်ဟန် မပြရ၊ ပြန်ပြီး ရဲရဲစိုက်ကြည့်နေရမည်ဟု မုဆိုးကြီးတွေ ပြောသံကို ကိုသိန်းအောင် ကြားဖူးသည်။ စင်စစ် ကြားဖူး၍ သည်လို လုပ်ခြင်းမဟုတ်၊ မျက်လုံးက အလိုလို ပြူးသွားပြီး နှုတ်ခမ်းက အလိုလိုစေ့သွားခြင်း ဖြစ်သည်။

ဟင်းကောင်သည် သူ့ကို လက်သည်းကြီးများဖြင့် ကုတ်၍ ဆွဲထားသည်။ ဟင်းကောင်၏ ပါးစပ်က ပုပ်ဟောင်နံစော်လျက်၊ ပခုံးမှ စီးကျနေသည့် သွေးကို လျက်နေသည်။ လျှာကြီးကလည်း ကြမ်းရှလျက်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းအောင် မလှုပ်ရဲ မျက်နှာ မညိုးရဲ၊ ချက်ကောင်းကို စောင့်သည်။

ပခုံးက နာလှပြီ၊ မျက်နှာက နာလှပြီ၊ ဟင်းကောင်သည် ခဏကြာလျှင် သူ့ကို စားတော့မည်။ အလစ်တွင် ကိုသိန်းအောင်သည် ကြွင်းကျန်သမျှ ခွန်အားတွေကို ဖျစ်ညှစ်စုစည်းကာ ချောက်အတိုင်း စမ်းပေါက်ထဲသို့ လိမ့်ချမည်ဟု စိတ်ကူးသည်။

ချောက်အတိုင်း အောက်ထိအောင် လိမ့်ချနိုင်လျှင် ပေသုံးဆယ်လောက်ရှိမည်။ ပေသုံးဆယ်လောက်ရောက်အောင် လိမ့်နိုင်လျှင် ဟင်းကောင် သူ့ကို မမီတော့၊ လွတ်နိုင်သည်။ ဆယ်ပေလောက် ရောက်ရုံ လိမ့်နိုင်သည်ဆိုလျှင်မူ ကိုးတောင်ကျား ပါးစပ်က ပြေးလွတ်မည် မဟုတ်။

သို့ရာတွင် ခက်သည်က ပခုံးတစ်ဖက်က သူ့လက်သည်းကြားထဲတွင် ရောက်နေခြင်း ဖြစ်သည်။ သည်ပခုံးတစ်ဖက်ကို ထားရစ်ခဲ့ရတော့မည်လော။

မတတ်နိုင် ရှိသမျှခွန်အားတို့ကို ဖျစ်ညှစ်ကာ ချောက်ထဲသို့ လိမ့်ချလိုက်သည်။ ညာဘက်ပခုံးသည် ထက်လှစွာသော ဓားစက်အစင်းပေါင်းမြောက်မြားစွာဖြင့် ခုတ်ဖြတ်လိုက်သကဲ့သို့ မခံမရပ်နိုင်အောင် နာကျင်သွားသည်ကို သူ သိလိုက်သည်။

ဟင်းကောင် အော်သံနှင့် လူအော်သံသည် တောင်စဉ့် အထပ်ထပ်တွင် ပဲ့တင်ရိုက်ခတ်သွားသည်ကို သူ သိလိုက်သည်။

ထို့နောက် ဘာမျှ မသိတော့။

*

''ချောက်ထဲက ကျားဟိန်းသံနဲ့ လူအော်သံကြားတော့ ကျွန်မတို့ရော၊ စခန်းက အလုပ်သမားတွေရော၊ ရဲတွေရော ချောက်ထဲကို ဆင်းလိုက်သွားကြတာပေါ့။ ကိုသိန်းအောင်က စမ်းပေါက်ဘေးမှာ မှောက်လျက်ကြီး သတိလစ်လို့၊ ပခုံးတစ်ဖက် မရှိတော့ဘူး၊ မနည်းကုယူရတယ်၊ ကျားလက်ထဲ ကျန်ရစ်ခဲ့ပြီး ကျားကြီးကိုတော့ သေနတ်နဲ့ ပိုင်းပစ်ရတာပေါ့၊ ကိုသိန်းအောင် ခြောက်လလောက် အိပ်ရာထဲက မထနိုင်ဘူး၊ မနည်းကုယူရတယ်။ အဲဒီကတည်းက သူ့ကို ကျားသိန်းအောင်လို့ ခေါ်ကြတာပဲ''ဟု အစ်မ မကြည်လေးက ဗိုလ်တဲသို့ ရောက်လာသည့် ဧည့်သည်များအား ပြောနေသံကို မချို ကြားရသည်။

ဟုတ်သည်။ အစ်မ မကြည်လေးသည် သူ့ယောကျ်ား ကျားသိန်းအောင်၏ သတ္တိကို မကြာခဏ ပြောတတ်သည်။ ကိုသိန်းအောင်ကလည်း တကယ် သတ္တိကောင်းသည်၊ ကျားကုတ်ခံရ၍ မုဆိုးအလုပ်ကို စွန့်မည်ထင်သလော၊ မစွန့်။ ယခုဆိုလျှင် ညောင်ကျိုးမှာပင် မနေတော့။ ညောင်ကျိုးနှင့် မိုင်နှစ်ဆယ် အစိတ်ကွာသည့် တောင်ကုန်းတောင်ကြားနားက ကွဲလေးစခန်းနားမှာ သွားနေသည်။ သူ့အစ်မ မကြည်လေးနှင့် ကလေးတွေလည်း ထိုစခန်းမှာပင် လိုက်နေကြသည်။ ကွဲလေးစခန်းတွင် မည်သူမျှမရှိ၊ သူတို့တဲ တစ်လုံးတည်း။

သူတို့စခန်းကို မချို တစ်ခေါက် ရောက်ဖူးသည်။ အစ်မ မကြည်လေး နေမကောင်း ဖြစ်နေသဖြင့် တောဝက်သားတွေ လာမပို့နိုင်သောကြောင့် သွားယူရခြင်း ဖြစ်သည်။ လမ်းသရဲ သီချင်းဆိုသံလို မျောက်အော်သံများသည် တောင်ကမ်းပါးယံတွင် ပဲ့တင်ရိုက်နေသည်။

*

ထင်းစည်းကို ရှေ့နောက် ထမ်းလာခဲ့ရသဖြင့် မချို တစ်ကိုယ်လုံး ချွေးတွေ စိုရွှဲနေသည်။

သည်နေ့ည သူတို့ ဗိုလ်တဲသို့ ရန်ကုန်က ဧည့်သည်တွေ ရောက်သည်။ သဘော်သားကား တစ်စီးအပြည့်၊ အသက်လေးဆယ်ကျော် ငါးဆယ်ခန့် အဘိုးကြီးနှင့် အဘွားကြီး၊ မချိုတို့လို ရွယ်တူ သမီးပျိုနှစ်ယောက်၊ ရှစ်နှစ်မှ ဆယ့်ငါးနှစ်ကြားရှိ မောင်လေး သုံးယောက်၊ ကားဆရာ တစ်ယောက်။

ဗိုလ်တဲသို့ ဧည့်သည်စောင်သည်ရောက်လျှင် မချို သွားကူညီလုပ်ပေးနေကျ။ အဖေနှင့် အမေတို့ကလည်း သွား၍ ကူညီ အလုပ်ခိုင်းသည်၊ ဗိုလ်တဲပေါ်သို့ မတက်နှင့်ဟု မှာ၏။ အခြားကြောင့် မဟုတ်၊ ပစ္စည်းပစ္စယ အပျောက်အရှရှိလျှင် မကောင်းသောကြောင့် တားခြင်းဖြစ်သည်။

သူတို့တစ်သိုက် ညစာကို မီးဖိုထဲသို့ ဆင်းချက်ကြသည်။ ဆန်၊ ဆီ၊ အသားဘူး၊ ငါးပိကြော်၊ သရက်သီးသနပ်ဘူး၊ လိမ္မော်ရည်ပုလင်း၊ ပေါင်မုန့်၊ ထောပတ်၊ နက်စ်ကဖီး၊ သကြား နို့ဆီ၊ စားဖွယ်သောက်ဖွယ် အစုံအလင်။

အဘိုးကြီး၊ အဘွားကြီးနှင့် သမီးနှစ်ယောက်က မီးဖိုထဲသို့ ဆင်းသည်၊ ကားဆရာက ကားကို နှိုက်သည်။ မောင်ကလေး သုံးယောက်ကတော့ ရေကန်ထဲကို ဒိုင်ဗင်ထိုးလိုက်၊ ရေကူးလိုက်၊ ကက်ဆက်ဖွင့်လိုက်။

သမီးပျိုနှစ်ယောက်သည် မချိုကို ကြည့်၍ တီးတိုး ပြောနေကြသည်။ မချိုက သူတို့နှင့် ရွယ်တူ၊ သူတို့လောက် အသားမဖြူသည့်တိုင် ညိုပြာလဲ့လဲ့







www.burmeseclassic.com

www.burmeseclassic.com



စိမ်းစိမ်းစိုစို၊ မျက်နှာကြည်ကြည်၊ မျက်လုံးရီရီ၊ နှုတ်ခမ်းက နီနီ၊ ကိုယ်လုံးကိုယ်ပေါက် သွယ်သွယ်နွဲ့နွဲ့၊ သူတို့လို အဝတ်အစားတွေ ဝတ်လိုက်လျှင် ကောလိပ်ကျောင်းသူတွေနှင့် ခွဲ၍ရမည် မဟုတ်။

ညီအစ်မနှစ်ယောက်သည် မချိုကို ကြည့်၍ သနားနေကြလေ၏။

ထမင်းချက်မည်လုပ်တော့ ထင်းမရှိ။ သည်တော့ မချိုကို ခိုင်းရသည်။ မချိုသည် သွက်လက်ပေါ့ပါးစွာဖြင့် အောက်ချိုင့်စခန်းသို့ ဆင်းသွားပြီး ထင်းနှစ်စည်းကို ဆိုင်းထမ်းဖြင့် ရှေ့နောက်ထမ်းကာ ဗိုလ်တဲကုန်းသို့ တက်လာခဲ့သည်။

ဗိုလ်တဲကုန်းပေါ်သို့ မချိုရောက်တော့ ည ၇ နာရီထိုးပြီ၊ ရဲစခန်းမှ သံချောင်းခေါက်သံကို ကြားရ၏။ အောက်ချိုင့်ထဲမှ ကက်ဆက်သံ၊ စကားပြောသံ၊ ကုန်တင်ကားကြီးများ စက်စမ်းသံတို့ တိတ်ဆိတ်သွားကြပြီ၊ ညောင်ကျိုးတွင် နေဝင်ပြီဆိုလျှင် ဆိုင်တံခါးတွေကို ပိတ်ထားကြစမြဲ၊ အသံဗလံတို့ တိတ်ဆိတ်သွားစမြဲ။

ကုန်းအတက် အရောက်တွင် မချိုစီးလာသည့် ဂျပန်ဖိနပ် အပေါ်စားကလေး သဲကြိုး ပြတ်သွားသည်။ ဖိနပ်ပြတ်ကလေးကို ထင်းစီးပေါ်တွင် တင်ပြီး မီးဖိုချောင်ဆီသို့ လာခဲ့၏။

ထင်းစည်းပေါ်က ဖိနပ်ကို မြင်သည့်အခါတွင် အကြီးမက

''ဟင် ဘာဖြစ်လို့လဲ၊ ဖိနပ်ပြတ်သွားလို့လား''

ဟု မေးသည်။

''ဟုတ်တယ် အစ်မ၊ ကုန်းအတက်မှာ ပြတ်သွားတာ''

''မချိုမှာ စီးစရာ ရှိသေးရဲ့လား''

''ရပါတယ်''

မချိုက ရယ်သည်။ မချိုသည် သူ့အခြေအနေကို ပြောပြရမည်ကို ရှက်ဟန်တူသည်။

''ရပါတယ် လုပ်မနေနဲ့၊ တို့ခိုင်းလို့သွားရင်း ပြတ်သွားတာ၊ ဖိနပ်တစ်ရံ ဝယ်ပေးလိုက်''

ဟု အဘိုးကြီးက ပြောသည်။

အကြီးမက အစိတ်တန်တစ်ရွက် ထုတ်ပေး၏။

''ရပါတယ်၊ မချို ဖိနပ်မစီးပဲလဲ နေတတ်ပါတယ်၊ ဒီမှာ ဒီလိုပဲ နေနေကျပါ''

ငါးနှစ်ရွယ် ယောကျ်ားကလေးတစ်ယောက်သည် နှစ်ခါလည်သာသာ





ကလေးတစ်ယောက်ကို ခါးတင်ခွင်ချီပြီး မလှမ်းမကမ်းမှ နေ၍ –

''မေမေ မေမေ'' နှင့် အော်နေသည်။

''ဘယ်က ကလေးတွေလဲ၊ ဘယ်သူ့ကို ခေါ်နေတာလဲ''

''မချို ကလေးတွေပါ၊ မချိုကို လာခေါ်ကြတာ''

''ဟောတော်''

ညီအစ်မနှစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ သူတို့လို သက်တူရွယ်တူ ပျိုပျိုရွယ်ရွယ် မိန်းကလေးတစ်ယောက်တွင် သားနှစ်ယောက် ရှိမည်မထင်။

မချိုသည် ထင်းစည်းကို ဖြေကာ မီးမွှေးပေးသည်။ ထို့နောက် ဆန်ဆေးပြီး ထမင်းအိုး တည်သည်။ ထို့နောက် ခွင်တစ်ခွင်တည်ဖိုကာ တည်ကာ ငါးသေတ္တာဘူးဖောက်၊ ဆီသတ်၊ ငါးသေတ္တာကြော်၊ ထိုအရာများကို မချိုသည် ဇယ်ဆက်သလို တစ်ခုပြီး တစ်ခု ဆက်တိုက် လုပ်သွားသည်။ သူ့မှာ ဘာမျှ ပင်ပန်းဟန် မရှိ။

''ဟောတော့–ညည်းက ယောကျ်ားနဲ့လား''

မေမေကလည်း တအံ့တသြ မေးသည်။ သူ့သမီးနှစ်ယောက်လို နုနုထွတ်ထွတ် ပျိုပျိုရွယ်ရွယ် မိန်းကလေး ကလေးနှစ်ယောက်အမေ ဖြစ်သည်ဆိုခြင်းကို မယုံနိုင်။

မချိုက ငါးသေတ္တာကြော်ကို အောက်သို့ ချ၍ ရေနွေးအိုး တည်လိုက်ရင်း

''ဟုတ်ပါတယ် ကြီးကြီး''

''ခု ယောကျ်ားကကော''

''မရှိတော့ဘူး ရှင့်''

''ဘာဖြစ်လို့လဲ၊ ကွဲသွားတာလား''

''မဟုတ်ဘူးရှင်၊ ဆုံးသွားပြီ''

သြော် . . . ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်ရသည့် ကလေးမကလေးတစ်ယောက်။ သူ့ကို ကြည့်တော့ နှစ်ဆယ်ကျော်ရုံကလေးမျှသာ ရှိဦးမည်။ ရုပ်ကလေးက ချောချော၊ သွက်သွက်လက်လက်၊ ချက်ချက်ချာချာ။

''ဘာဖြစ်လို့ ဆုံးသွားတာလဲ ဟင်၊ သူက မမချိုရဲ့ ခဲအိုလို မုဆိုးလား၊ ကျားကိုက်လို့လား''

စောစောက ကျားသိန်းအောင် အဖြစ်အပျက်ကို ကြားပြီးသည့်အငယ်မ



www.burmeseclassic.com

www.burmeseclassic.com



က သိချင်စိတ်အားကြီးစွာဖြင့် မေးသည်။ မချိုက ရယ်လိုက်၏။

''မဟုတ်ပါဘူး၊ ကိုအောင်က အီးပီစီက လျှပ်စစ် အလုပ်သမားပါ၊ ရန်ကုန်မှာ ဓာတ်လိုက်ပြီး ဆုံးသွားတာပါ''

''ဒါဖြင့် မချိုလဲ ရန်ကုန်မှာ နေဖူးတာပေါ့''

''အစတုန်းက သူက ပန်းတောင်းမှာပါ၊ မိုလ်တဲကို သူ့ဆရာ အမဲပစ်လာရင် သူ အမြဲ ပါလာတတ်တယ်၊ မကြာခဏ လာရာကနေပြီး မချိုနဲ့ ရင်းနှီးသွားကြတာပါ၊ အိမ်ထောင်ကျပြီးတော့ ရန်ကုန်ပြောင်းရလို့ မချိုလဲ လိုက်နေပါတယ်၊ သူတို့နှစ်ယောက်စလုံး ရန်ကုန်မှာ မွေးတာပါ၊ ကိုအောင်ဆုံးတော့ မချိုလဲ ညောင်ကျိုး ပြန်လာပါတယ်''

မချိုသည် ပါးစပ်ကလည်း သူတို့မေးသမျှကို ဖြေရင်း လက်က လုပ်စရာရှိသည်တို့ကို တောက်လျှောက် လုပ်သွားသည်။

''ထမင်း မကျက်သေးဘူးလားဗျို့၊ ဆာလှပြီ''

အပေါ်ထပ်မှ မောင်ငယ် သုံးယောက် ဆင်းလာသည်။ တစ်ယောက်က အသားမည်းမည်း၊ လက်ပြင့်ကုန်းကုန်း။ နောက်တစ်ယောက်က အရပ်ပုပု၊ မျက်နှာ လေးထောင့်နှင့်၊ နောက်တစ်ယောက်က အငယ်ဆုံး ဖြစ်ဟန်တူသည်။ ခါးချည့်ချည့်၊ ပါးခွက်ခွက်။

သည်မျှ လုပချောမောသော သမီးပျိုနှစ်ယောက်ကို မွေးထုတ်ခဲ့သည့် အဖေအမေမှ သည်မျှ ပုံပန်းမကျသော သားသုံးယောက်ကို ဘယ်လို မွေးထုတ်ခဲ့သည် မသိ။

သုံးယောက်စလုံး အငြိမ်မနေကြ။ ရောက်ကတည်းက မျောက်ရှုံးအောင် ဆော့ကြသည်။ ကျွဲကလေးစခန်းက တောထဲသို့ မချို ဟင်းရွက်ခူးထွက်လျှင် နောက်က အမြဲလိုက်၍ ပူပူဝါးဝါး အော်လေ့ရှိသော မျောက်သုံးကောင်ကမှ ငြိမ်ချင်သေးသည်။ သူတို့ သုံးယောက်က မငြိမ်။

မလှမ်းမကမ်းမှ ကလေးနှစ်ယောက်က 'မေမေရေ၊ မေမေ' ဟု အော်နေကြပြန်သည်။ မချို ကလေးနှစ်ယောက်ကို အော်ငေါက်ပစ်လိုက်၏။ ကလေးနှစ်ယောက်သည် ခပ်လှမ်းလှမ်းတွင် ရပ်စောင့်နေကြသည်။

ည ခုနစ်နာရီ ထိုးတော့ စားသောက်ပြီးကြပြီ။ မောင်သုံးယောက်သည် ထမင်းကို ပြောင်အောင် စားပစ်လိုက်ကြ၏။

မချိုက ပန်းကန်တွေကို ကူဆေးပေးသည်။ အမေကြီးက ထမင်းတွေ ဟင်းတွေကျန်ရင် ယူသွားဟု မချိုကို ပြော၏။ သို့ရာတွင် ထမင်းတစ်စေ့မျှ မကျန်၊ ဟင်းတစ်ဖတ်မျှ မရှိ။





''ရပါတယ်''

မချိုက သူ့ထုံးစံအတိုင်း ဖြေသည်။

သူတို့ ကိစ္စတွေ ပြီးသည့်အခါတွင် ညရှစ်နာရီ ထိုးခါနီးနေပြီ၊ မချိုသည် ဖိနပ်ဖိုး ပေးလိုက်သည့် ငွေအစိတ်ကို ယူကာ အောက်ချိုင့်ထဲသို့ ဆင်းသွားသည်။

''မေမေ မချိုရယ်၊ အချိန်မတော်မှ ဘာဖြစ်လို့လဲ မသိဘူး၊ အောက်စခန်းဘက်ကို သုတ်သုတ် သုတ်သုတ်နဲ့ ဆင်းသွားတယ်''

ဟု မိုလ်တဲပေါ်မှ လှမ်းမြင်လိုက်ရသည့် အကြီးမက ပြောသည်။

ခဏကြာတော့ မချို မိုလ်တဲပေါ်သို့ ပြန်တက်လာသည်။ စင်စစ်သည်အချိန်တွင် အောက်သို့ သွားစရာ ဘာမျှအကြောင်းမရှိ။ ယခုလောက်ဆိုလျှင် အောက်ချိုင့်တွင် ဆိုင်တွေ ပိတ်ကုန်လောက်ပြီ။

သားအမိတစ်တွေ တစ်ယောက်တစ်ပေါက် ထင်မြင်ချက် ပေးကြသည်။

''အိုအေ၊ ကောင်မလေးက ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်တော့ ကားသမားတို့ ဘာတို့နဲ့ ရည်းစားဖြစ်ပြီး ချိန်းတွေ့တာ ဖြစ်မှာပေါ့''

ဟု အမေကြီးက ပြောသည်။

အဖေကြီးက . . .

''မဖြစ်နိုင်ဘူးကွ၊ ဒီအချိန်ကြီးမှာ ရည်းစားနဲ့ ချိန်းတွေ့ဖို့ဆိုတာ လွယ်တာ မဟုတ်ဘူး၊ မတော် ကျားနဲ့ တွေ့ရင် ဘယ့်နှယ့်လုပ်မလဲ၊ ညကြီးမင်းကြီးမှာ ဘယ်သူမှ အပြင် ထွက်ကြတာ မဟုတ်ဘူး၊ ဆိုင်တွေတောင် တံခါးပိတ်ထားကြတာ၊ ကောင်မလေး ဖိနပ်ဝယ်ဖို့ဆိုပြီး ငွေအစိတ် ပေးလိုက်တယ် မဟုတ်လား''

''ဟုတ်တယ်၊ သမီးလဲ ထင်တယ်၊ ဖိနပ်သွားဝယ်တာလားမှ မသိတာ''

အငယ်မကပြောသည်။

''မဖြစ်နိုင်ဘူး . . .၊ ဒီအချိန်ကြီးမှာ ဘာဖြစ်လို့ ဖိနပ်ကို အရေးတကြီး သွားဝယ်ပါ့မလဲ၊ မနက်မှ ဝယ်ရင်လဲ ဖြစ်တဲ့ ဥစ္စာပဲ၊ ပြီးတော့ ဖိနပ်မစီးပဲလဲ နေတတ်ပါတယ်လို့ ပြောထားမင့်ဟာ ဒီလောက် အရေးတကြီး သွားတာ ဖိနပ်ဝယ်တာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး''

ကျွဲလေးစခန်းမှ မျောက်သုံးကောင်ရှုံးအောင်ဆော့သည့် မောင်သုံးယောက်မှာ မောမောနှင့် အိပ်ပျော်သွားကြပြီ။

*



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်တွင် သူတို့ ပြန်ကြတော့မည်။ မပြန်ခင် တောင်ကုတ် တောင်ကြားကို သွားကြည့်ကြသည်။ တောင်ကုတ် တောင်ကြားက လွမ်းစရာ၊ တစ်ဖက်တွင် လျှိုမြောင်ကြီး၊ ဟို အဝေးတွင် မိုးထိတောင်။

သူတို့ အဖော်ခေါ်သဖြင့် မချိုလည်း လိုက်သွားရသည်။ တောင်ကြား ရောက်ခါနီးတော့ ကွဲလေးစခန်းကို ရောက်သည်။ ကွဲလေးစခန်းမှာ မချို အစ်မ မကြည်လေးနှင့် သူ့ယောကျ်ား ကျားသိန်းအောင် အပြင် ကလေးသုံး ယောက်ကိုလည်း တွေ့ရသည်။ မနေ့က တောဝက်တစ်ကောင် ရထားသဖြင့် ညောင်ကျိုးသို့ သွားရောင်းမည်ကြံတုန်း ကားကြုံသဖြင့် အတော်ဖြစ်သွားသည်။

ကျားသိန်းအောင်က မချို ပြောပြသည့်အတိုင်း ပခုံးတစ်ဖက် မရှိ၊ တစ်ဖက်က ကျုံ့ဝင်နေသည်။ မျက်နှာမှာ အမာရွတ်တွေနှင့်၊ လက်တစ်ဖက် ကလည်း အသား ပုံ့ပါသွားသဖြင့် သိမ်နေလေပြီ။ သို့ရာတွင် တောလိုက်တုန်း မှုဆိုးလုပ်တုန်း။

ချောက်ထဲတွင် မျောက်တွေက အော်နေသည်။ မျောက်တို့၏ ကြိုးခွေ သံသည် ကမ်းပါးယံတွင် ပဲ့တင်ထပ်လျက် ရှိ၏။

“ဒီတောမှာ အရင်တုန်းက မျောက်အုပ်ရှိတယ်၊ ခုတော့ သုံးကောင်ပဲ ကျန်တော့တယ်၊ မချို လာနေတုန်းက မချို ဟင်းရွက်ခူးထွက်ရင် အဲဒီ သုံးကောင်က နောက်က လိုက်အော်နေတာပဲ”

ဟု မချိုက ပြောသည်။

မောင်သုံးယောက်သည် မျောက်ကြိုးခွေသံ အော်သလို လိုက်အော် နေကြသည်။ သူတို့၏ အသံနှင့် မျောက်တို့၏ အသံကြောင့် တောအလုံးသည် ဆူညံလျက်ရှိ၏။ သို့ရာတွင် သူတို့အသံက မျောက်အော်သံလို သဘာဝ မကျ။ မျောက်တို့၏ ကြိုးခွေသံကမူ မြိုင်စောင်းတွင် လွမ်းစရာကောင်းနေသည်။

အပြန်ကျတော့ အစ်မ မကြည်လေးက ညောင်ကျိုးတွင် ရောင်းရန် တောဝက်သားတွဲများကို တောင်းကြီး တစ်တောင်းနှင့် ထည့်ယူလာသည်။ ရန်ကုန်က လာသည့် ဧည့်သည်များအတွက်မူ သစ်ခွတွေ ခြင်းတောင်းကြီး တွေဖြင့် ထည့်ပေးလိုက်၏။

ညောင်ကျိုးဗိုလ်တဲ ရောက်တော့ ပစ္စည်းတွေ အားလုံးတင်ပြီး ရန်ကုန် က ဧည့်သည်တွေ ပြန်ရန်ပြင်ကြသည်။ မချိုသည် သူတို့ညီအစ်မကို ငေးကြည့် ရင်း မျက်ရည်တွေ ဝဲနေသည်။ သားအငယ်ကလေးကို ခါးထစ်တွင် ချီပြီး သားကြီးဆို့ လက်တွင် ဆွဲထား၏။





ညီအစ်မနှစ်ယောက်က ချောချောလှလှ ချစ်စရာကလေးတွေ၊ ခရီး သွားစဉ် ဝတ်သည့် အင်္ကျီပုံဆန်း လှလှကလေးတွေကို ဝတ်လျက်၊ ဖိနပ် ကလေးတွေက သူတို့ခြေထောက် ဖြူဖြူကလေးတွေနှင့် လိုက်သည့် ဖိနပ် ဖြူဖြူကလေးတွေ။

မချို သူ့ခြေထောက်ကို သူ ငုံ့ကြည့်သည်။ သူ့ခြေထောက်တွင် ဖိနပ် မရှိ။ မနေ့ညက ထင်းသွားဝယ်စဉ် ဖိနပ်သဲကြိုး ပြတ်သွားသည်။ မချို ခြေထောက်တွင် ဖိနပ် စီးမထားသည်ကို အကြီးမက သတိထားမိဟန်တူသည်။

“ဟင် မချို၊ ဖိနပ်ဝယ်မစီးသေးဘူးလား၊ ဝယ်စီးတော့လေ”

“ရပါတယ်”

မချို ထုံးစံအတိုင်း ပြုံး၍ ပြောသည်။

“ရပါတယ် လုပ်မနေနဲ့၊ တို့က ဖိနပ်ဝယ်ရအောင်လို့ ပိုက်ဆံပေးလိုက် တာ၊ ပိုက်ဆံရှိသေးတယ် မဟုတ်လား”

“မရှိတော့ဘူး အစ်မ”

“ဟောတော့ ...၊ ဘာသုံးလိုက်လို့လဲ”

“မနေ့ညက အစ်မတို့ စားသောက်ပြီးတော့မှ အောက်ချိုင့်စခန်းကို ဆန်ဆင်းဝယ်ရတယ်၊ တစ်အိမ်လုံး ထမင်းမစားရသေးဘူး၊ အဲဒီ ပိုက်ဆံနဲ့ ဆန်ဝယ်ပြီးမှ ချက်ရတာ”

မချို ရယ်ရယ်မောမောဖြင့် ပြောသည်။ သူ့မှာ ရှိုးနေသည့်နှယ်။

“ဖြစ်မှ ဖြစ်ရလေကွယ်၊ ခု မနက်ကော ဆန်ရှိသေးလား”

“မရှိသေးဘူး ရှင့်၊ ဒါပေမဲ့ ရပါတယ်”

အဖေကြီးနှင့် အမေကြီးတို့ မနေနိုင်တော့။

“ဟဲ့ ... သမီးတို့ သားတို့မှာ ဆန်တွေ ကျန်သေးတယ် မဟုတ် လား ... ထုတ်စမ်း၊ အသားဘူးတွေကော အကုန်ထုတ်၊ မချိုတို့ကို ပေးပစ်ခဲ့ ဘီစကစ်ထုတ်တွေကရော ကလေးတွေကို ပေးခဲ့”

“ရပါတယ်၊ နေပါစေ”

“ဘယ့်နှယ့် နေရမလဲ၊ ရော့ယူလိုက်၊ တို့မှာ ပိုနေတာပဲ”

မချိုအစ်မ မကြည်လေးက ...

“ဒီလိုဆိုရင် ကျွန်မတို့က တောဝက်သားကလေး နှစ်ပိဿာ သုံး ပိဿာတော့ ပေးပါရစေ ရှင်”

“ဟင့်အင်း၊ တောဝက်သားတော့ လိုချင်ပါရဲ့၊ ဒါပေမဲ့ ညည်းတို့



www.burmeseclassic.com

www.burmeseclassic.com



ဟာကို တို့ အလကား မလိုချင်ဘူး၊ ပိုက်ဆံပေးခဲ့မယ်''

''မပေးပါနဲ့၊ ကျွန်မတို့မှာ အသားဘူးရရင် ကျေနပ်ပါပြီ၊ အသားစိုတွေကို စားရတာ ငြီးငွေ့လွန်းလို့ပါ''

''အမယ်လေး၊ တို့ ရန်ကုန်ကျတော့လဲ အသားတွေက လတ်လတ်ဆတ်ဆတ် မရလို့ စိတ်ညစ်နေတာ၊ အသားဘူးကတော့ ခရီးသွားမှ မလွဲသာလို့ စားရတာ''

''ကျွန်မတို့ဆီမှာတော့ အသားဘူးကို တော်တော့်လူ မစားနိုင်ဘူးရှင့်၊ စားနိုင်တဲ့လူက လူမော်''

အသားဘူး လေးငါးဘူးကို မချိုတို့သားအမိသုံးယောက်၊ အဖေတို့ အမေတို့ နှစ်ယောက်နှင့် မကြည်လေးတို့ မိသားစု ဝေစုခွဲနေကြသည်။

''ငါ့ကို တစ်ဘူး ပိုပေးအေ၊ ငါက တောထဲမှာ နေရတာ၊ အသားဘူးကို တစ်နှစ်နေလို့ တစ်ခါ မမြင်ရဘူး၊ ညည်းတို့ကမှ ညောင်ကျိုးဗိုလ်တဲဆိုတော့ တစ်ခါတလေ မြင်ရသေးတယ်''

ဟု မကြည်လေးက အဆစ်တောင်းသည်။

''အသားဘူးနဲ့ တောဝက်နဲ့ လဲတာပေါ့''

အဖေက ပြောသည်။

''တောဝက်သားနဲ့ အသားဘူးနဲ့ လဲရင် ကျွန်တော်တို့ မြို့က မျောက်သုံးကောင်နဲ့ ကျွဲလေးတောထဲက မျောက်သုံးကောင်နဲ့ရော မလဲဘူးလား ဗျို့''

အလတ်ကောင် ပိန်ပိန်မည်းမည်းက အော်သည်။

မချိုတို့ သူတို့ကို ပြုံးကြည့်၏။

မြို့က သည်မျောက်သုံးကောင်ကိုတော့ မလိုချင်။ ကျွဲလေးစခန်းတောထဲတွင် မျောက်သုံးကောင်က သူ ဟင်းရွက်ခူးသွားလျှင် လိုက်ဖော်သည်။ ဘေးရန်မြင်လျှင် အော်ဟစ် အချက်ပေးဖော်ရသည်။

မြို့က သည်မျောက်သုံးကောင်ကမူ ဘာမျှ အသုံးကျဖွယ် မမြင်။ ပန်းခင်းထဲကို သူတို့ ဝင်ဆော့ထားသဖြင့် ပန်းပွင့်တွေ ကြွေကုန်ပြီ။ တချို့ ပန်းပင်တွေ ကျိုးကျနေသည်။ ရှောက်ချိုသီးတွေလည်း သူတို့ ဆွတ်စားသဖြင့် တစ်လုံးမျှ မကျန်တော့။

ဗိုလ်တဲပေါ်တွင်လည်း သူတို့ ရှုပ်ထားသည့် အမှိုက်တွေက တစ်ပုံတစ်ထည်။ အစုတ်တွေ၊ ပုလင်းခွံတွေ၊ ပုလင်းဖုံးတွေ၊ အသားဘူးခွံတွေ၊ နို့ဆီခွက်တွေ၊ ထင်းတို ထင်းစတွေ၊ စက္ကူဘူးခွံတွေ။





သဘော်သားကားကလေးသည် ဗိုလ်တဲကုန်းကို ကွေ့ဆင်းလိုက်၏။ ကျွဲလေးစခန်းမှ မျောက်သုံးကောင်လို မြို့က မျောက်သုံးကောင်၏ ကားပေါ်မှ လွှင့်ကျန်ရစ်ခဲ့သော ကြိုးခွေသံသည် ညောင်ကျိုးဗိုလ်တဲတစ်ဝိုက် မြိုင်စောင်းတွင် ပွဲတင်ထပ်နေသည်။

ကျန်ရစ်သူများသည် သူတို့ကို လက်ပြ နှုတ်ဆက်ရင်း ဗိုလ်တဲကုန်းအောက် လမ်းပေါ်တွင် ကြွက်ကလေးတစ်ကောင်လို ပြေးသွားနေသော ကားကလေးကို ငုံ့ကြည့်နေကြသည်။

မချိုသည် သူတို့ကို ကြည့်၍ သူ့ဘဝကို သူ ခဏမေ့သွား၏။ သူတို့ ဘဝကလေးက ပျော်စရာ၊ ချစ်စရာ၊ လှလှပပ၊ နုနုနယ်နယ်၊ လုံလုံခြုံခြုံ၊ ကျားကို မကြောက်ရ၊ ဆင်အုပ်ကို မကြောက်ရ၊ ဝံကြီးထိုးကို မကြောက်ရ၊ ခွေးအအုပ်ကို မကြောက်ရ၊ ယုတ်စွအဆုံး မျောက်ကို မကြောက်ရ။

ကုန်းအကွေ့တွင် ကားဖြူဖြူကလေး ပျောက်သွားသည့်အခါကျမှ သူ့ဘဝကို သူ မချို ပြန်သတိရသည်။ အိပ်မက် လှလှကလေးတစ်ခု ပြတ်သွားပြီး ခါးထစ်တွင် ချီးထားသည့် သားငယ်ကို အောက်သို့ ချ၏။ ညီလေးနှင့် ကစားရန် အကြီးကောင်ကို ပြောရသည်။

ဗိုလ်တဲပေါ်တွင် မြို့က မျောက်သုံးကောင် ရှုပ်ခဲ့သည့် အမှိုက်တွေကို မချို ရှင်းရဦးမည်။

■

စန္ဒာ

?၊ ၁၉၈၂

www.burmeseclassic.com

www.burmeseclassic.com

## ဘတ်စ်ကားစီး၍ ဘဝကို ဖြတ်ကျော်ခြင်း

လူတွေကြားထဲက တိုးဝှေ့ပြီး အမှတ် ၈ ဟီနိုးကားကြီးပေါ်သို့ ကျွန်တော် တက်လိုက်တယ်။ ရုံးတက်ချိန်မို့ ထင်ပါရဲ့၊ ဂိတ်မှာတင် လူတွေ ပြည့်နေပြီ။ ကားထဲကို လှမ်းကြည့်လိုက်တော့ ထိုင်စရာနေရာလွတ်ရယ်လို့ မရှိတော့ဘူး။ အမိုးမှာ တပ်ထားတဲ့ သံတန်းကို ကိုင်ပြီး ထိုင်ခုံကြားထဲက လမ်းကလေးအတိုင်း ရှေ့ကို တိုးလာခဲ့တယ်။ ခုံတန်းကြားက လမ်းကလေးထဲမှာလည်း မျက်နှာကို ထိုင်ခုံတွေဘက် မူပြီး ကျောချင်းကပ် ရပ်ရတယ်၊ စပယ်ယာက –

''ကဲ ကဲ၊ ကူညီကြပါဗျာ၊ ရှေ့ကို နည်းနည်း တိုးပေးပါ။ ရှေ့ကို နည်းနည်း တိုးပေးပါ၊ ဟို အစ်ကိုကြီး ကျောချင်းကပ်ပေးပါ။ အဲအဲ ဟုတ်ပြီ ဟာ တောင်းကြီး မရဘူး ခင်ဗျ၊ ခင်ဗျားကြီး ထီးကြီးက ကန့်လန့်ကြီးဗျာ။ အောက်စိုက်ထားပါ။ ကူညီကြပါဗျာ၊ ဒီလိုပဲ တိုးတိုးဝှေ့ဝှေ့ပေါ့''

လို့ နေရာ ချပေးနေတယ်၊ နောက်ပေါက်က တက်ပြီးလာတဲ့ ကျွန်တော်ဟာ သူ ပြောတဲ့အတိုင်း ရှေ့တိုးလာခဲ့တယ်။ သူ့ခြေထောက်ကို ကိုယ် တက်နင်းမိ၊ ကိုယ့်ခြေထောက်ကို သူ တက်နင်းမိနဲ့ မတတ်နိုင်ဘူးလေ ဒီလိုပဲ စီးရမှာပဲ၊ ကားက လူတော်တော် ပြည့်နေပြီ။ ပြည့်ဆို ခြေထောက် နှစ်ချောင်းတောင် မနည်းချယူရတယ်၊ ညောင်းလို့ ခြေထောက် မရွှေ့လိုက်လေ နဲ့၊ ကိုယ့်ခြေထောက် နေရာမှာ တခြား ခြေထောက်တစ်ချောင်းက ဝင်နေရာ ယူသွားပြီ။

''ခင်ဗျားတို့ မြန်မာလို ပြောနေတာကို နားမလည်းဘူးလားဗျ။ ရှေ့ကို





တိုးပါဆိုနေ၊ အော် ခက်တော့တာပဲ၊ ဟိုရှေ့က အစ်ကိုကြီး၊ တစ်ယောက်တည်း တည့်တည့်ကြီး ရပ်မနေနဲ့လေ၊ နှစ်ယောက် ကျောချင်းကပ် ရပ်မှပေါ့။ အပေါက် ဝမှာ ပြုံရပ်မနေနဲ့ ဗျ။ တော်တော်ကြာ သမသွားလိမ့်မယ်။ နောက်တော့သာ မပြောမရှိနဲ့''

စပယ်ယာလည်း စိတ်တိုလာဟန် တူပါရဲ့၊ ခပ်စောစောကတော့ ချိုချို သာသာပဲ။ ဒါပေမဲ့ ကြာတော့ လေသံ ပြင်းလာတယ်။ ဟုတ်မှာပေါ့လေ။ သူတို့လည်း တစ်နေကုန် လူပေါင်းစုံနဲ့ ဆက်ဆံနေရတာ။ အလုပ်ကလည်း ပင်ပန်း၊ ပြောရ ဆိုရတာလည်း အာပေါက်မတတ်။ စပယ်ယာ စိတ်တိုတာကို လည်း မပြောနဲ့။ တစ်နေ့မှာ ဘတ်စ်ကားကို ရုံးသွား ရုံးပြန် နှစ်ခေါက် စီးရတဲ့ လူတောင် ဒီလောက် စိတ်တိုနေရင် တစ်နေ့ကို အခေါက်ပေါင်းများစွာ စီးပြီး လူပေါင်းများစွာနဲ့ ဆက်ဆံနေရတဲ့ စပယ်ယာလည်း စိတ်တိုပေမှာပေါ့။ သူ့ခမျာ ကားနောက်ပေါက်က တက်၊ လူတွေကြားထဲ တိုးဝှေ့ပြီး ကားရှေ့ ပေါက်အရောက် ပိုက်ဆံသိမ်းရ၊ လက်မှတ်ဆုတ်ပေးရတာကိုက လွယ်တာမှ မဟုတ်တာ။ လူတွေ ပြည့်ကျပ်နေတဲ့ ဟီးနိုးကားကြီးကို နောက်ပေါက်က တက်၊ ပိုက်ဆံသိမ်းပြီး ရှေ့ပေါက်က ဆင်းရရင် တစ်ခေါက်တည်းနဲ့ အသက် ထွက်သွားလိမ့်မယ် ထင်တယ်၊ ဖျာလိပ်ခေါင်းထဲ ဝင်ဆိုရင် ဝင်လိုက်ချင်သေးတယ်။

''ခွဲဆရာ'' ဆိုတဲ့ စပယ်ယာရဲ့ အမိန့်လည်း ရရော၊ ဟီးနိုးကားကြီးက ဒုံးပျံရဲ့ အဟုန်မျိုးနဲ့ ထွက်လာတယ်၊ တစ်ဖက်က အမိုးက သံတန်းကို ကိုင်၊ လက်တစ်ဖက်က ထမင်းဘူးနဲ့၊ ဒီကြားထဲမှာ ကားကွေ့လိုက်တိုင်း ယိုင်သိုင်ပြီး ညပ်သွားလို့ မနည်း တောင့်ထားရတာ ရှိသေးတယ်။

ထမင်းဘူးဆိုလို့ ပြောရဦးမယ်။ ကြည့်တော့ ထမင်းဘူးကို ကျူတာနဲ့ လက်သုတ်ပဝါလေးနဲ့ ထုပ်လို့။ ထမင်းဘူးထဲ ဖွင့်ကြည့်တော့ ဘာဟင်းမှ ကောင်းကောင်းမွန်မွန် မပါဘူး၊ ငါးလေး တစ်ကောင်လောက်နဲ့ ချက်ထားတဲ့ ကန်စွန်းရွက် ချဉ်ရည်ဟင်းရယ်၊ မျှစ်နဲ့ စားတော်ပဲနဲ့ ကြော်ထားတဲ့ အကြော် ကလေး ဂုံညင်းသာသာလောက်ရယ်၊ ဒါပဲပါတယ်။ ရုံးမှာတော့ အနောက် ပေါက်စမကလေးတွေ၊ စာရေးမကလေးတွေ ထမင်းဘူးချင်း ပြိုင်ကြတယ်၊ တချို့ အရာရှိမကလေးတွေဆိုရင် ထမင်းစားခါနီးကျရင် သူတို့အချင်းချင်း ထမင်းဘူးတွေကို လှမ်းကြည့်ကြတယ်။ ကျွန်တော်တို့လို ကောင်တွေမှာတော့ ထမင်းဘူးချင်းလည်း မပြိုင်နိုင်ပါဘူး။ ဘယ်ထမင်းဘူးပဲ ကြည့်လိုက် ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပိန်မသာ လိမ်မသာပါပဲ။ ယောက်ျားလေးဆိုတော့ ဒီလို ပြိုင်တာဆိုင်တာမျိုး လည်း သိပ်မရှိတော့ တော်သေးတာပေါ့။

ကျွန်တော်ဆိုရင် ဒီဟင်းကလေးတောင် မနည်း ထည့်လာရတာ။ ဒါတောင် ကိုယ်တိုင် ဈေးသွားပြီး ဝယ်လာတာ။ ဈေးဖိုးက သိပ်ကုန်လွန်းတော့ ကျွန်တော်က မိန်းမကို ဆူတယ်။ ကျွန်တော်တို့ မိသားစုကလေးမှာ လူခြောက်ယောက် ရှိတယ်။ ကျွန်တော်တို့ နှစ်ယောက်နဲ့ သားသမီး လေးယောက်။ တစ်နေ့ကို ဈေးဖိုးချည်းပဲ ဆယ့်ငါးကျပ်လည်း မလောက်၊ နှစ်ဆယ်ပေးလည်း ဘာမှ ကောင်းကောင်း မစားရ၊ ဘာမှ မည်မည်ရရ မရှိတော့ ကျွန်တော်က မိန်းမကို ဆူတယ်၊ ဒီတော့ မိန်းမက –

''ဘာလဲ၊ ကျုပ်က ဒို့ပြင် မိန်းမတွေလို ဈေးထဲမှာ သရေစာကို အဝအပြဲ စားပြီး အိမ်ကျတော့ ဖြစ်ကတတ်ဆန်း ချက်ကျွေးတဲ့ အစားထဲက အောက်မေ့နေသလား၊ ရော့ ဒီနေ့ကစပြီး ရှင့်ဘာသာ ရှင်ဝယ်ကြည့်၊ ကျွန်မ မဝယ်ချင်ဘူး၊ ရှင် ဝယ်လာတာပဲ ချက်ကျွေးမယ်''

လို့ ပြောလို့ ခု ကျွန်တော်ကိုယ်တိုင် ဈေးဝယ်နေရတယ်၊ ကိုင်တိုင် ဝယ်တော့လည်း ဘာထူးသလဲ၊ ဘာမှ မထူးပါဘူး။ ကန်စွန်းရွက် ချဉ်ရည်နဲ့ ပဲပြုတ်ကြော်ပါပဲ။

မော်တော်ကားဟာ တိမ္မေးကုကျောင်းရှေ့မှာ ရပ်ပြီး လူတင်တယ်။ ခပ်စောစောက အမိုးတန်းကို ချောင်ချောင်ချိချိ ကိုင်လို့ရပေမဲ့ ခု မရတော့ဘူး။ လက်တွေကို မနည်း ရှောင်ပြီး တန်းကို ဆွဲထားရတယ်။

လက်တစ်ဖက်ညောင်းလို့ ထမင်းဘူးကို ကိုင်ပြီး နောက် လက်တစ်ဖက် အပေါ်မြှောက်လိုက်တော့ ကျွန်တော် လက်ကိုင်တဲ့တန်းမှာ လက်တစ်ဖက် အသစ်ရောက်နေပြီ။ ဒါနဲ့ သူ့လက်ကိုကျော်ပြီး တခြားတစ်နေရာက နေရာလွတ်ကလေးကို လှမ်းဆွဲလိုက်ရတယ်။

ကျွန်တော်က ညာဘက်ခြမ်းကို မျက်နှာမူပြီး ရပ်နေရင်း ခုံပေါ်က လူတွေကို လှမ်းကြည့်မိတယ်။ အသက် ငါးဆယ်ကျော် ခြောက်ဆယ်နား ကပ်နေတဲ့ အဘိုးကြီးတစ်ယောက်၊ ဆံပင် တော်တော်တောင် ဖြူနေရှာပါပြီ။ ပေါင်ပေါ်မှာ ရွက်ဖျင်လက်ဆွဲအိတ် ခပ်နွမ်းနွမ်းကလေးကို တင်လို့။ အိတ်ထဲမှာ မိန်းမဆောင်း ခေါက်ထီးလေး အဟောင်းကလေး တစ်လက် ထည့်ထားတယ်။

ဟိုတုန်းကတော့ ယောက်ျားဟာ ယောက်ျားဆောင်း ထီးကိုပဲ ဆောင်းတယ်။ မိန်းမဆိုရင်လည်း မိန်းမဆောင်း ထီးကိုပဲ ဆောင်းတယ်။ ခုတော့





ဆောင်းချင်ရာ ဆောင်းနေကြတာပါပဲ။

ဘာဘာညာညာ ရွေးမနေနိုင်ကြတော့ဘူး ထင်ပါရဲ့။ ခုလည်း ကြည့်၊ မိန်းမရဲ့ ထီးကိုပဲ ယူဆောင်းလာသလား။ သမီးရဲ့ ထီးကိုပဲ ယူဆောင်းလာသလား မသိဘူး။ အိတ်ထဲမှာ မိန်းမဆောင်း ခေါက်ထီးဟောင်းကလေးကို ထည့်လို့။ နောက် သူနဲ့ ကပ်လျက်မှာ ဆရာမကလေး တစ်ယောက် ထိုင်လို့၊ ကျောင်းစိမ်းလုံချည်၊ အင်္ကျီအဖြူနဲ့၊ သူ့လက်ထဲမှာ ပလတ်စတစ်ခြင်းကလေး တစ်လုံး ကိုင်ထားတယ်။

အင်္ကျီအဖြူကုတ်ကချုပ်ရိုးမှာ ချွေးပေလို့ထင်ရဲ့၊ နည်းနည်းမည်းနေပြီ။ မနေ့က အင်္ကျီကိုပဲ ပြန်ဝတ်လာတယ် ထင်တာပဲ။ သူတို့ရှေ့က ခုံတန်းမှာ လူခပ်ရွယ်ရွယ် နှစ်ယောက် ထိုင်လာတယ်။ လွယ်အိတ်ကို စလွယ်သိုင်းပြီး ရယ်လားမောလားနဲ့ စကားပြောလာကြတယ်။ စက်မှုကျောင်းသားတွေ ထင်တာပဲ။

ဟုတ်တယ်။ စက်မှုတက္ကသိုလ်က ကျောင်းသားနှစ်ယောက်၊ သူတို့ ဆင်းရင် ဝင်ထိုင်မယ်လို့ ကျွန်တော် အလစ်ကို ချောင်းနေတယ်။ ဟုတ်တယ်၊ အလစ်ကို ချောင်းနေတယ်။ ကျွန်တော်က ရန်ကုန်ထဲအထိ သွားရမှာ၊

အင်းစိန်ကနေပြီး ရန်ကုန်အထိ တစ်လျှောက်လုံး မတ်တတ်ရပ်ရတာ လွယ်တဲ့ ကိစ္စမဟုတ်ဘူး။ ဒီအထဲမှာ ချောင်ချောင်ချိချိ မတ်တတ်ရပ်လိုက်သွားရတယ်ဆိုရင်လည်း တော်သေးရဲ့။ ခုတော့ ခြေထောက်နှစ်ချောင်းကို နေရာရအောင် မနည်းလုပ်ပြီး လိုက်ရတာဆိုတော့ ကြာရင် ပင်ပန်းတယ်။

စက်မှုတက္ကသိုလ်မှတ်တိုင်ရောက်တော့ ကျောင်းသားနှစ်ယောက် ဆင်းသွားတယ်။ ကျွန်တော် ဝင်ထိုင်လိုက်တယ်လို့ ထင်သလား။ မထိုင်လိုက်ရပါဘူး။ ကိုယ်က ထိုင်မလို့ပြင်ကာ ရှိသေးတယ်၊ အနားက လူနှစ်ယောက်က ဝင်ထိုင်သွားတယ်။

အမှန်က သူတို့နှစ်ယောက်ဟာ နောက်မှတက်တာ။ တိမ္မေးကု မှတ်တိုင်က တက်လာတာ။ မတတ်နိုင်ဘူးလေ။ သူတို့က အနားမှာ ရောက်နေတော့ နေရာကို သူတို့ရသွားတာပေါ့။ နောက်မှတ်တိုင်ရောက်လို့ ဘိုးတော် အနားက ခရီးသည် ဆင်းသွားရင် ကိုယ်ရမှာပေါ့။

စောစောတုန်းက ခြေထောက်ကို ချရပ်လို့ ရသေးတယ်။ ခုတော့ ကျောင်းမှတ်တိုင်က လူတွေ တက်လာလို့ ခြေထောက်တောင် ချရပ်လို့ မရတော့ဘူး။ ခြေထောက်နှစ်ချောင်းကို ပူးပြီး ရပ်ရတယ်။ အခုနေအထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လုံချည်က ခပ်လျှော့လျှော့ ဖြစ်နေလို့ ပြင်ဝတ်လိုက်ရတော့ အမိုးတန်းကို ပြန်အဆွဲမှာ ကိုယ့်လက် နေရာပျောက်သွားလို့ မနည်းရှာနေရသေးတယ်။

ဒီနေ့ ရုံးကို စောစောရောက်ချင်တယ်။ ဒါကြောင့် ကျွန်တော် အိမ်က ခပ်စောစော ထွက်လာခဲ့တာ။ ကျွန်တော်တို့ဌာနမှာ ရာထူးတိုးပေးတဲ့ စာရင်းတွေ ထွက်မယ့်နေ့။ တိုးပေးမယ့် ရာထူးက အထက်တန်းစာရေး။ ရာထူး ငါး နေရာရှိတယ်။

ကျွန်တော်တို့ ရုံးထဲကရော၊ ရုံးပြင်ကရော ဖြေထားတဲ့သူတွေ အများကြီးပဲ။ လေးငါးရာလောက် ရှိမယ်ထင်တယ်။ ရုံးမှာ လုပ်သက်ရင့်သူတွေ၊ သတ်မှတ်ထားတဲ့ အရည်အချင်းမီသူတွေ အားလုံး ဝင်ဖြေနိုင်တယ်ဆိုတော့ ကျွန်တော်လည်း ဝင်ဖြေလိုက်တယ်လေ။ ရလို ရငြားပေါ့။ ကိုယ့်ရုံးတွင်း စာမေးပွဲဆိုတော့ ကျွန်တော်တို့ ရုံးမှာ အရင်ရောက်နေတဲ့ လူတွေက ပိုပြီး အခွင့်အရေး ရှိတာပေါ့။ ဒါကြောင့်မို့ ကျွန်တော် ဖြေလိုက်တာ။

ကျိုက္ကလားမှတ်တိုင်မှာ လူပ်လှုပ်ရှရှ အသံကြားလို့ ကျောဘက်က ကြည့်လိုက်တော့ ကျောဘက်က လူတစ်ယောက် ဆင်းဖို့ပြင်နေတယ်။ သူ့မှ ခုံတန်းထဲက မထွက်ရသေးဘူး ခပ်ရွယ်ရွယ် လူတစ်ယောက်က သူ့ခုံတန်း နောက်ကျောကို လက်နဲ့ထောက် ကာထားလိုက်ပြီး သူ့ခြေတစ်ဘက်က အဲဒီလူ ခြေထောက်ကြားထဲကို အတင်းထိုးပြီး ဝင်ထိုင်ဖို့ ပြင်ထားတယ်။

အနားမှာ ထမင်းဘူးကလေးကို ကိုင်ထားတဲ့ ကောင်မလေး တစ်ယောက် ရှိတယ်။ စာရေးမလေး ထင်ပါရဲ့။ တကယ်ဆို မိန်းကလေးတစ်ယောက် ထိုင်ပါစေတော့လား။ ခုတော့ ခုံတန်းကြားထဲကို အတင်း ကိုယ်တစ်ခြမ်း ထိုးသွင်းနေတယ်။ ကျွန်တော် တော်တော် စိတ်ဆိုးသွားတယ်။

ဟိုတုန်းကဆိုရင် ဘုန်းကြီးတို့၊ ကိုယ်ဝန်ဆောင်တို့၊ မိန်းကလေး ငယ်ငယ်တို့၊ မိန်းမသားတို့၊ အဘိုးကြီး အဘွားကြီး သက်ကြီးရွယ်အိုတို့ကို နေရာဖယ်ပေးကြတယ်။ ခုတော့ မဟုတ်ဘူး။ အတင်းလုထိုင်တယ်။

အင်း . . . ပြောလို့သာ ပြောရတာပါလေ။ ကျွန်တော်ဆိုရင်လည်း သူ့လိုပဲ နေမှာပဲလို့ ကိုယ့်ဘာသာကိုယ် ပြန်သတိပေးတယ်။ ဟုတ်သားပဲ။

ကျွန်တော်ဆိုရင်လည်း ဒီအတိုင်း ထိုင်မှာပဲ၊ ဟိုတုန်းကဆိုရင် မိန်းကလေးတို့ ဘာတို့လာရင် နေရာဖယ်ပေးတယ်။ ဒီလို နေရာဖယ်ပေးတော့ ခြောက် ယဉ်ကျေးသားပဲလို့ သေးကာ အသိအမှတ်ပြုမယ် ထင်သလား။ ဘယ်ဟုတ် မလဲ။ 'ဘူး'လို့ ထင်ကြမှာပေါ့။





အဘိုးကြီး၊ အဘွားကြီးတို့၊ ဘုန်းကြီးတို့အတွက် နေရာဖယ်ပေးရင်လည်း လူကို ငကြောင်ဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်ချင်ကြတယ်။ ဘယ်သူကမှ အမှတ်ပေးလိမ့်မယ် မထင်နဲ့။ ထားပါလေ။ သူများက အမှတ်ပေးတာ မပေးတာက အရေးမကြီးပါဘူး။ သက်ကြီးရွယ်အိုတို့၊ ဘုန်းကြီးတို့ကိုတော့ နေရာဖယ်ပေးသင့်တာပေါ့။ ဒါပေမဲ့ ကြာတော့လည်း မပေးချင်တော့ဘူးလေ။

ကိုယ်က ခရီးရှည်ကြီး သွားရမှာ။ ပြီးတော့ ကိုယ်က ဘုန်းကြီးတို့ အဘွားကြီးတို့ကို နေရာဖယ်ပေးလိုက်ပြီး သူတို့ဆင်းသွားတော့ ဒီနေရာ ကိုယ်ပြန်ရသလားဆိုတော့ ကိုယ်လည်း ပြန်မရဘူး။ ဒီ့ပြင်လူက ဇွေ့ခနဲ ဝင်ထိုင်သွားရော။ ဒီတော့ ကိုယ့်မှာ တစ်လျှောက်လုံး မတ်တတ်ရပ်လိုက်လာတာပဲ အဖတ်တင်တယ်။ ဒီတော့ သူဦးလို့ သူ ဝင်ထိုင်တာကိုလည်း အပြစ်မတင်သင့်ပေဘူးပေါ့။

ရုံးအလုပ်အကြောင်း တွေးလာလိုက်တာ သမိုင်းလမ်းဆုံနဲ့ အုတ်ကျင်း မှတ်တိုင်ကိုတောင် ကျော်လာပြီ။ ဆင်းတဲ့လူတွေ ဆင်းသွားကြလို့ လူသစ်တွေလဲ တက်လာကြတယ်။ နောက်တက်တဲ့ လူတွေ နေရာရသွားကြပေမဲ့ ကျွန်တော့်မှာ နေရာ မရနိုင်သေးဘူး။ မတ်တတ်ရပ်နေရတုန်းပဲ။

ကျွန်တော့်နောက်က လူဆိုရင် ကံကောင်းတယ်။ သမိုင်းမှတ်တိုင်က တက်လာပေမဲ့ သူလက်ထောက်ထားတဲ့ ခုံတန်းက လူဆင်းသွားတော့ ဘယ်လောက်မှ ကြာကြာမရပ်လိုက်ရဘူး။ တစ်မှတ်တိုင်အကွာမှာ နေရာရသွားတယ်။ ကီစွမရှိဘူးလေ။ အနားက လူတစ်ယောက် ဆင်းသွားရင် ရမှာပေါ့။ ဒါမှ မဟုတ်ရင်လည်း လှည်းတန်းတို့၊ မြေနီကုန်းတို့ကျရင် လူတော်တော် များများ ဆင်းကြဦးမှာပဲ။ အဲဒီကျရင် နေရာကလေး တစ်နေရာတော့ ရတန်ကောင်းပါရဲ့။

ဟာ ဒုက္ခပဲ။ သံလမ်းမှတ်တိုင်ရောက်တော့ ရှေ့မှာ ဟီးနိုးကားတစ်စီး ပျက်နေလို့ လူတွေ နောက်ကားမှာ စီးဖို့ ရပ်စောင့်နေကြတယ်။

ကျွန်တော်တို့ကားမှာ နောက်ကားက လူတွေကို တင်ဦးမယ် ဆိုတော့ ဘယ်လောက်များ ကျပ်သိပ်လောင်ပြီး လူတွေသည်လောက် ပြည့်ကျပ်နေဦးတော့ မလဲ။ ရှေ့ကားက စပယ်ယာက ရပ်ခိုင်းနေပြီ။ ဟော ကားလည်း ထိုးရပ်ပြီ။ လူတွေကို တင်နေတယ်။ အကုန်လုံးတော့ ဘယ်တင်နိုင်မလဲ။ ရသလောက် တင်တာပေါ့။ ရသလောက်ဆိုပေမဲ့ ကားထဲမှာတော့ တော်တော် အခြေ အနေ ဆိုးနေပြီ။

www.burmeseclassic.com



ကားဘေးမှာ တွယ်လိုက်ကြတော့ ကားကြီးက တစ်ဖက်စောင်းနေပြီ။ တချို့ ဒီကားနဲ့ မလိုက်သူတွေလည်း ကျန်ရစ်ခဲ့ကြတယ်။ တချို့လည်း ကားတွေကို လက်ပြပြီး စီးဖို့ စောင့်နေကြလေရဲ့။

လှည်းတန်းထိပ် ပန်းကမ္ဘာရှေ့ကျတော့ ကားရပ်တယ်။ ရှေ့မှာကျောင်းသူတွေ၊ ကျောင်းသားတွေ တော်တော်များများ ဆင်းသွားကြတယ်။

ဒါနဲ့ ကျွန်တော်တို့ သူတို့နေရာကို ရောက်အောင် နောက်ကနေ အတင်းတိုးပြီး ရှေ့တက်လာခဲ့တယ်။ ကိုယ့်ရှေ့မှာ ရောက်တဲ့ လူတွေကလည်း နီးရာနေရာမှာ ဝင်ထိုင်ကြတယ်။ လူတွေ ဆင်းနေတုန်းမို့လို့ အောက်က လူတွေကလည်း အပေါ်ကို မတက်နိုင်သေးပဲ စောင့်နေကြတယ်။ နေရာအတော်များများ ကျန်နေသေးလို့ အားတက်သရောနဲ့ ရှေ့ကို တိုးလာခဲ့တယ်။ ဒါပေမဲ့ မမီလိုက်တော့ဘူးလေ။ ရှေ့ကားပေါက်က ဆင်းတဲ့လူ မကုန့်တကုန်မှာ အောက်ကလူတွေ တိုးဝှေ့တက်လာပြီး ထိုင်လိုက်ကြတယ်။ ထိုင်လိုက်တာမှ မော်တော်ကား အင်ဂျင်ဖုံးထားတဲ့ အဖုံးပေါ်မှာတောင် နေရာလွတ် မကျန်ဘူး။

ကိုယ်က ကားပေါ်ကို အရင်ရောက်နေပေမဲ့ မတတ်နိုင်ဘူးလေ။ မော်တော်ကားလည်း လှည်းတန်းထိပ်က ဆက်ထွက်လာတယ်။ ကားပေါ်မှာတော့ လူတွေ ကျပ်သည့်ထက် ကျပ်လာတယ်။

စိုက်ပျိုးရေးရောက်လို့ နေရာကလေးများ ရမလားလို့ လှမ်းကြည့်မိပါသေးရဲ့။ ဒါပေမဲ့ ကိုယ်နဲ့ တော်တော်ဝေးတဲ့ နေရာတွေမှာ လွတ်နေပြီး ကိုယ့်အနားမှာ မလွတ်တော့ မရလိုက်ပြန်ဘူး။ နောက်တက်လာတဲ့ လူတွေကတော့ သူတို့အနားမှာ လွတ်တာနဲ့ အဆင်သင့် နေရာရသွားကြတယ်။

ကျွန်တော် စိတ်ပျက်ပျက်နဲ့ ငိုင်ပြီး ရပ်နေတယ်။ ဒီတုန်းမှာ 'ဖယ်ပါရှင်။ ဆင်းမယ်ဆိုတာ မသိဘူးလား' ဆိုတဲ့ ဝေါက်သံ ကြားလိုက်လို့ လှည့်ကြည့်လိုက်တော့ ခပ်ရွယ်ရွယ် အမျိုးသမီး တစ်ယောက်။

ပလတ်စတစ်ခြင်း လှလှကလေးကိုင်ပြီး ဆလင်းဘက်က လွယ်လို့။ ပလတ်စတစ်ခြင်းလဲပါ၊ ဆလင်းဘက်လဲ လွယ်ထားတော့ ကျောင်းသူတော့ မဟုတ်နိုင်ဘူး။ ရုံးတစ်ရုံးက အရာရှိမလား။ စာရေးမလား။ တက္ကသိုလ် တစ်ခုခုက ဆရာမလား။ တစ်ယောက်ပဲ။

ဩော် . . . ခက်လိုက်ပါဘိတော့ အမိရယ်။ ခင်ဗျားနဲ့ ကျုပ် တစ်အိမ် တည်း နေတာမှ မဟုတ်ပဲ။ ခင်ဗျား ဘယ်နေရာ ဆင်းမယ်ဆိုတာ ကျုပ် ဘယ့်နှယ့်လုပ် သိနိုင်မလဲလို့ ပြောလိုက်မိတယ်။ ဒါပေမဲ့ ပါးစပ်က မထွက်





ဘူး။ စိတ်ထဲမှာ ပြောမိတာပါ။ အမျိုးသမီးဟာ ကျွန်တော့်ကို တိုးတိုက်သွားပြီး အောက်ကို ဆင်းသွားတယ်။ စိုက်ပျိုးရေးမှတ်တိုင်က လွန်တော့ ဟံသာဝတီ မှတ်တိုင်မှာ ရပ်တယ်။

အဲဒီမှာ လူရှင်းပြီး နေရာလွတ်များ ရမလားလို့ အောက်မေ့ပါတယ်။ အဲဒီမှတ်တိုင်က ပိုပြီးတောင် ဆိုးသေးတယ်။ အနားမှာ အမှတ် ၁၂ ကို စီးမလို့ စောင့်နေကြတဲ့ လူအုပ်ကြီးကလဲ ကျွန်တော်တို့ ကားဆိုက်တော့ ကျွန်တော်တို့ မှတ်တိုင်ဘက်ကို ပြုဆင်းလာပြီး တက်ကြတယ်။ မကြီးကြီး မှတ်တိုင်ရောက်တော့ ကျောင်းသူကလေးတွေ ဆင်းသွားတယ်။ ကိုယ်က ထိုင်မယ်လို့ ဒီဘက်ကို တိုးသွားကာ ရှိသေးတယ်။ ဟံသာဝတီမှတ်တိုင်က တက်လာတဲ့ မယ်သီလရှင် သုံးလေးပါးက ဝင်ထိုင်သွားကြတယ်။ ကိစ္စမရှိဘူးလေ။ မြေနီကုန်းရောက်ရင် လူရှင်းမှာပါ။ တချို့က ၄၂ ကို ပြောင်းစီးကြမယ်။ တချို့က ၁၂ ကို ပြောင်းစီးကြမယ်။ တချို့က ၅ ကို ပြောင်းစီးကြမယ်။

မြေနီကုန်းမှာတော့ တစ်နေရာ ရကောင်းပါရဲ့။

ကားဟာ ဆန်းသီရိနားမှာ ထိုးရပ်တယ်။

ဒါပေမဲ့ တုတ်တုတ်မျှ မလှုပ်ကြဘူး။ ဘယ်လှုပ်မလဲ။ သူတို့ အားလုံး လောက်ဟာ လှည်းတန်း၊ စိုက်ပျိုးရေး၊ ဟံသာဝတီ မှတ်တိုင်တွေက တက်လာကြတဲ့ လူတွေချည်းပဲဆိုတော့ နောက်မှ တက်လာတဲ့ လူတွေချည်းပဲ။ ရှေ့ပိုင်းနဲ့ နောက်ပိုင်းက လူတချို့ ဆင်းသွားတယ်။

ဒါပေမယ့် ကျွန်တော် မမီလိုက်ပါဘူး။

ကျွန်တော့် ရှေ့နဲ့ နောက်မှာ ရောက်နေတဲ့ လူတွေက နေရာရသွားကြတယ်။ ကံဆိုးချင်တော့ ဒီလောက် လူများများ ဆင်းတဲ့မှတ်တိုင်မှာတောင် နေရာကလေး တစ်နေရာ မရလိုက်ဘူး။

ဟော . . . မြေနီကုန်း မီးပွိုင့်မှာ မီးနီနဲ့ တိုးတော့ ကားရပ်သွားတယ်။ ကားပေါ်က သူငယ်လေးတစ်ယောက် မီးပွိုင့်မှာ ဆင်းသွားတယ်။ ကျွန်တော် မမီလိုက်ဘူး။ မီးပွိုင့်က တက်လာတဲ့ လူငယ်လေး တစ်ယောက်က သူ့နေရာကို ဝင်ထိုင်သွားပြန်တယ်။

ရှေ့မှာ အလုံလမ်းမှတ်တိုင်၊ စိန့်ဂျွန်းဈေးမှတ်တိုင်၊ လမ်းသစ်မှတ်တိုင်၊ ရွှေတောင်တန်း မှတ်တိုင်တွေမှာလည်း ကျွန်တော် နေရာမရဘူး။ ကျွန်တော့် နောက်မှ တက်လာကြတဲ့ လူတွေကသာ နေရာ ရသွားကြတယ်။ ကျွန်တော် ကတော့ မတ်တတ်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲ . . . သိမ်ကြီးဈေးကျတော့ ပိုဆိုးသေးတယ်။ ပတ်ပြီး စီးမယ့် လူတွေတဲ့။ တိုးတက်လာလိုက်ကြတာ၊ စောစောကထက်တောင် ပိုပြီး ကျပ်သွားတယ်။

ဒီလိုနဲ့ ကျွန်တော် ပန်းဆိုးတန်းမှတ်တိုင်မှာ ဆင်းတယ်။ လူတွေကြားထဲ မနည်းတိုးထွက်ခဲ့ရတယ်။ ကားပေါ်က ဆင်းလို့ ပလက်ဖောင်းပေါ်လည်းရောက် ရော စိတ်ချမ်းသာလိုက်တာလေ။

ပန်းဆိုးတန်းဘက်အတိုင်း ဟိုငေးသည်ငေးနဲ့ ကျွန်တော် လျှောက် လာရင်း ကိုယ့်အဖြစ်ကိုယ် တွေးမိတယ်။

ဘတ်စ်ကားပေါ်မှာ ကိုယ်က အရင်တက်စီးခဲ့ပေမဲ့ တစ်ခါတလေ ကျတော့လည်း ကိုယ့်နောက်မှ တက်လာကြတဲ့ လူတွေက နေရာတွေရပြီး ကိုယ်က တစ်လမ်းလုံး မတ်တပ်ရပ်လိုက်ရတဲ့ အဖြစ်မျိုးတွေ ရှိပါသေးသလား လို့တွေးရင်း ကိုယ့်အဖြစ်ကိုယ် ရယ်မိတယ်။

လမ်းမှာ ဟိုက တို၊ သည်က တိုးနဲ့ဆိုတော့ ထမင်းဘူးထဲက ဟင်း တွေလည်း ဖိတ်ပြီး လက်သုတ်ပဝါမှာ စွန်းနေတယ်၊ မတတ်နိုင်ဘူးလေ။ ဟင်းမကျန်ရင်လည်း ရုံးရောက်တော့မှ သက်သာဆိုင်က လက်ဖက်ရည်လေး တစ်ခွက်လောက်နဲ့ ကိစ္စပြီးရတော့မှာပေါ့။

ရုံးရောက်တော့ ကျွန်တော်တို့ ပရိုမိုးရှင်း စာရင်းတွေ ထွက်မထွက် စုံစမ်းတော့ မထွက်သေးဘူးတဲ့။ ညနေလောက်ဆိုရင်တော့ ထွက်မလား မသိဘူးတဲ့။

တော်ပါသေးရဲ့၊ နေ့လယ်ပိုင်း ရုံးဆင်းချိန် ထမင်းစားမလို့ ထမင်းဘူး ကို ဖွင့်လိုက်တော့ ကန်စွန်းရွက်ချဉ်ရည်ဟင်း အရည်တွေ ဖိတ်တာက လွဲလို့ ကျန်တဲ့ ဟင်းတစ်ခွက်နဲ့ ထမင်းကတော့ ဘာမှ မဖြစ်ဘူး။ ဖြစ်စရာလည်း မရှိဘူးလေ။ ပဲပြုတ်၊ မျှစ်ကြော်နဲ့ ထမင်းပဲဆိုတော့ ဖိတ်မကျနိုင်ဘူးပေါ့။

ညနေပိုင်း ရုံးဆင်းဖို့ နာရီဝက်အလိုကျတော့ ကျွန်တော်တို့တစ်တွေ အထက်တန်းစာရေး ဖြေထားတဲ့ စာရင်းတွေ ထွက်တယ်ကြားလို့ ရုံးအုပ်မမ ဆီကို သွားမေးဖို့ သူ့စားပွဲဆီကို ထွက်လာခဲ့တယ်။ အမှန်ကတော့ 'မမ'လို့သာ ခေါ်ရတာပါ။ အဘွားကြီးက အသက်ငါးဆယ်ကျော်နေပြီ။ ဒါပေမဲ့ မတတ်နိုင် ဘူးလေ၊ ကျွန်တော်တို့ စာရေးလေးတွေ အားလုံးလောက်က သူ့ကို မမလို့ ခေါ်တော့ ကျွန်တော်လည်း မမလို့ပဲ ခေါ်လိုက်ရတာပေါ့။

ကျွန်တော်က သူ့စားပွဲနား မယောင်မလည် သွားရပ်ပြီး –

ငွေပွင့်စာအုပ်တိုက်



"မမ ကျွန်တော်တို့ အထက်တန်းစာရေး ဖြေထားတဲ့ စာရင်းတွေ ထွက်ပြီဆို" လို့ မသိမသာ မေးလိုက်တယ်။

မမ ရုပ်ပြစာအုပ်တို့၊ ထမင်းဘူးတို့၊ သိုးမွေးထိုးတဲ့ အပ်နဲ့ ချည်လုံးတို့ကို ပလတ်စတစ်ခြင်းကလေး သိမ်းနေရင်းက –

"အေးလေ . . . ထွက်ပြီ၊ မင်း မသိသေးဘူးလား"

"မသိသေးဘူး မမ၊ ဘယ်သူတွေပါသလဲ"

"ရုံးထဲက နှစ်ယောက်၊ အပြင်က သုံးယောက်ပါတယ်၊ ဒီတစ်ခါ မရရင် နောက်တစ်ခါပေါ့ကွယ်"တဲ့။

"ဒါပေါ့၊ ဒါပေါ့၊ ဒီတစ်ခါ မရရင် နောက်တစ်ခါပေါ့"

ညနေ ရုံးဆင်းတော့ အမှတ် (၈) ဘတ်စ်ကားမှတ်တိုင်မှာ စောင့်ပြီး ဆိုက်လာတဲ့ ဟီးနိုးကားကြီးပေါ်ကို တက်လိုက်တယ်။ ကျွန်တော် စောင့်နေတဲ့ မှတ်တိုင်ရောက်တော့ ကားက လူပြည့်နေပြီလေ။ ထုံးစံအတိုင်းပါပဲ၊ ခုံတန်း နှစ်ခု အလယ်ခေါင်မှာ အမိုးက သံတန်းကို ကိုင်ပြီး ရပ်လိုက်လာခဲ့တယ်။ ဒီတစ်ခါတော့ ခုံတန်းနေရာလွတ် ရှိ မရှိကို ကျွန်တော် မကြည့်တော့ဘူး။ ထိုင်ဖို့လည်း မကြိုးစားတော့ဘူး။ ဘတ်စ်ကား စီးတယ်ဆိုတာ ကားပေါ်ကို အရင်ရောက်တိုင်း ထိုင်စရာနေရာ ရတာမှမဟုတ်ပဲ။ ကိုယ့်နောက်မှ ရောက် လာတဲ့ လူက စောစောစီးစီး နေရာ ရချင်ရသွားတာ။ ဒီတော့ ကျွန်တော် ဘာဖြစ်လို့ ထိုင်ဖို့ ကြိုးစားနေဦးမှာလဲ။ ရပါတယ်၊ အင်းစိန်ရောက်အောင် ဒီလိုပဲ မတ်တတ် စီးသွားရုံပေါ့။

ဒီတစ်ခေါက် ထိုင်စရာ မရရင် မနက်ဖြန်ကျတော့ ရမှာပေါ့၊ ဒီလိုပဲပေါ့။

■

စန္ဒာ

နိုဝင်ဘာ၊ ၁၉၈၆

www.burmeseclassic.com